မဟီဒွိစာပေ

www.burmeseclassic.com

# ပြစ်မှု


ဝေးလွင့်စိတ်စေ

-စာ(၄၂)

မဂ္ဂဇင်း

စဉ့်ကူးမြို့နယ်၊ လက်ပန်လှရဲစခန်း
(ပ)၂၃၈/၁၂ ပြစ်မှုပုဒ်မ ၃၀၂
အခင်းဖြစ်မြေပုံကြမ်း

အခင်းဖြစ်ပွားရာနေရာအား ကိုသြဒိနိတ်စနစ်ဖြင့်
ရေးဆွဲထားခြင်းဖြစ်သည်။




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေး သုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့ သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား တို့ရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်


- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန် ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုး တက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ဗိုလ်ပြု၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း တက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာ ရည် မြင့်မားရေး။



မဂ္ဂဇင်း

❀ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။


**အယ်ဒီတာအဖွဲ့**

ဦးသန့်

နန္ဒာမိုးကြယ်

ကေလတ်

**ထုတ်ဝေသူ**

ဒေါ်ပြုံး(မြ-၀၂၉၆၀)

အမှတ်-၁၀၃(ပ)၊ တိုက်-၂/၄၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဝင်းထွန်းပုံနှိပ်တိုက်(မြ-၀၄၈၃၉)

အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ (၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**အယ်ဒီတာအဖွဲ့ နှင့် ဖြန့်ချိရေး**

လာဘ်မိုးရွာစာပေ

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅


www.burmeseclassic.com

www.burmeseclassic.com

# ပြစ်မှု
မဂ္ဂဇင်း

## မာတိကာ

၂၀၁၃ ခုနှစ်၊ မေလ၊ အမှတ် (၂၁၂)

### ကဗျာ ပြစ်မှု

မောင်ယဉ်မှူး၊ နေနွယ်(ဥက္ကလာ)၊ ညီသန်းအောင်၊ သရက်အေးဆင့်နိုင်၊ တိုးကိုကိုဝင်း၊ မှူးအိမ်ဝင်၊ အောင်သျှင်သူ(မဟာမြေ)၊ ချစ်(ရွှေပြည်သာ)။

### ကာတွန်း ပြစ်မှု

မြေဇာ၊ လှမင်းအောင်၊ မင်းခန့်ကျော်၊ စိုးလွင်အောင်၊ ကိုငယ်၊ ရန်ကြီးအောင်၊ အော်တီနောင်၊ သူရိန်။

### စာပေသုခမ သတင်းလွှာ


ပြစ်မှုဆောင်းဝင်
စာသင်နီ ---------- ၂၅

သုခုမသတင်းလွှာ
ရွှေစင်ကေ ---------- ၂၇


### အခန်းဆက် ရသပြစ်မှု


သောင်မှူးများ အလိုရှိသည်(၇၄)
ဗဟိုစော ---------- ၆၆

နဂါးမင်းသမီးနှင့် ကြင်ယာတော် ရန်ဘက်ချစ်သူ(၅)
ဂျူဘလီမောင်မောင် ---------- ၇၆

သိန္ဓုရှင်နေအေး(၄)
ကျော်မြသန်း ---------- ၉၆

တန်ခိုးမြင့်ရှင်(၇)
ပဒုမ္မလက် ---------- ၁၀၀

ကျားမွဲနှင့် ကြံ့လိုက်ပွဲ(၅)
ဗိုးကျော် ---------- ၁၁၈

ကတိုးဂုရုတာနာသိုက်နှင့် လောဘနီဂုံး(၁)
ရွှေကျိုးသာ ---------- ၁၃၂

အိမ်မက်ဆိုးမှ နိုးပါရစေ(၁)
ခင်မမလင်း(ကလော) ---------- ၁၃၈

တစ်ပြည်သူအဖြစ်နဲ့ ချစ်ပါရစေ(၁)
ညိုမင်းလွင်(မော်ကျွန်း) ---------- ၁၄၄

www.burmeseclassic.com

25 MAR 2013

## ရသ ပြစ်မှု

**အချစ်အတွက် စွန့်စားခဲ့သူ**
ခင်မောင်ထွန်း(လမ်းမတော်) ------------------- ၅၂

**အနက်ရောင်ရေးသည်**
ထင်းသောင်(ရမည်းသင်း) ------------------- ၈၂

**မော်ရှူကြီးနှင့် လူသတ်သမားဦးခေါင်းခွံ**
မြင့်သော်မိုး ------------------- ၁၂၄

**ထင်းရှူးသေတ္တာထဲမှ . . . ချစ်ဟန်**
တောင်တွင်းတင်အေး ------------------- ၁၄၆

**ဖိတ်ခေါ်မိသည့် အန္တရာယ်**
နန္ဒာမိုးကြယ် ------------------- ၁၇၀

**ချစ်လို့ မိုက်မိတယ်**
ညွန့်မောင်ဦး ------------------- ၁၇၆

**ကျေးရွာသစ္စာ**
မုံရွာအောင်စကြာ ------------------- ၁၉၀

**ဘိုးတော်မယောင် ပုဏ္ဏကပြစ်မှု**
ကျော်မင်းနိုင် ------------------- ၁၉၈

**အမှတ်တရမှသည် အမှတ်မထင်**
မောင်မောင်(ဝိတောက်မြိုင်) ------------------- ၂၀၈

**မှိုရာမှဆိုး**
လေးမောင် ------------------- ၂၁၆

**အကြားအမြင်ဦးဘသန်းနှင့် ဘီလူးခေါင်းဖိညှဉ်လူသတ်သမား**
အောင်ဘုန်းမြင့်(ကချင်မြေ) ------------------- ၂၂၆

**ကိုယ့်အလှည့်ကျတော့ မနွဲ့စတမ်း**
ဓာတ်ပုံမောင်မောင်အေး ------------------- ၂၃၀

**အဆော်**
မြမြလှိုင် ------------------- ၂၃၈

**အဖွားသားကောင်**
စိမ်းကိုကို(ဇလွန်) ------------------- ၂၄၄

**ပင်လယ်ချောင်တိုက်ပွဲ**
မြင့်ဦးဦးမောင် ------------------- ၂၅၀

**ဟိမ်းမစောင်း မိန်းမောင်းနှဲပို့**
သိန်းသူ ------------------- ၂၅၆

**မြစ်ပေါ်ထာသော အကြောင်းတရား**
ရှင်ဓေါင်းယဉ် ------------------- ၂၆၀

**ဆွမ်းခံရင်း ငှက်သင့်**
တက္ကသိုလ်ရကွဲဗျာလ ------------------- ၂၆၆

## နိုင်ငံရပ်ခြားသတင်း ပြစ်မှု

**ရဲတင်းတစ်ထက် လက်တစ်ဖက်နှင့်**
ခင်မောင်အေး(မန္တလေး) ------------------- ၇၃

**လွန်ခဲ့သော ၁၀ နှစ်ခန့်က မြို့ပေးခွဲသမား ထက်ရှမ်းသီးမိခဲ့**
ကောင်းအောင်သိန်း ------------------- ၉၅

**အကြိမ်ကြိမ် လုပ်ကြံခံရသော်လည်း အသက်မသေဆုံးခဲ့သည့်**
**ဒုတိယမြောက် ပုပ်ရဟန်းမင်းကြီးဂျွန်ပေါလ်**
မောင်မောင်စန်းထွေး ------------------- ၁၀၆

**ရှာမှုရှားသော တရွှေ့စီမောင်းသမား**
ဦးဦးသိန်း ------------------- ၁၀၉

**ပူဆွေးနေသောသား ဆိပ်ရာမှအထတွင် မေ့ခ်ဆာ ၆၃၀၀ အလီခံရ**
လေးဝတီကျော် ------------------- ၁၁၇

**အန္တရာယ်ဂုံများတွင်းသုံးရန် ကိုဘေဒုစက်ရပ်ပြိုင်ပွဲ**
ညီမင်းလွင်(မော်ကျွန်း) ------------------- ၁၄၅

**ခေါ်ငိုရိုက်စားလုပ်သွားသည့် မြူတီပါလေဘိုင်ရှင်ကို ရဲတို့ကရှာဖွေ**
ညီမင်းလွင်(မောင်ကျွန်း) ------------------- ၁၆၂

**ဂျပန်မိသားစုများအတွင်း အကြမ်းဖက်မှုများ တိုးပွားလာနေ**
မြသိန်း ------------------- ၁၆၃

**အိန္ဒိယနိုင်ငံတွင် မုဒိမ်းမှုဖြစ်ရခြင်း၏ ဖြစ်ရပ်မှန်**
ဦးဦးသိန်း ------------------- ၁၆၅

**ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား သေဆုံးခဲ့ကြသူများ**
ထွဋ်ဝင်းထွဋ် ------------------- ၁၆၆

**နယူးယောက်ပြည်နယ် လက်နက်ထိန်းချုပ်မှု**
**အမိန့်ထုတ်ပြန်ကြေညာ**
ကောင်းအောင်သိန်း ------------------- ၁၆၉

**မလေးရှားခေါက်တာရမ်းကုတစ်ဦး ကာမလိမ်လည်မှု**
**နှစ်ကြာမှ ပေါ်ပေါက်အပြစ်ခံခဲ့ရ**
ကောင်းအောင်သိန်း ------------------- ၁၈၀

**ဟန်နုနီဘုရင်၏ ခေါင်းဖြတ်ကွပ်မျက်ခံရသူ သောမတ်မိုး**
မောင်မောင်စန်းထွေး ------------------- ၁၈၇

**အမေရိကန် စိတ္တဇလူသတ်သမား**
ကောင်းအောင်သိန်း -------------------

www.burmeseclassic.com

www.burmeseclassic.com

## ဥပဒေ ပြစ်မှု

ခုခံကာကွယ်ပိုင်ခွင့်ဟူသည်...
ဝသုန်ဟိန်းထက် —— ၅၉
ဥပဒေရေးရာ သုတအပြာပြာ
စလင်းဦးအောင်သိန်း —— ၆၁
အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ
ဦးစောလှိုင် —— ၇၁
သိမှတ်ဖွယ်ရာ မြန်မာနှင့် ထိုင်းနိုင်ငံ
ပြစ်မှုဥပဒေတစ်ခု(အသေရေဖျက်မှု)
ကောတီအောင်သိန်း —— ၈၉

## တစ်ပျက်နှာ ပြစ်မှု

ကွင်းစကွင်းပိတ် ဝေဇနာ
မှာပုံစီးသား —— ၃၃
ကြက်ဘဝ
ဝီဝေ —— ၃၄
ဘဘ
အာကာထက်ရှား —— ၃၅
ဂျာနယ်နဲ့ မတန်တဲ့လူ
ရှုကို —— ၃၆

## ရယ်စရာ ပြစ်မှု

ပြစ်မှုဆိုင်ရာ ရယ်စရာ
ကိုရွှေတောသား —— ၂၉

အယ်ဒီတာအဖွဲ့နှင့် ကြော်ငြာဖြန့်ချိရေး

**လာဘ်မိုးရွှေ စာပေ**

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၀၀၅၉၂၅

အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၁၀၀ ကျပ်

## နိုင်ငံရပ်ခြား ရသပြစ်မှု

အတိတ်မှ ဖြစ်ရပ်မှန်မှခင်းများ
လှမိုး(ပညာရေး) —— ၉၁
ပင်ရင်းခုနှစ်
ဘနှင်း(မြန်မာပြည်) —— ၁၈၂

## မျက်နှာဖုံးဆောင်းပါး ပြစ်မှု

ဝေးလွင့်စိတ်စေ
ဝေအိကို —— ၆၂

## ဆောင်းပါး ပြစ်မှု

မျက်မှန်တစ်လက်၏ ဒိုင်ယာရီ
ပိုက်မင်းဓေ —— ၃၇
ငွေလေးထောင်နှင့် လူငါးယောက်
ကိုပေသန်းလွင်(မြန်အောင်) —— ၃၉

## ပဒေင် ပြစ်မှု

သီသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာ စောယုနွယ် —— ၂၃၂

မျက်နှာဖုံးဂရပ်ဖစ် - အောင်မျိုးသန့်
အတွင်းဖလင် - မျိုးဝင်းကျော်
ကွန်ပျူတာစာစီ - DEEP BLUE၊ မဲယ်(DOVE)
အလင်းရောင်၊ မယု(သင်းနိုင်)၊
အောင်မျိုးသန့်၊ Glory၊ တင်မိုးနိုင်
စာအုပ်ချုပ် - ရှုကီး(၁၁၄) လမ်း။
အတွင်းပန်းချီ - သန့်ဇော်သစ်၊ K.N၊ ဖိုးအောင်၊
ကျော်ဝင်းမောင်၊ ကျော်ဦး ပညတ်၊
အောင်နိုင်လတ်၊ ညီညီလွင်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို…ကျွန်တော်တို့မလေးတွေ
အခုလိုဖြစ်တာ
သူ့မိထွေးလက်ချက်ပဲ ဖြစ်ရမယ်၊
ကျွန်တော် လိုက်ပြပေးပါ့မယ်"

ပေဒါကို ------------------ ၆၂



"ဒီဟာမက
ရဲ့စခန်းရောက်မှ ပြောလိမ့်မယ်၊
ဒီတော့ ရဲ့စခန်းရောက်မှပဲ
စစ်ဆေးကြပေတော့ကွယ်"

ခင်မောင်ထွန်း(လမ်းမတော်) ---- ၃၂



"ကွပ်မျက်မှာတဲ့လား
အကျွန်ုပ်က သည်ဘဝမှာ
ဝဋ်ကြွေးတဲ့တင်သမျှ
ပေးဆပ်ချင်နေတာပ"

ဂန္ဓာရီမောင်မောင် -------- ၇၆



"ပလက်ဖောင်းပေါ်မှာ
ရောင်းတဲ့ဆေးမို့ အထင်မသေးနဲ့၊
ဒီဆေးက
အသက်ကယ်ဆေး"

ဖိုးသောင်(ရမည်းသင်း) ------- ၈၂

www.burmeseclassic.com

www.burmeseclassic.com



"တန်ရာတန်ကြေးဆက်
လွှန်လွှန်ကဲတဲ  တောင်းဆိုလာရင်တော့လည်း
တစ်မျိုးဲဲပေါ့၊
ဦးကြည်မောင် ဒီတိစ္စအတွက်..."
ကျော်မြသန်း ---------- ၉၆



"အစ်ကိုတို့ ...
မသောက်တတ်ရင် ဖြည်းဖြည်းစားနော်၊
ပလုပ်ပလောင်း မစားကြနဲ့၊
တစ်မျိုးပြီး တစ်မျိုးလာမှာ"
ပဥလက် ------------- ၁၁၀



"နယ်မြေ ဘယ်လောက်ပဲ ကြမ်းပါစေ၊
ဒီလောက် ရတနာတွေ ရမှာပဲ၊
ဘာလို့ ...
မသွားရဲရမှာလဲ"
ရွှေကျီးသာ------------- ၁၃၂



"အေးပါ...
နင့်ကို ငါတို့သူငယ်ချင်းတွေ
အကုန်စောင့်နေကြမှာ၊
နင် အဆင်ပြေတဲ့အချိန်ပေါ့"
ခင်မမလင်း(ကဗျာ) --------၁၅၈

www.burmeseclassic.com

www.burmeseclassic.com

"ကဲ...ဒါဖြင့် ကောင်းပြီဗျာ၊
ခင်ဗျား...သောဒ့ယူခဲ့၊
အဲဒီအခန်းကိုသွားပြီး
ကျွန်တော်တို့ ကြည့်မယ်"
ကောင်းလွှင်းတာဝင်အေး ------- ၁၄၆




"မများပါဘူးဗျာ၊
သူလည်း ကလေးမဟုတ်တော့ဘူး၊
အေးလူတွေက
တစ်မျိုးမြင်မှာ စိုးလို့ပါဗျာ"
ညိုမင်းလွင်(မော်လျှန်း) -------- ၁၅၄



"မောင်ညီရယ်...
အစကတည်းက ပွင့်ပွင့်လင်းလင်းပြောဆိုပြီး
အကူအညီတောင်းရင်လည်း
ရရဲ့သားနဲ့ကွယ်၊ ခုတော့..."
နန္ဒာမိုးကြယ် ----- ------ ၁၇၀



"စိတ်ကောင်းရှိဖို့သာ လိုတာပါ၊
ငွေဆိုတာ ရှာရလွယ်ပါတယ်၊
ဘယ်သူမှ
ငွေတွေကိုင်ပြီး မွေးမလာပါဘူး"
ညနိုင်မောင်ဦး ------------- ၁၇၆



www.burmeseclassic.com

www.burmeseclassic.com



...မိုးသီးသည်

သူဌေးကြီးကျောက်လက်ဝါးထွန်းကျော် ထုတ်ပေးသော

ရွှေငွေပစ္စည်းဥစ္စာတို့ကို

လက်ဖျားနှင့် မတို့ဘဲ...

မုံရွာအောင်ခကြာ -------- ၁၉၀



"အဲ...နောက်ထပ်ကားနှစ်စီးလည်း

အဲဒီအတိုင်းပဲ၊

အဲဒီကားနှစ်စီးကျတော့

မောင်းသူ လုံးဝမပါဘူးဆိုတာ..."

ကျော်မင်းနိုင် ------------ ၁၉၈



"ကဲ...အောင်ထွန်းရေ

မင်းက အမှတ်မထင် အပမ်းခံလိုက်တော့

တို့လည်း ...

ဇုံခြသွားရတယ်"

မောင်မောင်(ပိတောက်မြိုင်) --- ၂၀၈



"ဟုတ်တယ်...ယောကျ်ားရဲ့၊

ကျုပ်တော့ မှိုပွင့်ကြီးလို့ ထင်တာပဲ၊

အတော်ကြီးတာပဲ၊

တစ်ခါမှ မတွေ့ဖူးဘူး"

လေးမောင် ------------- ၂၁၆

www.burmeseclassic.com

www.burmeseclassic.com



# မိန်းကလေးနှစ်ဦး ဆံပင်ဖြတ်ခြင်း

**မောင်ယဉ်မှူး**

- ဒုတိယမိန်းကလေး . . .
  ဆံပင်ကိုညှပ်
  ရွှေချလတ်သည့်
  မြတ်ဗုဒ္ဓအား လှူရန်တည်း။
- ဒုတိယမိန်းကလေး . . .
  ဆံပင်ကိုဖြတ်
  ရောင်းရေးစပ်သည့်
  တစ်နပ်ထမင်း မှန်ရန်တည်း။



www.burmeseclassic.com

www.burmeseclassic.com



# အမိုက်လမ်း

ဇေနွယ်(ဥက္ကလာ)

- မကောင်းမှုရဲ့ သိပ်ပိုရဲ့
  မကောင်းတဲ့အရာကိုပဲ
  နှစ်သက်စွဲလမ်းနေတဲ့
  လူတွေထဲ
  ငါလည်း အပါအဝင် ...။

- ပုထုစဉ်လူ့ဘဝ
  သီလကမမြဲ
  သုရာရည်ဖွဲ့နှစ်
  အရက်ရဲ့ ကျေးကျွန်ဖြစ်ခဲ့တာ
  အနှစ်နှစ်ဆယ်ကျော်ပြီ။

- စီးပွားကမရှာနိုင်
  ဥစ္စာစုမသိမ်းနိုင်လို့
  နိုင်မာခမ္မာတွေခဲ့တဲ့
  မိသားစုလေးလည်း
  အကွဲကွဲအပြဲပြဲ
  ပြိုလဲပျက်စီးခဲ့ရ ကြာပြီပေါ့ ...။

- အခုတော့ ငါ့မှာ
  ရောဂါပိုး
  ရောဂါကြီးများ
  သောကမီးတောက်တွေများ
  ရေဝေးသွားလို့ လောင်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



# နိုနိုဂ်ဂ်ဂေဝေါပ်

**ညီသန်းအောင်**

- မှောင်ပေမဲ့
  လင်းနေတယ်
  နေ့ထက် ...။
- လင်းပေမဲ့
  မှောင်နေတယ်
  သန်းခေါင်ထက် ...။



www.burmeseclassic.com

www.burmeseclassic.com



# အထီးကျန်သောင်ပြင်

## သရက်အေးဆင့်နိုင်

- လေရူးခြွေ၍
ညွာကြွေပြုတ်ကာ
လွင့်ဝဲလာသည့် ရွက်ဝါကို ...။

- အို ... ရွက်ဝါရေ
ငါ့ဆီရင်မှာ
ဝင်နိုးနားပါ
မင်းပျော်ပါက
ထာဝရလေ
ဘဝချင်းစာနာ
သိကြိုပါပြီး ...။

- သူ့မအပ္ပ
မျှဝေကူရေး
မပေးလိုထင့် ...။


- ဖရာဖရလှိုင်း
သူ့သချိုင်းလား
မသိုင်းချက်ချင်း
ခုန်ဆင်းမျောပါသွားပလေး။

- ကြော် ...
ကျောခြောင်ခြောင်နဲ့
ငါသောင်ပြင်ရယ် ကျန်ခဲ့တယ် ...။



www.burmeseclassic.com

www.burmeseclassic.com



# အနုတ်လူသား

**ဟိုးကိုကိုဝင်း**

- လိပ်ပြာမသန့်
  စိတ်မှာလန့်
  သိက္ခာညှဲ့သူများ။
- ကိုယ့်မှတ်တိုင် ကိုယ့်သမိုင်း
  ရှိုင်းမျှအောင် ကိုယ်ပင်လုပ်
  အနုတ်လူသား ...။



www.burmeseclassic.com

www.burmeseclassic.com



# အိပ်မက်လေးတွေ လန်းဖြာစေ

**ရှုအိမ်ဝင်**

- ရေကြည်နုတွေကြား
  ငှက်ငယ်လေးတွေ တွန်ပျော်ပါး
  အမုံသင်းလေလား ...။

- နှင်းဆော်ဖြူတွေကြား
  မန်ရှင့်လေးတွေ ဝင့်ဝင့်ကြွား
  ရှိန်နဲ့တွင့်ပါ ...။

- လေပြည်လေးတွေကြား
  သစ်ရွက်လေးတွေ လွင့်ဝေ့သွား
  မအိပ်သေးဘူးလား ...။


- လရောင်ထွေးထွေးကြား
  ထိမ်ကြွားလေရဲ့ အနမ်းများ
  ဝင်မှိန်ကျနေလား ...။

- ဘဝကိုသိမ်ကြား
  လှုယ်အပေါင်း ငြိမ်ရောင်ရှား
  ကို ... မှုယောင်လေးပါ။



www.burmeseclassic.com

www.burmeseclassic.com



# စဉ်းစား

**အောင်ချွင်သူ(မဟာမြေ)**

- ကမ္ဘာကြီးပြားနေရတာ
  မေ့မထားနဲ့ ကိုယ့်ရဲ့
  လင်းတလေလောက်တော့
  ငှက်တိုင်းလှတာမို့
  ခေါင်းတစ်လုံး ပိုမြင့်ချင်ရဲ့
  ဒေဝဒတ်လို ဖြစ်သွားမယ်။

- အများရဲ့သဘော
  လိုက်လျောမှု အချိန်တစ်ခုပြီ
  ငါအရှင်ဆိုပြီ
  ဘယ်နှမှတ် ပတ်ပတ်
  အတိတ်ဖြစ်ရပ်မှာ ရှိမဲ့
  အခုအခြေမှာ တစ်မျိုးပြောင်း။
  ခေတ်ဟောင်းမဟုတ်တော့ဆိုတာ ယုံလိုက်။

- ရှိခဲ့ရ
  ဒါမှန်းသိလို့
  မသောက်သူတွေများလာပြီ
  ကိုယ့်အလှည့်ပဲ ကျန်တော့တယ်
  ယထာဘူတဉာဏ်ဆိုတာ
  အမြင်မှန်ကိုဆိုတာပဲ
  ကဲ . . . စဉ်းစား
  ယွင်းမှားပါစေနဲ့။



www.burmeseclassic.com

www.burmeseclassic.com



# အလှအိမ်

ချစ်(ရွှေပြည်သာ)

● ကဗျာဆိုတာ
ကျယ်ဝန်းတဲ့ ... ကြေဝဠာအရှေ့။

● ကဗျာဆိုတာ
နက်ရှိုင်းတဲ့ ... အသုရာ။

● ကဗျာဆိုတာ
ရဲရင့်တဲ့ ... ကေသရာဇာ။

● ကဗျာဆိုတာ
ရိုးစင်းတဲ့ ... သိုးသူငယ်။

● ကဗျာဆိုတာ
ဖျိုမျစ်တဲ့ ... သူယောင်မယ်။

● ကဗျာဆိုတာ
ချိုမြိန်တဲ့ ... နတ်သုဒ္ဓါ။

● ကဗျာဆိုတာ
နူးညံ့တဲ့ ... တိမ်မွေ့ရာ။

● ကဗျာဆိုတာ
ငြိမ်းချမ်းခြင်းရဲ့ သင်္ကေတ။

● ကဗျာဆိုတာ
ဘဝသမားရဲ့ ကွန်ဆိုရိုင်။

● ကဗျာဆိုတာ
လောကရဲ့ သစ္စာအလှတရား။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




မိုးခိုင့်ကျော် ၊ သာစည်

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

## အောင်သင်း၏ လောကဓမ္မနှင့် ဘဝ၏ အနှစ်သာရ

ဆရာအောင်သင်း၏ "လောကဓမ္မနှင့် ဘဝ၏ အနှစ်သာရ" စာအုပ်တွင် အခန်း(၁) လုံ့လဝီရိယ ရှိရမည်။ အခန်း(၂) ပညာသည် ဘဝ၏ မီးရှူးတန်ဆောင်၊ အခန်း (၃) ကိုယ်ကျင့်တရားနှင့် စီးပွားချမ်းသာ၊ အခန်း(၄) အိမ်ယာထောင်မှုမိသားစု၊ အခန်း(၅) သက်ရှည်ကျန်းမာ လူချမ်းသာ၊ အခန်း(၆) ကြီးမြတ်မြင့်မား စိတ်ထားရှိစေဟု သော ခေါင်းစဉ်များခွဲလျက် သုခနှင့်ပတ်သက်သမျှတို့ကို ပညာပေးလမ်းညွှန်ထားပေသည်။

ဤစာအုပ်အား ဆရာအောင်သင်းသည် ခေတ်လူမီသမျှ စာပေကျမ်းဂန်များကို အမှီပြု၍ ရေးသားပြုစုခဲ့ကြောင်း ဝန်ခံထားပေသည်။ အထူးသဖြင့် ကြီးပွားရေးဆိုင်ရာ အဆုံးအမတော်များကို "နရဖက္ခဒီပနီ" ကျမ်းလာ ပါဠိတော်မြန်မာပြန်များကို အခြေပြု၍ မှီငြမ်းရေးသားခဲ့ခြင်း ဖြစ်ပေသည်။ ယနေ့မျက်မှောက်ကာလသည် ဖွံ့ဖြိုးတိုးတက်မှုကို ရှေ့ရှုနေသော ကာလသမယဖြစ်ပေရာ ခေတ်နှင့်အညီ ရင်ဘောင်တန်းနိုင်ဖို့ရာအတွက် လမ်းကြောင်းကို ညွှန်ပြထားသော ဤစာအုပ်ကို မဖြစ်မနေ လေ့လာဖတ်ရှုသင့်ပေသည်။ ဤစာအုပ်ကို သုခဘုံစာပေမှ ဖြန့်ချိပြီး တန်ဖိုးမှာ ၁၀၀၀/-ကျပ် ဖြစ်ပေသည်။

## ဟိန်းဇေ၏ ယနေ့မြန်မာနိုင်ငံ၊ နိုင်ငံရေး သမိုင်းရေးနှင့် မှန်ကန်သည့်အတွေးအမြင်

သမိုင်းဘာသာရပ်၊ နိုင်ငံရေးဘာသာရပ်တို့ကို လေ့လာလိုက်စားလျက်ရှိသော ဆရာဟိန်းဇေသည် ယခုအခါ အဆိုပါ ဘာသာရပ်ဆိုင်ရာ စာအုပ်တို့ကို တစ်အုပ်ပြီးတစ်အုပ် ရေးထုတ်လျက်ရှိနေသည်။ ယခုလည်း "ယနေ့မြန်မာနိုင်ငံ၊ နိုင်ငံရေး၊ သမိုင်းရေးနှင့် မှန်ကန်သည့် အတွေးအမြင်" ဟူသော စာအုပ်တစ်အုပ် ပေါ်ထွက်လာပေပြီ။

ဤစာအုပ်အဖွင့်၌ ဆရာဟိန်းဇေက "မြန်မာနိုင်ငံ တိုးတက်ပြောင်းလဲဖို့ဆိုလျှင် အရေးကြီးဆုံး နံပါတ်တစ် ပြင်ရမည့်အရာမှာ စိတ်ဓာတ်ဖြစ်သည်။ ထိုစိတ်ဓာတ်သည် နိုင်ငံ့အကျိုးကို ဆောင်ရွက်မည့်သူများနှင့် လုံးဝမအပ်စပ်သော ကိုယ်ကျိုးရှာ စိတ်ဓာတ်ဖြစ်သည်။ ထိုစိတ်ဓာတ်သည် နိုင်ငံ့အကျိုးကို ဆောင်ရွက်မည့်သူများနှင့် လုံးဝမအပ်စပ်သော ကိုယ်ကျိုးရှာ စိတ်ဓာတ်ဖြစ်သည်။ ထိုစိတ်ဓာတ်ကို မပြင်နိုင်သမျှ နိုင်ငံသည် ဘယ်တော့မှ မတိုးတက်၊ မပြောင်းလဲနိုင်" ဟူ၍ ဆိုထားပေသည်။ ဤစာအုပ်တွင် "ယနေ့ မြန်မာနိုင်ငံနှင့် အနာဂတ်" မှသည် "သိမှု၊ မသိမှုနှင့် နေခြင်း၏အဓိပ္ပာယ်" အထိ အကြောင်းအရာ ၁၈ ရပ်ကို ခေါင်းစဉ်ပြုကာ မှန်ကန်သည့် နိုင်ငံရေး၊သမိုင်းရေးမြင်ပေါ်လာအောင် စေတနာအပြည့်ဖြင့် ရေးသားပြုစုထားသည်ကို တွေ့ရှိရသည်။

ဤစာအုပ်အား ဇိုး-စာပေမှ တန်ဖိုး ၂၀၀၀/-ကျပ် သတ်မှတ်လျက် ပြည်လုံးကျွတ်ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

## မောင်မောင်မိုးအောင်၏ ဟာသ်အိုင် ဓာတ်ကြောင်းနှင့် အုတ်ဂူဟောင်းတစ်လုံး အခြားဂမ္ဘီရဝတ္ထုများ

တပေဗိမာန် စာမူဆုရ စာရေးဆရာ မောင်မောင်မိုးအောင်၏ ဂမ္ဘီရဝတ္ထုတိုများကို စုစည်းထုတ်ဝေလိုက်သည့် စာအုပ်ဖြစ်သည်။

ဤစာအုပ်တွင် ကပ္ပိယရွှေမိုးနှင့် ကုဿာသယ ပုဏ္ဏကအင်း၊ အနီရောင် သက်ပျောက်ဝတ်စုံတစ်စုံ၊ စေတနာမှန်သော ကံအကျိုး၊ ကပ္ပိယကြီး ရွှေမိုးနှင့် ဘုရင်မကြီးအနွယ်တော်၊ နဂါးစောင့်သည့်ဘောင်၊ ငြီးသူ့ကလေ့တေး၊ ကပ္ပိယရွှေမိုးနှင့် ဂမ္ဘီရကွမ်းရွက်၊ မိဘပြစ်မှား ငရဲလား၊ ကပ္ပိယရွှေမိုးနှင့် ရွှေမြိုင်သူခင်ခင်ချစ်၊ ဟာသ်အိုင်ဓာတ်ကြောင်းနှင့် အုတ်ဂူဟောင်းတစ်လုံး အစရှိသည့် ဝတ္ထုတို (၁၀)ပုဒ် ပါဝင်ရာ ထူးခြားဆန်းကြယ်လှစွာသော ဂမ္ဘီရဝတ္ထုအရသာများကို နှစ်သက်လှပါသည်ဆိုသော ပရိသတ်အဖို့ရာ လွန်စွာမှ အကြိုက်တွေ့သွားစေမည့် ဝတ္ထုတိုများ ဖြစ်ကြပေသည်။ ဤစာအုပ်ကို ရွှေဟာသ်စာပေမှ တန်ဖိုး ၄၀၀/-ကျပ်သတ်မှတ်ကာ ထုတ်ဝေဖြန့်ချိလိုက်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

## မောင်မောင်စိန်လင်း(နတ်မောက်)၏ ဓာတ်ပုံကပြောသော သမိုင်းမှတ်တိုင်များ

စာရေးဆရာ မောင်မောင်စိန်လင်း(နတ်မောက်)သည် စာရေးသားခြင်း၊ ဗီဒီယိုဓာတ်ကားများ၌ သရုပ်ဆောင်ခြင်း၊ ဥပဒေရေးရာကိစ္စများ၌ အကျိုးဆောင်ခြင်းတို့သာမက ဓာတ်ပုံပညာရှင်တစ်ဦးလည်း ဖြစ်၏။ မြန်မာနိုင်ငံအနှံ့အပြားသို့ လှည့်လည်သွားရောက်ပြီး မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ရာမှ ဓာတ်ပုံတို့မည်သည် သမိုင်းကိုဖော်ဆောင်နေသော မှတ်တိုင်များဖြစ်ကြောင်း သဘောပေါက်မိပြီး တော်ဝင်ပန်းရာနယ်၌ အပတ်စဉ်ဆောင်းပါးများရေးသားခဲ့ရာ ယခုဆိုလျှင် ဓာတ်ပုံကပြောသော သမိုင်းမှတ်တိုင်များ ဟူ၍ ဆောင်းပါးပေါင်းချုပ်တစ်အုပ်ကို ထုတ်ဝေနိုင်ခဲ့ပေပြီ။

ထိုစာအုပ်ကို စိတ်ကြိုက်စာပေမှ တန်ဖိုး ၁၅၀၀/-ကျပ်ဖြင့် ဖြန့်ချိထားပြီး ဓာတ်ပုံပညာရပ်ကို စိတ်ဝင်စားသူများ၊ မြန်မာ့သမိုင်းဖြစ်ရပ်များအပေါ် လေ့လာလိုက်စားသူများအနေဖြင့် ဝယ်ယူသိမ်းဆည်းထားသင့်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်ပေသည်။

## ဦးသန့်(လာဘ်မိုးဇွေ)ပြုစုသည် မြန်မာ့သမိုင်းဝင် မှတ်တမ်းပုံရိပ်များ

မဟာသမ္မတမင်းလက်ထက်မှသည် ယနေ့ခေတ်ကာလသမ္မတကြီး ဦးသိန်းစိန်၏ အရပ်သားအစိုးရလက်ထက်တိုင်အောင် သမိုင်းဝင်ဖြစ်ရပ် အချက်အလက်ပေါင်းများစွာကို စာအုပ်စာတမ်းပေါင်းများစွာ၊ တနယ်ဝင်းပေါင်းမြောက်မြားစွာ အကိုးအထောက်ပြုကာ အချက်အလက်စုံလင်စွာ ပြုစုထားသော အဖိုးတန် စာအုပ်ကြီးတစ်အုပ်ဖြစ်သည်။ အထူးသဖြင့် သမိုင်းဝင်ရှားပါးလှသောဓာတ်ပုံပေါင်းများစွာကိုလည်း ဖော်ပြထားပေရာ စာအုပ်တန်ဖိုးနှင့် မကာလောက်အောင် တန်ဖိုးကြီးလှပေသည်။

ဤစာအုပ်အတွက် ဆရာမောင်မောင်မြင့်အေးနှင့် ဆရာနန္ဒာမိုးကြယ်တို့မှ အမှာစာရေးသားထားသည်။ ဤစာအုပ်ကို မဟိဒ္ဓိစာပေမှ ထုတ်ဝေဖြန့်ချိခြင်းဖြစ်ပြီး မျက်နှာဖုံးပန်းချီကို ပန်းချီမိုးကျော်က ရေးဆွဲပေးထားသည်။ စာအုပ်၏တန်ဖိုးမှာ ကျပ် ၁၀၀၀၀/- ဖြစ်ပြီး မြန်မာနိုင်ငံ၏သမိုင်းဖြစ်စဉ်များကို အသေးစိတ်လေ့လာသိရှိလိုသူများအနေဖြင့် မလွဲမသွေဆောင်ထားရမည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

## ဦးခင်ဇော်(မရမ်းကုန်း)၏ လက်ယက်မရှာ မုဒိမ်းမှုကြီးနှင့် ဖြစ်ရပ်မှန်မှုခင်းဝတ္ထုတိုများ

ရှေ့နေလောကတွင် ထင်ရှားသော စာရေးဆရာ ဦးခင်ဇော်(မရမ်းကုန်း)၏ ၈ အုပ်မြောက်ပေါ်ထွက်လာသော စာအုပ်ဖြစ်သည်။

ဤစာအုပ်တွင် ဟန်ချက်မညီသော ရင်ခုန်သံ၊ မြောင်မြို့နယ်လက်ယက်မရှာမှ မုဒိမ်းမှုကြီး၊ အိမ်ရှင်အိမ်ဖားသတိထား၊ လှည့်စားရက်တဲ့ ကံကြမ္မာရယ်၊ မြွေလိုအဆိပ်အတောက်ပြင်းသူ၊ အန္တရာယ်ကြားက မနီလာ၊ အမိုက်ချင်းပြိုင်၊ စိမ်ခေါ်၍ ချစ်တမ်းကစားသူ၊ အပွတ်အပွတ်၊ စိန်ကဲကျောက်ကဲ၊ ဥစ္စာပျောက်ငရဲရောက် စသည့် ဖြစ်ရပ်မှန်မှုခင်းဝတ္ထုတို (၁၁)ပုဒ်တိတိ ပါဝင်သည်။ ရသမြောက် ဖြစ်ရပ်မှန် ဝတ္ထုကောင်းကလေးများ ဖတ်ရှုလိုသူတို့အတွက် လောကပြတင်းစာအုပ်တိုက်မှ တန်ဖိုး ၁၂၀၀/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်သည်။

## ဓမ္မရိပ်မြုံ ဓမ္မကြေးမုံ စာစဉ်(၁)

လှုငယ်စာရေးဆရာ နေ့တ်ကိုကိုဇော်၏ စီစဉ်တည်းဖြတ်မှုဖြင့် ပေါ်ထွက်လာသော ဘာသာရေးအတွေးအမြင်ရသစာစဉ် အမှတ်(၁) ဖြစ်သည်။

ဤစာအုပ်တွင် ဓမ္မဘေရီအရှင်ဝိရိယ(တောင်စွန်း)၊ စံရိပ်ငြိမ်ဆရာတော် အရှင်ဝဇနု(ပဲခူး)၊ မေတ္တာရှင်(ရွှေပြည်သာ)၊ ရွှေစုန်းချောင်းဆရာတော် အရှင်ဝိစိတ္တာလင်္ကာရ၊ အရှင်အဂ္ဂသာရ(နဝင်းကျေးရွာ)၊ သက္ကျဝံသ၊ ထွန်းလွင်(မွှာစရိယ-ဘီအေ)၊ နန္ဒာမိုးကြယ်၊ နေ့တ်ဟိဏ်းဇော်၊ အောင်သာကျော် စသည့် ရဟန်းကလောင်ရှင်၊ လူကလောင်ရှင်တို့၏ ဘာသာရေးအတွေးအမြင် ရသတို့ကို ဖော်ပြထားပေသည်။ ဤစာအုပ်၏ မျက်နှာဖုံးကို ပန်းချီသိန်းရွှေကြည်မှ ခြယ်မှုန်းပေးထားပြီး ရွှေပဒုမ္မာစာပေမှ တန်ဖိုး ၁၂၀၀/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်သည်။

ကသစ်နီ


www.burmeseclassic.com

www.burmeseclassic.com

## JOKE-united မဂ္ဂဇင်းတစ်နှစ်ပြည့် အခမ်းအနားကျင်းပ

အယ်ဒီတာချုပ် ကျော်ဇင်ကိုကို ဦးစီးတဲ့ JOKE-United မဂ္ဂဇင်းထုတ်ဝေခြင်း တစ်နှစ်ပြည့်အခမ်းအနားကို (၁၇-၁-၂၀၁၃) ကြာသပတေးနေ့ ညနေ(၄း၃၀)နာရီက ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး၊ ကန်တော်မင်္ဂလာပန်းခြံရှိ Happy World ခေတ်မီအားကစားကွင်းမှာ ကျင်းပခဲ့ပါတယ်။

အခမ်းအနားမှူးအဖြစ် ကာတွန်းနိုင်လင်းက ဆောင်ရွက်ပြီး ပျော်ရွှင်ဖွယ်၊ ကြည်နူးဖွယ် အင်မတန်ကောင်းတဲ့ အစီအစဉ်ကလေးများနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ JOKE မဂ္ဂဇင်းရဲ့ တစ်နှစ်တာ စာရေးအကောင်းဆုံး၊ အရေးနိုင်ဆုံးဆုကို ဆရာသစ္စာနီ ရရှိခဲ့သလို၊ ပရိသတ်အကြိုက် အကောင်းဆုံးဆုကို ဆရာကြူးနစ်က ရရှိခဲ့ပြီး ပရိသတ်အကြိုက်ဆုကိုတော့ ဒေါက်တာနေမင်းက ရရှိခဲ့ပါတယ်။ ဆုချီးမြှင့်ပွဲကို အကယ်ဒမီပေးပွဲဆန်ဆန် ဟာသကလေးများနဲ့ ကျင်းပခဲ့တာမို့ ကြွရောက်လာသူအပေါင်း ပျော်ရွှင်ကြည်နူးချမ်းမြေ့ကြရင်း JOKE မဂ္ဂဇင်းကြီး ဆထက်ထမ်းပိုး အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတွေ တောင်းပေးခဲ့ကြပါသတဲ့။

---

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၏ ဈေးရောင်းပွဲတော်၊ စာပေဟောပြောပွဲနှင့် ၂၀၁၁ ခုနှစ် အကောင်းဆုံးထုတ်ဝေသူဆုပေးပွဲကျင်းပ

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက ကြီးမှူးလို့ စာအုပ်ဈေးရောင်းပွဲတော်နဲ့ စာပေဟောပြောပွဲကို (၃၁-၁-၂၀၁၃)မှ (၃-၂-၂၀၁၃)ထိ အမျိုးသားဇာတ်ရုံမှာ နံနက်(၉း၀၀)နာရီမှ ညနေ(၆း၀၀)နာရီထိ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အခမ်းအနားမှာ ၂၀၁၁ ခုနှစ်အတွက် အကောင်းဆုံးထုတ်ဝေသူဆုကိုပါ တစ်ပါတည်း ချီးမြှင့်ပေးခဲ့ပါတယ်။ စာအုပ်တိုက်ပေါင်းတစ်ရာကျော်ရဲ့ စာအုပ်မျိုးစုံတွေကို တစ်နေရာတည်း ဝယ်ယူခွင့်ရရှိမှာဖြစ်ပြီး စာရေးဆရာတွေဖြစ်ကြတဲ့ လယ်တွင်းသားစောချစ်၊ ခင်ခွေမြင့်(မြန်မာစာ)၊ မစန္ဒာ၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ ကိုတာ၊ သန့်မြင့်အောင်၊ ဦးတုန်း(ဘေဒ)၊ လင်းသိုက်ညွန့်(မြန်မာမြေ)၊ ဂျူး၊ ချစ်ဦးညို၊ ကျော်ဝင်းနဲ့ ဖေမြင့်တို့ ဟောကြားခဲ့ပါတယ်။ ဖွင့်ပွဲအခမ်းအနားကို (၃၁-၁-၂၀၁၃)ရက်နေ့ နံနက်(၉း၀၀)နာရီမှာ ကျင်းပခဲ့ကြောင်း သတင်းရရှိပါတယ်။

---

## ဆရာကြီးသောကြာဦးမောင်ကလေးအား ဂါရဝပြုပူဇော်ကန်တော့ပွဲကျင်းပ

နှစ်စဉ်မပျက် ဆင်နွှဲခဲ့တဲ့ မြန်မာနိုင်ငံစာရေးဆရာအသင်းရဲ့ အကန်တော့ခံ သက်ကြီးစာပေပညာရှင်ကြီးဖြစ်တဲ့ အပြင် အသက်(၉၀)ပြည့်ပြီဖြစ်တဲ့ ဆရာကြီးသောကြာဦးမောင်ကလေးအား ဂါရဝပြုပူဇော်ကန်တော့ပွဲကို (၃-၂-၂၀၁၃) ရက်နေ့ မွန်းတည့်(၁၂း၀၀)နာရီက တာမွေမြို့နယ်၊ ကျောက်မြောင်း၊ အောင်ဘာလေလမ်း၊ အမှတ်(၉)မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဲသည်ပွဲမှာ အခမ်းအနားမှူးအဖြစ် ဆရာနန္ဒဝိုးကြယ်က ဆောင်ရွက်ပြီး ဆရာမောင်မောင်စိန်လင်း(နတ်မောက်)က ကန်တော့ချီးတိုင်ပြီး လက်ဆောင်ပစ္စည်းများ၊ ငွေကြေးများ ပေးအပ်ခဲ့ပါတယ်။ အဲသည်နောက် ဆရာရွှေဘိုဘာမထီ ခင်အောင်၊ ဆရာရွှေစွန်ညို၊ ဆရာဦးကျော်ဝင်းခိုင်၊ ဆရာရဲဘော်ကျော်ဆန်းတို့က အမှတ်တရစကားများ ပြောဆိုကြပြီး ဆရာဟိန်းဇေဦးဆောင်တဲ့ တေးဂီတအဖွဲ့က ဖျော်ဖြေသမှု ပြုခဲ့ကြပါတယ်။ အသည် ပူဇော်ကန်တော့ပွဲ အခမ်းအနားကို သောကြာကလောင်ရှင်များ၊ စာရေးဆရာများ၊ အယ်ဒီတာများ၊ ဖိတ်ကြားထားတဲ့ ပုဂ္ဂိုလ်များ စုညီစွာ တက်ရောက်ခဲ့ကြတဲ့အကြောင်း သာဓုခေါ်ဖွယ် သတင်းရရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ပန်းချီဒွေစိုးဟန် ကွယ်လွန်ခြင်း(၅)နှစ်ပြည့် အမှတ်တရပွဲများ

နိုင်ငံကျော် စာနယ်ဇင်းသရုပ်ဖော် ပန်းချီပညာရှင်တစ်ဦးဖြစ်တဲ့ ပန်းချီဒွေစိုးဟန်ဟာ (၃၁-၁-၂၀၀၈) ရက်နေ့က ကွယ်လွန်ခဲ့ပါတယ်။

သည့်အတွက် ပန်းချီဒွေစိုးဟန်ကွယ်လွန်ခြင်း(၅)နှစ်ပြည့် အမှတ်တရပွဲကို (၃-၂-၂၀၁၃) တနင်္ဂနွေနေ့ နံနက် (၉း၀၀)နာရီက ရန်ကုန်မြို့ သုဝဏ္ဏ ဘုရင့်နောင်ကမ်းနားလမ်းရှိ စံရိပ်ငြိမ်ကျောင်းတိုက်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါ အမှတ်တရပွဲမှာ စံရိပ်ငြိမ်ကျောင်းတိုက်တွင် ဆောက်လုပ်လျက်ရှိတဲ့ ဆွမ်းစားဇရပ်အတွက် အပေါင်းအသင်း ရောင်းရင်းတွေက စုပေါင်းလှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပါတယ်။ အဆိုပါ အမှတ်တရ အခမ်းအနားပွဲကို ပန်းချီလောကသားများ၊ စာပေလောကသားများ စုံညီစွာ တက်ရောက်ခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။

## အကယ်ဒမီမော့(စ်)၏ အပျော်လေးများ မျှဝေတဲ့ပွဲ

ရုပ်ရှင်နဲ့ဗီဒီယိုသရုပ်ဆောင် မော့စ်ဟာ အခုဆိုရင် အကယ်ဒမီမော့စ်ဖြစ်သွားခဲ့ပါပြီ။ မော့စ်ဟာ မြန်မာ့ရုပ်ရှင် ထူးချွန်ဆုရရှိခြင်း အထိမ်းအမှတ် ညစာစားပွဲကို (၁၂-၁-၂၀၁၃)နေ့က ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်အတွင်းရှိ Western Park Royal ရေကူးကန် မြက်ခင်းပြင်မှာ ညနေ (၅း၀၀)နာရီကစလို့ ကျင်းပခဲ့ပါတယ်။

ညစာစားပွဲကို ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ အနုပညာနဲ့ အငြိမ်းသဘင်မှ ညီအစ်ကိုမောင်နှမများ၊ စာနယ်ဇင်းမှ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ စုံညီစွာ တက်ရောက်ခဲ့ကြပါတယ်။ အဲသည်နေ့က ကြွရောက်လာကြတဲ့ အနုပညာရှင်အချို့က သီချင်းများ ပျော်ရွှင်စွာသီဆိုဖျော်ဖြေခဲ့ကြပြီး အကယ်ဒမီမော့စ်ကိုယ်တိုင် ကြွရောက်လာကြတဲ့ ဧည့်ပရိသတ်တွေကို သီချင်းသီဆိုပြရင်း အပျော်လေးများ မျှဝေတဲ့ပွဲကို အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သိရှိရပါတယ်။

## မိုင်ရွှေရွှေ၏ 'အသက်ရှည်ဆေး' တေးစီးရီးမိတ်ဆက်ပွဲ

(၁၉-၁-၂၀၁၃)ရက်နေ့ နံနက်(၁၀း၃၀)နာရီက ရန်ကုန်မြို့ စီးတီးဟောတယ်မှာ တေးသံရှင်မိုင်ရွှေရွှေရဲ့ "အသက်ရှည်ဆေး" အမည်ရှိ တေးစီးရီးမိတ်ဆက်ပွဲ အခမ်းအနားကို ကျင်းပခဲ့ပါတယ်။

အခမ်းအနားမှူး ကလျာငြိမ်းစက ဆောင်ရွက်ပြီး အမှတ်တရစကားတွေကိုတော့ ခင်မြတ်မွန်၊ မိုင်ရွှေရွှေနဲ့ ဆရာ အောင်သျှိုင်းတို့က ပြောခဲ့ကြပါတယ်။ မိုင်ရွှေရွှေရဲ့ တေးစီးရီးက သီချင်းတွေရဲ့အမျိုးအစားက Rock, Slow Rock နှင့် Pop တို့ဖြစ်ကြပြီး တေးရေးမောင်မောင်ဇော်လတ်၊ ဖိုးသစ်၊ မောင်ခက်၊ မိုင်ရွှေရွှေတို့ရဲ့ သီချင်း(၁၂)ပုဒ် ပါဝင်ပါတယ်။ အဲသည်တေးစီးရီးကို The Sun Music က ဖြန့်ချိပြီး (၂၂-၂-၂၀၁၃)ရက်နေ့က စီးရီးထွက်ခဲ့ပါတယ်။ အဲသည်နေ့မှာပဲ ကန်တော်မင်္ဂလာပန်းခြံက Happy World မှာ၊ ပြီးတော့ လှိုင်သာယာမှာရှိတဲ့ Victoria မှာ Iron Cross တေးဂီတဝိုင်းနဲ့ ပရိုမိုးရှင်းလုပ်ခဲ့တဲ့အကြောင်း သိရှိရပါတယ်။

အမ်ငေကာ



www.burmeseclassic.com

www.burmeseclassic.com




### ရှေ့နေ့ဟူသည်

ညည်ခံပွဲအခမ်းအနား၌ ရှေ့နေတစ်ဦးနှင့် မည်သူ့ဆိုင်ရာ ပါရဂူ ဘွဲ့ရ ဒေါက်တာတစ်ဦးတို့ စကားပြောဆိုနေကြ၏။ ဦးစွာ ပါရဂူ ဘွဲ့ရ ဒေါက်တာက စတင်ပြောသည်။

"လူတွေများ သိပ်ခက်ပါတယ်ဗျာ။ ကျွန်တော့်ကို ဆေး ကုတဲ့ဒေါက်တာလို့ ယူပြီး သူတို့ရောဂါဝေဒနာအကြောင်း ဆေး ဆေးတွေသောက်ရင် ကောင်းမလဲဆိုပြီး ခဏခဏ မေးနေကြ တယ်"

"ကြော် ... ဟုတ်ပါလား"

"သိပ်ဟုတ်တာပေါ့ဗျာ။ ကစ်ဦးမှ နင်ဦးဆိုလို့တော့ ကိစ္စမရှိပါဘူး။ ခုဟာက တွေ့တဲ့လူတိုင်းလိုလိုက မေးမေးနေ ကြတော့ ဦးနှောက်ခြောက်ရတယ်။ ဒါကြောင့် ခင်ဗျားတို့မှာမေ တွေ့ဆိုရင် အမှုအကြောင်းနဲ့ပတ်သက်လို့ မေးသော မြန်းလာပါ အခါ ဘယ်လိုလုပ်ကြသလဲ"

"ရှင်းပါတယ်။ သူတို့မေးသမျှကို ဖြေပြီးသည်အောင် ဖြေ ကြားပြီး မေးခ၊ မြန်းခ၊ အကြံဉာဏ်ပေးခအတွက် ငွေကြေး ဘယ်လောက်ကျသင့်တယ်ဆိုတာ တောင်းခံလိုက်တာပဲ"

"ဟာ ... သိပ်ကောင်းတဲ့ အကြံပဲဗျာ။ ကျွန်တော် လည်း အဲသလိုလုပ်ရမယ်"

"ကိုင်း ... လုပ်ပေ မကာပဲတာ အသာထားပါဦး။ ခု ပေးလောက်တယ် ခင်ဗျားကို အကြံပေးလိုက်ရတဲ့အတွက် အကြံ ပေးခလေး မှတ်ပါဦး ..."

"ကိုက် ..."

• • •

### မုန့်ဈေးသည် ကိုပါမည်

အိမ်ထောင်သက် ရွှေရတု နှစ်ငါးဆယ်ပွဲကလေးကို ကျင်းပပြီးစီးသွားခဲ့ပြီးနောက် ကာင်မယားနှစ်ယောက်သည် ည အချိန်ဝယ် အဝေါ်ကတ်ပြန်ရှိတအတွင်း ဘဲအအေးလှလှ ရင်း ပြောဆိုနေကြလေသည်



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မတို့ရဲ့ အိမ်ထောင်သက်တမ်းဟာ သည်ကနေ့ဆိုရင် နှစ်ပေါင်း ငါးဆယ်တောင် ရှိခဲ့ပြီပေါ့နော်"

"ဟုတ်တယ်လေ။ အဲဒါဘာဖြစ်လို့လဲ ..."

"ဘာဖြစ်လို့လဲဆိုတော့ သည်ကနေ့မှာ ကျွန်မတို့နှစ်ယောက်စလုံး အမှတ်တရဖြစ်အောင် မှန်ရာကို သစ္စာဆိုကြရင် ကောင်းမလားလို့ပါ"

"အေး ... ကောင်းသားပဲ"

"ဒါဆိုရင် ရှင်က စပြီးပြောလေ"

"နေပါဦးကွာ။ ငါ အစရှာမရသေးလို့။ မင်းပဲ အရင်စပြောပါ"

"ကောင်းပြီလေ။ ဒါဆို ကျွန်မပဲ အရင်စပြောတာပေါ့။ ကျွန်မလေ တကယ်တမ်းပြောရရင် ရှင်နဲ့လက်ထပ်ရပေမဲ့ ရှင့်အပေါ် တစ်စက်ကလေးမှ မေတ္တာမရှိဘူး။ ဒါ ... ကျွန်မရဲ့ သစ္စာစကားပဲ"

"ဩော် ... ဩော် ..."

"ကိုင်း ... ကျွန်မဘက်က မှန်ရာကို သစ္စာဆိုပြီးသွားပြီ။ ကဲ ... ရှင့်အလှည့်"

"အေး ... ငါလည်းပဲ ခုချိန်ထိ ငါ့ရည်းစားဟောင်းနဲ့ စက်ပုန်းခုတ်လို့ ကောင်းတုန်းပဲကွ ..."

"ဟွန်း ... သေနာကြီး"

●●●

## ခံစားရမည့် သံသယအကျိုး

ဥပဒေအကျိုးဆောင်ကြီးသည် ကြီးမှ ဝက်သက်ပေါက်သည့်အလား မယားအငယ် ချောချောလှလှလေးတစ်ယောက်ကို တိတ်တိတ်ပုန်းယူထားကာ မြို့စွန်တစ်နေရာ၌ တိုက်ခန်းတစ်ခန်းငှားပေးထားလေ၏။

ထိုမယားငယ် ချောချောလှလှကလေးသည် ဥပဒေအကျိုးဆောင်ကြီး ရောက်မလာသည့် နေ့များ၌ ရွယ်တူယောက်ျားတစ်ယောက်နှင့် လော်လီဖောက်ပြားလေ၏။ ကြာသော် သတင်းထွက်လာပြီး ထိုသတင်းစကားသည် အကျိုးဆောင်ကြီး၏ နားသို့ ပေါက်ကြားသွားတော့၏။ ထိုကိစ္စ ဟုတ်–မဟုတ်၊ မှန်–မမှန် သိရှိရန်အတွက် အဆိုပါတိုက်ခန်းအနီး၌ နေသော ဆိုက်ကားသမားအား အရက်ဖိုးဖောဖောသီသီပေးကာ မယားငယ်လေး၏ အသွားအလာ၊ အနေအထိုင်၊ အပြုအမူတို့ကို စောင့်ကြည့်စေခဲ့လေ၏။ ဖိုးသမား ဆိုက်ကားဆရာလည်း အခြေအနေကို စုံစမ်းပြီးလေသောအခါ အကျိုးဆောင်ကြီးအား ပြောပြလေ၏။

"ဆရာမရှိတဲ့ ညကပေါ့ .. အင်း ... ကိုးနာရီကျော်ဆယ်နာရီလောက်မှာ ကောင်လေးတစ်ယောက် ဆရာ့ကောင်မလေးအခန်းထဲကို ဝင်သွားတယ်"

"အဲ .. ဟုတ်ပြီ ဆက်ပြော"

"ကျွန်တော်က မလှမ်းမကမ်းက ချောင်းကြည့်နေတာ။ အခန်းထဲရောက်တော့ သူတို့နှစ်ယောက်စလုံး အအေးသောက်ပြီး စကားတွေပြောကြတယ်။ အေးအေးဆေးဆေးပဲ။ ဘာညာသာရကာ၊ အိစီကလီတွေ လုပ်တာမတွေ့ရဘူး ဆရာ။ ပြီးတော့ ဆရာ့ကောင်မလေးက အိပ်ချင်ပြီလည်းပြောလိုက်ရော အခန်းထဲက မီးတွေမှိတ်ပြီး အမှောင်ကျသွားတော့တာပဲ။ ကျွန်တော်လည်း ဘာမှမမြင်ရတာနဲ့ ပြန်လာခဲ့ရတယ် ဆရာ"

"အင်း ... ကျူးကျူးလွန်လွန်ကိစ္စကို မျက်မြင်မှ မရှိလေတော့ ဒီကောင့်ကို တရားစွဲလည်း သံသယအကျိုးနဲ့ လွတ်သွားဦးတော့မှာပါပဲ"

●●●

## ထို့ကြောင့် . . . ဤသို့

မတွေ့တာကြာပြီဖြစ်သည့် ငယ်ပေါင်းရောင်းရင်း သူငယ်ချင်းနှစ်ယောက်တို့ မမျှော်လင့်ဘဲ ဆုံမိကြရာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်အတွင်းဝင်၍ စကားတွေ ရေပက်မဝင်အောင် ပြောဆိုကြလေ၏။

"ဟေ့ကောင် ... ညွန့်တင်၊ မင်းအခု မိန်းမရနေပြီဆို"

"အေးကွ ... တစ်လလောက်ရှိရော့မယ်။ နာမည်က 'ခင်နှင်း' တဲ့ကွ"

"ကောင်းတာပေါ့ကွာ။ ဒါထက် မင့်မိန်းမ ခင်နှင်းက နိုပ်ကော နိုပ်ရဲ့လား"

"နိုပ်တာတော့ မပြောပါနဲ့ကွာ။ ငါစိတ်အခန့်မသင့်လို့ ဘယ်လောက်ပဲ အော်ငေါက်ငေါက်၊ ဘယ်လောက်ပဲ ဆူဆူဆဲဆဲ တစ်လုံးဆိုတစ်လုံးမှ ခွန်းတုံ့မပြန်ဘူးကွ။ ရေငုံနှုတ်ပိတ်ပဲ"

"ဟာ ... ကောင်းလိုက်တာကွ။ ငါ့သူငယ်ချင်း မိန်းမရကံအကောင်းသားပဲ။ မင်းက ဘယ်လိုနည်းပညာတွေနဲ့ မယားနေစ ကြောင်သေမှ လုပ်ထားလို့လဲ။ ပြောစမ်းပါဦး"

"ဒီလိုပေါ့ကွာ ... ဟဲ .. ဟဲ .. ဟဲ .. ဟဲ"

"ဟေ့ကောင် ညွန့်တင်၊ ကိုယ့်ချင်း ကိုယ့်ချင်းတွေနော်။ သိပ်လည်း မလျှိုပါနဲ့ကွာ။ သိချင်လို့ ပြောပြစမ်းပါ"

"သိပ်လည်းအထင်မကြီးပါနဲ့ သူငယ်ချင်းရာ။ ငါ့မိန်းမ ခင်နှင်းက ငါဘယ်လောက်အော်ငေါက်၊ ဆူဆဲနေပေမဲ့ ဘာသံ



www.burmeseclassic.com

www.burmeseclassic.com

ခွန်းမှ ခွန်းတုံ့မပြန်တာ ဘာဖြစ်လို့လဲ သိလား''

''ဟာ ... မသိလို့ မေးနေတဲ့ဥစ္စာ''

''ဘာဖြစ်ရမှာတဲ့လဲကွာ ... ငါ့မိန်းမ ခင်နှင်းက မွေး၁တည်းက 'အ'နေတဲ့အပြင် နားကလည်း လုံးလုံးကို မကြားဘဲ ကန်းနေလို့ပေါ့။ ကဲ ... ရှင်းပြီလား''

''ဟော ... လကွာ''

●●●

## သေပြီဆရာ

အထူးကုဆရာဝန်ကြီးများထိုင်သည့် ပုဂ္ဂလိက ဆေးခန်းကြီးတစ်ခန်းသို့ လူနာတစ်ဦးရောက်ရှိလာကာ စုံစမ်းရေး ကောင်တာတွင် ထိုင်နေသော စာရေးမအား အကျိုးအကြောင်းမေးမြန်းလေ၏။

''ရင်ခေါင်းအထူးကုဆရာဝန်ကြီးနဲ့ ပြချင်လို့ပါ''

''ရပါတယ်၊ ဒါပေမဲ့ ... ဆေးကုသရေးမှတ်တမ်းစာအုပ် အရင်လုပ်ရမယ်''

''ဟုတ်ကဲ့ ... ဘယ်လောက်ကျသလဲ''

''ငါးရာပါရှင်''

''ဟုတ်ကဲ့ ... ဟောဒီမှာ ငွေငါးရာ''

စာရေးမလည်း ဆေးကုသရေးမှတ်တမ်း၌ လူနာ၏ အမည်၊ အသက်၊ နေရပ်လိပ်စာတို့ကို ရေးပြီးနောက် လူနာအား စာအုပ်ကို ပေးလိုက်၏။

''ဒါဆို ဆရာဝန်ကြီးနဲ့ ပြလို့ရပြီလား''

''မရသေးဘူးရှင့်။ ဆရာဝန်ကြီးဟာ အရေးပေါ်လူနာတစ်ဦးကို သွားကုနေပါတယ်၊ ညဦးပိုင်းလောက်မှ ဒီဆေးခန်းကို ပြန်လာထိုင်မှာ''

''ဟာ ... ပြဿနာပဲ။ ကျွန်ုပ်တော့ရောဂါဝေဒနာကို ကျွန်တော်သိနေတယ်။ ဒီညနေထိတော့ ခံပါ့မလားမသိဘူး။ စာအုပ်ကလည်း လုပ်ပြီးနေပြီ''

''ဒါဆိုရင် မပူပါနဲ့ရှင်။ ဒီညနေမှာ ရှင် ခေါက်ခနဲဖြစ်သွားရင် ရှင့်လိပ်စာအတိုင်း စာအုပ်ဖိုးငွေတစ်ဝက်ကို ပြန်အလျော်ပေးမှာပါ ...''

''ဟိုက် ... သေဟဲ့ နန္ဒိယ''

●●●

## ဘယ်အပိုင်းမှ မဟုတ်ပါ

ကုမ္ပဏီတစ်ခုမှ အလုပ်နေရာများ လစ်လပ်နေသည့်အတွက် အလုပ်ခန့်ထားရန် သတင်းစာ၌ ကြော်ငြာထည့်၏။ ကြော်ငြာထည့်ပြီး မကြာမီမှာပင် အလုပ်လျှောက်လွှာများ ရောက်လာ၏။ ဤတွင် အလုပ်ခန့်ထားရေးအတွက် ဘုတ်အဖွဲ့ဝင်လူကြီးများက အလုပ်လျှောက်ထားသူ တစ်ဦးချင်းကို အခန်းတွင်းသို့ ခေါ်ကာ လူတွေ့မေးမြန်းပါလေ၏။

''မင်းနာမည် ဘယ်လိုခေါ်သလဲ''

''မောင်ခွန်းထစ်ပါဆရာ''

''ဟုတ်ပြီ။ မင်းကို ဘယ်မှာမွေးတာတဲ့တုံး''

''ရှမ်းပြည်နယ်မှာပါ''

''ဒါဆိုရင် တောင်ပိုင်းမှာမွေးတာလား။ မြောက်ပိုင်းမှာမွေးတာလား''

''ဟုတ်ကဲ့ ... ကျွန်တော့်တစ်ကိုယ်လုံးကို မွေးတာပါ''

''ဟော ...''

●●●

## မပြောင်းလဲတဲ့ သီချင်း

တစ်ခါက တောင်ပေါ်မြို့ကလေးတစ်မြို့သို့ အုပ်ချုပ်ရေးအရာရှိအသစ်တစ်ဦး ပြောင်းလာ၏။ သည့်အတွက် မြို့ခံရပ်မိရပ်ဖများစုပေါင်းကာ ဂုဏ်ပြုညစာစားပွဲတစ်ရပ်ကို ကျင်းပပြုလုပ်ကြရာ ထိုပွဲနှင့်အတူ မီးပုံပွဲကို ကျင်းပလေ၏။ ထိုမီးပုံပွဲ၌ ဒေသခံများက ဂုဏ်ပြုသီချင်းတစ်ပုဒ်ကို စုပေါင်းသီဆို ဂုဏ်ပြုကြလေ၏။ ဤတွင် ...

''ဟေး ××× တို့မြို့ကို ××× တို့တစ်တွေကို ××× ဒုက္ခအကြီးအကျယ်ပေးခဲ့တယ် ××× လူယုတ်မာပြောင်းသွားပြီ ××× အခု လူကောင်းသူကောင်းရောက်လာပြီ××× ဝမ်းသာအားရ ဂုဏ်ပြုပါသည်''

ဟူသော သီချင်းကို သံပြိုင်သီဆိုကြလေ၏။ ထိုသီချင်းကို ကြားရသော အရာရှိအသစ်လည်း လွန်စွာမှ ကျေနပ်အားရပီတိဖြစ်သွားပြီး အနီးရှိ ရပ်မိရပ်ဖတစ်ဦးအား မနေနိုင် မထိုင်နိုင် စကားစမိလေ၏။

''ဝမ်းသာတယ်ဗျာ ... သိပ်ကို ဝမ်းသာတယ်၊ ကျုပ်ကို သည့်သီချင်းနဲ့ ဂုဏ်ပြုကြတာ''

ဤတွင် ရပ်မိရပ်ဖဖြစ်သူက -

''သိပ်လည်း ဝမ်းသာမနေနဲ့ဦးဆရာကြီး။ ကျုပ်တို့ဆီကနေ ဆရာကြီးပြောင်းသွားလို့ နောက်တစ်ယောက်ပြောင်းလာရင်လည်း သည့်သီချင်းနဲ့ပဲ ဂုဏ်ပြုသီဆိုပေးကြဦးမှာပါ''

''ဟိုက် ...''

●●●



www.burmeseclassic.com

www.burmeseclassic.com

## တစ်ခုလောက်တော့ ကူညီပါ

ရပ်ကွက်ပတ်စ်ခုအတွင်းရှိ အပေါင်ဆိုင်မှာ ဗိုက်ချိန်နီး ပြီဖြစ်၍ မန်နေဂျာလည်း ဗိုက်ရန်ပြင်နေ၏။

ထိုစဉ် လက်နက်ကိုင်လူဆိုးတစ်ဦး ဝင်လာပြီး မန်နေဂျာအား ကြိုးပြင့်ဟုပ်နှောင်ကာ ပါးစပ်အတွင်းသို့လည်း အဝတ်စဖြင့် ပိတ်ဆို့လိုက်၏။ ထို့နောက် ဗီရိုအတွင်းမှ ပစ္စည်းများကို ရှာဖွေကာ ယူငင်လိုက်၏။ ထိုစဉ် မန်နေဂျာလည်း ငူးငူးဝါးဝါးအသံ ပြုလျက်ရှိရာ ...

"ဟေ့လူ ... ခင်ဗျား ဘာပြောချင်လို့လဲ။ ပြောစရာရှိတာ မြန်မြန်ပြော၊ အသံမကျယ်နဲ့။ ကျယ်လို့ကတော့ အသေပဲ မှတ်ထား"

ဟု ဆိုကာ ဓားမိုးထားရင်း ပါးစပ်အတွင်းမှ အဝတ်စကို ဆွဲထုတ်လိုက်၏။

"တစ်ခုလောက် အကူအညီတောင်းချင်လို့ပါ"

"ဘာများလဲ ... ပြော"

"ဒီ ... ဒီလိုပါ။ ခင်ဗျားပြန်ထွက်သွားရင် စာရင်းစာအုပ်ပါ ယူသွားပါ။ ဘာဝ်နေရာရောက်တဲ့အခါ အဲသည်စာရင်းစာအုပ်ကို အစဖျောက်ပေးပါ"

"ဘာဖြစ်လို့လဲ"

"စာရင်းစာအုပ်မှာ ငွေတွေ တော်တော်လေး ကွာနေလို့ပါ"

"အယ် ..."

●●●

## မနေ့ကနဲ့ မတူပါလေ

အကျိုးဆောင်ကြီး ဦးစိန်လင်းတစ်ယောက် ရုံးခန်းသို့ မသွားမီ သူ၏စားပွဲ၌ အလုပ်လုပ်နေသည်။ သူလုပ်နေသည့် အလုပ်က ကိုယ်စားလှယ်လွှဲစာတစ်စောင်ကို စာကြမ်းရေးနေခြင်းပင်။

စာကြမ်းရေးပြီး နောက်တစ်ခေါက် ပြန်ဖတ်သည်။ မလိုအပ်သည့် စာလုံးများကို မင်နီနှင့်ခြစ်ကာ လိုအပ်သည့် စာသားတွေကို ပြန်လည်ဖြည့်စွက်သည်။ မကြာမီမှာပင် လိုအပ်သည့်အတိုင်းအတာ ပြီးစီးသွားသည့်အတွက် ခေါင်းတဆတ်ဆတ်ညိတ်ရင်း သည်ကနေ့ ရက်စွဲကို တပ်ရန်ပြင်သည်။ သို့ရာတွင် သည်ကနေ့သည် ဘယ်ရက်ဖြစ်သည်ကို သူမသိ။ ရက်စွဲကို သေချာရေးမှ ဖြစ်မည်။ သည့်အတွက် ခပ်လှမ်းလှမ်းတစ်နေရာ၌ သိုးမွေးဆွယ်တာထိုးနေသော ဇနီးသည်ထံ လှမ်းမေးလိုက်သည်။

"ဟေး ... မိန်းမရေ့ သည်ကနေ ဘယ်နှရက်တုံး"

"ပြော် ... တော်တော်စက်ပါလား ရှင့်ရှေ့မှာ သတင်းစာရှိနေတယ် မဟုတ်လား။ သတင်းစာကြည့်လိုက်ရင် သည်ကနေ့ ဘယ်ရက်ဆိုတာ သိပြီပဲပေါ့"

"ဟာ ... ကွာ၊ မင်းနဲ့ပြောဆိုရတာ အဆင်ကို မပြေပါဘူး။ ငါ့ရှေ့မှာ သတင်းစာရှိတာ မှန်ပေမဲ့ အဲသည်သတင်းစာက မနေ့က သတင်းစာကွ။ သည်ကနေ့သတင်းစာ မဟုတ်ဘူး"

"သေလိုက်ပါတော့နော်"

●●●

## ရှုအနေအထားနှင့်သူ

လွန်စွာမှ ကပ်စေးနဲလှသော မိန်းမကြီးတစ်ယောက်သည် ဈေးသို့သွားသော အယားဖျောက်သည့် ကုတ်ခြစ်တံကလေးများ ရောင်းချနေသူထံမှ တစ်ချောင်းဖြင့် ရောင်းသည်ကို ငါးဆယ်ပြားဖြင့် အတင်းဆစ်ပြုပြီး ဝယ်ယူလိုက်၏။ ထို့နောက် ကုတ်ခြစ်တံဖြင့် ယားယံလျက်ရှိသော ကျောပြင်အား တဗျင်းဗျင်း ကုတ်ခြစ်လေရာ မမျှော်လင့်ဘဲ ကုတ်ခြစ်တံသည် ရှုပ်ခနဲကျိုးသွားလေတော့၏။ သည့်အတွက် ဒေါသတကြီးဖြင့် ကုတ်ခြစ်တံရောင်းသူရှိရာ ပြန်သွားလေ၏။

"ဒီမှာ ... ဒီမှာ .. နင့်ဆီကဝယ်လိုက်တဲ့ ကုတ်တံက ဝယ်တာ ဆယ်မိနစ်တောင် မပြည့်သေးဘူး။ ခုကျိုးသွားပြီ ... ကြည့်စမ်း။ ဒီလိုမျိုး လိမ်ရောင်းတာ ဘာကောင်းသလဲ"

"နေပါဦး အဒေါ်ကြီး။ အဲ့ဒေါ်ကြီးက ကုတ်တံကို ဘယ်လိုသုံးတာလဲ"

"ဟဲ့ ... ကုတ်တံကို ယားတဲ့နေရာကို ဟောသလို ဒီပြီးကုတ်တာပေါ့ဟဲ့"

ထိုသို့ပြောဆိုပြီး ကုတ်တံအကျိုးနှင့် ကျောပြင်ကို ပြန်လည်ကုတ်ခြစ်ပြလေ၏။ ထိုအခါ ဈေးသည်လည်း ...

"ပြော် ... အဲဒါကြောင့်ကိုး။ ဒီမှာ အဒေါ်ကြီး ... ကျွန်တော် တစ်ရာနဲ့ရောင်းနေတဲ့ဟာ အဒေါ်ကြီးက ငါးဆယ်ပဲပေးပြီး ဝယ်သွားတာလေ။ သည့်ပြင် အဒေါ်ကြီးကုတ်သလိုမျိုး ကုတ်လို့မရဘူး။ ကုတ်ခြစ်တံကို ယားတဲ့ကျောပေါ်မှာ တင်ပြီးတော့ ကိုယ့်ကို တွန့်တွန့်ပေးရတာဗျ"

ဟူ၍ အချက်ကျကျ ပြန်ပြောပြလိုက်လေသတည်း။

ဖြိုးမေတ္တာဒ်ယူမယ်

---


**ကိုရွှေတေး**

---



www.burmeseclassic.com

www.burmeseclassic.com



# ကွင်းစကွင်းပိတ် ဝေဒနာ

"ရှယ်ပေါ့ကျဝမ်း၊ ချိုဆိမ့်ဝမ်း၊ ရှဘီ တစ်ပွဲပေါ့…"

စားပွဲထိုးကို မှာလိုက်ပြီးမှ စကားဝိုင်းကို စတင်ဖွင့်လှစ်လိုက်သည်။

"မင်းစာရေးနေတာတော့ ဟုတ်ပါပြီ။ ဘောပင်နာမည်ကို ဘယ်လိုပေးထားသလဲကွ"

"ဆရာကလည်း ဘောပင်နာမည်ရယ်လို့ ကြုံကြုံဖန်ဖန်"

"ငါက နောက်တာပါကွာ။ ခုခေတ်က ကလောင်နဲ့ရေးကြတာမှ မဟုတ်ဘဲ။ ဘောပင်နဲ့ချည်း ရေးနေကြတာမို့… ဟဲဟဲဟဲ"

"ကျွန်တော်က မိဘပေးထားတဲ့နာမည်ကိုပဲ မြတ်မြတ်နိုးနိုး သုံးရင် ကောင်းမလားလို့ ဆရာရဲ့ ဒါပေမဲ့ တစ်ခု ခက်နေတာက ကျွန်တော့်နာမည်ကိုလည်း ဆရာသိသားပဲ"

"ဘာလဲကွ။ ဂမ္ဘာဆန်ဆန်မဟုတ်လို့လား။ စာရေးကောင်းဖို့သာ အဓိကပါကွ။ အဖေ၊အမေပေးခဲ့တဲ့ နာမည်မို့ အမြတ်တနိုး တန်ဖိုးထားရင်လည်း မင်းနာမည် (ထွားလန်)ကို ထွားလန်လို့ပဲ တပ်ပေါ့ မဟုတ်ဘူးလား"

စကားသံကလေးက ဝဲတဲတဲ။ ပကတိရှိသားသည့် မျက်နှာပိုင်ရှင် စာပေဝါသနာရှင် တိုင်းရင်းသားကလေးနဲ့ စာရေးဆရာ(လွန်းတင့်ခွေ)ဆို့ လက်ဖက်ရည်ဆိုင် ထိုင်နေကြရင်း ကလောင်နာမည် ရွေးချယ်ပွဲလေး ပြုလုပ်နေကြခြင်းပင်တည်း။ ကောင်လေးရဲ့ လက်ရာကလည်း မဆိုးလှ။ ရွေးချယ်တည်းဖြတ်ပြီး မဂ္ဂဇင်းတိုက်များကို ပို့ပေးမည်ဟု ကတိပေးထားမိသည်။

ခက်နေတာက ကောင်လေးရဲ့ ကလောင်နာမည် ခုထိမပေးရသေး။ သူက စီးကရက်ကို ခွဲယူမီးညှိလိုက်ပြီး မျက်လုံးအစုံကို မှေးစင်း၍ ဒူးကလေးနဲ့ နံ့လှပ်ကာ ဆရာကြီးဟန်အပြည့်နှင့် စဉ်းစားနေသလို ရှိနေစဉ် ကောင်လေးက စကားဆက်သည်။

"နောက်ပြီးတော့ ကျွန်တော်က ကိုယ့်ရဲ့ဇာတိ မွေးရပ်မြေနာမည်ကိုလည်း ပါစေချင်သေးတယ်ဆရာ။ ဥပမာ ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)တို့ ဆရာမောင်လှမျိုး(ချင်းချောင်းခြံ)ဆိုတာမျိုးပေါ့ဆရာရယ်…"

"အဟက်ဟက်…မင်းကလည်း အလာကြီးပါလား။ ကောင်းပါတယ်ကွ။ ကိုယ့်မြို့နယ်၊ ကိုယ့်အရပ်၊ ကိုယ့်ဇာတိကို ကွင်းစကွင်းပိတ်နဲ့ထည့်ထားတဲ့ ကလောင်တွေ မဂ္ဂဇင်းစာမျက်နှာတွေပေါ်မှာ အများကြီး…အများကြီး"

ဆရာလွန်းတင့်ခွေ လက်ဖက်ရည်တစ်ကျိုက်မော့လိုက်သည်။ ပြီးတော့မှ ကောင်လေးကို မေးလိုက်ပြန်သည်။

"တို့တစ်တွေ တစ်လမ်းတည်း အတူနေလာတာ လေးငါးလတောင်ရှိရောမယ်၊ မင်းဇာတိကို မသိရသေးဘူး။ လုပ်ပါဦးကွ၊ မင်းဇာတိကို…"

"ကျွန်တော်က ချင်းတိုင်းရင်းသားတစ်ယောက်ဆိုတာလည်း ဆရာသိပြီးသားပဲ။ အဲ…မြို့နယ်ကတော့ လေရှီးမြို့နယ်လေ။ လေရှီးဇာတိ၊ လေရှီးချက်မြှုပ်ပေါ့ဆရာရယ်"

"ဟော…ဒါဆိုရင် မင်းပေးမယ့် ကလောင်နာမည်က…က…ထွားလန် (လေရှီး)…ဟာကွာ…"

ရုတ်တရက် ပြူးထွက်သွားတဲ့ မျက်လုံးအစုံ၊ မြင့်တက်သွားတဲ့ မျက်ခုံးတွေနဲ့ ပါးစပ်အဟောင်းသား ဖြစ်သွားတဲ့ သူ့ဆရာ လွန်းတင့်ခွေရဲ့ မျက်ခွက်ကြီးကို ကြည့်ပြီး ကောင်လေးလည်း အံ့အားသင့်သွားဟန်နဲ့ -

"ဆရာရဲ့မျက်နှာကြီးက ဘာဖြစ်သွားရတာတုံး၊ ဆရာရဲ့၊ ကျွန်တော့်ကလောင်နာမည်က ထောက်နေလို့လား"

"မထောက်…အဲ…အဲ မဟုတ်ပါဘူးကွာ။ အဆင်ပြေပါတယ်။ ဒီကိစ္စကို နောက်မှပဲ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့။ ခုတော့ ကိစ္စလေးတစ်ခုရှိနေလို့ ငါသွားလိုက်ဦးမယ်ကွာ"

ဆရာလွန်းတင့်ခွေက ရုတ်တရက် မတ်တတ်ထရပ်ကာ ဆိုင်အဝဆီ ဦးတည်လိုက်တော့…

"ဟာဗျာ…ဆရာကလည်း တန်းလန်းကြီးမထားခဲ့နဲ့လေ"

ကောင်လေးဆီက မကျေနပ်သည့် စကားသံ ခပ်ဝဲဝဲက ထွက်လာလေတော့သည်။ နောက်ထပ်စကားသံတွေ ဆက်ပြီး ထွက်မလာခင် ဆရာလွန်းတင့်ခွေ ခပ်သုတ်သုတ် ခြေလှမ်းရင်း ရင်ထဲမှာတော့

"တောက်…သည်မြို့မှာ မွေးပဲ မွေးတတ်ပလေကွာ"

ဖျာပုံကြီးသား

www.burmeseclassic.com

www.burmeseclassic.com



# ကြက်အစ

{ ပီဝေ }

အိမ်ရှင်မတစ်ယောက်သည် ကိုယ်ပိုင်ခြံဖြင့် ကြက်များ မွေးမြူရောင်းချသော ကြက်သားဆိုင်သို့ဝင်၍ -

"ရှင့်ကြက်က လတ်ရဲ့လား"

"လတ်ပါတယ်ဗျာ။ ကျွန်တော့်ကိုယ်ပိုင်ခြံက ကြက်ပါ"

"ဒါဆို မွေးမြူရေးကြက်ပေါ့။ ဗမာကြက်မဟုတ်ဘူးလား"

"ခြေခံ . . . အစ်မကြီးရယ်၊ ကျွန်တော့်ကြက်တွေက မြန်မာနိုင်ငံမှာ မွေးပြီး မြန်မာနိုင်ငံမှာ ကြီးပြင်းခဲ့တာဆိုတော့ ဗမာကြက်တွေပဲပေါ့ဗျာ။ မွေးမြူရေးကြက်တွေ၊ ဗမာကြက်တွေ ခွဲမနေပါနဲ့။ အဓိက လတ်လတ်ဆတ်ဆတ်နဲ့ စားလို့ကောင်းရင်ပြီးတာပဲ"

"အခုတစ်လော ကြက်တုပ်ကွေးတွေ ဖြစ်နေတယ်ဆို၊ ကျန်းမာရေးဌာနက ကြေညာထားတယ်"

"ဒီကြက်က ကျန်းမာရေးကောင်းပါတယ်။ ဘာရောဂါမှမရှိဘူး။ ခြံထဲမှာ ကျန်ခဲ့တဲ့ကြက်တွေလည်း အားလုံးကျန်းမာပါတယ်"

"ဒါဆို ကြေညာထားတာကို မယုံဘဲ ရှင်ပြောတာကို ယုံရမယ်ပေါ့"

"ကျွန်တော်ပြောတာကို မယုံချင်နေပါ။ အစ်မကြီးရှေ့မှာ ငြိမ်သက်နေတဲ့ ကြက်ကလေးကိုတော့ ယုံကြည်ပေးသင့်ပါတယ်"

"ရှင်က တော်တော်အပြောကောင်းတာပဲ။ ဒါကြောင့် ကြက်ခြံပိုင်ရှင်ဖြစ်နေတာထင်တယ်"

"အပြောမကောင်းပါဘူးဗျာ . . .။ အကောင်းပြောတာပါ"

"ကျွန်မက အလှူလုပ်ဖို့အတွက် ကြက်သားများများလိုချင်တာ။ ဒါပေမဲ့ ဒီကြက်တစ်ကောင်ကိုကြည့်ပြီး ကျန်တဲ့ကြက်တွေ ရောဂါရှိမရှိ ဘယ်လိုသိနိုင်မှာလဲ"

"ဒါတော့ မပူပါနဲ့ဗျာ။ အစ်မကြီးရှေ့မှာရှိနေတဲ့ ကြက်က ကျွန်တော့်ခြံထဲမှာ ခေါင်းဆောင်ပါ။ ဒီကြက်ခေါင်းဆောင် ရောဂါမရှိတာ နောက်လိုက်ကြက်တွေဆို ဘယ်လောက်တောင် ခေါင်ခေါင်မြည်မလဲဆိုတာ တွေးကြည့်တော့ဗျာ"

"ရှင်ပြောတော့ ကြက်ခေါင်းဆောင်တဲ့။ အရင်ဦးဆုံး ရောင်းတဲ့ဆိုင်ပေါ် ဘာလို့ရောက်နေရတာလဲ"

"ဒီကြက်က ခေါင်းဆောင်ပီသတဲ့ ကြက်ပါ။ ရှေ့ဆုံးကနေ ဘယ်အရာကို မဆို မားမားမတ်မတ် ရပ်တည်ရဲတဲ့ သတ္တိ၊ စွန့်လွှတ်အနစ်နာခံရဲတဲ့သတ္တိ[…] နဲ့ ပြည့်စုံတဲ့ ကြက်ခေါင်းဆောင်ပါ"

"ကျွန်မက အလှူလာတဲ့ […] သည်တွေကို လတ်လတ်ဆတ်ဆ[…] အရသာရှိရှိ ကျွေးချင်လို့ပါ။ ဒါနဲ့ အ[…] ရနိုင်ပါ့မလား"

"ကျွန်တော့်ကြက်တွေက အ[…] အတွက်ဆို အသက်ပေးပြီးသားပါ အ[…] ရယ်။ အစ်မလို ဝယ်ပြီးလှူတဲ့လူရှိမှ […] တို့ ကြက်ဘဝကလည်း ကျတ်ကြ[…] လေ။ အစ်မလည်း ကုသိုလ်ရမယ်၊ […] တို့အဖို့လည်း သေနေရေးလို့ သေဘ[…] ဆိုပြီး သေပျော်မှာပါ အစ်မရယ်"

"ရှင်ပြောတာနဲ့တင် ကြက်တွေ[…] ဘဝကို ကျွန်မ တော်တော်သနားသွ[…] အလှူလုပ်ပြီးတာနဲ့ ရာသက်ပန် ကြ[…] လားမစားတော့ဘူး"

"ရပါတယ်ဗျာ။ ကျွန်တော်ကလ[…] စီးပွားရေးအရ ကြက်တွေကို သက်ရေ[…] နေရမှာပါ။ အစ်မလိုတဲ့အချိန်ပြော[…] ကျွန်တော့်ခြံထဲက ကိုယ်ပိုင်ကြက်[…] နေ့ဘက်လိုလို၊ ညဘက်လိုလို […] အချိန်ချက်ချက် ရှိကြသေးရဲ့"

ပီဝေ

www.burmeseclassic.com



# ၁၂...

## အာကာထက်ရှား

E.မေဂျာနဲ့ ကျောင်းပြီးထားတဲ့ သူ့က ကျောင်းဆရာတစ်ယောက်ပါ ...။ ကျောင်းဆရာဆိုပေမဲ့ အစိုးရဝန်ထမ်းကျောင်းဆရာတစ်ယောက်တော့ မဟုတ်ရှာပါဘူး။ ကျောင်းသားငါးယောက်၊ ဒါမှမဟုတ် ကျောင်းသားဆယ်ယောက်ကို တစ်ပိုင်းနှုန်းနဲ့ ကျောင်းသားမိဘတစ်ဦးဦးရဲ့ အိမ်မှာစုပြီးသင်ကြားပြသတဲ့ ရှယ်ပိုင်းလို့ ဆိုကြပါစို့။

"ဗျို့ ... ကျောင်းဆရာ၊ ဆိုက်ကားမစီးတော့ဘူးလား"

လို့ ကိုကျော်ကြီးက ဆိုက်ကားစီတ်ရှေ့ကဖြတ်လျှောက်သွားတဲ့ ကျောင်းဆရာကို လှမ်းပြီးနှုတ်ဆက်လိုက်တဲ့အခါမှာတော့ ...

"ကျွန်တော်က အိမ်ကိုမပြန်သေးဘူး ဦးကျော်ကြီးရေ"

ဆိုပြန်တော့ ကျောင်းဆရာက အိမ်ပြန်တိုင်း ဆိုက်ကားစီးနေကျပါ။ "တဆက်သင်ရဦးမှာမို့ မစီးတာပဲဖြစ်မယ်" ဆိုတဲ့ ဦးကျော်ကြီး စိတ်ထဲက အတွေးက သွားတွက်အောင် မှန်တယ်လို့ ဆိုရမလိုပဲ။ မှန်ဆို ကျောင်းဆရာနဲ့ ကိုကျော်ကြီးတို့ရဲ့ ခင်မင်မှုအတိုင်းအတာကလည်း သေးငါးနှစ်မကတော့ဘူး။ ဒါကြောင့်လည်း တစ်ခါတလေမှာ ကျောင်းဆရာက ...

"ဦးကျော်ကြီးရေ၊ မေမေ့အတွက် ဆေးလိပ်ထွဲကြော်ထုပ်ကလေးကို မေမေ့ဆီ သွားပို့ပေးပါဦး"

လို့ ဆိုတာကတစ်မျိုး။

"ဦးကျော်ကြီးရေ အမြန်နှင်းပါ။ ကျွန်တော်ဒီနေ့ ထမင်းအရမ်းဆာလာလို့"

ဆိုတာကတစ်ဖုံ။

"ဦးကျော်ကြီးရေ ... ကျွန်တော်တော့ မရှိမဖြစ်လိုအပ်တာနဲ့ ငါးသိန်းဖိုးတစ်လုံးတော့ ဝယ်လိုက်ပြီ"

ဆိုသည်က တစ်သွယ်။ ကျောင်းဆရာနဲ့ ခင်မင်မှုအခွန့်ရှည်လာတာနဲ့အမျှ ကျောင်းဆရာရဲ့ ဝမ်းတွင်းစိတ်က အလွန်နိုးစင်းကြောင်း တစ်စထက်တစ်စ သိလာရပါတော့တယ်။

ပြီးတော့ ကျောင်းဆရာဟာ ရိုးရိုးကျင့်၊ မြင့်မြင့်ကြီ၊ မှန်မှန်လုပ်၊ ကုပ်ကုပ်နေတဲ့ လူတန်းစားမျိုးလည်း ဖြစ်တာကြောင့် မိဘနှစ်ပါးကိုလည်း ရှိသေကျိုးနွံစွာ လုပ်ကိုင်ကျွေးမွေးပြုစုနေပြီး နောက်ဆုံး ရည်းစားထားတာတောင် ဦးကျော်ကြီးကို ပြောပြရှာတယ်။ တစ်ခါတုန်းကလည်း ...

"ဦးကျော် မြင်နေရတဲ့ ရှေ့လမ်းကနေ ဘယ်ဘက်ကိုချိုးကွေ့ပြီး ညာဘက်ကို ထပ်ပြီးကွေ့လိုက်တော့ အဲဒီလမ်းထဲက တိုက်အိမ်အသစ်ဟာ ကျွန်တော့်ရည်းစားနေတဲ့အိမ်ပေါ့"

"ဟယ်ဟုတ်ပါလား"

"ဦးကျော် ခပ်မြန်မြန်နှင်းစမ်းပါ။ အိမ်ပြန်ရောက်ရင် ရေအမြန်ချိုးပြီး ရုပ်ရှင်ရုံမှာချိန်းထားတဲ့ ကျွန်တော့်ရည်းစားဆီ သွားရမှာမို့လို့"

ဒီလိုနဲ့ မမျှော်လင့်တဲ့တစ်ရက်မှာတော့ ဦးကျော်တစ်ယောက် မိုးမိပြီး အပြင်းဖျားလို့ ဆိုက်ကားနားထားရတာ တစ်ပတ်တောင် ပြည့်သွားပြီ။ ဦးကျော်တစ်ယောက် ကျန်းမာရေးပြန်ကောင်းလို့ အလုပ်စဆင်းတဲ့ရက်မှာတော့ ကျောင်းဆရာဟာ ရေးကြီးသုတ်ပျာရောက်လာပြီး ...

"ဦးကျော် အမြန်နှင်းပါ အရေးကြီးလို့"

သည်တော့လည်း ဦးကျော်က ထုံးစံအတိုင်း ကျောင်းဆရာရဲ့ရည်းစားရှိရာလမ်းထဲရောက်ဖို့ ဟိုကွေ့သည်ချိုးနဲ့ နှင်းလာရင်းနဲ့ နောက်ဆုံးလမ်းထဲအရောက်မှာ ကျောင်းဆရာက ထိတ်လန့်တုန်ရှုပ်တဲ့လေသံနဲ့ ...

"ဟာ ... ဦးကျော် အဲဒီလမ်းထဲကို မဝင်နဲ့လေ"

ဆိုပြီး ဆိုက်ကားပေါ်ကခုန်ချလို့ ဦးကျော်လည်း ဆိုက်ကားမှောက်မသွားအောင် သတိနဲ့ ထိန်းထားလိုက်ရရှာတယ်။

"ဦးကျော် ... နောက်ဘက်ကိုပြန်လှည့်ပြီး အမြန်နှင်းခဲ့"

"ဘယ်လိုလဲ ကျောင်းဆရာရယ်။ ဆရာပဲ အရင်က ဒီလမ်းထဲမှ မသွားရရင် စားမဝင်အိပ်မပျော်ဘူးဆို"

"အဲဒါတွေက ကျန်ရစ်ခဲ့ပြီ"

"ဘယ်လိုဖြစ်ကုန်ပြီလဲ"

"ဒီလမ်းထဲက ကျွန်တော့်ရည်းစားနဲ့ ပြတ်သွားပြီ"

"ဘာကြောင့်များတုံး ကျောင်းဆရာရဲ့"

"သူချိန်းခဲ့တဲ့နေရာကို ကျွန်တော်ကမသွားခဲ့လို့ ပြတ်သွားတာလေ"

"ဘယ်လိုနေရာမျိုးမှာ ချိန်းလိုက်တာမို့လို့ မသွားဖြစ်ခဲ့တာလဲ ကျောင်းဆရာရဲ့"

"တည်းခိုခန်း"

"ဘာ ..."

●●●



www.burmeseclassic.com

www.burmeseclassic.com



# ဂျာနယ်နဲ့ မတန်တဲ့လူ

ရွှေရိုး

ကျွန်တော့်တွင် စိုးဝင်းဆိုသော မိတ်ဆွေတစ်ဦးရှိသည်။ ငယ်သူငယ်ချင်းမဟုတ်။ သကြွန်စိုးဆိုသော တပည့်မလေး၏ ဖခင်ဖြစ်သည်၊ သကြွန်စိုး ကျောင်းအပ်သည့်ကိစ္စနှင့်ပတ်သက်ပြီး စိုးဝင်းနှင့် ကျွန်တော် သိရခြင်းဖြစ်သည်။

စိုးဝင်းက ပင်လယ်မျှော့ငုပ်သမား။ ပင်လယ်မျှော့ငုပ်ခြင်းမှာ ဘင်္ဂလားပင်လယ်ပြင်ရေနက်တွင် ငုပ်ရခြင်းဖြစ်သည်။ တချို့က အိန္ဒိယပိုင်ရေပြင်တွင် ခိုးဝင်ငုပ်တတ်ကြသည်။ ပင်လယ်ရေနက်တွင် ငုပ်ကြရသည့်အတွက် 'ရေညှပ်'ခံကြရသည်။ ရေညှပ်ခံရခြင်းကို အလွယ်ကူဆုံးပြောရလျှင် အောက်ပိုင်းသေသွားခြင်း ဖြစ်သည်။ လမ်းကောင်းကောင်းမလျှောက်နိုင်တော့ခြင်း ဖြစ်သည်။ စိုးဝင်းလည်း ရေညှပ်ခံရသည်။ လမ်းကောင်းကောင်းမလျှောက်နိုင်တော့၊ ကျောင်းဝင်းထဲတွင် တောင်ဝှေးတစ်ချောင်းဖြင့် လှေ့ကျင့်သည်။ ကျွန်တော်က အားပေးသည်။

စိုးဝင်းအိမ်က ရွှေစကားဝါလမ်းတွင်ရှိသည်။ ကျွန်တော်က ရွှေစကားဝါလမ်းကို တစ်နေ့နှစ်ခေါက် လျှောက်ရသည်။ စိုးဝင်းအိမ်ရှေ့မှ တစ်နေ့နှစ်ခေါက် ဖြတ်ရသည်၊ စိုးဝင်းက ကျွန်တော့်ကို နှုတ်ဆက်သည်၊ ကျွန်တော်ကလည်း ပြန်နှုတ်ဆက်သည်။ ဝေဒနာခံစားနေရသူကို အားပေးသည့် သဘောဖြစ်သည်။ လမ်းလျှောက်ဖြစ်သေးလား၊ အနှိပ်ခံသေးလား မေးဖြစ်သည်။

သည်လိုနှင့် စိုးဝင်း လုံးဝလမ်းမလျှောက်နိုင်တော့၊ အိပ်ရာတွင် လှဲနေရသည့်ဘဝ ရောက်သွားသည်။ စိုးဝင်းလှဲနေသည့်နေရာက အိမ်ရှေ့မှာဖြစ်သည်။

ကျွန်တော်ဖြတ်သွားသည့်အခါတိုင်း စိုးဝင်းကို အိပ်ရာတွင် လှဲလျက်တွေ့ရသည်။ ကျွန်တော်က နှုတ်ဆက်သည်။ စိုးဝင်းက ပြန်နှုတ်ဆက်သည်။ သူက စမနှုတ်ဆက်တော့။ သူက စမနှုတ်ဆက်တော့ခြင်းမှာ အခြားကြောင့်မဟုတ်၊ အိပ်ရာတွင်လှဲရင်း စိုးဝင်းက ဂျာနယ်ဖက်နေသောကြောင့် ကျွန်တော်ဖြတ်သည်ကို မသိ၍ နှုတ်မဆက်ခြင်းဖြစ်သည်။ ကျွန်တော်ကတော့ အသွားရော၊ အပြန်ပါ အမြဲနှုတ်ဆက်သည်။ နှုတ်ဆက်တိုင်းလည်း စိတ်မကောင်းဖြစ်ရသည်။ ကျွန်တော် စိတ်မကောင်းဖြစ်ရသည်မှာ အခြားကြောင့်မဟုတ်။ စိုးဝင်းဖတ်နေသော ဂျာနယ်က အဟောင်းများဖြစ်နေသောကြောင့် ဖြစ်သည်၊ ဘာဂျာနယ်တော့မသိ၊ ခပ်ဟောင်းဟောင်းစာရွက်များသာ လှမ်းမြင်ရသည့်အတွက် ကျွန်တော် စိတ်မကောင်းခြင်းဖြစ်သည်။ စိုးဝင်းကို ဂျာနယ်အသစ်လက်ဆောင်ပေးမည်ဟု ကျွန်တော်တေးထားသည်။ သို့သော် တော်တော်နှင့်မပေးဖြစ်။ အိမ်ကအထွက်တွင် မေ့နေသည်။ စိုးဝင်းအိမ်ရှေ့အဖြတ် အိပ်ရာတွင်လှဲလျက် ဂျာနယ်ဟောင်းဖတ်နေသော စိုးဝင်းကိုမြင်မှ သတိရသည်။ နောက်နေ့ပေးမယ် ကျွန်တော့်ကိုယ် ကျွန်တော် သတိပေးရသည်။ အိပ်ရာထဲတွင် လှဲနေရသော စိုးဝင်းအတွက် ဂျာနယ်သာ အကောင်းဆုံးအဖော် မဟုတ်လား။

ဌာနဆိုင်ရာတာဝန်ဖြင့် ကျွန်တော် ပုသိမ်တက်ရသည်။ လုပ်ငန်းများ ဆောင်ရွက်ပြီးသည့်အခါ ပြုးချိုစာပေသို့ သွားသည်။ သတင်းဂျာနယ်နှင့် အားကစားသတင်းဂျာနယ် လေးငါးမျိုးဝယ်သည်။ စိုးဝင်းကို ပေးရန်ဖြစ်သည်။ ထိုဂျာနယ်များပေးလိုက်လျှင် စိုးဝင်း ကျွန်တော့်ကို ကျေးဇူးတင်လိုက်မည် ဖြစ်ခြင်း။ အတွေးဖြင့်ပင် ကျွန်တော် ဝမ်းသာကြည်နူးနေသည်။

ကျောင်းပြန်ရောက်သည့်အခါ ထုံးစံအတိုင်း ညနေပိုင်းတွင် ရွှေစကားဝါလမ်းပေါ် ကျွန်တော်ရောက်သည်။ စိုးဝင်းအိမ်ရှေ့ဖြတ်ရသည်။ သူ့အိမ်ရှေ့ မဖြတ်ခင် ကျွန်တော်လှမ်းကြည့်သည်။ စိုးဝင်း အိပ်ရာပေါ်လှဲရင်း ဂျာနယ်ဟောင်းဖတ်နေသည်ကိုတွေ့ရသည်။

"ဟော့လူ ... ရော့"

စိုးဝင်းအိမ်ထဲဝင်သွားပြီး ဝယ်လာသော ဂျာနယ်များပေးသည်။ ဂျာနယ်မှ မျက်စိခွာပြီး ကျွန်တော့်ကို စိုးဝင်း လှည့်ကြည့်သည်။ ကျွန်တော်ကလည်း စိုးဝင်းဖတ်နေသော ဂျာနယ်ဟောင်းကို လှမ်းကြည့်သည်။ ကျွန်တော် မှားသွားပြီ ဆိုတာကို နောက်ကျမှ သိလိုက်ရသည်။


စော်စောက ချလိုက်သော ဂျာနယ်များကို ကျွန်တော်ပြန်သိမ်းသည်။ စိုးဝင်းသည် သူ့လက်ထဲမှဂျာနယ်ဟောင်းကို ကျစ်ကျစ်ပါအောင်ဆုပ်ထားသည်။

"နေကောင်းတယ်မို့လား"

ဟု မေးပြီး ကျွန်တော်ပြန်ထွက်လာသည်။ စိုးဝင်းကို ဂျာနယ်လက်ဆောင် မပေးတော့။ ဘယ်တော့မှလည်း ပေးတော့မည်မဟုတ်။ စိုးဝင်းကို ကျွန်တော်စေတနာပျက်သွားပြီ။ ကျွန်တော် စေတနာပျက်ရသည့်အကြောင်းမှာ အိပ်ရာပေါ်လှဲပြီး စိုးဝင်းကြည့်နေသည်မှာ ဂျာနယ်ဟောင်းမဟုတ်၊ ချိုင်းစာရွက်များဖြစ်သည်၊ စိုးဝင်းလိုလူမျိုးနှင့် ဂျာနယ်မတန်။

●●●

www.burmeseclassic.com



# မျက်မှန်တစ်လက်၏ ဒိုင်ယာရီ

ပိုက်မင်းဝေ

နံနက်စောစော မိုးကစွေနေသည်။ သည်နေ့ ရုံးပိတ်ရက်မို့ အိပ်ရာက စောစော မထဖြစ်။ ခုနစ်နာရီကျော်မှ အိပ်ရာက ထဖြစ်သည်။ နံနက်ပိုင်းမှာ မိုးရွာလျှင် အိပ်ရာထဲ ကွေးနေရသည့် ဇိမ်က အင်မတန်မှ ကောင်းလှသည်။

ကျွန်တော် အိမ်ရှေ့ပြတင်းပေါက်မှန်မှ လိုက်ကာကို ဆွဲဖွင့်လိုက်ပြီး ပက်လက်ကုလားထိုင်ပါ ပြတင်းပေါက်ဘေးသို့ ရွှေ့လိုက်သည်။ ရေနွေးဖန်ခွက်၊ ဆေးလိပ်ခွက်ပါ တစ်ပါတည်း ကုလားထိုင်ဘေး ချထားလိုက်ပြီး မနေ့ကငှားလာသော ဝတ္ထုစာအုပ်လေး ကိုကိုင်၍ ကုလားထိုင်တွင် ဇိမ်ဇိမ်ကျကျထိုင်ပြီး ဖတ်နေလိုက်သည်။ ရေနွေးလေးငုံ့ သောက်လိုက်၊ ဆေးလိပ်လေးဖွာလိုက်၊ ဝတ္ထုစာအုပ်လေး ဇိမ်ခွဲပြီးဖတ်လိုက်နှင့် အင်မတန်မှ ငြိမ့်၍နေလေသည်။

www.burmeseclassic.com

ဇနီးဖြစ်သူက မီးဖိုချောင်ဝင်သွားပေပြီ။ ကလေးနှစ်ယောက်ကတော့ အိပ်ကောင်းတုန်း။ မိခင်နှင့် ဖခင်ကြီးမှာ အိမ်ရှေ့ခန်းသို့ ထွက်လာကြပြီးလျှင် ဧည့်ခန်းထိုင်ခုံများတွင် ထိုင်နေကြသည်။ ဖခင်ကြီးက နံနက်တိုင်း လမ်းလျှောက်ထွက်နေကျ။ မိုးရွာနေသောကြောင့် ထင်သည်။ လမ်းလျှောက်လျှင် ဝတ်နေကျ ဆွယ်တာ၊ ဘောင်းဘီတို့ကို ဝတ်မထားချေ။ မိခင်ကြီးကတော့ ကျွန်တော်နေ့တိုင်းမြင်နေကျဖြစ်သော ဇာထိုးပန်းထိုးအထုပ်ကြီး ဘေးချလျက် အထုပ်ထဲမှ ဟိုဟာဆွဲထုပ်၊ ဒီဟာဆွဲထုပ်နှင့်။ ဖခင်ကြီးရော မိခင်ကြီးပါ ပညာရေးအငြိမ်းစားများ ဖြစ်သည်။ အသက်အရွယ်အားဖြင့် ခုနစ်ဆယ်ဂန်းကျင်တွေ။

"အဖေကြီးရေ ... အပ်ကလေး ကြိုးထိုးပေးပါဦး"

"အမေကြီးရာ ... ငါ့စာကြည့်မျက်မှန် ယူထားပါဆိုတာ မပါ့တော်ဘူး"

"တော့်စာကြည့်မျက်မှန်က ကိုင်းအကျယ်ကြီး၊ မထိုးပေးချင်လည်းနေ။ သားကြီးရေ အမေ့ကို အပ်[illegible]ပေးပါဦး"

ဖတ်လက်စ စာအုပ်ကလည်း ကောင်းနေသည်။ ဒါပေမဲ့ စာအုပ်ကို ဘေးခဏချထားရင်း အမေ့ဆီမှ အပ်နှင့်ကြိုးယူကာ အပ်နဖားအ[illegible]ကြိုးသွင်းပေးရင်း ...

"အမေ့စာ[illegible]ကြည့်မျက်မှန် အမေကြည့်လို့ရ[illegible]လား"

"မှန်ကတော့ ဒီဂရီအတော်ပဲ။ ဒါပေမဲ့ ကိုင်းကချောင်လွန်းတော့ တပ်မရဘူး"

"အမေရယ် ... အမေတို့အသက်ရွယ်နဲ့ အေးအေးဆေးဆေးနေပါလား။ မျက်စိကလည်း သိပ်ကောင်းတာ မဟုတ်ဘဲနဲ့။ ကြာရင်မိုပြီး မျက်စိပျက်လိမ့်မယ်"

"အမေက ငယ်ငယ်ကတည်းက ဝါသနာပါခဲ့တာ။ ဒါလေးတိုးနေတော့လည်း စိတ်က ဘယ်မှမရောက်ပါဘူး ကွယ်။ အကုသိုလ်ကင်းတာပေါ့။ ကန်းသွားလည်း မထိုးရုံပေါ့ကွယ်"

နောက်နေ့ ရာသီဥတု ကင်းရှင်းသည်။ အဖေလည်း လမ်းလျှောက်ထွက်သွားသည်။ အမေလည်း ဇာထိုးပန်းထိုးလုပ်နေသည်။ ဇနီးဖြစ်သူလည်း သူ့မီးဖိုခန်းနှင့်သူ။ ကလေးနှစ်ယောက်ကလည်း ကျောင်းသွားဖို့ပြင်နေသည်။ ကျွန်တော်လည်း အလုပ်သွားရမည်။ မနေ့က အမေ့ဆီကတောင်းထားသော မျက်မှန်ကို လွယ်အိတ်ထဲ သေချာစွာထည့်လိုက်သည်။

အလုပ်ကအပြန် မြို့ထဲတွင် အမေ့မျက်မှန်ဒီဂရီနှင့်တူသော မျက်မှန်တစ်လက် ဝယ်လိုက်သည်။ အမေ့မျက်မှန်ကိုင်း ချောင်နေသည်ကိုလည်း ပြင်လိုက်သည်။ အိမ်ပြန်ရောက်တော့ ထိုင်၍စကားပြောနေသော အဖေနှင့်အမေထံသို့

"အဖေ ... ဒီမှာအမေ့မျက်မှန်ကိုင်းကိုပြင်လိုက်ပြီ"

"အေးကွာ။ အဖေနဲ့လည်းချောင်နေတာ အတော်ဘဲ။ ကျေးဇူးပဲကွာ"

"ရပါတယ်အဖေရယ်၊ အမေ ... အမေ့အတွက် မျက်မှန်တစ်လက်ဝယ်လာတယ်။ ရော့ ... အမေတပ်ကြည့်"

"ဟယ် ... အတော်ပဲတော့။ ကြည့်လို့လည်းကောင်းတယ်"

အမေက မျက်မှန်တပ်ကြည့်ရင်း စာအုပ်တစ်အုပ်ဆွဲယူကာ မျက်နှာနှင့်ခွာ၍လည်းကောင်း၊ ကပ်၍လည်းကောင်း ကြည့်နေရင်း ...

"အဖေကြီးရေ သည်နေ့ကစပြီး အပ်ကြိုးမတပ်နိုင်းတော့ဘူး၊ ဘယ်သူ့ကိုမှ မတပ်ခိုင်းတော့ဘူး"

အမေသည် စကားပြောပြီး ခဏတွေဝေသွားဟန်ရှိပြီးနောက် မျက်မှန်ကိုချွတ်ကာ ဇားပွဲပေါ် တင်ထားလိုက်သည်။ အမေ့မျက်လုံးအိမ်ထဲတွင် မျက်ရည်တွေနှင့်။ အဖေနှင့်ကျွန်တော်လည်း အမေ့ကိုကြည့်ရင်း မှင်တက်သွား၏။

"အမေ ဘာဖြစ်လို့လဲဟင်"

"အမေကြီး ရုတ်တရက်ဘာများဖြစ်သွားတာတုံး"

"ကျွန်မအမေကို သတိရသွားလို့ပါဖေကြီးရာ၊ မင်းတို့အဘွားပေါ့။ အမေရှိတုန်းကလည်း အမေ့ကိုငါနားမလည်ခဲ့ဘူး။ အမေရယ် အသက်လည်းကြီးပြီ သိုင်းဝတ္ထုစာအုပ်တွေ ဖတ်လိုဖတ်၊ တီဗွီနားကပ်ပြီး မျက်မှောင်ကြီးကုပ်ပြီး ကြည့်လိုကြည့်နဲ့ ဘုရားတရားအားထုတ်ဖို့ပဲ ငါနေ့တိုင်းပြောခဲ့တယ်။ မျက်မှန်လေးတစ်လက်လောက်တော့ ဝယ်ပေးဖို့ စိတ်ကူးမရှိခဲ့ဘူး။ အမေရယ် အခု ကျွန်မလည်း အမေ့အရွယ်ရောက်နေပြီ"

မျက်ရည်တွေဝိုင်းနေသော အမေ့ကို အဖေကချော့နေ၏။ ကျွန်တော်က ခြံထဲရှိ ဝါးကွပ်ပျစ်ပေါ်တွင် သွားထိုင်နေရင်း ...

အင်း ... ငါအမေ့ကို မျက်မှန်ဝယ်ပေးတာ နောက်များကျနေပြီလား။ အမေ့ကို ငါဝယ်ပေးတာ မနေ့ကလိုမျိုးစိတ်ဓာတ်နဲ့လား။ အမေ့ကို အမြင်ကြည်လင်စေဖို့ ဝယ်ပေးတာလား။ မနေ့ကဆိုတာ အမေ့မျက်စိကောင်းရင် အပ်နဖားကြိုး ကိုယ့်ဟာကိုယ် ထိုးနိုင်မှာပဲလေဆိုတဲ့ အတွေး။ ကျွန်တော့်အတွေးတွေ ဘေးမရောက်အောင် ဆက်၍တွေးရင်း ...။

---

ပိုက်မင်းဝေ

---



www.burmeseclassic.com

www.burmeseclassic.com

# ငွေလေးထောင် နှင့် လူငါးယောက်

ကိုင်းစား မနုရာဇာ၏ (မဟာရာဇ သတ်ကြီး) အမည်ရှိ ကျမ်းဂန်တွင်တွေ့ရှိရသော မှတ်သားဖွယ်ရာ ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါသည်။

ရှေးသရောအခါက အလှူခံ၍ စားသောက်နေထိုင်သော ပုဏ္ဏားငါးယောက်တို့သည် ရပ်ရွာများသို့ လှည့်လည်၍ အလှူခံကြရာ အသပြာငွေဒင်္ဂါးလေးထောင်တို့ကို ရရှိခဲ့ကြလေသည်။ ထိုအခါ အသက်အကြီးဆုံး ပုဏ္ဏားကြီးက -

"အခုအခါ ငါတို့မှာ အသပြာငွေလေးထောင်ရခဲ့ပြီ၊ ဒီတော့ နောက်ထပ်တစ်ထောင်ရအောင် အလှူခံပြီးမှ အညီအမျှခွဲဝေယူကြပါစို့"

ပုဏ္ဏားကြီး၏စကားကို ကျန်ပုဏ္ဏား အားလုံးက သဘောတူလက်ခံကြသည်။ ထို့နောက် ပုဏ္ဏားလေးဦးအလှူခံထွက်နေစဉ် ပုဏ္ဏားတစ်ဦးက အရိပ်ခိုနားရာ တစ်ခုခုမှနေ၍ အသပြာလေးထောင်အထုပ်ကို သိမ်းဆည်းလျက် စောင့်စားနေရလေသည်။ ဤသို့ အလှည့်ကျ အားဖြင့် နေ့စဉ်မပျက်ပြုမူဆောင်ရွက်နေကြရာ တစ်နေ့သောအခါ အငယ်ဆုံးပုဏ္ဏား၏ အသပြာထုပ်စောင့်ရှောက်ရသော အလှည့်တွင် သူတစ်ဦးတည်း အကုန်ရယူလိုသောစိတ်ယုတ်မာဖြင့် ကြံစည်၍ တစ်နေရာ၌ တွင်းတူးကာ မြှုပ်လိုက်လေသည်။

**ကိုပေသန်းလွင်(မြန်အောင်)**



www.burmeseclassic.com

www.burmeseclassic.com

အနီးအနားတွင် တွေ့ရသော ရွာသားလေးယောက်တို့အားလည်း အသပြာတစ်ဆယ်စီပေးကာ သူ့ဘက်မှ သက်သေလိုက်ရန် ပြောဆိုစည်းရုံးထားလေသည်။ ပုဏ္ဏားကြီးများ အလှူခံလှည့်ရာမှ ပြန်ရောက်လာသောအခါ ငွေများပျောက်ဆုံးကြောင်းပြောရာ -

"ဘယ်လိုပုံစံကြောင့်၊ ဘယ်လိုအကြောင်းကြောင့် ပျောက်ဆုံးသွားကြောင်း ရှင်းပြစမ်းပါ"

"ဟောသည် ရွာသားလေးယောက် မျက်မြင်သက်သေရှိပါတယ်။ မေးကြည့်ပါ"

"မှန်ပါတယ်၊ အသပြာထုပ်ကြီးကို ခွေးချီသွားတာကို ကျုပ်တို့အားလုံး မြင်လိုက်ပါတယ်"

ပုဏ္ဏားကြီးတို့မှာ မယုံကြည်ကြသော်လည်း သက်သေလေးဦးက တညီတညွတ်တည်း ပြောဆိုနေကြသောကြောင့် အခက်ကြုံနေကြရလေသည်။ ထို့ကြောင့် ထိုကိစ္စကို ရွာသူကြီးထံသွားရောက်တိုင်ကြားကြ၏။ ရွာသူကြီးက ခေါ်ယူစစ်ဆေးသောအခါ သက်သေလေးယောက်ရှိနေသောကြောင့် ပုဏ္ဏားငယ်ကို အနိုင်ပေးလိုက်လေသည်။ သို့ဖြင့် မကျေနပ်၍ မြို့ပိုင်မင်းထံသွားရောက်တိုင်ကြားသောအခါ၌လည်း မျက်မြင်သက်သေလေးယောက်ရှိနေသောကြောင့် ပုဏ္ဏားငယ်ကိုပင်အနိုင်ပေးလိုက်ပြန်လေသည်။ ဤသို့ဖြင့် ရှင်ဘုရင်၏ထံသို့ တိုင်အောင် တိုင်ကြားကြပါသော်လည်း ပုဏ္ဏားငယ်ပင် အနိုင်ရမြဲဖြစ်နေလေ၏။ လူအများတို့က ပုဏ္ဏားကြီးတို့အား "မနိုင်နိုင်သောတရားကို ရင်ဆိုင်နေကြသည်" ဟူ၍ အပြစ်တင်ဝေဖန်ကြလေသည်။

ဤသို့ဖြင့် တစ်နေ့သောအခါတွင် ဘုရင်၏ခွင့်ပြုချက်အရ နယ်လှည့်၍ တရားစီရင်မှုပြုနေသော အလွန်ငယ်ရွယ်သည့် ပညာရှိတရားသူကြီးတစ်ဦးနှင့်တွေ့၍ ပုဏ္ဏားကြီးတို့ စီရင်ဆုံးဖြတ်ပေးပါရန် အသနားခံကြလေ၏။

ငယ်ရွယ်သူ ပညာရှိတရားကြီးက ရွာသူကြီး၊ မြို့သူကြီးနှင့်တကွ ရပ်မိရပ်ဖတို့အားခေါ်ယူပြီးလျှင် လူကြီးစုံရာရှေ့၌ ပုဏ္ဏားငယ်အားမေးမြန်းသောအခါ -

"အသပြာထုပ်ကိုခွေးတစ်ကောင်က ချီယူသွားပါတယ်။ မျက်မြင်သက်သေလေးယောက်ရှိပါတယ်။ မေးကြည့်နိုင်ပါတယ်"

ပုဏ္ဏားငယ်၏ပုံစံမှာ အသားဖြူဖြူ ရုပ်ရည်ချောချောနှင့် စကားတတ်၍ လည်ဝယ်မည့်ပုံစံဖြစ်၏။ တရားသူကြီးက သဘောမကျလှပေ။

တရားသူကြီးသည်သက်သေများကို တစ်ယောက်စီမေးမြန်းလေ၏။ ထိုအချိန်၌ ကျန်သောသုံးယောက်ကို မကြားနိုင်ရာ မမြင်နိုင်ရာခပ်ဝေးဝေးသို့ ပို့ထားလေသည်။ လူကြီးများကိုလည်း တရားခွင်၌ ရှိ၍နေစေ၏။

သက်သေ ပထမတစ်ယောက်ကို မေး၏။

"အသပြာထုပ်ကိုခွေးချီသွားတာ သင်မြင်ပါသလား"

"မြင်ပါတယ်အရှင်"

"ခွေးကဘာအရောင်လဲ"

"ခွေးက အနီရောင်ဖြစ်ပါတယ်"

"ဘယ်ဘက်ကို ထွက်သွားတာမြင်ပါသလဲ"

"တောင်ဘက်စူးစူးကို ထွက်ပြေးသွားပါတယ်"

ပထမသက်သေ၏စကားကို တရားသူကြီးက လူကြီးများအား မှတ်သားထားစေလိုက်၏။

ထို့နောက် ဒုတိယသက်သေကို ခေါ်ယူစစ်ဆေးသောအခါ -

"ခွေးအနက်ကြီးက ချီယူပြီး အနောက်ဘက်ကို ထွက်သွားပါတယ်"

တတိယသက်သေက -

"ခွေးအဝါလေးက ချီပြီး အရှေ့စူးစူးကို ထွက်သွားပါတယ်"

စတုတ္ထသက်သေက -

"ခွေးအကျားကြီးက ချီယူပြီး မြောက်ဘက်ကိုထွက်သွားပါတယ်"

ထိုအခါ ပညာရှိတရားသူကြီးက ပုဏ္ဏားငယ်နှင့်တကွ သက်သေလေးဦးတို့သည် ပူးပေါင်းလိမ်ညာခိုးယူကြသူများဖြစ်သည်။ ပုဏ္ဏားကြီးတို့၏ ငွေဒင်္ဂါးလေးထောင်ကို နေမဝင်မီ အချိန်မီအမြန်ပြန်၍ ပေးစေ၊ သင်တို့အတွက်ထိုက်သင့်သော ပြစ်ဒဏ်ကို ဤမြို့ဝန်က ပေးလိမ့်မည်၊ ခံယူကြစေ"

ဟု ဆုံးဖြတ်လိုက်လေသည်။

ပညာအမြော်အမြင်ရှိမှသာလျှင် မှန်ကန်စွာဆုံးဖြတ်နိုင်ကြောင်း သင်ခန်းစာကောင်းကို ရရှိပါသည်။

**ကိုဓပသန်းလွင် (မြန်အောင်)**



www.burmeseclassic.com

www.burmeseclassic.com


# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင် ဒီဌဖျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မမူး မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့်ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။ (နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

မှတ်ချက်။ ။ လိပ်ခေါင်းရောဂါသည် ဆေးသက်သက်ဖြင့် လုံးဝပျောက်ကင်းပါ။

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန် (လိပ်ခေါင်းအထူးကုဝိဇ္ဇာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၄၃၀၅၂၀၂

၃၃-၃၄လမ်းကြား။ ၈၀-၈၁ လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၃၂၈၀၊ ၀၉-၉၁၀၄၄၄၂၅



ထောက်ခံချက် - ၁၀/ ၀၉၃၄၈/ထလ

®

Vital

ဗိုက်တယ် သောက်ရေသန့်

Purified drinking water

20 Litre

Product of Myanmar

အမှတ်(၁၉)၊ အင်းဝ (၇)လမ်း၊ (၆)ရပ်ကွက်၊ ... ရွှေပိုင်မြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၉ ...


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာမှန် ဆောင်းပါး

# ဝေးလွင့်စိတ်စေ

ဝေအိကို

ထူးကဲတဲ့ သဘာဝဘေးအန္တရာယ်ဆိုးကြီးတစ်ခု။ ဘယ်သူကမှလည်း ကြိုတင်မခန့်မှန်းနိုင်တဲ့ ဖြစ်ရပ်ဆိုးတစ်ခုက ၁၁-၁၁-၂၀၁၂ ရက်နေ့ သပိတ်ကျင်း အနောက်တောင် ၄ မိုင် အကွာမှာ ၆. ၈ ရစ်ချ်တာစကေးပြင်းအားရှိ မြေငလျင်ကြီး ရုတ်တရက် မနက်ခင်း နှင်းပျပျကြားမှာ လှုပ်ခတ်သွားခဲ့သည်။ သပိတ်ကျင်း၊ စဉ့်ကူး၊ ရွှေဘို၊ မန္တလေး၊ စစ်ကိုင်းစတဲ့ မြို့အသီးသီးမှာဖြင့် ငလျင်ဒဏ်သင့်ခဲ့ကြရသည်မို့ ရတနာ့သီယံတံတားကြီး ရေသောက်နေပုံတွေ၊ စေတီပုထိုး၊ ဘုရားကျောင်းကန်တွေ၊ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်း လူနေအိမ် အဆောက်အအုံများများ ကျိုးကြေကွဲအက် ပျက်စီးမြေခဲ့သည်များကို ဂျာနယ်အသီးသီးက ပလူပျံနေအောင် ဖော်ပြနေသည်ကြောင့် မြန်မာပြည်အရပ်ရပ်ရော နိုင်ငံတကာကပါ အာရုံပြုနေသခိုက် စဉ့်ကူးမြို့နယ်ထဲမှ လက်ပန်လှကျေးရွာကလေးရှိ ရဲစခန်းတွင်းမှာလည်း မြေငလျင်ကဲ့သို့ပင် ပြင်းအားကောင်းလှသော ရစ်ချ်တာစကေးမဲ့ လူငလျင်ရိုက်ခတ်နေသောကြောင့် နေ့စဉ်နှင့်အမျှ လက်ဖယ်ဆက်သလို အအားနေသူ မရှိသလောက် ယောက်ယက်ခတ် အလုပ်ရှုပ်နေကြလေကုန်၏။

နေ့စဉ်နှင့်အမျှပင် ကျေးရွာသူကျေးရွာသားများမှာ မြေငလျင်အကြောင်း အတောမသတ် ပြောဆိုထိတ်လန့်နေကြလေ၏။ စိုးထိတ်မည်ဆိုလျှင်လည်း စိုးထိတ်ချင်စရာပင်။ အချိန်အခါ မလပ်လေအောင်ပင် တော်နေကြာတစ်ခါ၊ တော်နေကြာတစ်ခါ သိသိသာသာ ပြင်းအားပျော့ပျော့နှင့် တစ်နေ့ အဖျင်းဆုံး တစ်ကြိမ်ကဖြင့် လှုပ်နေသည်ဆိုတော့ ရွာသူရွာသားများခမြာ ကျီးလန့်စာစား မျက်လုံးများကလည်း ကြည့်တိကြောင်တောင် ဖြစ်နေကြသည်သာ။ သန်းခေါင်ကျော်လို့မျိုး ဖိုးခနဲ ဇတ်ခနဲ တုံ့ခနဲ သိမ့်ခါသွားရင်ဖြင့် အိမ်တွင်း မအိပ်ဝံ့ကြတော့ချေ။

ယခုပင် သီတင်းတစ်ပတ်ကျော်လာခဲ့သော်လည်း မြေငလျင်ကြောက အသားမသေချင် ဖြစ်နေသည်။

လေဖြတ်ထားသော နာတာရှည်လူမမာတစ်ဦးနှယ် မြေငလျင်ဝေဒနာသည် တအိအိနိုင်လွန်းလှ၏။ သည်နှယ်မျိုး အကြားမှာပင် အမှုအခင်း အရှုပ်အရှင်းတွေကလည်း အတောမသတ်။ မန္တလေး၊ မိုးကုတ် ကားလမ်းမဖြစ်ပြီး ပေါများလှသော ဆိုင်ကယ်စီးရေများကြောင့် ဖြစ်လိုက်ကြသည့် ယာဉ်တိုက်မှုတွေကလည်း နေ့စဉ်နှင့်အမျှပင်။ ဆိုင်ကယ် ဆိုင်ကယ်ချင်း၊ ကား ကားချင်း၊ ကားနဲ့လူ၊ ဆိုင်ကယ်နဲ့လူ၊ ကားနဲ့သစ်ပင် ခေါင်းစဉ်တတွေလီကာလီနိုင်လှသလို ဖောက်ထိုးမိုးမျှော် ပက်လက်လှန်၊ ပိန်ရှုံ့တွန့်ကြေ၊ မှန်ကွဲတွေ၊ ဆိုင်ကယ်ဇက်ပြုတ် ထက်ပိုင်းကျိုး လိမ်တွန့်ကွေးကောက်နေတဲ့ ဆိုင်ကယ်တွေတွေရော၊ ပွဲချင်းပြီး သွေးဖွက်ဖိုင်ထွန်း၊ ထိပ်ပေါက်၊ ခေါင်းကွဲ၊ ခြေကျိုး၊ လက်ကျိုး အမျိုးမျိုးက နေ့တစ်ရှူဝမြင်ကွင်း ဖြစ်နေ၏။

လက်ပန်လှသည် ကျေးရွာဟုသာဆိုပေသည့် အရှေ့ဘက် တောင်တန်းကြောတွေဆီမှာ ရွှေတူးအင်းတွေ တသီကြီးမို့ စည်ကားလှ၏။ ရွှေထွက်ရာရပ်ဝန်းကြောင့်လည်း လူသူထူထပ်သလို အမှုကိစ္စတွေကလည်း ဗရပွပင် ဖြစ်နေသေးတော့သည်သာ။

သည်ကနေ့ အရေးကြီးပုဂ္ဂိုလ်များ လမ်းကြောင်းက သုံးခုတောင် ဆုံနေပါရော။ ပြည်ထောင်စုဝန်ကြီးတွေ...

www.burmeseclassic.com

ပါ၏။ ဆောက်လုပ်ရေးဝန်ကြီး၊ ပညာရေးဝန်ကြီး၊ လယ်ယာဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး အသီးသီးအဖွဲ့တွေက မန္တလေးဘက်ကလာသလို ရွှေဘို ရွှေလှော်မြောင်းဘက်ကတစ်ဆင့် ကူးလာတာလည်း ရှိ၏။ ဟိုးဝေးတောင်ထက်ဆီကနေ ရဟတ်ယာဉ်နဲ့ ဆင်းလာမှာကလည်း ရှိ၏။ ရဟတ်ယာဉ်ကတော့ စဉ့်ကူးအလယ်တန်းကျောင်းထဲ ဆင်းမည်ဆိုတော့ စဉ့်ကူးမြို့နယ်အတွင်းမှာ ရှိနေတဲ့ လက်ပန်လှိုင်ခန်းလေးရှေ့မယ် တောင်ဘက်ဆီကရော အနောက်ဘက်ဆီကရော လာကြမည့် အရေးကြီးပုဂ္ဂိုလ်များအတွက် တာဝန်ယူကြရသည်သာ။

အရေးကြီးပုဂ္ဂိုလ်တွေအပြင် မိုးကုတ်မြို့နယ် ကြက်ခြေနီအဖွဲ့၊ မန္တလေးတိုင်းကြက်ခြေနီအဖွဲ့၊ မန္တလေးဆီက လူသားချင်း စာနာကြတဲ့ လူမှုအဖွဲ့အစည်းတွေ၊ NGO အသင်းအပင်းတွေ မနည်းပါဘူး။ လာလိုက်ကြတာ လာလိုက်ကြတာ။ လျှော်ဂဏ် ပြည့်သ ဂဏ်ယောက်ကတောင် ပြောနေလေရဲ့။ သည်အချိန်မှာ ဘယ်သူတွေက အရေးကြီးပုဂ္ဂိုလ် ဖြစ်သလဲတဲ့။ လမ်းကြောင်းတွေ ဗရုတ်ဗရက်အကျပ်အတည်းနေရသဖို့ ဒုက္ခခံ လူထုက ပေးကြည့်နေရတာပေါ့တဲ့။ ဒါမို့ကြောင့် ထင်ပါရဲ့။ မြေလျှင်ဇော်သင့် ဒုက္ခသည်တွေက ပျက်စီးရုပ်ဝတ္ထုတွေကို ထင်သာမြင်သာ ရုပ်လုံးဖော်နိုင်ကြပေသည့် လူ့လျှင်ဒဏ်ကြောင့် ရစ်ချိတ်ခဲ့ရတာတွေကား မြင်းအားကြောင့် ပျက်စီးဆုံးရှုံးမှုတွေက များမှများ။

လက်ဖက်ရည် ဆောင်းနေက ခပ်ဆတ်ဆတ်ပူ၏။ မွန်းမတည့်သေးခင် နာရီဝက်လောက်အလိုမှာ တာဝန်မှူးစားပွဲပေါ်က ရွှေရှုပ်ရောင် တယ်လီဖုန်းကလေးသည် အာပြဲလို့ ဒူးစူးမြည်လိုက်တာကြောင့် ရုတ်ခြည်တိုပ်မျက်စေရသော တာဝန်မှူး ဗိုလ်ကြီးအုပ်ပါကြဲ ငိုက်မြည်းစပြုရန် အားယူနေခြင်းကို ရိုက်ချိုး ဖျက်ဆီးပစ်လိုက်ရ၏။

"ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျာ၊ တာဝန်မှူး ဒုရဲအုပ်ပါကြဲပါခင်ဗျာ၊ အခု အမိန့်ရှိတာ ဘယ်သူပါလဲခင်ဗျာ၊ ကျွန်တော်ဘာများအကူအညီပေးရပါမလဲ ခင်ဗျာ"

"ဟုတ်ကဲ့၊ အင်း. . ဘယ်နေရာ. . ကန်တောင် ဟုတ်ကဲ့၊ လူသတ်မှု ဖြစ်တယ်လား. . . ဟုတ်ကဲ့. . စခန်းမှူးကို သတင်းဆက်ပို့ပေးပါ့မယ်. . . ဟုတ်ကဲ့"

စခန်းမှူး အေးချမ်းလည်း မနက်ခင်း ထမင်းကြမ်းနဲ့ အကြော်ကလေး ခုထားလိုက်သည်မို့ ငုက်ဆိုးထိုးသံတမျှ နားဝ မချိုသော ဖုန်းအခင်းကိစ္စကြောင့် လက်ဖွဲတော် အညိုရင့်ရင့်ရောင် လက်ဆွဲသားရေအိတ်ကလေး ကောက်ယူပြီး စီဗက်အိုင် အနီရောင် တရုတ်ဆိုင်ကယ်ကလေးကိုစွဲ၊ တာဝန်မှူး ဒုရဲအုပ်ပါကြဲနှင့်အတူ ရဲစခန်းမြောက်ဘက်ဆီမှာရှိသော နွယ်ရုံကျေးရွာအုပ်စုရှိ အမှတ်(၁) ရဲကင်းဆီ ညို့လွှတ်မြှားတစ်စင်းနှယ် လေဟုန်ခွင်းလို့ အတင်းနှင်လေတော့၏။

ကန်တောင်ဆိုတာက နွယ်ရုံကျေးရွာပြီးရင် ကျည်တောက်ပေါက်ကျေးရွာကနေ အရှေ့ဘက်တောင်ကြောကို တက်သွားရပြီး အဲသည်ကန်တောင်တကြောမှာက ရွှေတူးဖော်တဲ့ ကုမ္ပဏီတွေ ရှိတာမို့ တောင်ပေါ်မယ်က ကျေးရွာကလေး တစ်ခုအဖြစ် ရှိနေခြင်းပင်။

ယခုအခင်းဖြစ်သည့်နေရာက ကျည်တောက်ပေါက်ရွာအထွက် ကန်တောင်အတက် ရွှေမှာရုံအကျော် လမ်းမဘေးကမနေ အနောက်ဘက်ချုပ်ကောသဲသွားသော လူသွားလမ်းကလေးအတိုင်း ခြေလှမ်းတစ်ရာလောက် လျှောက်သွားရင် တောကနက်လာပြီး တောင်ကုန်းတွေကြားမြတ်ပြီး တောင်ပေါ်တက် လမ်းသွယ်ကလေးက မြေလိမ်ကောက်သဖွယ် သွဲ့နွဲ့လှ၏။ တျောက်တောင်ကျောက်ခဲတုံးများ စိမ်းစိုသော ချုံနွယ်ပိတ်ပေါင်းများက ကျောက်ဆိုင်ခဲများကြား ထိုးထိုးထောင်ထောင်နှင့်သာ။ ခါးရိုးစုကလေးများက

လည်း ဟိုတစ်စု သည်တစ်စု ဖြစ်တည်နေ၏။

တောင်ကုန်းကလေးနှစ်ခုကြား လျှိုမြောင်ကလေးအခြေတွင် လေးနှစ်သား ကလေးတစ်ယောက်မြော တစောင်းအနေအထား အကျိ။ ဘောင်းဘီ အနီရောင် ကဇောလေးနှင့် လည်ပင်းပေါက်ပြဲ တက်ပက် ကွဲနှင့် မျက်နှာကလေး လှန်လျက် သေဆုံးနေ၏။ ကြက်လည်လှီးသည့်နှယ် ခေါ ကောက်ကောက်ကလေး။ မုန့်ပေါင်း ကလေးတစ်ဖဲ့က ဘေးလက်စတန်းလန်း သွေးစက်ကလေးများက တစ်စက် နှစ်စက် ဖွန်းထင်းလျက်နှင့်သာ။ စခန်းမှူးအေး ချမ်းနှင့် ဒုရဲအုပ် ပါကြဲတို့လည်း ကင်မရာ တဖျတ်ဖျတ် ရိုက်လို့ ပြန့်ကျဲနေသော မုန့် ပေါင်းတစ်ခု နှစ်ခုကို ကောက်လိုက်၏။ ကျည်တောက်ပေါက် ကျေးရွာသူ ကျေး ရွာသားများက အုံးအုံးကျွက်ကျွက် တစ်ချို့က အိမ်ဝင်းအပေါက်ဝမှ ပြူတ ပြူတစ်၊ တစ်ချို့က သုံးလေးငါးယောက် စုဝေးလို့ တီးတိုး တီးတိုး သဖန်းပိုး ကြ၏။ ကလေးနှစ်ယောက် တော ရက်ရက်စက်စက် ဖယ်ဖယ်နယ်နယ် အသတ်ခံရတယ်ဆိုတဲ့ သတင်း ဗြုဟ်တုစလောင်းထက်မင် မြေသွက် သေးတော့။

အငယ်မလေး၏ အလောင်း ကြည့်ပြီး မြောက်ဘက်လျှိုထဲ ဆင်းလိုက် ၏။ ဆယ့်လေးငါးပေ အဝန်းအဝိုင်း လောက်မျှ ကျယ်ပြန့်သော ချိုင့် ကလေး၏ မြောက်စွန်းခြမ်းတွင် သုံး မတ်လည်ရှိသော ရွှေဇင်းအဖော် ပေါက်ပေါ်တွင် သစ်ကိုင်းကျိုးကလေး ခြောက်ခြောက်ခြောက် အနက်ရောင် ချောင်းစိုက်ပြီး အလယ်တွင် ထွာဆိုင် ကသွား၏။ အိမ်သာအမြစ် သုံးတောင် ရှိ၏။ တွင်းအနက်က အတောင်သုံးဆ သဘောရှိမည်။ အပေါ်စီးက လှမ်းကြည့် လိုက်တော့ ထွင်းသည့် မည်းမှောင် ၏။ သေသေချာချာ စူးစူးစိုက်စိုက် ပြ



www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်တော့ ဗွင်းရဲ့အခြေပြင်မှာ ပလတ်စတစ် အပြာနုရောင် ဆွဲခြင်းတစ်လုံးအထဲ အဝတ်စ အဖြူရောင်ကြောင့် ထင်းခနဲ မြင်လိုက်ရတော့၏။

"ဗိုလ်လေးပါကျဲ၊ အဲဒီဆွဲခြင်းကလေးကို အပေါ်ဆွဲတင်ပြီး ရှာဖွေပုံစံနဲ့ သိမ်းထားလိုက်၊ ခါတ်ပုံပါ တစ်ခါတည်းရိုက်ထားလိုက်ဗျာ၊ ကျွန်တော် နောက်ထပ် တစ်လောင်း ကျန်နေတာ ရှာလိုက်ဦးမယ်"

စခန်းမှူးက ပြောပြောဆိုဆိုပင် မြောက်ဘက်တောင်ကုန်းကို လှမ်းရိုင်းအတိုင်း ထိုးတက်လိုက်၏။ တောင်ကုန်းကလေးထိပ် ဝါးရုံပင်တစ်အုံ၏ အရင်းတွင် နောက်ထပ် ခုနစ်နှစ်သားအရွယ်ရှိ အနီရဲရွှေးရွှေးအင်္ကျီ၊ ကွာတားဘောင်းဘီ ပန်းဆီရောင်ကလေးနှင့် တွန့်လိမ်ကောက်ကွေးလျက် ဘယ်လက်ဖဝါးက မြက်ခြောက်တစ်ချို့ကို ဆွဲမိဆွဲရာ ဆွဲထားသည်မို့ ကွေးကွေးကောက်ကောက်။ ဦးခေါင်းကလှန်ပြီး လည်ပင်းမှာတော့ ကြည့်ရက်စရာ မရှိလောက်အောင်ပင် ဟပြဲနေပြီး လည်ချောင်းလေပြွန်ရိုး ဖြူဖြူလွှလွှလေးက ကီတီရီရီပြုတ်လျက် ဆွိဆွဲခင့်နှင့် ရှိလှသော မြင်ကွင်းကို တွေ့လိုက်ရသဖြင့် ပခုံးတစ်ချက်မျှ တွန့်သွားလေ၏။ စခန်းမှူးခမြာ တောထဲတောင်ထဲမို့ ဆင့် ကျောများပင် စိမ့်တက်လာတော့၏။

'အား. . . အတော်လက်ယဉ်တာပါလား' ဟုပင် အတွေးဝင်မိတော့၏။

ကလေးမလေး၏ လည်ပင်းတစ်ဝိုက်တွင် သွေးများက အိုင်ထွန်းနေသည်သာ၊ အတော်ပင် အကျည်းတန်လှသည့် မြင်ကွင်းဖြစ်နေသည်သာ။

× × ×

ထိုအလောင်း၏ ခေါင်းတည်ရာ အနောက်ဘက် တောင်ကုန်းလျှောအသေးအတိုင်းလိုက်ပြီး ခြေလှမ်းငါးဆယ်ခန့်ကွာတွင်ရှိတော့ ဝါးကပ်မိုး သုံးပင်နှစ်ခန်းတဲတစ်လုံးကို တွေ့၏။ တဲတွင် ကွပ်ပျစ်ရှည်တစ်ခုက တဲ၏မြောက်ဘက်ခန်း အပြည့် ခင်းထားပြီး တောင်ဘက်မြေသားပြင်မှာတော့ တောထဲတောင်ထဲမို့ ဝါးစားပွဲရှည်ကြီးတစ်လုံးကို ပါးတန်းခုံရှည်နှစ်ဖက်ရံကာ ရှိနေ၏။ အနောက်ဘက် တဲစွန်းအဖီက ချက်ပြုတ်၍ မီးဖိုခဆောင်ကလေး ထုတ်ထား၏။ ကွပ်ပျစ်ပေါ်တွင် အိလပ်မြေထည့်သည့် ပီနန်မြွေရေခွံအိတ်ပေါင်းတွေက အစီအရီ အကျအန စုပုံလျက်။ ညိုညစ်ညစ် ဇာခြင်ထောင်က တစ်ဖက်ပြုတ်ပြီး စုလုံးတွဲလွဲချိတ်ထားကာ မည်းမည်းညစ်ထပ်ထပ် ခေါင်းအုံးတစ်လုံးပေါ်တွင် စောင်ကြမ်းတစ်ထည် ခေါက်လျက်သား။

"ဒီတဲက ဘယ်သူ့တဲလဲ"

"ကျွန်မတစ်ယောက်တည်း နေတာပါ၊ ရွှေအင်းဖောက်ပါတယ်၊ အခု နားထားတာ သုံးလေးလလောက် ရှိပါပြီ၊ လက်ပန်လှမှာ နေတာပါ၊ ပစ္စည်းတွေ ပျောက်မှာစိုးလို့ စောင့်ပြီး အိပ်တာပါ"

ပိန်ပိန်ပါးပါး ပြားချပ်ချပ်နှင့် အသားညိုညက်ညက်၊ ဆီဝေးဆံစ နီကျင်ကျင် နှာတံပေါ်ပြီး ထိတ်ထိတ်လန့်လန့်ဖြစ်နေသော စူးလဲ့လဲ့ မျက်လုံးအကြည့်များနှင့် အသက်ငါးဆယ်ကျော် အမျိုးသမီးက စခန်းမှူးကို နေရာထိုင်ခင်းပေးပြီး ပလတ်စတစ်နှင့် ထုပ်ထားသော ကွမ်းအစ်ထုပ်ကလေးနေရာရွှေ့ရင်း စားပွဲရှင်းကာ ပြော၏။

"ကျွန်မနာမည် မသိန်းတင့်ရယ်၊ ဒီည်မနက်ခင်း ကျွန်မ နောက်ဖေးသွားတော့ ခြေထောက်ကလေးတစ်ချောင်း မြင်ရတာ၊ လူပဲဆိုပြီး သွားကြည့်တော့ အမယ်လေးတော် လန့်လိုက်တာ၊ ကျွန်မလည်း ကြောက်တာနဲ့ အနောက်ဘက်က အဘညွှန့်ဆီ ပြေးပြီးသွားပြောတာပဲ၊ သည်မနက်ကြီးပ၊ မနေ့က ထွန့်ထွန့်လူးငယ်သံပါအောင် တောထဲက အော်သံကြားပေသိ ကျွန်မ ထ,မကြည့်ဘဲ တဲမှာပဲ ထိုင်နေတာ၊ ဘယ်သူမှ ပေါ်မလာတော့ ဒါ တောခြောက်တာပဲနေ့မှာဆိုပြီး ကျွန်မ ကြောက်ကြောက်နဲ့ပဲ တဲထဲက မထွက်တော့ဘူး။ သည်မနက် နောက်ဖေးသွားမှ ခြေထောက်ကလေးကို မြင်ရတာလေ။ လက်ပန်လှမှာရှိတဲ့ မတ်ကလေးကို ခေါ်ထားတယ်၊ ကျွန်မ မနေဝံ့တော့ဘူး၊ ကြောက်လိုက်တာရှင်"


ခေါ်သိန်းတင့်၏တဲတွင် စခန်းမှူးအပြင် ကျည်တောက်ပေါက်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးလှိုင်တို့နှင့် ရွာသားတစ်ချို့က သေဆုံးသွားသော ကလေးမလေးနှစ်ဦးကို တောင်ခြေသို့ ချရန်အတွက် ပီနန်မြွေရေခွံအိတ်များကို ဝါးလုံးချောင်းနှစ်ချောင်းစီ လျှိုလျက် ထမ်းစင်နှစ်ခုကို တကုန်းကုန်း တကွကွနှင့် လုပ်ကိုင်နေခိုက် တောင်ကုန်းလေးပေါ်တွင် ရွာသားတစ်ချို့က ကလေးမလေးနှစ်ယောက်၏ အဖြစ်ကိုကြည့်ရင်း စုတ်တသစ်သစ်၊ သက်ပြင်း တရှိုက်ရှိုက် အထိတ်တလန့် မျက်စိုကြည့်များနှင့် မျက်လှည့်ဝိုင်းတစ်ခုကို ကြည့်နေသည့်အလား ဝိုင်းလို့အုံလို့ ရှိနေ၏။ အုပ်ချုပ်ရေးမှူး ဦးလှိုင်က စားပွဲတင်ထားသော ကွမ်းထုပ်ထဲမှ ကွမ်းတစ်ယာဆွဲထုတ်ပြီး. . .

"မနေ့က ကလေးနှစ်ယောက် ပျောက်တဲ့ အကြောင်း မောင်တိုးက ကျွန်တော့်ဆီ လာတိုင်တာ ကျွန်တော် မရှိဘူး၊ မိန်းမကပြောလို့ ကျွန်တော် သိတယ်၊ သည်ကလေးတွေပဲ ဖြစ်မယ်၊ မိုးပဲဖြစ်မှာ၊ ငမိုးက မိန်းမနှစ်ယောက် ရှိတယ်၊ ငမူးကောင် ဘာအလုပ်မှ မယ်မယ်ရရရှိတာ မဟုတ်ဘူး၊ မိန်းမကိုလည်း လုပ်မကျွေးဘူး၊ မယားကြီးက သပိတ်ကျင်းမှော်ထဲမှာ။ မယားငယ် နီနီဝင်းနဲ့ ပေါင်းနေတာ၊ နီနီဝင်းက စက်ချုပ်စားတာ၊ နတ်တောင်သူ" လို့ ပြောနေ၏။

စခန်းမှူးက အိတ်ကပ်ထဲ ရှိနှင့်နေသော အသံဖမ်းစက်ကလေးကို အသာအယာပင် အသံသွင်းခလုတ်ကလေးနှိပ်၍ ထည့်ထားပြီး သတင်းအစအန ကောက်

www.burmeseclassic.com

စဉ့်ကူးမြို့နယ်၊ ဂေါက်ပန့်လုရဲစခန်း (ပ)၂၃၈/၁၂ မြစ်မှုပုဒ်မ ၃၀၂ အခင်းဖြစ်မြေပုံကြမ်း




မသီတာဝင်း(ခ)မသီသီဝင်း သတ်ဖြတ်ခဲ့သည့် အခင်းဖြစ်အား ကိုညြဒီနိုတ်စနစ်ဖြင့် ရေးဆွဲသည်။

|မြေပုံကြမ်းရေးဆွဲသူ - စခန်းမှူး ရဲအုပ်မောင်မောင်ဌေး (လ ၁၁၂၉၉၃)|



www.burmeseclassic.com

www.burmeseclassic.com

နေ၏။ ကလေးမလေးနှစ်ယောက်၏ ဖအေဖြစ်တဲ့ ငမိုးက သပိတ်ကျင်းရောက်နေကြောင်း ငမိုး၏ယောက်ဖ ဖိုးကျော်ကို တောင်ခြေတွင် အလောင်းများ သယ်ချ ဟာရင်းက တွေ့သဖြင့် သိလိုက်ရပြီး သေဆုံးနေသော ကလေးမလေးနှစ်ယောက်သည် မနေ့က ပျောက်နေတဲ့ သူ့ရဲ့တူမများ ဖြစ်နေကြောင်း မျက်နှာညှိုးငယ်စွာနှင့် ပြောလေ၏။

"ဒါဆို ကျွန်တော့်တူမလေးတွေ အခုလိုဖြစ်တာ သူ့မိထွေးလက်ချက်ပဲ ဖြစ်ရမယ်၊ နီနီဝင်းအမျိုးတွေ၊ မိဘတွေ နတ်တောင်မှာရှိတယ် ဗိုလ်ကြီး၊ ကျွန်တော် လိုက်ပြပေးပါ့မယ်"

ဆိုတော့ စခန်းမှူးနဲ့ ဒုရဲအုပ်ပါကျဲက ရဲကင်းမှူးအား အလောင်းကို ဆေးရုံပို့ရန် စီစဉ်ခိုင်းထားပြီး နီနီဝင်းအမျိုးများ ရှိရာ နတ်တောင်ကို ဖိုးကျော် လမ်းပြခေါ်ပြီး လိုက်တော့၏။

ပြေးဦးပေါ့ နီနီဝင်းရယ်။

× × ×

နတ်တောင်ရွာဆိုတာ ကန်တောင်ရွာရဲ့တောင်ဘက် ဒိုးနွယ်ရွှေတူးအင်းဆီ သွားရာလမ်းတွင်ရှိ၏။ နီနီဝင်း၏ မိဘမောင်ဖွားများက နတ်တောင်ရှိ တလိုင်းငုတ်ရွာတွင် အိမ်ဆိုင်ကလေး ဖွင့်ထား၏။ နီနီဝင်း၏မိခင် ဒေါ်လှမြိုင်နှင့် တွေ့၏။

"နီနီဝင်းက မှတ်ပုံတင်ထဲမှာတော့ (. . .)ပါ ဗိုလ်ကြီး၊ သူက အငယ်ဆုံးသမီးပါ၊ မောင်နှမသားချင်း ခြောက်ယောက်ရှိတာ သားကြီး ထွန်းသိန်းက လွန်ခဲ့တဲ့ ၇ နှစ်လောက်က ဆုံးသွားခဲ့ပါတယ်။ အစ်မဖြစ်တဲ့ ဝင်းကြည်က ဆီဆုံမှာ အိမ်ထောင်ခွဲနေတာလေ။ အခုသည်ကို ခဏလာလည်တာပါရှင်။ နီနီဝင်းက သည်မှာ စပယ်မိုး ပွဲဝင်တုန်းက ငမိုးနဲ့တွေ့ပြီး လိုက်ပြေးသွားကတည်းက ရွာကို ပြန်မလာတာပါ။ သူတို့ အိမ်ထောင်ကျတာ နှစ်၊နှစ်လောက် ရှိပါပြီ။ သူ့မှာ တိုယ်ဝန် ခြောက်လကျော် ခုနစ်လလောက်ရှိနေပြီလို့ ကြားပါတယ်။ သူ့ယောကျ်ားရော၊ ယောကျ်ားမိသားစုက နီနီဝင်းနဲ့ အဆင်မပြေကြဘူးလို့လည်း ကြားပါတယ်။ မကြာခဏ ရိုက်နှက်နှိပ်စက်ကြတယ်လို့လည်း ပြောပါတယ်။ သူ့ယောကျ်ားက အလုပ်ကောင်းကောင်း မလုပ်ဘဲ မူးမူးနေတာမို့ ကျွန်မတို့က မွေးဖို့ ဖွားဖို့အတွက် တစ်လောကမှ ငွေသုံးသောင်း ပို့ပေးလိုက်ရပါသေးတယ်။ ကိုယ်ဝန်ရှိပြီဆိုကတည်းက မကြာ မကြာ ငွေပို့ပို့ပေးနေရတာပါ။ ကျွန်မတို့အိမ်ကို မလာပါဘူး၊ လာခဲ့ရင်လည်း အကြောင်းကြားပါ့မယ်၊ စိတ်ချပါ" လို့ ညှိုးညှိုးငယ်ငယ် မျက်နှာလေးနှင့် ပြောပြ၏။

စခန်းမှူးက ဒေါ်လှမြိုင်၏ နေအိမ်ကို ဝေ့ဝိုက်ကြည့်ပြီး ကြွက်မလျှောက်တန်းတွင် ချိတ်ဆွဲထားသော ဓါတ်ပုံတွေ တစ်ခုချင်း လိုက်ကြည့်ရင်းက. . .

"အနီရောင်ဝမ်းဆက်နဲ့ပုံက နီနီဝင်းရဲ့ပုံလား"

"ဟုတ်ပါတယ်ရှင့်"

"ဗိုလ်လေးပါကျဲ၊ အဲဒီဓါတ်ပုံကို ဓါတ်ပုံရိုက်ဗျာ"

ထိုသို့ပြောနေချိန်မှာပင် စခန်းမှူးခါးမှ ချိတ်ထားသော စကားပြောစက်မှ-

'ဗလကြီး ဘယ်မှာ ရောင်နီလဲ' ဆိုသဖြင့် စကားပြောစက်ကို ဆွဲဖြုတ်ပြီး လက်မဖြင့် နံဘေးဖုကလေးကို နှိပ်လိုက်ကာ. . .

"နတ်တောင် တလိုင်းငုတ်မှာ၊ မင်းတို့ ဘာထူးသေးလဲ၊ အောင်ခိုင် အောင်နိုင်"

"သားကောင် ရှာမတွေ့သေးပါဘူး၊ ဆက်လိုက်နေပါတယ်"

"မတုတ်ပါ"

ကျည်တောက်ပေါက်ရွာတွင် လူအုပ်ကြီးက စည်စည်ကားကား ဖြစ်နေ၏။ တက်ခေါက်သူကခေါက်၊ စုတ်သ ်သူက သပ်နှင့်သာ။ ချောင်းကြီးဘက် သွားလမ်းတွင် ဗိုက်ကြီးသည်တစ်ယောက် ရေတောင်းသောက်သည်ဟု ကြားပြန်၏။ နယ်ထိန်းတပ်ကြပ်ကြီး အောင်အောင်နှင့် ခရိုင်ဒုစရိုက် နှိမ်နင်းရေးအဖွဲ့က တပ်ကြပ်ကျော်နိုင်နှင့် တပ်ကြပ်ထွန်းရွှေ ပေါင်းပြီး သုံးဦးသား ချောင်းကြီးအစပ် ပါရမီထမင်းဆိုင်ကို ပြေးကြပြန်၏။

စခန်းမှူးလည်း ဆီဆုံရွာရှိရာ စဥ့်ကူးနယ်ဆီ ခွဲထွက်သွား၏။ လက်ပန်လှနယ်၏ လေးဖက်လေးတန် ဖြန့်ကျက်လူခွဲသွားနေကြပေသီလည်း နေသည် တဖြည်းဖြည်း တရိပ်ရိပ် မြင့်တက်လာနေ၏။ မနီနီဝင်းကို အစမကောက်မိသေး။

ဆီဆုံရွာသို့ ရောက်မလာကြောင်း သိရသော် စခန်းမှူးလည်း လက်ပန်လှရဲစခန်းသို့ ပြန်ဝင်၍ အမှုတိုင်ချက် လက်ခံပြီး သိမ်းယူလာသော သက်သေခံ ပစ္စည်းများကို ဂါတ်စာရေးကြီးထံ အပ်နှံချိန် စဥ့်ကူးမြို့နယ်မှူး ရောက်လာ၏။ လူကြီးလမ်းကြောင်းနှင့်လည်း ဆုံနေသဖြင့် ဆက်လုပ်ရမည့် ကိစ္စအဝဝကို ခရားရေသွန် မှာကြားပြီး ပြန်ထွက်ချိန်တွင် ဆောင်းနေမို့ထင်၏။ မှောင်ရီမှုန်ဆိုင်းလာ၏။

စခန်းမှူးနှင့် ဒုရဲအုပ်ပါကျဲ နှစ်ဦးသား ချောင်းကြီးလမ်းကို ထပ်လိုက်ချိန်တွင် အမှောင်ထု လွှမ်းလာ၏။ ဒုရဲအုပ်ပါကျဲ၏ လက်ကိုင်ဖုန်း ဝင်လာသည်။ ဆိုင်ကယ်စီးနေသည့်အခိုက်မို့ လေတိုးသံများ ရောထွေးနေ၏။ သဲသဲကွဲကွဲ မကြားနိုင်။

တပ်ကြပ်ကြီး အောင်အောင်က ဆက်နေခြင်းဖြစ်ကြောင်း သိရ၏။ ထူးခြားမှုတစ်ခုတော့ ရှိချေပြီ။

"သားကောင် တွေ့ပြီ၊ အိတ်ကပ်ထဲ မရောက်သေးပါ"

ဗလုံးဗထွေး လေတိုးသံကြားက သဲ့သဲ့ကြား၏။

"ဗလကြီး ကံပျိုကို ဖြုသိနေပြီ"

နေရောင်လုံးလုံးပျောက်လို့ ညအမှောင်ဖုံးတော့၏။

"ဗိုလ်လေးပါကျဲ ရှောက်ပင်ရိုးကို မောင်း"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုရင်ခဏ ကျွန်တော် ရွာခဲ ကိုဗိုးနဲ့ ချိတ်လိုက်မယ်"

ဆိုင်ကယ်ကို စက်သတ်၏။ ပြီး လက်ကိုင်ဖုန်းကနေပြီး နံပါတ်တွေ တစ်ချက်ချင်းနှိပ်ကာ . . .

"ဟုတ်ကဲ့ . . . ကိုဗိုး၊ ရွာထိပ်က စောင့်ပေးပါ"

စက်ပြန်နှိုး၍ ပြန်မောင်းထွက်တော့ ဒုရဲအုပ်ပါကျဲက မြန်နှုန်းကို မြှင့်တင်လိုက်၏။ လေအဝှေ့ ကြမ်းသာသလို ဆောင်းနှင်းငွေ့လေကြောင့် အေးအေးတက်ကဲနေ၏။

ဆိုင်ကယ်နောက်မှလိုက်ရင်း လက်ပတ်နာရီကို ကြည့်တော့ ညနေစောင်း ၆ နာရီခွဲသာသာ ရှိနေ၏။ ဒုရဲအုပ်ပါကျဲ၏ လက်ကိုင်ဖုန်းက တုန်ခါလာပြန်၏။

"ဦးလေး၊ ဗလကိုးက ဆက်နေတယ်"

ဆိုပြီး စခန်းမှူးကို လက်ကိုင်ဖုန်းအား ဆိုင်ကယ်စီးနေရင်း အနောက်ဘက်သို့ ဖုန်းလှမ်းပေး၏။

"ဟယ်လို . . . ပြောဗလကိုး၊ ပြော . . . အင်း . . . သားကောင် အိတ်ကပ်ထဲ ရောက် . . . ။ အေး အေး ငါတို့ ဘက်ကို ယာထိုး . . . ခနမှာ ပြန်ဆုံမယ် အေး အေး"

ရှောက်ပင်ရွာ ရွာထိပ်ဘွင် ကိုဗိုးက ဆိုင်ကယ်ကို . . . ချပြီး မှပ်စောင့်နေ၏။ ဒုရဲအုပ် . . .

"ကိုဗိုးရေ . . . သွားပြီ"

"ဟင် . . . ကျွန်တော် မသိလိုက်ရပါလား၊ ဘယ်သူလဲ"

"ကိုဗိုးအိမ်မြောက်ဘက် လေးအိမ်ကျော်ကတဲ့ အောင်ပု အိမ်ကတဲ့ ကေးဇူပဲ ကိုဗိုး၊ ကျွန်တော်တို့ ရဲစခန်းပြန်တော့မယ်"

ကဗ္ဗာရှာလမ်းဘေးမီးတိုင်များက အစီအရီ လင်းနေ၏။

× × ×

"ကျွန်မ ငမိုးနဲ့ အိမ်ထောင်ကျတာ နှစ်နှစ်ပြည့်တော့မှာပါ။ သည်ကိုယ်ဝန် ဆောင်တဲ့အထိကို ငမိုးက လုပ်ကိုင်ကျွေးမွေး မကျွေးတဲ့အပြင် မူးလာရင် ကျွန်မကို ရိုက်လား နှက်လား လုပ်တာယ်၊ ကျွန်မက သူ့မယားငယ် ဖြစ်လို့ဆိုပြီး ငမိုး မိသားစုကလည်း နှိမ်တယ်။ ကျွန်မကြောင့် သူများ အိမ်ထောင်ရေး ပျက်ရတယ်တဲ့။ ပြီးတော့ ကျ ကျွန်မကို ကြေးစားမလို့ မကြာ မကြာ နှိမ်ပြော ပြောတယ်။ ငမိုးက အလုပ်အကိုင် မယ်မယ်ရရသာ မရှိတာ၊ အရက်ကတော့ အမြဲမူးနေတာ၊ လောင်းကစားကလည်း လုပ်သေးတယ်၊ ကျွန်မကိုယ်ဝန်ကိုလည်း တာဝန်မယူနိုင်ဘူးတဲ့၊ နင့်ဟာနင် ကလေးကနဲ့လန့်မွေးပြီး သေရင်လည်း သေပလေ့စေတဲ့။ အခုလို မဖြစ်ခင်တစ်ရက်က ကျွန်မနဲ့ ငမိုး ဖေကားများရန်ဖြစ်တော့ ယောင်းမလုပ်သူကပါ ဝင်ပြီးရိုက်ကြ နှက်ကြတယ်၊ သည်မှာကြည့်၊ လက်မောင်းမှာ အညိုမည်း ထင်နေတယ်။ ငမိုးကလည်း ကျွန်မဗိုက်ကို ဆောင့်ကန်သေးကယ်။ နောက်တော့ ငမိုးကျ အိမ်ကနေ ထွက်သွားတယ်။ ကျွန်မလည်း သူထွက်သွားလို့ တစ်နာရီလောက်အကြာ ထင်ပါရဲ့။ မနေတော့ဘူးလို့ စိတ်ထဲပေါ်လာပြီး သူ့ကလေး နှစ်ယောက်ကိုခေါ်ပြီး သူနဲ့ ဝေးတဲ့အရပ်ကို ထွက်သွားမယ်လို့ စိတ်ဆုံးဖြတ်ပြီး ခြင်းတောင်းဆွဲလို့ ကလေးနှစ်ယောက်နဲ့ ခြေဦးတည့်ရာ သွားမယ်ဆိုပြီး ထွက်ခဲ့တာပါ။ ဓားဆောင်တာက သည်နယ်က ရွှေတောဖြစ်လို့ အရေးအကြောင်းပေါ်ရင် တာနိုင်အောင်လို့ဆိုပြီး ငမိုးက မှာထားလို့ ခြင်းထဲမှာ ထည့်ထည့်ထားတာပါ။

ကလေးတွေခေါ် ရင်း မုန့်ပေါင်း ဝယ်ခဲ့ပြီး ဆက်လျှောက်သွားတာ၊ ကန်တောင်တောချုပ်ထဲရောက်တော့ သုံးနာရီ ကျော်နေပြီ။ လျှိုထဲမှာ ခဏနားရင်း မုန့်ပေါင်းတွေကို သုံးဦးသား စားနေရင်းက အကြီးမက နောက်ဖေးသွားချင်တယ်ဆိုကာနဲ့ သူ့ကို ခတောင်ကုန်းလေးပေါ်ခေါ်သွားခဲ့ပါတယ်။ ခတောင်ကုန်းပေါ်ရောက်တော့ ကျွန်မက ကြည့်နေရင်း စိတ်ထဲမှာ ငမိုးရယ်၊ ငမိုးမိသားစုနှိမ်တာ၊ ရိုက်တာတွေ ပြန်တွေးမိပြီး ဘာဖြစ်သွားမှန်း မသိပါဘူး။ တစ်ချက်ပဲ လည်ပင်းကို ထိုးချလိုက်မိတယ်။ အသံတောင် မထွက်နိုင်ပါဘူး။ ဒါနဲ့ တောင်ကုန်းအောက် ပြန်ဆင်းလာပြီး အငယ်မလေးကို မထူးတော့ဘူးဆိုပြီး ထပ်လုပ်မိပါတယ်။ အဲဒီအချိန်က ညနေစောင်း လေးနာရီခွဲလောက် ထင်တာပဲ။ နောက်တော့ မြောက်ဘက်ဆီကို တည့်တည့်သွားတော့ ရွှေအင်းအဟောင်းနား ခြေချော်ပြီး ခြင်းလည်း တွင်းထဲ ပြုတ်ကျသွားပါတယ်။ တောင်ကြောအတိုင်း လျှောက်ရင်းက အနောက်ဘက်ထဲ ဆင်းသွားတော့ ပါရမီ ထမင်းဆိုင်အနား ရောက်သွားပါတယ်။ သပိတ်ကျင်းကလာတဲ့ ဆိုင်ကယ်တစ်စီး တွေ့တာနဲ့ အကူအညီတောင်းပြီး ဦးလေးရှိတဲ့ ရှောက်ပင်ရိုးရွာကို သွားပါတယ်။ ရောက်တော့ ဦးလေးမိန်းမက ဘာဖြစ်လာတာလဲမေးတော့ ဘာမှမပြောဘဲ သူ့တဲက အခန်းလေးထဲမှာပဲ ညအိပ်နေလိုက်တာပါ။ နောက်နေ့ရောက်တော့ ညနေမိုးချုပ်မှာ ဦးလေးရယ် ရဲတွေရယ် ရောက်လာကြတာပါပဲ။ ကျွန်မ ဘာလုပ်ခဲ့မိမှန်း မသိတော့ပါဘူး"

လင်စိတ်မွှန်၊ ကိုယ်ဝန်ဆိပ်တက်လို့ ချဉ်ချင်းတစ်မှုက လက်တွေ့ဘဝတစ်ခုလုံး ဖောက်ထိုးမိုးမျှော်တွေ ဖြစ်လိုက်ပုံများ အင်တာနက်မှာတောင် ရောက်သွားခဲ့ပါကရောလား မနီနီဝင်းရယ်လေ။

ဝေအိကို

[မှတ်ချက်။ ။(၂၀-၁၁-၂၀၁၂)နေ့ ကျည်တောက်ပေါက် ရွာတွင် ဖြစ်ပွားသော (ပ)၂၃၈/၂၀၁၂ ဖြစ်မှုပုဒ်မ ၃၀၂ အပေါ် ခံစားရေးဖွဲ့ပါသည်။]



www.burmeseclassic.com

www.burmeseclassic.com

# ခုခံအားကွယ်ပိုင်ခွင့် ဟူသည်.....

## ဝသုန်ဟိန်းထက်

"အစ်ကို... ဒီမှာ ကွမ်းယာဘူး လာပို့တာ"

"ဟာ..မောင်စိုး။ လာကွာ၊ အကောင်းပဲ။ ဒီမှာ ကွမ်းစားချင်လို့ မျှော်နေတာ။"

မောင်စိုးသည် ကျွန်တော်တို့ နေထိုင်သော လမ်းထိပ်တွင် ကွမ်းယာဆိုင်ဖွင့်၍ ရိုးသားစွာ စီးပွားရှာလုပ်ကိုင်စားသောက်သူဖြစ်၏။ ကျွန်ုပ်အတွက် ကွမ်းယာဗူးကို တကူးတကလာပို့ခြင်းဖြစ်သည်။

"ဆိုင်မှာ လူစောင့်ရှိရဲ့လားကွာ။ တကူးတကလာပို့တာ အားနာပါတယ်"

"ရပါတယ် အစ်ကိုရာ။ ဆိုင်မှာ သူငယ်ချင်းတွေအပြည့်ပဲ။ ကျွန်တော်ကသည်း အစ်ကို့ဆီ သိချင်တာလေး တွေမေးဖို့ လာမယ်လာတာပဲ အစ်ကို။ အကိုက ဗဟုသုတများတော့လေ။"

"ခြောက်... ကိုး... ဒါဖြင့်တော့ကွ။ အိမ်ပေါ်တက်ထိုင်၊ အေးအေးဆေးဆေး ပြောကြတာပေါ့"

ကျွန်တော်က မောင်စိုးကို အိမ်ပေါ်တွင် နေရာထိုင်ခင်းပေး၍ ရေနွေးကြမ်းတစ်အိုးကိုပါ အသင့်ချပေးလိုက်သည်။

"ဆိုပါဦးကွာ... မောင်စိုးက ဘာတွေ သိချင်လို့လဲ"

"ဒီလိုပါ အစ်ကို။ မိမိကိုယ်မိမိ ခုခံအားကွယ်ပိုင်ခွင့်ဆိုတာနဲ့ ပတ်သက်ပြီး သိချင်လို့ပါ။"

"ဟော... ခုခံအားကွယ်ပိုင်ခွင့်"

သူ့စကားကြောင့် ကျွန်တော် အံ့သြသွားမိသည်။ ကွမ်းယာဆိုင်ရောင်း နေသူတစ်ဦးထံမှ ထိုသို့သော စကားမျိုး ကြားရလိမ့်မည်ဟု မထင်ထား... ကျွန်တော်ကိုယ်တိုင်ကသည်း ဦး... ကို အလေးပေးရမည်။

"ဒီလိုပါ အစ်ကို...

ဥပမာ ပြောမယ်နော်။

မောင်စိုးဟာ မောင်[illegible] သတ်ဖို့ လာတယ် ဆိုပါစို့... [illegible]တ်ချင်တဲ့ အကြောင်း[illegible] [illegible]တာရှိမယ် [illegible] [illegible]ဥပဒေ[illegible] လုပ်ဆောင် [illegible] [illegible]ဆိုတယ်မှာ ဥပဒေ[illegible] [illegible]ခေါင်မြို့ [illegible] အသေ[illegible]။

[illegible] အသက်အန္တရာယ် အကျိုး[illegible] ဖုံးပါတယ်။ ကားလှယ် ရုံး[illegible] [illegible]ကြားလာက်လှမ်းပြီး မောင်[illegible] [illegible]ကို [illegible] သတ်မိ သူ[illegible] [illegible] အပြစ်ဖြစ်နိုင်သလား [illegible]

သူ့အမေးကြောင့် ကျွန်တော် ခေါင်းနည်းနည်း ကြီးသွားရသည်။

ဇုံအဖြေက တိမ်းမယောင်နှင့်... လွယ်မယောက်နင့်ခက်သော ပြဿနာဖြစ်၏။ ဥပဒေရေးရာဖြစ်၍ လည်း သွက်ကနဲ ဖြေလို့မဖြစ်။

"ဒီသိုက္ခ မောင်စိုး။ အစ်ကိုက ရှေ့နေလည်း မဟုတ်၊ တရားသူကြီး လည်း မဟုတ်တော့ သူတို့လောက် ပြည့်ပြည့်စုံစုံတော့ မပြောတတ်ဘူး။ ဒါပေမယ့် ကိုယ်သိသိချင်တာတွေအတွက် အတာ[illegible]အောင် [illegible]ပြ မယ်။ မင်း မေးသလိုပါပဲ။ ကိုယ့်ကို သတ်ဖို့ တနုံ့လာခုတ်တဲ့အခါ ခုခံအားကွယ်ပိုင်ခွင့်ရှိပါတယ်။

ဥပဒေအတိုင်း ဖြေရှင်[illegible] မဖြေရှင်းနိုင်ခင် ခေါင်းပြတ်[illegible]မှာပေါ့။ ဒါပေမယ့် ဒီနေရာမှာ [illegible]ယူ အသေးအဖွဲ့၊ ရှုထောင့်တွေ၊ ရှည်းမျိုး [illegible]တွေတော့ ရှိတယ်ကွ။"

"ဘယ်လိုမျိုးလဲ အစ်ကို"

"ဖျက်ပြင်သင်ကြား... ရုံရင် တစ်မျိုး။ ဖျက်ပြင်သတ်သောရန်... [illegible]ကို စဉ်းစား ကြည့်ရအောင် ဒီ[illegible]က လူသတ် တယ်။ သူ့[illegible] [illegible]ကြ သတ်ချင်

www.burmeseclassic.com

လို့ သတ်တာ မဟုတ်ဘူးတဲ့။ သူ့ကိုလာသတ်လို့ ခုခံကာကွယ်ရင်းနဲ့ လက်လွန်ပြီး (မတော်တဆ)သေသွားရတာတဲ့။ ဒါဟာတကယ်ပဲလား။ လုပ်ကြံပြောတာလား။ ဆိုလိုတာက လူသတ်ချင်တိုင်းသတ်ခဲ့ပြီးမှ အပြစ်လွတ်အောင် လက်တစ်လုံးခြား လှျောက်လဲချက်လား။ စဉ်းစားကောက်ချက်ချဖို့တော့ လိုလာပြီ။ ကိုယ့်ကိုသတ်ဖို့ လာတယ်ဆိုတဲ့ ရန်သူဟာ လူတစ်ယောက်ကို သေစေနိုင်တဲ့ လက်နက်ကိုကိုင်ဆောင်ထားတာလား။ အမှန်တကယ်ကော သေလောက် အောင်ကာယကံမြောက် အားထုတ်ခဲ့ တာလား။ ရန်သူက ပါးစပ်ကတော့ "မင်းကိုသတ်မယ် . . ."

လို့ ကြိမ်းပြီး လာတယ်။ လက်နက်ကတော့ မပါဘူး။ ဒါကို ခုခံကာကွယ်ပိုင်ခွင့်အရဆိုပြီး ကိုယ်က ငုတ်ကြီးတောင်ဝှေးနဲ့ဆီးခုတ်မယ်ဆိုရင် တရားပါ့မလား။ ခုခံရုံမှ မဟုတ်ဘဲ။ အသေသတ်တာပဲ"

ကျွန်တော့်စကားကို မောင်စိုးက ခေါင်း တဆတ်ဆတ်ညိတ်ရင်း အလေးအနက်နားထောင်နေ၏။

"၁၈၆၁ ခုနှစ်၊ မေလ ၁-ရက်နေ့မှာ ထုတ်ပြန်ခဲ့တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ရာဇသတ်ကြီးဆိုတဲ့ စာအုပ်မှာ ခုခံကာကွယ်ပိုင်ခွင့်နဲ့ပတ်သတ်ပြီးပြဆိုထားတာတွေ ရှိတယ်ကွဲ့"

"အဲဒါလေးတွေ ပြောပြပါလား အစ်ကို"

မောင်စိုးက စိတ်ဝင်တစားတောင်းဆိုနေ၍ ကျွန်တော်လည်း ထိုစာအုပ်ကိုထုတ်ယူ၍ ၎င်းအားပြသရပါတော့သည်။ တဖတ်ပရိသတ်များ အတွက်လည်း ဗဟုသုတတိုးပွားစေရန်ရည်ရွယ်၍ အနှစ်ချုပ်ကို ထုတ်နုတ်ဖော်ပြအပ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ၏ "ရာဇသတ်ကြီး"၊ တ(၂၆)၊ အပိုဒ်(၉၆) ဖော်ပြချက်အရ။

ကာကွယ်ခုခံပိုင်ခွင့်အရပြုသော ပြုလုပ်မှုသည် ပြစ်မှုမမြောက်၊

ကာကွယ်ခုခံရာတွင် ပြုလုပ်မှု၌ ပုဒ်မ- (၉၉)ပါကန့်သတ်ချက်များကို မဆန့်ကျင်ဘဲ မည်သူမဆို . .

(၁) လူ့ကိုယ်နှင့် ပစ္စည်းများကို ခုခံပိုင်ခွင့်၊ (၂) စိတ်ပေါ့သွပ်သူ စသည်တို့၏ ပြုလုပ်မှုကိုတားဆီး ကာကွယ်ပိုင်ခွင့်ဟူ၍ ရှိ၏။

(၁) လူ့ကိုယ်နှင့်ပစ္စည်းများကို ခုခံကာကွယ်ပိုင်ခွင့်အရ လူ့ကိုယ်ကို ထိခိုက်ကျူးလွန် ပြစ်မှုကို တားဆီးရန်၊ မိမိကိုယ်နှင့် အခြားသူ၏ကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။ ခိုးမှု၊ လုယက်မှု၊ အကျိုးဖျက်ဆီးမှု၊ ရာဇဝတ်ပြစ်ဒဏ်ထိုက်သော ကျော်နင်းမှုကိုလည်းကောင်း၊ အဆိုပါပြစ်မှုမျိုးကို ကျူးလွန်ရန်အားထုတ်ခြင်း ကိုလည်းကောင်း တားဆီးရန် မိမိပိုင်ဖြစ်စေ၊ သူတစ်ပါးပိုင်ဖြစ်စေ၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ သို့မဟုတ် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။

(၂) စိတ်ပေါ့သွပ်သူတို့ ပြုလုပ်မှုကို ကာ ကွယ်ခုခံပိုင်ခွင့်အရ အသက်ငယ်ခြင်း၊ အမြော်မြင်အဆင်ခြင် မပြည့်စုံသေးခြင်း၊ စိတ်ပေါ့ သွပ်ခြင်း၊ မူးယစ်ခြင်း၊ ကြောင်းရင်းရာအမှန် မသိခြင်း တစ်ခုခုကြောင့်သာ ထိုပြုလုပ်မှုကိုပြုသူအတွက် ပြစ်ဒဏ်မထိုက်သော်လည်း၊ မည်သူမဆို ထိုပြုလုပ်မှုကိုတားဆီးရန် ပြစ်မှုမြောက်သော ပြုလုပ်မှုဖြစ်ဘိသကဲ့ သို့ ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။

အပိုဒ်(၉၉)

သေဘေး ဖြစ်စေရန် လည်းကောင်း၊ အပြင်းအထန် နာကျင်စေရန်လည်းကောင်း၊ စိုးရိမ်လောက်ဖွယ်ရာ အကြောင်း၊ ယုတ္တိမရှိသောပြုလုပ်မှုကို ပြည်သူ့ဝန်ထမ်းက ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် သဘောရိုးနှင့်ပြုလုပ်လျှင်၊ ပြုလုပ်ရန် အားထုတ်လျှင် ထိုသို့ပြုလုပ်ခြင်း၊ တစ်ခုခုမှာ ဥပဒေအရပြုပိုင်ခွင့်အတိအကျမရှိသော်လည်း ထိုပြုလုပ်မှုအားထုတ်မှုတစ်ခုခုကို တားဆီးရန် ခုခံကာကွယ်ပိုင်ခွင့်မရှိ။

ပြည်သူ့ဝန်ထမ်း၊ အာဏာပိုင်တို့ထံမှ အကာအကွယ်၊ အစောင့်ရှောက်ရနိုင်၍ တိုင်တန်းခွင့် အချိန်ရှိသည့်ကိစ္စများတွင်ကာကွယ် ခုခံပိုင်ခွင့်မရှိ၊ ကာကွယ်ခုခံရာတွင် ကာကွယ် ခုခံသောသဘောဖြင့် ဘေးအန္တရာယ်ပြုရန်လို အပ်သည်ထက်ပို၍ ပြုခွင့်မရှိ။

အပိုဒ်(၁၀၀)

အောက်ဖော်ပြပါပြစ်မှုများ အနက်ပြစ်မှုတစ်ခုခုကို အန္တရာယ်ပြုသူက ကျူးလွန်ခဲ့လျှင်၊ အထက်ပုဒ်မတွင် ဖော်ပြသည့်ကန့်သတ်ချက်များကို အထောက်အထားပြုကာ ထိုအန္တရာယ်ပြုသူကို သေစေရန်၊ အခြားဘေးရန်တစ်ခုခု ဖြစ်စေရန် မည်သူမဆို မိမိအလိုအလျောက်ပြု၍ လူ့ကိုယ်ကို ကာကွယ်ခုခံ ပိုင်ခွင့်ရှိသည်။ မကာကွယ်မခုခံလျှင် ဘေး



www.burmeseclassic.com

www.burmeseclassic.com

ဘေးရောက်စေခြင်းဌာ စိုးရိမ်ဖွယ်ရာဖြစ်လောက်အောင် အကြောင်းရှိသည့် လက် ရောက်မှု၊ မဘာကွယ်မခုခံလျှင် အပြင်းအထန် နာကျင်စေခြင်းအတွက် စိုးရိမ်ဖွယ်ရာ ဖြစ်လောက်အောင် အကြောင်းရှိသည့် လက်ရောက်မှုမှုဒိမ်းကျင့်ရန်အကြံအစည်နှင့် ကျူးလွန်သည့် လက်ရောက်မှု၊ ကာမရာဂစိတ်ကို ဓမ္မတာအတိုင်းမဟုတ်ဘဲ ရောင့်ရဲအောင် ပြုလုပ်ရန် ကျူးလွန်သော လက်ရောက်မှု၊ လူကိုခိုးယူရန် အကြံနှင့်သော်လည်းကောင်း၊ သွေးဆောင် ခေါ်ဆောင်ရန် အကြံနှင့်သော်လည်းကောင်း ကျူးလွန်သည့် လက်ရောက်မှု၊ လွတ်မြောက်ရေးအတွက် အာဏာပိုင်တို့ထံ တိုင်တန်းနိုင်ခွင့်မရနိုင်ဟု စိုးရိမ်ဖွယ်ရာဖြစ်လောက်အောင်အကြောင်း ဖြစ်စေပြီးလျှင် တစ်ဦးတစ်ယောက်သော သူအားမတရားချုပ်နှောင်ထား ရန်အကြံနှင့် ကျူးလွန်သည့် လက်ရောက်မှု။

အပိုဒ်(၁၀၁)

အန္တရာယ်ပြုသူက ဖြစ်မှုများအနက် တစ်ခုခုကို ကျူးလွန်ခဲ့သည် မဟုတ်လျှင် ထိုအန္တရာယ်ပြုသူ သေအောင်မည်သူမဆိုမိမိအလိုအလျောက်လူကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့်မရှိ။ သို့ရာတွင် ပုဒ်မ(၉၉)တွင်ဖော်ပြသည့် ကန့်သတ်ချက်များကိုအထောက်အထားပြုကာ အန္တရာယ်ပြုသူကို သေစေခြင်းမှတစ်ပါး၊ အခြားဘေးရန်ဖြစ်စေရန် မည်သူမဆို မိမိအလိုအလျောက်ပြု၍ လူကိုယ်ကိုကာကွယ် ခုခံပိုင်ခွင့်ရှိသည်။ လုယက်မှု၊ ညဥ့်အခါအိမ်ဖောက်ထွင်းမှု၊ အဆောက်အအုံ၊ယာဉ်စသည် တစ်ခုခုကို ဖျက်ဆီးမှု၊ မီးရှို့မှု၊ မကာကွယ်ကသေဘေး၊သို့မဟုတ်အပြင်းအထန်နာကျင်ခြင်းခံရမည်ကို စိုးရိမ်၍အကြောင်းရှိအောင် ကျူးလွန်သည့် ခိုးမှု၊ သို့တည်းမဟုတ်အကျိုးဖျက်ဆီးမှု၊သို့တည်းမဟုတ် အိမ်ကျော်နင်းမှု ဖြစ်စေရန်သော်လည်းကောင်း၊မည်သူမဆိုမိမိအလိုအလျောက်ပြု၍ ပစ္စည်းကို ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။ လုယက်မှုမှပစ္စည်းကာကွယ်ခုခံပိုင်ခွင့်သည် ပြုနေသမျှကာလပတ် လုံး၊ သို့တည်း မဟုတ်ပြုရန်အားထုတ်နေသမျှကာလပတ်လုံး၊သို့တည်းမဟုတ် ချက်ချင်းသေရမည်၊ချက်ခြင်းနာကျင်ခြင်းခံရမည်ဟုလည်းကောင်း၊ ချက်ချင်းအချုပ်နှောင်ခံရမည်ဟုလည်းကောင်း၊ ကြောက်ရွံ့ဖွယ်ဖြစ်အောင် ပြုနေသမျှကာလပတ်လုံးဆက်လက်တည်နေသည်။

"အင်း . . . အစ်ကိုရေ . .၊ ကျွန်တော်တို့ ထင်ထားတာထက် ပိုရှုပ်ထွေးလေးနက်တာ ပေါ့နော်။"

"သေချာတာပေါ့ မောင်စိုး၊ ထောင့်စေ့အောင်၊ ဟာကွက်မရှိအောင် ပြုလုပ်ထားတဲ့ ဥပဒေတွေပေါ့ကွာ။"

မောင်စိုးတစ်ယောက် ဥပဒေရေးရာကို သာမန်ကာလျှံကာ သိမြင်ထားရာမျှ ယခုကဲ့သို့လေးနက်ပေါ်လွင်သော ဥပဒေတရားစီရင် ထုံးများကို ကြားသိလိုက်ရ၍ များစွာအံ့သြစိတ်ဝင်စားသွားဟန်တူသည်။ ကျွန်တော်သည် မောင်စိုးအား ပိုမိုသဘောပေါက်စေရန် စီရင်ထုံးများ၊ ဥပဒေများထဲမှ တချို့ကို ထပ်မံထုတ် နုတ်ပြောပြလိုက်တော့၏။

"ဒီ ဥပမာလေးကိုကြည့်ကွာ၊ လူတစ်စုက မောင်ဖြူကိုသတ်ဖို့ ကြိုးစားတယ်။ မောင်ဖြူလက်ထဲမှာ သေနတ်ရှိနေပေမယ့် ပစ်လိုက်ရင် ဒီလူစုနဲ့ရောထွေး နေတဲ့ကလေးငယ်တွေ ကိုထိမှာစိုးလို့မပစ်ရဲဘူး။ သေနတ်မသုံးရင်လည်း သူ့အသက်အန္တရာယ်ရှိနေပြီ။ ဒီအခြေနေမှာ သေနတ်ထုတ် သုံးလိုက်လို့ မတော်တဆနဲ့ ကလေးတစ်ယောက်ကိုထိသွားရင် ကာကွယ်ခုခံသူ မောင်ဖြူသည် ဖြစ်မှုကျူးလွန်ရာ မရောက်ဘူး။ နောက်တစ်ခုက မောင်မဲက ရူးသွပ်နေသူဆိုပါတော့၊ အရူးမောင်မဲက မောင်ဖြူကို သတ်ဖို့ကြိုးစားတယ်။ ဒါပေမယ် မောင်မဲမှာ အပြစ်မရှိ၊ မောင်မဲ တကယ်မရူးဘူး ဆိုရင်တော့ မောင်ဖြူမှာ ကာကွယ်ခုခံပိုင်ခွင့်ရှိတယ်။ ပြီးတော့ ဒီစီရင်ထုံးကို နားထောင်ကြည့်ဦး။ မောင်ဖြူသည်ဥပဒေနှင့်အညီဝင်ခွင့်ရှိသော အိမ်တစ်အိမ်သို့ ညဥ့်အခါဝင်ရောက်၏။ မောင်မဲက မောင်ဖြူကိုသူခိုးအမှတ်နှင့်အန္တရာယ်ပြု၏။ မောင်မဲသည် အကြောင်းရင်းအမှန် မသိဘဲ မောင်ဖြူအားအန္တရာယ်ပြုသော်လည်း ဖြစ်မှုမမြောက်။ သို့သော်မောင်မဲသည် အကြောင်းအရာသိလျက်နှင့် အန္တရာယ်ပြုဘိသကဲ့သို့ မောင်ဖြူမှာလည်း၊ အန္တရာယ်ကိုတားဆီးရန် ကာကွယ်ခုခံပိုင်ခွင့်ရှိ၏ . . .တဲ့။"

"အတော် ရှင်းလင်းသွားပါပြီ အစ်ကို၊ အစ်ကို ဆီလာရတာ လာရကျိုးနပ်သွားပြီ . . ."

ဟု မောင်စိုးကဆို၍ နှုတ်ဆက်ကာ ပြန်သွားလေတော့သည်။

ကျွန်ုပ်သည်လည်း အများပြည်သူတို့အား မိမိကိုယ်မိမိ ခုခံကာကွယ်ပိုင်ခွင့်နှင့် ပတ်သက်၍သိရှိစေရန်တင်ပြလိုစိတ်နှင့် စာရေးစားပွဲသို့ ထလာခဲ့မိတော့၏သတည်း။ ။

ဝသုန်ဟိန်းထက်

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အချစ်အတွက် စွန့်စားဝံ့သူ

## ခင်မောင်ထွန်း(လမ်းမတော်)

မိုးရာသီကာလဖြစ်၍ မိုးကရွာသွန်းမစဲ တသဲသဲပင် ဖြစ်နေသည်။ နံနက်ခင်း(၉)နာရီပင်ထိုး၍ နေချေသည်။ သို့တိုင်အောင်ပင် ညဦးပိုင်းက ရွာသွန်းဖြိုးလာခဲ့သော မိုးကမစဲသေး။ အရှိန်အဟုန်ကောင်းစွာ ရွာသွန်းနေဆဲပင် ရှိနေသေးသည်။

ဗဟန်းမြို့နယ်နှင့် ဒဂုံမြို့နယ်တို့ ပါဝင်သော အမှတ်(၈)နယ်မြေကို ကွပ်ကဲရသော နယ်စီးရဲအရာရှိ ရဲတပ်ဖွဲ့မှူးအဖြစ် တာဝန်ထမ်းဆောင်နေသော ကျွန်တော်က နှစ်ထပ်တိုက် အဆောက်အအုံအပေါ်ထပ်ရှိ ရုံးခန်းပြတင်းပေါက်မှ ကျွန်တော်၏ နေအိမ်ရှိရာသို့ ကြည့်နေသည်။ ကျွန်တော်၏ နေအိမ်မှာ ဗဟန်းရဲစခန်းဝင်းရှိ နှစ်ထပ်တိုက်အဆောက်အအုံ(ယခုလမ်းချဲ့ ဖျက်သိမ်းထားပြီးဖြစ်သည်) ရုံးခန်းနှင့် ကပ်လျက်ရှိသော လမ်းငယ်တစ်ခုသာ ခြားနေသည်။ ကျွန်တော်က အရှိန်အဟုန်မပျက် ရွာသွန်းကျဲချနေသော မိုးရေပေါက်များကို ကြည့်နေမိပြန်သည်။

မြေပြင်ပေါ်သို့ ကျရောက်လာခဲ့ကြသော မိုးရေစက်များက စုစည်းမိသွားခဲ့ကြသောအခါ အင်အားကောင်းစွာဖြင့် အနိမ့်ပိုင်းသို့ စီးဆင်းသွားနေကြသည်ကို တွေ့မြင်နေရသည်။

မိုးရေများကို ကြည့်နေသည့် ကျွန်တော်၏ မြင်ကွင်းအတွင်းသို့ ရဲစခန်းမှအကူစာရေးဖြစ်သောရဲတပ်ကြပ်စံအောင်က မိုးရေစက်များအကြားတွင် လျှောက်လှမ်းလာနေသည်။

ရဲတပ်ကြပ်စံအောင်သည် ရဲစခန်းတွင် အချိန်ပြည့်ထိုင်၍ အကူစာရေးတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်တတ်သူဖြစ်သည်။

ရဲတပ်ကြပ်စံအောင်၏ အသက်မှာ (၅၀)ပတ်ဝန်းကျင်တွင်သာ ရှိသေးသူဖြစ်သည်။ သူ့ကို အလုပ်ကြိုးစား၍ တာဝန်ကျေပွန်သူအဖြစ် ကျွန်တော် သိထားခဲ့ပါသည်။

ရဲတပ်ကြပ်စံအောင်၏ လှုပ်ရှားသွားနေပုံက ထူးခြားနေသည်။ သူက ကျွန်တော်ရှိရာသို့ လာနေသည့်အတွက် ကျွန်တော့်အားတင်ပြရန် ထူးခြားသော သတင်းရှိနေပြီဖြစ်ကြောင်း ကျွန်တော် ကြိုတင်၍ သိလိုက်သည်။

ကျွန်တော်ထင်သည့် အတိုင်းပင် ရဲတပ်ကြပ်စံအောင်က ကျွန်တော့်၏ ရှေ့သို့ ရောက်သည့်အခါ အလေးပြုပြီး သတင်းပို့သည်။

"ဆရာ ရွှေတောင်ကုန်းရပ်ကွက် ဒေါက်တာထင်ပေါ်ရဲ့ အိမ်မှာ ညက စိန်ဆံထိုး ပျောက်သွားခဲ့တဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ဖုန်းဆက်ပြီး အကြောင်းကြားလာပါတယ်"

"ဟေ ဟုတ်လား..."

"ဟုတ်ပါတယ် ဆရာ၊ အဲဒီကိစ္စကို ဆရာ့ကိုသတင်းပို့ ထားပေးပါဆိုလို့ ကျွန်တော် သတင်းလာပို့တာပါဆရာ"

"အေး ဟုတ်ပြီ ဒါထက် ဆရာစံအောင်"

"ဗျာ ဆရာ..."

"အဲဒီကိစ္စအတွက် ဘာလုပ်ထားပြီးပြီလဲ"

"မှတ်တမ်းရေး ဖွင့်ထားပြီးပါပြီ ဆရာ"

"အင်း...ကောင်းတယ်"

"ဟုတ်ကဲ့...ကောင်းပါပြီ ဆရာ"

အကူစာရေးဖြစ်သော ရဲတပ်ကြပ်ဆရာစံအောင်က ကျွန်တော့်ကိုအလေးပြုပြီး ကျွန်တော့ရှေ့မှ ပြန်လည်ထွက်ခွာသွားသည်။

ကျွန်တော့်၏ စိတ်အစဉ်က ဒေါက်တာထင်ပေါ်ထံသို့ ရောက်ရှိသွားခဲ့သည်။ ဒေါက်တာထင်ပေါ်ဆိုသည်က ကျွန်တော်၏ အစ်ကိုကြီးသဖွယ် ခင်မင်လေးစားရသော သူတစ်ယောက်ဖြစ်သည်။ ဒေါက်တာထင်ပေါ်က အစိုးရဌာနတစ်ခု၏ တာဝန်ခံဝန်ထမ်းကြီးတစ်ဦးဖြစ်ပါသည်။ ကျွန်တော်က ဒေါက်တာထင်ပေါ် တစ်ဦးတည်းကိုသာမက သူ၏ မိသားစုများ အားလုံးနှင့်လည်း ခင်မင်ခဲ့တယ်။ ထို့ကြောင့် ကျွန်တော်က ဒေါက်တာထင်ပေါ်ကို မိသားစုနေထိုင်ရာ နေအိမ်သို့ မကြာခဏ သွားလာဝင်ထွက် လည်ပတ်ဖူးသည်။ ကျွန်တော်က ရဲဝန်ထမ်းတစ်ဦးဖြစ်သည်။ ကျွန်တော်အပါအဝင် ရဲတပ်ဖွဲ့ဝင်များသည် ရဲတပ်ဖွဲ့အားကိုး၍ လာရောက်အမှုဖွင့် တိုင်ကြားသူများအတွက် အားကိုးရကျိုးနပ်အောင် အမှုမှန်ဖော်ထုတ်ပေးရန် တာဝန်ရှိကြသည်။

ထို့ကြောင့် ဖြစ်ပွားလာခဲ့သည့် အမှု ကြီးသည်ငယ်သည်ဟူ၍ ရွေးချယ်မနေရဘဲ အချင်းဖြစ်နေရာသို့ ချက်ချင်းသွားရောက်ရမည်ဖြစ်သည်။ယခုအခြင်းဖြစ်နေရာသို့ကျွန်တော် ရောက်အောင်သွားသည်။ ဒါကကျွန်တော့်အားမန္တလေးရဲအတတ်သင် သိပ္ပံကျောင်းမှ သင်ကြားပို့ချပေးခဲ့သော သင်ခန်းစာတစ်ရပ်ကို လက်တွေ့လိုက် နာဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။

ကျွန်တော်က စခန်းမှူးဦးလှညွန့်နှင့် ဒုရဲအုပ်ဦးစိန်တို့ကို ခေါ်ယူ၍အခြင်းဖြစ်ပွားခဲ့ရာ ရွှေတောင်ကုန်းရပ်ကွက်ရှိ ဒေါက်တာထင်ပေါ်တို့၏ အိမ်သို့ သွားရောက်ခဲ့သည်။ကျွန်တော်တို့အဖွဲ့ စီးနင်းလိုက်ပါလာကြသည့်အခါ အစ်ကိုကြီး ဒေါက်တာထင်ပေါ်နှင့် မိသားစုတို့အား အိမ်အဝင်ပေါက်တံခါးဝမှ ကြိုဆိုနေကြသည်ကို တွေ့မြင်ရသည်။ ကားပေါ်မှ ဆင်းလိုက်သည့်ကျွန်တော့်အား ဒေါက်တာထင်ပေါ်က ဝမ်းသာအားရနှုတ်ဆက်ဦးစွာကြိုဆိုသည်။

"ဟာ...ညီလေးလေ ပါခဲ့တာကိုး..."

လာပါ...လာပါ၊ အိမ်ထဲကို ဝ
ပါ"

ကျွန်တော်နှင့်အဖွဲ့က ဒေါက်
ထင်ပေါ် ခေါ်ဆောင်ရာသို့ လိုက်ပါ
ခဲ့ကြသည်။ လုပခန်းညားမှ ထ
လွှန်းလှသော ညှော်ခန်းအတွင်းရှိ ဆ
ဆက်တီထိုင်ခုံမှာ ဝင်ထိုင်မိကြသ
အခါ ကျွန်တော်က မေးလိုက်သ

"ဘယ်လိုဖြစ်တာလဲ...အစ်ကို

"ညက အမေ့ရဲ့ စိန်ဆံထိ
မှန်တင်ခုံပေါ်မှာ တင်ထားခဲ့တ
နံနက်မိုးလင်းတော့ ပျောက်နေတ
ဒါကြောင့် ရဲစခန်းကို ဖုန်းဆက်
အကူအညီတောင်းခဲ့ရတာပါ၊ အား
နာပါရဲ့ဗျာ"

"အမှုတစ်ခုခုဖြစ်လာခဲ့ရင်
ရမှာက ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝ
ရဲ့ တာဝန်ပါ။ အားနာစရာ မလို
အစ်ကိုကြီးရာ..."

"အင်း...အိမ်မှာကလဲ
ဆိုလို့ တစ်ယောက်မှ မရှိဘူးလေ

"ကျွန်တော်တို့ရဲ့ရဲတပ်ဖွဲ့ကလဲ
လို မိုးရာသီအတွင်းမှာ မှုခင်း
ကျဆင်းအောင် ကြိုးစားဆောင်ရွ
ကြပါတယ်။ ကျွန်တော်တို့
ဖော်ထုတ်ပေးပါ့မယ်။ ထို့နောက်
တာထင်ပေါ်က ကျွန်တော်နှင့်
ချုပ်ဆိုင်ရှိ ထိုင်ခုံကွင်း ထိုင်လ
သူ၏ အသက်ငွေမဖြစ်သူ
သို့ ကြည့်လိုက်ရင်း...

"ကဲ...အမေပဲ ပြော

www.burmeseclassic.com

"...လေ ပြောမှာပေါ့ကွယ်"

ကျွန်တော်က ဒေါ်မြမြကို ကြည့်၍ ပြောလိုက်သည်။

"ဟုတ်ကဲ့ပြောပါ အမေ"

"အင်း…ဒီအိမ်မှာက အမေရယ်၊ သားရယ်၊ သမီးရယ် ပြီးတော့ မြေးသုံးယောက်ရယ် စုစုပေါင်းမှ မိသားစု ခြောက်ယောက်ပဲရှိတယ်"

"ဟုတ်ကဲ့ပါ အမေ"

"မနေ့ညက အမေ့သူငယ်ချင်း တစ်ယောက်ရဲ့ အိမ်မှာ ဘုရားကိုးဆူ ပူဇော်ပွဲရှိလို့ စိန်ဆံထိုးကို ခေါင်းမှာ ထိုးပြီးသွားခဲ့တယ်"

"ဟုတ်ကဲ့ပါ၊ အမေ"

"ဘုရားကိုးဆူပွဲက ပြန်တဲ့အခါမှာ ခေါင်းထဲက မူးနောက်နောက်ဖြစ်နေလို့ စိန်ဆံထိုးကို အိပ်ရာဘေးမှာရှိတဲ့ ခုံတင်ခုံပေါ်မှာ တင်ထားပြီး အဝတ် လဲဖို့တောင်မှမလဲနိုင်ဘဲ ခုတင်ပေါ်မှာမှိန်း နေရင်းက အိပ်ပျော်သွားခဲ့တယ်လေ"

"ဟုတ်ကဲ့ ဆက်ပြီးပြောပါ အမေ"

"နောက် အိပ်ရာက နိုးလာလို့ ခုံတင်ခုံပေါ်မှာတင်ထားခဲ့တဲ့ စိန်ဆံထိုး ကိုကြည့်လိုက်တဲ့အခါ မတွေ့ရတော့ ဘူးလေ"

"အဲဒီ စိန်ဆံထိုးက ဘယ်လောက် တန်မယ်ထင်ပါသလဲ အမေ"

ကျွန်တော်၏ အမေးကြောင့် ဒေါ်မြမြ ခေတ္တမျှ စဉ်းစားနေသည်။ ပြီးနောက် စကားကိုဆက်၍ ပြောသည်။

"အင်း ဒီပစ္စည်းက လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀-လောက်ကတည်းက ဝယ်ထားခဲ့တာပါ။ အခုပေါက်ဈေးနဲ့ဆို ရင်တော့ အင်းဆယ်သိန်းကျော်လောက် တန်မယ်ထင်ပါတယ်ကွယ်"

"အားပါးပါး . . . ဆယ်သိန်းဆိုပါ လား"

ကျွန်တော်က လိုအပ်သည်များကို မေးမြန်းစုံစမ်းသည်။ ကျွန်တော်သိလို သည့်အချက်များကို မေးမြန်း၍ ပြီးစီး သွားသောအခါ ဒေါ်မြမြ၏ အိပ်ခန်းကို ဝင်ရောက် ကြည့်ရှု စစ်ဆေးသည်။ ဒေါ်မြမြ၏ အိပ်ခန်းတွင် ပြတင်းပေါက် (၂)ပေါက်ရှိနေသည်။ တစ်ပေါက်က အိပ်ရာဘေးတွင်ကပ်လျက်ရှိနေပြီး ကျန် သောပြတင်းပေါက်တစ်ပေါက်မှာအိပ်ရာ ၏ ခေါင်းရင်းဘက်တွင် ရှိနေသည်။

ထိုပြတင်းပေါက် နှစ်ပေါက်လုံးတွင် သံတိုင်များစိုက်ထားပြီး တံခါးရွက်များ ကိုမှန်များဖြင့် တပ်ဆင်ထားကြောင်း တွေ့ရှိရသည်။ ထိုပြတင်းပေါက် နှစ်ခု လုံး၏မှန်များကား အက်ကွဲနေသည့် ဒဏ်ရာပင်မရှိ။ ကျွန်တော်က ပြတင်း ပေါက်များကို စစ်ဆေးပြီးသည့်အခါ အိမ်မကြီးအတွင်းသို့ ဝင်သည့်တံခါး ပေါက်ကြီးကိုကြည့်ရှုစစ်ဆေးခဲ့ပြန်သည်။ ထိုတံခါးပေါက်ကြီးတွင် တပ်ဆင်ထား သည့်သစ်သားပျဉ်ချပ်များမှာခိုင်သည်၊ ခန့်သည် စိတ်ချ လောက်အောင် လုံခြုံသည်ကိုတွေ့မြင် ခဲ့ရပြန်သည်။

ထို့နောက် ခြံဝင်းနှင့်တံခါးတို့ကို လေ့လာကြည့်ရှု စစ်ဆေးခဲ့ပြန်သည်။ ခြံဝင်းကို အုတ်တံတိုင်းဖြင့် ကာရံထား သည်။ အုတ်ရိုးအပေါ်တွင် တောင့်တင်း၍ ခိုင်မာသော သံချောင်းများ စိုက်ထူ ထားသည်။ ခြံဝင်ပေါက်တံခါးကိုလည်း ခိုင်ခန့်သော သံတိုင်များ ပြုလုပ်ထား သည်ကို တွေ့မြင်ရသည်။ ကျွန်တော်က အိမ်နှင့် ခြံဝင်းအတွင်းကို လေ့လာ ကြည့်ရှုစစ်ဆေးပြီးသောအခါ စိတ် အတွင်း၌ မှတ်ချက်ချမိသည်။

"အပြင်လူ လုံးဝမဝင်နိုင် . . ."

ထို့ကြောင့် ကျွန်တော်က စဉ်းစား ကြည့်ပြန်သည်။

"ဘယ်သူယူသလဲ . . ၊ ဘယ်သူ ယူသလဲ . . ."

အဖြေကိုတော့ ရအောင်ရှာဖွေ ရမည်ဖြစ်ပါသည်။ ဖုံးကွယ်ထားသည်ကို ပေါ်ပေါက်အောင် စုံစမ်းရှာဖွေဖော်ထုတ် ကြရမည်က ကျွန်တော်တို့ ရဲတပ်ဖွဲ့ ဝင်များ၏ တာဝန်ပင်ဖြစ်သည်။

ကျွန်တော်နှင့်အဖွဲ့က လိုအပ်သည့် ကိစ္စများကို ဆောင်ရွက်ပြီးသည့်အခါ ဒေါက်တာထင်ပေါ်တို့ မိသားစုကို နှုတ် ဆက်သည်။ နှုတ်ဆက်စကားပြောဆိုပြီး ပြန်ထွက်လာခဲ့ကြသည့် ကျွန်တော်တို့ အဖွဲ့ကို ဒေါ်မြမြက ပြောသည်။

"ဒီမှာ သား . . ."

"အမေဘာများ ပြောစရာရှိပါသေး သလဲ၊ ပြောပါ"

"အိမ်မှာ ပစ္စည်းတစ်ခုခုပျောက်ခဲ့ ရင် အမေတို့သွားပြီး မေးနေကျပစ္စည်း ပျောက်မေးတဲ့ ဆရာတစ်ဦး တာမွေ ဘက်မှာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ခြေသြဲ့ ဟုတ်လား…"

"အရင်တစ်ခါ ပစ္စည်းပျောက် နှ က သွားမေးတာ သူပြောလိုက်တဲ့ အတိုင်း ပြန်ရခဲ့တယ်၊ ဒါကြောင့် ဒီနေ့ နံနက်မှာ အစောကြီးထပြီး မေးခဲ့တယ်"

"သူက ဘာတွေပြောလိုက်ပါသလဲ"

"အိမ်မှာရှိတဲ့ အိမ်ဖော်တစ်ခုလပ်မက ယူထားတယ်လို့ အတိအကျ ပြောလိုက်တယ်လေ"

"အေး…ရှိတယ်၊ အိမ်ဖော်က နှစ်ယောက်တောင်မှ ရှိနေတယ်၊ တစ်ယောက်က ကုလားမ သူကအပျို၊ တစ်ယောက်ကတော့ မြန်မာလူမျိုး၊ သူက တစ်ခုလပ်နာမည်က မခင်သိန်းလို့ ခေါ်တယ်၊ အခု မခင်သိန်းက မျက်နှာ ပျက်နေတယ်၊ အဲဒီပစ္စည်းပျောက်ဟော တဲ့ ဆရာက မှာလိုက်တယ်"

"ဘာများ မှာလိုက်သေးတာလဲ အမေ"

"သူ့ကို မြန်မြန်ဖမ်းပြီး စစ်ပါတဲ့၊ ဒါကြောင့် မခင်သိန်းကို ရဲစခန်းခေါ်သွားပြီး စစ်ရင်ချက်ချင်းပေါ်လိမ့်မယ်၊ ဒီတော့ လက်မလွှန်ခင် မြန်မြန်လေးစစ်ပေးပါ။

ဒေါ်မြမြပြောလိုက်သော စကားအတွင်း၌ "ပစ္စည်းပျောက်ဟောကြားသူအကြောင်း" ပါသည့်အတွက် … ကျွန်တော် စဉ်းစားရပြန်သည်။ ထိုသူများ၏ ဟောကြားချက်များကြောင့် ရဲတပ်ဖွဲ့ပစခန်းများနှင့် ပစ္စည်းပျောက်တိုင်ကြားသူများအကြားတွင် အဆင်မပြေမှုတည်းဟူသော ပြဿနာများ မကြာခဏ ပေါ်လာခဲ့ကြရသည်။

အမှုကို ကိုင်တွယ်စစ်ခဲ့ကြသော အမှုစစ်များအတွက် စိတ်ညစ်စရာများနှင့် ကြုံတွေ့ခဲ့ကြရသည်။ ဆရာဟူသော အမည်ကို ခံယူကာ ပစ္စည်းပျောက်ဟောသူများက အမည်တပ်၍ ဟောလိုက်ကြသည်။ ပစ္စည်းပျောက်သူများက ရဲစခန်းသို့ လာရောက်အမှုဖွင့်တိုင်ကြားပြီး အတပ်ဟောဆရာမှ ပြောကြားလိုက်သူများကို အတင်းဖမ်းခိုင်းပြီး စစ်ဆေးခိုင်းကြသည်။ ထိုသို့သောဖြစ်ရပ်များနှင့် မတွေ့မကြုံခဲ့ဖူးသောရဲများ ရှိလိမ့်မည်ဟုမထင်၊ ယခုလည်းကြည့်။

ရဲစခန်းသို့ ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားပြီး ပစ္စည်းပျောက်ဟောသည်ဆိုသော ဆရာအမည်ခံထားသူထံသို့ မနက်အစောကြီး သွားရောက်မေးမြန်းထားပြီးပြီ။

ထိုသူက အတိအကျ ဟောလိုက်သည်ဟုလည်း ပြောနေသည်။ ပြီးတော့ ဟောကြားချက်တွင် ပါဝင်နေသည့် အမည်ပိုင်ရှင်ကိုလည်း ဖမ်းဆီးစစ်ဆေးခိုင်းသည်။ကျွန်တော်အပါအဝင် ရဲတပ်ဖွဲ့ဝင်များက မည်သို့သော အထောက်အထားဖြင့် ထိုသူအား ဖမ်းဆီးစစ်ဆေးရပါမည်နည်း။ အတပ်ဟောသည် ဆိုသော သူကပြောတိုင်း "မသင်္ကာသူ" ဟူ၍ စွပ်စွဲပြီး ရဲတပ်ဖွဲ့ဝင်များက ဖမ်း၍ မဖြစ်နိုင်။ လူတစ်ယောက်ကို သင်္ကာမကင်းဖြစ်ခဲ့လျှင် အထောက်အထားခိုင်လုံမှုရမည်။ သေချာရမည်။ သို့မှသာ ထိုသူအား ရဲက စစ်ဆေးနိုင်သည်၊ ဖမ်းဆီးနိုင်သည်။

"လူဆိုးတစ်ရာကို ဖမ်းဆီးရ မရ မသိသော်လည်း လူကောင်းတစ်ယောက်အား မှားယွင်းဖမ်းဆီးခြင်း မရှိစေရ" ဟူသော စကားကို အထက်အရာရှိများက မကြာခဏ သွန်သင် ဆုံးမမှာကြားထားခဲ့သည်။

ယခုဒေါက်တာထင်ပေါ်၏ ယောက္ခမဖြစ်သူ ဒေါ်မြမြက အတတ်ဟောဆရာဆိုသူ၏ ဟောကြားချက်အတိုင်း အိမ်ဖော်ဖြစ်သော တစ်ခုလပ်မ မခင်သိန်းအား ချက်ချင်းဖမ်းဆီး စစ်ဆေးပေးရန် ကျွန်တော့်ကို တောင်းဆိုနေသည်။ သို့ဖြစ်၍ ကျွန်တော်စဉ်းစားနေရပြီ၊ ထို့နောက် ကျွန်တော် ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်သည်။

ကျွန်တော်ဒေါ်မြမြကို ပြောလိုက်သည်။

"ကဲ အမေ ဒီအိမ်မှာ ရှိနေကြတဲ့ အိမ်ဖော်နှစ်ယောက်လုံးကို ခေါ်ပေးပါ"

"မခင်သိန်း တစ်ယောက်ထဲကိုပဲ ခေါ်ပေးလို့ မရဘူးလား"

"နှစ်ယောက်စလုံးကို ကျွန်တော် စစ်ဆေးကြည့်ချင်လို့ပါ"

"အေးလေ နှစ်ယောက်လုံးကို ခေါ်ပေးပါဆိုတော့လဲ ခေါ်ပေးရမှာပေါ့ကွယ်"

ဒေါ်မြမြက ပြောရင်း ထိုင်ရာမှ ထပြီး အိမ်နောက်ဘက်သို့ ထွက်သွားသည်။ အိမ်၏ အနောက်ဘက်တွင် တန်းလျားတစ်ခုရှိသည်။ ထိုတန်းလျားတွင် အိမ်ဖော်များအား နေထိုင်ခွင့်ပေးထားသည်။ မကြာမီမှာပင် ဒေါ်မြမြ ပြန်ရောက်လာသည်။ ဒေါ်မြမြ၏နောက်တွင်



www.burmeseclassic.com

www.burmeseclassic.com

မြန်မာအမျိုးသမီးတစ်ယောက်နှင့် ကပြား အမျိုးသမီးတစ်ယောက်တို့ လိုက်ပါလာခဲ့ကြသည်ကိုတွေ့မြင်ရသည်။ အိမ်ဖော် အမျိုးသမီးနှစ်ယောက် ကျွန်တော်အပေါ် အဝင် ရဲတပ်ဖွဲ့ဝင်များကို မကြည့်ရဲ၊ ကျွန်တော်တို့ ထိုင်နေကြသည့် ရှေ့တည့်တည့်ရှိ ကြမ်းပြင်ပေါ်တွင်ခေါင်းငုံ့လျက် ထိုင်လိုက်ကြသည်။ ထိုသူနှစ်ယောက်တို့ ကိုကြည့်လျက် ဒေါ်မြမြက ပြောသည်။

"ဟဲ့ ခင်သိန်း...ညည်းယူထားတဲ့ ပစ္စည်းကို ထုတ်ပေး။ မပေးရင်တော့ ညည်းကို ဒီကရဲအရာရှိတွေရဲ့ လက်ထဲ အပ်လိုက်တော့မယ်"

ဒေါ်မြမြက စကားကို ရပ်ထားပြီး မခင်သိန်းဆိုသူကို ကြည့်နေသည်။ မခင်သိန်းဆိုသူက ဦးခေါင်းငုံ့ထားပြီး ရှိုက်၍ငိုနေသည်။ ကျွန်တော်နှင့်အဖွဲ့က အခြေအနေကို စောင့်ကြည့် အကဲခတ်နေကြသည်။ ဒေါ်မြမြထံမှ စကားသံများ ထွက်ပေါ်လာခဲ့ပြန်သည်။

"ကဲ ခင်သိန်းကိုသာ ခေါ်သွားကြပါတော့ကွယ်"

ကျွန်တော်က ဒေါ်မြမြကို ကြည့်လိုက်သည်။ ထိုအခါ ဒေါ်မြမြက ကျွန်တော် ပြန်ကြည့်ရင်း ပြောလိုက်ပြန်သည်။

"ဒီဟာမက ရဲစခန်းကိုရောက်မှ ပြောလိမ့်မယ်၊ ဒီတော့ သူ့ကို ခေါ်သွားပြီး ရဲစခန်းရောက်မှပဲ စစ်ဆေးကြပေတော့ကွယ်"

ခက်တော့ အတော်လေးကို ခက်သည်။ ကျွန်တော်က ရှေ့တည့်တည့် ကြမ်းပြင်တွင် ကျုံ့ကျုံ့လေးထိုင်နေကြသော အိမ်ဖော်မလေးနှစ်ယောက်ကို ကြည့်နေသည်။ ကျွန်တော်နှင့်အတူလိုက်ပါလာခဲ့ကြသော စခန်းမှူးဦးလှညွန့် နှင့် ခုရဲအုပ်ဦးစိန်တို့က တာဝန်အရ အိမ်ဖော်မလေး နှစ်ယောက်တို့အား မေးမြန်းနေကြသည်။ ကျွန်တော်က မည်သို့မျှဝင်ရောက်စွက်ဖက်မေးမြန်းခြင်းမပြုလုပ်ခဲ့။ အိမ်ဖော်မလေး နှစ်ယောက်တို့ကိုသာ အကဲခတ်ကြည့်ရှု လေ့လာနေသည်။

ထိုသို့ အကဲခတ်လေ့လာကြည့်ရှုနေစဉ်မှာပင် အိမ်ဖော်မလေးနှစ်ယောက်အနက် မည်သူသည် တရားခံဖြစ်သည် ဆိုသော အသိက ကျွန်တော်၏ဦးနှောက်အတွင်းသို့ ဝင်ရောက်လာသည်။ ဤသည်ကား ကျွန်တော်၏ လုပ်သက်ကာလအတွင်းရရှိလာခဲ့သော အတွေ့အကြုံများအား သင်ကြားပေးခဲ့သော လူ့ကဲခတ်နည်း ပညာပင်ဖြစ်ပါသည်။ ကျွန်တော်က စခန်းမှူး ဦးလှညွန့်နှင့် ခုရဲအုပ်ဦးစိန်တို့ကို လှမ်းကြည့်ရင်း အရိပ်အကဲခြင်း ဆက်သွယ်သည်။ ကျွန်တော့်အယူအဆကို သူတို့က သိရှိကြသည်၊ ခေါင်းညိတ်သဘောတူကြသည်။ ထို့ကြောင့် ကျွန်တော်က ဒေါ်မြမြကိုပြောလိုက်သည်။

"ကဲ မစန်းသီကို ရဲစခန်းသာ ခေါ်သွားပြီး ကျွန်တော်တို့စစ်ဆေးပါရစေ"

ကျွန်တော့်စကားကြောင့် ဒေါ်မြမြထံမှ အံ့သြဖွယ် စကားသံများ ထွက်လာခဲ့ကြသည်။

"ဘာ...ဘယ်လို ဘယ်လို မစန်းသီကို ရဲစခန်းခေါ်သွားပြီး စစ်မယ် ဟုတ်လား..."

"ဟုတ်ပါတယ်ခင်ဗျ"

"အိုကွယ် မစန်းသီကို စစ်နေရင် အချိန်ကြာသွားမှာပေါ့"

"မကြာစေရပါဘူး ခင်ဗျ"

"မဖြစ်ဘူးထင်တယ်"

"ဘယ်လိုကြောင့်ပါလဲ ခင်ဗျာ"

"မစန်းသီက တရားခံမှ မဟုတ်တာဘဲ၊ ပြီးတော့ အတပ်ဟောလိုက်တဲ့ ဆရာကြီးကလည်း မခင်သိန်းပါလို့ အတိအကျပြောလိုက်တာပဲ၊ ခင်သိန်း ငိုနေတာကိုလဲ ကြည့်ပါဦးလေ ဒီတော့ ခင်သိန်းကိုပဲ ခေါ်သွားပြီးစစ်ပေးပါ"

"ဒီအိမ်က ပျောက်ဆုံးသွားခဲ့ပါတယ်ဆိုတဲ့ စိန်ဆံထိုးကို နာရီပိုင်း အတွင်းမှာ ပြန်ရပစေမယ်ဆိုတဲ့ ကတိကို ကျွန်တော်ပေးပါတယ်၊ ကျွန်တော်တို့က အမှန်တရားကို ဖော်ထုတ်ပေးတဲ့ ရဲအရာရှိတွေပါ။ ပစ္စည်းပျောက်ပောတယ်ဆိုတဲ့ ဆရာအမည်ယူထားသူတွေရဲ့ ပြောတဲ့အတိုင်းလုပ်လို့မရပါဘူး"

ကျွန်တော်ဒေါ်မြမြအား ပြောကြားနေသည့်စကားကိုရပ်လိုက်ပြီး ခုရဲအုပ်ဦးစိန်ကို ပြောလိုက်သည်။

"ကဲ ဦးစိန် ..."

"ဗျာ ဆရာ..."

"ဂမုန်းပန်းပင်စိုက်ထားတဲ့ ကြေးပန်းအိုးကို မစန်းသီကို မ,နိုင်ပြီး ကားပေါ်ကို ခေါ်သွားပေတော့"

ကျွန်တော်ကပြောရင်း ဒေါ်မြမြဘေးတွင်ရှိသော ပန်းအိုးကို လက်ညှိုးဖြင့်ညွှန်ပြလိုက်သည်။ ထိုအခါ မစန်းသီဟုခေါ်သော အိမ်ဖော်ကုလားမလေးက ဒေါ်မြမြအား အကူအညီတောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com

"မေမေကြီးရယ်...ကျွန်မကို ကယ်ပါဦး...ကျွန်မလဲ ဘာမှမယူရသေးဘဲ နဲ့ ကျွန်မကို ဖမ်းမလို့တဲ့၊ ကျွန်မကို ကယ်ပါဦးမေမေကြီးရဲ့"

ထို့ကြောင့် ဒေါ်မြမြအပါအဝင် ဒေါက်တာထင်ပေါ်ကိုအားလုံးနားမလည်သော အကြည့်များဖြင့် ကျွန်တော်ကို ကြည့်နေကြသည်။ ကျွန်တော်က ဒေါက်တာထင်ပေါ်တို့ မိသားစုများကို ကြည့်နေသည်။ ထို့နောက် ဒုရဲအုပ်ဦးစိန်ကို အချက်ပြလိုက်သည်။

ထိုအခါ ဒုရဲအုပ်ဦးစိန်က မစန်းသီကို ပြောသည်။

"ကဲ...မစန်းသီ ထ...ဒီပန်းအိုးအနားကို လာခဲ့ပါ"

ဒုရဲအုပ် ဦးစိန်၏ စကားဆုံးသွားသည့်အချိန်တွင် အိမ်ဖော်ကုလားမလေး မစန်းသီက ပန်းအိုးအနားသို့ တိုးကပ်ရောက်ရှိသွားသည်။ ထိုအခါကျွန်တော်ကလည်း ပန်းအိုးများသို့ သွားနေပြီး ဒေါ်မြမြနှင့် ဒေါက်တာထင်ပေါ်တို့ မိသားစုကိုလည်း ပန်းအိုးအနီးသို့ခေါ်ယူလိုက်သည်။

"ကဲ အမေမြမြရေ ... ကိုကြီးတို့ရော ဒီပန်းအိုးအနား ... ကြွခဲ့ကြပါ"

"ဘာဖြစ်လို့လဲ"

"ဒီပန်းအိုးထဲမှာ ထူးခြားတာကလေးရှိနေလို့လာပြီး ကြည့်စေချင်တာပါ"

ကျွန်တော်၏ ဖိတ်ခေါ်ချက်ကြောင့် ဒေါ်မြမြ အပါအဝင် ဒေါက်တာထင်ပေါ်တို့ မိသားစုက ပန်းအိုးအနားသို့ရောက်လာခဲ့ကြသည်။ ထိုအခါ ကျွန်တော်က ပန်းအိုးအတွင်းရှိ မြေသားအနေအထားကိုပြရင်း ပြောလိုက်သည်။

"ဟောဒီပန်းအိုးထဲမှာ မြေသားတချို့ပွနေတယ်။ အဲဒီနေရာကလေးကို ဆွပြီး ရှာကြည့်ပါ"

ကျွန်တော်၏ စကားကို ယုံကြည်မှုမရှိသကဲ့သို့ ကျွန်တော်ကို ဝိုင်းကြည့်နေကြသည်။ ထို့ကြောင့် ကျွန်တော်က ဆက်၍ပြောသည်။

"ပန်းအိုးထဲက မြေသားတွေ ပွနေတယ်။ ဒီနေရာဟာ မစန်းသီက စိန်ဆံထိုးကို မြှုပ်ပြီးဝှက်ထားတယ်။ ကျွန်တော်ပြောတာ ဟုတ်သလား မဟုတ်ဘူးလားဆိုတာ သိကြရအောင် ဒီနေရာကို ဆွကြည့်ပါ"

ဒေါ်မြမြက ကျွန်တော့်စကားကို ယုံယုံကြည်ကြည် မဟုတ်ပါ။ သို့ရာတွင် ကျွန်တော်ပြောသည့်အတိုင်း ကျွန်တော်ပြသည့်မြေသားများကို ဆွကြည့်သည်။ ဒေါ်မြမြ၏ လှုပ်ရှားမှုများကို အိမ်ခန်းအတွင်း၌ရှိနေကြသော လူသားအားလုံးက ဝိုင်း၍ကြည့်နေကြသည်။ ဒေါ်မြမြက မြေသားများကို တူးဆွရင်း ဝမ်းသာအားရပြောသည်။

"ဟာ ဒီမှာတွေ့ပြီ ပျောက်နေတဲ့ စိန်ဆံထိုးကိုတွေ့ပြီ"

ဒေါ်မြမြက ဝမ်းသာနေသည်။ အိမ်ဖော်ဖြစ်သော ကုလားမလေး မစန်းသီမှာမူ ဝမ်းနည်းခြင်း ကြီးမားစွာဖြင့် ငိုပါလေတော့သည်။ အပျိုမလေးဖြစ်ပါလျှက် ဟန်ဆောင်၍ပင် မနေနိုင်တော့ချေ။ မစန်းသီက အားရအောင်ငိုသည်။ မစန်းသီ အငိုတိတ်သွားသည့်အခါ ကျွန်တော်က မေးသည်။

"ကဲ မစန်းသီ ဘာဖြစ်လို့ ဒီလို လုပ်ခဲ့ရတာလဲ"

"ကျွန်မ ကျွန်မ ခိုးချင်လို့ မဟုတ်ပါဘူး"

အေးလေ ခိုးချင်လို့မဟုတ်ရင် ဘာကြောင့် ဒီလိုဝှက်ထားခဲ့ရတာလဲ"

"ကျွန်မ ကျွန်မရည်းစား"

"ဘာ..မင်းရည်းစား ဟုတ်လား"

"ဟုတ်ပါတယ် ဒါပေမဲ့ သူက ဒီအိမ်ထဲကိုဝင်ပြီး ဒီလိုလုပ်ခဲ့တာ မဟုတ်ပါဘူး။ သူက ငွေလိုနေတယ်ဆိုလို့ ကျွန်မ လုပ်ထားခဲ့တာပါ"

"အေးလေ ထားလိုက်ပါတော့ မစန်းသီ မင်းဟာ ဒီတစ်ကြိမ်သာပဲ ခိုးဖူးသေးတယ်ဆိုတာကို တို့အကဲခတ်မိပါတယ်။ မင်းက အချစ်အတွက် စွန့်စားလိုက်တယ်ပေါ့"

"ဟုတ်...ဟုတ်ပါတယ်"

ကျွန်တော်က ဒေါ်မြမြဘက်သို့ လှည့်ပြောလိုက်သည်။

"ကဲ အမေ့ကို ကျွန်တော်တစ်ခု ပြောချင်ပါတယ်"

"ဘာများလဲကွယ်"

"အမှန်တရားကို ဖော်ထုတ်တဲ့နေရာမှာ အတပ် ဟောတယ်ဆိုတဲ့ သူတွေကိုရော ဓာတ်ရိုက်ဓာတ်ဆင်လုပ်

www.burmeseclassic.com

တာတွေကိုရော ယုံကြည်ပြီး အားကိုးလို့ မရပါဘူး။ အမှုနဲ့ဆက်စပ်ပါဝင်နေသူတွေရဲ့ကြားမှာ ဖုံးကွယ်ထားတာတွေ အများကြီး ရှိနေကြပါတယ်။ ဒါကြောင့် အမှန်တရားကို ဖော်ထုတ်တဲ့အခါမှာ လက်တွေ့ကျကျပဲ ဆောင်ရွက်ပေးရပါတယ်"

"အခုလိုဖော်ထုတ်ပေးခဲ့တဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်ကွယ်"

"ကျွန်တော်တို့ကို ကျေးဇူးတင်စရာ မလိုပါဘူးအမေ။ ဘာဖြစ်လို့လဲဆိုတော့ အမှုမှန်ကို တရားဥပဒေ နှင့်အညီ ဖော်ထုတ်ပေးရမှာက ကျွန်တော်တို့ တာဝန်ပါ"

"တစ်ခုတော့ရှိပါတယ်"

အမှုတစ်ခုခုဖြစ်လာခဲ့ရင် အတတ်ပေါတဲ့ ဆရာဆိုသူတွေနဲ့ တာတ်ရိုက်တာတ်ဆင်လုပ်ရမယ်လို့ ပြောသူတွေရဲ့ စကားကို နားယောင်ပြီး တစ်ယူသန်လုပ်ခဲ့ကြလို့ အမှုရဲ့ အမှန်တရားတွေ ပျောက်ကွယ် သွားတတ်ကြပါတယ်။ ဒီလိုအဖြစ်မျိုး နောက်ထပ် မကြုံတွေ့ရလေအောင် မမှားကြရလေအောင် ပစ္စည်းပျောက်သူတွေအနေနဲ့သတိထား ရှောင်ရှားသွားကြမယ်ဆိုရင် ကျွန်တော်တို့အားလုံးက ဝမ်းသာနေကြမှာပါခင်ဗျ"

တစ်ချိန်လုံးထားတွင် ထိုင်၍ စိတ်ဝင်စားစွာ ကြည့်နေသော ဒေါက်တာထင်ပေါ်က ကျွန်တော်၏စကားဆုံးသော အချိန်တွင် စကားဝင်ရောက်ပြောဆိုခဲ့သည်။

"အေးဗျာ ကျွန်တော်က တစ်ချိန်လုံးလိုလို သေးကသိုင်ပြီး ကြည့်နေခဲ့တာ၊ ခင်ဗျားပြောဆို လုပ်ကိုင်နေတာတွေကိုလုံးဝနားမလည်ခဲ့ဘူးဗျာ၊ ဒီတော့ တစ်ဆိတ်လောက် ရှင်းပြပါဦးဗျာ"

ဒေါက်တာ ထင်ပေါ်၏စကားကို နားထောင်ရင်း ကျွန်တော်က ပြုံးရယ်နေသည်။ ထို့နောက် ကျွန်တော်က ပြောလိုက်သည်။

"ကျွန်တော်လုပ်ခဲ့တာတွေက လွယ်လွယ်ကလေးပါ အစ်ကိုကြီးရာ ကျွန်တော်ရှင်းပြပါ့မယ်"

ကျွန်တော်က ဒေါက်တာထင်ပေါ် နှင့်ပြောဆိုနေသည့် စကားကို ဖြတ်လိုက်ပြီး စခန်းမှူး ရဲမှူးညွန့်ကို [illegible] လိုက်သည်။

"ဒီမှာ ကိုလှညွန့်"

"ဗျာ ဆရာ..."

"ကျွန်တော့်ကားကို [illegible] စခန်းကိုပြန်နှင့်၊ ပြီးတော့ [illegible] မစန်းသီကို ခေါ်ခဲ့ပါလား..."

"ဟုတ်ကဲ့ပါ..."

"အမှုမှန်ကို [illegible] တော့ အမေမြကို [illegible] အကိုကြီးရဲ့ကားနဲ့ ပြန်လာခဲ့မယ်"

"[illegible] ပါ [illegible]"

[illegible] ညွန့်က ဦးခေါင်း [illegible] ဖြဲ့ဝင်များက [illegible] ခေါ်သွားက ဒေါက်တာ [illegible] ပြန်လည်ထွက်ခွာ [illegible] သည်။

ကျွန်တော် ဒေါက်တာထင်ပေါ်၏ နေအိမ်တွင် နေရစ်ခဲ့သည်။ ဒေါက်တာထင်ပေါ်၏ နေအိမ်ဧည့်ခန်းအတွင်း၌ ဖြစ်သည်။ ဒေါက်တာထင်ပေါ်၏ ဇနီးဖြစ်သူ ဒေါ်မြမြ ဒေါက်တာထင်ပေါ်နှင့် ကျွန်တော်တို့ သုံးဦးထိုင်နေကြသည်။ ကျွန်တော်တို့ သုံးဦးအနက် ဒေါက်တာထင်ပေါ်က စကားစ၍ ပြောသည်။

"ကဲ... စောစောက တရားခံနဲ့ ဆက်သေး ပစ္စည်းလေး ဖော်ထုတ်ပုံကို ရှင်းပြစမ်းပါဦး။ ကျွန်တော်အေးက မနေ ထိုင်သာကြည့်နေခဲ့ရတာ၊ ဘာမှ မရှင်းသွားဖြစ်နေတယ်"

ကျွန်တော်က ဒေါက်တာထင်ပေါ်ကိုကြည့်ရင်း ပြုံးနေသည်။ ထို့နောက်မှ ကျွန်တော်က ရှင်းပြသည်။

"ဒီလိုရှိပါတယ် အစ်ကိုကြီး..."

ကျွန်တော် စကားကို ခေတ္တရပ်ထားလိုက်ပြီး ဒေါက်တာထင်ပေါ်ကို စိုက်၍ကြည့်နေသည်။ ဒေါက်တာထင်ပေါ်က ကျွန်တော်ပြောမည့်စကားများကို စိတ်ဝင်စားစွာ အာရုံစိုက်၍ နားထောင်နေသည်ကို တွေ့မြင်နေရသည်။

ထို့ကြောင့် ကျွန်တော်က စကားကို ဆက်၍ ပြောသည်။

"မိန်းမလေး [illegible] ရောက်ဒီကို ရောက်ကြတော့ ကျွန်တော်က ကုလားမလေး စန်းသီကို [illegible] ရှုစိုက်ကြည့်မိခဲ့တယ်"

"[illegible] ဘာတွေများ [illegible] ကြုံခဲ့ရလို့လဲဗျ"

[illegible] စန်းသီနဲ့ [illegible] ကျွန်တော်

www.burmeseclassic.com

အမြင်မှာ ထူးခြားနေတယ်၊ မခင်သိန်းကတော့ ငိုနေတဲ့အတွက် အစ်ကိုကြီးတို့အမြင်မှာ မှုပျက်နေတယ်လို့ တွေ့မြင်နေရမှာ ဖြစ်ပါတယ်"

"အေးလေ မခင်သိန်းက ငိုနေတယ်၊ ဒီတော့ စိန်ဆံထိုးကို သူခိုးလို့ပဲလို့ မှုပျက်တာဖြစ်ရမှာပေါ့ မဟုတ်ဘူးလား"

"ဒီနေရာမှာ သူတို့နှစ်ယောက်ရဲ့ မျက်လုံးတွေကို ကြည့်ရတယ်၊မခင်သိန်းက ခေါင်းငုံ့ပြီး ငိုနေတယ်။ မစန်းသီကတော့ ဒီအခန်းထဲကိုဝင်လာကတည်းက မျက်လုံးတွေက ငြိမ်မနေဘူး။ ဂမုန်းပန်းပင်စိုက်ထားတဲ့ ကြေးပန်းအိုးကိုပဲ မကြာခဏ ကြည့်နေတယ်"

"ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒီပန်းအိုးကို မစန်းသီ ကြည့်တာ သုံးကြိမ်တိတိပဲ၊ ပြီးတော့ ကျွန်တော်ဒီအိမ်ကို ရောက်လာတိုင်း သတိထားပြီး ကြည့်မိတတ်တဲ့ ပစ္စည်းတစ်ခုဖြစ်နေတယ်"

"အင်း . . . ပြောပါဦး"

"ဒီပန်းအိုးထဲက မြေသားဟာ ရေအမြဲလောင်းထားတတ်လို့ မြေသားရဲ့ မျက်နှာပြင်ဟာ ညီပြီးတင်းနေတယ်။ ဒီနေ့ ဒီအခန်းထဲကို ကျွန်တော်ရောက်လာလို့ ကြည့်လိုက်တော့ ပန်းအိုးထဲက မြေသားတချို့ဟာ တစ်နေရာတည်းမှာပဲ ကွက်ပြီးပွနေတယ် . . ."

"ဟုတ်လား။ ဒါကို ကျွန်တော်တောင် သတိမထားမိခဲ့ဘူးဗျာ"

"ပြီးတော့ ပွနေတဲ့ မြေသားတွေမှာ လက်နဲ့ဖိပြီး သိပ်ထားတာကို တွေ့ရပြန်တယ်လေ၊ ဒါတွေကို ဆက်စပ်လိုက်ရင် ဒီအိမ်က ပျောက်ဆုံးနေပါတယ်ဆိုတဲ့ စိန်ဆံထိုးဟာ ဒီပန်းအိုးမှာပဲ ရှိနေလိမ့်မယ်လို့ ကျွန်တော် တွက်ဆထားလိုက်တယ်လေ"

"အင်း ခင်များကတော့ အံ့ဩစရာ ပုဂ္ဂိုလ်ပေပဲဗျာ"

"အဲ မစန်းသီဟာ တရားခံပါလို့ သိတာရယ်၊ ပန်းအိုးကို အကဲခတ်ကြည့်မိခဲ့တာတွေဟာ ကျွန်တော်ရဲ့ လုပ်သက်အတွေ့အကြုံကြောင့်ပါ။ ဒီလိုလှည့်ကွက်တွေဟာ ကျွန်တော့်အတွက်ကတော့ ရိုးစင်နေပါပြီ အစ်ကိုကြီးရယ်"

"မသိပါဘူးဗျာ၊ ကျွန်တော်က ခင်များကို အကြားအမြင်များရနေပြီလားလို့တောင် ထင်နေတာဗျာ"

ကျွန်တော်နှင့်ဒေါက်တာထင်ပေါ်တို့ပြောဆို ဆွေးနွေးနေကြသည်ကို ဘေးတွင်ထိုင်၍ နားထောင်နေခဲ့သည့် ဒေါ်မြမြကပင် ဝင်ရောက်ပြောဆိုသည်။

"တော်သေးတာပေါ့ကွယ်၊ ဒေါ်ဒေါ်က စန်းသီကို အခုပဲ ဈေးကိုလွှတ်ပြီး ဈေးဝယ်ခိုင်းတော့မလို့၊ အင်း ဒီပစ္စည်းသာ အပြင်ကိုရောက်သွားခဲ့ရင်တော့ အခက်ပဲနော်"

ဒေါ်မြမြ၏ စကားပြီးဆုံးသွားသည့်အခါ ကျွန်တော် ရယ်စရာပြောလိုက်သည်။

"ဟုတ်တာပေါ့ဗျာ၊ မစန်းသီကိုသာ ဈေးကို သွားခိုင်းလိုက်ရင်တော့ ဒေါ်ဒေါ်တို့အလစ်မှာ ဒီပစ္စည်းကိုယူသွားပြီး သူ့ရည်းစားကို ပေးတော့မှာ ဟဲ . . . ဟဲ ဟဲ . . . သူ့ရည်းစားက ငွေလိုနေတာဆိုတော့ အင်း ဒီဆယ်သိန်းကျော်တန်တဲ့ စိန်ဆံထိုးကြီးကိုပေးပြီး သူ့ရဲ့အချစ်ကို သက်သေပြတော့မှာပေါ့နော်"

ကျွန်တော်၏ စကားကြောင့် ဒေါက်တာထင်ပေါ်က ဝင်၍ပြောသည်။

"ဟာ ညီလေးကတော့ ကြံကြံဖန်ဖန်ပြောရော့မယ်"

ထို့ကြောင့် ကျွန်တော်က စကားကိုဆက်၍ပြောသည်။

"ဟုတ်တယ်လေ အစ်ကိုကြီးရဲ့ ဒါကြောင့် မစန်းသီရဲ့ အချစ်ကို နာမည်တောင် ပေးလိုက်ချင်သေးတယ်ဗျာ"

"ဘယ်လိုနာမည်များလဲ လက်စနဲ့ ပြောစမ်းပါဦး"

"ဆယ်သိန်းတန် အချစ် လို့ပါ"

ကျွန်တော်က စကားပြီးဆုံးသွားသည့်အခါ ဒေါက်တာထင်ပေါ် တို့ မိသားစုများက သဘောကျနှစ်ခြိုက်စွာ ရယ်မောနေကြသည်။

သူတို့၏ ရယ်သံများက ဧည့်ခန်းအတွင်းမှသည် အပြင်သို့ ပျံ့လွင့်ထွက်ပေါ်သွားပါတော့သည်။ အမှန်ဆိုမူ

ထိုသို့သော ရယ်မောသံများသည် ပြဿနာတစ်ရပ်အား အောင်မြင်စွာ ဖြေရှင်းနိုင်ခြင်း၏ ရလဒ်ပင်ဖြစ်လိမ့်မည်သာတည်း။ ■

ခင်မောင်ထွန်း(လမ်းမတော်)



www.burmeseclassic.com

www.burmeseclassic.com

# ဥပဒေရေးရာ သုတအဖြာဖြာ

## စလင်း - ဦးအောင်သိန်း

"ဦးစလင်းကြီးကတော့ တကယ်တော်တယ်ဗျာ"

"မောင်မိုးရေ . . . မင်းချီးကျူးတယ်ဆို ငါကြောက်တယ်ကွာ"

"တကယ်တော်လို့ တော်တယ်ပြောတာပါ။ ကျွန်တော်မှာ အသိ ရှေ့နေတွေ အတော်များပါတယ်၊ စာရေးဆရာတစ်ပိုင်း။ ရှေ့နေတစ်ပိုင်း လုပ်နေကြတာလည်းရှိပါတယ်၊ ဒါပေမယ့် ဦးစလင်းကြီးလို မဂ္ဂဇင်းတစ်စောင်စောင်မှာ-လစဉ် ရေးနေတာမျိုးရှိရင်တောင် ရှားရှား ပါးပါးထဲကပဲ"

"တော်သေးတာပါ . . . မောင်မိုးရာ၊ ငါက . . . စုံထောက်ဝတ္ထုရေးဆရာကြီးရွှေဥဒေါင်း ချီးကျူးခံရသလိုများ ဖြစ်လေမလားလို့"

"ဆိုစမ်းပါဦး . . . ဦးစလင်းကြီးရဲ့ ဆရာကြီးကို ဘယ်လိုချီးကျူးလိုက်လို့တုန်း"

"ဟဲ . . ဟဲ သိချင်တယ်ဆို ဘယ်အလကားတော့ရမလဲ မောင်မိုးရဲ"

ဦးစလင်းကြီးက ဒိုင်ယာယီစာအုပ်ကို ဟိုလှန် ဒီလှန်လုပ်နေသည်။

"ဆရာရယ် . . . ပြောမယ့်ဟာ ပြောစမ်းပါ။ သမီးတို့လည်း ဗဟုသုတရတာပေါ့"

ဝေဝေအောင်က- "ဟုတ်တယ် မဟုတ်လား" ဟူသော၊ စစ်ကူတောင်းသည့်အကြည့်မျိုးဖြင့် မေမီလှိုင်ကို ကြည့်ပြီးပြောသည်။

"ဒီတစ်ခါတော့ ကိုမိုးတိုက်တဲ့ လက်ဖက်ရည် သောက်ရတော့မယ်နဲ့ တူတယ်"

"သောက်မယ်ဆို တိုက်မှာပေါ့"

"ဒူးနဲ့တိုက်မှာလား"

ဝေဝေအောင်က ဝင်ပြောလိုက်သည်။

"မဟုတ်ပါဘူး။ တကယ်တိုက်မှာပါ"

မောင်မိုးက-အိတ်ကပ် ပုတ်ပြပြီး ပြောသည်။

"ဒို့ ဆရာ . . . တပည့်တွေကို လက်ဖက်ရည်တိုက်မယ်ဆိုတော့ ပြောရတာပေါ့"

တစ်ခါက လူငယ်တစ်ယောက်သည် ဆရာကြီးရွှေဥဒေါင်းကို လူအများ၏ရှေ့တွင် ချီးကျူးသည် ဆို၏။ သူချီးကျူးပုံမှာ "ဆရာကြီး . . . ဆရာကြီးရေးတဲ့ စုံထောက်ဝတ္ထုတွေ သိပ်ကောင်းတာပဲ၊ တကယ်ရီ(ရယ်)ရတယ်"တဲ့။ အဲဒီတော့ ဆရာကြီးက လူငယ်ကို "နောက်ကျရင် လူအများရှေ့မှာ မချီးကျူးပါနဲ့ မောင်ရင်ရာ" လို့ ပြောလိုက်သတဲ့။

မောင်မိုးရော၊ တပည့်များပါ ဦးစလင်း၏ စကားအဆုံးတွင် ရယ်မောကြလေသည်။

"ကဲ . . . ဦးစလင်းကြီး . . . လာသွားကြမယ်"



www.burmeseclassic.com

ဆေးလိပ်မီးခိုးအလှုံးလှုံး တလည့်လည့် လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြလေသည်။ ဝေဝေအောင်က ရေခဲမုန့် ဒမ်မီလှိုင်ကဖါလူဒါ မောင်မိုးနှင့် ဦးစလင်းက လက်ဖက်ရည် မှာသောက်ကြသည်။

"စာရေးတယ်ဆိုတာ- ရေးချင်ရာ လျှောက်ရေးလို့ မဖြစ်ဘူး။ မောင်မိုးရ မင်းလဲ အသိသားပဲ"

မောင်မိုးသည်လည်း ဝတ္ထုတိုလေးများ ကြိုကြား၊ ကြိုကြား ရေးသားနေသူပင်ဖြစ်သည်။

"ဟုတ်ကဲ့"

"ဟုတ်မှန်ပြီး- အကျိုးရှိတဲ့ စကားမျိုးပဲပြောရ ရေးရတယ်၊ လိုအပ်ရင်တော့ အကျိုးမရှိလဲ ပြောတဲ့အခါ ပြောရ ရေးတဲ့အခါ ရေးရပေါ့"

"ဦးစလင်းကြီး-ဥပဒေဆောင်းပါး တွေရေးနေတာ၊ ဘာပြောပြော ဖတ်တဲ့ သူအတိုက်အလျောက်တော့ ဗဟုသုတ တိုးပွားစေပါတယ်"

"စာရေးဟဲ့ အဓိက ရည်ရွယ်ချက်ကလဲ၊ ဒါပါပဲ၊ တစ်ခါတစ်ခါ ဆေးခါးကြီးကျွေးရသလို အပြင်တင်သကြားမှုန့် ဖြစ်သွားတယ်၊ ဝေဏုနာဝေါသပေါ့ မမှားသင့်တာ မမှားစေအောင်၊ အရည် အချင်းပြည့်မီအောင် ကြိုးစားစေချင်တဲ့ သဘောပါ"

"ဦးစလင်းကြီးလဲ အကျိုးပြု စာပေ တွေရေးနိုင်ပါစေကြောင်း ဆုတောင်းပေး ပါတယ်"

"ကိုမိုးလဲ ခုလိုတိုက်တွန်းတဲ့ အတွက် နောင်ဒီထက်ပိုပြီး တိုက်တွန်း နိုင်ပါစေ၊ ပြီးတော့ လူပျိုကြီး ဘဝကလဲ လွတ်မြောက်ပါစေလို့ ဆုတောင်းပေးပါ တယ်"

"လူပျိုကြီး ဘဝကလွတ်အောင်ဆို အပျိုကြီးတွေ . . .ဟဲ . .ဟဲ မပြော တော့ပါဘူး"

"တော်ပြီ . . .တော်ပြီ မပြော နဲ့တော့"

ဝေဝေအောင် သူ့စကားနှင့်သူ ပိတ်လိုက်သည်။ မေမီလှိုင်ကတော့ မကြားဟန်ဆောင်ပြီး ပြုံးနေသည်။

"မောင်မိုးလဲ အချိန်ရရင် ဒီ ဆောင်းပါးလေး ဖတ်ကြည့်ပါဦး"

"ရပါတယ်၊ ဘာအလုပ်မှ မရှိသေး ပါဘူး"

မောင်မိုးသည် ဦးစလင်း၏ ရုံးခန်း မှာပင် ထိုင်ဖတ်နေသည်။ ပထမ အပတ် ဆောင်းပါးမှစ၍ လောင်းကစား နှင့် ပတ်သက်သည့်များကို စာဖတ်သူ များသို့ တင်ပြနေရာ အဆက်ဟု ဆိုလျှင်လည်းရပါသည်။ လောင်းကစား အလုပ်သည် နှံသမားပါးကဲ့သို့ ငိုက်လိုက် အောင်းလိုက်မဟုတ်။ ငိုက်သည်က များ သည်။ နိုင်ခဲ-ထိုးသားရော အများအ နေရောက်ရသည်က များသည်။ လောင်းကစားမှ နွယ်၍ အခြားပြစ်မှု ကြီးများ ဖြစ်ပွားတတ်သည်။ လူ့ဘက်မှ ဓါးထိုးမှု ရိုက်နှက်မှုသည် ဖြစ်တတ်သည်။ လောင်းကြေးငွေအတွက် မပေးဆပ်နိုင် ၍ အာမခံ တချုပ်အမျိုးမျိုး ချုပ်နှောင်ရ သည်။ ဒါဒီ စာချုပ်တွေကနေ အမှု အခင်းတွေ ထပ်မံဖြစ်ပွားရပြန်သည်။

အမှုအဖြစ်အပျက် မတင်ပြမီ အကြောင်းဆိုက်လာပုံ တင်ပြပါဦးမည်။ အညာ (စလင်းမြို့နယ်)ရှိရွာတစ်ယောက် ကလှမ်း၍ ဖုန်းဆက်သည်။ သူ၏ သူငယ်ချင်း တစ်ယောက်နှင့် ပတ်သက် သော အမှုကိစ္စ ကူညီဆောင်ရွက် ပေးရန်အတွက် ဆက်ခြင်းဖြစ်သည်။ သူ့သူငယ်ချင်းအမည်မှာ အောင်တင်ဝင်း ဖြစ်ကြောင်း ကြိုပြောထားသည်။ မှတ်မိ အောင် [illegible] အောင်တင်ဝင်းနှင့် တွဲဖက် မှတ်ထားလိုက်သည်။

"ဦးစလင်းနဲ့ တွေ့ချင်လို့ပါ"

"ဦးစလင်း ဆိုတာငါပဲ"

"အော် . .ဟုတ်ကဲ့၊ ကျွန်တော် အောင်တင်ဝင်းပါ"

"အေး . . .ငါတို့ဖုန်းဆက်ထား တယ်၊ လာ . .လာ"

တံခါး ဖွင့်ပေးလိုက်သည်။ ရန်ကုန်မှာက ဒီမိသို့အမှုသည်များလာ ရောက်လေ့မရှိတာတဲ့။ ယခု ဒီမိရောက် လာသည်မှာ ကိုယ့်အရပ် [illegible] သားအချင်းချင်းဖြစ်၍ ရောက်လာခြင်း ဖြစ်သည်။ အောင်တင်ဝင်း၏ ရွာနှင့် ရွာနီးချင်းဖြစ်သည်။ ကိုယ်တိုင်ရပ် အသင်ဖြစ်သော်လည်း အလယ်တန်း ကျောင်းသားဘဝ ကတည်းက ရွာမှ ထွက်လာခဲ့သည်ဖြစ်ရာ အရွယ်ရောက်ချိန် ထဲက မဟုတ်လျှင် ငယ်ရွယ်သူ နောက်ပေါက်များကို မသိတော့။

www.burmeseclassic.com

အောင်တင်ဝင်းနှင့် အမှုကိစ္စ မပြောဖြစ်သေးဘဲ အညာက အသိအကျွမ်းများအကြောင်း မေးမြန်းပြီး အခြေအနေ အနေအထားတို့ကို သိလိုသမျှ မေးနေ မြန်းနေရသည်။ ယော်ပေါင်းများအကြောင်း ပြောရဆိုရသဖြင့် နှမျိုအွှားသလား ထင်မိသည်။

"အောင်တင်ဝင်းလဲ ကော်ဖီသောက်အုံး"

မဟောသီ ဒေါ်ချစ်စု ဇွန်းလေးနှင့်လာချပေးသွားသည့် ကော်ဖီဇွန်းလေးကို ညွှန်ပြပြီး ပြောလိုက်သည်။ စကား။ စကား ပြောပါများ၊ စကားထဲက တကိုပြ ဆိုသကဲ့သို့ အညာလေ ၊တိုက်လာ သည်။

"မဟုတ်ရို့ကတော့ မခံနိုင်ဘူးဆရာ သူသေသေ၊ ကိုယ်သေသေပဲ၊ အထဲဝင်နေလိုက်မယ်၊ အဝင်ရှိ အထွက်ရှိမှာပဲ"

"အမှန်အတိုင်းတော့ ဖြစ်ရမှာပေါ့"

"အေးနေ့လို့ မဖြစ်ဘူး၊ အညာ သားဘာမှတ်နေလဲ၊ နှက်မှန်းသိအောင်တော့ အမေ့ကောင်ပြရမှာပဲ"

"အေးပေါ့ကွာ၊ မဟုတ်မခံ စိတ်ရှိမှာပေါ့"

"ဟုတ်တယ်ဆရာ ကိုယ်မှားနေလဲ တရားရုံးက စစ်နေစရာမလိုဘူး သွားဝင်နေလိုက်မယ်၊ မမှားဘဲနဲ့ခံရမယ်တော့၊ ခြင်ကိုက်သလောက်တောင် အနာမခံနိုင်ဘူး"

အောင်တင်ဝင်း အပြောသဘောကျ၍ ပြုံးမိသေးသည်။ အောင်တင်ဝင်းသည် ဘွဲ့ရပြီး ကိုယ်ပိုင်စီးပွားရေးလုပ်နေသူဖြစ်သည်။ အညာတွင် နွားမွေးဖက်ပေးထားသည်။ မွေးဖက်ပေးသည့် ဆိုခြင်းမှာ နွားမတစ်ကောင်ဖြစ်စေ၊ နှစ်ကောင်ဖြစ်စေ၊ မွေးလိုသူကို ပေးထားရသည်။ ထိုနွားမက အထီးလေးပေါက်လျှင် (နွားထီးလေး မွေးခြင်းကို ဆိုလိုပါသည်။) ပိုင်ရှင်နှင့် တစ်ယောက် တစ်ဝက်၊ နွားမပေါက်လျှင် ပိုင်ရှင်မရ၊ မွေးသူသာရသည်။ နောက်ပြီး ဆီးသီးပေါ်ချိန်တယ်ပြီး ဂိုဒေါင်ထဲ သည့်ထားသည်။ ကြိုက်ဈေးရသည့်အခါ ပြန်ရောင်းသည်။

ယခု အောင်တင်ဝင်း၏ ဇနီးကို ပုဇွန်မ ၄၂ဖြင့် ရဲစခန်းတွင် အမှုဖွင့်ထားသည်။ ရွှေထည်ပစ္စည်းများကို တချုပ်နှင့်အပ်ထားသည်။ ထိုရွှေထည်များကိုပေါင်ပြီး ကိုယ်ကျိုးသုံးသည်။ ရွှေထည်ပစ္စည်းများပြန်မရ၍ တရားစွဲဆိုခြင်းဖြစ်သည်။ အမှုအဖြစ်အပျက်က ရိုးစင်းသည်။ ဤသည်က တချုပ်အရ တရားလိုစွဲခြင်းသာ ဖြစ်သည်။

အဖြစ်မှန်က နှစ်လုံးထီထိုးခြင်း သာ၊ အောင်တင်ဝင်း အညာပြန်နေသည့်ကာလ အစပိုင်း အနည်းအကျဉ်းထိုးသည်။ ပေါက်ရှုံးပါပဲ၊ ပေါက်လို့ရတာထက် ထိုးလို့ကုန်တာက ပိုများသည်။ ရှုံးကြွေးလေး ကြေအောင် ပိုထိုးသည်။ ပိုကုန်သည်။ တစ်ပတ် တစ်ခါရှင်းသည်။ နောက်တော့ မရှင်းနိုင်တော့။ အတိုးနဲ့ ငွေချေးပြီးရှင်းသည်။ ရှိသည့်ရွှေထည် ပစ္စည်းလေးများ ဒိုင်သို့ ထိုးအပ်သည်။ ရွှေဆိုင်က အထည်ပျက်ဈေးဖြင့် ဖြတ်ဝယ်သည်။ ထိုငွေဖြင့် ခုနှိမ်သည့်တိုင် ထိုကြွေးက မကြေ။

ဂဏန်းမတ်တာတဲ့။ ဥပမာ နှစ်တစ်လုံး ကြိုက်တယ်ဆို ရှေ့နောက် ဆီးရိုးခွဲဆိုပဲ။ သုံးညမှ ကိုးထိ ဂဏန်းတွေကို နှစ်ဂဏန်းရဲ့ ရှေ့က ထည့်လိုက်၊ နောက်ကထည့်လိုက်ပေါ့။ နှစ်ဂဏန်း

> **ဟုတ်တယ်ဆရာ**
>
> **ကိုယ်မှားနေလဲ တရားရုံးက စစ်နေစရာ မလိုဘူး**
>
> **သွားဝင်နေလိုက်မယ်၊ မမှားဘဲနဲ့ခံရမယ်တော့၊**
>
> **ခြင်ကိုက်သလောက်တောင်**
>
> **အနာမခံနိုင်ဘူး**



www.burmeseclassic.com

www.burmeseclassic.com

မထွက်ရင် မပေါက်တော့ဘူး။ အဲဒီအတိုင်း နောက်နေ့တွေ၊ နောက်နေ့တွေမှာ ဆတိုးပွားပြန်သတဲ့။ ပထမနေ့ တစ်ကွက် တစ်ရာဆို၊ ဒုတိယနေ့ နှစ်ရာ၊ တတိယနေ့ လေးရာပေါ့။ ပထမနေ့တစ်ရာနှုန်းနဲ့ ဆယ်ရှစ်ကွက် ငွေထောင့်ရှစ်ရာ၊ ဒုတိယနေ့ နှစ်ဆတိုး သုံးထောင်ခြောက်ရာ၊ တတိယနေ့ ခုနှစ်ထောင်နှစ်ရာဆိုတော့ နည်းတာမှတ်လို့။ ကြားထဲ ပေါက်လဲ။ ပေါက်ရှုံးပဲ။

အဲဒီထိုးကြေးတွေ ဘယ်လိုမှ မပေးနိုင်တော့ စာချုပ်အလွတ်သုံးစောင်မှာ လက်မှတ်ရေးထိုးပေးဆိုပြီး ဒိုင်က တောင်းဆိုတာနဲ့ ထိုးပေးလိုက်ရရော ဆိုပါတော့။ ဒိုင်ကလဲ အတွေ့အကြုံရှိတဲ့ ဒိုင်ပဲ။ ဒိုင်အဖြစ်ဖမ်းမိလို့ တစ်ကြိမ်ဝင်ထားဖူးပြီးသား။ အလွယ်တော့ ဘယ်လုပ်မလဲ။ ပြီးတော့ ဒိုင်လုပ်တဲ့ အမျိုးသမီးက ဈေးထဲက ရွှေဆိုင်တရုတ်ကြီးနဲ့ မရှင်း မရှင်း သတင်းလဲကြားရသေးတယ်။ ဒါက အကြောင်းရှိလို့ ရေးနေရတာ။

ထိုကြေးမပေးနိုင်တာ ကြာတော့ တတ်လမ်းစလာပြီ။ စာချုပ်တစ်စောင်မှာ ဒိုင်က အပ်ထည်အဖြစ် ရွှေထည်ပစ္စည်းစာရင်း ထည့်တော့တာပဲ။ တန်ဖိုးပါဖော်ပြထားတာ။ အဲဒီရွှေထည်ပစ္စည်းစာရင်းနဲ့ကိုက်တဲ့ ရွှေဝယ်ဘောက်ချာတွေ ဈေးထဲက မရှင်းမရှင်း တရုတ်ကြီးဆီက ယူပေါ့။ တကယ်ဝယ်နိုင်တဲ့ အင်အားမရှိပါဘူး။

ပိုင်လိုက်ပုံတော့ မပြောနဲ့။ အဲဒီစာရင်းပါအတိုင်း အပေါင်ဆိုင် တရုတ်ဆီက အပေါင်ပြေစာတွေ၊ ပေါင်တဲ့သူအမည်က အောင်တင်ဝင်း ဇနီးအမည်။ ကြည့်လိုက်ရင် ခွင်ကိုကျနေတာပဲ။

နောက် စာချုပ်တစ်စောင်မှာ ဒိုင်က ရွှေထည်ပစ္စည်း အပ်နှံသူအဖြစ် အသိမိတ်ဆွေတစ်ယောက်ကို အကူအညီတောင်းပြီး စာချုပ်လုပ်ထားတယ်။ သက်သေတွေက စာချုပ်နှစ်စောင်လုံးမှာ အတူတူပဲ။ အတူနေ အိမ်သားနှင့် ထိုင်ဆိုင်ထိုင်၊ ထဆိုထထဲက လူနိုင်ပေါ့။ အဲဒီစာချုပ်ကတော့ ရုံးတင်တဲ့အထဲ မပါ ပါဘူး။

အောင်တင်ဝင်း ကံကောင်းချင်တော့ နောက်စာချုပ်နဲ့ လူနှစ်ယောက်လာပြီးပစ္စည်းတောင်းတယ်။ ငွေပေးချင်သလောက်ပေးပေါ့။ အောင်တင်ဝင်းက ပညာတတ်တော့ အတွေးအခေါ်ရှိတဲ့သူပဲ စာချုပ်ယူထားပြီး နောက်နေ့ ချိန်းလိုက်ပေါ့။ အဲဒီလူနှစ်ယောက်ကိုတော့ အရက်ဖိုး ပေးလိုက်ပါတယ်။ ပစ္စည်းအပ်နှံသူ အမည်နဲ့ လိပ်စာရှင်ဆီသွားတော့ လက်မှတ်ထိုးပေးရတာပဲရှိတယ်။ ကျန်တာဘာမှမသိဘူး။ စာချုပ်နှစ်စောင်လုံးမှာ လက်ရေးကအတူတူပဲ။

ရဲကနေ အမှုဖွဲ့တင်တော့ တရားရုံးမှာ အမှုစစ်တယ်။ တရားခံက ငွေချေးတယ်၊ ငွေမရှိလို့ စာချုပ်နဲ့ပစ္စည်းတွေအပ်တယ်၊ အဝယ်ဘောက်ချာတွေ၊ အပေါင်ပြေစာတွေနဲ့ အံကိုက်နေတာဘဲ။

စာချုပ်မှာ ပါတဲ့သက်သေတွေက ဒိုင်နဲ့ချုပ်တဲ့စာချုပ်တော့ ကွက်တိပဲ။ နောက်စာချုပ်ပြပြီး မေးတော့ လက်မှတ်မှန်တာကလွဲလို့ ဘာတစ်ခုမှမသိဘူး။ ချုပ်တဲ့ရက်စွဲက သိပ်ကွာတာ မဟုတ်ဘူး။ စာချုပ်ရေးတဲ့သူကို မပြောနိုင်ကြဘူး။ ဒုတိယစာချုပ်ပြတော့ ခွေးအလှည့် နင်းပေါ့၊ ဘူးပေါ်သလိုပေါ်ပြီ။

အရင်လဲ ဒိုင်အဖြစ် ထောင်နန်းစံခဲ့ဖူးသူ၊ အရေးကြီးတာလေးတစ်ခုကျန်နေတယ်၊ " ခြင်ကိုက်တာတောင်မခံနိုင်ဘူး"ဆိုတဲ့ မစွတာအောင်တင်ဝင်းရဲ့ ပိုက်လက်ချက်နဲ့ အမှုအတွင်းမှာပဲ တရားလိုဒိုင်အဖြစ် အဖမ်းခံရပါလေရောလား။

အောင်တင်ဝင်း ဇနီးလည်း ကွင်းလုံးကျွတ်ပေါ့။ ထဘီကျွတ်တာမဟုတ်ဘူးနော်၊ အမှုကလွှတ်သွားတာ။ အဲဒါတောင် အောင်တင်ဝင်းက မကျေနပ်သေးဘူး ထိုးကြေးကျန်တာ မမှန်မကန် စာချုပ်တွေ လုပ်ရမလားဆိုပြီး အမှုထပ်လုပ်ဦးမယ် တကဲကဲ ဟန်ရေးပြနေသေးတာ။ နယ်မှာနေတုန်းက အတွေ့အကြုံလေး ပြောပြလိုက်တယ်။

ပဲနွယ်ကုန်းမှာပါ။ မပြောပလောက်တဲ့ငွေကြေး ပမာဏလေးပါ။ ပေါက်လျက်နဲ့ မလျော်ဘူး။ အကြွေးထိုးလို့တဲ့၊ မပြေမလည်ဖြစ်ပြီး၊ ချဲထီပြေစာပြပြီ



www.burmeseclassic.com

www.burmeseclassic.com

ထိုးသားက ဒိုင်ကိုရဲတိုင်တယ်၊ ထိုးသားရော၊ ဒိုင်ရော အထဲဝင်သွားကြရသည့် အကြောင်းပြောပြီး ဟသာတ အောင်တင်ဝင်းကို တားလိုက်ရသည်။ "ဆရာ့စကားမို့ နားထောင်တာ၊ နို့မဟုတ် လို့ကတော့ ဇနီးမယားလဲ မတတ်နိုင်ဘူး။ သူဝင်၊ ကိုယ်ဝင်ပဲ"တဲ့။

အောင်တင်ဝင်း ရိုးဖြောင့်တာလေးတော့သဘောကျသည်။ သူ့ဇနီး ထိုးကြေးပေးဖို့ ငွေချေးတဲ့ သူတွေကို အကုန်ပြန်ဆပ်တယ်။ အဲဒါကိုက သိန်းနှစ်ဆယ်ကျော်ကျော်လောက်ရှိတယ်။ အမှုအပြီးသတ် အမိန့်ချသည့်နေ့က ဆိုင်မှာစားသောက်ပြီး(သောက်တာက အအေးပါ)အောင်တင်ဝင်း ပြောသွားသောစကားလေးကို အမြဲလို ကြားယောင်နေသည်။ "ဆရာ နှလုံးရောဂါပေးမယ့် နှစ်လုံးတဲ့၊ ဆရာ့မမိုက်လို့ နို့မဟုတ်ရင် ကားတောင်စီးနေလို့ရပြီ"တဲ့။

အောင်တင်ဝင်းအမှု (သူ့ဇနီးအမှု) က ၂၀၀၉ ထဲမှာဖြစ်တာ။ စာရေးသူ ရန်ကုန်ရောက်စက တွေ့ရတဲ့ စာချုပ်ကလည်း စိတ်ဝင်းစားစရာပဲ။ အဲဒီတုန်းက ဆရာကြီးတစ်ယောက် ရုံးခန်းမှာ ခိုနားနေတဲ့ကာလ၊ နားခိုတဲ့ကာလလို့ ပြောလဲရပါတယ်။

ထိုးသားက ထိုးကြေးကျန်တာပေးရင် လွှတ်ပြီးစာရေးပေးတယ်။ အဲဒီစာပေါ်မှာဒိုင်က ငွေရကြောင်း ကျန်ငွေ ဘယ်လိုဘယ်ညာပေးဆိုပြီး ရေးလေ့ရှိတယ်။

စာချုပ်ပေးထားတာက အိမ်နဲ့ မြေအရောင်းအဝယ်ဆိုပြီး ချုပ်ပေးထားတာ။ ထိုကြေးကျန်ငွေ မပေးတာကြတော့ စာချုပ်ကိုင်ပြီး တရားစွဲတော့တာပဲ။ တရားမမှုပေါ့။

ဆရာကြီးက လူကြီးဆိုတော့ ချေလွှာမှာ လောင်းကစားကြေးကျန်အတွက်အာမခံအဖြစ် စာချုပ်ပေးရတာမှန်ပေမယ့် လောင်းကစားကိစ္စထည့်သွင်းချေပခြင်း မပြုရန် မှာကြားထားသည်။ ဆရာကြီးကို "ဟုတ်ကဲ့"ဟုပြောပြီး၊ အမှုသည်နှင့်တိုင်ပင်ကာ "ဆရာစလင်းကောင်းမယ်ထင်သလို လုပ်ပါ" ဆိုသဖြင့် ချေပလွှာပြောင်းပြီး လောင်းကစားကိစ္စထည့်သွင်းချေပခဲ့ပါသည်။ စာနဲ့ဆက်သွယ်ခဲ့တာတွေလည်း ပူးတွဲတင်ပြခဲ့ပါသည်။ စာချုပ်မှာ ပါသူတွေက ငွေပေးတာ တွေ့တယ်ပြောကြတယ်။ လက်ဖက်ရည်ဆိုင်မှာ ကြွပ်ကြွပ်အိတ်နဲ့ အထုပ်လိုက်ပေးတာဆိုပဲ။ အိမ်အရောင်းအဝယ် လက်ဖက်ရည်ဆိုင်မှာ လုပ်တယ်ဆိုတာ ဘယ်သဘာဝကျမလဲ။ အိမ်သွားကြည့်မယ်၊ သိနေလို့မကြည့်လဲ အရပ်လူကြီးလောက်တော့ အသိပေးရမှာ ပေါ့။ အိမ်သားတွေလဲ သိရမှာပါပေါ့။ လုပ်ကြံတဲ့ စာချုပ်ဆိုတာပေါ်တော့ အမှုကြီးသွားတာပေါ့။

လောင်းကစားအလုပ်ဟာ စီးပွားရေးထိခိုက်ရုံ သက်သက်မဟုတ်ဘူး။ အမှုအခင်းတွေ အတော်တော်များများဟာ လောင်းကစားနေပေါ်ပေါက်လာတာများတယ်။ လောင်းကစားဆိုလို့ ချဲ့ထီတစ်မျိုးတည်းမဟုတ်ဘူး။ ဖဲလည်းပါတယ်။ ကြက်(တိုက်ကြက်ခွပ်၊ ကြက်တိုက်ခြင်းလည်းပါတယ်။)ဂျင်လည်းပါတယ်။ မာကျောက်ဆိုတာလည်းပါတယ်။ ဖဲသုံးချပ်လည်းပါတယ်။ လောင်းကစားအားလုံးဟာ အကျင့်စာရိတ္တကိုလည်း ပျက်ပြားစေတယ်။

ထောင်တန်းကျပြီဆိုရင် မိသားစု ဒုက္ခပင်လယ်ဝေရပြီသာ မှတ်ပေတော့။ ထောင်ဝင်စာသွားတွေ့၊ စားစရာ၊ သောက်စရာပို့နဲ့ ကုန်ရတဲ့ဖြင့်နောက်ပိုင်းကလူ အလုပ်ဖြောင့်ဖြောင့် မလုပ်ရတော့ဘူး။ ဒါကြောင့် ဒုက္ခပင်လယ် မဝေရအောင် အသိတရားနဲ့ ဆင်ချင်လောဘဝင်ပြီး လောင်းကစား နောက်လိုက်ရင်တော့ ဖွတ်ထွက်သည်ထက် ညစ်သွားလိမ့်မည် ဖြစ်ပါကြောင်း စေတနာမောင်းတီးလိုက်ရပေသတည်း။

"ကောင်းပါတယ်။ ဦးစလင်းကြီးရေ ဘာပဲပြောပြော အသိလေးတော့ တိုးပါတယ်၊ ဆက်သာရေးပါ၊ ဘိုင့်ဘိုင်"

"ဘိုင့် . . . ဘိုင်"

မောင်မိုးလည်း ရုံးခန်းထဲမှ ထွက်သွားလေသည်။

ဒုက္ခပင်လယ် မဝေရအောင် လောင်းကစားဆိုရှောင်။

**စလင်း-ဦးအောင်သိန်း**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# [illegible]

[illegible]

အပိုင်း(၆)

[illegible]

ဤလေ့တို့ရေ ...

ဤနှစ်က အပိုင်း(၅)နဲ့ (၆)မှာ ဖော်ပြခဲ့တဲ့ ကျောင်းသားတစ်ယောက်ဟာ ကြီး ဝေးလှတဲ့ ရာဇဝင်ပြင်ဆင်ရာ [illegible] ဆောင်ကြီးမှာ ဖယောင်းရုပ်အဖြစ် ကာလ နှုန်း [illegible] ကိုယ်တော်ကောင်း [illegible] တစ်ခုပါ [illegible] ရှုကျင့်သော ဆိုမှု [illegible] ဗဟိုဗွေ့ညီသို့ ဝတ္ထုရှင်ရေးသူ(ဗဟဒ) ဝေသမြင့် အခါ ဆင့် ပြေးသီးရှုစာအစန်ထပ်ဆောင်းခဲ့ရ တယ်။

အကြောင်းနောက်ငွေမှာ ဤဟာပြုသသူ မှာရှိတဲ့ ဖအေးအေးချမ်းချမ်း ဂါဝန်ခတွ ထမ်းဆောင်နိုင်ခဲ့ပေမဲ့ (ဗသ၁)အနောက် မှာတော့ ဇာတကနိုးလင် နိဗ္ဗာန်နေလို့ လားမသိဘူး။ တစ်ယောက်နဲ့တစ်ကိုယ် အိပ် မက်တောင် မမက်ခဲ့ဘူးတဲ့ ဒေသပြဿနာကြီး နဲ့ ထိပ်တိုက်ရင်ဆိုင်ရပါတော့တယ်။ အဲဒါ ကတော့ တွေးတွေးတို့အားလုံး သိကြတဲ့ အတိုင်း ချည်ထုပ်အလွဲသုံးစားမှုကြီးပါ။

ဗီအက်[illegible] [illegible]

[illegible] နိုင် [illegible]

[illegible]

ကိုယ်တိုင်တွေ့မှာ [illegible]

ချည်စ တစ်ဂွာတစ်မိုက်ကို မက်သေခံမတင်ပြနိုင်သလို [illegible] မိမှောင်းချည်ရှိရာဘဲ ငွေခကြီးတစ်

ပြီးကာစ်ရှင်တို့မှ [illegible] ပြန်နိုင်ပါတော့။ ပြီးတော့ ချည်ထုပ်တွေကို [illegible] [illegible] ပြန်ပေါ် [illegible] အသောရှ [illegible] ပါတော့။

[illegible]

ဒါပေမဲ့ [illegible] တရား [illegible] ဘူးရိုင်ရာ [illegible] ခေးတောခံကြရသေးတာပေါ့။ အဲဒါ အချိန်နှစ်လလောက်ကြား [illegible] စောင့်ရ

www.burmeseclassic.com

သေးတယ်။ တရားရုံးမှာ သုံးနှစ်နီးပါး အမှုရင်ဆိုင်ခဲ့ရတာထက် အခု ဌာနဆိုင်ရာ ဒီအီးရဲ့ ဆုံးဖြတ်ချက်ကိုစောင့်ရတာက တစ်ကမ္ဘာလောက်ကြာတယ် ထင်မိတယ်။

အဲ ... အဖြေထွက်လာတော့ ကိုယ်တို့အမှုတွဲထဲက အရာရှိနှစ်ဦးကို မယုံမနေရ ပင်စင်ပေးလိုက်ပြီး ကျန်တဲ့ ကိုယ်တို့ဝန်ထမ်းငါးယောက်ကိုတော့ နှစ်တိုးရပ်၊ သတိပေးပြီး ခေတ္တရာထူးချထားတာက ကင်းလွတ်ခွင့်ပြုပြီး တာဝန်တွေ ပြန်ထမ်းဆောင်ခွင့် ပြုလိုက်တယ်လေ။

ဒီနေရာမှာ တချို့က မေးကြတယ်။ တရားရုံးတော်ကတောင်မှ အပြစ်မရှိလို့ ကွင်းလုံးကျွတ် လွှတ်လိုက်ပြီပဲဟာ၊ ဘာဖြစ်လို့ ဌာနဆိုင်ရာက အပြစ်ပေးရတာလဲတဲ့။ ဟုတ်ပါတယ်။ ဒါဟာ အစိုးရဝန်ထမ်းမလုပ်ဖူးတဲ့ အပြင်အရပ်သားတွေ အနေနဲ့ မေးသင့်မေးထိုက်တဲ့မေးခွန်းပါပဲ။

အမှန်တော့ တရားရုံးတော်က ဥပဒေနဲ့အညီ စီရင်ဆုံးဖြတ်တာဖြစ်ပြီး ဌာနဆိုင်ရာ စစ်ဆေးရေး(ဒီအီး)က ကျီဆာကြူလာ(၁၅)အရ စစ်ဆေးစီရင်တာကြောင့် အဲလိုကွာခြားရတာပါ။ ဒါကြောင့် တရားဥပဒေအရ ပြစ်မှုမထင်ရှားလို့ လွှတ်လိုက်ပေမဲ့ ကျီဆာကြူလာက ဝန်ထမ်းကျင့်ဝတ်စည်းကမ်း၊ လုပ်ငန်းတာဝန်အရ အရေးယူအပြစ်ပေးနိုင်ပါတယ်။

တစ်နည်းပြောရရင် တရားဥပဒေမှာ သံသယအကျိုးခံစားပြီး ပြစ်မှုက လွတ်မြောက်နိုင်ပေမဲ့ ကျီဆာကြူလာ(၁၅)မှာတော့ သံသယရှိတာနဲ့ အပြစ်ပေးနိုင်လို့ပါပဲ။

ဒီလိုနဲ့ ကိုယ်တို့ ပြည်တော်ပြန်ဝန်ထမ်းငါးယောက်ဟာ ကိုယ်တာဝန်ကျရာ အကျဉ်းထောင်၊ အလုပ်စခန်းအသီးသီးမှာ ပြန်တာဝန်ထမ်းဆောင်ကြရပါတယ်။ ကိုယ်ကတော့ အင်းစိန်ညွှန်ကြားရေးမှူးချုပ်ရုံးက ထောက်ပံ့ဌာနစုမှာ တာဝန်ကျပါတယ်။

ဒါပေမဲ့ ထောက်ဌာနစုမှာ အလုပ်မည်မည်ရရ မလုပ်ရပါဘူး။ ညွှန်ချုပ်ကိုယ်တိုင် ဦးစီးဖွဲ့စည်းလိုက်တဲ့ ဥပဒေအကြံပေးအဖွဲ့ အလုပ်တွေနဲ့ပဲ အချိန်ကုန်နေတာပါ။ ဒီအဖွဲ့မှာ ဥပဒေဘွဲ့ရ ရုံးချုပ်ဌာနစုအသီးသီးက ဝန်ထမ်းတချို့ပါဝင်ပြီး အဓိကလုပ်ငန်းကတော့ အကျဉ်းထောင် အလုပ်စခန်းတွေက ညွှန်ချုပ်ဆီတင်ပြလာတဲ့ ဒီအီး၊ ပီအီး အစီရင်ခံစာတွေကို ဝန်ထမ်းရေးရာမတိုင်ခင် ဥပဒေနဲ့ညီမညီ ကြို့တင်စိစစ်တင်ပြရတာပါ။

ဒီကြားထဲ ရှည်လျားတွေပြားတဲ့ မြိတ်အကျဉ်းထောင်လာဘ်ပေးလာဘ်ယူမှုနဲ့ ထောင်ဖောက်မှုခင်းကြီးကိုလည်း နှစ်ကြိမ်တိုင်တိုင် နယ်ထွက်စစ်ဆေးတင်ပြခဲ့ရပါသေးတယ်။ အဲဒီ မဟာဒီအီးကြီးဟာ အဲဒီလို နှစ်ကြိမ်နှစ်ခါ နယ်ထွက်စစ်ဆေးခဲ့တာတောင် နိဂုံးမချုပ်နိုင်သေးဘဲ အထက်အမိန့်အရ သက်ဆိုင်ရာအရာရှိတချို့ကို ရုံးချုပ်ဆင့်ခေါ်ပြီး တတိယအကြိမ် စစ်ဆေးပေးလိုက်မှပဲ ဆုံးခန်းတိုင်နိုင်တော့ပါတော့တယ်။

ကိုယ်အင်းစိန်ရုံးချုပ်မှာရောက်နေတဲ့သတင်း ကြားရလို့ မိတ်ဆွေသူငယ်ချင်းတွေ မကြာခဏဆိုသလို ရောက်လာကြတတ်ပါတယ်။ လူချင်းမတွေ့တာကြာလို့ လွမ်းဆွတ်သတိရပြီး လာခဲ့ကြတာတော့ မဟုတ်ပါဘူး။ သူတို့ရဲ့မိသားစုတစ်ယောက်ယောက် အမှုဖြစ်ပြီး အင်းစိန်ထောင်ကြီးထဲ ရောက်နေလို့ အကူအညီလာတောင်းကြတာမျိုးတွေပါ။

ကိုယ်က အဲဒီတုန်းက ငွေကြယ်နှစ်ပွင့်တပ် ထောင်မှူးကြီးအဆင့်ပဲ ရှိတာဆိုတော့ သူတို့အထင်ကြီးသလောက် အာဏာပါဝါ မရှိသေးပါဘူး။ ထောင်ပိုင်ကြီးနဲ့ လက်အောက်အရာရှိအချို့ကိုတော့ ခင်မင်ရင်းနှီးမှုနဲ့ အကူအညီနည်းနည်းပါးပါး တောင်းဆိုနိုင်တဲ့ အနေအထားမျိုးလောက် ရှိတာပါ။ ဒါတောင် တစ်ခါတလေ မလွှဲမရှောင်သာမှ တောင်းဆိုမှ ကောင်းမှာပေါ့။ ဒါကြောင့်လည်း သူတို့လာရင် အားနာနာနဲ့ လက်ဖက်ရည်တိုက်ပြီး ပြန်လွှတ်ရတာပေါ့လေ။ အဲ ... ရှောင်ကွင်းနရိလုပ်တဲ့အခါလည်း လုပ်ရတာပေါ့ဗျာ။

အဲဒီလူတွေထဲမှာ တစ်ခါတစ်ရံ မဟုတ်ဘဲ အပတ်တိုင်း မပျက်မကွက် ရောက်လာတတ်တဲ့ ပုဂ္ဂိုလ်ထူးတစ်ယောက် ရှိသဗျ။ သူကတော့ တခြားလူဟုတ်ရိုးလား။ ကိုယ်တို့ ဒီအီးအဖွဲ့ နှစ်ကြိမ်တိုင်သွားစစ်ဆေးခဲ့ရတဲ့ မြိတ်အကျဉ်းထောင်က ထောင်ပိုင်ကြီး ဦးခင်စိန်ပါပဲ။

သူ့ကိုတော့ တခြားဧည့်သည်တွေလို လက်ဖက်ရည်တိုက်စရာ မလိုဘူးဗျ။ သူကကို ရှေ့ဆောင်ပြီး လက်ဖက်ရည်ဆိုင်ဆီ အတင်းဆွဲခေါ်သွားတတ်လို့လေ။ အဲ ... ဆိုင်ထဲရောက်တယ်ဆိုရင်ပဲ သူ့ ညာဘက်လက်ဖဝါးကို စားပွဲပေါ်တင်ပြီး လက္ခဏာပတ်နိုင်းတော့တာပါပဲ။

တကယ်ဆို သူကသာ အကျဉ်းထောင်လောကမှ ထင်ရှားကျော်ကြားတဲ့ ပညာရှင်ပဲဟာ။ ထောင်မှူး၊ ထောင်ပိုင်ကအစ အထက်အကြီးအကဲတွေအထိ သူ့ဆီမှာ လက္ခဏာမကြည့်ဖူးတဲ့သူ ခပ်ရှားရှားရယ်။ မှန်လွန်းလို့လေ။ ဒါကို ရန်ကုန်ယာယီအချုပ်စခန်းမှာ ကိုယ်သူနဲ့ အတူတူ တာဝန်ကျခဲ့တုန်းက တွေ့မြင်သိခဲ့ရတယ်။ ကိုယ်တောင်မှ လက္ခဏာပညာနဲ့ ပတ်သက်ပြီး သူ့ဆီက ပညာအတော်လေး ရခဲ့သေးတယ်။

အဲ ... တစ်ခုတော့ရှိတယ်၊ သူ့ဟောချက်တွေက ရာထူးတက်မယ်၊ ထပေါက်မယ်၊ ချမ်းသာမယ်ဆိုတာမျိုးကျ မှန်ချင်မှ မှန်ပေမဲ့ ဘယ်နေ့အမှုဖြစ်မယ် အလုပ်ပြုတ်မယ်ဆိုတာမျိုးကျ မှန်လိုက်သမှ ခက်ထိ၊ ကွက်တိပဲဗျို့။ အဲဒါကြောင့်လည်း တချို့ဝန်ထမ်းတွေက ဦးခင်စိန်

www.burmeseclassic.com

လက်ဗျာမထေ့ရဲကြဘူးတဲ့လေ။

အမှန်ဆို ကိုယ်က ဦးခင်စိန်တို့ရဲ့ ဒီအီးအဖြေကို သိနေပေမဲ့လည်း ပြောပိုင်ခွင့်ရှိတာ မဟုတ်ဘူးလေ။ ဒါကြောင့် ကိုယ်မတောက်တခေါက်တတ်ထားတဲ့ လက်ဗျာပညာနဲ့ တကယ့်ဖြစ်ရပ်မှန်ကို ရောသမမွှေပြီး ဟောလိုက်မိတယ်။

"ဆရာ့ကံကြမ္မာလမ်းကြောင်းက ဒီနှစ်ထဲ ပြတ်နေတာဆိုတော့ ဆရာ မကြာခင် လုပ်ငန်းပြောင်းရွှေ့ရနိုင်တယ်"

ကိုယ့်ရဲ့ ဟောချက်ကပဲ ဆင်ကန်းတောတိုးသွားလို့လား၊ သူ့ကံကြမ္မာနဲ့ တိုက်ဆိုင်သွားလို့လား မပြောတတ်ဘူး။ ထောင်ပိုင်ဟောင်းကြီး ဦးခင်စိန်တစ်ယောက် တောင်ဥက္ကလာပက သူ့နေအိမ်တိုက်ခန်းမှာ လက်ဗျာပညာနဲ့ အသက်မွေးနေတာကို ဒီနေ့ဒီရက်တိုင်အောင် မြင်တွေ့နေနိုင်သေးသဗျ။

ကိုယ်အကျဉ်းထောင်အလုပ်စခန်းတွေမှာ ၂၄ နာရီ အလှည့်ကျတာဝန်မှူးတွေ အကြိမ်ကြိမ်ကျခဲ့တာဆိုတော့ ပင်ပန်းပြီး အတော်လေး ငြီးငွေ့နေပါပြီ၊ တာဝန်မှူးကျတဲ့အချိန်အတွင်း ဘာပြဿနာဖြစ်မလဲ၊ အကျဉ်းသားချင်း ရိုက်နှက်ကြမလား။ အကျဉ်းသားထွက်ပြေးကြမလား။ ညဘက် လူခြေတိတ်ချိန်ကျမှ ထောင်ဖောက်ပြေးကြမလား။

ကိုယ်တာဝန်မှူးကျတဲ့ ၂၄ နာရီအတွင်း အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်းမစားရနဲ့ စိုးတထိတ်ထိတ်နဲ့ အဲလိုတစ်ချိန်လုံး ပူပင်သောကရောက်နေရတာ အမောပါပဲ။ ဒါကြောင့် နှလုံးရောဂါအခံရှိရင်တော့ ထောင်မှူးဝင်မလုပ်သင့်ဘူးဗျ။ ရောဂါမသက်သာတဲ့အပြင် ဆိုးသထက်ဆိုးလာမှာမို့လို့လေ။

အဲလို တာဝန်မှူးဝေဒနာ ခံစားနေရတဲ့ကိုယ်ဟာ အခု ရုံးချုပ်ရောက်နေပြီဆိုတော့ ဒီတာဝန်က ကင်းလွတ်ခွင့်များမလားလို့ မျှော်လင့်မိတာတော့ အမှန်ပါပဲ။ ဒါပေမဲ့ ကံကြမ္မာက ကိုယ့်ဘက်ကမပါပြန်ဘူး။ ရုံးချုပ်ဆိုတာလည်း လုံခြုံရေးလိုအပ်တာမို့လို့ တာဝန်မှူးချသာတဲ့ဗျ။

ရုံးချုပ်မှာဆိုရင် တာဝန်မှူးအပေါ်မှာ တာဝန်မှူးကြီး၊ နယ်မြေတာဝန်မှူးကြီးဆိုပြီး ရှိသေးတယ်။ တာဝန်မှူးရဲ့အောက်မှာတော့ တာဝန်ကြပ်၊ တာဝန်ကျတပ်သား၊ တာဝန်ကျယာဉ်မောင်းစသဖြင့်ရှိတယ်။ ဒါက လက်ရှိ (၁၉၈၈ နောက်ပိုင်း) တာဝန်ချထားပုံပါ။

ကိုယ်တို့အလုပ်စတင်တဲ့ ၁၉၇၅ ခုနှစ် အင်းစိန်ဗဟိုထောင်ကြီးမှာဆိုရင် တာဝန်မှူး၊ တာဝန်ကြပ်၊ တာဝန်ကျဆေးမှူး၊ တာဝန်ကျတပ်သား၊ တာဝန်ကျယာဉ်မောင်း ဒီလောက်ပဲ ရှိတယ်။ တာဝန်မှူးကြီးတို့၊ နယ်မြေတာဝန်တာဝန်မှူးကြီးဆိုတာတွေ ဘာတွေ မရှိဘူးဗျ။ ဘာပြဿနာမှ ထွေထွေထူးထူးမရခဲ့ဘူး။

ဒီဘက်ခေတ် အင်းစိန်ထောင်မှာတော့ တာဝန်မှူး၊ တာဝန်မှူးကြီးတင်မက အတွင်းစည်းတာဝန်မှူး၊ အပြင်စည်းတာဝန်မှူး၊ ဝင်းတာဝန်ခံထောင်မှူးဆိုပြီး တာဝန်တွေ အထပ်ထပ်ချလာ တွေ့ရတယ်။ အဲဒီလို လုံခြုံရေးကို ပိုက်စိပ်တိုက်တိုးပြီး တာဝန်တွေ ချထားလာတော့မှပဲ ပြဿနာတွေက ဖြစ်လိုက်ပါဘိသနဲ့။

ရုံးချုပ်မှာ တာဝန်မှူးကျရင် နေ့ဘက်ရုံးချိန်အတွင်းတော့ အေးအေးအေးဆေးပါပဲ။ ရုံးကိစ္စမှန်သမျှ သက်ဆိုင်ရာဌာနတွေက ဖြေရှင်းဆောင်ရွက်သွားကြလို့လေ။ တာဝန်မှူးကလည်း ကိုယ့်ဌာနစုမှာ အလုပ်လုပ်နေရင်း ရုံးချုပ်အဝင်ဂိတ်နားမှာရှိတဲ့ တာဝန်မှူးရုံးခန်းဆီ တစ်ခေါက်တလေလောက် သွားကြည့်ရုံပါပဲ။

အဲ ... ညွှန်ချုပ်၊ ဒုချုပ်နဲ့ သက်ဆိုင်ရာဌာနစုတွေ ရုံးဆင်းသွားပြီဆိုရင်တော့ တစ်ရုံးလုံးရဲ့ လုံခြုံရေးဟာ တာဝန်မှူးရဲ့ခေါင်းပေါ် ရောက်လာပါတော့တယ်။ ဒါကြောင့် တာဝန်မှူးရုံးခန်းမှာထိုင်ပြီး လူဝင်လူထွက်၊ ကားဝင်ကားထွက်တွေ စိစစ်ပေတော့ပေါ့။ တစ်ခါတစ်ရံ မိုးချုပ်မှ ရောက်လာတဲ့ နယ်ထောင်က စာပို့ဝန်ထမ်းတွေကိုတော့ 'ဦးဌာနစု'ဆီ လွှဲပေးလိုက်ရုံပါပဲ။

ရုံးချုပ်မှာ တခြားဌာနစုတွေအသီးသီး ရုံးဆင်းသွားကြပေမဲ့ ဦးဌာနစုတစ်ခုကတော့ အတော်လေးညဉ့်နက်မှ ရုံးဆင်းလေ့ရှိတယ်။ တစ်ခါတစ်ရံ ညလုံးပေါက်အလုပ်လုပ်ရတာတောင် ရှိတတ်တယ်။ ဘာလို့ဆို ဦးဌာနစုက အကျဉ်းထောင်အလုပ်စခန်းတွေကို တိုက်ရိုက်အုပ်ချုပ်ရတဲ့ဌာနစုမို့လို့ပဲလေ။

မ,တစ်ထောင်သားတွေကို ထိန်းသိမ်းထားရတဲ့ အကျဉ်းထောင်တွေဆိုတာမျိုးက· နေ့နေ့ညည အချိန်မရွေး ပြဿနာပေါ်တတ်တဲ့နေရာတွေ မဟုတ်လားဗျာ။ တကယ်လို့ အဲလိုပြဿနာဖြစ်လာရင် အကျဉ်းထောင်ပိုင်အနေနဲ့ သက်ဆိုင်ရာ အုပ်စုညွှန်ကြားရေးမှူးဆီ ချက်ချင်း တင်ပြရတာတယ်။ ညွှန်ကြားရေးမှူးက သူမဆုံးဖြတ်နိုင်တဲ့အမှုဆိုရင် ရုံးချုပ်ဦးစီးဌာနဆီ အမြန်ဆုံးတင်ပြရတယ်လေ။

အဲဒီအခါ ဦးဌာနစုက ဦးစီးအရာရှိက ထူးခြားဖြစ်စဉ်အကျိုးအကြောင်း အကျဉ်းဖော်ပြပြီး ညွှန်ကြားရေးမှူးချုပ်ဆီ အမြန်ဆုံးတင်ပြရတယ်လေ။ ညွှန်ချုပ်က အဲဒီကိစ္စကို ဘယ်လိုဆောင်ရွက်ဖို့ စာပြန်ထုတ်လိုက်၊ အဲဒီစာမိတ္တူကို ညွှန်ကြားရေးမှူးအားလုံးဆီ ချက်ချင်းပို့ဖို့ အမိန့်ချမှတ်တယ်။ ဒါကြောင့် ဦးဌာနစုက ညွှန်ကြားချက်အတိုင်း လက်နှိပ်စက်နဲ့အချောရိုက်ပြီး ညွှန်ချုပ်ဆီ အမြန်ပြန်တင်ပြရတယ်။

ပြဿနာက ဘယ်ပညာရှိက စထွင်လိုက်တယ်မသိဘူး။ အဲဒီအရေးကြီးစာချောကို ညွှန်ချုပ်ဆီ လက်မှတ်ထိုးဖို့တင်ပြရမှာက တာဝန်မှူးရဲ့တာဝန် ဖြစ်လာပါတော့တယ်။ တကယ်ဆို ဦးဌာနမှာ လက်



www.burmeseclassic.com

www.burmeseclassic.com

တလေသာဖြစ်ပျက်နေတဲ့ ကိစ္စကို ဘာခန့်မှန်းအနေနဲ့ ဘာမှသိနိုင်တာမှ မဟုတ်ဘဲ။ သွားတင်ပြရတဲ့အချိန်က ညဆယ်နာရီ၊ ဆယ့်တစ်နာရီ။ ပြီးတော့ အင်းစိန်ဗဟိုထောင်ကြီးရှေ့က ညွှန်ချုပ်အိမ်ခြံဝင်းကြီးထဲမှာ။

တစ်ညကိုယ်တာဝန်မှူးကျနေတဲ့ ညကိုးနာရီခွဲလောက်မှာ ဦးဌာနစုဦးစီးက ခေါ်တယ်။ ပြီးတော့ စာအိတ်ညိုကြီးတစ်အိတ်ပေးတယ်။

"ဒီစာကို ညွှန်ချုပ်ဆီ သွားတင်ပြလိုက်ပါ။ ဘာမှပြောနေစရာမလိုဘူး။ သူ လက်မှတ်ထိုးပြီး ပြန်ပေးလိုက်လိမ့်မယ်"

ဦးစီးက အဲလိုလေး ခပ်ပေါ့ပေါ့ပြောတယ်။ အထက်အမိန့်ဆိုတော့ ကိုယ်မငြင်းသာတော့ဘဲ တာဝန်ကျမော်တော်ယာဉ်ပေါ်ပြီး ညွှန်ချုပ်အိမ် မောင်းနိုင်းရတယ်။ ညွှန်ချုပ်ကြီး ဧည့်သည်တွေနဲ့ စကားပြောနေတယ်ဆိုလို့ နာရီဝက်လောက် စောင့်နေရသေးတယ်။ တကယ်ဆို ဒီကိစ္စက ဦးဌာနစုက တာဝန်ရှိကဲ့သူကိုယ်တိုင် ဆောင်ရွက်ရမှာလေ။ ဘာဖြစ်လို့များ မသိမသိုင် တာဝန်မှူးခေါင်းပေါ် ပုံချရတာပါလိမ့်။ သူတို့ကိုယ်တိုင် ညွှန်ချုပ်နဲ့ တိုက်ရိုက်ရင်မဆိုင်ရဲလို့များလား။

ပြီးမှ ညွှန်ချုပ်ကြီးကို အလေးပြုသတင်းပို့ပြီး စာအိတ်ညိုကြီးကို လှမ်းပေးလိုက်ရတယ်။ ညွှန်ချုပ်ကြီး စာကိုသေချာဖတ်နေတဲ့အချိန်မှာ ကိုယ်မလှမ်းမကမ်းက မတ်တတ်ရပ်ပြီး စောင့်နေရတယ်။ ညွှန်ချုပ်လက်မှတ်ထိုးပြီးရင် စာယူပြီးပြန်မယ်ပေါ့လေ။

"ဒီထောင်မှာ ဒီလိုထောင်ဖောက်မှုဖြစ်တာ ဒါပထမဆုံးအကြိမ်လားကွ"

ညွှန်ချုပ်ကြီးက စာကို ငုံ့ဖတ်နေရင်းက လှမ်းမေးတယ်။ လုံးဝမမျှော်လင့်မထားဘဲ ရုတ်တရက်ကြီး အမေးခံလိုက်ရတော့ ကိုယ့်မှာ ဘာပြန်ဖြေလို့ ဖြေရမှန်းမသိ။ တကယ်ဆို စာရွက်ထဲမှာ ဘာအကြောင်းကိစ္စတွေပါတယ်ဆိုတာကိုလည်း မသိတော့ ကြောင်အမ်းအမ်းဖြစ်နေတာပေါ့။ ဒါပေမဲ့ လူကြီးတွေနဲ့ စကားပြောရင် အကျင့်ပါနေတဲ့အတိုင်း နှုတ်ကနေ အလိုအလျောက် "ဟုတ်ကဲ့" လိုက်မိပါတယ်။

"နောက်ပြီးတော့ အကျဉ်းသားဒီလောက်အများကြီး ထွက်ပြေးလွတ်မြောက်သွားတာမျိုး အရင်က တစ်ခါမှ မရှိခဲ့ဘူးမဟုတ်လားကွ"

ညွှန်ချုပ်ကြီးက စာငုံ့ဖတ်ရင်း မေးပြန်တယ်။

"ဟုတ်ကဲ့"

ကိုယ်ကလည်း ဒုတိယအကြိမ် ဟုတ်ကဲ့လိုက်မိပေတယ်။ ရင်ထဲမှာတဒိန်းဒိန်းခုန်နေပြီ။ ဒူးကလဲ တဆတ်ဆတ်တုန်ချင်လာတယ်။ နောက်ထပ် ဘယ်လိုမေးခွန်းများ မေးဦးမလဲပေါ့လေ။

"အဟမ်း ... ဟမ်း"

ညွှန်ချုပ်ကြီးက ချောင်းတစ်ချက်ဟန့်လိုက်ပြီး ကိုယ့်ကို တစ်ချက်လှမ်းကြည့်တယ်။ ပြီးမှ ရုံးစာပေါ် လက်မှတ်ရေးထိုးလိုက်ပြီး ကိုယ့်ကိုလှမ်းပေးတယ်။ ကိုယ်က လှမ်းယူပြီး အလေးပြုပြီး ပြန်လှည့်ထွက်မယ်လုပ်တော့မှ ...

"ညွှန်မှူးတွေဆီ ညတွင်းချင်း မိတ္တူပို့နော်"

"ဟုတ်ကဲ့"

ကိုယ်က ထုံးစံအတိုင်း တတိယအကြိမ် ဟုတ်ကဲ့လိုက်ကာ အမြန်လှည့်ပြန်ခဲ့ရတယ်။ အိမ်အပြင်ရောက်မှပဲ သက်ပြင်းမောကြီးတစ်လုံး အမောတကော မှုတ်ထုတ်မိလိုက်တော့တယ်။ ကြည့်စမ်း ... ညွှန်ချုပ်မေးသမျှ ယောင်ယမ်းပြီး ဟုတ်ကဲ့လိုက်မိတာ ကံအားလျော်စွာ အမေးနဲ့အဖြေ တည့်တည့်ကျသွားပေလို့ပေါ့ဗျာ။ နို့မို့ဆို ဘုမသိ ဘမသိ ...။

ဇာတ်လမ်းက အဲဒီမှာတင် မပြီးသေးဘူး။ ညွှန်ချုပ်လက်မှတ်ထိုးထားတဲ့ မိတ္တူတွေကို ရန်ကုန်မှာရှိတဲ့ ညွှန်ကြားရေးမှူးတွေဆီကို ညတွင်းချင်းပို့ပေးခဲ့ရသေးတယ်။ ညွှန်မှူးတွေက များသောအားဖြင့် မြို့ထဲမှာနေတာဆိုတော့ ကိစ္စအားလုံးပြီးလို့ လက်ကနာရီကို မြှောက်ကြည့်လိုက်တော့ မနက်တစ်နာရီတောင်ထိုးလုပြီလေ။

ဒါထောင် ဗိုလ်တထောင်မြို့နယ်၊ တိုကလေးရျေးနားမှာနေတဲ့ ညွှန်မှူးတစ်ယောက်က အိပ်မှုန်စုံမွှားနဲ့ အငေါ်တူးလိုက်သေးသဗျ။

"ခင်ဗျားတို့ရုံးချုပ်က ညသန်းခေါင်ကျော်မှ အမိန့်တွေထုတ်သလားဗျ"

ကဲ ... အဲဒါသာကြည့်တော့ တူးတူးတို့ရေ။ ခင်ဗျားတို့ ရုံးချုပ်တဲ့။ တာဝန်မှူးကျတဲ့ နေ့က ဘုမသိ ဘမသိ အပြောခံလိုက်ရသေး။ ဟုတ်တယ်လေ ရုံးချုပ်တာဝန်မှူးကျတာက အကျဉ်းထောင်အလုပ်စခန်းတွေလို လူမပင်ပန်းပေမဲ့ စိတ်ကတော့ တအားပင်ပန်းသဗျ။

အဲ ... ဦးဌာနစုရဲ့ ကောင်းမှုပေါ့လေ။ အဲဒါကြောင့် ရုံးချုပ်တာဝန်မှူးကျတဲ့သူတိုင်း ဦးဌာနစုက မင်္ဂလာနဲ့ ဂါထာမန္တန်တွေ ရွက်ဆိုနေရတာက အမေ။

အဲဒါတွေကတော့ ကိုယ်အင်းစိန်ရုံးချုပ်မှာ တာဝန်မှူးကျခဲ့တဲ့ ၁၉၈၈ နှစ်နောက်ပိုင်းကာလတွေမှာ ဦးဌာနစုရဲ့ လုပ်ငန်းတွေကို မသိမသိုင် ကြားဝင်ပြီး ခေါင်းခံဆောင်ရွက်ပေးခဲ့ရတဲ့ တာဝန်မှူးတွေရဲ့ မခံချည့်မခံသာ ဖြစ်ရပ်အချို့တစ်ဝက်ပါ။

အဲ ... အခုရုံးချုပ်အသစ်(နေပြည်တော်)မှာတော့ ဒီလိုမသိမသိုင်တဲ့ အမွေဆိုးတွေ မရှိလောက်တော့ဘူး ထင်ပါရဲ့နော်"

(ဆက်လက်ဖော်ပြပါမည်)

ဗဟိုစော



www.burmeseclassic.com

www.burmeseclassic.com

## အမှုတွေပြေအေးစေမယ့်

# ဥပဒေအမေးအဖြေ

ဦးစောလှိုင် [B.A(HIST:) H.G.P., R.L]

### လူတစ်ယောက်ကို ခုနစ်နှစ်ကြာအောင် မတွေ့ရရင် သေပြီလို့ ယူဆနိုင်သလား

ဆရာရှင့် ...

ကျွန်မ လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်က လူကြီးမိဘတွေ သဘောတူပေးစားတဲ့ အမျိုးသားတစ်ယောက်နဲ့ မင်္ဂလာဆောင်ခဲ့ရပါတယ်။ သတို့သားဟာ အဲဒီညမှာ သူငယ်ချင်းတွေနဲ့ စားသောက်ဆိုင်တစ်ခုမှာ လူပျိုညလုပ်နေရင်းက သန့်စင်ခန်းဘက် ခဏထွက်သွားပါတယ်။ အချိန်အတော်ကြာတဲ့အထိ ပြန်မလာတော့ သူငယ်ချင်းတွေက မူးပြီးလဲနေပြီအထင်နဲ့ သန့်စင်ခန်းထဲ လိုက်ရှာတော့ သူ့ကို မတွေ့ဘူးတဲ့။ ဒါနဲ့ ဆိုင်အပြင်ထွက်ပြီး တစ်ခုခုသွားတယ်ထင်ပြီး လှည့်လိုက်ရှာပေမဲ့ အရိပ်အယောင်တောင် မတွေ့ရဘူးတဲ့။ နောက်ဆုံး အိမ်များပြန်သွားသလားဆိုပြီး ကျွန်မဆီလာမေးကြတယ်။ သူအိမ်ကိုလည်း ရောက်မလာဘူးရှင့်။

အဲဒီနောက်ပိုင်း သူ့အပေါင်းအသင်းတွေနဲ့ သူသွားတတ်တဲ့ နေရာအနှံ့ လိုက်ရှာကြသလို လူကြီးမိဘတွေကလည်း ဆွေမျိုးတွေဆီများ ရောက်နေမလားလို့ လိုက်စုံစမ်းကြပေမဲ့ အကြောင်းမထူးပါဘူး။ နောက်ဆုံး ဘယ်လိုမှ ရှာမရတာနဲ့ ရဲစခန်းမှာ လူပျောက်တိုင်ရပါတော့တယ်။

အဲဒါနဲ့ သူသေသလား၊ ရှင်သလားဆိုတာ ဒီနေ့အထိ သတင်းတစ်စွန်းတစ်စမှတောင် မကြားရတော့ပါဘူးဆရာ။

ခုတော့ လူကြီးမိဘတွေက သူ့ကို သေပြီလို့ ဆုံးဖြတ်လိုက်ကြပြီး ကျွန်မကို နောက်အိမ်ထောင်ချပေးဖို့ စီစဉ်နေကြပါပြီ။ သတို့သားကတော့ ဆွေမျိုးနီးစပ်ထဲက လူကြီးတွေရွေးချယ်ထားတဲ့သူပါ။ သူက လူကြီးတွေစကားကို မငြင်းပေမဲ့ ကျွန်မကိုတော့ မေးခွန်းတစ်ခု မေးပါတယ်။

"လက်ထပ်ပြီးမှဟိုလူပြန်လာရင် ဘယ်လိုလုပ်မလဲ"တဲ့။

သူ့မေးခွန်းကို ကျွန်မ မဖြေနိုင်ဘူးဆရာ။ ဒီကိစ္စကို ဆွေမျိုးတွေ တစ်ယောက်တစ်ပေါက် ဝေဖန်နေကြလို့ စိတ်ညစ်နေရတဲ့အထဲ သူငယ်ချင်းတစ်ယောက်က သတိပေးသလိုလိုနဲ့ မေးပြန်တယ်။

"ဟဲ့ ... နင်က အရင်လူနဲ့ တရားဝင်လက်ထပ်ထားတာဆိုတော့ အကယ်၍ နင်တို့ အခုမင်္ဂလာဆောင်ပြီးမှ ဟိုလူပြန်ပေါ်လာရင် သတို့သားက မယားနိုးမှုနဲ့များ အစွဲခံရမလား မသိဘူး" ... တဲ့လေ။

ကျွန်မက ခံမှန်ပူးတဲ့ စာသူငယ်ဖြစ်နေတော့ သတို့သားတစ်ခါပျောက်ဖူးခဲ့လို့ အခုတစ်ကြိမ်လည်း ထပ်ပျောက်ဦးမလား ဆိုပြီး ယူဆွတ်ိမဲ့တဲ့ စိုးရိမ်စိတ်တွေနဲ့ အဆန်းတကြယ်တွေးနေမိပါတယ်။

ခုတော့ ဆွေမျိုးမိတ်ဆွေတွေရဲ့ ထင်ရာမြင်ရာ လျှောက်ပြောနေတာတွေကို မှန်တယ်၊ မှားတယ် မစဉ်းစားချင်လောက်အောင်ကို စိတ်ဆင်းရဲနေရပါပြီ။

ဒါကြောင့် ဆရာကိုပဲ မေးပါရစေ။ ကျွန်မအနေနဲ့ ခုနေခါ အိမ်ထောင်ထပ်ပြုလိုက်ရင် တရားဥပဒေအရ ကောင်းကျိုး၊ ဆိုးကျိုး ဘယ်လိုရှိလာနိုင်တယ်ဆိုတာ အမြန်ဆုံးဖြေကြားပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်ရှင့်။

အစဉ်လေးစားလျက်
မယုယုမော်
ဒိုင်းဝန်ကွင်း။ မော်လမြိုင်မြို့။

မယုယုမော်ခင်ဗျား ...

သက်သေခံဥပဒေပုဒ်မ ၁၀၈ မှာ ...

"လူတစ်ယောက်အကြောင်းကို သိသင့်သိထိုက်သော ဆွေမျိုးသားချင်းမိတ်ဆွေများအနေနှင့် ခုနစ်နှစ်အတွင်း သတင်းစကားမကြားရကြောင်း ထင်ရှားနေလျှင် တရားရုံးက ထိုလူသေပြီဟု ယူဆနိုင်သည်"

လို့ ပြဋ္ဌာန်းထားတာ ရှိပါတယ်။

အခု မယုယုမော် အရင်တစ်ခေါက်လက်ထပ်ခဲ့တာဟာ အခုခုနစ်နှစ်လောက်ရှိနေပြီ။ အဲဒီအတောအတွင်း မိဘဆွေမျိုး

www.burmeseclassic.com

တွေ စုံစမ်းရှာဖွေကြပေမဲ့ သူနဲ့ပတ်သက်ပြီး သတင်းစကား တစ်စုံတစ်ရာ မကြားရသေးတာကြောင့်ပါ့လို့ တရားဥပဒေအရ သူ့ကို သေပြီလို့ ယူဆမှာ ဖြစ်ပါ။

ဒါကြောင့်မို့ မယုယုမော်ကို လူကြီးတွေက နောက်အိမ်ထောင်ပြုဖို့ စီစဉ်ပေးတာဟာ တရားဥပဒေရှုထောင့်ကကြည့်ရင် မမှားဘူးလို့ ဆိုရပါမယ်။ တကယ်လို့ အများစိုးရိမ်နေကြသလို နောက်အိမ်ထောင်ပြုပြီးမှ အရင်လူပြန်ပေါ်လာရင်တောင်မှ ဥပဒေနဲ့ ညီညွတ်နေလို့ နောက်သတို့သားကို မယားခိုးမှုနဲ့ စွဲလို့လည်း မအောင်မြင်နိုင်တော့ပါဘူး။

တစ်ခုတော့ အကြံပြုချင်တယ်။

မယုယုမော်တို့ လက်မထပ်ခင် စေ့စပ်ကြောင်းလမ်းပွဲလေး အရင်လုပ်စေချင်ပါတယ်။ ပြီးရင် အဲဒီစေ့စပ်ပြီးစီးကြောင်း ကြော်ငြာကို အများပြည်သူသိအောင် သတင်းစာမှာ တရားဝင်ထည့်ကြော်ငြာထားဖို့တော့ လိုပါလိမ့်မယ်။

ဒါဆိုရင် မယုယုမော်ရဲ့ အနာဂတ်အိမ်ထောင်ရေးဟာ ပိုပြီး လုံခြုံစိတ်ချသွားရပါလိမ့်မယ်လို့ ဖြေကြားလိုက်ပါရစေ။

××× ××× ×××

## အမွေ့မဲ့မိမြေးက
## ဘိုးဘွားအမွေမရတော့ဘူးလား

ဆရာရှင့် ...

ကျွန်မအမေဟာ မွေးချင်းညီအစ်မသုံးယောက်ထဲမှာ အကြီးဆုံးသမီးဖြစ်ပြီး ဘိုးဘွားတွေထက်စောပြီး အရင်ကွယ်လွန်သွားခဲ့ပါတယ်။ ခုဆို ငါးနှစ်ကျော်၊ ခြောက်နှစ်လောက် ရှိပါပြီ။ ကျွန်မကတော့ ကွယ်လွန်သွားတဲ့ အမေရဲ့ တစ်ဦးတည်းသောသမီး ဖြစ်ပါတယ်။

ပြီးခဲ့တဲ့နှစ်ထဲမှာ ကျွန်မဘိုးဘိုးနဲ့ဘွားဘွား လူကြီးရောဂါနဲ့ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကွယ်လွန်သွားခဲ့ကြပါတယ်။ အမွေပစ္စည်းအဖြစ် လက်ရှိတိုက်ရယ်၊ အတွင်းပစ္စည်းတွေရယ်၊ ငွေသားအတော်များများ ကျန်ခဲ့ပါတယ်။ အဲဒါတွေကို ကျွန်မ ဒေါ်လေးနှစ်ယောက်က အပိုင်စီးထားကြပါတယ်။

သူတို့ပြောတာကတော့ ကျွန်မအမေဟာ ဘိုးဘွားတွေရဲ့အရင် ကွယ်လွန်သွားခဲ့ပြီးဖြစ်တာကြောင့် ခုအချိန်မှာ ဘာအမွေမှ ခံစားပိုင်ခွင့် မရှိတော့ဘူး။ ကျွန်မဟာလည်း အမေမရှိတော့တာကြောင့် အမွေ့မဲ့မြေး ဖြစ်နေလို့ ဘိုးဘွားတွေရဲ့ အမွေကို ဘာမှ ခံစားပိုင်ခွင့်မရှိတော့ဘူးတဲ့ ဆရာ။

ကျွန်မ ဥပဒေနားမလည်ပေမဲ့ စိတ်ထဲမှာတော့ သူတို့စကားကို လက်မခံနိုင်ဘူးဖြစ်နေပါတယ်။ ပြီးတော့ မြေးတစ်ယောက်အနေနဲ့ ဘိုးဘွားအမွေကို ခံစားပိုင်ခွင့်ရှိတယ်လို့လည်း ထင်နေမိတယ်။

အဲဒါကြောင့် ကျွန်မဒေါ်လေးတွေ ပြောတဲ့စကားဟာ ဥပဒေအရ မှန်ကန်မှုရှိမရှိ ဖြေကြားပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်ရှင့်။

ကျေးဇူးဖြင့်
မိမိကြီး
'ရှင်စောပုရပ်၊ ပဲခူးမြို့။

မမိမိကြီးခင်ဗျား ...

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေမှာ 'အမွေ့မဲ့မိမြေး' နဲ့ 'အမွေမိမြေး' ဆိုပြီး သတ်မှတ်ထားတာရှိပါတယ်။ အမွေ့မဲ့မိမြေးဆိုတာ သူ့ရဲ့မိဘတွေဟာ ဘိုးဘွားတွေထက်စောပြီး ကွယ်လွန်သွားသူကို ခေါ်ပါတယ်။ အမွေမိမြေးကျတော့ သူ့မိဘတွေဟာ ဘိုးဘွားတွေ သေဆုံးပြီးနောက်မှ ကွယ်လွန်ကြသူကို ခေါ်ပါတယ်။

အခုကိစ္စမှာ မမိမိကြီးက အမွေ့မဲ့မိမြေးဖြစ်ပါတယ်။ ဒါ့ကြောင့် ဒေါ်လေးတွေပြောသလို အမွေ့မဲ့မိမြေးဟာ ဘိုးဘွားအမွေကို ခံစားခွင့်မရှိဘူးဆိုတာလည်း ဥပဒေအရ မှန်ကန်နေပါတယ်။

ဒါပေမဲ့ မမိမိကြီးရဲ့ ဒေါ်လေးတွေ တကယ်ပဲ မသိလို့လား။ ဒါမှမဟုတ် မသိဟန်ဆောင်နေတာလား မပြောတတ်ဘူး။ အဲဒါကတော့ မမိမိကြီးရဲ့အမေဟာ ညီအစ်မသုံးယောက်ထဲမှာ အကြီးဆုံးသြရသသမီး ဖြစ်နေတာကိုပါပဲ။

ဥပဒေအရ အကြီးဆုံးသြရသသားသမီးက မွေးဖွားလာတဲ့အမွေ့မဲ့မိမြေးဟာ ဘိုးဘွားတွေရဲ့အမွေကို သူတို့ရဲ့ ဦးလေး၊ ဒေါ်လေးတွေနဲ့ တန်းတူညီတူ ခံစားခွင့်ရှိတယ်လို့ ဆိုထားပါတယ်။

ဒါကြောင့်မို့ အကြီးဆုံးသြရသသမီးကမွေးဖွားခဲ့တဲ့ မမိမိကြီးဟာ ဘိုးဘွားအမွေကို ဒေါ်လေးနှစ်ယောက်နဲ့ တန်းတူညီမျှ ခံစားပိုင်ခွင့် ရှိပါတယ်။

အကောင်းဆုံးကတော့ တူဝရီးအချင်းချင်းတိုးတိုးတိတ်တိတ် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သင့်ပါတယ်။ နောက်ဆုံး ဘယ်လိုမှ ဆွေးနွေးလို့မရတော့ရင်တော့ တရားမမှုမှာ ကျွမ်းကျင်နှံ့စပ်တဲ့ ရှေ့နေကြီးတစ်ယောက်နဲ့ ညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်း အကြံပြုလိုက်ပါရစေ။

အောင်မြင်ပါစေ
**ဦးစောလှိုင် [B.A(Hist:) H.G.P.,R.L]**



www.burmeseclassic.com

www.burmeseclassic.com

# ရဲတင်းတစ်လက် လက်တစ်ဖက်နှင့်

ခင်မောင်အေး(မန္တလေး)



ကမ္ဘာပေါ်ရှိ တောရိုင်းသတ္တဝါများအနက် အရက်စက်ဆုံးနှင့် အန္တရာယ်အများဆုံး သတ္တဝါသည် ဝံပုလွေဖြစ်ပါသည်။ ဝံပုလွေများ တောလိုက်သည့်အခါ လွန်စွာကြောက်မက်ဖွယ်ကောင်းသည်။ ဝံပုလွေများခင်းကျင်းသည့် နည်းဗျူဟာကား လူသားတို့၏ စစ်နည်းဗျူဟာနှင့် မခြားနားလှပေ။ သားကောင်ကို ဝေးရာသို့ ခြောက်လှန့်မောင်းထုတ်သည်။ ဝံပုလွေတစ်ကောင်က ခြောက်လှန့်ပြီး အခြားတစ်ဖက်မှ ဝံပုလွေသုံးလေးကောင်က ပတ်ဝိုင်းလျက် လမ်းမှဖြတ်ဆီးကာ သားကောင်အား လွတ်လမ်းမရှိအောင် ချောင်ပိတ်ဖမ်း၍ ဝိုင်းအုံကိုက်ခဲ သတ်ဖြတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

တောတွင်းမှာ ဝံပုလွေအုပ်နှင့် တိုးမိပြီဆိုပါက အဖော်လည်းမပါ၊ လက်နက်လည်းမရှိ ရှောင်ပြေး၍လည်း မလွတ်နိုင်။ သေဖို့တစ်လမ်းသာ ရှိတော့သည်။ တစ်ယောက်တည်းဆိုပါမူ လွတ်ဖို့လမ်း လုံးဝမမြင်နိုင်တော့ပါ။ သို့သော် တစ်သောင်းမှာတစ်ယောက် ဆိုသည့်အလား ဝံပုလွေတစ်ကောင်အား တစ်ဦးတည်း ရင်ဆိုင်အနိုင်ယူနိုင်ခဲ့သည့် လူသားတစ်ဦး၏ သူမတူအောင် ရဲရင့်မှုကို သတင်းတစ်ပုဒ်တွင် ဖတ်ရှုလိုက်ရပါသည်။

ရုရှားနိုင်ငံတောင်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုဖြစ်သည့် ဒါဂျက်စတန်ပြည်နယ်၊ နိုဗိုဘိုင်ရာဇက်ဟုခေါ်တွင်သည့် အရပ်မှ အသက် ၅၆ နှစ်အရွယ် အိရှက်မှာန်ဇုတိုဘာဟု အမည်ရှိသည့် အမျိုးသမီးကြီးတစ်ဦးက ရင်း၏ ယာတောသို့ တိတ်တဆိတ် အလစ်ဝင်ရောက်လာ... ယာတဲအတွင်း မွေးမြူထားသော... နှင့် ဘဲငန်းများကို ခိုးယူဖမ်းဆီး... ကိုက်သတ်စားသောက်နေသည့် တော... တစ်ကောင်... ရှိနေသည်... ... ... လိုက်... ။ သုံးလေးညမျှရှိ... ပြီ။ ကြက်ငှက်... ကလေးများ၏ အော်သံ... သဖြင့် တုတ်မီးမှုပ်ထိုးလျှက် ထကြည့်... သည့်အခါ ဘဲငန်းငယ်ကလေးများ၏ အ... သော ကျုတ်၍ ကျန်နေရစ်ပြီ ... ကောင်ကို အရိပ်အရောင်မျှ မ... လိုက်ရ...။

ဇီရှက်မဇုံဇုတိုဘာသည် တစ်ညတွင် ယာတဲကို စောစီးစွာ တံခါးများကို ပိတ်၍ မီးမှောင်ချထားလိုက်၏။ ညသည် တစ်စတစ်စ ရင့်လာသည်။ မိုးကောင်းကင်ထက်တွင် ဘစ်ခြမ်းပုံလကလေးက မလင်းတလင်း အလင်းရောင်ပေးထားသည်ဖြစ်၍ ခုန်းကျောင်တစ်ခွင်ကို မထင်မရှား တွေ့မြင်နေရ၏။ ... အခြေ့... တောမင်တိုင်အောင် ...

အမျိုးသမီးကြီးက
တောကောင်၏ ဦးခေါင်းကို
လက်တွင် မြဲမြဲမြံမြံ
ဆုပ်ကိုင်ထားသော
ရဲတင်းနှင့် ခွန်အားရှိသမျှ
အားကုန်
ခုတ်ချလိုက်လေသည်။
အကြောားတက်လှသည့်
ရဲတင်းက
ဝံပုလွေ၏
ကြီးမားလှသော ဦးခေါင်းကို
အုန်းသီးတစ်လုံးကို
ထက်ခြမ်းခွဲလိုက်သည့်
အလား ခွဲပစ်လိုက်၏။
တောကောင်၏
ဦးခေါင်းပွင့်သွားပြီး
ဦးနှောက်တွေ
ဖွေးခနဲထွက်ကျလာသည်။

မြင်တွေ့ရသည်။ ခပ်ဝေးဝေးတွင် ညိုညို... မှိုင်းမှိုင်း တောင်တန်းကြီးကိုလည်း... ကောင်း၊ ကောင်းကင်ထက်သို့ အ... အယက် တိုးတက်လျက်ရှိသော သစ်ပင်... ကြီးများကိုလည်းကောင်း မြင်တွေ့နေ... သည်။

တစ်ခါတစ်ရံ မတိုးမကျယ် ကြာ... လိုက်ရသည့် တောကောင်ကြီးများ၏... မာန်သွင်းလျက် ဟိန်းလိုက်သံသည်... အသည်းငယ်သူများဖြစ်ပါမူ သွေးပျက်... စဖွယ်၊ ချောက်ချားဖွယ်ရာပင်။ ယာတော... ရှင် အမျိုးသမီးကြီးကမူ အမှောင်တွင်း... ပေါ်ထွက်လာမည့် တောကောင်ကိုသာ... မမှိတ်မသုံ စူးစမ်းရှာဖွေနေပေသည်။ ည... ရင့်လာသည်နှင့်အမျှ ညပိုးမွှားများ၊ တည်... တညာလည်း၊ အော်လိုက်သည့်အလာ... စူးစူးဝါးဝါး အော်သံများ၊ ချောက်ချားဖွယ်... ကြားနေရ၏။

အီရှက်မာ့ဇ်ဇုတိုဘာကမူ သည်... အသံများကို ကြားပင်မကြားဘိသည်... အလား တုန်လှုပ်ဟန်ပင်မပေါ်။ ယာတဲ... တံခါးအနီး အမှောင်ရိပ်တွင် ငြိမ်ငြိမ်ဆိ... ဆိမ် တိတ်တိတ်ဆိတ်ဆိတ် ကျောက်... ထားသလို ထိုင်နေသည်။ လက်ဝဲဘက်... လက်တွင် တုတ်မီးကို ကိုင်ထားသည်... လက်ယာဘက်လက်တွင်မူ အသွားထက်... မြနေအောင် သွေးထားသော ရဲတင်းတစ်... လက်ကို ဆုပ်ကိုင်ထားလေသည်။ ယာ... တောရှင် အမျိုးသမီးက မည်သည့်... အန္တရာယ်ကိုမဆို ရဲရဲဝံ့ဝံ့ ရင်ဆိုင်... သန္နိဋ္ဌာန်ချထားသည်။

"လာခဲ့လှျင် လာကြစမ်း။ ငါ့ရဲတ... က ကြီးကြီးငယ်ငယ် ဘယ်လိုသတ္တဝါ... ဖြစ်ပလေ့စေ၊ အဆင်သင့်ပဲဟေ့"

ရုတ်တရက် စောစောက ညံညံ... သံကုန်အော်နေကြသော ညပိုးညှားမျ... ၏ အသံတွေ တိတ်ဆိတ်သွားသည်... မီးကို ရေနှင့်ဖျန်းလိုက်သည့်အလား။ ...



www.burmeseclassic.com

www.burmeseclassic.com

တောရှင်အမျိုးသမီးကြီး ခနွာ ဆတ် ခနဲဖြစ်သွားသည်။ ခန္တရာယ်အငွေ့ အသက်ကိုရှုံးနေမျိုး သူမက အမှောင်ထွင်းသို့ အာရုံကို စူးစူးစိုက်စိုက် နှစ်၍ စောင့်ကြည့်နေလိုက်၏။ ထူးခြားမှုတစ်ခုတလေမျှ မတွေ့ရသေး။ ညက တစ်စထက်တစ်စ ရင့်လာနေသည်။ သာမန်လူဆိုပါမူ စိတ်မရှည်နိုင်စရာ ဖြစ်ချိမ့်မည်။ ယာတောရှင်အမျိုးသမီးကြီးကမူ စိတ်ရှည်လက်ရှည်ပင် ငြိမ်ဆိမ်တိတ်ဆိတ်စွာ စောင့်ဆိုင်းနေလေသသည်။

ဟိုးကောင်းကင်ထက်မှာ တစ်ခြမ်းမှဲ့လကလေး ဇရိုဇိုင် ရွက်လွှင့်ပြေးလွှားလျက် ရှိ၏။ ကြယ်ကလေးတွေကလည်း အပြာရောင်ကော်ဇော်ပေါ်မှာ စုံစုညီညီ အားဖြည့်ထားသည့်အလား မွေးဖွေးလှုပ်မျှ လင်းလက်နေကြ၏။ သို့မို့ကြောင့်ထင့် ဝန်းကျင်တစ်ခွင်လုံး မှိုင်းမှိုင်းမှုန်မှုန် အလင်းရောင်များ ပျံ့နှံ့လျက်ရှိနေလေသည်။

ဟိုးခပ်ဝေးဝေး တောစပ်အခြေကို ပင်လျှင် မထင်မရှားမြင်တွေ့နေရ၏။ ညှို့ညှို့မှိုင်းမှိုင်း တောင်တန်းကြီးသည်လည်း အန်နာကွန်းဒါးမြွေကြီးတစ်ကောင် လဲလျောင်းနေဘိသည့်အလား။ တစ်ခါတစ်ခါ ခပ်ဝေးဝေးဆီမှ သဲ့သဲ့ကြားရသည့် တောခကောင်ကြီးများ၏ အော်မြည်သံများက မာန်သွင်း၍ ဟိန်းဟိုက်ကာများပင် ထွက်ပေါ်လာတတ်သည်။ ရန်ကျင်တွင် ညဉ့်ငှက်များ တညီတွန်ကြသည်။ ရှူးရှူးဝါး ဝါး သံကုန်အော်နေသည့် အသံတွေ ဆူဆူညံညံ ထွက်ပေါ်နေသည်။

အီးရှက်မှာ်ရှုတိုဘာသည် ဝဲဘက်လက်မှာ တုတ်မီးတစ်လက်၊ လက်ယာဘက်လက်မှာ အသွားထက်မြနေအောင် သွေး၍ထားသော ရဲတင်းတစ်လက်ကို ဆုပ်ကိုင်ထားသည်။ ယခုအချိန်အထိဆိုင်အောင် မည်သည့်လှုပ်ရှားမှုကိုမျှ မတွေ့ မမြင်ရသေးချေ။ ခဏမျှအကြာတွင် ကြက်မတစ်ကောင်၏ နာနာကြည်း ကြည်း ငယ်သံပါအောင် အော်လိုက်သည့်အသံများကို ကြားလိုက်ရ၏။ ဆက်သံက အဆက်မပြတ်။ ဂဒက် ... ကတော် ... ကတော်နှင့် ဆက်တိုက်အော်နေသည်။ ရုတ်တရက်ပျက်ချ၊ အော်သံက တိတ်သွား၏။ ယာတောရှင်အမျိုးသမီးကြီးက လက်တွင်းမှ အဆင့်စွဲကိုင်ထားသော တုတ်မီးဖြင့် အော်သံကြားသည့်နေရာဆီသို့ လှမ်းထိုးလိုက်၏။

တုတ်မီး၏အလင်းရောင်သည် တိရစ္ဆာန်များထားရာ တဲနောက် အဝိုင်းသို့ ဝင်းခနဲရောက်သွား၏။ လင်းလက်ဖြာဝေနေသည့် မီးရောင်အောက်တွင်မှ မမျှော်လင့်မထင်မှတ်ဘဲ ရုတ်ပြာရက်ကျလာသော မီးရောင်အား ကြက်သေသေက ကြောင့်၍ကြည့်နေသည့် ကြီးမားကြောက်မက်ဖွယ် ပုံရသည့်ကြီးတစ်ကောင်ကို မြင်လိုက်ရလေသည်။ ယာတောရှင်အမျိုးသမီးကြီးက အချိန်ကို ဆိုင်းမနေ မဖြုန်းဘဲ ယာတောရှေ့ အမှောင်ရိပ်ကွက်ထိုင်နေရာက ရုတ်ခြည်းထလျက် အဟုန်အပြင်း တောကောင်ရှိနေရာသို့ ပြေးလွှားသွားသည်။

တောကောင်နှင့် မျက် ... ဆိုင်မိသည့်နှင့် တစ်ပြိုင်နက်တည်း လက်တွင် ကိုင်ဆောင်ထားသော ... မီးနှင့် ဝံပုလွေ၏ခေါင်းကို ... ရိုက်ပစ်လိုက်သည်။ ခွမ်းခနဲ ... ထိရိုက်မိသံ ပေါ်ထွက်လာ ... သည်။ တုတ်မီး မှန်ကွဲသွား၏။ ... လည်း အမျိုးသမီးကြီး၏ ... ကိုက်လိုက်လေသည်။ ... အမျိုးသမီးကြီးက ဝံပု ... လည်ကို ဖြန့်လည့်ရုန်း ... ကြည့်သည်။ တောကောင်က ... သိမ်းထားသည်ဖြစ်၍ ရုန်း၍မ...

သို့မို့ကြောင့် အမျိုးသမီးကြီးက တောကောင်၏ ဦးခေါင်းကို လက်တွင် မြဲမြဲမြံမြံ ဆုပ်ကိုင်ထားသော ရဲတင်းနှင့် ခွန်အားရှိသမျှ အားကုန်ခုတ်ချလိုက်လေသည်။ အသွားထက်လှသည့် ရဲတင်းက ဝံပုလွေ၏ ကြီးမားလှသော ဦးခေါင်းကို အနှီးသီးတစ်လုံးကို ထက်ခြမ်းခွဲလိုက်သည့်အလား ခွဲပစ်လိုက်၏။ တောကောင်၏ ဦးခေါင်း ပွင့်သွားပြီး ဦးနှောက်တွေ ဖွေးခနဲ ထွက်ကျလာသည်။ တောကောင်သည် မြင်သေနိုင်လှသော၏ချက်ကြောင့် ခြေဂုဏ်... သက်နှပ်ချောင်းကို ဆတ်ခနဲဆတ်ခနဲ ကန်ချက်၊ နှစ်ချက်မျှသာ လူး လိမ့်... အသက်ပျောက်သွားသည်။

အရေး... သည်လည်း အရေးဆီတွင် နီ ကြီးလာချေပြီ၊ ညှို့ညှို့မှိုင်းမှိုင်း တောင်တန်းကြီးထက်တွင် နေဝန်းနီနီ၏ရောင်... များ ဖျိုလာနေပြီလည်း ဖြစ်ပါသည်။ ... အသက်ကင်းမဲ့ နေပြီဖြစ်သည့်ဝံပုလွေ၏ အာခေါင်ကိုဖြဲလျက် အစွယ်အစုံနှင့် မာန်ဖီနေခဲ့ပင်။ မည်သို့ဆိုစေ အီးရှက်မှာ်ရှုတိုဘာ ယာတောရှင် အမျိုးသမီးကြီး၏ စွန့်စားရဲဝံ့ခြင်း ဂုဏ်သတင်းများ ပြည်နယ်အနှံ့ ထင်ရှားကျော်ကြားနေပြီ ဖြစ်ပါသည်။ နိုင်ငံရေး... မေးရှုံ့သို့တည်း ... ဂုဏ်ပြုပန်းခြင်းများ၊ သဝဏ်လွှာများ၊ ... ဆုငွေများ ပေးပို့ရှိခဲ့သည်။ ယာတောရှင်အမျိုးသမီးကြီး အေးရှုံ့... တောကောင်ကိုက်ခဲ့ထားသော ... များ ... ပျောက်ကင်း... နေပြီလည်း ဖြစ်ပါသည်။

ဝီဘီအမျိုးတွေသည်း ... မှချေပြီလေ။ ရဲဝံ့စွန့်စားခြင်း၏ ... များလဲ မဟုတ်ပါလား ....

ခင်မောင်အေး(ပန္တဝေး)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နဂါးရင်းဘိုး

နှင့်

# ကြင်ယာတော်ရှင်အက်ချစ်သူ

( ယ ခ င် လ မှ အ ဆ က် )

■ ဂန္ဓာရီမောင်မောင်

## အခန်း[၈]

ဥပါလိပုတ္တရာမင်းသားလေးအား ပုဂံနိုင်ငံသားတို့ ဖမ်းဆီးခေါ်ဆောင်သွားကြလေပြီ။ ဥပါလိပုတ္တရာနိုင်ငံသူ၊ နိုင်ငံသားတို့မှာ နှလုံးကြေကွဲ ယူကျုံးမရ ဖြေမဆည်နိုင်အောင် ဝမ်းနည်းပက်လက် ကြေကွဲကျန်ရစ်ကြရရှာသည်။ ဤဖြစ်ရပ်ပေါ်ပေါက်လာခြင်းမှာ အရည်းကြီး စက္ကဒေဝ၏ အကောက်ကြံစည် ကုန်းချောခြင်းကြောင့် ဖြစ်ပေါ်လာရခြင်းပါပေ။

မိမိသည်ကား နိုင်ငံတစ်ဝန်း အေးချမ်းသာယာဝပြောစေရန်အတွက် ကောင်းကျိုးကို ရှေးရှုပြီး သာသနာပြု စကြဝတေးမင်း ကျင့်စဉ်အား ကျင့်ကြံအားထုတ်ခဲ့ခြင်းပါပေ။ စကြဝတေးဖြစ်ရန်အတွက် မိမိသည် ဘဝပေါင်းများစွာ ပါရမီဖြည့်ကျက်ခဲ့ရ၏။ ထိုသည်ကို ဝိဇ္ဇာဓိုရ်အဘိုးအို မှတ်ဆိတ်ဖြူတို့က သိပြီး စောင့်ရှောက်ခဲ့ခြင်းပါပေ။

အခုဘဝတွင် အတိတ်ကပေးဆပ်ချေဖျက်ရန် ဝဋ်ကြွေးပါလာခဲ့သဖြင့် စကြဝတေးမင်းအဖြစ်သို့ မရောက်ရှိနိုင်တော့ပေ။ စိတ်ပျက်အားငယ်ခြင်းတော့ မဖြစ်မိပါချေ။ လူတို့သည်ကား မွေးဖွားလာကတည်းက သေဆုံးဖို့အတွက်သာ ဖြစ်၏။ အသေဆုံးခင်အချိန်ထိ မကောင်းမှုကို ဖယ်ခွာပြီး လူဖြစ်ရကျိုးနပ်စေရန် ကောင်းမှုချမ်းသာများ ပြုလုပ်ကြရမည် ဖြစ်တော့၏။

မင်းသားလေးကား ရထားလုံးထဲ လိုက်ပါခဲ့ရင်း တရားနှလုံးသွင်းကာ ကျင့်ကြံအားထုတ်ကာ လိုက်ပါလာခဲ့၏။ သူ့အား ထွက်မပြေးစေရန်အတွက် မင်းချင်းများက နှောင်ကြိုးတည်းကာ ရထားလုံးပေါ် ထားရှိခဲ့ကြ၏။ သူတို့က မင်းသားလေး ထွက်ပြေးသွားမည်ကို စိုးရိမ်ထိတ်လန့်နေကြပေသည်။ ဟုတ်ပေသည်။ မင်းသားလေးသာ ထွက်ပြေးသွားပါက သူတို့၏ ဘုရင်က အမျက်တော်ရှကာ သေဒဏ်အထိပင် အပြစ်ဒဏ်ကျရောက်နိုင်၏။ မင်းတို့၏အမိန့်အာဏာကား အရိပ်သုံးပါးမရွေးပါချေ။

သူတို့စားသောက်ချိန် လမ်းခရီးတစ်ထောက် ရပ်နားရန် ရပ်နားကြ၏။ ရထားလုံးထဲမှ မင်းသားလေးအား အပြင်ထုတ်ရန် တံခါးဖွင့်လိုက်သောအခါ မင်းသားလေး ရထားလုံးထဲတွင် ရှိမနေပါတော့ချေ။ သေချာစွာ နှောင်တည်းထားသော ကြိုးများက ရထားလုံးထဲတွင် ပုံလျက်သား ကျန်ရစ်ခဲ့၏။ မင်းသားလေး မရှိတော့ပါချေ။ ဘယ်ရောက်သွားပါသနည်း။

"ဟာ . . . ခုက္ခပါပဲ။ မင်းသားလေး မရှိတော့ဘူးကွ"

"ကိုယ်ပျောက်သွားတာပဲဟ။ လူသားမှ ဟုတ်ရဲ့လားကွာ။ နတ်ဒေဝါများ ဖြစ်နေပြီထင်ရဲ့။ ငါတို့တော့ ခုက္ခပဲကွာ။ မင်းသားလေး မပါဘဲနဲ့ တိုင်းပြည်ပြန်ဖို့ ခက်နေပြီ"

"အေးပ . . . မင်းပြစ်မင်းဒဏ်ကျရောက်ရင် ဘဝပျက်ပြီ"

"ဒါဆို မပြန်ကြဘဲ ထွက်ပြေးကြရအောင်"

"ဘယ်ဖြစ်မလဲ၊ ငါတို့မိသားစုတွေ ခုက္ခရောက်ကုန်လိမ့်မယ်"

"ဟေ့ . . . မောင်မင်းတို့ ဘာများ တိုင်ပင်နေကြတာလဲကွယ့်"

"ဟာ . . . မင်း . . မင်းသားလေး"

"မင်းသားလေး ထွက်ပြေးပြီလားလို့၊ ဘယ်သွားနေတာလဲ၊ ကျွန်တော်မျိုးတို့ကို အခက်တွေ့အောင် မလုပ်ပါနဲ့ မင်းသားလေးရယ် . . . နော်"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်ုပ်က တရားဘာဝနာ ကျင့်ကြံအားထုတ်နေတဲ့သူပါ။ တရားအသီးရှိပါတယ်။ လူ့သတ္တဝါတို့ ဒုက္ခဖြစ်စေမည့် ဘယ်အမှုကိစ္စမဆို မလုပ်လိုပါ။ အခုက အခေါ့အပါး ကျင်ငယ်စွန့်သွားတာပါ"

"ဟူး . . . တော်ပါသေးရဲ့၊ ကျွန်ုပ်တို့မှာ မင်းပြစ်မင်းဒဏ်ခံရတော့မှာဆိုပြီး အခက်တွေ့ကုန်ပါရောလား မင်းသားလေးရဲ့"

"ကဲပါလေ . . . စားသောက်ပြီးကြရင် ခရီးဆက်ကြရအောင်လား"

"ဟုတ်တာပါ။ ကဲ . . ခရီးဆက်ကြရအောင်။ မင်းသားလေးကို ပို့ဆက်သပြီးမှ အပူလုံးကျသွားမှာပေါ့၊ သွားကြစို့"

သည့်တစ်ခါတော့ မင်းသားလေးကို နှောင်ကြိုးများဖြင့် ချုပ်နှောင်မထားတော့ပါချေ။ လိုလည်းမလိုအပ်တော့။ ချုပ်နှောင်တည်းလည်း၊ မင်းသားလေးကိုယ်ပျောက်ပြီး သွားလိုရာ သွားနိုင်သည်ဆို့ မထိပါးရဲပါတော့ပေ။ မင်းသားလေး မပြေးလိုပါ။ မိမိပြုလုပ်ခဲ့သည့် အကုသိုလ်ကံ မကောင်းမှုများအား သည်ဘဝတွင် အကျေပေးဆပ်ရမည်ဖြစ်၏။

မြတ်စွာဘုရား၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါ အရှင်သူမြတ်တို့သည်လည်း နိဗ္ဗာန်သို့ ပရိနိဗ္ဗာန်မပြုသေးမီ နောက်ဆုံးဘဝ၌ ဝဋ်ကြွေးမှန်သမျှ အကျေပေးဆပ်သွားရပေသည်။ သူ ငါ့လုပ်လို့ ပြန်လုပ်ပါက ပြုသူအသစ် ဖြစ်သူအဟောင်း ဖြစ်ကာ ဘဝသံသရာမဆုံးပါတော့ချေ။ ဘဝတစ်ပြန် ကျားတစ်ပြန် အဖြစ်ဆိုးဖြင့်သာ အပါယ်လေးဘုံသားဘဝက ရုန်းမထွက်နိုင်ခဲ့ကြသည်ကို သိသာလှပေသည်။ မိမိတို့သည် ကမ္ဘာ ကမ္ဘာပေါင်းများစွာ၊ ဘဝပေါင်းများစွာ ပွင့်တော်မူသော ဘုရားအဆူဆူနှင့် လွဲခဲ့ကြရ၏။ ယနေ့ထိတိုင် ကျွတ်တန်းမဝင်နိုင်ဘဲ ဘဝသံသရာ ဒုက္ခဝဋ်ဆင်းရဲတွင်းမှာ သံသရာလည်မဆုံးရှိခဲ့ကြပေသည်။

## မင်းသားလေး၏ တိုင်တည် သစ္စာတရား

ဥပါလိဗုဒ္ဓရာပြည့်ရှင်ဘုရင် မင်းသားလေး ဝဏ္ဏထွန်းခေါင်အား ဖမ်းဆီးခေါ်လာပြီ သတင်းကြောင့် ပေါက္ကံ (ပုဂံ) မြို့တွင်း လူအများ မင်းသားလေးအား ဖူးတွေ့လိုကြသဖြင့် အုံးအုံးကျွက်ကျွက် တိုးဝှေ့ကာ အိမ်များမှထွက်၊ အလုပ်များ ရပ်တန့်ကြ၊ အလုအယက် ထွက်ကြည့်ကြကုန်တော့သည်။ မင်းသားလေးမှာ ရာဇဏ္ဍေမြဖြင့် တည်ကြည်ရှင်းသန့်ကာ မျက်နှာမှာ အပြုံးနှင့် တွေ့မြင်ကြရသဖြင့် လူအများ စကားအမျိုးမျိုး ဝေဖန်သံများ ထွက်ပေါ်လာခဲ့ပေ၏။

"ဟယ် . . . မင်းသားလေးက အချုပ်အနှောင် ဖမ်းဆီးခေါ်ဆောင်လာတာနဲ့ မတူပါလား"

"ဟုတ်တယ်ပ . . . ကြည့်စမ်းပါဦး။ ပြုံးတုံ့တုံ့နဲ့။ အပျော်ခရီးထွက်ခွာလာသလိုပါပဲလားကွယ်ရို့"

"အေးဟ . . . ကွပ်မျက်ခံရမှာ တောင်မှ အပြုံးမပျက် အေးချမ်းစွာလိုက်ပါဝံ့ပါလား"

"အဲဒါ . . . ယောက်ျားကောင်း၊ ယောက်ျားမြတ်မို့ပေါ့ဟ"

"ဟုတ်ပ။ စကြဝတေးမင်းလောင်းတဲ့၊ ဟုတ်မယ်မ"

မင်းသားလေးအပေါ် ပုဂံပြည်သူပြည်သားများကပါ ကရုဏာသက်ကာ နှမြောတသသ ဖြစ်လျက်ရှိကြကုန်၏။ ငယ်ငယ်ရွယ်ရွယ်လေးနှင့် အသက်တံကုန်တော့မည်ကိုများ ဘာလျှမဖြစ်သလို လိုက်ပါလာဝံ့ခြင်း၊ လမ်းခရီးတွင် ကိုယ်ရောင်ပျောက်ကာ ပျောက်သွားခဲ့နိုင်ခြင်းတို့က အံ့သြစရာအဖြစ်အပျက်များ မဟုတ်ပါလား။

မင်းသားလေးအား လာရောက်လုယက် ခေါ်ဆောင်သွားကြနိုင်သည်မို့ အစောင့်ထူထူထပ်ထပ်ချကာ ခမ္မရုံတိုက်ကြီးအတွင်း အကျဉ်းချထားကာ စံမြန်းစေခဲ့၏။ သံတိုင်များ ပြတင်းပေါက်များတွင်ရှိ၏။ ဝင်ပေါက်တံခါးမကြီးမှာလည်း ထုထည်ကြီးမားသော သံတံခါးကြီးမို့ လူငါးယောက်ခန့် ဆွဲရုန်းဖွင့်မှ ပွင့်နိုင်၏။ ထိုသံတံခါးကြီးတွင်လည်း သော့ခလောက်ကြီးကြီးနှစ်လုံးဖြင့် ခတ်ထားပါသေး၏။ အကျဉ်းစံ မင်းသားလေးအား စားတော်တည့်ရန်ပင် အပေါက်ဖောက်ပြီး အထဲသို့ပေးသွင်းကြရ၏။ မင်းညီလာခံခေါ်ယူပြီး မှူးကြီးမတ်ကြီးများ၊ စုဝေးပြီးမှ တရားစီရင်ဆုံးဖြတ်ခြင်း အမိန့်တော်ချမှတ်မည် ဖြစ်၏။

မင်းသားလေး ဘာတွေပြုလုပ်နေသည်ကို အချိန်အခါမပြတ် စောင့်ကြပ်ကြည့်နေကြကုန်၏။ မင်းသားလေးကား သူပြုဖွယ်ကိစ္စများကိုသာ ပြုနေဆဲဖြစ်ကြောင်း၊ တွေ့မြင်ကြရ၏။ တစ်ခါတစ်ရံ တစ်စုံတစ်ယောက်ဖြင့် စကားပြောဆိုနေသည်ကို တွေ့ကြသဖြင့် မင်းသားလေး စိတ်ဖောက်ပြန်သွားပြီဟု ထင်သူတွေက ထင်ကြသည်။

အမှန်က မဟုတ်ပါ။ ဝိဇ္ဇာဓိုရ်အဘိုးအို နတ်သိတ်မြူနှင့် စကားစမြည်ပြောဆိုနေခြင်း ဖြစ်၏။ ဝိဇ္ဇာဓိုရ်တို့၏ ကျင့်စဉ်ထွက်ရပ်သို့ မြန်းရန်တည်း။ ပုတီးစိပ်ခြင်း၊ တရားထိုင်ကျင့်ကြံခြင်းနှင့် စကြံလျှောက်ကာ ဂါထာမန္တန်များ ရွတ်ဖတ်သရဇ္ဈာယ်အမှုများ မပြတ်ပြုလုပ်လျက် ရှိ၏။ သူ့အတွက် အချိန်သိပ်မရှိတော့ပါချေ။ မင်းဘုရင်ကလည်း မြွေဆိုးမြွေဟောက်တစ်ကောင်ကို ခါးပိုက်ထောင်ထဲတော့ ထည့်ထားလိမ့်မည်မဟုတ်ချေ။

ရန်သူ့သဖွယ်မို့ အမြန်ဆုံးစီရင်သုတ်သင်မှု ပြုတော့မည်မှာ သေချာလှတော့၏။ ယခုပင် အထပ်ထပ်အစောင့်ထူထပ်စွာ ချထားပြီး အခိုင်အခံ့ အချုပ်ခန်းထဲမှ တစ်ခါတစ်ရံ မင်းသားလေး အပြင်သို့ရောက်ရှိနေပြီး အစောင့်များကို



www.burmeseclassic.com

www.burmeseclassic.com

စကားစမြည်ထွက်ပြောခြင်းအမှုပင် ပြုလုပ်ပြသည့်မို့ စိုးရိမ်စိတ်များ၊ ပိုမိုလွန်ကဲလာတော့၏။

မင်းသားလေးအား မင်းညီလာခံတွင် ကွပ်မျက်သုတ်သင်ရန် ဆုံးဖြတ်လိုက်တော့သည်။ ဦးစွာ မင်းသားလေးအား ဓားလှံလက်နက်များဖြင့် အဆုံးစီရင်ကွပ်မျက်စေခဲ့၏။ မင်းသားလေးအား ထိုအမိန့်တော်အား အသိပေးစေသော်လည်း မင်းသားလေးမှာ မတုန်မလှုပ်ဘဲ ရှိ၏။

"ကွပ်မျက်မှာတဲ့လား။ အကျွန်ုပ်က သည်ဘဝမှာ ဝဋ်ကြွေးတုံ့တင်သမျှ ပေးဆပ်ချင်နေတာပ။ အင်း ...သည်လူ့ခန္ဓာကိုယ်ကြီးဟာ သင်တို့မသတ်လည်း အချိန်တန်ရင် ဓာတ်ကြီးလေးပါးက သတ်မှာပါပဲလေ။ မွေးဖွားလာကတည်းက သေဆုံးဖို့မဟုတ်လား။ အသက်ရှင်သန်နေသေးတဲ့ အချိန်လေးမှာ လူဖြစ်ရကျိုးနပ်အောင်လို့ နေထိုင်သွားကြဖို့ သတိရှိကြ၊ မမေ့လျော့ကြပါလေနှင့်။ ကောင်းလေစွ .. ကောင်းလေစွပါတကား"

မင်းသားလေးအား ကွပ်မျက်မည့်နေ့ရက်ကာ၊ ရောက်ရှိလာခဲ့ပြီဖြစ်၏။ လူစည်ကားရာ ဈေးလည်ရပ်တွင် လူသတ်စင်ကြီး ဆောက်လုပ်ထားစေခဲ့၏။ အများပြည်သူတို့ အိမ်တိုင်း လာရောက်ကြည့်ရှုကြရမည်ဟု အမိန့်တော်ကြေညာမောင်းခတ် ဆင့်ခေါ်ထားခြင်းကြောင့် လူအများတို့မပေါက်အောင် စုဝေးရောက်ရှိကြကုန်၏။

မင်းသားလေးအား ခေါ်ထုတ်လာချိန်တွင်တော့ ငိုကြွေးကြသူကို့ ငိုကြွေးကြပြီး သနားကရုဏာသက်သူ၊ မေတ္တာထားသူများသာ ရှိကြကုန်၏။ တချို့ကတော့ မချိတင်ကဲ ယူကျုံးမရဖြင့် ဝမ်းနည်းပူဆွေးနေကြဟန်တူ၏။ မင်းသားလေး မသေပါစေနှင့်ဟု ကျိတ်ကာ ဆုတောင်းသူတို့ ဆုတောင်းလျက်ရှိ၏။ မင်းသားလေးအား အစောင့်ရှောက်ထူထဲစွာဖြင့် ခေါ်ထုတ်လာခဲ့ကြရ၏။

မင်းသားလေးအား လိုလားသူ၊ ကရုဏာသက်သူ၊ ချစ်ခင်ကြည်ညိုသူတို့ လွန်စွာ ပေါများလှသည့်မို့ အထူးကြပ်မတ်ကြရပေသည်။ မင်းသားလေးအား အနှောင်အတည်းများ။ လက်နောက်ပြန်ကြိုးတုပ်၊ ရုန်းမသာစေရန် လည်ပင်းတွင်လည်း နှောင်ကြိုးတည်းထားလေသေး၏။ သို့သော် လူအများရှေ့မှောက်မှာပင် အံ့ဩတုန်လှုပ်ချောက်ချားဖွယ်ရာ အနှောင်အတည်း ကြိုးများတို့သည် ပြေလျော့ကာ ပြုတ်ထွက်သွားကုန်လေသည်။ တချို့ကလည်း နတ်ဒေဝါအပေါင်းတို့က မကြည့်မမြင်ရက်သဖြင့် အနှောင်အတည်းကြိုးများ လာရောက်ဖြုတ်ပေးခဲ့ခြင်းဟု ဆို၏။ တခြားသူတို့ကလည်း ဝိဇ္ဇာဓိုရ်အပေါင်းက လာရောက်လုပ်ဆောင်ပေးကြခြင်းဟု ဆိုပြန်သည်။

မည်သို့ဆိုစေ တွေးပြီးသားတံတွေးပြန်မျိုချလို့ မရသလို မင်းတို့အမိန့်အာဏာသည်လည်း ချမှတ်ပြီးသည်နှင့် ရုပ်သိမ်းပျက်ပြယ်စေခြင်း မရှိစေရပေ။

"ကွပ်မျက်စေ"

အမိန့်အာဏာပိုင်ဆန်သူတို့ကိုပါ ကွပ်မျက်မည်ဖို့ ဘယ်သူမျှ မလွန်ဆန်ငုံ့ပါချေ။

"အသင်မင်းသားလေး ... ကိုယ်ရောင်ဖျောက်မသွားပါနဲ့နော်။ ကျွန်တော်မျိုးကြီးတို့ရဲ့ သဘောစိတ်မဟုတ်ပါ။ မင်းခယောက်ျားများမို့ အမိန့်တော်အတိုင်း ပြုလုပ်ဆောင်ရမှာပါ မင်းသားလေး"

"အေးပေါ့ကွယ်။ မောင်မင်းတို့ အမိန့်အတိုင်း လုပ်ကြပါလေ။ အနှောင်အတည်းတော့ မပြုလေနှင့်။ အကျွန်ုပ်က လွတ်လပ်မှုကို လိုလားမိတယ်ကွဲ့"

"မှန်လှပါ မင်းသားလေး"

မင်းသားလေးက လူအုပ်ကြီး မရိသတ် လူသူအပေါင်းတို့အား ပြုံးရွှင်ကာ လက်ပြနှုတ်ဆက်ယမ်းပြီး –

"အကျွန်ုပ်အတွက် ပူဆွေးသောကမရောက်ကြကုန်လေနှင့်။ ဘုရား၊ တရား၊ သံဃာတည်းဟူသည့် ကိုးကွယ်အားထားရာဟု ယုံကြည်စွာ နှလုံးသွင်းကာ ကောင်းမှုများကို ပြုကြခြင်းသည် အကျွန်ုပ်အား ချစ်ခင်ကြည်ညို လေးစားခြတ်နိုးရာရောက်ပါ၏။ သေရမည်ကို မကြောက်မရွံ့သူတို့သည်ကား တရားနှလုံးသွင်းလက်ကိုင်ထားသော အရိယာသူတော်စင်များမည်၏။ သေရမှာကြောက်သောသူတို့ကား ဘဝပေါင်းများစွာ အကြိမ်ကြိမ်အခါခါ သေကြရကုန်၏။ ဤမှန်ကန်သော သစ္စာစကားကြောင့် ကမ္ဘာလောကတစ်ခွင် လူသတ္တဝါအပေါင်း ငြိမ်းချမ်းသာယာစပြောနိုင်ကြပါစေကုန်သတည်း"

မင်းသားလေး၏ မှန်ကန်သောသစ္စာစကား ကြားလိုက်ရသည့်အခါ လူအများ ကောင်းချီးသာဓုအနုမောဒနာခေါ်ဆိုကြကုန်၏။ ကမ္ဘာမြေပထဝီထုထည်ကြီးကလည်း တော်လဲသံကြီးဖြင့် လျှင်ပြင်းထန်စွာ လှုပ်ခတ်၏။ ကြာဝဠာအာကာသတစ်ခွင်မှလည်း နွေလယ်ခေါင်ခေါင် အချိန်အခါမဟုတ်ပါဘဲ ထစ်ချုန်း၊ မြည်ဟည်းလာကာ လျှပ်နွယ်လျှပ်ပန်းတဂျိန်းဂျိန်း ပစ်လွှတ်လင်းလက်ကာ အချိန်အခါမဟုတ် တိမ်ညိုတိမ်မည်းမတွေ့ပါဘဲ မိုးရွာသွန်းဖြိုးလေပြီ။

မင်းသားလေးက အပြုံးမပျက်ဘဲ လူသတ်ရာ ကားစင်မြင့်ပေါ်သို့ အေးအေးလူလူ မိမိဘာသာ တက်ရောက်သွားလေသည်။ စင်မြင့်ပေါ်က အောက်ခံသစ်တုံးစဉ့်တုံးပေါ်သို့ ဒူးထောက်ထိုင် လက်အုပ်ချီကာ ဆုတောင်းမှုပြုပြီး လည်စင်းပေးလေတော့ရာ ကြည့်မြင်ရသူအပေါင်းမှာ "အို"၊ "ဟာ"၊ "ဟင်"၊ "ဟယ်" ဖြစ်ကြကာ မချိတင်ကဲ ဖြည့်မဆည်နိုင်တော့ဘဲ ပူဆွေးငိုကြွေးကုန်ကြလေတော့သည်။ မကြုံစဖူးသော ထူးဆန်းအံ့ဩစရာအဖြစ်အပျက်များပေတည်း။

www.burmeseclassic.com

"မင်းသားလေး သည်းခံခွင့်လွှတ်တော်မူပါ"

"အိမ်း ... ကျွန်ုပ်က သည်းခွင့်လွှတ်ပေမည့် ရေကတော့ သည်းခံမှာ မဟုတ်ပေဘူးကွဲ့။ ကိုင်း .. ကိုင်း မြွေမွယ်ကိစ္စကိုသာ သင်တို့ပြုကြပါကုန်လော့"

ပါးကွက်အာဏာသားကြီးက ကြီးမားသော ဓားပြောင်းကြီးအား လက်နှစ်ဖက်ဖြင့်ကိုင်ကာ မ,လိုက်တော့သည်။ သူ၏ စိတ်လှုပ်ရှားရလွန်းသဖြင့် တုန်တုန်ယင်ယင် ဖြစ်နေပါတော့သည်။ စိတ်တည်ငြိမ်အောင် ခဏမျှငြိမ်သက်ကာ မျက်စိစုံမှိတ်ကာ အားကုန်ခုတ်ချလိုက်ပါတော့သတည်း။

"အား ... အမလေးဗျ"

မင်းသားလေးအော်မြည်သံ မဟုတ်ချေ။ ပါးကွက်အာဏာသားကြီးက အားကုန်ခုတ်ချလိုက်ရာ မင်းသားလေးခန္ဓာကိုယ် လည်ကုပ်ပေါ်သို့ပင်မကျရောက်နိုင်ဘဲ ဓားကြီးက ပြန်ကန်ကာ ခုတ်ချလေသော ပါးကွက်အာဏာသားကြီးထံ သူ့အားနှင့်သူ ပြန်ခုတ်မိလေတော့သဖြင့် နာကျင်တုန်လှုပ်စွာ အော်ဟစ်ပြီး ထိုနေရာတွင်ပင် ပွဲချင်းပြီး သေပွဲဝင်သွားရတော့၏။

ကြည့်ရှုနေသူများသည် သတိသံဝေဂတရား ရရှိရ၏။ လှုပ်ကို လှု့အန္တကား ကြောက်စရာကောင်းလှ၏။ တစ်ယောက်နှင့် သတ်မရသည့်နှင့် နောက်နှစ်ယောက် ပါးကွက်သားတို့အား ခုတ်သတ်စေသော်မှ ထိုသူနှစ်ယောက်သာ ဒဏ်ပြန်ခံရပြီး သေကျေပျက်စီးခဲ့ရ၏။ လည်စင်းခံပေးခဲ့သော မင်းသားလေးမှာ ပြုံးတုံ့တုံ့ဖြင့် ဒူးထောက်နေရာမှထကာ ကြည့်နေယင်းက နေ မြင်ကွင်းအောက်မှ ပျောက်ကွယ်သွား၏။

အားလုံးသောသူတို့သာမက မင်းဘုရင်ပရိသတ်တို့သည် ထိတ်ထိတ်ပျာပျာဖြင့် နေရာအနှံ့ လိုက်လံရှာဖွေကြကုန်သော်မှ မင်းသားလေးအား မတွေ့မမြင်ရတော့ပေ။ ညည့်အမှောင်ထုအောက်တွင် မီးတုတ်များ ထွန်းညှိကာ ရှာဖွေနေသော်လည်း မတွေ့ပေ။ ရှာဖွေမတွေ့တော့သဖြင့် နောက်တစ်နေ့တွင် မင်းသားလေးအား အကျဉ်းချရာ ဝမ္မာရုံရဲတိုက်တံခါးဖွင့်ကာ ရှင်းလင်းရန်အပြုတွင်တော့ မင်းသားလေးအား အထဲတွင် တရားကျင့်ကြံအားထုတ်လျက်ရှိသည်ကို တွေ့မြင်လိုက်ကြရတော့၏။

မင်းချင်းတို့လည်း ဘုရင့်ထံအပြေးအလွှား တင်လျှောက်သံတော်ဦးတင်ကြကုန်၏။ ဘုရင်မှာ ပိုမိုချောက်ချားတုန်လှုပ်လေတော့၏။ လူမိုက်ဆိုသည်က တစ်တက်စားလည်း ကြက်သွန်မို့ နောက်ထပ်ကွပ်မျက်သုတ်သင်ရန် နည်းလမ်းရှာကြပြန်၏။ လက်နက်ဓားဖြင့် ခုတ်သတ်ခြင်းဖြင့် မသေသဖြင့် တခြားနည်းဖြင့် သုတ်သင်ရန် ကြံစည်တော့သည်။

သည့်တစ်ခါတော့ ဆင်ဆိုးဖြင့် နင်းသတ်စေဟု အမိန့်တော်ချမှတ်လိုက်ပြန်၏။ ဆင်နင်းသတ်ရန်အတွက် မြေပြင်တွင် ငုတ်တိုင်ဖြင့် လေးဘက်လေးတန်ခြေလက်များ ချည်နှောင်လဲလျောင်းစေ၏။ ဆင်ဆိုးအား မောင်းနှင်၍ ဆင်ထိန်းရောက်ရှိသော် ဆင်သည် အနားပင်မသီဝံ့ဘဲ ကြောက်လန့်တကြား ထိုနေရာမှ တရှုးရှုး ရှုးဝါးစွာ မြည်သံပေးကာ နာမောင်းထောင်ကာ ပြေးလေတော့သည်။

ဆင်ဆိုးနှင့် နင်းသတ်စေခြင်းအမှုပြီးသော် နောက်တစ်မျိုးစဉ်းစားကာ ကွပ်မျက်ရန် အကြံထုတ်စေပြန်၏။ တရားဥပဒေအရ တစ်ကြိမ်ပြုပြီးကိစ္စဖြင့် ထပ်မံကွပ်မျက်ခြင်းမပြုရပါချေ။ နောက်တစ်မျိုးပြောင်းကာ ကြံစည်ကြပြန်တော့၏။ နောက်တစ်မျိုးဖြင့် ကွပ်မျက်ခြင်းမပြုမီ မင်းသားလေးအား အကျဉ်းချထားရာ ရဲတိုက်အတွင်းသို့ မည်သည့်အစာရေစာမှ ပေးမသွင်းစေဘဲ အစာငတ်စေပြီး သေစေမည်။

ထိုအခါ မင်းသားလေး သူ့ဘာသာ မစားမသောက်ဘဲနေသဖြင့် ကံကုန်ကွယ်လွန်ကြောင်း လူထုပရိသတ်များကို အသိပေးမောင်းခတ် ကြေညာလိုက်မည်။ မင်းဆိုးမင်းညစ်ဟု ဘယ်သူမှလည်း ပြောဆိုတော့မည် မဟုတ်တော့ချေ။ ပြောလည်း ကဲ့ရဲ့ခုနစ်ရက် သီတင်းပတ်နှင့်ပို၍ သတိမရနိုင်။ ကာလရှည်လာသည့်အခါ မေ့လျော့သွားကြမည်ပေ။

အစာရေစာပေးမသွင်းဘဲ ခုနစ်ရက်ခန့် စောင့်ကြည့်စေ၏။ ထမင်းအသက် ခုနစ်ရက်၊ ရေအသက်တစ်မနက်ဟု ဆိုရိုးရှိ၏။ ခုနစ်ရက်ပြည့်လွန်တော့မှ မင်းသားလေး ပျော့ခွေကာ အသက်ထွက်သွားသည်ကို မြင်ရတော့မည်ဟု ထင်မှတ်ကာ အကျဉ်းချတံခါးမကြီးအား ဖွင့်ကာကြည့်ရှုလေသော် မင်းသားလေးမှာ တရားအားထုတ်မပျက်ဘဲ ရှိနေသည်ကို တွေ့ကြရပြန်သည်။

နောက်ထပ် ရက်ကြာပါက ဒင်းဒဏ်မခံနိုင်။ အစာရေစာပြတ်ကာ သေကျေရမည်ဟု ယူဆကာ ထားလိုက်ကြပြန်သည်။ အရိယာပုဂ္ဂိုလ်ထူးများသည် ဈာန်သမာပတ်ဝင်စားကာ ရက်သတ္တပတ်များစွာ နေနိုင်ကြသည်ဆို၏။ မင်းသားလေးကား ယောဂီလောက ထွက်ရပ်ပေါက်ကျင့်စဉ်မို့ အရိယာမဟုတ်ချေ။ သမထကျင့်စဉ်သာဖြစ်၍ ခံနိုင်ရည်ရှိမည် မဟုတ်ဟု မှတ်ယူထားကြ၏။ ရက်အနည်းငယ်ကြာ၍ ဖွင့်ကြည့်ပြန်သော် အသက်မသေဘဲ ပြုံးရွှင်ကျန်းမာစွာ တွေ့မြင်ရသဖြင့် မည်သို့ဆက်လုပ်ရမည်ကို မသိနိုင်ပါတော့ချေ။

မင်းသားလေးသည် သာမန်သွေးနှင့်ကိုယ် သားနှင့်ကိုယ် ဖွဲ့တည်ထားသည့် လူသားပေမို့ အစာရေစာ မစားမသောက်ဘဲ နေလို့မရပါချေ။ မင်းသားလေးအား ဝိဇ္ဇာမိုရ်အပေါင်းက အစာရေစာ လာရောက်ကျွေးကြခြင်း၊ နတ်ဒေဝါများက နတ်သုဒ္ဓါများ ကျွေးခဲ့ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

(နတ်သုဒ္ဓါအစာသည် တစ်ခါမျှစားသုံးရသည်နှင့် ရက်များစွာ မစားဘဲနေနိုင်သည်။)

မင်းသားလေး၏ ကြင်ယာတော် ရန်ဘက်အရှည်းကြီး၏သမီးတော် နဂါးမင်းသမီးလေးသည်လည်း မင်းသားလေးထံ မြေလျှိုး ရေလမ်းမှ လာရောက်တွေ့ဆုံခဲ့လေသည်။ နဂါးအမျိုးအနွယ်သည် မြွေမျိုးသာဖြစ်ပြီး မြေထုအား ထွင်းလျှိုးကာ နေထိုင်တတ်ပေ၏။ ရေလမ်းကြောင်းမရှိလျှင် မြေလျှိုးကာ မြေအောက်မှ လာခဲ့ခြင်းတည်း။

နဂါးမင်းသမီးလေးသည် မင်းသားလေးအကျဉ်းကျခံနေသော နေရာဆီသို့ နဂါးအသွင်ဖြင့် ဝင်ရောက်ခြင်းဖြစ်၏။ သူ၏ ကိုယ်လုံးအား ကျုံ့စေပြီး မြွေတစ်ကောင်ပမာဏအရွယ် ဖြစ်စေပြီး ပြတင်းပေါက်သံတိုင်ကြားမှ ဝင်ရောက်ခြင်းပါပေ။ အစောင့်စစ်သည်များက မပြတ်စောင့်ကြည့်နေသည်မို့ တွေ့မြင်ကြရ၏။

နဂါးမင်းသမီးလေးကိုယ်အကြေးခွံများမှာ ဘော်ငွေရောင် လင်းလက်လျက်ရှိ၏။ ညဥ့်ဘက်မှ လင်းလင်းလက်လက် ရှည်ရှည်မျောမျော မင်းသားလေးအခန်းတွင်းသို့ ဝင်ရောက်သွားသည်ဟု ဆိုကြ၏။ တံခါးဖွင့်ရှာဖွေသောအခါ ထိုအရာအား မတွေ့မမြင်ဘဲ ရှိပြန်သည်။ တစ်ခါတစ်ရံ မှောင်မည်းနေသော အကျဉ်းခန်းထဲမှ စကားတွတ်ထိုးပြောသံများ၊ မိန်းကလေးတစ်ယောက်အသံလိုလို ကြားရသည်ဟု အစောင့်များက ဆိုပြန်သေး၏။

သူတို့သည် သာမန်ပုဂ္ဂိုလ်များ မဟုတ်ကြပါချေ။ တန်ခိုးဣဒ္ဓိပါဒ်များနှင့် ပြည့်စုံကြသူများ ဖြစ်ကြကုန်၏။ ဗုဒ္ဓဘုရားရှင်တော်မြတ်ကြီးက အပါယ်လေးဘုံဟု ဆိုမိန့်တော်မူခဲ့ရာတွင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံဟု မိန့်တော်မူခဲ့၏။ အသူရကာယ်ဘုံသားတို့သည် တန်ခိုးဣဒ္ဓိပါဒ်အစွမ်းများ ရှိကြ၏။

တစ်နည်းအားဖြင့် လူ့ဘုံနှင့် ထိတွေ့နီးစပ်နေသော နတ်များ။ တန်ခိုးရှင်များတည်း။ အထက်နတ်ပြည်ဘုံမြင့်စံ နတ်များသည် အရပ်အမောင်း သုံးဂါဝုတ်ရှိပြီး တစ်ဂါဝုတ်လျှင် မိုင်အားဖြင့် သုံးမိုင်အရှည် ရှိ၏။ ပေအားဖြင့် ၅၂၈၀ ပေရှိပေသည်။

ထို့ကြောင့် နတ်တို့၏ ကိုယ်ခန္ဓာမှာ ကိုးမိုင်အမြင့်ရှိကြကုန်၏။ ဘုံမြင့်စံနတ်တို့သည် သန့်ရှင်းစင်ကြယ်သော နတ်သုဒ္ဓါများကိုသာ စားသုံးကြခြင်းကြောင့် အပုပ်အစပ်များ စားသောက်ကုန်သော လူတို့အနားသို့ လာရောက်နိုင်ခြင်း မရှိပါချေ။ ဘုံမြင့်စံနတ်ဒေဝါများ၏ သက်တမ်းမှာလည်း လူ့သက်တမ်းနှစ်နှစ်ရာ(၂၀၀ သက်တမ်း)၇ နှစ်(၂၀၀၀ အထိမှ တစ်ရက်ဖြစ်ပေရာ များစွာကွာခြားပေ၏။

လူ့ပြည်တွင် ဗုဒ္ဓဘုရားရှင်ပွင့်တော်မူချိန်တွင် နတ်သမီးတို့က ဘုရားရှင်အား ပူဇော်ရန် ပန်းကုံးသီကုံးလျက်ရှိကြရာ ပန်းရှာ၊ ပန်းသီကုံးနေချိန်အတွင်းမှာပင် ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီဟု ကြားသိရတော့၏။ လူ့သက်တမ်းနှင့် နတ်တို့၏ သက်တမ်း မတူညီကြောင်းသိသာပေ၏။

အသူရကာယ်ဘုံတွင် အတွင်း ၃၇ မင်းနတ်၊ အပြင် ၃၇ မင်းနတ်စိမ်းများလည်း ပါဝင်ပြီး သိကြားနတ်မင်းက အုပ်ချုပ်လျက်ရှိ၏။ အတွင်း ၃၇ မင်းတွင် ကမ္ဘာစောင့်နတ်မင်းကြီးလေးပါး လောကပါလနတ်၊ အာဋ္ဌာဝက၊ ပုဏ္ဏက၊ နတ်ဘီလူးများသာမက နဂါးနတ်မင်း၊ ဂဠုန်နတ်မင်းတို့ပါ ပါဝင်လျက်ရှိ၏။ အာကာသစိုးနတ်၊ ရုက္ခစိုးနတ်၊ ဘုံကစိုးနတ်များ ပါရှိပြီး ဝိဇ္ဇာဓော်ကို၊ တပသီများလည်း ပါဝင်လျက်ရှိပေသည်။

ထိုနတ်အပေါင်းတို့၏ တစ်ရက်သက်တမ်းသည် လူ့အသက် ၅၀ နှစ်မှ ၁၅၀ အထိ ရှိကြကုန်သဖြင့် လူတို့နှင့် ထိတွေ့နီးကပ်နေသည့် နတ်များဖြစ်ကြ၏။ တချို့နတ်များသည် နတ်ဆိုးများဖြစ်ပြီး၊ တချို့က ကောင်းသောနတ်များ ပါဝင်ခြင်းကြောင့် ဗုဒ္ဓဘုရားရှင်တော်မြတ်ကြီးက အပါယ်လေးဘုံတွင် သွတ်သွင်းခေါ်ဝေါ်ခဲ့ခြင်း ဖြစ်တော်မူပါသည်။

ဝိဇ္ဇာဓိုရ်ထွက်ရပ်ပေါက်ကျင့်စဥ်ကား အသေထွက်နှင့် အရှင်ထွက်ဟု ရှိ၏။ ဝိဇ္ဇာဓိုရ်အပေါင်းတို့သည် အကျင့်သီလ စင်ကြယ်စွာရှိကြပြီး မကောင်းသည်ပယ်၊ ကောင်းသည်ကို စောင့်ရှောက်ကြရကုန်၏။ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်နှစ်သည် ၅၀၀၀ နှစ်သက်တမ်းဟု သတ်မှတ်ရာ ဘုရားရှင်တော် ပရိနိဗ္ဗာန်စံတော်မူပြီးနောက်မှ စတင်ရေတွက်ခဲ့ပါသည်။

ယခုအခါ သာသနာနှစ် ၂၅၀၀ လွန်မြောက်လာခဲ့ပြီးဖြစ်ရာ သိကြားမင်းစောင့်ရှောက်ရသော သာသနာတော်နှစ် ၂၅၀၀ ပြည့်တွင်း ရောက်ရှိလာခဲ့ပြီဖြစ်၏။ သာသနာတော်အရှည်တည်တံ့စေရန် စောင့်ရှောက်ကြသည့်တွင် ဝိဇ္ဇာဓိုရ်အပေါင်းလည်း ပါဝင်ပြီး ဝိဇ္ဇာဓိုရ်အပေါင်း ၈၄၀၀၀ ရှိသည်ဟု ဆိုပါသည်။

စကြဝဠေးမင်းလောင်းတို့သည် သာသနာပြုမင်းဖြစ်ကြသဖြင့် ကောင်းမှုကုသိုလ်စိတ်ဖြင့်သာ ရှင်သန်ရပ်တန်ရပေ၏။ မင်းသားလေးအား ဝိဇ္ဇာဓိုရ်နတ်ဒေဝါအပေါင်းတို့က စောင့်ရှောက်လျက်ရှိခြင်းကြောင့် အသက်မသေစေရန် အစာရေစာပေးပို့လျက်ရှိကြ၏။ အကြောင်းမှာ မင်းသားလေးသည် သူကျင့်ကြံအားထုတ်မှု ထွက်ရပ်ပေါက်သည်အထိ ကျင့်ကြံအားထုတ်ရမည်မို့ အချိန်အခါကျရောက်ဘဲ ကွယ်လွန်သေဆုံး၍ မဖြစ်နိုင်ချေ။

(ရှေ့လဆက်ရန်)

**ဂန္ဓာရီမောင်ဥမောင်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အနက်ရောင် ဈေးသည်

**ဝင်းဆောင် (ရမည်းသင်း)**

*လမ်းဘေး ပလက်ဖောင်းပေါ်တွင် တစ်ဝမ်းတစ်ခါးအတွက် သမာအာဇီဝ ရောင်းဝယ်စားကြသော အမှန်အဂန် ဈေးသည်များ အမြောက်အများ ရှိကြပါသည်။ ထိုအထူ အကြအဖန် လူလိမ် လူကောက် တစ်နပ်စား တစ်လမ်းတည်းသွားမည့် ဘယ်သူသေသေ ငတေမာပြီးရောဆိုသည့် အနက်ရောင် ဈေးသည်တွေလည်း ရောနှောရှိနေတတ်ပါသည်။ အနက်ရောင် ဈေးသည်တို့၏ လိမ်ညာတာကို လိမ်ညာမှန်းသိပြီး ကျွန်တော့် စာဖတ်ပရိသတ်ရှောင်နိုင်ကြမည်ဆိုလျှင် ကျွန်တော်ရေးသား တင်ပြရကျိုး နပ်ပြီဟု . . .*

*စာရေးသူ*

"ဟော့ ကိုကောင်း" ဟိုလူတွေ မရောက်သေးဘူးလား"

"ဘယ်သူတွေလဲ ကိုရဲ"

"ဗိုလ်ကြီးမောင်မောင်နဲ့ ဗိုလ်ကြီး လှိုင်မင်းကို ပြောတာ မနေ့ညဦးက ကျွန်တော်ဆီ ဖုန်းဆက်ပြီး ဒီနေ့မနက် ခင်ဗျားအိမ်မှာ ဆုံကြမယ်တဲ့"

"ဒါဆို ဝင်လေဗျာ သူတို့လာမှာပေါ့"

ကျွန်တော်ညှော်ခန်းတွင် သတင်းစာဖတ်နေစဉ် လူခေါ်ဘဲ(လ်)မြည်သံကြားသဖြင့် တံခါးဖွင့်လိုက်ရာ တပ်တုန်းက သူငယ်ချင်း ဗိုလ်ကြီး ရဲခင်ကိုတွေ့လိုက်သဖြင့် ပြောပြောဆိုဆို အိမ်ထဲဝင်ရန် ဖိတ်ခေါ်လိုက်သည်။

ဗိုလ်ကြီးမောင်မောင်၊ ဗိုလ်ကြီး လှိုင်မင်း၊ဗိုလ်ကြီးရဲခင်တို့သည်ကျွန်တော်နဲ့ လုပ်ဖော်ကိုင်ဘက် သူငယ်ချင်းများ ဖြစ်သည်။ မကြာခဏ ကျွန်တော့်အိမ်မှာဆုံပြီး ရှေးဟောင်းနှောင်းဖြစ်တွေ ပြောဖြစ်ကြကာ တပ်ကို အလွမ်းပြေကြသည်။ လူတွေက အသက်တွေကြီးလို့ အငြိမ်းစားကြီးတွေ ဖြစ်နေတာတောင် စစ်စိတ်က မကုန်ဘူးလို့ စီနီယာ နောင်တော်ကြီးတွေပြောတဲ့ စကားသိပ်မှန်တာပဲ၊ ကျွန်တော်ကိုလည်း သတိရဆဲ လွမ်းနေဆဲပဲ။

"ကိုကောင်းရေ ဟိုလူတွေမလာခင် ကျွန်တော်တို့ ပလက်ဖောင်းဈေးတန်း လျှောက်ကြည့်ရအောင် ရန်ကုန်ထဲ မရောက်တာကြာပြီဗျ"

"အင်း ကောင်းသားပဲ လျှောက်ကြည့်ကြတာပေါ့၊ မဒေါ်င်းရေ အစ်ကိုတို့

www.burmeseclassic.com

ဒီနားခဏသွားလိုက်ဦးမယ် ဖိုလူတွေလာရင် ခုပဲပြန်လာမယ်လို့ ပြောပြီး စောင့်နေနိုင်းလိုက်"

ကိုကောင်းသည် ကိုရဲဒင်နှင့်အတူ ပလက်ဖောင်း ဈေးတန်းလျှောက်ကြည့်ရန် သဘောတူလိုက်ပြီး တစ်ဆက်တည်း ဇနီးမဒေါင်းကို မှာကြားကာ အပြင် ထွက်သွားကြသည်။

အိမ်က ထွက်လာတာ ဆယ်မိနစ်ခန့်ကြာတော့ ပန်းဆိုးတန်းအောက်လမ်း ဆိပ်ကမ်းအာဏာပိုင်ရုံးကြီး ရှေ့ရောက်လာသည်။

"လူပိုင်းနေတာ ဘာပါလိမ့် ခဏဝင်ကြည့်ရအောင် ကိုကောင်း"

"ဟောဒီမှာ ··လာပြီ···လာပြီ"

"မသိသူကျော်သွား···သိသူဖော်စားတဲ့···ရှေးရှေးက စကား အလကားပြောတာမဟုတ် တိုက်ဆိုင်လျှင် တစ်သက်စာ ကျန်းမာရေးအတွက် ရင်အေးရအောင် ဟောဒီမှာ···လာပြီ···လာပြီ"

"ပလက်ဖောင်းပေါ်မှာ ရောင်းတဲ့ဆေးမို့ အထင်မသေးနဲ့ ···ဒီဆေးက အသက်ကယ်ဆေး"

"ဒီနေ့ ရုံးပိတ်ရက်မို့ ကျွန်တော့်ကို ဒီနေရာမှာ တွေ့နိုင်တာ နောက်တစ်ခါ ဒီနေရာလာမရှာနဲ့ မတွေ့ဘူးမှတ်ပါ။ ဘာကြောင့်လဲဆိုတော့ ဒီနေရာက ကျွန်တော်ပင်တိုင်ရောင်းတဲ့ နေရာမဟုတ်လို့ပါပဲ၊ ကျွန်တော်ကိုရှာရင် အမြဲတွေ့နိုင်တဲ့ နေရာကတော့ ယခင် ဘားလမ်း၊ ယခုအခေါ်ပန်းခြံလမ်းလို့ခေါ်တဲ့ အစိုးရရုံးကြီးတွေ ဘဏ်တိုက်ကြီးတွေရဲ့ ပတ်ဝန်းကျင်မှာ ရှာရင်တွေ့နိုင်ပါတယ်"

"ဒီနေ့သွားရင်းလာရင်း ဒီနေရာမှာ တစ်ထောက်နားရင်း ဆေးပစ္စည်းရောင်းပါ့မယ်၊ လမ်းပေါ်မှာဆိုတော့ အလကားပါကွာ မျက်လှည့်တစ်ကွက် နှစ်ကွက်ပြပြီး ဆေးရောင်းမှာပါလို့ ပေါ့ပေါ့ဆဆ မတွေးပါနဲ့ မြွေအလမ္ပာယ်လည်း မပြဘူး။ မျက်လှည့်လည်းမပြဘူး။ ဆေးသက်သက်ရောင်းမှာပါ။ ကျွန်တော်ရောင်းမယ့်ဆေးက အစွမ်းထက်လှတဲ့ ဆေးပင်နဲ့ အဲဒီဆေးပင်ကနေပြီး သိပ္ပံနည်းကျကျ ထုတ်လုပ်ထားတဲ့ ဆေးဆီဖြစ်ပါတယ်"

"ဒီဆေးပင်နဲ့ ဆေးဆီကိုကျွန်တော့်ဖခင်ကြီးကိုယ်တိုင် လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ပောဒီရန်ကုန် ရွှေမြို့တော်မှာလာရောက်ရောင်းချပေးခဲ့ပြီးအသက်ပေါင်းမြောက်မြားစွာကို ကယ်ခဲ့ဘူးပါတယ်၊ ဖခင်ကြီးအနေနဲ့ အသက်အရွယ်ကြီးရင့်ပြီမို့ သားဖြစ်တဲ့ကျွန်တော့်ကို အစွမ်းထက်မြက်တဲ့ ဆေးပင်ဘယ်တောဘယ်တောင်ကရနိုင်တယ်၊ ဘယ်ရွာက ဘယ်သူနဲ့ဆက်ပြီးရှာဖွေရမယ်၊ ဘယ်လို အဆီထုတ်ရမယ်ဆိုတာ စာတစ်စောင် ပေတစ်ဖွဲ့နဲ့ ဂဃနဏ သေသေချာချာ မှာထားခဲ့ပါတယ်"

"ဖခင်ကြီးမှာခဲ့တဲ့ ရွာကိုသွားပြီး အစွမ်းထက်ဆေးပင် ရနိုင်တဲ့နေရာ မေးကြည့်တော့ အဲဒီရွာက ဖခင်ကြီးမိတ်ဆွေဟာ ဖခင်ကြီးမျက်နှာနဲ့ တိတိကျကျလိုက်ပို့ပါတယ်"

"အပါးပါး လူမရောက် မြင်းမိုရ်တောင်ဆိုတာမျိုးပါလား သွားလာဖို့ အတော်ခက်ခဲတဲ့နေရာပဲ ဘာပဲဖြစ်ဖြစ် ဖခင်ကြီးက ယုံကြည်လို့ လွှဲအပ်ခဲ့တဲ့ ပညာအမွေဆိုတော့ ကျွန်တော်ဖြစ်အောင်လုပ်ရမယ့် တာဝန်ရှိတယ်လေ ကြုံလို့ ကျွန်တော်ပြောပြဦးမယ်၊ ကျွန်တော်တို့က ညီအစ်ကို သုံးယောက်ရှိတယ်၊ အစ်ကိုကြီးက ကျောင်းဆရာ၊ သူကဝန်ထမ်းဆိုတော့ ဒီအလုပ်ကို သူမလုပ်နိုင်ဘူး။ အစ်ကိုလတ်က ရဲတပ်ဖွဲ့ဝင်မို့ သူ့ကိစ္စနဲ့သူ ရှုပ်ခြေလည်နေတဲ့သူ ပြီးတော့သူတို့က အိမ်ထောင်ကိုယ်စီရှိကြတော့ ဖခင်ကြီးဘက် လှည့်မကြည့်နိုင်ကြဘူး အမေကွယ်လွန်ပြီးတဲ့နောက် ကျွန်တော်ပဲ ဖခင်ကြီးနဲ့အတူ ကျန်ခဲ့တယ်လေ"

"ဆေး အစွမ်းထက်တာ ဘယ်ရောဂါအတွက် ဘယ်လိုသုံးရတာ ဆေးပင်က အဆီထုတ်တာအစ ကျွန်တော်ကို ဖခင်ကြီးကသင်ပေးခဲ့တယ်၊ ဆေးပင်ပေါက်တဲ့တော တောင်နေရာကိုတော့ ဖခင်ကြီး မကွယ်လွန်မီလေးကမှ ပြောပြခဲ့တာ ဒါကြောင့် ဒီအစွမ်းထက်ဆေးပင်နဲ့ ဆေးဆီကို ကျွန်တော်ဒီနေ့ ဆက်လက်ရောင်းပေးနိုင်တာပါ"

"နောက်ဆုံး ကျွန်တော်ကို သစ္စာရေတိုက်ပြီး မှာကြားသွားတာကတော့



www.burmeseclassic.com

www.burmeseclassic.com

သွေးဖျဉ်း လေ ဖျဉ်း၊ ရေဖျဉ်း
ရောဂါခံစားနေရတဲ့ ရောဂါသည်ဟာ
ခပ်သွက်သွက်မလှုပ်ရှား နိုင်တော့ပါဘူး၊
ဗိုက်ပူနံကားဖြစ်လာမယ်၊ ရောဂါဖိစီးမှု
ဒဏ်ကြောင့် အရွယ်မတိုင်မီ အိုမင်းရင့်ရော်မယ်၊
ခြေ လက် ကိုယ်အင်္ဂါ အနံ့ဖေါ်ရောင်မယ်၊
တစ်ကိုယ်လုံးနာကျင် ကိုက်ခဲမယ်

ဒီဆေးကိုရောင်းပြီး သူဌေးဖြစ်အောင် မလုပ်ရဘူး၊ ဝေဒနာ ခံစားနေရသူ ပျောက်ကင်းချမ်းသာရစေဖို့သာ အဓိက ထားပြီး အဖိုးအခ သက်သာစွာနဲ့ အများပြည်သူလက်တွင်း ပို့ပေးရမယ်တဲ့ဗျာ"

"ဒါကြောင့် ဖခင်ကြီးမှာကြားသလို ကျွန်တော့်အနေနဲ့ လမ်းစရိတ် ကျေရုံ အဖိုးအခနဲ့ အစွမ်းထက်ဆေးပင်နဲ့ ဆေးဆီများကိုရောင်းချပေးပါ့မယ်၊ ကျွန်တော့်ထံမှာရှိနေတဲ့ အစွမ်းထက်ဆေးပင်နဲ့ ဆေးဆီများ လက်ရောက်ကြည့်ရှုပြီး စိတ်ကြိုက်အားပေးကြပါခင်ဗျာ"

အနားပြာပေါ်ပလင်ဝိတ်ဖြူနဲ့ ချုပ်ထားသော လည်ကတုံး ရှပ်လက်တို ယောလုံချည်အနက်ခံ အစိမ်းကွက် ပုဆိုးဝတ်ဆင်ထားသော အသက်(၃၅) နှစ်ခန့်ရှိ လူရွယ်တစ်ဦးသည် မဟာဗန္ဓုလလမ်း၊ ရွှေဘုံသာလမ်းထောင့် ပလက်ဖောင်းပေါ်တွင် ပုဆိုးဟောင်းတစ်ထည်နှင့် ဖုံအမိုက် သရိုက် ပုတ်ခါရင်း လမ်း သွားလမ်းလာများကြားအောင် အသံသြဇာ အပြည့်နှင့် အသံမြှင့် ကြေညာလိုက်သည်။

လူရွယ်သည် ပြောပြောဆိုဆို သူ၏ ကျောပိုးအိပ်အတွင်းက တစ်လက်မ နှစ်လက်မ၊ သုံးလက်မ အရွယ်အစား အမျိုးမျိုးသော အစွမ်းထက်ဆေးပင် ဆိုသည့်အပင်က လွှနှင့် ပိုင်းဖြတ်ထားသော အတုံးလေးများကို အခင်းပေါ်သို့ သွန်ချလိုက်သည်။

သစ်တုံးလေးများကို ကြည့်ရသည်မှာ အလယ်တွင် အူတိုင်ပါသော သစ်ပွ အမျိုးအစား အပွေး အခေါက်ထူသည့် သစ်ပင်သစ်ကိုင်းမှ ဖြတ်တောက်ထားသည့် သဘောရှိသည်။

"ဒါဟာဆေးပင်လဲ ဘာရောဂါတွေ ပျောက်တာလဲ သိချင်ကြမယ်ထင်တယ် . . . ဟုတ်ကဲ့ . . . ကျွန်တော် ရှင်းပြပါ့မယ်"

လူရွယ်သည် တစ်လက်မခန့် ဆေးတုံးလေးတစ်တုံးကို ကောက်၍ လက်ဝါးသာသာခန့်ရှိသော ကျောက်ဖျဉ်သေးသေးလေးပေါ်တွင် ရေလေးငဲ့စက်ချကာ ခပ်ဖွဖွသွေးလိုက်ရာ အုတ်ရောင်ဖြစ်ချွဲချွဲ အရည်များ ထွက်လာ[illegible]

"ဦးဦး ဒေါ်ဒေါ် အစ်ကို အ[illegible] ကျေးဇူးပြု၍ နားဆင်ပါခင်ဗျာ . . . လုပ်ရင်းကိုင်ရင်း ခုတ်ရင်း ထစ်ရင်း ဓားထိသလား သွားရင်းလာရင်း ခလုတ်တိုက် ဆေးမကွဲသလား ပြေးရင်းလွှားရင်း ချော်လဲလို့ ဒူးပြဲသလား အိမ်ရှင်မ ချစ်မမများ ချက်ဖို့ ပြုတ်ဖို့ ငါးကိုင်းရင်း ငါးကျီးရိုးစူးသလား ဟောဒီသွေးထားတဲ့ အစွမ်းထက်ဆေးလေးကိုသာ ဖြစ်ဖြစ်ချင်း . . .

ဟောဒီလို ပါးပါးလေး လူးပေးလိုက်၊ အနာက မကိုက်ဘူး၊ မနာဘူး၊ မရင်းဘူး၊ ဒဏ်ရာသေးရင် တစ်ခါလိမ်းတာနဲ့ ပျောက်တယ်၊ ဒဏ်ရာကြီးရင် သုံးကြိမ်လိမ်းတာနဲ့ ပျောက်တယ်"

"ပွန်းတာ ပဲ့တာပဲဆိုပြီး မပေါ့နဲ့၊ အနာရင်းပြီး မေးခိုင်ပိုးဝင်သွားရင် အန္တရာယ်ကြီးသွားမယ် ငါးကျီးရိုးစူးပြီး အနာဖြစ်တာ ပေါ့လျော့မှုကြောင့် စူးတဲ့လက်ညှိုးကစပြီး ရိုးတွင်းချဉ်ဆီလိုက်သွားတာ လက်တစ်ခုလုံး ဖြတ်လိုက်ရတာ ကိုယ်တွေ့မြင်ဖူးတယ်"

ဆေးရောင်းနေသူသည် သူ၏ စကား စိတ်ဝင်စားကြသလား အကဲခပ်ကြည့်လိုက်ရာ ပရိတ်သည် လိုလိုလား



www.burmeseclassic.com

www.burmeseclassic.com

လား စိတ်ဝင်စားစွာ နားထောင်နေကြောင်း တွေ့လိုက်သဖြင့် တစ်ဆင့်တက်ရန် ဟန်ပြင်လိုက်သည်။

"ဦးဦး ဒေါ်ဒေါ် အစ်ကို အစ်မများ ခင်ဗျား ဒီဆေးဟာ အားကစားသမားလည်း အထူးဆောင်ထားသင့်ပါတယ် အားကစားဆိုတာ ခွန်အားစိုက်ထုတ်ရတာပါ။ ဒါကြောင့် ကစားပြီဆိုတာနဲ့ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတွေထိမိုက်မိတာမျိုး မလွဲမသွေကြုံလေ့ရှိကြပါတယ်၊ အကြောတင် အကြောလွှဲ အကြောထုံး ခြေပွတ်တိုင်လည်း အဆစ်အမြစ်ယောင် မနေနိုင်အောင် ကိုက်ခဲမှု စေဒနာခံစားတာမျိုး တွေ့ကြုံရတတ်တယ်"

"အဲဒီလိုများ ကြုံလာခဲ့ရင်ခွေးသုတ်သဘက်လေးကို ပထမရေနွေးမှာစိမ်ပြီး ဟောဒီလို ညှစ် ရေနွေးဓါတ်ရနေတဲ့ သဘက်လေးကို အကြောတင် အကြောလွှဲတဲ့နေရာကိုက်ခဲ နာကျင်တဲ့နေရာကို (၃)မိနစ်ခန့် အုပ်ထားပြီးတော့ ဟောဒီ ချေးထားတဲ့ ဆေးလေးကို အပေါ်ကနေ အောက် သပ်ချပြီးလိမ်းပေး သုံးကြိမ်ထက်ပိုမလိမ်းရဘဲ ပျောက်ကင်းသွားယးမယ်ဆိုတာ ရဲရဲကြီး အာမခံပါတယ်၊ မပျောက်ရင် ဆေးဘိုး ဆယ်သပြန်လျော်ပါ့မယ်၊ ဒါယောကျ်ားစကားပါ···အဲ··အဲ တစ်ခုတော့မှာပါမယ်ဗျို့ ဆေးလိမ်းတော့မယ်ဆိုရင် ဆေးကိုဟောဒီလို လက်နဲ့ယူပြီး ကျွန်တော်စောစောက ပြောသလို အပေါ်ကအောက်ကို ပွတ်သပ်လိမ်းဖို့ မမေ့ပါနဲ့"

"တစ်ချို့ တစ်ချို့သော လူ့ဥစ္စာကြီးတွေက ··· ဟိတ်···မင်းဆေးအရိုးကျိုးတာ လိမ်ရင် ပျောက်သလားတဲ့··ကျွန်တော်ကလည်း ဟောဒီချစ် ပရိသတ်ကြီးကို သက်သေထားပြီး ဘွင်းဘွင်းနဲ့ ရှင်းရှင်းဖြေလိုက်ပါ့မယ်၊ အရိုးကျိုးတာ ဆိုရင် ဒီဆေးအကြိမ်ရာထောင်မက လိမ်းလည်း မပျောက်ဘူးလို့ နီးစပ်ရာ ပြည်သူ့ဆေးရုံသွားကျောက်ပတ်တီးစီးလို့အကြံပြုပါရစေ"

"တစ်ခုတော့ အသိပေးလိုက်မယ် အရိုးကျိုးတဲ့နေရာက ဆေးရုံမရောက်ခင်မခံမရပ်နိုင်အောင် ကိုက်ခဲနာကျင်မှုဖြစ်ရင် ကျွန်တော့်ဆေးကို ခပ်ဖွဖွလေးလိမ်းထားပေးလိုက် အကိုက်အခဲ အနာသက်သာမယ်၊ ပေါင်ရမ်းမှုမဖြစ်ဘူးဆိုတာ တပ်မံအာမခံပါတယ်"

ဆေးရောင်းသူ၏မင်မောင်းကောင်းကောင်းနဲ့ ပိုင်ပိုင်နိုင်နိုင် ပြောနိုင်စွမ်းကြောင့် ပလက်ဖောင်းပေါ် သွားလာနေကြသူများ ဆေးရောင်းသူဘေးတွင် ဝိုင်းအုံကာ ကြည့်ကြရာ ခဏအတွင်း လူတော်တော်များလာသည်။

"ဗျို့ညီရေ ဆေးက ဘယ်လိုရောင်းလဲဗျ"

"တစ်လက်မ(၂၈)ကျပ်နှစ်လက်မ(၄၀)ကျပ် သုံးလက်မ(၅၀)ကျပ်ပါ"

"ကဲဗျာ ကျွန်တော်အချိန်မှသွားစရာရှိတယ် (၁၀)ဘုံး ပေးဗျာရော့ သင့်ငွေ(၂၀၀)ကျပ်" [(၁၉၉၀) ခုနှစ်က ငွေ(၂၀)(၄၀)(၅၀)ကျပ်သည် အတိုက်အလျောက်တန်ဘိုးမြင့်ပါသည်။]

ဆေးရောင်းသူ၏ အပြောကောင်းမှုကြောင့် တဖြည်းဖြည်း စိတ်ဝင်စားသူများလာသလို ဆေးဝယ်ကြသူတွေလည်း များလာသည် တစ်ယောက်တစ်ရာဆိုသလို ဆေးရောင်းသူသည် လက်မလယ်အောင်ရောင်းနေရသည်။

"ဦးဦး ဒေါ်ဒေါ် အစ်ကို အစ်မများခင်ဗျား ခဏသည်းခံနားဆင်ပေးပါခင်ဗျား ဟောဒီက ကျွန်တော်ရောင်းချပေးနေတဲ့ အစွမ်းထက် ဆေးပင်အကြောင်း ဆက်လက်တင်ပြပါ့မယ်၊ ဦးဦး ဒေါ်ဒေါ် အစ်ကို အစ်မများ ဖျင်းသုံးဖျင်း အသက်ကို နှင်းဆိုတဲ့ စကားကြားဖူးကြမယ် ထင်ပါတယ်၊ ဒီစကားရဲ့ အဓိပ္ပါယ်က "ရေဖျင်း" "သွေးဖျင်း" "လေဖျင်း"ဆိုတဲ့ ရောဂါ သုံးမျိုးထဲက တစ်မျိုးမျိုးဖြစ်ပြီဆိုရင် အသက်ဆုံးရှုံးရတော့မယ်ဆိုတဲ့ သဘောပဲ ဘာဆေးနဲ့ကုကု ဆေးမတိုးတော့ဘူး သက်သာလည်းခဏပဲ တော်တော်ကြာမြန်ပြီး ရောဂါဟောင်းပေါ်တော့တာပဲ အနေနဲ့ အမြန် သေမင်းနောက် ကောက်ကောက်လိုက်ကြရတော့တာပဲ"

"ခု ဦးဦး ဒေါ်ဒေါ် အစ်ကို အစ်မများ လက်ဝယ်ရောက်နေတဲ့ အစွမ်းထက်ဆေးပင်လေးဟာ သာမင်ညောင်ည မဟုတ်ပါဘူး သေမင်းကို အံတုတဲ့ဆေး စိန်ခေါ်တဲ့ဆေးပါ၊ သွေးဖျင်း လေဖျင်း၊ ရေဖျင်း ရောဂါခံစားနေရတဲ့



www.burmeseclassic.com

www.burmeseclassic.com

ရောဂါသည့်ဟာ ခပ်သွက်သွက်မလှုပ်ရှား နိုင်တော့ပါဘူး။ ဗိုက်ပူနံကားဖြစ်လာ မယ်၊ ရောဂါဖိစီးမှု ဒဏ်ကြောင့် အရွယ်မတိုင်မီ အိုမင်းရင့်ရော်မယ်၊ ခြေ လက် ကိုယ်အင်္ဂါ အနှံ့ပေါ်ရောင်မယ်၊ တစ်ကိုယ်လုံးနာကျင် ကိုက်ခဲမယ်"

"ဖြောင်း ဖြောင်း ဖြောင်း"

ဒီအတွက် ဦးဦး ဖေါ်ဖေါ် အစ်ကို အစ်မများ လုံးဝမပူနဲ့"

ဆေးရောင်းသူသည် စကားပြော တာ ခဏရပ်၍ လက်ခုပ်တီးလိုက်ပြီး သူ့စကားကို ဆက်ပြောလိုက်သည်။

"စောစောက ကျွန်တော် တင်ပြ ခဲ့တဲ့ရောဂါ ဝေဒနာတွေခံစားလာရရင် အစွမ်းထက်ဆေးပင်ကို ခပ်ပျစ်ပျစ်ရ အောင် ရေသန့်သန့်လေးနဲ့ သွေး။ နံနက်တစ်ကြိမ် ညဥ့်တစ်ကြိမ် မှန်မှန် လိမ်း(၇)ရက်ပြည့်အောင် မပျက်မကွက် လိမ်းရင် လုံးဝပျောက်ကင်းပါလိမ့်မယ်၊ တစ်ချို့ကျတော့ ဆေးသုံးရက်လောက် လိမ်းပြီးသက်သာ သွားတာကို ရောဂါ ပျောက်ပြီထင်ပြီး ဆေးလိမ်းတာ(၇)ရက် မပြည့်မီ ရပ်ပစ်တတ်တယ်၊ ဒါမကောင်း ဘူး။ အရင်းမပျောက်သေးတာမို့ ပြန်ဖြစ် ရင် ကုရတာ ကြာတတ်ပါတယ်"

*** *** ***

"ဟေ့လူ ပျောက်နေတာ ကြာပြီ ကော"

"ဟုတ်ကဲ့"

"ဒါနဲ့ အဘဆရာကြီးမပါဘူးလား"

"ကျွန်တော့် အဖေဆုံးသွားပြီ အဖေ့ဆန္ဒအတိုင်း အစွမ်းထက်ဆေးပင် ဆေးဆီတွေ လိုက်လံရောင်းချပေးနေ တာပါ"

"ကျွန်တော်လွန်ခဲ့တဲ့(၂)နှစ်လောက် က ဆရာကြီးဆီ ဆေးတုံးလေးတစ်တုံး လိုရမယ်ရ ဝယ်သွားတယ် တိုက်တိုက် ဆိုင်ဆိုင်ပဲ ကျွန်တော့်မိန်းမ ဆီးရောဂါ ဖြစ်တယ် ပြီးတော့ ခြေဖမိုးတွေ ခြေ သလုံးတွေရောင်လာတယ်။ တစ်စစနဲ့ မျက်နှာအထိ ရောင်အမ်းအမ်းဖြစ်လာ တယ်ဗျာ ခင်ဗျားတို့ဆီက ဝယ်ထားတဲ့ အစွမ်းထက်ဆေးပင် ဆေးတုံးလေး သတိရတာနဲ့ သိမ်းထားတဲ့ အံဆွဲထဲက ထုတ်ပြီး ကျောက်ပျဉ်မှာ သွေးပြီးလိမ်း ပေးလိုက်တာ၊ မနက်တစ်ခါ ညဥ့်တစ်ခါ ပဲ လိမ်းရတယ်၊ အရင်းပျောက်သွား တယ်"

"အဲဒါရုံးမှာ ကျွန်တော်က ပြောပြ တော့ ကျွန်တော့်ဆရာက သူ့အမျိုးသမီး လည်း ဆီးရောဂါဖြစ်ပြီး ကိုယ်တွေ ဖေါ ရောင်နေတယ်တဲ့ ဆေးမျိုးစုံအောင်ကု ပေမယ့် ခဏသက်သာလိုက်ပြန်ဖြစ် လိုက်မို့ ကျွန်တော့် အမျိုးသမီးဖေါ်ရောင် စဉ်က သုံးခဲ့တဲ့ ဆေးပင်ဝယ်ပေးပါလို့ ပြောလာလို့ ခင်ဗျားတို့ကို လိုက်ရှာနေ တာ မတွေ့ဘူး။ ဒါနဲ့ ကျွန်တော့်ဆီမှာ လက်ကျန်ရှိနေတဲ့ အစွမ်းထက်ဆေးပင် ဆေးတုံးလေးပေးလိုက်တာ တစ်ခြား ဆေးတွေနဲ့ နှစ်ရက်ရှည်ကြာကုနေခဲ့တာ မပျောက်ဘဲ ခင်ဗျားတို့ရောင်းတဲ့ အစွမ်း ထက်ဆေးနဲ့မှ ပျောက်ကင်းသွားလို့ ဆေးများများ ဝယ်ထားပြီး ဆေးအလှူ ဒါနပြုချင်သတဲ့ ဒါကြောင့် လိုက်ရှာနေ တာ ကြာပေါ့ ကိုယ့်လူရာ"

"ဒါနဲ့ ဒီအစွမ်းထက်ဆေးပင်ရဲ့ အမည်က ဘယ်လိုခေါ်လဲ ဘယ်အရပ် ဘယ်ဒေသတွေမှာ ပေါက်ရောက်သတဲ့ လဲဗျာ"

"ဒါတော့ လျှို့ဝှက်ချက်ပဲ ဆရာရေ ကျွန်တော်တောင် အဖေကြီးဆုံးကာနီး ကမှ သိခဲ့ရတယ် စိတ်မရှိနဲ့နော် ဟုတ် လား ချစ်ကိုကြီး"

"ဆေးနံမည် မသိလဲရတယ်၊ ဆေး ဝယ်ရရင်တော်ပြီ နက်ဖန်ခင်ဗျား ဆီက ဆေး လက်ကျန်အားလုံး ယူခဲ့ပြီး ကျွန်တော့်ရုံးလာခဲ့ ကျွန်တော့်ရုံးက (ဘားလမ်း) ယခုပန်းခြံလမ်းက ··· ရုံကြီးပဲ ခင်ဗျားသိတယ်မို့လားရုံးရောက် ရင် စုံစမ်းရေးဌာနမှာ ရုံးအုပ်ကြီး ဦး————လို့မေးရတယ်။

ကဲနက်ဖြန်မှ တွေ့မယ် သွားပြီ"

ယခင်က အသုံးပြုခဲ့ဘူးသော သူနဲ့ ဆေးရောင်းသူတို့ရဲ့ စကားသံများက လည်း ဝိုင်းအုံကြည့်နေကြတဲ့ သူတွေထံ ပျံ့လွှင့်ကြားနေရသဖြင့် ဆေးမဝယ်ရ သေးသူတွေကလည်း ကမန်းကတန်း ဝယ်ကြရော ဒီတစ်ကြော ဆေးရောင်းသူ အတော်အလုပ်ဖြစ်သွားသည် ရောင်းရ တာလည်းမပြောနဲ့နက်ဖြန်ဆိုလက်ကျန် အကုန်ဝယ်မယ့်သူရှိနေတော့ ခဏ ကြာဝယ်မရ ဘယ်လိုလုပ်မလဲနော်။



www.burmeseclassic.com

www.burmeseclassic.com

အရောင်းအဝယ်ကိစ္စပြီးသလောက်ရှိတော့ ဆေးရောင်းသူသည် ၎င်း၏ ပစ္စည်းများကို ထုပ်ပိုးသိမ်းဆည်း၍ ဗိုလ်ချုပ်ဈေးဘက်သို့ ထွက်ခွာသွားသည်။

အလားတူပင် စောစောက ဝိုင်းအုံကြည့်နေကြသူတွေလည်း လိုရာခရီးဆက်ကြရာ စောစောက လူဝိုင်းနေသဖြင့် ပိတ်ဆို့နေသော ပလက်ဖောင်းတစ်ဝိုက်ရှင်းသွားသည်။

*** *** ***

ကျုပ်တို့လူတွေ သိပ်ပြီး ယုံလွယ်ကြတယ်ဗျာ အပြောကောင်းရင် ပစ်ပြီး ယုံတော့တာပဲ"

"ဟော ဒါဆို အစွမ်းထက်ဆေးပင်ဆိုတာ အမှန်အကန် မဟုတ်ဘူးလား ကိုကောင်း"

"ဘယ်ဟုတ်မှာလဲ ကိုရဲရာ အကြွံအဖန်ဗျ အကြွံအဖန်"

"အကြွံအဖန်ဆိုတာ ကိုကောင်း ဘယ်လိုသိလဲ"

"ကျွန်တော်ဟာ လမ်းပေါ်က လူလိမ်များအကြောင်း မဂ္ဂဇင်း ဂျာနယ်များရဲ့စာမျက်နှာတွေပေါ်မှာ အစဉ်တစ်စိုက်ရေးနေတဲ့၊ စာရေးဆရာ တစ်ယောက်ဆိုတာ မေ့နေပြီလား ကိုရဲရာ"

"အော... ဟုတ်သားပဲ ဒါပေမယ့် ကျုပ်နားလည်အောင် ပြောပြဦး"

"ဒီလိုလေ ကိုရဲရ ကျွန်တော်က လမ်းဘေး ပလက်ဖောင်းပေါ်မှာ ထူးထူးခြားခြားကြေညာပြီး အခေါင်ပစ္စည်းနဲ့ ဆေးဝါးရောင်းချသူတွေ မျက်လှည့်ပြမြွေအမွှါယ်ပြပြီတုတ်ပြီး ဓားပြီးဆေးနဲ့ မြွေဆိပ်ပြီးဆေး စသဖြင့် ရောင်းနေတာတွေကို အမြဲတွေ့ အမြဲကြားသိနေတဲ့သူ မတွေ့ချင်လို့တောင် ရှောင်မရဘူး ဘာလို့လဲဆိုတော့ အလုပ်တာဝန်ကလည်း မြို့တော်ကြီးရဲ့ အသဲနှလုံးလို့ တင်စားရတဲ့ ပန်းဘဲတန်းမြို့နယ်မှာ တာဝန်ထမ်းဆောင်ရတဲ့အပြင် နေရတာကလည်း ရွှေဘုံသာလမ်းမှာရှိတဲ့ အရာရှိများ ရိပ်သာမှာနေရတော့ပလက်ဖောင်းပေါ်မှာ အမြဲလှုပ်ရှားနေကြသူတွေရဲ့ အကြောင်း အထိုက်အလျောက်သိသလို သူတို့တွေရဲ့ အမူအကျင့်တွေဟာ မှန်/မမှန်ဆိုတာ သိနေတယ်၊ မှတ်မိနေတယ် ပန်းဘဲတန်းဆိုတဲ့ရှေးနယ်မြေကြီးမှာ ကျွန်တော်(၉)နှစ်ကြာအောင် တာဝန်ထမ်းဆောင်ခဲ့တာမို့ ဘယ်ဟာအမှန်အကန်ဘယ်ဟာဖြင့် အကြွံအဖန်ဆိုတာသိနေတာ မဆန်းပါဘူး"

"ကျုပ်သွားစရာရှိတယ် ဆိုပြီး (၂၀၀)ကျပ်ဖိုး အစေ့ဆုံးဝယ်သွားတဲ့ လူကို ကိုရဲ သတိထားမိတယ်မို့လား။ အဲဒီလူဟာ ဆေးရောင်းသူရဲ့ အလံရှူးပဲ သူမိန်းမဖေါ်ရောင်တဲ့ ရောဂါဖြစ်တာ အစွမ်းထက်ဆေးသွေးလိမ်းလို့ပျောက်တယ်၊ ဒီကိစ္စ သူ့ရုံးမှာပြောပြတော့ သူ့ဆရာကသိပြီး ဆေးဝယ်ခိုင်းသလေး ဘာလေးပြောတယ်၊ ဆေးရောင်းသူ့ရှာ မတွေ့တော့ သူ့ဆီမှာ ရှိတဲ့ဆေးတစ်တုံးပေးလိုက်တာ အဲဒီဆေးသွေးလိမ်းလိုက်လို့ သူ့ဆရာမိန်းမရောဂါပျောက်သွားလို့ ဆေးအလှူ့ဒါနပြုချင်တယ် များများဝယ်ချင်သလေး ဘာလေးနဲ့ပြောနေတာ ကြားမိတယ်မို့လား အဲဒါအလကား ဝိုင်းကြည့်တဲ့သူတွေ ကြားအောင် တကယ်ထင်အောင် ညာဝါးပြောတာ အမှန်တကယ် သူ့အလုပ်က ရုပ်ရှင်လက်မှတ် မှောင်ခိုတဲ့အလုပ်ပဲ တစ်ခါတစ်ရံလည်း မျက်လှည့်ဝိုင်းမှာ မျက်လှည့်ဆရာမအကူ ယောင်ယောင်ဝင်လုပ်တဲ့အခါလုပ် ဘင်တို့ ယကွင်းတို့ ဝင်တီးတဲ့အခါ တီးတာပဲ"

"စောစောက ဆေးရောင်းတဲ့လူနဲ့ သူပြောနေတော့ (. . . . ကြီး)က ရုံးအုပ်ကြီးဆို"

"ဒါက ပတ်ဝန်းကျင်က ယုံပြီး အထင်ကြီးအောင် ကြံသလို ပြောသွားတာလေ ခင်ဗျားမျက်မြင်ပဲ အစွမ်းထက်ဆေးပင်ဆိုတဲ့ သစ်တုံးလေးတွေ ပြိုက်ကနဲကုန်သွားတာ"

"တကယ်များ စွမ်းသလားပဲ .. ကိုကောင်း"

"တကယ် စွမ်း မစွမ်းတော့ မသိဘူး အဲဒီအတုံးငှလေးတွေ စုပုံမီးမွှေးပြီး မီးလှုံရင် အချမ်းပြေမယ် ထင်တာပဲ"

ဝင်းသောင်း(ရမည်းသင်း)



www.burmeseclassic.com

www.burmeseclassic.com

### သိမှတ်ဖွယ်ရာ

### မြန်မာနှင့် ထိုင်း နှစ်နိုင်ငံ

# ပြစ်မှုဥပဒေတာစိခု

## အသရေဖျက်မှု

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

မြန်မာနိုင်ငံ ရာဇသတ်ကြီး (ခေါ်) ပြစ်မှုဆိုင်ရာဥပဒေ အခန်း(၂၁)တွင် အသရေဖျက်မှုများအကြောင်း အနက်ဖွင့်ဆိုချက်၊ ပြစ်မှုပြစ်ဒဏ်များနှင့် ပြစ်မှုကင်းလွတ်ခွင့်များကို ဖော်ပြထားပေသည်။

### "အသရေဖျက်မှုအနက်အဓိပ္ပာယ်ဖွင့်ဆိုချက်"

ပုဒ်မ(၄၉၉) မည်သူမဆို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အရုပ်၊ ရုပ်ပုံဖြင့်ဖြစ်စေ အခြားသူတစ်ပါး၏ နာမည်၊ ဂုဏ်သိက္ခာ၊ စီးပွားရေး၊ ဝင်ငွေအကျိုးခံစားခွင့် မရအောင်၊ ထိခိုက်အောင် ပြောဆိုပြုမူ၊ ပုတ်ခတ်ရေးသားရေးဆွဲကြောင်း ထင်ရှားပေါ်လွင်လျှင် 'အသရေဖျက်မှု' မည်ပေသည်။

ရှင်းချက်(၁) ။ အသက်ရှင်လျက်ရှိသူတစ်ယောက်အပေါ် သေပြီဟု မဟုတ်မမှန် စွပ်စွဲလျက် ၎င်း၏မိသားစု နစ်နာရ၍ ပြစ်မှုမြောက်သဖြင့် အပြစ်ရှိ၏။

ရှင်းချက်(၂) ။ လူပုဂ္ဂိုလ်ကိုသာမက ကုမ္ပဏီ၊ အသင်းအဖွဲ့အား နာမည်ပျက်အောင်၊ နစ်နာထိခိုက်အောင် မဟုတ်မမှန် ထုတ်ဖော်ရေးသား၊ ပုတ်ခတ်ပြောဆို စွပ်စွဲခြင်းမပြုရပေ။



www.burmeseclassic.com

www.burmeseclassic.com

ရှင်းချက်(၃) ။ တစ်စုံတစ်ယောက်၏ အကျင့်စာရိတ္တ၊ ပညာအရည်အချင်း၊ အရည်အသွေး၊ အလုပ်အကိုင်၊ ရာထူး နေရာ၊ ငွေကြေးစီးပွားရေး ထိခိုက်နစ်နာအောင် မပြောရ၊ မရေးရ၊ မပုတ်ခတ်ရပါ။

ရှင်းချက်(၄) ။ ကြံဖန်စွပ်စွဲ ပုတ်ခတ်လျှင် အနည်းဆုံး တစ်မျိုးမျိုး၊ တစ်နည်းနည်းဖြင့် ပြောဆိုရေးသား ပုတ်ခတ်လျှင် အပြစ်ရှိပေသည်။

လက်တွေ့ဥပမာရပ်များ

(က) မောင်ဖြူက၊ မောင်နီအား ခါးပိုက်နှိုက်မဟုတ်ဘဲနှင့် စွပ်စွဲလျှင် အပြစ်ရှိ၏။ ခါးပိုက်နှိုက်ဟုတ်မှန်လျှင် အပြစ်မရှိပါ။

(ခ) သူတစ်ပါး သားမယားအား အကျင့်ဖောက်ပြန်နေကြောင်း မတရားစွပ်စွဲလျှင် အပြစ်ရှိပေသည်။ ဟုတ်မှန်နေလျှင် အပြစ်မရှိပါ။

ပြစ်မှုကင်းလွတ်ချက်

(၁) အများပြည်သူ့အကျိုးအတွက် ဟုတ်တိုင်းမှန်ရာကို ပြောဆိုရေးသားလျှင်၊ ထုတ်ဖော်လျှင်၊ ပြုမူလျှင်

(၂) ပြည်သူ့ဝန်ထမ်းက တာဝန်ဝတ္တရားအရ ပြောဆိုရေးသား ပြုမူလျှင် (ဥပမာ တရားသူကြီးပြစ်ဒဏ်စီရင်ချက် အမိန့်ဖတ်ကြားရေးသားလျှင်)

(၃) အများပြည်သူ၏ ပြဿနာကို ပြန်ဖြေရှင်းလင်းလျှင် (ဥပမာ သမာဓိခုံလူကြီး၊ ဒိုင်လူကြီး၏ ဝေဖန်ပြောဆိုရေးသားမှု)

(၄) တရားရုံး၏ မှုခင်းဆောင်ရွက်ချက်ကို ထုတ်ပြန်ကြေညာခြင်း၊ အစီရင်ခံစာ တင်သွင်းဖတ်ကြားခြင်း

(၅) အထက်အာဏာရှိသူက သဘောရိုးနှင့် အပြစ်ဆိုခြင်း

(၆) တိကျမှန်ကန်သော သက်သေခံအထောက်အထား ခိုင်စွာရှိသော ပြောဆို၊ စွပ်စွဲချက်၊ ရေးသားချက်၊ ထုတ်ဖော်ချက်

(၇) အထင်အရှား၊ ဟုတ်တိုင်းမှန်ရာကို ပြောဆိုရေးသား၊ ပြုမူဆောင်ရွက်လျှင်

(၈) လူတစ်ဦးတစ်ယောက်အား မဟုတ်မမှန် ခြောက်လှန့်ပြောဆို ရေးသား၊ ပြုမူကြောင်း မဟုတ်လျှင်၊ ထုတ်ဖော်ခြိမ်းခြောက်ကြောင်း မဟုတ်လျှင်

(၉) သူတစ်ပါး၏အကျိုး ကာကွယ်စောင့်ရှောက်ရန် သဘောရိုးဖြင့် ပြောဆိုရေးသား၊ ထုတ်ဖော်လျှင် (ရပ်ကွက်၊ အမှိုက်ပုံးနံ၊ ချွေးသေမုပ်စွန့်ဝစ်ကိစ္စ)

ကင်းလွတ်ခွင့်(၁၀)

အများပြည်သူ အကျိုးအတွက် သဘောရိုးဖြင့် ထု ဖော်သတိပေးလျှင် (ဥပမာ မီးဘေးကာကွယ်ရန် သတိပေးလျှ အပြစ်မရှိ၊ ကင်းလွတ်ခွင့် ရရှိပါသည်။

ထောင်ဒဏ်ပြစ်ဒဏ်၊ ငွေဒဏ်

ပုဒ်မ(၅၀၀)အရ မည်သူမဆို အသရေဖျက်မှုကို ကျ လွန်ကြောင်း ထင်ရှားပေါ်လွင်၍ တရားစီရင်ခြင်းခံရပါလ ထောင်ဒဏ်(၂)နှစ်အထိ (အလုပ်မဲ့ထောင်ဒဏ်)၊ သို့မဟု ငွေဒဏ်၊ သို့မဟုတ် ပြစ်ဒဏ် နှစ်ရပ်စလုံး ကျခံကြရပါမည


သို့ရာတွင် ထိုင်းနိုင်ငံ၏ ပြစ်မှုဥပဒေတွင်မှု ပြစ်ဒ ပြင်းထန်ကြောင်း တွေ့ရပါသည်။ ဥပမာ ထိုင်းဘုရင်အားဒေ လည်းကောင်း၊ ထိုင်းဘုရင်စနစ်အားသော်လည်းကောင်း၊ ဝေ ပြောဆို ရေးသားထုတ်ဖော်ခွင့် မရှိချေ။ ဥပဒေပြင်ဆင်ရန်လည ရေးသားတင်ပြဝေဖန်ခွင့် လုံးဝ(လုံးဝ)မရှိပါ။ ပြစ်မှုကျူးလွန်လျ ထောင်ဒဏ် (၁၁)နှစ် ချမှတ်ခံရမည်ဖြစ်၏။

## ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်

*Ref:-*


(၁) မြန်မာနိုင်ငံ ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီး ၁၉ ခုနှစ်၊ အစိုးရထုတ်)

(၂) ကြေးမုံနေ့စဉ်သတင်းစာ (၂၅-၁-၂၀၁၃)၊ စာ(၄



www.burmeseclassic.com

www.burmeseclassic.com

# အတိတ်က ဖြစ်ရပ်မှန် မှုခင်းများ

လှမိုး(ပညာရေး)




ကျွန်တော်တို့နိုင်ငံမှ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့ ထုတ်ဝေသော ကြေးမုံသတင်းစာကြီးတွင် အောက်ပါ စိတ်မချမ်းမြေ့ဖွယ်ရာ သတင်းတစ်ပုဒ်ကို ကျွန်တော်များ ဖတ်ရှုခဲ့ရသည်။

"အမေရိကတွင် မူလတန်းကျောင်းကို တိုက်ခိုက်၊ ကလေး ၂၂ ဦး၊ လူကြီးတစ်ဦး ဒဏ်ရာရ"

ပေကျင်း-ဒီဇင်ဘာ ၁၅

တရုတ်နိုင်ငံ အလယ်ပိုင်းရှိ မူလတန်းကျောင်းသို့ ဓားကိုင်လူတစ်ဦး ဝင်ရောက်ရမ်းကားခြင်းကြောင့် ကလေး ၂၂ ဦးနှင့် လူကြီးတစ်ယောက်မှာ ပြင်းထန်စွာ ဒဏ်ရာရရှိသွားကြောင်း ဒီဇင်ဘာ ၁၄ ရက် ဘီဘီစီသတင်း၌ ဖော်ပြသည်။


ယီနန့်ပြည်နယ်၊ ချင်ပင်းကျေးရွာ မူလတန်းကျောင်း၏ ဝင်ပေါက်တွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ အခင်းဖြစ်ပွားရာနေရာ၌ အသက် ၃၆ နှစ်အရွယ်ရှိ သော ဓားကိုင်လူကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

အလားတူ တိုက်ခိုက်မှုကြောင့် ကလေးငယ် ၂၀ နီးပါး သေဆုံးပြီး မကြာသေးမီနှစ်များ



www.burmeseclassic.com

www.burmeseclassic.com




မှစ၍ တရုတ်နိုင်ငံအတွင်းမှ ကျောင်းများကို လုံခြုံရေးတိုးမြှင့်ချထားခဲ့သည်။

ဤနောက်ဆုံးတိုက်ခိုက်မှုမှာ ကလေးများ ကျောင်းတက်ရန် ရောက်ချိန်တွင် ဖြစ်ခဲ့ကြောင်း၊ ရဲအရာရှိတစ်ဦးကို ကိုးကား၍ အေပီသတင်းဌာနက ဖော်ပြသည်။

အဆိုပါ တိုက်ခိုက်သူသည် လုံခြုံရေးအစောင့်များ ဖမ်းချုပ်ခြင်းမခံရမီ လူကြီးတစ်ဦးကို စတင်တိုက်ခိုက်ပြီးမှ ကလေးများကို ဆက်လက်တိုက်ခိုက်ခြင်းဖြစ်သည်ဟု ဆေးရုံအုပ်ကြီး၏ ပြောကြားချက်ကို ကိုးကား၍ အေပီက ဖော်ပြသည်။

ပြင်းထန်စွာ ဒဏ်ရာရသူနှစ်ဦးကို ဆေးဝါးနှင့် ကိရိယာများ ပိုမိုပြည့်စုံသော ဆေးရုံသို့ ပြောင်းရွှေ့ပေးခဲ့သည်ဟုဆိုသည်။

ဘီဘီစီ

ဤသတင်းကို ဖတ်ရှုစဉ်မှာပင် တိုက်တိုက်ဆိုင်ဆိုင် အင်တာနက်သတင်းတစ်ပုဒ်ကို ဖတ်ရှုမိရသည်။ ထိုသတင်းမှာ အမေရိကန်ပြည်ထောင်စု၊ ကွန်နက်တီကပ်ပြည်နယ်၊ နယူးတောင်းမြို့ရှိ ဆန်ဒီဟွက်(ခ်) မူလတန်းကျောင်းအတွင်း အာဒမ်လန်ဇာအမည်ရှိ လူငယ်တစ်ဦးသည် ဒီဇင်ဘာလ ၁၄ ရက်နေ့နံနက်က ဝင်ရောက်လာခဲ့ပြီး အကြောင်းမဲ့ သေနတ်ဖြင့် ပစ်ခတ်သဖြင့် ကလေးငယ် ၂၀ ဦး၊ လူကြီး ၆ ဦး သေဆုံးခဲ့ရပြီး သေနတ်သမားဖြစ်သူ အာဒမ်လန်ဇာ ဆိုသူမှာလည်း သူ့ကိုယ်သူ သေနတ်ဖြင့် ပစ်သတ်၍ အဆုံးစီရင်သွားခဲ့သည်ဟု ဆိုသည်။ ဤကဲ့သို့ အကြောင်းမဲ့ တိုက်ခိုက်မှုကြောင့် စုစုပေါင်း ၂၇ ဦး သေဆုံးခဲ့ရာ ပြည်သူအများအဖို့ သောကဝေဒနာ အဖြာဖြာဖြင့် ကြုံတွေ့ခဲ့ရ၏။

လူသတ်သမား အာဒမ်လန်ဇာသည် အထက်ဖော်ပြပါ မူလတန်းကျောင်းမှ ကလေးငယ်များနှင့် လူကြီးများအား သေနတ်ဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခြင်းမပြုမီ သူ၏မိခင်ဖြစ်သူ နန်စီလန်ဇာသာကိုလည်း သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည်ဟု သိရ၏။ ထိုလူသတ်သမားဖြစ်သူ လူငယ် အာဒမ်လန်ဇာမှာ စိတ်ပျံ့လွင့်သူတစ်ဦးဖြစ်သဖြင့် စိတ်ရောဂါကုဆရာဝန်တစ်ဦးနှင့် ဆေးကုသခြင်းခံနေရသူ ဖြစ်သည်ဟုလည်း ထိုလူငယ်မိသားစု၏ ဆွေမျိုးသားချင်းများက သတင်းမီဒီယာများကို ပြောပြခဲ့သည်ဟု သိရ၏။

လူသတ်သမား အာဒမ်မှာ စိတ်ရောဂါခံစားနေရသော ဝေဒနာရှင်တစ်ဦးဖြစ်ပြီး သေဆုံးသူ မိခင်ဖြစ်သူမှာ စည်းကမ်းတင်းကျပ်လွန်းသူတစ်ဦးဖြစ်ရာ သားဖြစ်သူ အာဒမ်အား ငယ်စဉ်ကပင် အခြားကလေးငယ်များနှင့် ခင်ခင်မင်မင် ပေါင်းသင်းနေထိုင်ခြင်းကို ခွင့်မပြုခဲ့ရာမှ အာဒမ်မှာ အများနှင့် ကင်းကင်းရှင်းရှင်း၊ အထီးကျန်သူတစ်ဦး ဖြစ်ခဲ့ရသည်။ ဤသို့ အထီးကျန်နေထိုင်ရာမှ စိတ်ရောဂါရရှိလာခြင်း၊ ဖြစ်နိုင်သည်ဟူ၍ အများက ယူဆခဲ့ကြသည်။ လူသတ်တရားခံဖြစ်သူ အာဒမ်မိသားစုမှာ အတော်အသင့် ကြွယ်ဝသူများ ဖြစ်သည်။ ဖခင်ဖြစ်သူမှာ ကုမ္ပဏီတစ်ခုတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသူတစ်ဦးဖြစ်ပြီး အာဒမ်၏အစ်ကိုဖြစ်သူမှာလည်း စာရင်းစစ်ကုမ္ပဏီတစ်ခုတွင် စာရင်းစစ်အဖြစ် ဆောင်ရွက်ခဲ့ဖူးသူ ဖြစ်သည်ဟု အမေရိကန်ပြည်ထောင်စု အက်(ဖ်)ဘီအိုင် စုံထောက်ဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သတင်းမီဒီယာများအား ပြောပြခဲ့သည်ဟု သိရ၏။ မည်သို့ပင်ဆိုစေကာမူ ဤသတင်းနှစ်ပုဒ်သည် ကမ္ဘာနိုင်ငံအသီးသီးမှ လူထုအား ထူးထူးခြားခြား စိတ်မချမ်းမြေ့ဖွယ်ရာ သတင်းများသာ ဖြစ်သည်။ အမေရိကန်ပြည်ထောင်



www.burmeseclassic.com

www.burmeseclassic.com

သမ္မတကြီးဖြစ်သူ အိုဘားမားကိုယ်တိုင် သေဆုံးခဲ့သည့် ကလေးငယ်များ၏ မိဘများအား အလွန်အမင်း ဝမ်းနည်းကြောင်းပြောဆိုခဲ့သည်။ အသက်မသေဘဲ ကျန်ရစ်သည့် ကလေးငယ်များ၏ မိဘများအားလည်း ထပ်တူထပ်မျှ ကိုယ်ချင်းစာမိကြောင်း ပြောဆိုခဲ့သည်ဟု ဆိုသည်။

ဤသတင်းကို အင်တာနက်တွင် ဓာတ်ပုံသာမက အထောက်အထားများနှင့် ဖော်ပြသကဲ့သို့ စီအင်အင် ရုပ်သံလွှင့်အစီအစဉ်နှင့် အခြားရုပ်သံလွှင့်အစီအစဉ်များကလည်း ဖော်ပြခဲ့သည်။ နိုင်ငံတကာမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များ၊ ရုပ်သံလွှင့်အစီအစဉ်များကလည်း အကျယ်တဝင့် ထုတ်လွှင့်ပြသခဲ့သဖြင့် နိုင်ငံတကာမှ စိတ်ဝင်စားသော သတင်းဖြစ်ခဲ့ရသည်။

မှုခင်းသုတေသီတို့၏ အဆိုအရ ရာဇဝတ်မှုတစ်မှု ဖြစ်ပွားရာတွင် ရည်ရွယ်ချက်တစ်ခု ရှိရမည်ဟုဆိုသည်။ ဖြစ်ပွားသော ရာဇဝတ်မှုသည် ငွေလိုချင်သောကြောင့်လော၊ သို့မဟုတ် မူးယစ်ဆေးဝါး စသည်တို့ကြောင့်လော၊ သို့မဟုတ် ကလဲ့စားချေလိုသောကြောင့်လော၊ သို့မဟုတ် ရတနာလက်ဝတ်လက်စားလိုချင်သောကြောင့် ရာဇဝတ်မှုများကို ကျူးလွန်ကြသည်ဟု ဆိုကြ၏။ တစ်ခါတစ်ရံတွင်မူ ရာဇဝတ်မှုကျူးလွန်ရခြင်း၏ ရည်ရွယ်ချက်သည် မူလရည်ရွယ်မှုမှ သွေဖည်သွားမှုလည်း ရှိကြ၏။ ဥပမာအားဖြင့် ငွေလိုချင်သောကြောင့် ပြန်ပေးဆွဲခဲ့ရာတွင် အကြောင်းကြောင်းကြောင့် မတော်မတရားပြုကျင့်မှု၊ လူသတ်မှုများ ဖြစ်ပွားခဲ့ကြသည်ကိုလည်း တွေ့ကြရ၏။ ယခုကဲ့သို့ မှုခင်းကျူးလွန်ရခြင်းမရှိဘဲ အကြောင်းမဲ့ လူသတ်မှုကြီးမျိုး ဖြစ်ရသည်မှာမူ အံ့ဩယ်သရဲ ဖြစ်ကြရသည်။ အင်္ဂလန်နိုင်ငံနှင့် ဥရောပတိုက်နိုင်ငံအများတွင်လည်း အလားတူ အကြောင်းမဲ့ လူအများအား ဆက်တိုက် သတ်ဖြတ်မှုများ ဖြစ်ခဲ့သည်ကိုလည်း တွေ့ရှိကြရသည်။ ထိုအမှုကြီးများကို ကျူးလွန်သူအများမှာ ပတ်ဝန်းကျင်ကြောင့် စိတ်ဖိစီးမှုများ ဖြစ်ပေါ်ရာမှ ဤကဲ့သို့ ရာဇဝတ်မှုကြီးများ ကျူးလွန်ရသည်ဟု ရာဇဝတ်မှုခင်းများကို စောင့်ကြည့်လေ့လာသူများက ဆိုကြ၏။

အမေရိကန်ပြည်ထောင်စုတွင်မူ သေနတ်ကိုင်ခွင့် ဥပဒေကြောင့် ပြည်သူအများသည် သေနတ်ဝယ်ယူခွင့်ကို လွယ်လွယ်ကူကူ ရကြရာမှ ဤကဲ့သို့ ရာဇဝတ်မှုမျိုးကျူးလွန်ရန် အခွင့်အရေးရရှိကြခြင်း ဖြစ်သည်ဟု ယူဆကြသည်။ လက်နက်ဝယ်ယူကိုင်ဆောင်ခွင့် ဥပဒေကို ပြန်လည်စဉ်းစားကြသည်ဟု သတင်းများက ဖော်ပြခဲ့၏။ အထက်ဖော်ပြခဲ့သော အကြောင်းမဲ့ ကလေးငယ်များ၊ ပြည်သူအများအား သတ်ဖြတ်သော ရာဇဝတ်မှုကြီးများ ဖြစ်ပွားခဲ့သော နိုင်ငံကြီးများမှာ ယနေ့ခေတ်မီအတိုးတက်ဆုံးသော စူပါပါဝါဟု လူအများတင်စားခေါ်ကြသော နိုင်ငံကြီးများတွင်သာ ဖြစ်ပွားလေ့ရှိရာ အထူးစဉ်းစားစရာ ဖြစ်လာသည်။ သာဓကအားဖြင့် ဤကဲ့သို့ လူအများအား အကြောင်းမဲ့ ဆက်တိုက်သတ်ဖြတ်မှု အများဆုံးဖြစ်ပွားသော နိုင်ငံကြီးမှာ အမေရိကန်ပြည်ထောင်စု ဖြစ်သည်ဟု မှုခင်းသုတေသီအများက တညီတညွတ်တည်း ဆိုခဲ့ကြသည်။ မှန်ပါသည်။ ဤကဲ့သို့ လူအများကို စဉ်ဆက်မပြတ် တစ်ယောက်ပြီးတစ်ယောက် အကြောင်းမဲ့ သတ်မှုကြီး အများဆုံးဖြစ်ပွားသည့် နိုင်ငံမှာ ယနေ့ နိုင်ငံတကာက မော့ကြည့်နေရသော၊ စူပါပါဝါဟု ကင်ပွန်းတပ်ခံရသော အမေရိကန်ပြည်ထောင်စု ဖြစ်နေသည်ကို တွေ့ကြရသည်။ လွန်ခဲ့သော တစ်နှစ်ခန့်ကလည်း အမေရိကန်ပြည်ထောင်စုတွင် လာရောက်ပညာဆည်းပူးနေသော တောင်ကိုရီးယားနိုင်ငံသား ကျောင်းသားတစ်ဦးသည် သူပညာဆည်းပူးနေသည့် တက္ကသိုလ်ပရဝဏ်သို့ သေနတ်တစ်လက် ယူဆောင်လာကာ ကျောင်းတက်လာသည့် ကျောင်းသူ၊ ကျောင်းသားများ၊ ဆရာများနှင့် ယင်းတက္ကသိုလ်မှ အမှုထမ်းများကို တက္ကသိုလ်မျှော်စင်ထက်မှ ပစ်ခတ်သတ်ဖြတ်ခဲ့ရာ အပြစ်မဲ့သူများ ထိခိုက်ဒဏ်ရာရရှိကြပြီး အချို့မှာ နေရာတွင် သေဆုံးခဲ့ကြရသည်။

အလားတူ မှုခင်းများ မကြာခဏဖြစ်ပွားခဲ့သည်သာမက အချို့မူလတန်းကျောင်းသားများသည် မိဘများ ဝယ်ယူထားသည့် သေနတ်များကို ကျောင်းသို့ ယူဆောင်လာ၍ သူ့အား ပြောဆိုဆုံးမမိသည့် ဆရာမအား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ပြီး အတန်းထဲရှိ ကျောင်းသူကျောင်းသားအချို့ကိုလည်း သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သည့် သတင်းကို အမေရိကန်ပြည်ထောင်စုမှ ထုတ်ဝေသော သတင်းစာကြီးများက မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြခဲ့ပြီး ရုပ်သံလွှင့်အစီအစဉ်များကလည်း ထုတ်လွှင့်ပြသခဲ့သည်။ ဤကဲ့သို့ ရာဇဝတ်မှုများ ကျူးလွန်ကြခြင်းသည် အမေရိကန်ပြည်ထောင်စု သေနတ်ဝယ်ယူကိုင်ဆောင်ခွင့် ဥပဒေ၏ အားနည်းချက်လော၊ ဝယ်ယူနိုင်ရန် သေနတ်အမျိုးမျိုး လွတ်လွတ်လပ်လပ် ရောင်းချနေသည့် ဆိုင်များရှိမနေခြင်းကြောင့်လော၊ သို့မဟုတ် လူတန်းစား ကွာဟမှု ကြီးမားသဖြင့် လူအချို့မှာ စိတ်ဖိစီးမှုဝေဒနာ ရရှိလာရာမှ ဤကဲ့သို့ အမှုအခင်းများ ဖြစ်ပွားလာခဲ့ရသလော ဆိုသည်မှာ သုတေသီများ၊ ပညာရှိများအတွင်း အငြင်းပွားပြီး၊ အငြင်းပွားဆဲ ဖြစ်ခဲ့ရသည်။ ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော အမေရိကန်ပြည်ထောင်စု မူလတန်းကျောင်းတစ်ကျောင်း၌ ကျောင်းသားကလေးများအား သေနတ်ဖြင့်ပစ်သတ်ခဲ့သည့် မှုခင်းနှင့်ပတ်



www.burmeseclassic.com

www.burmeseclassic.com

သက်၍ အမေရိကန်ပြည်ထောင်စု သမ္မတကြီးအိုဘားမားကမူ အမေရိကန်ပြည်ထောင်စုအစိုးရအဖွဲ့၏ မူဝါဒရေးရာများနှင့် ပတ်သက်၍ ငြင်းခုံနေရမည့်အချိန်မဟုတ်ကြောင်း၊ ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်ဆိုးကြီးများကို ကာကွယ်တားဆီးနိုင်ရန် လက်နက်ဝယ်ယူကိုင်ဆောင်ခြင်းကို ထိန်းချုပ်မည့် ဥပဒေနှင့်ပတ်သက်ပြီး ဆွေးနွေးမည့်အချိန် ရောက်လာတော့မည်ဖြစ်ကြောင်း၊ လက်နက်ဝယ်ယူကိုင်ဆောင်ခွင့်ကို ထိန်းချုပ်မည့်ဥပဒေ သက်ဝင်လာရေးအတွက် အားသွန်ခွန်စိုက် လုပ်ဆောင်ရဦးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့၏။

သမိုင်းမှတ်တမ်းများအရ ၂၀ ရာစုအစကာလက အမေရိကန်ပြည်ထောင်စုတွင် တရားဥပဒေဆိုသည်မှာ ဦးချိုရှိသလားဟု မေးရလောက်အောင် တရားဥပဒေစိုးမိုးရေးမှာ လျော့တိလျော့ရဲ နိုင်လှပေသည်။ ထို့ကြောင့်လည်း အမေရိကန်ပြည်ထောင်စုရှိ မြို့ကြီးပြကြီးတိုင်း၌ မှောင်ခိုလုပ်ကိုင်ခြင်း၊ မူးယစ်ဆေးဝါးရောင်းချခြင်း၊ လာဘ်ပေးလာဘ်ယူခြင်းဖြင့် စီးပွားဖြစ်သူများ ဒုနဲ့ဒေး ရှိလာခဲ့သည်သာမက ရာဇဝတ်လုပ်ငန်းကို ဂိုဏ်းများ၊ အုပ်စုများဖွဲ့၍ လုပ်ကိုင်လာကြသူ လက်ဆစ်ချိုး၍ ရေတွက်မရအောင် များလာသည်။ ရာဇဝတ်မှု လှိုင်းကြီးများ တအိအိ မြင့်တက်လာခဲ့၏။

မြို့ကြီးပြကြီးများကလည်း လူနေထူထပ်သဖြင့် တာဝန်ရှိသူ ဥပဒေအာဏာသားများအဖြစ် တရားဥပဒေစိုးမိုးရေး လုပ်ငန်းကို ထိထိရောက်ရောက် မဆောင်ရွက်နိုင်ကြချေ။ ဘဏ်ဓားပြများ၊ ပြန်ပေးဆွဲသူများ၊ လူဆိုးဂိုဏ်းကြီးများသည် ပြောင်ပြောင်တင်းတင်း ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ကြသည်။ ထိုစဉ်ကာလက အမေရိကန်ပြည်ထောင်စုကြီးသည် ရာဇဝတ်မှုအထူပြောဆုံး နိုင်ငံဖြစ်သည်။ ဤကဲ့သို့ သောင်းကျန်းနေသော ရာဇဝတ်သားများကို ဖြိုဖျက်မည့် ရဲအဖွဲ့များအား အင်အားတိုးချဲ့ခဲ့ရသည်သာမက ကမ္ဘာကျော် အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့ကြီးအား စနစ်တကျ ပြုစုပျိုးထောင်၍ အထက်ဖော်ပြပါ သေနတ်ဝယ်ယူခွင့်၊ သေနတ်ကိုင်ဆောင်ခွင့် ဥပဒေကို ပြဋ္ဌာန်းခဲ့ကြရ၏။ သေနတ်လက်နက် အလွယ်တကူ ဝယ်ယူကိုင်ဆောင်နိုင်ခြင်းဖြင့် ပြည်သူပြည်သားအများက ရာဇဝတ်မှုကျူးလွန်လိုသူများကို အထိုက်အလျောက်ဟန့်တားနိုင်ရကား ထိုဥပဒေမှာ ယနေ့ထိ အသက်ဝင်ခဲ့ရ၏။ ဤဥပဒေကြောင့် သေနတ်လက်နက် အလွယ်တကူရသဖြင့် ဤကဲ့သို့ ရာဇဝတ်မှုခင်းကြီးများကို ကျူးလွန်ခဲ့ကြသလော၊ သို့မဟုတ် စိတ်စေတသိက်တို့၏ ဆန်းကြယ်မှုကြောင့် ဤပြစ်မှုမျိုး ကျူးလွန်ခဲ့ကြသလော၊ သို့မဟုတ် စီးပွားရေး၊ နိုင်ငံရေး၊ လူမျိုးရေး(အသားအရောင်ခွဲခြားမှု)ကြောင့် စိတ်ဖိစီးမှုဝေဒနာ စွဲကပ်ရာမှ ဤကဲ့သို့ ရာဇဝတ်မှုမျိုး ကျူးလွန်ကြသလော ကျွန်တော်တို့ စဉ်းစားစရာဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စု အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့မှ နာမည်ကျော်စုံထောက်ကြီး ရောဘတ်ရက်(စ်)လာကမူ ဤကဲ့သို့ ရာဇဝတ်မှုကျူးလွန်သူများကို အစဉ်မပြတ် ဆက်တိုက်လူသတ်မှုကျူးလွန်သူ Serial Killer ဟု ကင်ပွန်းတပ်ခဲ့၏။ မှုခင်းသမိုင်းတွင် ခရစ်နှစ် ၁၈၈၈ ခုနှစ်က၊ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့အရှေ့ပိုင်း ဝိုက်ချက်ပယ်ရပ်ကွက်၌ "Jack The Ripper" ကိုယ်ပျောက်လူသတ်သမား ဂျက်(ဖမ်းဆီးရမိခြင်းမရှိခဲ့) ဆိုသူသည် ပြည့်တန်ဆာ ငါးဦးအား ဆက်တိုက် သတ်ဖြတ်ခဲ့မှုရာ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော မှုခင်းကြီးမျိုးသည် ယခုမှပေါ်သည့် ရှေးကြုံမင်မှုခင်းများမဟုတ်ဟု ဆိုရမည်ဖြစ်သည်။ သာဓကအားဖြင့် သမိုင်းမှတ်တမ်းများအရ ဟန်ဂေရီနိုင်ငံမှ မြို့စားကတော် အယ်(လ်)ဇဘက်ဘာသော်ရီသည် သူ့အစေအပါး အမျိုးသမီးများကို တစ်ဦးပြီးတစ်ဦး သတ်ခဲ့ပြီး၊ ပြင်သစ်ပြည်မှ ရိုင်(လ်)ဒီးရပ်(စ်)ဆိုသူ စိတ္တဇလူသတ်သမားသည် ကလေးငယ် ၅၀ တို့အား သတ်ဖြတ်ခဲ့သည်ဟု သိရ၏။ မည်သို့ပင်ဖြစ်စေကာမူ ဤကဲ့သို့ ရာဇဝတ်မှုကျူးလွန်ခဲ့သောသူများသည် စိတ်ရောဂါဝေဒနာစွဲကပ်နေသူများလော၊ သို့မဟုတ် ထိုရာဇဝတ်မှုကျူးလွန်မှုသည် ဝေဒနာတစ်မျိုးလော စဉ်းစားစရာဖြစ်ပါကြောင်း။

လှမိုး(ဝညာရေး)

ကျမ်းကိုး

The FBI - nobody knows, BX-F Cook





www.burmeseclassic.com

www.burmeseclassic.com

## လွန်ခဲ့သော ၁၀ နှစ်ခန့်က ပြန်ပေးဆွဲသမား လက်ရဖမ်းဆီးမိခဲ့



လွန်ခဲ့သော အချိန် (၁၀)နှစ်ခန့်က (၂၀၀၂ ခုနှစ်ခန့်)က ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းဒေသနှင့် ဟိုကျွန်းပေါ်တွင် ပြန်ပေးဆွဲသမား လူဆိုးအုပ်စုတစ်စုက လူ(၆)ဦးနှင့် မျက်မြင်သက်သေတစ်ဦးတို့ကို ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင် ငွေညှစ်ခဲ့၏။ ၎င်းပြန်ပေးဆွဲခံရသော လူနှစ်ဦးက ပြန်လည်ခုခံသောကြောင့် အသက်ခံခဲ့ရ၏။ ပြန်ပေးဆွဲသမား (၁၇)ဦးအား ယခုအခါ ဖိလစ်ပိုင်ရဲတပ်ဖွဲ့က နှစ်ပေါင်းများစွာ ထောက်လှမ်းစုံစမ်းရှာဖွေခဲ့သောကြောင့် တရားခံအားလုံး အဖမ်းခံခဲ့ရသည် ဆိုသည်။

ဓာတ်ပုံ–၃. ၁၂. ၂၀၁၂ ရက်နေ့က ဖိလစ်ပိုင်တောင်ပိုင်းဒေသရှိ ရဲစခန်းတစ်ခုတွင် မျက်မြင်သက်သေတစ်ဦးက အဝတ်ခြုံထားပြီး ဖမ်းဆီးရမိခဲ့သော ပြန်ပေးဆွဲတရားခံများအနက် တရားခံ(၈)ဦးတို့ကို လက်ညှိုးထိုး ညွှန်ပြဖော်ထုတ်နေစဉ် တွေ့ရပုံဖြစ်သည်။

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

***Ref:- C.S.T (Singapore), 4.12.2012, Page(22)***

---

## သစ်တောတောအုပ်ထဲမှ ဖဲဝိုင်းဒိုင် ဖော်ထုတ်ဖမ်းဆီးအရေးယူ



မလေးရှားနိုင်ငံ ရှဲကျိုးပြည်နယ် သစ်တော တောအုပ်တစ်ခုထဲတွင် ဖဲ . . . အစရှိသည့် လောင်းကစားဝိုင်းဒိုင်ဖွင့်ကာ လောင်းကစားကာ အသက်မွေးဝမ်းကျောင်းနေကြသည်ကို သတင်းအရ (၁၄. ၁၀. ၂၀၁၂)ရက်နေ့က မလေးရှားရဲတပ်ဖွဲ့သည် ပိုက်စိပ်တိုက်အနံ့ ဝိုင်းရံဖမ်းဆီးရှာဖွေခဲ့ရာ ဖဲဒိုင်နှင့် လောင်းကစားသူ (၈)ဦးနှင့်အတူ လောင်းကစားလက်ငင်းငွေ ရင်းဂျစ်(ရင်းဂစ်) ၁၅၀၀၀ နှင့် လောင်းကစားကိရိယာပစ္စည်းများကို ဖမ်းဆီးသိမ်းဆည်းမိခဲ့၏။ ကျန်လောင်းကစားသမားများမှာ ချောင်းမြစ်ထဲသို့ ခုန်ချကာ ထွက်ပြေးလွတ်မြောက်ကုန်ကြသည် ဆိုသည်။

ဓာတ်ပုံ–လောင်းကစားဒိုင်ဖွင့်ရာ မလေးရှားရဲ့ကျိုးပြည်နယ်ရှိ သစ်တောတောအုပ်တစ်ခုကို (၁၄. ၁၀. ၂၀၁၂)ရက်နေ့က တွေ့ရစဉ်။

**ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

***Ref:- Sin Chew Daily (Malaysia), 15.10.2012, Page(10)***

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှအဆက်

ဥဿာဖယ်ား နားကပ် ဝတ်ဆင်ထားသည်မှလွဲ၍ အခြား လက်ဝတ်ရတနာ ဝတ်ဆင်ထားခြင်း မရှိ။

သူတို့ အခြေအနေနှင့် သည့်အိမ်ကလေး ဖြစ်လာအောင် အတော်ကြီး ကြိုးစားခဲ့ရသည့်အကြောင်း ဦးကြည်မောင်က ပြောပြသည်။

"မြင်တဲ့အတိုင်းပဲ ကိုလွင်ဦး၊ ညှိ သည့်ဆိုတော့ ကွပ်ပျစ်တို့ ခုတင်တို့ ထားလို့တော့ မဖြစ်ဘူး၊ ဒီအတိုင်းအိပ်လို့ ဖြစ်မယ်ဆိုရင်တော့ ကျုပ်တို့အတွက် ဘာမှ အနှောင့်အယှက် မဖြစ်ဘူး၊ နေလို့ ဖြစ်ပါတယ်"

သူက ဘုန်းကြီးကျောင်း ရောက်ကတည်းက ခုတင်နှင့် မအိပ်တော့သည့် အကြောင်း ပြောပြလိုက်ရသည်။

သူတို့ မိသားစုနှင့် သူ့ဘဝ အကြောင်းကိုလည်း အကျဉ်းချုံး ပြောပြလိုက်သည်။ ဒေါ်မြပွင့်က စားရေးသောက်ရေး အတွက် မေးလာသည်။




www.burmeseclassic.com

www.burmeseclassic.com

သူက ထမင်းဆိုင်မှာပဲ စားမည့်အကြောင်း ပြောပြသည်။

ဒေါ်မြပွင့်က သူတို့နှင့်နေစဉ်ကာလ သူတို့အိမ်မှာပဲ စားဖို့ ပြောသည်။

သူက သူ့အတွက် တာဝန်မပိုစေချင်ကြောင်း ပြော၍ ငြင်းပေမယ့် မရ။

နောက်ဆုံး နေတာရော ထမင်းစရိတ်အတွက်ပါ တစ်ရာ့အစိတ်သာ ပေးဖို့ ဒေါ်မြပွင့်က ပြောသည်။

"တစ်ခုတော့ ရှိတာပေါ့ ကိုလွင်ဦးရယ်၊ ဒေါ်ဒေါ်တို့က ကိုယ့်အခြေအနေ ကိုယ့်အတိုင်းအတာ စားရတာဆိုတော့ ဖွယ်ဖွယ်ရာရာကြီးတော့ မရှိနိုင်ဘူးပေါ့။ ဒေါ်ဒေါ်တို့နည်းတူ စားလို့ ဖြစ်မယ်ဆိုရင်တော့ စားပေါ့။ ကိုလွင်ဦးဆန္ဒအတိုင်းပါ"

သူက တစ်ရာ့ငါးဆယ် ယူဖို့ ပြောပေမယ့် မရ။

နေ့ကောင်းရက်သာ ရွေးပြီး ဦးကြည်မောင်တို့ အိမ်သို့ ပြောင်းဖို့ စီစဉ်ခဲ့ရသည်။

ဒီအကြောင်း ဆရာတော်ကို လျှောက်ထားသည့်အခါ သင့်မြတ်ကြောင်းပြောပြီး အိမ်ရှင်များ စိတ်အနှောင့်အယှက် ဖြစ်အောင် မနေထိုင်ဖို့နှင့် ကိုယ့်ဦးလေးရင်း၊ အဒေါ်အရင်းများလို့ သဘောထားပြီး ရိုရိုသေသေ ဆက်ဆံ၊ ကိုယ့်လက်အောက်ဝန်ထမ်းပဲ ဆိုတဲ့ သဘောမျိုး မထားနှင့်ဟု ဆုံးမစကား မိန့်ကြားခဲ့သည်။

လေးနှစ်ကျော်ကာလ ဘုန်းကြီးကျောင်းမှာ စား၊ ဘုန်းကြီးကျောင်းမှာ နေခဲ့ရသည့်အတွက် အနည်းနှင့်အများ ဆိုသလို သိမ်ငယ်ရသည်။ မျက်နှာငယ်ရသည်။

ကျောင်းကို အမြဲ ဝင်ထွက်သွားလာနေသူတွေက သူ ဘယ်သူဘယ်ဝါဆိုတာကို သိကြသည်။

အကြောင်းအမျိုးမျိုးကြောင့် တစ်ခါတစ်ရံမှ ရောက်လာသူများ၏ အထင်သေး၊ အမြင်သေး အကြည့်မျိုးကိုလည်း ခံရသည်။

ကျောင်းမှာ အနေကျယ်ဝန်းသော်လည်း စိတ်ကျဉ်းကြပ်သည်။ အပြောအဆို မခံရအောင် အစစ၊ အရာရာ ထိန်းသိမ်းနေထိုင်ကြရသည်။

ရပ်ကွက်လူနေမှု ဝန်းကျင်နှင့်လည်း ကင်းကွာခဲ့ရသည်။

ကျောင်းပိတ်၍ အိမ်ပြန်ပြီး နေထိုင်သည့် လပိုင်းလောက်မျှသာ ရပ်ကွက် လူနေမှုဝန်းကျင်နှင့် အဆက်အစပ်ရှိသည်။

ခု ဦးကြည်မောင်တို့အိမ်ကို ပြောင်းလာပြီးနောက် စိတ်ရောကိုယ်ပါ အတော်ကြီး လွတ်လပ်ပေါ့ပါးသွားသည်။ စိတ်က ကျဉ်းကျပ်ခြင်းမှလည်း လွတ်ကင်းသွားသည်။

သူတို့အိမ်တွင် နေထိုင်ရသည်မှာ မျှော်လင့်ထားသည်ထက်ပင် ပို၍ အဆင်ပြေနေသည်။

ဒေါ်မြပွင့်က ဝက်သား၊ ကြက်သား၊ ဘဲသား၊ ဆိတ်သား ဟင်းကောင်းများ နေ့စဉ် မချက်နိုင်စေကာမူ အကုန်ကျလည်း သက်သာ၊ စားလို့သောက်လို့ အစပ်ဟပ်တည့်အောင်လည်း ချက်ပြုတ်တတ်သည်။

မနက်ပိုင်းတွင် ထမင်းဘူး နှစ်ဘူး ထည့်ပေးသည်။ ညနေစာကို ဦးကြည်မောင်နှင့် သူ့ကို အရင်ခူးခပ်ကျွေးပြီးမှ သူတို့ သားအမိ စားကြသည်။ တစ်ခါတစ်ရံလည်း လေးယောက် ဝိုင်းစားကြသည်။

ကိုယ်နှင့် ကျွမ်းဝင်သော ရပ်ကွက်မဟုတ်သဖြင့် လည်စရာ၊ ပတ်စရာလည်း မရှိ။

ညဘက် အားလပ်နေသည့် အလျောက် မောင်အေးထွန်းလေးကို စာပြပေးသည်။

အဲဒီအတွက် ဦးကြည်မောင်နှင့် ဒေါ်မြပွင့်တို့က သူ့အပေါ် ပို၍ ခင်မင်ကျေးဇူးတင်ကြသည်။

ဘုရားစင်တွင် ချိတ်ဆွဲသည့် ပုတီးတစ်ကုံး တိုးလာသလို တက်ညီလက်ညီ ပုတီးစိပ်ကြသည်။

သုံးလေးလအတွင်း မိသားစုသဖွယ် ခင်မင်ရင်းနှီးခဲ့ကြသည်။

သူက နောက်ထပ် အိမ်ရှာဖို့ မပြောမိသလို သူတို့ကလည်း ထိုကိစ္စနှင့် ပတ်သက်၍ လေသံသော်မှ မဟကြတော့ပေ။

ဦးကြည်မောင်တို့ကို ပြောထားသည့်အတိုင်း တစ်ရာ့အစိတ်အပြင် မောင်အေးထွန်းလေးကို တစ်လမုန့်ဖိုး ငါးဆယ့်ငါးကျပ် ပေးသည်။ မိခင်ကြီးထံ ခုနစ်ဆယ့်ငါးကျပ် ပို့သည်။

သူ့အသုံးစရိတ်အတွက် ငွေရှစ်ဆယ်ကျော်သာ ကျန်ပေမယ့် လောက်ငသည်။

လက်ဖက်ရည်တစ်ခွက် တစ်ကျပ် အချိန်။

လောက်ငအောင်လည်း သုံးသည်။

လုပ်ငန်းခွင်သို့ ရောက်နေသည်မှာ တစ်နှစ်ကျော်ပြီ။

အကြံအဖန် လုပ်ကွက်များကို



www.burmeseclassic.com

www.burmeseclassic.com

လည်း အထပေါက်လာသည်။

ဘယ်သူတွေ ဘယ်လိုလုပ်သည့်ကိုလည်း သိသည်။

ဘယ်လို ခွင်ရိုက်ရမည့်ကိုလည်း နားလည်လာသည်။

သို့စေကာမူ သူကတော့ မလုပ်။ သူများတွေ လုပ်နေသည်ကိုလည်း အနှောင့်အယှက် မပေး။ သိပေမယ့် မသိကျိုးကျွံပြုနေလိုက်သည်။

ကြာတော့ လုပ်ဖော်ကိုင်ဖက်တွေက မျက်စောင်းထိုးလာသည်။ သူနှင့်လက်တွဲရသည့် အောက်ပိုင်း အဖွဲ့သားတွေက ငြိုငြင်လာသည်။ မကျေမလည်ဖြစ်လာသည်။

ဦးကြည်မောင်က သူ့ကို နားလည်သည်။ အများနှင့် တစ်ယောက် ဖြစ်လာရင် တစ်ယောက်သမားသာ ခံရမည့်အကြောင်း သတိပေးစကား ပြောလာသည်။

မလွှဲမရှောင်သာသောကြောင့် လုပ်ဖော်ကိုင်ဖက်များ ဝိုင်းဖွဲ့သည့် ဝိုင်းသို့ ဝင်ရသည့်အခါလည်း ရှိသည်။

အရက်မသောက်မိအောင် ရှောင်နိုင်ပေမယ့် အများ၏ မကျေနပ်မှုမှ ကင်းလွတ်စေရန် ဘီယာလေး တစ်ငုံ တစ်စုပ်လုပ်ရသည့်အခါများလည်း ရှိလာသည်။

သို့တစေ အကြံအဖန် လုပ်ကွက်ထဲကို မဝင်မိဖို့ကိုတော့ သတိထားပြီး ရှောင်နေနိုင်ခဲ့သည်။

ကြိုးစားရိုးသားသူအဖြစ် ကိုယ့်ကိုကိုယ် ထိန်းသိမ်းနေနိုင်ခဲ့သည်။

ဒါပေသည့် . . . . ။

♛ ♛ ♛

(သုံး)

သူ့မှာ ခုချိန်ထိ ချစ်သူဟူ၍ မရှိသေး။ ရှာလည်း မရှာသေး။

အိမ်ထောင်ပြုရမည်ကို စိတ်မဝင်စား။ တစ်သက်မှန် လူပျိုကြီး လုပ်တော့မည်ဟူသော စိတ်မျိုးထား၍ အပြောချိုသူလေးများနှင့် မရောမယှက်၊ ခပ်ကင်းကင်း နေသည်တော့ မဟုတ်။

လှတာမြင် ကြည့်ချင်သည့် မွေးရာပါဗီဇမှာ ယောကျ်ားလေးတိုင်းတွင် ရှိမြဲသလို သူ့မှာလည်း ရှိသည်ပါ။

တွေ့ပြီ ဆိုတော့လည်း . . .

ဦးကြည်မောင်က ရာထူးတက်ပြီး တခြားဌာနခွဲကို ပြောင်းသွားရသည်။ ဦးကြည်မောင် နေရာကို လူစားရောက်လာသူမှာ အမျိုးသားမဟုတ် အမျိုးသမီး။

ချယ်ရီ ခေါ် အေးနွဲ့ရီ။

သူမ၏ ရိုးယဉ်သော အလှမှာ အေးမြရိပ်ထင်သည်။

သွယ်လျသော မျက်နှာပေါ်တွင် တင်ရှိနေသည့် မျက်ခုံး၊ မျက်ဖန်၊ နှာတံ၊

**သူမ၏ ရိုးယဉ်သော အလှမှာ**

**အေးမြရိပ်ထင်သည်။**

**သွယ်လျသော မျက်နှာပေါ်တွင် တင်ရှိနေသည့်**

**မျက်ခုံး၊ မျက်ဖန်၊ နှာတံ၊ နှုတ်ခမ်း**

**စသည်တို့မှာ**

**ပြစ်မျိုးမှဲ့ မထင်အောင် ပြေပြစ်သည်။**

နှုတ်ခမ်း စသည်တို့မှာ ပြစ်မျိုးမှဲ့ မထင်အောင် ပြေပြစ်သည်။

အသားက ဖြူသည်။ ထူးကဲသော ဆံပင်မှာ ခါးလယ်သို့ ဖျံဝဲကျနေသည်။

ဖွတ်ဖြီးထုံးထားလျှင် လက်နှစ်လုံးသာသာလောက် ထူထဲသည်။

သွားတက်ကလေးနှင့် သူမ၏ အပြုံးမှာ ဆန့်ကျင်ဘက် ကိုရွှေငနဲ့သားတို့၏ မျက်ဝန်းကို ဖွင့်ပြီးစေလောက်အောင် မြူးဝင့်သည်။

ဒါပေသည့် ကိုယ့်အခြေအနေက အဲဒီဗီဇကို လမ်းကြောင်း မဖွင့်ဘဲ ထိန်းသိမ်းနေရခြင်း ဖြစ်၏။

ကိုယ်၏ တစ်ကိုယ်ရေး အသုံးစရိတ်ကိုပင် ခြိုးခြံ သုံးစွဲနေရသည့် အခြေအနေ။

တကယ်တော့ မျက်ဝန်းထဲတွင် ဖျောက်မရအောင် စွဲထင်ပြီး နှလုံးသားကို ရိုက်ခတ်သွားသည့် ချစ်ရမည့်သူကို မတွေ့သေးလို့သာပါ။



www.burmeseclassic.com

www.burmeseclassic.com

ကြွယ်ဝိုးလွန်းသည့် အလှဟု ဆိုသာစေကာမူ ဘက်စုံအလှ ထင်ပျံသည်ဟု သတ်မှတ်ပြောဆိုနိုင်ရ [illegible]။

သွက်လက် ဖျတ်လတ် [illegible]ည်။ ဆက်ဆံရေး ပွင့်လင်းသည်။ ရှက်သလိုလို၊ ရွံ့သလိုလို ဟန်ပန်မျိုး မရှိ။ ရဲတင်းလွန်းသည့်မျိုးလည်း မဟုတ်။

ချယ်ရီ သူတို့ရွာနက်ကို ရောက်လာသည့်အခါနှင့် စတင်တွေ့ဆုံရသည်။

သူမ တာဝန်ယူရမည့် လုပ်ငန်းပိုင်းဆိုင်ရာကို သူက လမ်းညွှန် တာဝန်ပေးရမည်။

စတွေ့လိုက်တည်းက သူ၏ရင်ထဲမှာ သိသိသာသာကြီး လှုပ်ရှားသွားသည်။ သည်အသက်အရွယ်အထိ သူ၏ ရင်ထဲမှာ တစ်ခါဖူးမျှ မခံစားရဖူးသော ခံစားမှုအသစ် ပွင့်ထွက်သွားသည်။

သူမနှင့် စကားပြောနေစဉ် သတိလက်လွတ်ဖြစ်သွားသည့် မရိုးဖြောင့်သော အကြည့်ကို သတိသမ္ပဇဉ်ဖြင့် အခါခါ ပြန်ထိန်းနေရသည်။

သူ၏စိတ်ကို လုံးဝ အနှောင့်အယှက် မဖြစ်စေသည့် ကြည်နူးမှုမှာ အိမ်သို့ ပြန်ရောက်ပြီး အိပ်ရာဝင်သည်အထိ ကပ်ငြိနေသည်။

ထိုနေ့က ပုတီးစိပ်ရသည့်မှာ ခါတိုင်းလို တည်ငြိမ်အေးသက်မှု မဖြစ်ဘဲ စိတ်ဘောင်ဘင်ခတ်နေသည်။

နောက်တစ်နေ့ အိမ်က ထွက်ကတည်းက စိတ်ဂနာမငြိမ်။

လုပ်ငန်းခွင် ရောက်တော့လည်း ခါတိုင်းလို မဟုတ်။

ငါ ဘာဖြစ်နေတာလဲဟု ကိုယ့်ကိုကိုယ် ပြန်မေးရလောက်အောင် တည်ငြိမ်မှုမှာ ဝေဝေဝါးဝါး ဖြစ်နေသည်။

သူနှင့် ချယ်ရီတို့ ထိုင်ရသည့် အနေအထားမှာ မျက်စောင်းထိုး အနေအထား။ စားပွဲနှစ်လုံးလောက်သာ အကွာအဝေး ရှိသည်။

မျက်လုံးစူး ရောက်စရာကလည်း အထူးတလည် ထောက်စရာ မလို။ ခေါင်းက မော့ပြီး သာသာလေး စောင်းလိုက်ရုံနှင့် အကြည့်စူး ရောက်နိုင်သည့် အနေအထား။

တစ်နာရီအတွင်းမှာ သုံးခါလောက် အကြည့်စူး ရောက်ခဲ့ပြီ။

ပတ်ဝန်းကျင်ကြောင့်သာပေ့။ နို့မဟုတ်ရင် မရေတွက်နိုင်ရာအောင် အကြည့်စူးရောက်မိမှာ သေချာသည်။

မွန်းမလွဲမီ ချယ်ရီစားပွဲသို့ နှစ်ခါ ရောက်ပြီးပြီ။

အကြောင်းမဲ့ သွားသည့်မျိုးတော့ မဟုတ်၊ သွားမေးစရာ ကြည့်စရာ မလိုသည့် အလုပ်ကိစ္စကို အကြောင်းပြု၍ ရောက်သွားခြင်းပါ။

ချယ်ရီ၏ ကိုယ်သင်းနံ့လေးမှာ သူ့နှာခေါင်းတွင် စွဲထင်သွားသည်။

လွင်ဦး မင်း အတော်လေး ဣန္ဒြေပျက်နေပါလားလို့ ကိုယ့်ကိုကိုယ် ပြန်ပြီး သတိပေးမိရသည်အထိ။

သူ့အဖြစ်က မနှစ်ကနှင့်မတူဟု ဆိုရမည်ထက် ဘယ်တုန်းကမှနှင့် မတူဟု ဆိုရမည်သို့။

တစ်လလောက် အတွင်းမှာ အတော်ရေး ရင်းရင်းနှီးနှီးရှိလာသည်။

ချယ်ရီက သူ့တာဝန်ပိုင်းကို အပြောအဆို မရှိရအောင် တာဝန်ကျေလွန်းရုံမက စာရင်းအင်းရေး မှတ်ရာတွင်လည်း အမှားအယွင်း၊ အဖျက်အပြင် မရှိအောင် သေသပ်သည်။

ချယ်ရီက ဖျတ်လတ်သွက်လက် ရဲတင်းပေမယ့် အနေအထိုင် မကလက်။

သူမအကြောင်း တစ်စွန်းတစ်စတော့ သိရသည်။

ရန်ကုန်မှာ နေသည်။

ဖခင်ကလည်း ရုံးအုပ်ကြီး၊ လက်ရှိတွင် မဟာ ပင်စင်ယူထားရသည်။

မိခင်က အလယ်တန်းပြ ဆရာမ၊ လက်ရှိ လုပ်ကိုင်နေဆဲ။

မောင်နှမ နှစ်ယောက် ရှိသည်။ အစ်ကိုဖြစ်သူက မြန်မာ့အသံမှာ အသံဖမ်း အင်ဂျင်နီယာ၊ လူပျိုကြီး။

ချယ်ရီက ဆယ်တန်းအောင်ပြီး တက္ကသိုလ် ပညာရေး မဆက်ဘဲ လုပ်ငန်းခွင်သို့ ဝင်ခဲ့သည်။

သဘောကောင်းပုံ ရသော်လည်း စိတ်ဆတ်မည့် ပုံဟန် ရှိသည်။

သူ့ကို ရန်ကုန်ဘက်ရောက်ရင် အိမ်လာလည်နိုင်ကြောင်း လမ်းဖွင့်ပေးထားသည်။

သွားချင်သည့်မှာ ခြေဖဝါးယားနေသည်။ ဒါပေသည့် သွားရမည်ကို နည်းနည်း ရှိန်နေသည်။ ခုပဲ ဖိတ်ခေါ်၊ ခုပဲ ရောက်သွားဆိုတာမျိုး မဖြစ်အောင် ဟန်ကိုယ့်ဖို့ လုပ်၍ ထိန်းနေရသည်။

လွင်ဦး သူမအပေါ် စိတ်ဝင်စားနေသည်ကို ချယ်ရီကလည်း ရိပ်မိပုံ ရသည်။

သည်လိုကိစ္စမျိုးမှာ ယောက်ျားတွေထက် မိန်းကလေးတွေက ပို၍ တတ်သိနားလည်စွမ်း ရှိကြသည်။

ယောက်ျားလေးများ၏ အကြည့်ကို မိန်းကလေးတွေက ပို၍ ခွဲခြမ်းနိုင်စွမ်း ရှိကြပါသည်။

သို့တစေ ချယ်ရီက လိုက်လျောဟန်ကိုတော့ မပြ။ မလိုလားသည်



www.burmeseclassic.com

www.burmeseclassic.com

သဘောကိုလည်း မဆောင်။

မိန်းမသားများ ထားရှိအပ်သည့် ဣန္ဒြေကို အစွန်းမထွက်အောင် ထိန်းထားသည်။

စကားစမြည် ပြောဆိုကြရင်းမှ ချယ်ရီက လွင်ဦး၏ မိသားစု အခြေအနေနှင့် မိသားစုအကြောင်းကို စကားပရိယာယ်သွယ်၍ မသိမသာ အမေးအမြန်းများဖြင့် ပါးပါးနပ်နပ် စကားလမ်းကြောင်း ထွင်ခဲ့သည်။

သမာဓိပိုင်။ သိက္ခာပိုးဆိုသည်က အချိန်ယူရသည်မျိုး။

ထောင့်ငါးရာခြံရှိသည့် ပုထုဇဉ်လူသား ရဟန္တာချာန်ပျံကို ခံနိုင်ရိုးလားဆိုသလို လွင်ဦးလည်း မခံသာ ဖြစ်လာသည်။

တခြား လုပ်ဖော်ကိုင်ဖက်တွေကို တိုင်ပင်ပြီး အကူအညီ ရယူဖို့ကလည်း မလွယ်။ ဦးကြည်မောင်ကို ဖွင့်ပြော တိုင်ပင် ကြည့်ရသည်။

ဦးကြည်မောင်က နည်းလမ်းနစ်သွယ် ပြောပြသည်။

ချယ်ရီလက်ခံမည့်ပုံ ပေါ်လျှင် လူကြီးချင်း နားဖောက်ကြည့်ဖို့ လမ်းတစ်သွယ်နှင့် သူတို့ဌာနက သူတပည့်မလေး ရီရီမြင့် အကူအညီယူပြီး နှစ်ဦးသဘောဏူ ကြည်ဖြူမှု ရယူဖို့ လမ်းတစ်သွယ် ဖြစ်၏။

"ရီရီမြင့်ကို ကျွန်တော် ပြောဖို့ မလွယ်ဘူး ဦးလေးကြည်၊ တော်ကြာ သူ့ဘက်က သဘောမပေါက်ဘဲ အထင်မှားသွားရင် ပေါ့စေလိုလို့ ဆေးမင်ကြောင်ထိုးကာမှ ဆေးအတွက် ပိုလေးဆိုတာမျိုး ဖြစ်သွားမှာလည်း စိုးရတယ် ဦးလေးကြည်"

"ကိုလွင်ဦးက တယ်ပြီး အတွေးချော်တာကိုး၊ ဒီကိစ္စမျိုးဆိုတာက ကိုယ်ကိုယ်တိုင်က မစွမ်းဆောင်နိုင်ရင် ကြားလူထားရစမြဲ အစဉ်အလာ ရှိတာပဲ၊ အောင်သွယ်ဆိုတဲ့ ဝေါဟာရ တစ်လုံးသီးခြားရှိနေတာကိုက ဒီလိုကိစ္စကို အကြောင်းပြုပြီး ရှိလာရတာ မဟုတ်လား။ ပစ္စည်းအရောင်းအဝယ် ကိစ္စမှာ ပွဲစား။ သည်လိုကိစ္စမျိုးမှာက အောင်သွယ်၊ ဒီတော့ ဒီလိုလုပ် ကိုလွင်ဦး။ ချယ်ရီနဲ့ ပိုပြီး ရင်းနှီးအောင် သူ့မိသားစုနဲ့ပါ ရင်းနှီးအောင် ချယ်ရီတို့အိမ်ကို အဝင်အထွက်လုပ်၊ ရီရီမြင့်ဘက်က ကိစ္စကို ကျုပ်က လုပ်မယ်၊ မိန်းမသားချင်းကိစ္စ၊ ဘယ်လိုဘားသွယ်ပြီး ဘယ်လို အထာဖလှယ်ရမလဲဆိုတာ ကျုပ်တို့က လမ်းကြောင်းပေးစရာ မလိုဘူး။ ဆယ်ကျော်သက်အရွယ် ရောက်လာသူတိုင်း ဒီကိစ္စမျိုးကို နောကျေကြပြီသားလေ"

သည်လိုမှ တစ်ပတ်သော တနင်္ဂနွေနေ့တွင် ချယ်ရီတို့ နေသည့် ရန်ကုန်တိုက်ခန်းဆီ ရောက်သွားသည်။

ဂွတ္တလစ်က မိတ်ဆွေတစ်ယောက်ဆီ လာရင်း အချိန်ရရင် ရသလို ချယ်ရီတို့ဆီ အလည်ဝင်ခဲ့မည်ဟု သောကြာနေ့ကတည်းက စကားလမ်းကြောင်းထားလိုက်သည်။

တနင်္ဂနွေနေ့ မနက် ကိုးနာရီလောက် ချယ်ရီတို့ တိုက်ခန်းသို့ ရောက်သွားသည်။

ချယ်ရီ အစ်ကိုကြီးမှလွဲ၍ မိသားစုစုံညီ တွေ့ရသည်။

ချယ်ရီမိဘတွေက လိုက်လိုက်လျောလျောပင် ဆက်ဆံကြသည်။

ဦးဘအောင်၊ ဒေါ်မေစီ။

ဦးဘအောင်က ဆီးချိုနှင့် နှလုံးရောဂါကြောင့် အသက် ငါးဆယ်ကျော်ရုံနှင့် ဆေးပင်စင် ယူထားလိုက်ရသည်။

နဂိုအနေပဲလား၊ ရောဂါကြောင့်ပဲလားတော့ မသိ။ မာန်မာနရှိသည့် အရိပ်အဆင် လုံးဝ မထင်။

ဒေါ်မေစီကတော့ မာနအရိပ်အသင့်အတင့် ရှိသည်။

အိမ်မှာ အိမ်မှုကိစ္စလုပ်သည့် ကုလားမလေးတစ်ယောက်လည်း ရှိသည်။

လက်ဖက်ရည်၊ မုန့်များဖြင့် ဧည့်ခံရင်း မိန်းမသားပီသသူ ဒေါ်မေစီက သူ့အကြောင်းကို စပ်စုအမေးစကား ပြောလာသည်။

တို့တိုးတော့ မဟုတ်၊ သွက်သွက်ဖိုက်ဖိုက်။

သူကလည်း အဖုံးအဖိ၊ အကွယ်အဝှက် မရှိ ဘုန်းကြီးကျောင်းတွင် နေပြီး တက္ကသိုလ်ဘွဲ့ ရယူခဲ့ရသည်အထိ ပွင့်ပွင့်လင်းလင်းပင် ပြောပြလိုက်သည်။

သူ့အပြောကို ဦးဘအောင်က သဘောကျပုံ ရပြီး ခေါင်းတညိတ်ညိတ်လုပ်နေသည်။ ဘာမှတော့ ဝင်မပြော။

ဒေါ်မေစီက သိပ်သဘောတွေ့ပုံ မရပေမယ့် ဟန်ဆောင် မျက်နှာပုံအကာဖြင့် နားထောင်ခဲ့သည်။

သူက မိဘများ၏ ကျောထောက်နောက်ခံ အင်အားကို မပြောနိုင်ပေမယ့် သူ မကြာခင် ရာထူးတက်မည့်အကြောင်းကိုတော့ ထည့်ပြောလိုက်သည်။

အကယ်၍များ သားသမီးအတွက် ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ ဆိုသလို စဉ်းစားခဲ့ရင်ဆိုသော မျှော်လင့်ချက်ဖြင့် ပြောလိုက်ခြင်းဖြစ်၏။

သူ့မှာ ပြစရာ အင်အားက ဒါပဲ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

သမီးကို အစ်ကိုတစ်ယောက်လို ကြည့်ရှု စောင့်ရှောက်ဖို့နှင့် သူတို့အိမ်ကို လည်း လမ်းကြုံမှမဟုတ်ဘဲ အချိန်မရွေး ဝင်ထွက်သွားလာနိုင်ကြောင်း ဖိတ်ခေါ် စကားလမ်းကြောင်း ပေးလိုက်သည်။

မဆိုစလောက် မျှော်လင့်ချက်လေးနှင့် ပြန်ခဲ့ရသည်။

အဆင့်အတန်း ပေတံနှင့်ထောက်လျှင် ညီမျှခြင်း သဘောလောက်တော့ ရှိသည်။

သူတို့အိမ်က ပြန်လာပြီးနောက် အခြေအနေကို ဦးလေးကြည်အား ပြောပြရသည်။

သူ ရာထူးတက်မည့်အချိန် သိပ်မဝေးတော့သလို သေလည်း သေရာသည်။

ဦးလေးကြည်က ဒီကြားထဲမှာ ရိရိမြင့်ကတစ်ဆင့် စကားသွင်းပေးမည်။ သူ့သဘောထားကိုလည်း တီးခေါက်ပေးမည်။

ကိုယ်တိုင်ဖွင့်ပြောဖို့ကတော့ ရာထူးတိုးပြီးမှ ဖွင့်ပြောသင့်ကြောင်း ပြောသည်။

ချယ်ရီတို့အိမ် အလည်သွားပြီး ငါးရက်မြောက်နေ့တွင် အိမ်မှ လူကြုံနှင့် ပေးလိုက်သည့် မမျှော်လင့်သော စာတစ်စောင် ရောက်လာသည်။

သုံးဆယ်ကျော်မှ ကံပေါ်သည့် အစ်မဖြစ်သူ၏ မင်္ဂလာကိစ္စ။

ပွဲရုံပိုင်ရှင် ဘကြီးဝမ်းကွဲ၏ စီမံပေးချက်အရ ပွဲစားတစ်ယောက်နှင့် အစ်မဖြစ်သူကို အိမ်ထောင်ချပေးမည့်အကြောင်းနှင့် ခွင့်တစ်ပတ်လောက် ယူပြီး ပြန်လာဖို့ အမေ့ထံမှ ရေးလိုက်သည့်စာ။

ဒီရက်ပိုင်းက ခွင့်ယူလို့ မကောင်း။

ရာထူးတိုးမြှင့်ရေး အမိန့်ထွက်လာလျှင် လူကြီးများက ခေါ်တွေ့ကောင်း တွေ့နိုင်သည်။

ခေါ်သည့်အခါ မရှိဘဲ ခွင့်သွားနေကြောင်း သိသွားလျှင် မကောင်း။

ထို့ကြောင့် ခွင့်ယူဖို့ အခက်အခဲ ရှိသည်။

အစ်မကိစ္စကလည်း မသွားလျှင် မကောင်း။

သူတို့က ဒီကအခြေအနေကို သိသည်မဟုတ်။ တစ်မျိုးတစ်မည် အတွေးဖြင့် အထင်မှားပြီး နားလည်မှု လွဲမှားစရာ ဖြစ်နိုင်သည်။

သူ့အထက်အရာရှိကို အကျိုးအကြောင်း ပြောပြ၍ သောကြာနေ့တစ်ရက်နားလည်မှု ခွင့်ယူပြီး ကြာသပတေးနေ့ည ကြုံရာကားနှင့် လိုက်သွားလျှင် တနင်္ဂနွေနေ့အထိ သုံးရက် အချိန်ရမည်။

အိမ်ရောက်မှ တစ်ရက်၊ နှစ်ရက်ထက် ပိုမနေနိုင်မည့်အကြောင်း ရှင်းပြရမည်။

ရောက်သွားတော့မှ အစ်မဖြစ်သူ၏ အိမ်ထောင်ရေးကိစ္စကို အပြည့်အစုံ သိရသည်။

အစ်မနှင့် အိမ်ထောင်ပြုမည့် ယောက်ဖတော်ကြီးမှာ အစ်မထက် ငါးနှစ်ကြီးသည်။

အသောက်အစား။ အရှုပ်အပွေ ကင်းသည်။

ရိုးသားသည်။

စီးပွားရေးလုပ်ငန်း ကောင်းသည်။

ဝင်ငွေ အခြေအနေကောင်းသည်။

မင်္ဂလာကိစ္စပြီးလျှင် သူတို့၏အိမ်ကလေးကို လက်ရှိအနေအထားထက် တိုးချဲ့ပြီး ပြုပြင်မွမ်းမံဆောက်မည့် အစီအစဉ် ရှိသည်။

သည်အိမ်မှာပဲ အတူနေမည်။

သူ့မိခင်ကြီးထံ လစဉ် ပို့ပေးနေသည့် ငွေကို မပို့ရန်နှင့် မိခင်ကြီးအတွက် ပါ တာဝန်ယူမည့်အကြောင်း ပြောလာသည်။

နောက်ပိုင်းကိစ္စက နောင်ခါလာ နောင်ရေးလို့ သဘောထားရမည်ပါ။ ကြို တင်၍ တွက်ဆခန့်မှန်းလို့ မဖြစ်။

လောလောဆယ်ကိစ္စမှာ အမေနှင့် အစ်မအတွက် ပြေလည်မည့် အနေ အထား ရှိနေသောကြောင့် နားစွင့်မှုပင် နေရမည့် မိခင်ကြီးအတွက် အပူတစ်ခု လျော့သွားမည်။

မင်္ဂလာဆောင်ဆိုပေမယ့် တစ်ခမ်း တစ်နားကြီး လုပ်မည့် မင်္ဂလာဆောင် တော့ မဟုတ်။ ရပ်သိရွာသိရုံ၊ အကျွေး အမွေးနှင့် ညှိခံပြီး လုပ်မည့် ရိုးရိုး မင်္ဂလာဆောင်။

ယောက်ဖတော်ကြီးက ပွဲစားပီပီ အပြောအဆို သိမ်မွေ့ပြေပြစ်သည်။ သူ့ ကိုလည်း ဝယ်ရွယ်သူပဲဟု အပေါ်စီး အပြောမျိုး မပြော။

သူက မိခင်ကြီးနှင့် အစ်မဖြစ်သူကို ယောက်ဖတော်ကြီး စောင့်ရှောက်ဖို့ အပ် နှံ၍ အဆင်မပြေသည့် အကြောင်း တစ် စုံတစ်ရာ ပေါ်ခဲ့ရင် အမြန်ဆုံး အကြောင်း ကြားဖို့ အမှာစကား ပြောခဲ့ရသည်။

သူ၏ ရန်ကုန်အပြန် ခရီးမှာ စိတ် အနှောင့်အယှက် ရောတွေးစရာ မပါ ဘဲ သက်တောင့်သက်သာ ရှိခဲ့သည်။

အပြန်လက်ဆောင် ပစ္စည်းများ ပို့ ရင်း ချယ်ရီတို့အိမ်သို့ ရောက်ခဲ့သည်။

အဝိကအကြောင်းမှာ လက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းပေးဖို့ထက် သူနှင့် ချယ်ရီတို့ ကိစ္စ ပြောရေးဆိုခွင့် ကြုံလာလျှင် မိခင်နှင့် အစ်မအတွက် သူမှာ တာဝန်ရှိနေသည်ကို ထည့်သွင်း မစဉ်းစားကြရန် အသိပေး ပြောဆိုထားရန် ဖြစ်၏။

ထိုသို့မျိုး ရှိလာခဲ့သော် ဆွေရေးမျိုးရေးကိစ္စတွေ ထည့်သွင်းစဉ်းစားလေ့ ရှိတတ်သောကြောင့် ဖြစ်၏။

သူ ပြန်လာပြီး ငါးရက်အတွင်းမှာ ရာထူးတိုးမိန့် ထွက်လာသည်။

ဝေးဝေးလံလံ မပြောင်းရသော်လည်း အခန်းပြောင်းသွားရသည်။

တစ်နေ့ကုန်တစ်နေခန်း ကြည့်ပိုင်ခွင့်ကို လက်လွှတ်လိုက်ရသည်။

သို့တစေ တစ်နေ့တစ်ခေါက် လောက်တော့ အကြောင်းရှာ၍ ရောက်မြဲ ရှိသည်။

ဦးလေးကြည်မှ တစ်ဆင့် ရီရီမြင့်ထံမှ သတင်းစကား ကြားရသည်။

ခေါင်းမခါပေမယ့် ခေါင်းညိတ်အဆင့်တော့ မရောက်သေး။

ဆယ်ကျော်သက် မိန်းကလေး မဟုတ်တော့သမို့ အထာကိုင်သည့် သဘောရှိသည်။

ဈေးမကိုင်ပေမယ့် ဈေးဆွဲထားသည့် သဘော။

ဒါလောက်ဆိုရင်ပဲ သူ့ဘက်က ကျေနပ်စရာ ဖြစ်ရသည်။

အချိန် စောင့်ရမည်ကိုတော့ သူသည်း သဘောပေါက်သည်။

ချယ်ရီဆီ မကြာခဏ ရောက်သလို ရင်းရင်းနှီးနှီး အပြောအဆိုများဖြင့် ဆက်ဆံသည့်အဆင့် တက်လာသည်။

မုံးဆင်းအပြန် ကားကိုတ်လိုက်ဖို့ ရင်း ဆောင်းပါးရိုပ်ခြည် အပြောလေးများ ပြောဆိုသည်မှာ အအေးဆိုင် ဝင်ပြီး အတူတူ အအေးသောက်ကြရင်း တွေ့ရာလေးပါး ပြောဆိုကြသည်မျိုး အဆင့်ကနေ လိုရင်းကို ဖွင့်ပြောသည့် အဆင့်သို့ ရောက်ခဲ့သည်။

ချယ်ရီ၏အဖြေမှာ ငြင်းစရာ မရှိပါ။ ခုရှုပ်မှ နောင်ရှင်း ပြောစရာဆိုစရာတွေ ဖွင့်ဖွင့်လင်းလင်း ဆွေးနွေးကြတာပေါ့ဟု ဆိုလာသည်။

မျှဉ်းပြိုင်အကွာအဝေး နီးလာသည်။

မင်္ဂလာပွဲကို ခမ်းခမ်းနားနားကြီး မဟုတ်စေကာမူ အလယ်အလတ်တန်း အဆင့်လုပ်ဖို့ ငွေရေးကြေးရေး အဆင်သင့် ဖြစ်ပြီလား။

သူမ၏အစ်ကိုဖြစ်သူမှာ အိမ်အတွက် အသင့်အတင့် အထောက်အပံ့ ပေးနိုင်သည်ကလွဲ၍ အားကိုးအားထား အမှီပြုနိုင်သူ မဟုတ်သောကြောင့် လူမမာ ဖခင်ကြီးအတွက် သျှောင်နောက် ဆံထုံးမပါနိုင်။ ဆံထုံးနောက် သျှောင်ပါရမည်ကို လက်ခံနိုင် မခံနိုင်။

သူ့ဘက်ကိုယ့်ဘက် ငွေကြေး ထောက်ပံ့မှု ကိစ္စ။

သူတို့နှစ်ယောက် စားရေးသောက်ရေးကိစ္စ။

ဘာညာ၊ ဘာညာတွေ ပြောလာသည်။

မင်္ဂလာကိစ္စ တစ်ခုက လွဲ၍ အားလုံးညှိလို့ ရနိုင်သည်။

သူ့ဘက်က မလိုက်လျောနိုင်စရာ မပါ။

မင်္ဂလာကိစ္စမှ ထိုခေတ်က အလယ်အလတ်တန်းစေအ်မှ အနည်းဆုံး ငါးထောင်မကုန်ဘဲ မဖြစ်နိုင်။

သူ့မှာက ငါးထောင်မပြောနှင့် ငါးရာသော်မှ အပိုအလျှံ မရှိ။

ရုံးတက်လက်မှတ်ထိုးပြီး ရပ်ကွက်လူကြီးများနှင့် ရုံးက လူတွေကို အိမ်မှာ ပင် ဧည့်ခံပွဲလေး လုပ်ဖို့ ညှိကြည့်လည်း မရ။

သည်အဆင့်လောက်တော့ လက်မခံနိုင်ပါဟု ဆိုလာသည်။

ချယ်ရီကတော့ လက်ခံနိုင်ပါတယ်၊ ဒါပေသည့် မေမေကဟု ဆိုလာသောကြောင့် သည်ကိစ္စအတွက် မလွယ်ကြောင်း နားလည်လိုက်ရသည်။

စတွေ့တည်းက ဒေါ်မေစီသဘောထားကို ရိပ်မိသိရှိပြီးသား။ တကယ်တော့ ဒေါ်မေစီသာမဟုတ်၊ သမီးပေးရမည့် မိဘရှင်တိုင်းက လွယ်လွယ်ပေါ့ပေါ့ ပေးလေ့ မရှိတတ်။

ဂုဏ်ဒြပ်ဆိုတာကလည်း အတော်ပြောရခက်သည့်ကိစ္စ။

ဦးဘအောင်က ရုံးအုပ်ကြီး၊ ဒေါ်မေစီက အလယ်တန်းပြ ဆရာမ၊ သမီးချယ်ရီက အထက်တန်းစာရေး၊ လွင်ဦးက ပြန်တမ်းဝင် အရာရှိကလေး။

လက်ဖက်ရည်ဖွဲလောက်နှင့် 'ဆိုတာမျိုးတော့ ဘယ်လက်ခံနိုင်လိမ့်မှာပဲ။

ကြီးကျယ်ရန်ကောဟု ပြောလျှင် ပြောသူအလွန်သာ ဖြစ်လိမ့်မည်။

တစ်ထောင်၊ နှစ်ထောင်လည်း မဟုတ်၊ ငါးထောင်လောက် ဆိုပေမယ့် အလိုမရှိ၊ အပိုသာ ရှိမည်မို့ တစ်ထောင်လောက် အပိုဆောင်းထားဖို့က ရှိသေးသည်။

လွင်ဦး ခေါင်းခဲသွားသည်၊ ဦးနှောက်ခြောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီကိစ္စအတွက် သူ့ဘက်က ထပ်ပြီး ညှိစရာ အကြောင်း မရှိ။

"ကိုဦးရယ်၊ ချယ်ရီတို့ တစ်အိုးတစ်အိမ် ထောင်ထူပြီး အိမ်တွေ ဘာတွေ ငှားနေရမယ်ဆိုရင် ဒီ့ထက်မကာ ငွေလိုလိမ့်မယ်လေ"

"ခု နေဖို့ အဆင်သင့်၊ အဖေတို့ အမေတို့ အခနအထိုင် သဘောထားလည်း ကိုဦး သိပြီးသားပဲ။ အတူမနေနိုင်စရာ အကြောင်းလည်း မရှိဘူး။ ဒီတော့ မင်္ဂလာဦးကိစ္စ မေမေ့ဆန္ဒကို ဖြည့်ဖို့ ကိုဦး ကြိုးစားရမှာပေါ့"

ချယ်ရီပြောတာ သေချာထွက်အောင် မှန်သည် ဆိုတာမျိုး။

လိုချင်တာကို ရယူလိုလျှင် တန်ရာတန်ကြေးတော့ ပေးရမည်သာ။

တန်ရာတန်ရာကြေးထက် လွန်လွန်ကဲကဲ တောင်းလာသည်ဆိုရင်တော့လည်း တစ်မျိုးပေါ့။

ဦးကြည်မောင်နှင့် တိုင်ပင်ရပြန်သည်။

ဦးကြည်မောင် ဒီကိစ္စအတွက် ချယ်ရီနှင့် ထပ်ပြီး မဆွေးနွေးဖို့ တားသည်။

ကိုယ့်ဘက်က ဖြစ်အောင် ဘယ်လို ဖန်တီးမလဲ ဆိုသည်ကို စဉ်းစားဖို့သာ ရှိကြောင်း ပြော၍ အိမ်ကို ပြန်ပြီး မိသားစုနှင့် တိုင်ပင်ရန် ပြောသည်။

ဦးကြည်မောင်ပေးသည့် အကြံကောင်းပါသည်။

ဒါပေသည့် သူ့မိသားစုနှင့် အခြေအနေကို သူသာ အသိဆုံးမို့ မိခင်ကြီးနှင့် အစ်မဖြစ်သူကို စိတ်ဒုက္ခပေးရုံသာ အဖတ်တင်မည်။

သူ၏ကိစ္စမှာမူ ပြေလည်စရာ အကြောင်း မရှိ။

ယောက်ဖတော်ကြီးကို ဒီကိစ္စ ပြောဖို့ကလည်း သူ့သိက္ခာနှင့် မိသားစု သိက္ခာ ပြဿနာ ရှိနေပြန်သည်။

ကိုယ်အလွန်နှစ်သက် မြတ်နိုးလွန်း၍ ရယူပိုင်ဆိုင်ခွင့်အတွက် ကျားကုတ်ကျားခဲ ကြိုးစားပြီး ရပါပြီဆိုတော့မှ ပြန်လည် လက်လွှတ်ရမည့် အဖြစ်မျိုးကိုလည်း အတွေးစဉ်ထဲသော်မှ မထည့်ရဲ။

ခုဟာက နလုံးသားရေးရာ ပြဿနာ။

သူ ဘာလုပ်ရမလဲ။

အများ မိုးခါးရေသောက်နေသည် ကိုပင် မသောက်မိအောင် ထိန်းသိမ်းခဲ့သည်ကို စွန့်လွှတ်ပြီး မိုးခါးရေ သောက်ရတော့မည်လား။

သူတို့ရှာနမှာ အဲဒီလမ်းကြောင်းကြီးက အမြဲတမ်း ပွင့်နေသည့်လမ်းကြောင်း။

လမ်းကြောင်းပေါ် ရောက်ဖို့ ခက်ခက်ခဲခဲ လုပ်စရာ မလို။

ခြေလှမ်းပြင်လိုက်သည်နှင့် လမ်းကြောင်းပေါ် တန်းခနဲ ရောက်သွားမည့် အခြေအနေ။

ခုရောက်ရှိနေသည့် နေရာက လမ်းကြောင်း ပိုကောင်းသည့်အလျောက် ပို၍ အလုပ်ဖြစ်မည့်နေရာ။

ရင်နှင့်အောင် ချစ်လွန်းရပါသော ချစ်ဦးသူ ချယ်ရီကို စွန့်မလား။ ခြောက်နှစ်ကျော်မျှ ထိန်းသိမ်းလာခဲ့သော ရိုးသားမှု၊ အကျင့်စာရိတ္တကို စွန့်မလား။

အချစ်နှင့်ပတ်သက်လာရင် အချစ်ကို စွန့်လွှတ်ရိုး ထုံးစံမရှိ။ အခြားသော အရာရာကိုသာ စွန့်လွှတ်လေ့ ရှိသည့် အစဉ်အလာလမ်းကြောင်း အတိုင်း လိုက်ရန် ဆုံးဖြတ်လိုက်သည်။

ထိုကိစ္စနှင့်ပတ်သက်၍ အတိုင်အပင် ပြုရမည့်သူမှာ ဦးကြည်မောင်။

"အေးလေ၊ ကိုလွင်ဦးအတွက် မလုပ်မဖြစ်တော့ဘူး ဆိုရင်လည်း လုပ်ပေါ့။ တစ်ခုတော့ ရှိတယ်နော်။ ကိုယ်က တစ်တက်စားရင် သူတို့က နှစ်တက်သုံးတက် စားသွားလိမ့်မယ်နော်၊ ဒါကိုတော့ ကိုလွင်ဦး သတိထားရလိမ့်မယ်"

"ကျွန်တော်လည်း ဒီကိစ္စအတွက် မလုပ်မဖြစ်လို့ လုပ်ရမှာ၊ နောက်ထပ်လည်း မလုပ်ပါဘူး။ ဦးလေးကြည်ကို ကျွန်တော် ကတိပေးပါတယ်"

"ဦးလေးလည်း စိတ်မကောင်းပါဘူး။ ဘာမှမတတ်နိုင်တော့လည်း မပြောသာဘူးပေါ့။ တစ်ခုတော့ ရှိတယ် ကိုလွင်ဦး၊ ဒီကိစ္စကို အကောင်အထည်မဖော်ခင် အိမ်ကို တစ်ခေါက်ပြန်ဖို့ လိုလိမ့်မယ်။ ကိုလွင်ဦး မိသားစုကို မင်္ဂလာကိစ္စ ကြိုတင် အသိပေးဖို့နဲ့ ဖြစ်နိုင်မယ့် အခြေအနေရှိရင် ပြေလည်အောင် လုပ်ခဲ့ဖို့ပဲ။ ဒါဆို ကိုလွင်ဦးအတွက် ပိုပြီး အဆင်ပြေမှာပါ"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း သွားဖို့ အစီအစဉ် ရှိပါတယ်"

ခွင့်ငါးရက်ယူပြီး အိမ်သို့ ပြန်ခဲ့သည်။

ချယ်ရီကိုလည်း အိမ်ပြန်မည့် အကြောင်းနှင့် သူတို့ကိစ္စ သုံးလေးလ အတွင်း အဆင်ပြေအောင် လုပ်မည့် အကြောင်း ကတိပေးလိုက်သည်။

ချယ်ရီထံမှ တုန့်ပြန်လာသည့် လှိုက်လှိုက်လှဲလှဲ အပြုံးမှာ သူ၏ရင်ကို အေးမြ ရွှင်လန်းသွားစေသည်။

ရှေ့လဆက်ရန်

ကျော်မြသန်း



www.burmeseclassic.com

www.burmeseclassic.com


မြန်မာနိုင်ငံရှိ တကောင်းအဘိရာဇာမင်းမှသည် သီပေါမင်းအထိ မင်းဆက်များ၊
ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ ဖ⋅ဆ⋅ပ⋅လခေတ်၊ အိမ်စောင့်အစိုးရခေတ်မှသည်
ယနေ့အစိုးရခေတ်အထိတိုင် မြန်မာ့သမိုင်းဖြစ်ရပ်မှန်များကို
ဓာတ်ပုံပေါင်းများစွာဖြင့် မှတ်တမ်းပြုစုထားသည့် စာအုပ်ဖြစ်သည်။

(စာမူခွင့်ပြုချက်အမှတ် - ၃၁၀၂၇၀၀၈၂)

# ခေတ်အဆက် သမိုင်းဝင်
# မြန်မာ့မှတ်တမ်းပုံရိပ်များ

## ဦးသန့်(လာဘ်မိုးစွေ) ပြုစုသည်။

မြန်မာ့သမိုင်းဖြစ်စဉ်များကို လေ့လာဖတ်ရှု မှတ်သားလိုသူများအတွက် ရေးသားထားခြင်း ဖြစ်သည်။ အုပ်ချုပ်ရေး စနစ်သစ်များ အုပ်ချုပ်သူ လူတန်းစားတို့၏ အမည်များနှင့် ဖြစ်စဉ်အကြောင်းအရာများကိုလည်းကောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာများကိုလည်းကောင်း၊ တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်များကိုလည်းကောင်း၊ ခေတ်စနစ်တို့အား တစ်ခေတ်ပြီးတစ်ခေတ် ပြုစုထားရှိသည်။

မြန်မာနိုင်ငံ သမိုင်းကို ဓာတ်ပုံများစွာဖြင့် စုစည်းဖော်ပြထားသည့် ဗဟုသုတစာအုပ်ကြီး ဖြစ်ပြီး စာကြည့်တိုက်များအတွက်လည်းကောင်း၊ သမိုင်းသုတေသီများအတွက်လည်းကောင်း မဖြစ်မနေ ဝယ်ယူထားသင့်သည့် စာအုပ်လည်း ဖြစ်သည်။

**ထွက်ပြီ**

(တန်ဖိုး - ၁၀၀၀၀ ကျပ်)

**ဖြန့်ချိရေး**

လာဘ်မိုးစွေစာပေ

အမှတ်(၂၁၂)၊ ပ-ထပ်၊ ၃၆-လမ်း(အထက်)၊ ၀၉-၄၂၁၀၀၅၉၂၅၊ ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၅၀၉၂၄၇၇။

မန္တလေးမြို့ - ထွန်းဦး စာပေ၊ နဂါး စာပေ

ကျော်ကျော် စာပေ(မော်လမြိုင်)၊ သဇင် စာပေ(ပဲခူး)၊ စောဦး စာပေ(ရန်ကုန်)။


www.burmeseclassic.com

www.burmeseclassic.com

## အကြိမ်ကြိမ်လုပ်ကြံခံရသော်လည်း အသက်မဆုံးရှုံးခဲ့သည့်
## ဒုတိယမြောက်ပုပ်ရဟန်းမင်းကြီး

# ဂျွန်ပေါလ်

မောင်မောင်စန်းထွေး





www.burmeseclassic.com

www.burmeseclassic.com

၁၉၈၃ ခုနှစ်က ဗာတီကန်ရှိ စိန့်ပီတာရင်ပြင်တွင် စုရုံးရောက်ရှိနေကြသည့် ပရိသတ်ထုကြီးအား နှုတ်ခွန်းဆက်မိန့်ခွန်း မြွက်ကြားရန် ကြွရောက်လာသော ပုပ်ရဟန်းမင်းကြီး ဒုတိယမြောက် ဂျွန်ပေါလ်(Pope John Paul II) သေနတ်ဖြင့် အနီးကပ်လုပ်ကြံပစ်ခတ်ခံခဲ့ရ၏။ စိန့်ပီတာရင်ပြင်ရှိ မြောက်မြားလှသည့် ခရီးသွားဧည့်သည်များကြားမှ ဝင်လာသူ တူရကီနိုင်ငံသား မေမွတ်အလီအက်ကာ (Mehmot Ali Agca) ဆိုသူက ပုပ်ရဟန်းမင်းကြီးကို သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့သည်။ အလီပစ်လိုက်သော ကျည်ဆန်တစ်တောင့် ပုပ်ရဟန်းမင်းကြီး၏ ဝမ်းဗိုက်ကို ထိမှန်သဖြင့် လဲကျသွားခဲ့သည်။ သေနတ်ဒဏ်ရာကြောင့် ပုပ်ရဟန်းမင်းကြီး၏ ခန္ဓာကိုယ်အတွင်းမှ သွေးလေးပုံသုံးပုံခန့် ထွက်သွားခဲ့၏။ ဒုတိယအကြိမ်ပစ်လိုက်သော ကျည်ဆန်သည် ပုပ်ရဟန်းမင်းကြီး၏ လည်ပင်းကို ထိမှန်၍ လမ်းကြောင်းပြောင်းသွားကာ ဖာတီမာမယ်တော်ဆင်းတု (Fatima Statue) ကို ထိမှန်ပြီး ဆင်းတုတော်တွင် ဆောင်းထားသော သရဖူထဲသို့ နစ်မြုပ်ဝင်သွားခဲ့၏။ ပုပ်ရဟန်းမင်းကြီးသည် သေနတ်ဒဏ်ရာကြောင့် လဲကျရာမှ ပြန်လည်သတိရချိန်တွင် လုပ်ကြံသူကို ဆုတောင်းပေးပြီး ခွင့်လွှတ်ခဲ့သည်ဆို၏။ ကျည်ဆန်နစ်မြုပ်ဝင်သွားသည့် သရဖူကို ယခုအခါ ဖာတီမာမယ်တော်ပြတိုက်တွင် ပြသထားသည်။

ပုပ်ရဟန်းမင်းကြီးဂျွန်ပေါလ် II လုပ်ကြံခံရသည့်နေ့သည် လွန်ခဲ့သော နှစ် ၆၀ ကျော်က ဘုရား၏မယ်တော် မာရီယာသည် ကလေးသုံးယောက်အား ကိုယ်ထင်ပြခဲ့သည့်နေ့ အထိမ်းအမှတ်ပွဲ ကျင်းပနေသည့်နေ့ ဖြစ်သည်။ ပုပ်ရဟန်းမင်းကြီးကို Gemelli ဆေးရုံသို့ ခေါ်ဆောင်သွားပြီး ခွဲစိတ်ကုသမှု လုပ်ခဲ့သည်။ ဂျင်မယ်လီဆေးရုံတွင် ၅ နာရီကြာ ခွဲစိတ်ကုသမှုလုပ်ပြီးနောက်တွင် ပုပ်ရဟန်းမင်းကြီး အသက်အန္တရာယ်မှ လွတ်မြောက်ခဲ့သည်။ ပုပ်ရဟန်းမင်းကြီးခွဲစိတ်ကုသခန်းဝင်ချိန်တွင် သူ့ကိုယ်ပေါ်တွင်ဆွဲထားသော အညိုရောင် စကာပူလာ (Brown Scapular) ချွတ်ထားကြရန် မှာထားခဲ့၏။ နောက်ပိုင်းတွင် ပုပ်ရဟန်းမင်းကြီးက ဖာတီမာမယ်တော်သည် သူ့အသက်ကို ကယ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြခဲ့သည်။

ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်က သူ စိန့်ပီတာလွင်ပြင်တွင် လုပ်ကြံခံရသည့် အဖြစ်အပျက်ကို မေ့နိုင်မည်မဟုတ်ကြောင်း ပြောကြားရာတွင် "စိန့်ပီတာရင်ပြင်ပေါ်မှာ ကျွန်ုပ်လုပ်ကြံခံရတဲ့အဖြစ်အပျက်ကို မေ့နိုင်မှာမဟုတ်ဘူး။ ဒီလိုလုပ်ကြံခံရတဲ့နေ့ဟာ ခရစ်တော်ရဲ့ မယ်တော်မာရီယာက ကလေးသုံးယောက်ကို ကိုယ်ထင်ပြခဲ့တဲ့ လွန်ခဲ့တဲ့ နှစ် ၆၀ ကျော်က အထိမ်းအမှတ်ကျင်းပနေတဲ့ နေ့ဖြစ်တယ်။ အဲဒီနေ့က ကျွန်ုပ်အပေါ် ဖြစ်ပျက်သမျှအားလုံးဟာ မယ်တော်ရဲ့ တထူးတခြား ကာကွယ်ပေးမှုကို ကျွန်ုပ်ခံစားခဲ့ရတယ်။ ဒီအကာအကွယ်ပေးတဲ့ စောင့်ရှောက်မှုဟာ လူကိုသေစေနိုင်တဲ့ ကျည်ဆန်ထက် ပိုပြီးမာကျောမှု ကျွန်ုပ်ကို ဖြစ်စေတယ်"ဟု မယ်တော်ကို ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ထိုနေ့က ပုပ်ရဟန်းမင်းကြီးကို လုပ်ကြံသူ အလီအက်ကာကို အနီးအနားရှိ သီလရှင်တစ်ပါးနှင့် ပရိသတ်များက ဝိုင်းဝန်းဖမ်းဆီးနိုင်ခဲ့ကြသည်။ အလီအက်ကာသည် ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ် II ကို လုပ်ကြံသတ်ဖြတ်မှုဖြင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံခဲ့ရသည်။ ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ် II သည် ၁၉၈၃ ခုနှစ်၊ ခရစ္စမတ်နေ့မတိုင်မီ နှစ်ရက်အလိုတွင် အီတလီအကျဉ်းထောင်သို့သွားရောက်၍ အလီအက်ကာနှင့် မိနစ် ၂၀ ကြာ တွေ့ဆုံစကားပြောခဲ့သည်။ ထို့နောက် ပုပ်ရဟန်းမင်းကြီးက သူ အလီအက်ကာကို ခွင့်လွှတ်ကြောင်း ပြောကြားခဲ့သည်။ ပုပ်ရဟန်းမင်းကြီးနှင့် အလီအက်ကာတို့ တွေ့ဆုံရာတွင် ပြောကြားချက်များကို လျှို့ဝှက်ချက်အဖြစ် ထိန်းသိမ်းထားကြောင်း။ အလီအက်ကာကို ညီငယ်တစ်ယောက်လိုသဘောထားပြီး အစ်ကိုကြီးက ညီငယ်ကို ခွင့်လွှတ်သလို ခွင့်လွှတ်ခဲ့ကြောင်း။ အလီအက်ကာကလည်း ပုပ်ရဟန်းမင်းကြီးအပေါ် အပြည့်အဝယုံကြည်မှုရှိကြောင်း ပြောကြားသည်။ ၂၀၀၀ ပြည့်နှစ်တွင် အလီအက်ကာကို အီတလီသမ္မတက လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး အီတလီအကျဉ်းထောင်မှ လွှတ်ပေး၍ တူရကီနိုင်ငံသို့ ပြန်ပို့ပေးခဲ့သည်။ သို့ရာတွင် အလီအက်ကာ တူရကီနိုင်ငံသို့ ပြန်ရောက်ချိန်တွင် သူ့အခင်က သတင်းထောက်ကိုသတ်မှု၊ ဓားပြမှုနှင့် အကျဉ်းထောင်ဖောက်ထွင်းမှုတို့ဖြင့် ထောင်ဒဏ်နှစ်များများ ကျခံခဲ့ရသော်လည်း တူရကီအစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့် လျှော့ရက်တို့ကြောင့် အကျဉ်း ၁၀ နှစ် ကျခံပြီးနောက် ၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် ပြန်လွတ်လာခဲ့သည်။ အလီအက်ကာသည် အကျဉ်းထောင်ထဲ ၂၉ နှစ်ကြာ ကျခံခဲ့ပြီး အကျဉ်းထောင်မှ နောက်ဆုံးလွတ်လာချိန်တွင် အသက် ၅၂ နှစ် ရှိနေပြီဖြစ်သည်။ အလီအက်ကာ ထောင်မှလွတ်လာပြီးနောက် ပုပ်ရဟန်းမင်းကြီးဂျွန်ပေါလ် II မြှုပ်နှံရာ အုတ်ဂူသို့ သွား



www.burmeseclassic.com

www.burmeseclassic.com

ရောက်ဂါရဝပြုခဲ့သည်။

တစ်ဖန် ပုပ်ရဟန်းမင်းကြီးဂျွန်ပေါလ် II သည် ၁၉၈၂ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် ဒုတိယအကြိမ် လုပ်ကြံခံရပြန်သည်။ ယခုတစ်ကြိမ်တွင် လုပ်ကြံမှုသည် မအောင်မြင်ဘဲ လုပ်ကြံသူကို ဖမ်းဆီးရမိခဲ့ကြသည်။ လုပ်ကြံသူမှာ ကက်သလစ်ဘုန်းတော်ကြီး မာသာရ်ဂွန်မာရီယာဖာနန်ဒက် (Juan Maria Fernandez) ဖြစ်ပြီး၊ ပေါ်တူဂီနိုင်ငံ၊ ဖာတီမာမြို့သို့ ပုပ်ရဟန်းမင်းကြီး ဘုရားဖူးသွားရောက်ခဲ့စဉ်က ဖြစ်သည်။ လုပ်ကြံသူ ဘုန်းတော်ကြီးသည် ပုပ်ရဟန်းမင်းကြီးအနား ကပ်၍ ဓားမြှောင်နှင့်ထိုးရန် အားထုတ်ခဲ့သည်။ လုပ်ကြံသူ ဘုန်းတော်ကြီးကို လုံခြုံရေးအရာရှိများက ဟန့်တားဖမ်းဆီးနိုင်ခဲ့ကြသည်။ လုပ်ကြံသူက ဒုတိယ ဗာတီကန်အပြောင်းအလဲများကို ဆန့်ကျင်ကြောင်း၊ ပုပ်ရဟန်းမင်းကြီးဂျွန်ပေါလ် II သည် ဆိုဗီယက်ကွန်မြူနစ်တို့၏ အေးဂျင့်(Agent)ဖြစ်၍ ဗာတီကန်ကို ဖျက်ဆီးရန် အားထုတ်နေသူဖြစ်ကြောင်း စွပ်စွဲပြောဆိုခဲ့သည်။ လုပ်ကြံသူ ဘုန်းတော်ကြီးကို ထောင်ဒဏ် ၆ နှစ် ချမှတ်ခဲ့သော်လည်း ထောင်ဒဏ် ၃ နှစ်ကျခံပြီးနောက် ပေါ်တူဂီအကျဉ်းထောင်မှ ပြန်လွှတ်လာခဲ့သည်။

နောက်ဆုံးတစ်ကြိမ်မှာ ပုပ်ရဟန်းမင်းကြီးဂျွန်ပေါလ် II သည် ၁၉၉၅ ခုနှစ် ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့လူငယ်များနေ့ (World Youth Day) သို့ တက်ရောက်ချီးမြှင့်ခဲ့သည်။ အဲကေဒါ (Al Qaeda) များက ပုပ်ရဟန်းမင်းကြီးဂျွန်ပေါလ် II ကို အသေခံဗုံးခွဲလုပ်ကြံရန် စီစဉ်ခဲ့ကြသည်။ အသေခံဗုံးခွဲမည့်သူသည် ကက်သလစ်ဘုန်းတော်ကြီးဝတ်ရုံကို ဝတ်လျက် ပုပ်ရဟန်းမင်းကြီးအနီးချဉ်းကပ်လုပ်ကြံရန် စီစဉ်ခဲ့ကြသည်။ ဤလုပ်ကြံမှုအောင်မြင်ပါက ပုပ်ရဟန်းမင်းသေဆုံးခဲ့လျှင် လူများ ဝေဝါးတွေဝေဖြစ်နေချိန်ကို အခွင့်ကောင်းယူလျက် အာကာရှုံးရေးကို ဦးတည်သည့် ဆိုသည်။ သို့ရာတွင် ပုပ်ရဟန်းမင်းကြီး ဖိလစ်ပိုင်နိုင်ငံသို့ ရောက်မလာမီ သီတင်းတစ်ပတ်အလိုတွင် ဓာတုဗေဒကြောင့် မီးလောင်မှုဖြစ်ပွားရာမှ ၎င်းတို့လုပ်ရပ်ကို စုံစမ်းဖော်ထုတ်နိုင်ခဲ့သဖြင့် လုပ်ကြံမှု မအောင်မြင်ခဲ့ပေ။


ပုပ်ရဟန်းမင်းကြီးဂျွန်ပေါလ် II ကို သုံးကြိမ်တိုင်တိုင် လုပ်ကြံခဲ့ကြသော်လည်း အသက်ဆုံးရှုံးမှုမဖြစ်ဘဲ အန္တရာယ်များကို ကျော်လွှားနိုင်ခဲ့သည်။ ပုပ်ရဟန်းမင်းကြီးဂျွန်ပေါလ် II သည် ခရစ်တော်၏ မယ်တော် မာရိယာကို တထူးတခြား ယုံကြည်ကိုးစားသူ ဖြစ်သည်။ ထို့ကြောင့် သူ့အသက်အန္တရာယ်မှ လွတ်မြောက်ခဲ့သည်ဟု ဆိုသည်။

သို့ရာတွင် လူသားများသည် မလွန်ဆန်နိုင်သည့် သေခြင်းတရားအရ ပုပ်ရဟန်းမင်းကြီးဂျွန်ပေါလ် II သည် ၂၀၀၅ ခုနှစ်၊ ဧပြီလ ၂ ရက်၊ ည ၉း၃၇ နာရီအချိန်တွင် ခရစ်တော်၏ ခေါ်တော်မူခြင်းကို ခံခဲ့ရသည်။ ပုပ်ရဟန်းမင်းကြီးဂျွန်ပေါလ် II သည် ကက်သလစ်ဘာသာ၊ တစ်နည်း ကက်သလစ်အသင်းတော်၏ ၂၆၄ ဆက်မြောက် ပုပ်ရဟန်းမင်းကြီးတစ်ပါးဖြစ်ပြီး၊ ဗာတီကန်တွင် သက်တမ်းအရှည်ဆုံး စိုးစံသည့် ပုပ်ရဟန်းမင်းကြီးများတွင် တစ်ပါးအပါအဝင် ဖြစ်သည်။ ပုပ်ရဟန်းမင်းကြီးဂျွန်ပေါလ် II ပျံလွန်တော်မူချိန်တွင် သက်တော် ၈၄ နှစ်ရှိပြီး ဖြစ်သည်။ ပုပ်ရဟန်းမင်းကြီးဂျွန်ပေါလ် II မကွယ်လွန်မီ နောက်ဆုံးပြောကြားခဲ့သည့် စကားမှာ "ငါ့အဖအိမ်တော်သို့ ငါ့ကို သွားခွင့်ပြုပါတော့" ဟူ၍ ဖြစ်သည်။ ပုပ်ရဟန်းမင်းကြီး၏ ရှာပနအခမ်းအနားသို့ ကမ္ဘာ့အရပ်ရပ်မှ လူလေးသန်းခန့် ရောမမြို့သို့ လာရောက်ခဲ့ကြပြီး စိန့်ပီတာရင်ပြင်၌ကျင်းပသည့် ရှာပနအခမ်းအနားသို့ လူသုံးသိန်းသာ တက်ရောက်နိုင်ခဲ့၏။ ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ် II ကို ကမ္ဘာတစ်ဝန်းလုံးရှိ ကက်သလစ်ဘာသာဝင်များက အထူးကြည်ညိုလေးစားကြသဖြင့် ကြီးမြတ်သော ပုပ်ဂျွန်ပေါလ် (Pope John Paul the Great) ဟူသော ဘွဲ့နာမတော်မြတ် ပေးခဲ့ကြသည်။ ကက်သလစ်အသင်းတော်သမိုင်းတွင် (the Great) ဟူသော ဘွဲ့နာမတော်ပေးခဲ့ကြသည့် ပုပ်ရဟန်းမင်းကြီး လေးပါးရှိခဲ့ရာတွင် ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ် II အပါအဝင်၊ Pope Leo the Great, Pope Gregory the Great နှင့် Pope Nicholas I the Great တို့ ဖြစ်ကြောင်း သိရှိရပါသည်။

**မောင်မောင်စန်းထွေး**

__ကျမ်းကိုး__

ဘုန်းတော်ကြီး မာစီအန်သက်ကျော်ရေး 'ကက်သလစ်အသင်းတော်သမိုင်းမှ သိမှတ်စရာများ' စာအုပ်။





www.burmeseclassic.com

www.burmeseclassic.com

# ရှာမှရှားသော တက္ကစီမောင်းသမား



စင်ကာပူနိုင်ငံသား တက္ကစီမောင်းသမား။ သူ့အမည်မှာ ပီရာဖြစ်သည်။ သူ့အသက်မှာ ၇၀ နှစ်။ သူ၏ တက္ကစီကားမောင်းသက်မှာ ၃၁ နှစ် ရှိလေပြီ။

၂၀၁၂၊ နိုဝင်ဘာလ ၁၉ ရက်နေ့၌ နံနက် ၁၁ နာရီခွဲခန့်တွင် စီရာသည် စင်ကာပူ၏ အပန်းဖြေနေရာတစ်ခုဖြစ်သော မာရီနာပင်လယ်အော်ရှိ အပန်းဖြေနေရာရှိ တည်းခိုဆောင်၌ တည်းခိုသည့် စုံတွဲတစ်တွဲကို သူ၏ကားဖြင့် မြို့ထဲရှိ နေရာတစ်နေရာသို့ ပို့ပေးခဲ့ရ၏။

ထိုစုံတွဲကို ပို့ပေးပြီးနောက် စီရာသည် ကားကိုမောင်းလာပြီးနောက် ကျန်းမာရေးကိစ္စအတွက် အများသုံး သန့်စင်ခန်းတစ်ခုအနီးတွင် ကားကိုရပ်၊ ကားတံခါးများကို သော့ပိတ်ပြီး သန့်စင်ခန်းသို့ သွား၏။ သန့်စင်မှုပြုပြီးနောက် သူ့ကားရှိရာသို့ ပြန်လာစဉ် ကား၏နောက်ခန်း ညာဘက်ခြမ်း ကြမ်းပြင်ပေါ်၌ အမည်းရောင် ပလတ်စတစ်အိတ်တစ်အိတ်ကို တွေ့လိုက်ရ၏။ ထို့ကြောင့် သူသည် ကားတံခါးကိုဖွင့်၍ ထိုအိတ်ကိုဖွင့်လိုက်ရာ အထဲတွင် အဖြူရောင်စက္ကူများဖြင့် ထုတ်ထားသော စင်ကာပူဒေါ်လာ ၁၀၀၀ တန် ငွေစက္ကူများကို တွေ့လိုက်ရ၏။

တက္ကစီသမား စီရာ ထိတ်လန့်အံ့ဩခြင်းဖြစ်သွား၏။ ငွေစက္ကူများကို ရေတွက်ကြည့်ရာ စုစုပေါင်း စင်ကာပူဒေါ်လာ ၁.၁ သန်းဖိုးရှိသည်ကိုတွေ့ရ၏။

“ဒုက္ခပဲ၊ စောစောက ငါ့ကားကို ငှားစီးတဲ့ စုံတွဲရဲ့ ငွေတွေပဲ ဖြစ်ရမယ်။ သူတို့ကို ဘယ်မှာရှာရမလဲ။ မဖြစ်ဘူး။ ဒီငွေဟာ ငါ့ကိုဒုက္ခပေးတော့မယ်”ဟု စီရာသည် စိတ်ထဲက ပြောရင်း ကားတံခါးများကို လုံအောင်ပိတ်ပြီး သူ၏ကားကို ပစ္စည်းပျောက်ဆုံးခြင်းနှင့် စုံစမ်းခြင်းဌာနသို့ သွား၍ တာဝန်ရှိသူနှင့်တွေ့ပြီး အကျိုးအကြောင်းကို ပြောပြကာ ငွေများကို အပ်နှံလိုက်လေသည်။

“ဒီငွေတွေကို အပ်ပြီးတော့မှပဲ ကျွန်တော့်ရင်ထဲက အလုံးကြီး ကျသွားတော့တယ်”ဟု စီရာသည် နောင်သောအခါ၌ သူ့အပေါင်းအသင်းများကို ပြောပြသည်။

တက္ကစီမောင်းသမား စီရာသည် ငွေများကို အပ်နှံပြီး ထိုဌာနရှေ့၌ ကားနှင့် အတူရှိနေစဉ် ငွေပိုင်ရှင်စုံတွဲသည် ပစ္စည်းပျောက်ဆုံးခြင်းနှင့် စုံစမ်းခြင်းဌာနသို့ တက္ကစီတစ်စီးဖြင့် ရောက်လာကြသည်။ သူတို့သည် စီရာကိုတွေ့သောအခါ အံ့ဩသွားသလို၊ ဝမ်းသာသွားကြသည်။ သူတို့၏ငွေကို တက္ကစီမောင်းသမား စီရာက ရိုးသားစွာဖြင့် အပ်နှံထားသည်ကို သိရှိသွားကြသောကြောင့် ဖြစ်သည်။

ငွေပိုင်ရှင်စုံတွဲမှာ ထိုင်းနိုင်ငံသားများ ဖြစ်ကြ၏။ သူတို့သည် စီရာ၏ ရိုးသားမှုကို အသိအမှတ်ပြုသည့်အနေဖြင့် ငွေဖြင့်ကျေးဇူးဆပ်သွားကြ၏။ (ငွေမည်ရွေ့မည်မျှ ဆုချသွားသည်ကို နှစ်ဦးနှစ်ဖက်စလုံး လျှို့ဝှက်ထားကြသည်။)

ရှာမှရှားသော တက္ကစီမောင်းသမားစီရာသည် ရှေးယခင်များကလည်း သူ၏တက္ကစီကားပေါ်တွင် မေ့ကျန်ခဲ့သော ပစ္စည်းများကို ခြောက်ကြိမ်တိုင်တိုင် ပစ္စည်းပျောက်ဌာနသို့ အပ်နှံခဲ့သူတစ်ယောက် ဖြစ်၏။

စင်ကာပူ၏ ပစ္စည်းပျောက်ဌာနနှင့် စုံစမ်းရေးဌာနသို့ အခြားတက္ကစီမောင်းသမားအချို့သည်လည်း ကားပေါ်၌ မေ့ကျန်ပစ္စည်းများကို လာရောက်အပ်နှံလေ့ရှိ၏။ ပစ္စည်းရှင်အစစ်များကိုလည်း ပြန်လည်ပေးအပ်မှုပြု၏။

၂၀၀၉ တွင် စင်ကာပူတက္ကစီမောင်းသမားတစ်ယောက်သည် စင်ကာပူဒေါ်လာ ၃၇၇,၀၀၀ တန်ဖိုးရှိသော ရွှေချောင်း ၅ ကီလိုဂရမ်ကို လာရောက်အပ်နှံခဲ့၏။ ထိုဌာနကလည်း ရွှေချောင်းပိုင်ရှင်အစစ်အမှန်ကို ရွှေချောင်းများ ပြန်လည်ပေးအပ်ခဲ့၏။

ဦးဦးသိန်း

***Ref:- Strait Times, 20.11.20[illegible]***

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အခန်းဆက်ဝတ္ထုရှည်

# တန်းမြင့်ဂျင်

ပဒ္မလက်

(သခင်လုံမှအဆက်)

တနင်္လာနေ့ ကျောင်းဖွင့်ရက်တစ်ရက် ဖြစ်၏။ မမြလွင်သည် ကျောင်းမျက်နှာစာ အပေါ်ထပ်မှ ပေါက်ဆိန်အလာကို မျှော်နေလေ၏။ နံနက် ခုနစ်နာရီကျော် ကျောင်းတက်ချိန်ဖြစ်သော်လည်း ယနေ့ မမြလွင်သည် ကျောင်းသို့ စောစောလာခဲ့သည်မှာ . . . ပေါက်ဆိန်အား သတင်းထူးပြောရန် ဖြစ်ပါသည်။ နံနက်ခြောက်နာရီခွဲကျော်ကျော်တွင် ပေါက်ဆိန်နှင့် ဝင်းကြည်သည် ကျောင်းရှေ့မှ မြင်းလှည်း ခရစ်လမ်းဘက်သို့ သွားနေသည်ကို မမြလွင်တွေ့သဖြင့် လှမ်းခေါ် လိုက်လေ၏။ ပေါက်ဆိန်နှင့် ဝင်းကြည်သည် မမြလွင်ခေါ်သည်နှင့် ကျောင်းတွင်းသို့ ဝင်ခဲ့ကာ ရှေ့လှေကားမှ သုတ်သုတ်ကလေးတက်ခဲ့၏။

အပေါ်ထပ်သို့ ရောက်သည်နှင့် စောင့်နေသော မမြလွင်က သူလွယ်အိတ်ထဲမှ ဓာတ်ပုံတစ်ပုံ ထုတ်၍ ပြလေ၏။

"ဘာလဲ ဓမ္မနေ့လား"

ဝင်းကြည်က မေး၏။

"ဖွင့်ကြည့်ရင် သိမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ပေါက်ဆိန်က ဖိတ်စာကို ကြည့်လိုက်ရာ ချယ်ရီချူး၏ မင်္ဂလာဆောင်ဖိတ်စာ ဖြစ်နေလေ၏။

"အင်း . . အစ်မကြီးလဲ ကျုပ်တို့နဲ့ပေါင်းပြီး ဘာရုတ်ကျတတ်လာမှကို၊ ကြည့်စမ်း မယုံယုံအောင် ချယ်ရီချူးမင်္ဂလာဆောင်မယ်ဆိုတာ ဖိတ်စာတောင်ရိုက်ပြီး နောက်ရသလားဗျာ"

ပေါက်ဆိန်နှင့် ဝင်းကြည် ဖိတ်စာကို ကိုင်ကာ မမြလွင်အား ပြောလိုက်လေ၏။

"ဟဲ့ နောက်တာမဟုတ်ဘူး။ ဘယ်ကလာနောက်ရမှာတုန်း၊ တကယ်ပြောတာ။ ရက်စွဲကို သေသေချာချာကြည့်၊ ဖိတ်စာကို သေသေချာချာဖတ်၊ ဆရာမကိုလည်း ချယ်ရီချူးတို့ မိဘတွေ ကိုယ်တိုင်အိမ်မှာ သွားပြောပြီးပြီ။ကျောင်းလဲထွက်လိုက်ပြီဟ"

"ဗျာ . . တကယ်"

"အော် . . တကယ်ပါဆို၊ ကောင်လေးတွေဖက်က တော်တော်ချမ်းသာသတဲ့။ ဟောင်ကောင်မှာနေတဲ့ တရုတ်-မြန်မာကပြားလေးတဲ့။ အဲဒါ ချယ်ရီချူးကို တွေ့တော့ သူ့မိဘတွေကို ပြောပြီး တောင်းခိုင်းတာတဲ့။ မိဘချင်းကလဲ အရင်ကတည်းက သိနေကြတာဆိုပဲ။ လက်ထပ်ပြီးတာနဲ့ ဟောင်ကောင် လိုက်သွားတော့မှာ"

မမြလွင် တကယ်ပြောနေသည်ဖြစ်၍ ပေါက်ဆိန်နှင့် ဝင်းကြည်မနောက်ကြတော့။ အံ့ဩခြင်းများစွာဖြင့်သာ နှစ်ဦးသား ခေါင်းညိတ်နေကြရလေ၏။

ချယ်ရီချူး၏ မင်္ဂလာပွဲနေ့၊ နေရာက ဂရင်းဟော်တယ်။ ဂရင်းဟော်တယ်သည် ထိုအချိန်က ပန်းဆိုးတန်းအလယ်ဘလောက်တွင် ရှိ၏။ ရန်ကုန်မြို့၏ နာမည်ကြီးဟော်တယ်စာရင်းတွင် ပါဝင်သော ဟိုတယ်တစ်ခု။ မမြလွင်၊ ဝင်းဝင်းမော်၊ မကျော့ရင်၊ မခင်စန်း၊ ပေါက်ဆိန်၊ ဝင်းကြည်၊ ကျားကြီးကျော်ညွန့်၊ မြင့်သိန်းမြိုင်၊ မမြလွင်၊ မခင်စန်းတို့က မြို့ထဲတွင် နေကြသူများမို့ သုံးဦးချိန်ကိုက်ကာ ဟိုတယ်အောက်တွင် ဆုံကြပြီး၊ ဝင်းစင်းမော်တို့ အုပ်စုရောက်လာသည်နှင့် အပေါ်ထပ်သို့ တက်ခဲ့ကြလေသည်။

သူငယ်ချင်းရှစ်ဦးမင်္ဂလာမောင်နှံနှင့် အနီးဆုံးဆယ်ယောက် စားပွဲတွင်နေရာယူလိုက်ကြသည်။ ဟိုတယ်ခန်းမကြီးကား မကျယ်လွန်း၊ မကျဉ်းလွန်း၊ ဂီတသံများ ရီကော်ဒါမှ ငြိမ့်ငြိမ့်ညောင်းညောင်း လွင့်ပျံ့နေပါသည်။ ပရိသတ်များကား ဟိုစားပွဲဒီစားပွဲတဖြည်းဖြည်းလူပြည့်လာသည်။

"ဟော့ကောင်တွေ၊ တို့ကဆယ်ယောက်စားပွဲကို နေရာယူထားတာနော်။ နောက်နှစ်ယောက်တို့ ကျောင်းကကောင်တွေတွေ့ရင် ခေါ်လိုက်ကွာ။ တခြားလူဝင်လာရင် စားရသောက်ရတာအဆင်မပြေဘူး"

ပေါက်ဆိန်က ပြောပြီး ကျန်သူနှစ်နေရာအတွက် ကျောင်းမှ သူငယ်ချင်းများကို ရှာဖွေနေကြပါသည်။

"ဟော . . ဟိုမှာ ဆရာမတို့ စုံတွဲ"

မမြလွင်က ပြောရင်း ဆရာမတို့စုံတွဲကို သွား၍ ကြိုဆိုပြီး သူတို့စားပွဲပေါ်သို့ ခေါ်လာလေသည်။ ဆရာမနှင့် သူ၏ ခင်ပွန်းတို့ စားပွဲတွင် ဝင်ထိုင်လိုက်ပြီး ဆရာမက-

"ငါက ဒီမှာထိုင်လို့မဖြစ်ဘူးကွ၊ ချယ်ရီချူးရဲ့အမေက သတို့သားနဲ့ သတို့သမီးကို သပြေခက်နဲ့ ဂင်္ဂါမြစ်ရေဖြန်းပေးဖို့ အကူအညီတောင်းထားတော့ မောဟိုရှေ့နားက ငွေဖလားနဲ့ ခုံမှာထိုင်ရမှာ"

"ဗျာ . . ဂင်္ဂါမြစ်ရေ . .၊ ဒါနဲ့ ဆရာမ ဂင်္ဂါမြစ်ရေဆိုတာ အိန္ဒိယပြည် ဂင်္ဂါမြစ်ထဲကရေ အစစ်လား ဆရာမ"

ပေါက်ဆိန်က မေးရာ ဆရာမက -

"ဟဲ့ ပေါက်ဆိန်၊ ဒါတော့ ငါလဲ ဘယ်ပြောတတ်မလဲဟ၊ အိန္ဒိယပြည်ကလား၊ ဘင်္ဂလားဒေ့ရှ်ကလားဆိုတာ။ ဘယ်ကပဲ ဖြစ်ဖြစ်။ ဒီနေ့ မင်္ဂလာဆောင်ကြီးတွေမှာ ဒီလိုပဲ လူအထင်ကြီးအောင်လုပ်နေကြတာပဲကွ"

ပေါက်ဆိန်တို့အုပ်စု ပြုံးလိုက်ကြပြီး မြင့်သိန်းမြိုင်က-

"ဂင်္ဂါမြစ်ရေနဲ့ ဖြန်းမှာလား ဆရာမ၊ ဟောင်ကောင်ကရေ၊ တို့ကန်တော်ကြီးကရေတို့နဲ့ရော မဖြစ်ဘူးလား ဆရာမ"

သူတို့အုပ်စုတိုးတိုးကလေး ပြုံးလိုက်ကြပြီး ဆရာမ၏ အမျိုးသားက -

"ဒါပေါ့၊ ဒါပေါ့၊ ငါ့ညီပြောသလို ကန်တော်ကြီးကရေလဲဖြစ်ချင်ဖြစ်မှာပဲ။ အင်းလျားကန်ကရေလဲ ဖြစ်နိုင်တာပဲ။ ဘုံဘိုင်ထဲက ရေလဲဖြစ်နိုင်တာပဲ" အမှန်တော့ ဒါဟာ ဘိသိက်ဆရာတွေရဲ့ မင်္ဂလာပွဲမှာ အသားလွတ်ရိုက်ချက်ပဲကွ"

ကျောင်းသားအားလုံး ဆရာမအမျိုးသားအပြောကို သဘောကျစွာ ပြုံးလိုက်ကြလေသည်။ ဆရာမက -

"ကဲ . . တို့ ဟိုခုံသွားတော့မယ်။ တော်ကြာ . . . မင်္ဂလာစုံတွဲထွက်လာတော့မှာ"

ပြောရင်း ဆရာမတို့ စုံတွဲထ၍ သွားသဖြင့် ထိုင်ခုံနှစ်ခုံလွတ်သွားရာ ဝင်းကြည်က ထိုခုံလွတ်နှစ်ခုကို အလ[illegible]မှ ဝင်၍ခွဲထိုင်လိုက်[illegible]



www.burmeseclassic.com

www.burmeseclassic.com

"ခဏ ဒီလိုထိုင်ထားမယ်၊ တို့သိကဲ့လူတစ်ယောက်ယောက်လာမှ ဖယ်ပေးမယ်"

"မင်္ဂလာဆောင်လာတော့ လူပျက်တွေ မင်္ဂလာဆောင်ဖိတ်စာရေးတာ သွားသတိရတယ် . . ဟို"

ဝင်းဝင်းမော်က ဟိုဒီကြည့်ကာ ပြောရာမခင်စန်းက

"ဆိုပါဦး၊ ဘယ်လိုရေးတုန်း"

"ဘာတဲ့ . . ရန်ကုန်မြို့နေ စိန်ပွဲစားကြီးဦးဖြတ်တီးနဲ့ ဒေါ်ခုတ်ကြီးရဲ့ သား၊ မောင်လောဘနဲ့ စကြာဝဠာ မျက်လှည့် ကုမ္ပဏီ၊ အာဖန်တီးကုမ္ပဏီ၊ လိမ်ဆင်ကြီးကုမ္ပဏီများ၏ ဒါရိုက်တာ လူကြီးမင်းဦးဆင်ကြဲနဲ့ ဒေါ် . . . ဒေါ်လာမက်တို့ရဲ့ သမီး . . မရွှေခင်ခင် . . ."

"ဟား . . ဟား . . ဟား"

"ဟုတ်ပဗျာ . . ချယ်ရီချူးတို့ မင်္ဂလာဆောင်ဖိတ်စာတိုလည်း အဲဂလိုရေးရမှာဟ"

မမြလွင်က သဘောကျစွာ ပြောလိုက်၏။ ထိုစဉ် အတန်းထဲမှ မောင်ရွှေနှင့် အကြီးမောင်သိန်းဝင်းတို့ ခန်းမကြီးတွင်းသို့ ဝင်လာကြသဖြင့် ကျားကြီးကျော်ညွန့်က ဆယ် ယောက်ပြည့် စေရန် လွတ်နေသော ခုံနှစ်နေရာသို့ ထိုင်ခိုင်းလိုက်လေ၏။

"နေရာမပြည့်လို့ ခေါ်တာနော်၊ ခေါ်ချင်လို့လို့မဟုတ်ဘူး"

ပေါက်ဆိန်က ကလိလိုက်၏။ မောင်ရွှေက

"တို့ကလဲ ထိုင်ချင်လို့မဟုတ်ဘူးဟေ့၊ တခြားစုံသွားထိုင်ရင်မဝမှာစိုးလို့"

မကြူမီ သတို့သား၊ သတို့သမီးစုံတွဲခန်းမတွင်းသို့ ဝင်လာကြရာ လက်ခုပ်သံသဲ့သဲ့ထွက်လာ၏။ ခန်းမတွင်းသို့ တစ်လှမ်းချင်း ဝင်လာသော မင်္ဂလာစုံတွဲကား ကျက်သရေရှိလှ၏။ ဝင်းဝင်းမော်တို့အုပ်စုသည် ချယ်ရီချူး၏ အပြင်အဆင်ကို ကြည့်ပြီး ရယ်ရယ်လည်လည်သဘောကျနေကြ၏။ သတို့သား သတို့သမီးဝတ်စုံမှာ အနောက်တိုင်းဝတ်စုံဖြစ်၏။

"နင်တို့ မင်္ဂလာဆောင်ရင်ကော ဘယ်လိုဝတ်စုံဝတ်မလဲဟေ့"

ဝင်းဝင်းမော်က ပေါက်ဆိန်ကို မေးရာ ပေါက်ဆိန်က

"ရေကူးဝတ်စုံ"

အားလုံးဝိုင်းရယ်လိုက်သဖြင့် မမြလွင်က ခုံကို ပုတ်၍ သတိပေးရ၏။ သတို့သား သတို့သမီးနားရန်နေရာသို့ ရောက်သောအခါ ပန်းကုံး၊ လက်စွပ်နှင့် သပြေပန်းနှင့် ဂုဏ်ရေဖျန်းခြင်းများ ပြုလုပ်ကြရာပရိသတ်များက မင်္ဂလာလက်ခုပ်သံများနှင့် ဩဘာပေးကြလေ၏။ ဘိတ်သိက်ဆရာမှာလည်းခရား ရေလွှတ် တတွတ်တွတ် ပြောလေ၏။

"ကြာလိုက်တာကွာ၊ ငါတော့ ရှေ့ကမုန့်တွေ တီးပစ်လိုက်တော့မယ်"

"ဟေ့ကောင်၊ သုံးဆောင်ပါဆိုမှ စားရသကွ။ တောသားရ"

ဝင်းကြည်နှင့် ကျားကြီးကျော်ညွန့်အချီအချပြောနေကြ၏။

ဟောပြောပြီး၍ သုံးဆောင်ကြပါခင်ဗျားဟုလည်း ဆိုရော ပေါက်ဆိန်တို့ဝိုင်းသည် ဘုန်းကြီးကျောင်းသားလက်များသဖွယ် ဖျတ်ကနဲဖတ်တနဲ ရွကြလေ၏။

"ဟဲ့ - ဟဲ့၊ လူလိုစားကြနော်"

မကျော့ရင်က ခနဲ့၏။

"လူလိုပဲ စားတာပါပဲဗျာ၊ နင်တို့သာ ဝက်လိုတရှုးရှုးနဲ့ မဝါးကြနဲ့"

"သိပ်အာနေနဲ့ဟေ့၊ တို့တတွေသာ အလုအယက်ဝါးတာမဟုတ်ပါဘူး။ တခြားဝိုင်းတွေကိုလည်း လှမ်းကြည့်လိုက်ကြပါဦးဟ၊ အတူတူနဲ့ အနူနူပါပဲ"

ဝင်းဝင်းမော် ပြော၍ ပေါက်ဆိန်က ဘေးသို့ ဝေ့ဝိုက်ကြည့်လိုက်ရာ၊ ဝိုင်းတိုင်းအပီဟဲနေကြလေ၏။ တချို့ဝိုင်းတွေ တစ်လုပ်နှစ်လုပ်စားဟန်ပြကာ၊ ယူလာသော ပတ္တာအိတ်ထဲသို့ ထည့်လိုက် ကြသေး၏။

တချို့ဝိုင်းများကား . . အိုက်တင်ခံ၍ ဝါးနေကြလေ၏။ အချို့ဝိုင်းများကား တို့ရုံဆိတ်ရုံစားကာ ထပြန်ကြ၏။ ပေါက်ဆိန်တို့ဘေးမှ ဝိုင်းဆိုလျှင် သိပ်မစားကြ။ အိုက်တင်လောက်သာ စားပြီး ထပြန်သွားကြလေ၏။ ထိုစဉ် ဘယ်အချိန်က ဘယ်လိုစီစဉ်လာသည်မသိ၊ မောင်ရွှေသည် ပလတ်စတစ်အိတ်တစ်ခုကို သူ့အိတ်ထဲမှထုတ်၍ တစ်ဖက်စားပွဲမှ မုန့်များကို ထည့်တော့၏။

"ဟဲ့ကောင်၊ ကြည့်လုပ်နော်။ တော်ကြာ လူရယ်စရာဖြစ်နေဦးမယ်"

"ဘယ်ကလာ ရယ်ရမှာလဲ။ ဟိုဖက်ကိုလည်း ကြည့်လိုက်ပါဦး၊ ဒီလိုပဲ ယူနေကြတာ။ မယူဘူးနော်၊ ဟော်တယ်က လူတွေယူသွားမှာပေါ့ဗျ။ ယူသာယူ၊ ဘာပြဿနာမှမရှိဘူး။ မောင်ရွှေတို့က ဒါမျိုးရိုးနေပြီခင်ဗျ"

"တကယ်တော့ မင်္ဂလာဆောင်ဆိုတာ မုန့်လုပွဲကြီးကွ"

မောင်ရွှေပြောသည်မှာ ဟုတ်၏။ ဝိုင်းတိုင်းလိုလို ပိုသည့်မုန့်များကို အားမနာတမ်းသယ်ကြလေ၏။ နောက်ဆုံးဆိုရလျှင် . . ဟိုတယ်



www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာဆောင်ဆိုသည်မှာ မုန့်ကျွန်လုပွဲကြီးသာဖြစ်ကြောင်း မောင်ရွှေ၏စကားကား အလွန်မှန်ကန်လှပေတကား။

❋❋❋

BEACHLOR NIGHT လူပျိုညစာစည့်ခံပွဲ ဖြစ်၏။ လူပျိုနောက်ဆုံးည ဧည့်ခံပွဲကား မင်္ဂလာဆောင်သည့်နေ့ ညတွင် အရင်းနှီးဆုံး သူငယ်ချင်းများအား ဧည့်ခံ ကျွေးမွေးပွဲ၊ သောက်ပွဲဖြစ်၏။

ဧည့်ခံသည့်နေရာကား ဟောင်ကောင်ဘား ဖြစ်၏။ ထိုပွဲသည် အရင်းနှီးဆုံးသူများသာ ဖိတ်သဖြင့် လူနည်း၏။ ခေါင်းခေါက်၍ဖိတ်သောပွဲဖြစ်၏။

တစ်ဦးမျက်နှာတစ်ဦး မြင်ရစေရန်နှင့် မျက်နှာချင်းဆိုင် စားသောက်နိုင်ရန်အတွက် စားပွဲကြီးကို "U" ယူပုံသဏ္ဍာန် ပြုလုပ်ထား၏။ သီးသန့်ပွဲဖြစ်သည်မို့ လူဦးရေ (၂၀) (၂၅)ဦးခန့်သာ ရှိ၏။ အစားပင်မက အသောက်ပါ စိတ်ကြိုက်မှိုဝဲနိုင်လေသည်။

ပေါက်ဆိန်၊ ဝင်းကြည်၊ ကျားကြီးကျော်ညွန့်၊ မြင့်သိန်းမြိုင်တို့အဖွဲ့ကို ဧည့်ခံပွဲလာ တရုတ်ကလေးများက -

"အစ်ကိုတို့ မသောက်တတ်ရင် ဖြည်းဖြည်းစားနော်၊ ပလုပ်ပလောင်းမစားကြနဲ့။ တစ်မျိုးပြီးတစ်မျိုးလာမှာ။ ကျွန်တော်တို့က သောက်မယ့်သူတွေဆိုတော့ မူးရင် မစားနိုင်တော့ဘူးဗျ။ ဒါကြောင့် ပိုတာတွေ သုတ်ပေတော့"

ဟု ဝါရင့်တရုတ်ကလေးက ပညာပေး၏။ ထို့ကြောင့် ပေါက်ဆိန်တို့ အုပ်စုသည် တစ်ယောက်အခြေအနေတစ်ယောက်ကြည့်ကာ ချလာသော ဟင်းပွဲများကို တရုတ်ကလေးပြောသကဲ့သို့ နည်းနည်းစီသာ ဖြည်းဖြည်းဝါးကြ၏။ စားသောက်ပွဲကား ဘဲခြေထောက်၊ ဘဲအရေခွံကြော်၊ ပြည်ကြီးငါး၊ ဘဲကင်၊ ငါးပေါင်း၊ ဝက်သားလုံးကြော်၊ ကြက်ပေါင်း တစ်မျိုးပြီးတစ်မျိုး စုံလှ၏။

အစားစားသူများက ဖြည်းဖြည်းသုံးဆောင်ကြသကဲ့သို့ အသောက်သမားများကား မြန်မြန်မော့ကြသဖြင့် မကြာမီ မူးလာကြပြီး လဲသူလဲ၊ မှောက်သူမှောက်ကုန်သဖြင့် ပေါက်ဆိန်တို့ အုပ်စုသည် တရုတ်ကလေးပြောသကဲ့သို့ ဝိုင်းပေါ်၌ ဟင်းမျိုးစုံကိုစားချင်သလို စားတော့၏။ သတို့သမီးမှာလည်း မိမိတို့ ဘော်ဒါဖြစ်သဖြင့် ကြိုက်သလို သုံးဆောင်ရန် ခွင့်ပြုထား၏။

"ဟေ့-သူငယ်ချင်းတို့ ဘာမှ ကိုယ်တိုင်မလုပ်နေနဲ့။ ဝိတ်တာတွေကို ဟင်းတွေထုပ်ခိုင်းလိုက်၊ ပြန်မှ အေးအေးဆေးဆေး ယူသွား"

ချယ်ရီချူး၏ သတို့သားက မူးမူးနှင့် အားပေးစကားပြော၏။

သီချင်းဆိုသူဆို၊ လက်ခုပ်တီးသူတီး၊ ပျော်ရွှင်စရာ အတိဖြစ်တော့၏။ ချယ်ရီချူးက သူ့သူငယ်ချင်းမမြလွင်ကို သီချင်းအတင်း ဆိုခိုင်း၏။ မမြလွင်က ငြင်းသော်လည်း မရ။ ချယ်ရီချူး၏ အပျိုညဧည့်ခံပွဲဖြစ်သဖြင့် အပေါင်းအသင်းများက အတင်းဝိုင်းဆွဲကာ မိုက်ကရိုဖုန်းရှေ့သို့ အတင်းပို့သဖြင့် အသံကောင်းသော မမြလွင်က "အဆိုတော်ထား"၏ "မေတ္တာနုနုစေလိုသူ"သီချင်းကလေးတငြိမ့်ငြိမ့် ထွက်ပေါ်လာလေ၏။

အရက်ဒီဂရီတက်နေသူများက အိပ်မူးစီဖြင့် လက်ခုပ်တီးသံလေးလေးပေးကြသလို၊ အရက်မမူးသော ပေါက်ဆိန်တို့အုပ်စုက မမြလွင်ကို အားထည့်ပေးကာ သီချင်းလိုက်ဆိုကြလေ၏။ မမြလွင်အလှည့်ပြီးသောအခါ ချယ်ရီချူးက ပေါက်ဆိန်ကို လက်ဆွဲခေါ်ပြီး စတိတ်ပေါ် တင်တော့၏။ ပေါက်ဆိန်ကလည်း အလျှော့မပေး၊ သူငယ်ချင်းမြင့်သိန်းမြိုင်နှင့် ကျားကြီးကျော်ညွန့်တို့ကို အတင်းဆွဲခေါ်ပြီး "အပျိုကြီးမမ" သီချင်းကို သုံးဦးသား သံပြိုင်သီဆိုလိုက်ကြလေ၏။

အစီအစဉ်ပြီးဆုံးသောအခါ နံနက် (၂)နာရီထိုးလေပြီ။ ချယ်ရီချူးတို့ ဇနီးမောင်နှံ အသစ်စက်စက်က ပေါက်ဆိန်တို့အဖွဲ့ကို လက်ဆွဲနှုတ်ဆက်၏။ မမြလွင်၊ ဝင်းဝင်းမော်၊ မခင်စန်းတို့ကိုလည်း လက်ဆွဲနှုတ်ဆက်ကြ၏။ သူတို့တတွေ ဝမ်းသာ ဝမ်းနည်းဖြစ်နေကြ၏။ မမြလွင်က ချယ်ရီချူးကားပေါ်မတက်မီ တင်းဟင်းကြပ်ကြပ်ဖက်ထားလိုက်၏။ ချယ်ရီချူးကလည်း တင်းတင်းကြပ်ကြပ် ပြန်၍ ဖက်ထား၏။ အချိန်အတော်ကလေးပင်ကြာသွား၏။

ချယ်ရီချူး၏ ခင်ပွန်းက ချယ်ရီချူး၏ ပခုံးကလေးကို ကိုင်၍ ကြင်ကြင်နာနာ ကားတွင်းသို့ ပို့၏။ သူငယ်ချင်းတစ်စု ချယ်ရီချူးတို့ ဇနီးမောင်နှံ ကားကလေးထွက်သွားသည်အထိ လက်ကလေးများ ဝှေ့ရမ်းကာ နှုတ်ဆက်ရင်း ကားကလေးကား ဝေး၍ ဝေး၍။

မမြလွင်၏ မျက်ဝန်းမဝမ်းသာလွန်း၍လား၊ ဝမ်းနည်းလွန်း၍လားမသိ၊ မျက်ရည်များ ဝဲနေလေတော့၏။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com

"စာမေးပွဲကြီးကတော့ တော်တော်နီးလာပြီ ပါကြီးရေ့ မင်းတို့ ကျောင်းမှာရော Revision တွေလုပ်ရောပေါ့"

"ဆရာကတော့ လုပ်တော့မယ် ပြောတာပဲကွာ။ အချိန်ပိုလဲသင်မယ်တဲ့"

ပေါက်ဆိန်နှင့်ပါကြီးတို့ (၃၆)လမ်း ကွင်းကလေးထဲတွင် ဆုံ၍ စာမေးပွဲနီးလာသဖြင့် စာအကြောင်း ပေအကြောင်းပြောနေကြ၏။

"အမှန်ကတော့ စာမှန်မှန်ကျက်သွားရင် ပြဿနာမရှိပါဘူးကွာ။ ငါတို့ မင်းတို့က စာကို အကြွေးထားတဲ့အတွက် ပြဿနာဖြစ်နေတာကွ"

"ဒါပေါ့ကွာ . . တို့ယောကျ်ားလေး တော်တော်များများဟာ ကျောင်းဖွင့်ကတည်းက ပျော်လိုက်ကြတာ၊ စာမေးပွဲနီးတော့မှ အသေအလဲ ကျက်ကြတာကိုးကွ။ တချို့ဆို ဗေဒင်မေးပြီး ယတြာချေတာတို့ ဘာတို့တောင်လုပ်ကြတယ်ကွ"

"အေး ဟုတ်သား၊ မင်းပြောမှ ဗေဒင်မေးတာဆိုတာ သတိရတယ်။ ငါတို့လဲ ဗေဒင်မေးပြီး ယတြာလေးဘာလေး ချေရင်မကောင်းဘူးလား"

"နေဦးကွ၊ ဗေဒင်မေးတာဆိုလို့ သတိရတယ် ငါ့လူ၊ တို့က ဆရာကြီးနဲ့ ဒီလောက်နီးနီးကပ်ကပ်နေပြီးညံ့ပါ့ကွာ"

"ဘယ်ဆရာကြီးလဲကွ၊ ဘယ်မှာ နီးနီးကပ်ကပ်နေဖူးလို့တုန်း"

"မင်းငတုံးပဲကွ၊ ဟိုတင်ငွေ ယောက်ဖ ဘိုးတော် ကိုဘန်းဟာ ဆရာကြီးပေါ့ကွ"

"အေး ဟုတ်သား၊ တို့က မေ့မှမေ့တတ်သပေကိုး၊ ဟုတ်သားပဲကွ။ ဘိုးတော်ဘန်း . . ဘိုးတော်ဘန်း"

ကိုဘန်းသည် ၃၆ လမ်းမှ သူတို့ သူငယ်ချင်းတင်ငွေ၏ ယောက်ဖဖြစ်၏။ ရုံးတစ်ရုံးတွင် အလုပ်လုပ်၏။ စနေ၊ တနင်္ဂနွေနေ့များတွင် ယောဂီဝတ်စုံဝတ်၍ ခေတ်ကျသည့် ဘုရားတွင် ပုတီးစိပ်၏။ သူ့အိမ်တွင် အုံးငှက်ပျောပွဲ မပြတ်၊ ဘိုးတော်ပေါင်းစုံပုံများလည်းတပံ့တပင်ကြီး ကပ်ထား ချိတ်ထား၏။ အချို့စီးပွားရေးအတွက်၊ အိမ်ထောင်ရေးအတွက်၊ သားသမီးရေးအတွက် ဘိုးတော်ဘန်းထံတွင် အကူအညီတောင်းတတ်ကြ၏။ ဘိုးတော်ဘန်းက စီးပွားရေးတော့လုပ်မစား။ ခင်မင်ရာ ခင်မင်ကြောင်းသာ ကူညီ၏။ အပတ်စဉ် ရုံးအားသည်နှင့် ပုတီးလည်ဆွဲကာ ဘုရားတက်တတ်၏။ ပေါက်ဆိန်တို့ ပါကြီးတို့သည် ဘိုးတော်ဘန်း၏ ယောက်ဖတင်ငွေနှင့် ခင်မင်ကြသည်ဖြစ်၍ ဘိုးတော်ဘန်းနှင့်လည်း အနီးကပ်မပေါင်းသင်းဘူးသော်လည်း သိကျွမ်းပြီးသား ဖြစ်ကြပါသည်။

"ဘယ့်နှယ် . . တို့ စာမေးပွဲအတွက် ဘိုးတော်ဘန်းဆီ အကူအညီတောင်းရင် ဘယ့်နှယ့်"

"ဖြစ်ပါ့မလားကွာ"

"ဟ ဘာလို့မဖြစ်ရမှာလဲ၊ တင်ငွေ့ယောက်ဖပါဆိုမှ၊ ကိုဘန်း ကျွန်တော်တို့ စာမေးပွဲအတွက် ကူညီပါဗျာဆိုရင် ပြီးတာပဲ။ ဒါလေးများ . . ."

"ဒါတော့ ဒါပေါ့ . . ကိုဘန်းက တို့ကို တစ်လမ်းထဲသားတွေဆိုတော့ လုပ်ပေးပါ့မလားလို့"

"သွားစမ်းပါ ပေါက်ဆိန်ရာ၊ ဒီဘဲကြီးက သူ့ယောက်ဖတင်ငွေနဲ့သာမကြည်တာ၊ တို့နဲ့ မျက်မှန်းတန်းမိပါတယ်ကွ။ လက်ဖက်ရည်လေးဘာလေး တိုက်ပြီး စည်းရုံးလိုက်ရင် ဖြစ်တယ်ကွ"

ကျောင်းအားရက်တစ်ရက်တွင် ပေါက်ဆိန်နှင့်ပါကြီးတို့သည် ကိုဘန်းဘုရားတက်ချိန်ကို စောင့်၍ စာမေးပွဲအတွက် အကူအညီတောင်းရန် လမ်းထိပ်မှ စောင့်နေကြ၏။ ဆူးလေဘုရားသို့ တက်ရန် ကိုဘန်းသည် နံနက် ၆ နာရီခွဲတွင် သူ့လှေကားမှ ဆင်းလာလေ၏။ အသင့်စောင့်နေသော ပါကြီးနှင့် ပေါက်ဆိန်တို့က လမ်းထိပ်အရောက်တွင် လှမ်း၍ နှုတ်ဆက်လိုက်ပြီး ကိုဘန်းအား လက်ဖက်ရည်ဆိုင်တွင်းသို့ ဖိတ်ခေါ်ကာ လက်ဖက်ရည်တိုက်၏။ ကိုဘန်းကား လက်ဖက်ရည် သရဲဖြစ်သဖြင့် ကျေနပ်စွာသုံးဆောင်၏။

"ဒါနဲ့ မင်းတို့နှစ်ယောက် စောစောစီးစီးဘယ်သွားကြမလို့လဲ"

ကိုဘန်းက လက်ဖက်ရည် ငုံရင်း မေး၏။

"ဘယ်မှ မသွားပါဘူး။ ကိုဘန်းကိုပဲစောင့်နေတာခင်ဗျ၊ ကိုဘန်းလဲ ဘုရားတက်မှာဆိုတော့ လိုရင်းပြောရရင် ကျွန်တော်တို့ နှစ်ယောက်အတွက် . . ."

"သုံးယောက် . . ကိုဘန်း . . သုံးယောက်"

ပေါက်ဆိန်က ဖြတ်ပြော၏။ ပါကြီးက ပြောပြန်၏။

"ဘယ်က တစ်ယောက်ပိုလာတာလဲကွ၊ စကားတောင်မစရသေးဘူး"

"ရပါတယ်ကွာ၊ ဘယ်နှယောက်ဖြစ်ဖြစ်၊ မင်းတို့ကိစ္စကိုသာပြောပါ"

"စာမေးပွဲအတွက် ယတြာလေးလုပ်ချင်လို့ပါ ကိုဘန်းရာ . . အဲဒါ . ."

"အော် . . ဒါလား . . ရပါတယ်ကွာ။ ဒီလိုတော့ရှိတယ်နော်။ မင်းတို့အတွက်

www.burmeseclassic.com

ဆိုတော့ မင်းတို့ကိုယ်တိုင်လုပ်ရမှာနော့။ ငါက အကြံပေးမယ်"

"ရပါတယ် ကိုဘန်းရာ၊ ရှိတာသားကုန်ပေး . . ဟဲ . . ဟဲ"

"ကောင်းပြီ၊ ဒါဆို မင်းတို့တွေ အဓိဋ္ဌာန်ဝင်ရမယ်။ ပုတီးစိပ်ရမယ်ပေါ့ကွာ။ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ကိုဘန်းရာ၊ ပုတီးစိပ်တာလောက်တော့ စိပ်နိုင်ပါတယ်။ အဲ . . ဟို . . ဟို ကိုဘန်းရဲ့ ပုတီးအလုံးကြီးကြီးတွေဆိုရင်တော့ နည်းနည်း စဉ်းစားရမယ်"

ပေါက်ဆိန်က ကိုဘန်းတစ်ခါတစ်ရံ လည်ပင်းတွင် ဆွဲတတ်သော ပုတီးအလုံးကြီးကြီးများကို ရည်ညွှန်းလိုက်ခြင်း ဖြစ်သည်။ ကိုဘန်းက ပြုံး၍

"အဲဒီ ပုတီးမျိုးက ရှားသဟ။ မင်းတို့ကျတော့ ရိုးရိုး ၁၀၈ လုံးပုတီးပဲပေါ့။ စိပ်ရမှာက "အရဟံ"ပေါ့"

"ရပါတယ် ကိုဘန်းရာ၊ ဘယ်နှပတ်စိတ်ရမှာလဲ၊ အိမ်မှာပဲလား"

"ပထမရက်အနေနဲ့ မြို့စွန်က ဘုရားတစ်ခုမှာ စိပ်ရမယ်။ တစ်ညလုံးနော်၊ အဲ . . နောက်တစ်ခုက တဏှာ၊ သရဲ၊ နာနာဘာဝ ဒါတွေကော ကြောက်တတ်သလား"

"မကြောက်တတ်ပါဘူး ကိုဘန်းရာ၊ တွေ့တောင်တွေ့ချင်သေးတယ်"

"ဟုတ်ပြီ၊ ကြိုက်သွားပြီ။ ဒါဆိုရင် ခဏစောင့်၊ ငါအာရုံယူလိုက်ဦးမယ်။ ရရင်မင်းတို့ကို ကြိုပြောမယ်ဟုတ်လား"

"ဟုတ်ကဲ့၊ ကျေးဇူးပဲ ကိုဘန်း။ ကြိုက်တဲ့နေရာပြော၊ ကျွန်တော်တို့ လိုက်မယ်"

❋❋❋

ပေါက်ဆိန်တို့ အုပ်စု ကိုဘန်းနှင့် တွေ့ပြီး ဆယ့်ငါးရက်ခန့်အကြာတွင် မင်္ဂလာဒုံရှိ ကျိုက်ကလော့စေတီ(ကျိုက်ကလို့)တောင်သို့ ပုတီးသွား စိပ်ကြမည်ဖြစ်ကြောင်း ပြော၏။ အခါကောင်းသော စနေနေ့ညနေတွင် သွားကြမည်။ စားသောက်စရာများကို မိမိစိတ်ကြိုက်ချိုင့်ဖြင့် ထည့်ယူလာကြရန်ပြော၏။ စနေနေ့နံနက်တွင် ပေါက်ဆိန်၊ ပါကြီးနှင့် ဝင်းကြည်တို့သည် ၃၈ လမ်းဈေးတွင် ဈေးဝယ်ကာ ပါကြီးတို့အိမ်တွင် ချက်ပြုတ်ကြလေ၏။ ချက်ပြုတ်သည့် ဟင်းများမှာ အမဲသားဆီပြန်၊ ဆိတ်သားခြောက်ဖုတ်၊ ဆိတ်ကလီစာ၊ ဝက်သုံးထပ်သားကြော်ချက်။

"ဒါတွေ ချက်ပြီးစားမှ တဏှာ၊ သရဲတွေတွေ့ရမှာကွ ဟဲ . . ဟဲ"

ပေါက်ဆိန်က ပြော၏။

ထို့ပြင် ရေနွေးကြမ်းသောက်ရန် ဓာတ်ဘူးကြီးနှစ်လုံးအပြည့်နှင့် လက်ဖက်သုပ်များလည်း ယူခဲ့ကြလေ၏။ နေ့လည်တစ်နာရီကျော်တွင် အဆင်သင့်ဖြစ်၍ ပေါက်ဆိန်တို့ သုံးဦး ခြင်းတစ်လုံးစီဆွဲကာ ကိုဘန်း၏ တိုက်ခန်းသို့ ရောက်ခဲ့ကြ၏။

ကိုဘန်းကား ခေါင်းပေါင်းမှအစ တစ်ကိုယ်လုံး ယောဂီရောင် ဝမ်းဆက်ဝတ်လျက် တွေ့ရလေ၏။ လွယ်အိတ်ထဲတွင်လည်း ပြည့်ဖောင်းနေ၏။ ဘာတွေထည့်ထားသည်မသိ၊ လည်ပင်းတွင်လည်း ဓာတ်ကျမှ ဝတ်သည့် ပုတီးလုံးကြီးများပါသည့် ပုတီးကြီးကို ဆွဲထား၏။ ဘယ်ညာလက်ကောက်ဝတ်များတွင်လည်း ပုတီးများ ပတ်လျက် တွေ့ရသဖြင့် ပေါက်ဆိန်တို့ သုံးဦးသား ပြုံးရမလို၊ ရယ်ရမလို ဖြစ်ရလေ၏။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ရယ်ရမလိုဖြစ်နေစဉ် ကိုဘန်းက ပြောလေ၏။

ဆက်လက်ဖော်ပြပါမည်။

**ပဥ္စလက်**

ကိုဘန်းကား ခေါင်းပေါင်းမှအစ တစ်ကိုယ်လုံး ယောဂီရောင် ဝမ်းဆက်ဝတ်လျက် တွေ့ရလေ၏။ လွယ်အိတ်ထဲတွင်လည်း ပြည့်ဖောင်းနေ၏။ ဘာတွေထည့်ထားသည်မသိ၊ လည်ပင်းတွင်လည်း ဓာတ်ကျမှ ဝတ်သည့် ပုတီးလုံးကြီးများပါသည့် ပုတီးကြီးကို ဆွဲထား၏။ ဘယ်ညာလက်ကောက်ဝတ်များတွင်လည်း ပုတီးများ ပတ်လျက်....



www.burmeseclassic.com

www.burmeseclassic.com

# ပူဆွေးနေသောသား အိပ်ရာမှအထတွင် ဒေါ်လာ ၆,၃၀၀ အလိမ်ခံရ



အိမ်တိုင်ရာရောက် ပစ္စည်းပေးပို့သည့် မော်တော်ယာဉ်မောင်းတစ်ဦး ရှာပနကိစ္စတစ်ခုတွင် တစ်နည်းတစ်ဖုံ လိမ်လည်သွားကြောင်း တွေ့ရှိရသည်။ 'တန်လေချွန်'သည် သူ့ကိုယ်သူ ကုမ္ပဏီတစ်ခု၏ စားနပ်ရိက္ခာထောက်ပံ့သည့် လုပ်သားဟု ပြောဆိုပြီး ရှာပနတစ်ခုတွင် သေဆုံးသူ၏သား အသက်(၅၀)အရွယ်ထံမှ ဒေါ်လာ(၆,၃၀၀) တောင်းယူသွားခဲ့သည်။

အသက်(၃၄)နှစ်အရွယ် 'တန်'သည် ယမန်နေ့က အထက်ပါကိစ္စကို လိမ်လည်ခဲ့ကြောင်းနှင့် ဘီယာဘူး(၂၂)ခုကို စူပါမားကက်တစ်ခုမှ ခိုးယူခဲ့ကြောင်း ဝန်ခံထွက်ဆိုသွားခဲ့သည်။ 'တန်'အား ထောင်ဒဏ် ရက်သတ္တပတ်နှင့် ဒဏ်ငွေ ဒေါ်လာ(၅,၀၀၀) ချမှတ်လိုက်သည်။ သူ၏ထောင်ဒဏ်ကို လာမည့် ကြာသပတေးနေ့တွင် စတင်ရန်ရှိပြီး သူ၏ လစာကို ထုတ်ယူခွင့်ပြုကာ သူ၏ မိဘများသို့ ပေးအပ်သွားရမည်ဖြစ်သည်။

ခရိုင်တရားရုံးတစ်ရုံးက ဧပြီလ ၁၀၊ မွန်းလွဲပိုင်းတွင် အမှုကို ကြားနာခဲ့ရာတွင် 'တန်'သည် ဟောင်ရန်ရိပ်သာ အမှတ်(၈)၊ ဘလောက်အမှတ်(၆၂၇)သို့ နံနက်စောစော အိပ်ရာထချိန်တွင် အစားအသောက်ပြင်ဆင်နေသော စားဖိုမှူးတစ်ဦးရှိရာသို့ ချဉ်းသပ်ခဲ့ပြီး ကုန်ပို့လွှာတောင်းခံခဲ့သည်။ တန်သည် သေဆုံးသူမိသားစုနှင့် အမှန်တကယ် ဆက်နွယ်ပတ်သက်သည်ဟု ယူဆ၍ စားဖိုမှူးက သူ့အား 'ဘင်တင်ဟင်'စားသောက်ဆိုင်၏ ဒေါ်လာ(၆,၃၇၀)တန် ကုန်ပို့လွှာကို ထုတ်ပေးလိုက်သည်။

တန်သည် ဘလောက်တစ်ခုတည်းတွင်ရှိနေသော သေဆုံးသူမိသားစုနေအိမ်သို့ သွားခဲ့ပြီး မစ္စတာ 'တောက်ချွန်ဂန်'ထံမှ ဒေါ်လာ (၆,၃၀၀)ပေးရန် တောင်းခံခဲ့သည်။ ယင်းနောက် ရရှိခဲ့သော ချက်လက်မှတ်ကို နောက်တစ်နာရီတွင် ငွေသားအဖြစ် ထုတ်ယူခဲ့သည်။

ယင်းမတိုင်မီ တစ်လက 'တန်ပိုင်(စ်)' ၄၄ လမ်းရှိ 'Fair Price'စူပါမားကက်တစ်ခုမှ တန်ဖိုးအားဖြင့် ၅၅ ဒေါ်လာတန်သည့် ၁၂ လီတာခွဲ ဘီယာဘူးကို ခိုးမှုဖြင့် အဖမ်းခံခဲ့ရသည်။ သူသည် ဘီယာဘူးကို အေးလွှယ်အိတ်ထဲသို့ ထည့်ကာ ငွေမပေးဘဲ လစ်လျှောက်ထွက်သွားခဲ့သည်။ သို့သော် အကူအရောင်းစာရေးက တွေ့ရှိသွားခဲ့သည်။ 'တန်'အား ထိန်းသိမ်းပြီး ရဲကို ဆင့်ခေါ်လိုက်သည်။ အဆိုပါ စတိုးဆိုင်မှပင် ဖေဖော်ဝါရီလ ၂၁ ရက်က ဒေါ်လာ ၄၆ တန် ၁၀ လီတာခွဲ ဘီယာဘူးကို ခိုးမှုဖြင့် စစ်ဆေးခံခဲ့ရသည်။

တန်၏ရှေ့နေ 'လင်ဂျင်ယန်'က တန်တွင် သူရရှိသော လစာ ဒေါ်လာ ၁,၅၀၀ နှင့် မိဘများအား ထောက်ပံ့နေရသော ပြဿနာများရှိနေပါကြောင်း တင်ပြသွားသည်။

တရားရုံးက သူ၏မြင်မှာ တောက်တိုမည်ရလုပ်သားတစ်ဦးဖြစ်၍ တစ်လလျှင် ဒေါ်လာ ၅၀၀ ရရှိကြောင်းကြားနာခဲ့သည်။

စီရင်ချက်ချမှတ်ရေးနှင့် ပတ်သက်၍ ခရိုင်တရားသူကြီး 'တိုယန်ချွန်'က မှတ်ချက်ချပြောကြားရာမှာ 'တန်'သည် တရားခံအဖြစ် အပြည့်အဝရောက်ရှိလာသူဖြစ်ကြောင်း။ လိမ်လည်မှုအတွက် ထောင်ဒဏ်ငါးနှစ်ထိ ကျခံနိုင်ပြီး ငွေဒဏ် ဒေါ်လာတစ်သောင်းထိ ကျခံနိုင်ကာ နှစ်မျိုးစလုံးကိုလည်း ကျခံနိုင်ကြောင်း ပြောကြားလိုက်ပြီး ဆိုင်တစ်ဆိုင်မှ ပစ္စည်းခိုးယူမှုအတွက် ထောင်ဒဏ်ခုနစ်နှစ်ထိ ကျခံနိုင်ကြောင်း ပြောကြားလိုက်သည်။

လေးဝတီကျော်

***Ref:- Grieving Son cheate of $ 6,300 at wake, The Straits Times, Friday, [illegible] 26, 2012.***



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

စိန်တောက်တို့ နိုးလာကြသော အခါ မိုးလင်းပိုင်း ကင်းတာဝန်ကျ[illegible] နာဂကြီးသည် ကျွဲသားကျပ်တိုက်[illegible] ကို မီးဖို၌ ကင်ဆွေးနေသည်။ အားလုံးနိုး နေကြပြီဖြစ်သဖြင့် စိန်တောက်လည်း ကမန်းကတန်း ထလိုက်ရသည်။ ခရီး ဆက်ထွက်ကြရမည် ဖြစ်သဖြင့် ကျွဲသား ကင်တစ်ယောက်တစ်မြှောင်းစီကို ခေါင် ရည်နှင့် အာဆွတ်ကာ မနေ့ညနေက လှမ်းမြင်ခဲ့ကြရသော ကျောက်သွေးကျင်း ရှိရာဘက် ဆက်ထွက်လာကြ၏။

မနက်ပိုင်းတွင် ကျောက်တုံး ကျောက်ခဲတွေက မနေ့ကလို ပူခြစ်မနေ သဖြင့် နာဂများလည်း ခုန်ဆွခုန်ဆွ စစ်ချီ စစ်တက် မသွားကြရတော့ဘဲ တန်းတန်း မတ်မတ် သွားနိုင်ကြရာ မကြာမီ သူတို့ ပြောသော ကျောက်သွေးကျင်းရှိရာ ကျောက်တောင်ကျောက်ဆောင်ကြီးနား ရောက်လာကြသည်။

မနေ့ညနေက အဝေး၌ မြင်ခဲ့ကြရ သော ကျောက်တောင်ကြီးမှာ ထီးတည်း တစ်လုံးတည်း မဟုတ်။ သူ့ကို ဝိုင်းရံနေ သော၊ သူ့နှီးနီးမြင့်သော ကျောက်ဆောင် ကျောက်စောင်းနှင့် ကွဲအက်နေသော ကျောက်ပြားအထောင်ကြီးတွေကလည်း နံရံကြီးတမျှ ထိုးထိုးထောင်ထောင် တည် ရှိနေကြသည်။

အမြင့်ပေ မည်မျှကို ရောက်ရှိနေ ကြမှန်းမသိရ။ ကျောက်တောင်ကျောက် ဆောင်ကြီးတွေကို ဦးပေါင်းတစ်ကျွတ် မော့ကြည့်ကြရ၏။ လေတိုက်နှုန်းက လည်း အဆမတန် ပြင်းလာသည်။ ကျောက်ထရံကြီးများကြားထဲ တိုးတိုက် ဝင်လာကြသော လေတိုက်နှုန်းကြီးကြောင့် တရွှဲရွှဲ တရှီရှီ လေတိုးမြည်လာသံများကို ပါ ကြားလာရသည်။

ထိုကျောက်တောင် ကျောက် ဆောင်နားတစ်ဝိုက်တွင် ကြံ့လင်မယား လှမ်းထွဲချီးဖို့ စားသွားကြသော ကန္တာရ သူ့ပင်များနှင့် ချုံပုတ်များ၌ စားကြွင်းစား ကျန်များကို ဂိုက်ရှာကြသည်။ ကြံ့လင် မယားတို့၏ စားကြွင်းစားကျန်များကို မတွေ့ ရသလို၊ ကျောက်သွေးကျင်းဆိုသည်ကို လည်း မတွေ့ရသေး။ ကျောက်ခဲကျောက် တုံးများပေါ်၌လည်း ကြံ့လင်မယား တစ် ကောင်နှင့်တစ်ကောင် ကျီစယ်ကလူ မြူး သွားကြရင်း ခြေရာလက်ရာ ကျရာ များကိုလည်း လုံးဝပင် မတွေ့ကြရသေး။

သို့သော် သူကြီးနှင့် နာဂများကမူ ဤကျောက်တောင်ကြီး ဝန်းကျင်တွင် ကျောက်သွေးကျင်း[illegible] ရှိကိုရှိရမည်။ ကျောက်သွေးကျ[illegible] တွေ့လျှင် ကြံ့ လင်မယားတစ်ခြေရာ၊ သို့မဟုတ် ကျောက် သွေးစားရာ၊ ကျောက်သွေးလျက်ရာ တစ် ခုခုကို တွေ့ကိုတွေ့ရမည်ဟု အတပ်ပြော နေကြ၏။ ထို့ကြောင့် လျှောက်ရှာကြ သည်။ ကျောက်သွေးကျင်းကိုကား၊ မတွေ့ ကြရသေး။ မနေ့ညကလို ငှက်များကို လည်း တစ်ကောင်တစ်မြီးမျှ မမြင်ကြရ သေး။ ကျောက်တောင်ကြီးခြေရင်း ရောက် လာကြသည့်မှာ နာရီဝက်ခန့်ပင်ရှိသွားပြီ။ အရှေ့ဘက် ကျောက်စတောင်ထိပ်တွင် နေဝန်းနီနီကြီးကိုပင် မြင်လာရပြီ။



(ယခင်လမှအဆက်)



www.burmeseclassic.com

www.burmeseclassic.com

စိန်တောက်က ကျောက်တောင်မြင့်ပေါ် တစ်ချက်မော့ကြည့်သည်ကို သူကြီးက မည်သို့သဘောပေါက်သွားသည်မသိ။ ကျောက်သွေးကို မနက်ပိုင်း၌ ငှက်များလာသောက်လေ့သောက်ထမရှိကြ။ အစာရှာစားပြီး ညနေ အိပ်တန်းတက်ခါနီးမှ ကျောက်သွေးကို လာသောက်ကြပြီး ပျော်မြူးကြသည်။ ထို့ကြောင့် ယခု ကျောက်တောင်ပေါ်တွင် ငှက်များကို မနက်ပိုင်း၌ မမြင်ရခြင်းဟု ပြောပြန်သည်။

ဤသို့နှင့် ကျောက်တောင်ကြီးတစ်ဖိုက်ကို လျှောက်ရှာကြရင်း ကျောက်တောင်ကွေ့တစ်နေရာအရောက်တွင် လက်နက်ကိုယ်စီနှင့် ကျောက်တောင်တစ်ခုပေါ်က ဒ်သူတို့ကို မတ်တတ်ရပ်လှမ်းကြည့်နေကြသော နာဂကြီးသုံးယောက်ကို လှမ်းမြင်လိုက်ကြရ၏။ သူတို့နှင့် စိန်တောက်တို့မှာ အထက်အောက်ဖြစ်ပြီး သုံးလေးလံ အကွာအဝေးသာရှိ၏။

သူတို့ကပင် နာဂဘာသာနှင့် လှမ်းပြောသည်။ သူကြီးကလည်း ပြန်ပြောပြီး သူတို့ရှိရာသို့ သူကြီးက ဦးဆောင်လျှောက်သွားသောအခါ သူကြီးနောက်ကို အားလုံးလိုက်လာကြသည်။ သူတို့က ကျောက်တောင်ပေါ်က၊ စိန်တောက်တို့က အောက်က မျက်နှာချင်းဆိုင် ဆုံနေကြ၏။

စိန်တောက်တို့အဖွဲ့ကို ခါးထောက်မတ်တတ်ရပ်ကြည့်နေသော နာဂကြီးတစ်ယောက်၏ လက်ထဲတွင် ဖြက်မှာ လက်တစ်ဝါးနီးပါးရှိသော အောင်းလှံကြီးကို မြေထောက်ကိုင်ထားသည်။ နံနက်ခင်း၏ ထွန်းသစ်စ နေရောင်ထဲတွင် သူ၏လှံသွားမှာ မှန်ကို နေရောင်ဟပ်သကဲ့သို့ ရောင်ပြန်ထွက်နေသည်။ အသွားထိပ်ပိုင်းမှာ မြည့်နေအောင် ချွန်ပြီး အသွားအောက်ပိုင်းမှာ အဟက်ကြီးတွေနှင့် ကြက်သီးထစရာပင် ကောင်းလှသည်။

နောက်နှစ်ယောက်၏ လက်မှာလည်း လေးမြားကိုယ်စီနှင့်။

လှံကိုင်ထားသော နာဂကြီးက သူကြီးကို နာဂဘာသာနှင့် ထပ်မေးသည်။ သူကြီးကလည်း ပြန်ပြောနေ၏။ သူတို့၏ အမူအရာမှာ စိတ်ဆိုးဒေါသထွက်နေသလား ထင်မိသဖြင့် စိန်တောက်နှင့် ဘက်ထီးတို့မှာ ကြောက်ကြောက်နှင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိလိုက်ကြသည်။

လှံကိုင်ထားသော နာဂကြီးက သူကြီးကိုပြောရင်း ကျောက်နံရံတစ်နေရာကို လှံဖျားနှင့် ထောက်ပြသည်။ နာဂကြီးလှံဖျားထောက်ပြသောနေရာကို စိန်တောက် လှမ်းကြည့်လိုက်၏။ ကွဲခေါင်းလား၊ ပြောင်ခေါင်းလား ပီပီပြင်ပြင် မရှိသော တိရစ္ဆာန်ခေါင်းပုံတစ်ခုကို ကျောက်နံရံ၌ ထွင်းထားတာ မြင်ရသည်။ ဘာအဓိပ္ပာယ်မှန်းမသိ။

"ခင်များတို့အားလုံး ဒီလိုခေါင်းဖြတ်ခံရမည်" ဟုပင် ပြောနေသလားအထင်နှင့် ထိတ်လန့်သွားမိ၏။

နောက်တော့ သူကြီးက ပြန်ပြောပြသည်။

စိန်တောက်တို့ကို ကျောက်သွေးကျင်းရှာရန် လာကြသူများလားဟု မေးကြောင်း။ ဤကျောက်ဆောင်အောက်ရှိ ကျောက်သွေးကျင်းမှာ သူတို့ ပထမဦးဆုံးရှာဖွေတွေ့ရှိထားသော ကျောက်သွေးကျင်း ဖြစ်ကြောင်း။ ထို့ကြောင့် မည်သည့်မှဆိုးအဖွဲ့ကမှ ကျောက်သွေးမခံကြရန် သူတို့သည် ပြောင်ခေါင်းအမှတ်တံဆိပ်ကို သိသာထင်ရှားအောင် ကျောက်နံရံတွင် ထွင်းလုပ်ထားကြောင်း။ နှစ်စဉ်နှစ်တိုင်း ဤကျောက်သွေးကျင်းသည် သူတို့ပိုင်ဆိုင်ကြောင်း နာဂဘာသာနှင့် ပြောပြခြင်းဖြစ်သည်ဆို၏။

နာဂမုဆိုးများမှာ အချင်းချင်းသစ္စာရှိကြသည်။ သူတို့၏ မုဆိုးထုံးတစ်စဉ်လာ၊ ဥပဒေများကိုလည်း လေး... လိုက်နာကြသည်။ ရိုးသားကြသူများ... ၌ ထိုသို့ အမှတ်သင်္ကေတပြုလုပ်ထ... သော ကျောက်သွေးကျင်းကို ပိုင်ရှင်... ထားသော ကျောက်သွေးကျင်းဟု သ... မှတ်ကာ မည်သူမျှ ခိုးခံယူခြင်း မပြုကြ... ကြောင်း ပြောပြ၏။

သူကြီးက မိမိတို့သည် ကျောက်... သွေးရှာရန် လာကြသူများ မဟုတ်... ကြောင်း။ (ဂုဏ်ယူစွာဖြင့်) ကြွလိုက်မုဆိုး... များဖြစ်ကြောင်း။ ကြွများသည် ကျောက်... သွေးကို အလွန်ကြိုက်နှစ်သက်ကြသဖြ... ဤကျောက်သွေးကျင်းဘက်ကိုများ သွ... သည်အထင်နှင့် မိမိတို့ လိုက်လာကြ... ကြောင်း။ ကြွလင်မယားတစ်စုံကို ဤ... ကျောက်သွေးကျင်းဘက်တွင် မြင်မိ မ... မိ မေးရာ မမြင်မိကြောင်း။ ကြွကိုသ... တကယ်မြင်မိလျှင် သူတို့လည်း ဤ... ကျောက်သွေးခံမနေကြတော့ဘဲ ... နောက်ကို လိုက်ကြမည်ဖြစ်ကြောင်း ပုံ... နာဂဘာသာနှင့် ပြန်ပြောပြသည်ဆို...

စိန်တောက်တို့မှာ ကျောက်သွေ... သည်ကို မမြင်ဖူးကြသဖြင့် ကြည့်ခွင့်... ပါရန် သူကြီးမှတစ်ဆင့် ပြောခိုင်းရ... သူကြီးပြောသည်မှာ နောက်အေ်နာ... စကားဖြစ်သဖြင့် လုံးစေ့ပတ်စေ နာ... မလည်၍လား၊ သို့မဟုတ် စိန်တောက်... မှာ သေနတ်နှစ်လက်ကလည်း ပါသ... မယုံကြည်၍လားတော့မသိ၊ ကြည့်ခွ... မပြုကြ။ သူတို့ ကျောက်သွေးကျင်း... လှစ်မကြည့်ရ၊ နတ်မလာလို့ ကျော... သွေးကျင်းကို လှစ်ဝင်ကြည့်လျှင် က... သွား၊ အ,သွားသည်။ ကျောက်သွေ... မထွက်တော့ဘဲ ခန်းသွားသည်ဟု အ... ရှိသည်ဟု ဆိုကြ၏။

သို့သော် ကျောက်တောင် ကျေ... ဆောင် အကွဲအအက်ကြားထဲ...



www.burmeseclassic.com

www.burmeseclassic.com

စက် ကျနေသည့် ကျောက်စက်ရေခံသည်နှင့် အတူတူပင် ဖြစ်သဖြင့် ကျောက်စက်ရေခံထားသည်ကိုသာ ကြည့်သွားကြဟု ပြော၏။ စိန်တောက်တို့လည်း ကြုံတောင့်ကြုံခဲမို့ ကျောက်စက်ရေခံထားသော၊ ကျောက်ခေါင်းထဲ ဝင်ကြည့်ကြသည်။

အရှည်မှာ လူကြီးလက်မောင်းတစ်လုံးလောက်ရှိပြီး၊ လုံးပတ်မှာ နှစ်ထွာနီးနီးရှိ ဝါးကျည်တောက်နှင့် ကျောက်စက်ရေကို ခံထားသည်။ ထိုကျောက်စက်ရေ ကျည်တောက်မှာ တစ်ပတ်ကြာမှ ပြည့်မည်ဟု ဆို၏။ ကျောက်စက်ရေမှာ တစ်မိနစ်လောက်ကြာမှ သုံးလေးစက်ကျသည်။ စိန်တောက်တို့ကြည့်နေကြစဉ် ကျောက်စက်ရေတစ်စက် ဝါးလုံးကျည်တောက်ထဲ ကျသံမှာ ကျောက်လိုဏ်သံနှင့် ပဲ့တင်ထပ်ပြီး ဆိုင်းတီးသံလောက်ပင် ကျယ်သည်။ ထိုကျောက်စက်ရေကို သူတို့ ယခုသောက်ကြသော်၊ လူမတက်နိုင်သော ကျောက်တောင်မြင့်များရှိ ကျောက်စက်ရေကို ငှက်တွေလည်း သောက်ကြသည်။ ငှက်တွေမှာ ကျောက်စက်ရေကိုသာမဟုတ်၊ ကျောက်သွေးကိုလည်း အလွန်ကြိုက်နှစ်သက်ကြသည်မှာ မှန်ကြောင်း ပြောပြသည်။ ထို့ကြောင့် သူတို့သည် နေ့ရောညပါ သားငှက်တိရစ္ဆာန်များ ဝင်သောက်သွားမှာစိုး၍ စောင့်နေကြသည်ဟု ပြောသည်။

ထို ကျောက်စက်ရေမှာလည်း ကျောက်သွေးနီးနီး အာနိသင်ရှိပြီး၊ သောက်သူများကို အားခွန်တိုးစေသည်ဟု ဆိုသဖြင့် စိန်တောက်နှင့် ဘက်ထီးတို့က တောင်းသောက်ကြည့်ကြသည်။ တစ်ငုံခန့်သောက်ချလိုက်သည်နှင့် တစ်ကိုယ်လုံး အေးစိမ့်သွားသလို ခံစားရသည်။ အမှန်က ကျောက်တောင်၊ ကျောက်လွင်ပြင်ချည်းသာ ပတ်ဝန်းကျင်၌ ရှိနေသဖြင့် ကျောက်တောင်၊ ကျောက်ဆောင်များမှ အပူငွေ့ပြန်ခြင်းကို ကာကွယ်သည်ဟု ထင်ရသည်။ သူတို့ အပြောကမူ ကိုးဆယ့်ခြောက်ပါး အကုန်ကောင်း၏။

စိန်တောက်နှင့် ဘက်ထီးတို့ကို အထူးသြည့်သည်မှာ နည်းနည်းစီ တိုက်ကြပုံရ၏။ စိန်တောက်တို့ ကျောက်စက်ရေ မြည်းသောက်ကြည့်နေကြစဉ် ကျောက်သွေးပိုင်ရှင် နာဂသုံးဦးနှင့် သူကြီးတို့က စောင်တစ်ထည်နှင့် ခေါင်းရည် လဲနေကြသည်။ ကျောက်သွေးကျင်းဘက်ကို သူတို့လိုက်လာကြသော ကြွလင်မယား မလာရောက်ဆိုသဖြင့် မနေ့က ကြွလင်မယား ချီးဖဲ့ခွဲနုတ် စားသွားသော နေရာသို့ ခြေရာခံရန် ပြန်လာကြရသည်။

ထို ဘ်ဝန်းကျင်ဂ်ု လူတစ်ဆယ်ကျော် လှည့်ပတ်ရှာကြရာ မကြာမီမှာပင် နာဂတစ်ယောက် ကျူမှုတ်၍ အချက်ပေးသည်။ ကျူမှုတ်ခေါ်သူ နာဂက ကြွလင်မယား ခွဲနုတ်စားသွားကြသော စားကြွင်းစားဖတ်များကို ပြသည်။ အနောက်ကိုသွားကြောင်း ခြေရာကိုလည်း တွေ့သည်။ ထိုအခါ လူတတ်ကြီးလုပ်ပြီး မနေ့က မြောက်ဘက်ရှိ ကျောက်သွေးကျင်းကို လက်ညှိုးထိုးပြခဲ့သူ နာဂမုဆိုးလေးကို ဝိုင်းသရော်ကြသည်။ ယခု ကျူမှုတ်၍ ခေါ်ပြသော နာဂနှင့် မနေ့က လမ်းညွှန်သူတို့၏ အထင်အမြင်မှာ တခြားစီ မြောက်နှင့် အနောက် ဖြစ်သွား၏။

ဤသို့ဖြင့် ကြွစားသွားသော စားကြွင်းစားဖတ်တွေကို ကြည့်၍ လိုက်လာကြရာ ကျောက်ဆောင်၊ ကျောက်လွင်များ ဆုံးသွားပြီး တစ်ဖက်တောစကို ရောက်လာကြသည်။ ဤတစ်ခါတော့ ခြေရာကိုပါ ကွင်းကွင်းကွက်ကွက်တွေ့ရသည်။ သို့သော် ကြွလင်မယားနှစ်ကောင်၏ ခြေရာမဟုတ်ဘဲ တစ်ကောင်တည်းသော ခြေရာကိုသာ တွေ့ကြရ၏။ သူကြီးနှင့် နာဂမုဆိုးတို့က သူတို့၏ ထင်မြင်ချက်ကို ပြောပြကြသည်။ ကြွထီးကြီးသည် ကြွမကြီး၏ အလိုဆန္ဒကို ဖြည့်ဆည်းပေးပြီးသည်နှင့် တစ်နေရာရာကို ပြေးသွားလေသလား။ ဤခြေရာသည် ကြွထီးကြီး ခြေရာလား။ ကြွမကြီး၏ ခြေရာလား။ လူတွေမှာ ဇဝေဇဝါ ဖြစ်ကုန်ကြသည်။

နောက်ဆုံးတော့ အထီးဖြစ်ဖြစ်၊ အမဖြစ်ဖြစ် လိုက်ကြမည်ဟု ဆုံးဖြတ်ကာ ခြေရာခံလိုက်ကြပြန်၏။ ကြွကောင်ကို မမြင်ဖူးကြသော စိန်တောက်နှင့် ဘက်ထီးတို့ကလည်း ကြွကောင်ကို မြင်ရပစ်ရလျှင် အထီးဖြစ်ဖြစ်၊ အမဖြစ်ဖြစ်ဟု သူကြီးနောက် လိုက်ပါလာကြ၏။ နှစ်ညအိပ်ခရီးကို ရောက်လာကြပြီဖြစ်သဖြင့် နာဂတွေခံအာ မပါလျှင် စိန်တောက်တို့မှာ ဝေလွှင့်စွန့်ခေါင်ကိုလည်း ပြန်လမ်းပျောက်နေကြပြီဖြစ်၏။

စမ်းချောင်းနား တစ်နေရာအရောက်မှာ နာဂမုဆိုးတစ်ယောက်က ဤစမ်းချောင်းတွင် ရေအိုင်ရှိနိုင်သည်။ တစ်ရက်နှစ်ရက် ရေနှင့်ဝေးခဲ့ပြီး လာနေသော ကြွသည် ဤစမ်းချောင်း၌ ရေအိုင်သာရှိလျှင် မုချ ရေစိမ်၍လူးရန် စမ်းထဲကို ဆင်းလိမ့်မည်။ သို့မဟုတ် ဤပတ်ဝန်းကျင်၌ သူ ရေစိမ်၍လူး၍ရနိုင်သော ရေအိုင်၊ ရွံ့အိုင်ကို ရှာနေလိမ့်မည်။ ထို့ကြောင့် လူစုခွဲရှာကြမည်ဟု အကြံပြုသဖြင့် လူစုခွဲရှာကြသည်။ သေနတ်ပါသော စိန်တောက်နှင့် ဘထီးတို့က ကြွတွေ့လျှင် ချက်ချင်းပစ်နိုင်အောင် တစ်ယောက်တစ်နေရာစီ လူခွဲလိုက်ကြသည်။

နောက်မှသိရသည်မှာ ယခု သူတို့ လိုက်လာကြသော ကြွကောင်မှာ ကြွလင်မယားစုံတွဲထဲက တစ်ကောင်ကောင်မဟုတ်။ ဤကျောက်ဆောင်နားတစ်ဝိုက်



www.burmeseclassic.com

www.burmeseclassic.com

တွင် ကျက်စားနေသော ကြွတစ်ကောင်သာ ဖြစ်၏။ ထိုကြွကောင်သည် သူနှစ်စဉ်နှစ်တိုင်း သောက်စားနေကျ ကျောက်သွေးကျင်းကို လှည့်သွားသဖြင့် ထိုကျောက်သွေးကျင်းဘက်က ခွာလာသော ကောင်ထီးကြွတစ်ကောင်သာ ဖြစ်သည်။

သို့သော် . . . ကြွလိုက်မုဆိုးစစ်စစ်မဟုတ်ကြသော ဝလွန်စွန့်ခေါင်သူကြီးနှင့် နာဂမုဆိုးတွေမှာ သူတို့လိုက်လာကြသော ကြွလင်မယားထဲက တစ်ကောင်ကောင်သာ ဖြစ်ရမည်ဟု မှားယွင်းစွာထုံးဖြတ်ခဲ့ကြခြင်း ဖြစ်သည်။ ကျောက်သွေးကျင်းကို ပိုင်ဆိုင်ထားကြသော နာဂတွေကလည်း သူတို့ပတ်ဝန်းကျင်တွင် ကြွဆင်ကြီးတစ်ကောင် ရှိနေသည်ကို မသိကြ။ သိသာသိလျှင် သူတို့လည်း ထိုကြွကို လိုက်ကြမည်သာ ဖြစ်၏။

အမှန်တကယ်သာ ဝါရင့် ကြွလိုက်မုဆိုးတစ်ယောက်ယောက်သာ ဆိုပါက ကြွ၏ ခြေရာကို တွေ့သည်နှင့် ဤကြွသည် သူလိုက်လာသော ကြွဟုတ်၊ မဟုတ်ကို ခြေရာတွေ့ရုံနှင့် သိနိုင်သည်။ ကြွကို ကြွဆင်၊ ကြွသူတော်၊ ကြွရှောခေါ် ဝက်ကြွဟု အမျိုးအစားခွဲခြား၍ သတ်မှတ်ထားကြသည်။ တိုင်းပြည်နေရာဒေသကိုလိုက်၍လည်း အိန္ဒိယကြွကြီး၊ ဂျဗားကြွ၊ စုမတြာကြွဟု ဒေသစွဲနှင့် ခေါ်ကြမြန်သည်။

ခွာစုံ၊ ခွာမစုံ ခွဲခြားကြရာ၌ ကြွသည် ခွာမစုံဟိရုစ္စာန်တဲ ပါ၏။ ကြွများတွင် ရှေ့ခြေ၊ နောက်ခြေ တစ်ချောင်းစီ၌ ခွာငယ်သုံးခုစီ ပါရှိသည်။ ကြွသူတော်၌မူ ရှေ့ခြေတစ်ချောင်းစီ၌ ခွာငယ်လေးခုစီနှင့် နောက်ခြေတစ်ချောင်းစီ၌ ခွာသုံးခုသာ ပါရှိလေသည်။

ယခင်က မြန်မာနိုင်ငံ အနှံ့အပြားတွင် ကြွဆင်၊ ကြွသူတော်၊ ကြွရှော သုံးမျိုးစလုံးကို တွေ့ရှိခဲ့ကြကြောင်း မှတ်တမ်းတင်ခဲ့ကြသည်။ ယခုကာလ တောတောင်ရေမြေကိုကြည့်ပြီး ပုပ္ပားတောင်တစ်ဝိုက်၌ ကုန်လွန်ခဲ့သော ရာစုနှစ်တစ်ခုက ကြွများကျက်စားရာ ဒေသဟုဆိုလျှင် ယုံတမ်းစကားလိုပင် ဖြစ်ကောင်းဖြစ်ပေမည်။

၁၉၀၈ ခုနှစ်တွင် ဗြိတိသျှအစိုးရက ထုတ်ဝေခဲ့သော ဂေဇက်တီးယားအရ ကြွကောင်များကို ပုပ္ပားတောင်တစ်ဝိုက်၌ တွေ့ရှိခဲ့သည်ကို ဂေဇက်တီးယား၌ ဖော်ပြခဲ့သည်။ ၁၉၃၀ ပြည့်နှစ်က ကျွီစီရောဘာရစ်သည် လုံးဝမတွေ့ရတော့ဟု ဖော်ပြခဲ့၏။

မြန်မာနိုင်ငံ၌ တစ်ခါက အလွန်ပေါများခဲ့သည့် စုမတြာကြွများနှင့် ပတ်သက်သော မှတ်တမ်းတစ်ခုတွင် . . .

ယခု ရန်ကုန်မြို့ရှိ ဆူးလေဘုရားနားက ဗန္ဓုလပန်းခြံကို ယခင်ကိုလိုနီခေတ်က 'ဖိုက်ချ်စကွဲယား'ပန်းခြံဟူ၍ သူ့အမည်နှင့် အမည်နာမ သတ်မှတ်ခံခဲ့ရသူ ဒုတိယမိုလ်မှူးကြီးဟောင်းနှင့် ဗြိတိသျှ–မြန်မာနိုင်ငံအငြိမ်းစားကော်မရှင်နာ မင်းကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ အယ်လ်ဘတ် ဖိုက်ချ်(စီအက်စ်အိုင်)က ၁၈၇၉ ခုနှစ်တွင် 'မြန်မာနိုင်ငံ အတိတ်ပစ္စုပ္ပန်'အမည်ဖြင့် သူကိုယ်တိုင်ရေးသားခဲ့သော စာအုပ်၏ ပထမတွဲတွင် –

ကျွန်ုပ်တော်သည် လေးနှစ်ကြာပြီးသည့်ကာလ စစ်တပ်မှ ထွက်ပြီး ရခိုင်ဂေါ်မှုရှင်သို့ ဝင်ခဲ့ပါသည်။ တစ်နည်းဆိုရသော် ကျွန်ုပ်တော်သည် စစ်တပ်မှထွက်၍ ပြည်သူ့ဝန်ထမ်းဘဝသို့ ပြောင်းရွှေ့ကာ နယ်ဘက်ရာထူးတွင် တာဝန်ထမ်းဆောင်ခြင်း ဖြစ်ပါသည်။ ၁၈၄၆ ခုနှစ်တွင် ကျွန်ုပ်တော့အား အရေးပိုင်ရာထူးသို့ တိုးမြှင့်ခြင်းခံရပြီး သံတွဲခရိုင်ကို အုပ်ချုပ်စေခဲ့ပါသည်။ သံတွဲသည် အတွင်းပိုင်းကျသော မြို့ဖြစ်၍ ထိုမြို့မှာပင် ကျွန်ုပ်တော်သည် ပထမဦးဆုံး ကြွတစ်ကောင်ကို ပစ်

ရရှိပါသည်။

ကျွန်ုပ်တော်သည် ဒေသခံ မု
တစ်ဦး၏ အကူအညီနှင့် ညသန်းခေါ
တွင် အိမ်ကထွက်ခဲ့ကြပါသည်။ 
သည် ပိန်းပိတ်အောင်မှောင်ပြီး နှက်
နေပါသည်။ ကျွန်ုပ်တော်တို့ လက်နှိပ်
မီးအကူအညီနှင့် လာကြပါသည်။ 
တော်တို့ သတ်မှတ်ထားသောနေရာ
ရောက်ရှိကြသောအခါ လက်နှိပ်ဓာတ်
ကို ပိတ်ပြီး အရုဏ်ဦးကို စောင့်မျှော်
ကြပါသည်။ ရောင်နီရဲရဲထွက်လာ
အခါ ကြီးမားသော ကြွကြီးနှစ်ကော
မျက်နှာချင်းဆိုင်ဆီက လာနေကြသ
ကို တွေ့ရသည်။

ပထမအကောင်ကြီးသည် 
တော်နှင့် ၃၀ လှမ်းမျှသာ ကွာလှမ်
သည်။ ကျွန်ုပ်တော်သည် ညာဘက်
က မှိုင်ဝ ၄၅၀ ဂျက်ဖရီး နံပါတ်–၂ မှ
ရိုင်ဖယ်ကြီးကို အသင့်ချိန်ပြီး ဖိုင်းခနဲ
ချက်တိတိ မြိုင်မြိုင်ဆိုင်ဆိုင် ပစ်လိုက်
သည်။ ကြွတစ်ကောင်မှာ လွတ်မြော
သွား၍ တစ်ကောင်မှာ တုံးလုံးပက်လ
နှင့် ကျဆုံးနေသည်ကို တွေ့ရပါသ

နောက်ထပ် ကျွန်ုပ်တော်ကိုယ်
ပင် ဂျဗားကြွတစ်ကောင်နှင့် စုမတြာ
တစ်ကောင်ကိုလည်း ပစ်ခဲ့ပါသည်။ 
ဒေသအတွင်း ကြွကောင်များ ပေါမျာ
သွားလာလှုပ်ရှားမှုများကိုလည်း 
သည်။ ဘူမိဗေဒပါမောက္ခ ဒိုလဒ်
မြိတ်ခရိုင်တောတွင်း တစ်နေရာ၌ 
ချ၍ ဘူမိဗေဒတိုင်းတာမှုများ ပြုလုပ်
စဉ် ကြွကောင်များသည် သူ၏စခန်း
လာရောက်၍ စခန်းရှိ မီးပုံကြီးအား 
စဉ်သွားအောင် ဖျက်ဆီးခဲ့သည်ကိုလ
ဖော်ပြခဲ့သည်။ ဤအခြင်းအရာသ
လွန်ခဲ့သော နှစ်တစ်ရာကျော်၊ နှစ်ရာ
က မြန်မာနိုင်ငံ၌ ကြွကောင်များ ပေါ



www.burmeseclassic.com

www.burmeseclassic.com

သည့် သက်သေသာဓကများပင်။

ယခုအခါ မြန်မာနိုင်ငံ၌ ကြံကောင်းသည် နာဂတောင်တန်းပေါ်၌သာ ရှားပါးပါး ရှိတော့သဖြင့် နာဂတောင်တန်းပေါ် တာဝန်ဝတ္တရားနှင့် မလွှဲပသွေ နေချိန်တွင် ကြုံတော့ကြုံခဲ့လှသော လွန်စွန်ခေါင် နာဂသူကြီးတို့ အဖွဲ့နှင့် ပြစ်လိုက်လာကြသော စိန်တောက်တို့ ည်စောင့်ရဲနှစ်ယောက်မှာ နာဂမုဆိုး၏ ရာအတိုင်း တစ်ယောက်စီခွဲ၍ ကြံရှာ ိုက်နေကြ၏။

ထိုသို့ နှစ်ယောက်တစ်တွဲ လမ်းခွဲ နေကြရာ ကြံတွေ့၍ ကျူမှုတ်အချက် သံကို မကြားရဘဲ ဘက်ထီး၏ . .

"ဟိုင်း . . ဟိုင်း . . . အမယ်လေး သး . . လုပ်ကြပါဦး၊ ကယ်ကြပါဦး"

ဟု အထိတ်တလန့် အော်နေသံကို ကြားလိုက်ရသဖြင့် စိန်တောက်နှင့် တာ နီတွဲကျနေသော နာဂတစ်ယောက်တို့ သံကြားရာသို့ ပြေးလိုက်သွားကြရာ ည်သို့ဖြစ်သည်မသိ။ ဘက်ထီးမှာ ခြေ တာက်နှစ်ချောင်း ပိုးပေါ်ယောင်ကာ က်နှစ်ဖက်ကလည်း ရရာမိရာ သစ် ် သစ်ကိုင်းတွေကို လှမ်းယမ်းဆွဲကိုင် း အော်ဟစ်နေသည့်ကို လှမ်းမြင်လိုက် ၏။

စိန်တောက်က ဘက်ထီးအနားသို့ ရောက်မီမှာပင် ဘက်ထီးနှင့် အတူတွဲ ပြီး ကြံခြေရာလိုက်ရှာနေသော နာဂ ြီးက ဘက်ထီးအနားသို့ စိန်တောက်တို့ တ် အမြန်ရောက်နှင့်နေပြီး ဘက်ထီး၏ င်နှစ်ဖက်ကို ကလေးတစ်ယောက်အား ်းက ကောက်ချီမ,ထားသလို မ,ထား း တသိမ့်သိမ့်ရယ်နေသည်။

အချင်းချင်း တောထဲတောင်ထဲ ယ်လိုနောက်ပြောင်နေကြပါလိမ့်ဟုသော ်တောက်၏ အတွေးအဆုံးမီ စိန် တာက် ပြေးလိုက်ရောက်လာသည့်ကို

မြင်သွားသော ဘက်ထီးသည် ခေါင်း အောက်စိုက်နှင့် တွဲလောင်းကြီးဖြစ်နေရာက –

"ဆာ . . . ဆာဂျင့်ကြီး၊ ကယ်ပါဦး၊ ကယ်ပါဦး။ မြန်မြန်လုပ်ပါဦး"

ဟု အော်လိုက်ပြန်၏။

ဘက်ထီး၏ အင်္ဂလိပ်ဖိုင်ဖယ် ခေါင်းဘုံးကြီးကို မမြင်ရသဖြင့် စိန်တောက်က လန့်သွားသည်။ သွားရင်းလာရင်း ကြံခြေရာရှာကြရင်း စကားများရန်ဖြစ်ပြီး သူ့သေနတ်ကို နာဂတစ်ယောက်ယောက်က လုပြေးသွားလေသလားအထင်နှင့် –

"မင်း . . . မင်းသေနတ်ကော"

ဟု ကမန်းကတန်း မေးလိုက်ရ၏။

နာဂတစ်ယောက်က ချိုင်းကမ,ထားသော်လည်း တွဲလောင်းကြီးပင် ရှိနေသေးသော ဘက်ထီးက မြေပြင်တစ်နေရာကို လက်ညှိုးထိုးပြ၏။ မြေပြင်တစ်နေရာတွင် ဘက်ထီးသေနတ်ကို မြင်ရတော့မှ စိန်တောက်မှာ သက်မ ချနိုင်လိုက်သည်။

တော်သေး၏။ ဤရလို သေနတ်ကို မုဆိုးမောင်းလျှော့လုပ်မလာ၍။ မုဆိုးမောင်းလျှော့သာ လုပ်လာလျှင် သေနတ်က ကျည်ထွက်ပြီး တစ်ယောက်ယောက်ကို မှန်နိုင်သည်။

ဘက်ထီးကသာ 'ကယ်ပါ၊ ကူပါ' ဟု အထိတ်တလန့် အော်နေသော်လည်း သူ့ကို ချိုင်းနှစ်ဖက်က မ,ကိုင်ထားသူ နာဂနှင့် စိန်တောက်တို့ အတူတွဲလာသူ နာဂကလည်း ချက်ချင်းပြေးရောက်လာပြီး ဘက်ထီးအဖြစ်ကို မြင်လိုက်ရသောအခါ ခွက်ထိုးခွက်လန် ရယ်ပြန်တော့သည်။ နာဂနှစ်ယောက်မှာ သူတို့ဘာသာနှင့် ပြောပြီး တခစ်ခစ်ရယ်နေကြသည်။

မိုးပေါ် ခြေထောက်နှစ်ဖက်ထောင်၍ တွဲလောင်းကြီးဖြစ်နေကာ ငအော်ဟစ် အကူအညီတောင်းနေသော ဘက်ထီးကို သူကြီးကလည်း နာဂဘာသာနှင့် သူ့လူ

များကို ဆဲဆိုကာ အရယ်တစ်ဝက်နှင့် တွဲလောင်းကြီးဖြစ်နေသော ဘက်ထီး၏ ခြေနှစ်ချောင်းပေါ် ခုန်ပြီး သစ်ကိုင်းတစ်နေရာကို ဓားနှင့် ခုတ်ပစ်လိုက်၏။

ထိုအခါမှ ဘက်ထီး၏ ခြေနှစ်ဖက်မှာ မြေပေါ်ကျလာသည်။ ထိုအခါမှ ဘက်ထီးအား ချိုင်းက မ,ကိုင်ပေးထားရသူ နာဂနှစ်ယောက်မှာလည်း မြေပေါ် ဖင်ထောင့်ချထိုင်လိုက်ကာ နောက်ရောက်လာသူများကိုပြောရင်း ခွက်ခိုးခွက်လန် ရယ်နေကြပြန်၏။

ဘက်ထီးကို တစ်နည်းနည်းနှင့် နောက်နေကြသည်လားထင်ပြီး စိန်တောက်မှာ နာဂတွေကို ကျွဲမြီးတိုသွားသည်။

ကြံခြေရာကို အရေးတကြီးရှာနေကြစဉ် နောက်ရောလားဟုလည်း ဒေါသထွက်မိ၏။ နောက်တော့မှ နာဂတစ်ယောက်က ဘက်ထီး၏ ခြေတစ်ဖက်တွင် လက်မခန့်အလုံးရှိသော ကြိုးတစ်ပင်ကို ဖြုတ်ပေးလိုက်တော့မှ နောက်နေကြခြင်းမဟုတ်ဟု သိရ၏။

"မင်းဟာက ဘယ်လိုဖြစ်တာလဲ ဘက်ထီးရာ"

"ဘယ်လိုဖြစ်လဲဆို ကျွန်တော်လည်း ကြံခြေရာကို တွေ့လိုတွေ့ငြား ဟိုကြည့်ဒီကြည့်နဲ့ သွားနေရင်းက မြန်းဆို ခြေထောက်တစ်ဖက်က မူခနဲ ဖြစ်သွားပြီး လူလည်း မိုးပေါ်လွင့်တက်သွားပြီး ချက်ချင်း တွဲလောင်းကြီးဖြစ်သွားတာ။ လန့်လိုက်တာဗျာ။ သေပြီအောက်မေ့တယ်။ ဒီမှာတွေ့လား ဆာဂျင့်ကြီး၊ နာဂသုတ်ကိုင်းမိတာဗျ . . ."

ဘက်ထီးသည် နာဂတစ်ယောက် ဖြုတ်ပေးလိုက်သော သူ့ခြေမျက်စိအထက်က နေရာကို လက်နှင့်ကိုင်ပြပြီး ပြော၏။ ထိုအချိန်ထိ နာဂများကား တဟားဟား တဟီးဟီး ရယ်နေကြတုန်း။ သူကြီးက



www.burmeseclassic.com

www.burmeseclassic.com

အော်ဆဲလိုက်တော့မှ ပျက်နှာပိုးသတ်သွားကြ၏။

နာဂတို့၏ ကျောကွင်းသုတ်ကိုင်းမှာ အတော်ကြောက်စရာကောင်းသည်။ ခြေသလုံးကြွက်သား သာသာရှိသော သစ်ကိုင်းကို သုံးလေးယောက် တွဲမိုဆွဲညွတ်၍ လက်မနီးပါးရှိသော လျှော်ကြိုးသစ်စေးကိုက် ကျောကွင်းကို ထောင်ထားကြသည်။ တိရစ္ဆာန်များမသိ၊ မမြင်၊ မရိပ်မိအောင် သစ်ရွက်သစ်ခက်တွေနှင့် ဖုံးဖိ၍ ကျောကွင်းကို ထောင်ဖက်ထားကြသည်။ သူတို့ကမူ သူတို့နာဂစလေ့ပို့ သိ၍ မြင်၍ ရှောင်သွားနိုင်ကြသော်လည်း ဘက်ထီးကမူ မသိ၍ သုတ်ကိုင်းခလုတ်ကို နင်းမိလိုက်ရာ ခလုတ်ပြုတ်ပြီး ခြေထောက်တစ်ဖက်ကို သုတ်သွင်းမိကာ လေထဲခုန်တက်ပါသွားသည်။ လူမှာ ခြေထောက်တစ်ဖက်ကို ကျောကွင်းမိပြီး လေထဲ သစ်ပင်အောက်တွင် တွဲလောင်းကြီး ရွှေစွန်ညိုဝဲနေခဲ့သည်။ ဤသုတ်ကိုင်းမှာ မိလျှင် လူသာမဟုတ်၊ ဝက်၊ ချေ၊ ဆတ်၊ ပြောင်၊ ဒရယ် စသည့် သားကောင်များလည်း ယခုသစ်ပင်အောက်တွင် ဘက်ထီး ရွှေစွန်ညိုဝဲသလို ဝဲနေတတ်သည်ဟု ဆို၏။ ဗိုင်နှင့် ပြောင်တို့ပင် ခြေထောက်မြေပေါ်မကျဘဲ တွဲလောင်းကြီးဖြစ်နေတတ်သည်ဟု သိရပြန်သည်။

သူ့ကိုကြည့်၍ ရယ်ပွဲဖွဲ့နေကြသော နာဂများကို ဘက်ထီးက စိတ်ဆိုးဆိုးနှင့် ဆဲဆိုလိုက်ခါမှ နာဂတွေ ပိုပြီးအူနှိပ်ရယ်ကြပြန်သည်။ နာဂလိုလည်း ပြော၍ ရယ်ကြပြန်၏။ ထိုအခါ သူကြီးကပါ ရယ်တော့ရာ စိန်တောက်နှင့် ဘက်ထီးတို့မှာလည်း ထိုအခါကျမှ သူတို့ကို ကြည့်၍ ရယ်နိုင်ကြတော့၏။ နောက်တော့ သူတို့နာဂဘာသာနှင့်ပြောသည်မှာ ''ဒီခုသုတ်ကိုင်းမိတဲ့ ဝက်တောင်းကြီးကို ရှာရောက်မှ ပေါ်ကြရအောင်''ဟု နောက်ပြောပြီး ရယ်နေကြသည်ဆို၏။

''ပျက်စီပျက်နှာပျက်ဖြစ်နေသော ဘက်ထီးကိုကြည့်ပြီး နာဂတွေက ရယ်ကြလေ ဘက်ထီးက ''ဒါရယ်စရာလားကွ။ မအေ . . နမ''ဆဲလေ နာဂတွေက ရယ်ကြလေနှင့် ထိုအခါ စိန်တောက်နှင့် ဘက်ထီးတို့မှာလည်း တစ်ခါ သူတို့ကို ကြည့်ပြီး ထပ်ရယ်ကြရပြန်၏။ သူကြီးကမူ လူကြီးပီပီ ဣန္ဒြေနှင့် နောက်ကို သတိထားရန်ပြောပြီး ဘက်ထီးအား သူ့ခေါင်းရည်ဘူးကို လှမ်းကမ်း၍ အမောပြေ ခေါင်းရည်ကိုက်သည်။

အချိန်မှာလည်း နေမွန်းတိမ်းစပင်ရှိနေလေရာ အားလုံးအမောပြေ ခေါင်းရည်ကို အာသွတ်ရှုံသောက်ပြီး ကျွဲရိုင်းသားကျပ်တိုက်ကို တစ်ယောက်တစ်ပြောင်း ဝါးကာ နားကြ၏။ ခဏနားပြီးသောအခါ သူကြီးက သူတို့၏ ခေါင်းရည်ဘူးတွေကိုလည်း ရေဖြည့်ကြရန်အတွက် စမ်းချောင်းနားကို သွားကြရမည်ဟု ပြော၏။

စမ်းချောင်းနားဆင်းရန် နာဂတွေအားလုံး ထကြသောအခါ စိန်တောက်နှင့် ဘက်ထီးတို့ကလည်း ထလိုက်ကြရသည်။

''ဘက်ထီး . . . မင်းလျှောက်နိုင်ပါ့မလား။ မလျှောက်နိုင်ရင် ဒီကောင်တွေကို ကုန်းပိုးခေါ်ဖို့ ပြောရမလား''

''လျှောက်နိုင်ပါတယ် ဆရာကျင်။ တောစီးဖိနပ် ဝတ်လာမိလို့သာပျ။ နို့မို့ နာဂကျောကွင်းက အသားထဲတောင် မြုပ်ဝင်သွားမလား မသိဘူး။ စည်းလိုက်တာ''

ဟု ဆို၏။

သုတ်ကိုင်းလျှော်ကြိုးမှာ လက်သန်းသာသာရှိ၍သာ တော်သေး၏။ ကြိုးသာသေးလျှင် ဘက်ထီးပြောသလို တောစီးဖိနပ်ကို ရှပြီး အသားထဲပင် နစ်ဝင်သွားမလားမသိပေ။

စမ်းချောင်းနားကို ဆင်းလာကြတော့မှ ပို၍ကြောက်စရာကောင်းသော နာဂတို့၏ ထောင်ချောက်မျိုးစုံကို တွေ့ကြရသည်။ ဝါးဆူးတွေကို မြည့်နေအောင် ချွန်၍ တောတိရစ္ဆာန်များ ရေသောက်ဆင်းရာလမ်းတွင် မောင်းခလုတ်တွေဆင်၍ ထောင်ထားကြသည်က တစ်မျိုး။ သုတ်ကိုင်း။ နင်းကိုင်း။ ထိုးကိုင်းအပြင် အလျားနှစ်တောင်သုံးတောင်၊ အနံတစ်တောင်ကျော်ရှိသော ဝါးလုံးတွေကို ကြိမ်နွယ်တို့ဖြင့် စီကွပ်တုပ်နှောင်ပြီး ဝါးလုံးများအောက်ဘက်တွင် ဝါးဆူးချွန်များကို ထိုးစိုက်ထားကြသည်။ အပေါ်၌မူ ကျောက်ခဲအလေးကြီးများကို ငုတ်ရိုက်ကာ ခိုင်ခိုင်ခံ့ခံ့ ချည်ထားသည်။ ရှေ့ဘက်ကို အမြင့်တစ်တောင်၊ နှစ်တောင် မ,ဟထားပြီး အောက်မြေပြင်တွင် နင်းတန်းနှင့် ထောက်တန် ဗိခလုတ်ကို ဆင်ထားသည်။ ထိုထောင်ချောက်ထဲ သားကောင်ဝင်လာပြီး နင်းတန်းကိုနင်းမိသည်နှင့် ခလုတ်မောင်းပြုတ်ကာ သားကောင်ကျောကုန်းကို အပေါ်က ကျောက်ခဲကလေးနှင့် ဗိထိုးလိုက်သလို ဝါးဆူးတွေက အပေါ်အလေးနှင့် ဖောက်ဝင်သွားပြီး သားကောင်မှာ ပိပြားပြီး ထောင်ချောက်ထဲ မိနေပေမည်။

ထို့နောက် ပို၍အသည်းယားစရာကြောက်စရာကောင်းသည်မှာ 'ဂျမ်း'ခေါ် ထောင်ချောက်တစ်မျိုးပင်။ တောတိရစ္ဆာန်များ အရိပ်ခိုတတ်သော သစ်ပင်များအောက်တွင် ဂျမ်းမိုန်းကြီးများကို ထောင်ထားကြသည်။ ယင်းမိုန်းကြီး အချွန်သည် တောတိရစ္ဆာန်များ၏ ရင်ဝကိုချိန်ပြီး တစ်နေရာက ကြိုးနှင့်ဆွဲလိုက်လျှင် သားကောင်၏ ရင်ဝတည့်တည့်ကို မိုန်းကြီးက ထိုးဖောက်ဝင်သွားပေမည်။ သို့မဟုတ် ထိုဂျမ်းခလုတ်ကို နင်းမိလျှင်သည်၊ ထိုနည်းလည်းကောင်း ရင်ဝတည့်တည့်ကို စူးဝင်နိုင်သည်။ အကယ်၍ လူဆိုလျှင်မှ



www.burmeseclassic.com

www.burmeseclassic.com

ဆီးခုံအင်္ဂါကို တည့်တည့်စိုက်ဝင်သွားနိုင်သည်။

ဤသည်တို့ကို စမ်းချောင်းဆင်းလမ်းတစ်လျှောက်တွင် ဟိုမှာ သည်မှာ ဗဲယာနှစ်ဖက်တို့၌ မြင်နေရလေရာ စိန်တောက်နှင့် ဘက်ထီးတို့မှာ အသည်းထိတ်လာကြသဖြင့် နာဂတွေရှေ့ ခြေတစ်လှမ်းပင် မကျူးဝံ့ကြတော့ဘဲ နာဂများ၏ ခြေရာကို နင်းပြီး နောက်ကသာ လိုက်လာရဲကြရတော့သည်။

သူကြီးတို့အဖွဲ့က ဝါးကျည်တောက်တွေ ခုတ်ဖြတ်ပြီး ရေခွေးကြိုကြ၏။ ထိုဝါးကျည်တောက်ထဲက ရေပွက်ပွက်ဆူကို ခေါင်ဘူးထဲ ထည့်ဖြည့်ကြသည်။ စိန်တောက်တို့အား ထမင်းချက်လိုက ချက်နိုင်သည်ဟု ပြောသဖြင့် စိန်တောက်နှင့် ဘက်ထီးတို့က ယနေ့မှ ထမင်းချက်စား ဖြစ်ကြသည်။ သူတို့နှစ်ယောက်မှာ ဆန်တစ်ယောက်တစ်ပြည့် ပါလာကြရာ သူကြီးတို့အဖွဲ့အား တစ်ဝက်စီနီးပါးကို ပေးလိုက်ကြသည်။ ဝါးကျည်တောက်ဖြတ်၍ ဆန်မဆေး ထမင်းရည်မငှဲဘဲ ကျိုချက်ကြသည်။ ထိုဆန်ထမင်းကို သူတို့မစားဘဲ ခေါင်အိုးတွေထဲ မျှထည့်ကာ ကျွဲရိုင်းသားကျပ်တိုက်နှင့် ခေါင်သောက်၊ ခေါင်ဖတ် လုပ်စားကြသည်။

ထိုသို့ အေးအေးလူလူ ချက်ပြုတ်စားသောက်နေကြချိန်မှာပင် ဘယ်က ဘယ်လို ပေါ်လာကြသည်မသိ။ အိန္ဒိယပုလိပ်တစ်ယောက်နှင့် နာဂမှုဆိုးနှစ်ယောက်တို့သည် သေနတ်ကိုယ်စီနှင့် သူတို့ရှေ့ လာရပ်ကြ၏။

အိန္ဒိယပုလိပ်မှာ နာဂစကားလည်း အတော်အသင့် ပြောဆိုတတ်ပုံရ၏။ သူကြီးတို့အဖွဲ့ကို နာဂလို မေးနေသည်။ သူကြီးနှင့် သူတို့ ခဏပြောဆိုကြပြီး အိန္ဒိယပုလိပ်က စိန်တောက်ကို စေ့စေ့ကြည့်ကာ အင်္ဂလိပ်အသံထွက် မပီမသနှင့် ဟောက်တော့၏။

''အာယူ အေ ဂါဘာမင့် ဆာဗစ် ဒုန်းယူနိုး။ ယူအာ နော့တူကဲလ် ရိုင်နို ဆာရပ်စ်''

သူကြီးက အမှန်အတိုင်း ကြွပစ်ရန် လာကြသည်ဟု ပြောလိုက်ပုံရ၏။ ထို့ကြောင့် အိန္ဒိယပုလိပ်က သူ့ကို ''ခင်ဗျား အစိုးရဝန်ထမ်း ဖြစ်နေပြီ။ ကြွသတ္တဝါကို မသတ်ရဘူးဆိုတာ မသိဘူးလား''ဟု ဟောက်လိုက်မှန်း သိ၏။ ထို့ကြောင့် အိန္ဒိယပုလိပ်ကို စိန်တောက်ကလည်း တတ်သရွေ့ မှတ်သရွေ့ အင်္ဂလိပ်ဗရုကင်းနှင့် ပြန်အော်လိုက်၏။

''အင်အာဝါ ဗားမားလော၊ ဝီ ဟက်ပ်ဗ်တူအောဆာစ်မင်နီ ရိုင်နိုဆာရပ်စ အင်းဒီဖော်ရက်စ် ဝီအာကမ်းဟီးယား နော့တူကဲလ်ဒမ် ဝီအာဆပ်ချင်း အာဝါ ပိုင်နိုဆာရပ်စ်၊ ရစ် ရိုင်နိုဆာရပ်စ် အော့ရမ်း အဝေး ဖဟောင်းအာဝါကမ်းထရီး အင် အခရော့စ် ဒီခက်ဒ်''

''ငါတို့ ကြွပစ်ဖို့လာတာမဟုတ်ဘူး။ ဒီတောတောင်ထဲမှာ ကြွဘယ်နှကောင်ရှိလဲဆိုတာ သုတေသနလုပ်နေတာ။ ကြွကိုမသတ်ရဘူးဆိုတာ ငါတို့မှာလည်း ဥပဒေရှိတယ်။ ခု ဒီ ငါတို့လိုက်လာကြတဲ့ ကြွဟာ ငါတို့နိုင်ငံက ပြေးလာတဲ့ ကြွပဲ''

ဟု ခပ်တည်တည်နှင့် ပြန်အော်လိုက်၏။

စိန်တောက် ပြန်ပြောလိုက်သည်ကို အိန္ဒိယပုလိပ်က တကယ်ထင်သွားပုံရ၏။ ထိုပုလိပ်မှာ ကော်ပဒါသာဖြစ်သဖြင့် စိန်တောက်ကို ဆလုရိုက်ကာ သူ့လူတွေကိုခေါ်ပြီး ထွက်သွားကြသည်။ သူတို့ထွက်သွားကြတော့မှ စိန်တောက်တို့မှာ သက်မ,ချနိုင်ကြတော့သည်။

ကြွလင်မယားတစ်စုံကို သူတို့လိုက်လာကြသည်မှာ သုံးရက်တစ်ညရှိပြီ။ ကျောက်ဒေသွးကျောက်တောင်ကြီးများရှိရာထဲတွင် ကြွလင်မယားခြေရာက ပျောက်သွားပြီ။ တစ်ကောင်သော ခြေရာကိုသာ တွေ့ကြရတော့သည်။ ဤကြွမှာလည်း ကြွလင်မယားထဲက တစ်ကောင်ကောင် ဖြစ်ပုံမရ။ အိန္ဒိယနယ်ထဲက ကြွတစ်ကောင်ကောင်ကိုတွေ့၍ ပစ်သတ်ကြလျှင် စောစောက အိန္ဒိယပုလိပ်တို့အဖွဲ့နှင့် ပြဿနာဖြစ်လာနိုင်သည်။ အိန္ဒိယနယ်ထဲကို သူတို့ရောက်နေပြီ။

ဤအနီးအနားတစ်ဝိုက်တွင် သူတို့ကို မသက်သော အိန္ဒိယပုလိပ်နှင့် နာဂမုဆိုးနှစ်ယောက်မှာ တောလိုက်အမဲပစ်၍ ပတ်ဝန်းကျင်တွင် ရှိနိုင်သေးသည်။ ဘက်ထီးနာဂ သုတ်ကိုင်းမိ၍ ဒုက္ခရောက်ခဲ့ရသလို စိန်တောက်နှင့် ဘက်ထီးတို့မှာ နာဂတွေထောင်ထားသော ဂျမ်းထောင်ချောက်တွေကို ကြောက်လာကြသည်။ ကြွကို စလိုက်လာကြစဉ်က ဝေလွန်စွန်ခေါင် မုဆိုးအိုကြီးကလည်း ''ခုလောက်ဆို ကြွက ဟိမဝန္တာကို ရောက်သွားလောက်ပြီ၊ မင်းတို့ကြွတော့ ရမှာမဟုတ်ဘူး။ ကြွချေးပဲရမှာ''ဟူသော စကားကိုလည်း သတိရမိသွားရာ စိန်တောက်က သူကြီးကို ပြောရတော့၏။

''သူကြီး . . . ဒီနေရာက တို့မြန်မာပိုင်နယ် မဟုတ်တော့ဘူး။ အိန္ဒိယပိုင်နယ်နိမိတ်ကို ရောက်နေကြပြီ။ ဒီမှာ ကြွတွေကိုလည်း ပစ်သတ်မရတော့ဘူး။ ကြွသတ္တဝါဆိုတာ ရှားပါးတိရစ္ဆာန်ဆိုတော့ ကြွကို အသေပစ်သတ်ရင် ဥပဒေအရ အရေးယူခံရမယ့်အပြင် အိန္ဒိယပုလိပ်အဖွဲ့နဲ့လည်း ထပ်ပြီးပြဿနာဖြစ်နိုင်တယ်။ ဒီတော့ ပြန်ကြတာပဲ ကောင်းပါလိမ့်မယ်။ တို့ ခု နင်းထားတဲ့မြေဟာ အိန္ဒိယပိုင်မြေ ဥပဒေအရ ကျူးကျော်မှုနဲ့လည်း တရားစွဲနိုင်တယ်''

ဟု စိန်တောက်က အမှန်တစ်ဝက်၊



www.burmeseclassic.com

www.burmeseclassic.com

မြိမ်းခြောက်တစ်ဝက်နှင့် ပြောလိုက်ရာ နာဂသူကြီးက သူ့လူတွေကို နာဂဘာသာနှင့် ရှင်းပြပုံရသည်။ နာဂတို့မှာ ဥပဒေကို အလွန်လေးစားကြသူတွေ ဖြစ်သဖြင့် မြန်ရန် အများကလည်း သဘောတူကြသည်။ နှစ်ယောက်လောက်ကမူ သိပ်သဘောတူကြပုံမပေါ်။ ကြောက်စရာမရှိ။ အိန္ဒိယပုလိပ်တို့အဖွဲ့ကိုလည်း ကြောက်စရာပလို။ ဤကြိမှာ သူတို့ပိုင်၊ မြန်မာပိုင်နယ်က သူတို့လိုက်လာကြသော ကြိုမို ပြဿနာမဖြစ်နိုင်။ ဖြစ်လျှင်လည်း မကြောက်ဟု ဆို၏။ သူတို့က သုံးယောက်၊ တို့က ခုနစ်ယောက်။ သူတို့က သေနတ်တစ်လက်၊ ငါတို့က သေနတ်နှစ်လက်၊ သူကြီးကြောက်သလားဟု ပြောပုံရသည်။

ဤသည်ကို သူကြီးက နာဂတို့၏ ဓလေ့ထုံးတမ်းစဉ်လာကို သူတို့လိုက်နာကြရသလို အစိုးမင်းနှစ်ပါး၏ ပြုလုပ်သဘောတူထားသော ဥပဒေကိုလည်း လေးစားလိုက်နာကြရမည်၊ သူ့မှာ အစိုးရက ခန့်အပ်ထားသော သူကြီးဖြစ်သည့်အပြင် အစိုးရခန့် ကျအောင်းမင်း(လေးစားရမည့်သူ)နှစ်ယောက်လည်း ပါသဖြင့် သူတို့စကားကို နားထောင်ပြီး ပြန်ကြမည်ဟု ဖျောင်းဖျပြောဆိုယူရသည်။

ပြန်ရန်သဘောတူပြီး လူစုနှစ်စု ခွဲကြသည်။ တစ်စုက ကြံကြီးပွေ့ခတ်သွား၍ သေကျန်ခဲ့သော ကျွဲခေါင်းကို ပြန်မရူရန် သွားကြမည်။ သူကြီးနှင့် စိန်ဘောက်တို့အဖွဲ့က အမြန်ဆုံး မီမိတွဲရွာကို ရောက်နိုင်သောလမ်းက ပြန်ကြမည်။ ဤနေရာတွင် ဆက်နေလျှင် အိန္ဒိယပိုင်နက်ဖြစ်သဖြင့် တစ်စုံတစ်ခု ပြဿနာရှိ၏။

ထို့ကြောင့် နာဂတွေက သစ်ပင်မြင့်မြင့်ကြီးပေါ် တက်သွားကြ၏။ ပတ်ဝန်းကျင်ကို သစ်ပင်ပေါ်က ကြည့်ပြီး သူကြီးကို လှမ်းအော်ပြောကြသည်။ သူတို့၏ မြေပုံအညွှန်းမှာ တောင်များ၊ သစ်ပင်အမြင့်များပင် ဖြစ်သည်။ မည်သည့်ပုံသဏ္ဍာန်ရှိသောတောင်သည် မည်သည့်ရွာ၊ မည်သည့်ဒေရပ်နှင့် နီးသည်။ မည်သည့်တောင်ကြားလမ်းက ဖြတ်သွားလျှင် မီမိရွာကို မည်သည့်အချိန်တွင် ရောက်မည်ကို သူတို့ ကောင်းကောင်းကြီး သိကြသည်။

စိန်ဘောက်နှင့် ဘက်ထီးတို့ကမူ အယ်ကားရှေ့နောက်၊ အယ်တောင်မြောက်ဟု၊ တွေးထောက်မမှန်၊ မှန်မှန်အံ့ဩ၊ ကြတိုင်းမော့၊ ဘယ်တော့ဘယ်မြိုင် မသိနိုင် ဖြစ်နေကြ၏။

ထို့ကြောင့် နာဂကြီးသုံးယောက် သစ်ပင်ပေါ်က ဆင်းလာကြသောအခါ လူစုခွဲ၍ သူကြီးနှင့် စိန်ဘောက်၊ ဘက်ထီး၊ နာဂကြီးတစ်ယောက်တို့က ဖြတ်လမ်းမှ မီမိရွာ ဝေလွန်စွန်ခေါင်ကို ပြန်ကြမည်။ ကျန်နာဂကြီးများကမူ သစ်ပင်မြင့်မြင့်တွင် ချိတ်ဆွဲထားခဲ့ကြသော ကျွဲရိုင်းခေါင်းကိုယူရန် ထွက်သွားကြ၏။

သူတို့သည် ဝေလွန်စွန်ခေါင်ရွာနားကို ရောက်လာသော ကြံကြီးကို အမှန်တကယ် လိုက်ခဲ့ကြသည်။ ကြံကြီးထိုး သတ်ထားခဲ့သော ကျွဲရိုင်းခေါင်းကို သက်သေအဖြစ် မျှကိုယူလာခဲ့ပြီး ရွာကလူတွေကို အဖြစ်အပျက် ပြောပြရမည်။ သို့မဟုတ်လျှင် လက်ချည်းပြန်လာကြလျှင် သူတို့ယိုကြွားချမည်ဟုသော ပျှော်ချက်ကြောင့် ဖြစ်မည်။

သစ်ပင်ပေါ်တက်ကြည့်လိုက်၊ သာလိုက်၊ သစ်ပင်ပေါ်တက်ကြည့်လိုက်၊ လာလိုက်နှင့် ပြန်လာကြရာ တစ်နေရာအရောက်တွင် လူကြီးလက်ခုပ်တစ်ဖောင်ခန့်မြင့်သော သစ်ပင်တစ်ပင်၏ ပင်စည်တွင် မြားခြောင်းကြီးတစ်ကောင် (ဗီ) ထောင်ချောက်မိနေသည်ကို တွေ့ရသည်။ မြေပြင်၌သာ နာဂတို့ ထောင်ချောက်ဆင်ထားသည်ကို မြင်ခဲ့ကြရပြီး ယခု သစ်ပင်၏ ပင်စည်၌လည်း ထောင်ချောက်ကို အံ့ဩစရာ မြင်ရသည်။

ဂစ်တောင်ကျော်ခန့်ရှိသော ဝါးလုံးပိုင်း သုံးလေးပိုင်းကို ကြိမ်နွယ်တို့နှင့် မူးကျွပ်ချည်နှောင်ကာ အောက်ဘက်တွင် ဝါးတစ်လုံးလျှင် ဆူးသုံးလေးချောင်းကို ချွန်စိုက်ထားသည်။ မြေပြင်တွင် ထောင်သကဲ့သို့ပင် နင်းတန်းနှင့် ထောက်တန်းပါသည်။ ပင်စည်အပေါ်ရှိ ထောင်ချောက်ကို ဝါးစို့ရိုက်၍ ဓါးစို့အပေါ်က အထိန်းနှင့် ပင်စည်အောက်ဘက်ရှိ ထောင်ချောက်ဝကိုမူ တစ်တောင်လောက်အမြင့်ရှိ ထောက်တန်းနှင့် ထောက်ထားသည်။ သစ်ပင်ပေါ် ပြေးတက်လာသော မော ကြောင်သည် ထို(ဗီ)ထောင်ချောက်ထဲ ဝင်မိ၍ ကျောကုန်းကို ဆူးစူးကာ သစ်ပင်၏ ပင်စည်တွင် တက်ကပ်နေသလို သေနေသည်။

ဤထောင်ချောက်တွင် မိနေသော မောကြောင်၏ အမြီးကို သူကြီးက ဖြတ်ယူလာ၏။ ဤသည်မှာလည်း သူတို့ဓလေ့သဘာဝ အစီပွာယ်အပြည့်ရှိသည်ဆို၏။ ထောင်ချောက်ပိုင်ရှင် ထောင်ထားသော မောကြောင်ကို တွေ့သော်လည်း ဖြတ်ယူမသွားဘဲ အမြီးကိုသာ ဖြတ်ယူသွားခြင်းမှာ သစ္စာရှိကြောင်း သက်သေပြထားခဲ့သည်ဆို၏။

(ရွှေလသောက်ရန်)


မိုးဆရာ





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပေါက်ရှုးကြီး နှင့် လူသတ်သမားဦးခေါင်းခွံ

မြင့်သော်မျိုး

လွန်ခဲ့သော အနှစ် ၃၀ ကျော်က ဆန်းကြယ်သော ဖြစ်ရပ်မှန် မှုခင်းဇာတ်လမ်းတစ်ပုဒ်ကို အမည်လွှဲပြောင်း တင်ပြထားပါသည်။

(၁)

လူ့လောကကြီးသည် ဆန်းကြယ်နက်နဲ လျှို့ဝှက်သောအရာများဖြင့် ဖွဲ့စည်းထားကြောင်း ဆယ်တဲစုရွာလူကြီး ဦးမြသိန်း သဘောပေါက်ခဲ့သည်။

မြို့ပြကြီးနှင့် မိုင် ၂၀ ခန့် ဝေးကွာသော ဤပဲခူးရိုးမတောင်ခြေ တဲဆယ်လုံးရွာကလေး၏ အဖြစ်အပျက်များကို ဦးမြသိန်း တစ်ခုမကျန် မှတ်မိသည်။ မြို့နှင့် မိုင် ၂၀ ခန့် ဝေးရုံလောက်ဖြင့် ချောင်ကျသည်ဟု မဆိုသာ။ ထို့ကြောင့် ခေတ်မမီသည်ဟု မပြောနိုင်သည်။

အဓိက ဆက်သွယ်ရေးလမ်းကြောင်းအပေါ် မူတည်သည်။ ရေအိုးစင်ရွာနှင့် ကညွတ်ကွင်း၊ ညောင်ပင်သာ လူသွားလမ်းမျိုးတစ်ကြောင်း မရှိ၊ ကောက်ကွေ့လိမ်ယှက်သည့် ကန်သင်းလမ်းများသည် လမ်းဟု မဆိုနိုင်။ နွေရာသီတွင် ဖြောင့်ဖြူးသလို ရှိခဲ့သော်လည်း မိုးရာသီတွင် လယ်ရှင်နှင့် တုတ်ဆွဲဓားဆွဲ ပြဿနာဖြစ်ရသည်။ ရှုံးဂါတ်မရောက်သော်လည်း ရွာလူကြီးအိမ်တွင် အလျော်အစားလုပ်ပေးခဲ့ရသော မှုခင်းများ မနည်းတော့ပြီ . . .။

လယ်ကန်သင်းပေါ် လူသွားလို့ တမံကျိုးရသည့် အလျော်အစား မှုခင်းများကို ဘကြီးဦးမြသိန်း စဉ်းစားရင်း ကိုနီ၊ လှထွန်း၊ သန်းဖေနှင့် ခင်မာကြည်တို့၏ ရှုပ်ထွေးပွေလီသည့် လူသေမှုများကို ဘကြီးဦးမြသိန်း ရင်မောစွာ စဉ်းစားမိပြန်သည်။

၁၉၆၄ ခုနှစ်လောက်က ဖြစ်ပွားခဲ့သော အမှုအခင်းဖြစ်သောကြောင့် နှစ်သုံးဆယ်ကျော် တိုင်ခဲ့ပြီ၊ ဘိုနီက ညောင်ပင်ရွာသား ဖြစ်သော်လည်း လှထွန်း၊ သန်းဖေနှင့် ခင်မာကြည်တို့ကား မြူးမြို့နယ် ကညွတ်ကွင်း ညောင်ပင်သာရွာသားများ မဟုတ်ကြ။

ကိုနီ၏ အဆက်အသွယ်နှင့် ရေအိုးစင် ခုံတဲသို့ ကိုင်းလုပ်စားဖို့ ရောက်လာကြသည်။ လူသူတစ်ဦးတစ်ယောက်သို့မဟုတ် လူနေတဲတစ်လုံးမရှိသည့် ကျွန်းချောင်းစပ်၊ ပဲခူးရိုးမခြေရင်းတွင် ဆယ်လုံးတဲစုရွာကလေး ဖြစ်လာသည်။

ထိုအချိန်က ပြည်တွင်းသောင်းကျန်းသူတို့ အရှိန်ကောင်းတုန်းကာလ ဖြစ်သည့်အပြင် ရိုးမတောနက်ကြီးထဲတွင် ဘိုလှသောင်ဦးစီးသည့် ဗကပတွေ ရှိနေသည်။

ရွာမှန်သမျှ လူမှန်သမျှကို ကျော ရိုးလုပ်ချင်သည်။ သူ့ဆိုနိုင်းတာ မလုပ် လျှင် လူကိုကျင်း၊ နွားကိုဟင်း၊ လှည် ကိုထင်း လုပ်တတ်သည်။ ထိုစီရင်ထုံး တရားမရှိ ဓားမရှိ ဖြစ်သော်လည်း ကျ ထဲသို့ မည်သူမျှ ခုန်မဝင်ချင်သောကြော ဆယ်လုံးစုတဲသားများအားလုံး လိုက် လျောစွာ နေကြရသည်။

(၂)

"ကဲ . . ရွာသားအားလုံး မြသိ ကို တဲစုသူကြီး ခန့်မယ်၊ ငါကတော့ မ တို့အားလုံး ကျွန်းမာရေးကောင်းဖို့ စီမ လာဘ်လာဘတက်ဖို့ မိစ္ဆာသရဲ ကြ ပြီတ္တာ၊ ဖုတ်လှူးနဲ့ တောပိုင်တောင်



www.burmeseclassic.com

www.burmeseclassic.com

နတ်တွေရဲ့ ရန်ကို ကင်းငြိမ်းအောင် တာဝန်ယူမယ်''

''ခွေးသား မော်ရှူး ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ဒီရတနာ သုံးပါးကလွဲလို့ တို့မယုံဘူး''

ဦးမြသိန်းက မော်ရှူးကြီး ကိုနီကို ဒေါသတကြီး လှမ်းပြောသည်။ ပြောသာ ပြောရသည်၊ ကိုနီက လူကောင်းတစ်ယောက်။ တဲစုရွာသားများ အားလုံး၏ အရေးကို အလေးထားသည်။ အတွက် ပရအကျိုးကိုဆောင်သည်။ ခုပဲ ကြည့်၊ ဦးမြသိန်းကို ရွာလူကြီးတင်သည်။ ဦးမြသိန်းက စာပေကျမ်းဂန် တတ်ကျွမ်းသည့်အပြင် သမာသမတ်ရှိလှသော ကြောင့် တဲစုရွာသားများအားလုံး ဦးမြသိန်းကို ရွာလူကြီးတင်သည့် ကိစ္စကို လက်ခံသည်။ အလှမ်းဝေးကွာစွာ နေထိုင်သည့် မင်းလမ်းကျူး တိုက်နယ်သူကြီး ဦးသန်းဌေးကပါ သဘောတူကြောင်း အုပ်ချုပ်ရေးကိစ္စ၊ အမှုအခင်းကိစ္စ၊ သောင်းကျန်းသူများကိစ္စ အဝဝတို့ကို သူနှင့်ညှိနှိုင်းဆောင်ရွက်ရန် စာချွန်တော်ပါး လာသည်။

တဲစုရွာကလေးတွင် သမီးကညာပျို များများမရှိလှ။ ခင်မာစန်း၊ ခင်မာသန်းနှင့် ခင်မာကြည်ဆိုသော အညာသူမလေး သုံးဦးရှိသည်။ အားလုံး ညီမျှချော



များ ဖြစ်ကြသည်။

သူတို့၏ ဖခင်အညာသားကြီး ဦးဘိုးမြိုင်မှာ မကြာမီသော ကာလက ကျားသစ်ကုတ်သော ဒဏ်ရာနှင့် ကွယ်လွန်သွားခဲ့ပြီးဖြစ်သော်လည်း မော်ရှူးကြီး ဦးနီ၏ စောင့်ရှောက်မှုအောက်တွင် ညီမ သားစွာ လုပ်ကိုင်စားသောက်ကြသည်။

လှထွန်းဆိုသောသူက မယားကြီး ရှိပါလျက်နှင့် ခင်မာကြည်ကို ပိုးပန်းနေ ကြောင်း ဦးနီသိရှိလိုက်သည့်အခါ ယမ်းပုံမီးကျဖြစ်ပြီး ရွာလူကြီး ဦးမြသိန်းထံ တိုင်ချက်ပေးသည်။ ရွာလူကြီး ဦးမြသိန်းက လှထွန်းကို ခေါ်ယူဆုံးမသည်။

ဇာတ်ကြောင်းက ရှုပ်သထက် ရှုပ်လာသည်။ လှထွန်းနှင့် ခင်မာကြည် ဇာတ်လမ်းမရှင်းလင်းမီ သန်းဇော်ကပါ လှထွန်းနှင့်အပြိုင် ခင်မာကြည်ကို ပိုးလာသည်။ ခင်မာကြည်အိမ်သို့ လှထွန်းနှင့် သန်းဇော် အဝင်အထွက် ခြေရှုပ်လာသည်။

ဦးနီ မကျေနပ်သော်လည်း ကာယကံရှင် ခင်မာကြည်ဘက်က အမှုအခင်း သဘောမရှိလာလေသောကြောင့် ဘာမှ မတတ်နိုင်။

(၃)

သန်းဇော်က ရွာလူကြီး ဦးမြသိန်း၊ လှထွန်းနှင့် ကိုနီတို့ကို မကျေမနပ် ဖြစ်လာကာ ကျောရိုးကြီး အောင်မင်းနှင့် အပေါင်းအသင်းလုပ်ကာ တဲစုရွာကလေး အတွင်းသို့ လက်နက်ကိုင် တောပုန်းများ ခေါ်လာသည်။

ရွာသားများကို ဆက်သားလုပ်ခိုင်းသည်၊ အထမ်းသမားလုပ်ခိုင်းသည်။ ဘာမှန်းမသိသော တရားတွေ ဟောကာ ရွာသားများကို စည်းရုံးသည်။

ဆယ်လုံးတဲစုလူကြီး ဦးမြသိန်းကို ကျောရိုးအောင်မင်းတို့က လူကြီးဟု အသိအမှတ်မပြု။ သန်းဇော်ကို ကျောရိုးလူကြီးဟု အသိအမှတ်ပြု ခန့်အပ်လိုက်သည်။

သန်းဇော်တစ်ယောက် ပစ်မထွက် ခြောက်လုံးပြူးသေနတ်ကို ခါးတွင်ချိတ်ကာ လူတွင်ကျယ်လုပ်လာလေသော ကြောင့် ရွာသားများ ကြည့်မရတော့။

ခင်မာကြည်ကိုယ်တိုင် သန်းဇော်ကို အဖက်လုပ် စကားမပြောတော့ဘဲ လှထွန်းကို ဦးစားပေးလိုက်သည်။

တစ်နေ့ သန်းဇော်တစ်ယောက် အရက်မူးမူးနှင့် ခင်မာကြည်တဲသို့ သွားသည်။ ခင်မာကြည်တို့ ညီအစ်မတစ်တွေ သန်းဇော်ကို တဲအတွင်းသို့ အဝင်မခံ။ ရန်ထောင်လွှတ်လိုက်သည်။

ထိုအခါ သန်းဇော် ဒေါသတကြီး ဖြစ်ပြီး ခါးမှ ခြောက်လုံးပြူးကြီးကို မင်းသားကြီး အော်ဒီမာဖီစတိုင်လ်ဖြင့် ဆွဲထုတ်ပြီး မိုးပေါ်သို့ ထောင်ဖောက်သည်။ ကျည်မထွက်၊ အသံမမြည်လေသော ကြောင့် ပိုလို့ အရှက်ရပြီး ကျောရိုးအောင်မင်းတို့ရှိရာ မင်းလှချောင်းဖျားသို့ ထွက်ခွာသွားခဲ့သည်။

သန်းဇော် တဲစုသို့ ပြန်မလာသည်မှာ တစ်လကျော်ခဲ့ပြီ။ ဦးနီနှင့် ရွာလူကြီး ဦးမြသိန်းတို့က ခင်မာကြည်အတွက် စိုးရိမ်ပူပန်ကြသလို၊ သူတို့အတွက်လည်း ပူကြသည်၊ သန်းဇော်ဆိုသည့် ကျားသစ်ရိုင်းတစ်ကောင် ကျားနာဖြစ်သွားခြင်း ကြောင့် ကျောရိုးများ အားကိုးနှင့် ရမ်းကားမှုလုပ်လာနိုင်သည်။

သို့သော် သူတို့အထင်ကား လွဲခဲ့ပြီ၊

သန်းဇော်နှင့် ကျောရိုးအောင်မင်း တို့ မူးယစ်ရမ်းကားစွာဖြင့် ရောက်လာကာ လှထွန်းကို ဦးနီခုံတဲထိပ်တွင် အဆုံး စီရင်ခံခဲ့ရသည်။

''ကဲ . . . မော်ဆရာ ဦးနီကြီး။ သူများသားသမီးကို ဖျက်လိုဖျက်ဆီးလုပ်တဲ့ လှထွန်း သည်လူ့ဘဝက ဆွဲထုတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com

**သန်းဖော်၏ ကြောက်ရွံ့ ထိတ်လန့်ဖွယ် ကောင်းလှသည့် အသံနက်ကြီးက တဲစုတစ်စုလုံးကို လွှမ်းသွားကာ သန်းဖော် ငြိမ်သက်သွားသည်။**

ပြီးချို။ အဲဒီလို အကုသိုလ်ကောင်မျိုး လူ့ဘဝကို ပြန်မရောက်အောင် မော်ဆရာကြီးပဲ တာဝန်ယူရှား . . . ဟား . . ဟား''

မင်းပဲ့စရိုက်ဆန်ဆန် လုပ်ရပ်ကို ဦးနီ မကျေနပ်သော်လည်း မဖွင့်ဟာရဲ။ ကျောရိုးကြီးအောင်မင်းပြောသမျှကို မချိုမြုံကလေးဖြင့် ခေါင်းညိတ်လိုက်ရသည်။

ဆယ်လုံးစုတဲတိုက်တစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်သွားသည်။ ကျောရိုးကြီး အောင်မင်းတို့ ရိုးမပေါ် ပြန်တက်သွားလေမှ ခင်မာကြည်၏ ရှိုက်ကြီးတငင် ပူဆွေးငိုသံနှင့် လှထွန်း၏ဇနီး မခင်ပိန်၏ ငိုကြွေးသံ အကျယ်ကြီးက အားလုံးကို ပိုမိုစုန်လှုပ်ပါစေတော့သည်။

(၄)

မင်းလမ်းကူး တိုက်နယ်သူကြီး ဦးသန်းငွေးက လှထွန်းအသတ်ခံရမှုအတွက် ကညွှတ်ကွင်းရဲဌာနတွင် အမှုဖွင့်သည်။ တရားခံသန်းဖော်နှင့် အောင်မင်းတို့ကို ရဲဌာန ထုံးစံအရ တရားခံပြေးများအဖြစ် သတ်မှတ်လိုက်သည်။

ဆယ်လုံးတဲသူကြီး ဦးမြသိန်း၊ မော်ရှူးဦးနီတို့ကို သက်သေအဖြစ် ရဲဌာနက ခေါ်စစ်သည်။

သန်းဖော်နှင့် အောင်မင်းတို့ကို ဖမ်းဆီးရမိဖို့ ရဲတပ်ဖွဲ့ဝင်များ တပ်မတော်အကူအညီနှင့် ကြိုးစားလျက်ရှိခြင်းကြောင့် အောင်မင်းနှင့် သန်းဖော်တို့အဖွဲ့ ဆယ်လုံးတဲစုလေးသို့ မကပ်ဝံ့တော့။

(၅)

နှစ်တွေပြောင်းလို့ လတွေနှောင်းခဲ့ပြီ၊ သောင်းကျန်းသူ ဘိုဂျောသောင်းတို့အဖွဲ့ ရိုးမပေါ်တွင် ခါတိုင်းလို မင်းမမူနိုင်တော့။ တပ်မတော်စစ်ကြောင်းများ၏ ထိုးစစ်ဆင်မှုကြောင့် ပြိုကွဲစပြုနေသည်။ ငါးနှစ်တည်းဟူသော အချိန်ကာလသည် ပြောင်းလဲမှုများစွာကို ဖန်ဆင်းလိုက်သည်။

သန်းဖော်တစ်ယောက် ကျောရိုးကြီးအောင်မင်း၏ နောက်လိုက်ဘဝဖြင့် နေရင်း ငှက်ဖျားရောဂါဝေဒနာဆိုးကြီး၏ ကုပ်ခွစီးခြင်းကို ခံရလေပြီ။

တောင်ပေါ် ကျိုးမနိုးရွာသားတစ်ရ၏ ကောင်းမှုကြောင့် တောထဲတွင် ကျားစာအဖြစ်ရောက်မည့်ဆဲဆဲ ဆယ်လုံးတဲစုသို့ ပြန်ရောက်လာသည်။

မော်ရှူးကြီးဦးနီ ခံစားချက်များ ပွင့်အန်လာလေသလားမသိ။ ဟားတိုက်လို့ ရယ်လေသသည်။ ပြုက်ရယ်ပြုလို့ ရယ်ခြင်းပေလော၊ တစ်စုံတစ်ခုအတွက် လက်စားချေချင်၍ပေလော၊ သို့မဟုတ် မော်ရှူးထလေသလော ရွာသားများ မခွဲတတ်။

ဦးနီအလုပ်တစ်ခုတော့ ထူးထူးဆန်းဆန်း လုပ်လာသည်။ အသတ်ခံရသည့် လှထွန်း၏အလောင်းကို ပြန်လည်တူးဖော်ကာ ခေါင်းခွံကြီးကို ဆွဲထုတ်လိုက်သည်။

''သရဲခြောက်တဲ့ သန်းဖော်၊ မင်းဘုရားသာ တပေရော့။ စုန်း၊ နတ်၊ သရဲကို ငါမယုံဘူး။ ရှိတာမရှိတာလည်း ငါမသိဘူး။ မင်းသတ်ခဲ့တဲ့ လှထွန်းရဲ့ ဒီဦးခေါင်းခွံကြီးဟာ အသက်ဝိညာဉ် မရှိတော့ပေမဲ့ မင်းအတွက်တော့ အန္တရာယ်ပေပဲပေါ့ . . . ဟား . . . ဟား''

ဦးနီ၏ သတင်းကား တဲစုတစ်စုလုံး ပြန့်သွားသည်။ ဦးနီက လှထွန်းရဲ့ ခေါင်းခွံကြီးကို တပည့်မွေးလိုက်ပြီတဲ့။ သန်းဖော်ဟာ ငှက်ဖျားဝေဒနာကြောင့် စအိုမှာလာပေါက်တဲ့ မက်ကလောင်နာကို အဖောက်မခံဘူး။ အဲဒါကို ဖောက်နိုင်းမလို့တဲ့။

ဦးနီက သတင်းမပြန့်ပြန့်အောင် လန်ကြုပ် လုပ်ပြသည်။

ဦးခေါင်းခွံကြီးကို ရွာလယ်ကို ယူလာပြီး ခုံပေါ်တင်သည်။ ဖယောင်းတိုင်၊ အမွှေးတိုင်တွေ ထွန်းသည်။

''ဟေ့ . . . လှထွန်း၊ မင်းဟာ ငါ့တပည့်ဖြစ်သွားပြီ၊ မင်းဝိညာဉ်ကို ငါချုပ်ထားလိုက်ပြီ။ ဒီနေ့ ဒီအချိန်ကစပြီး ငါနိုင်းလာလုပ်ရမယ်။ ငါနိုင်းတာမလုပ်ရင် ဟောဒီ တင်းပုတ်ကြီးနဲ့ မင်းဦးခေါင်းခွံကြီးကို ရိုက်ခွဲပစ်မယ်။ ဒါ ငါ့အမိန့်။

ဟေး . . . ဟုတ်ပြီ ဒီလိုမှပေါ့။ မင်းနဲ့ငါ သန်းဖော်ရဲ့အသက်ကို ကယ်ရမယ်။ ဒီကောင်ကြီး ကျန်းမာလာမှ မင်းကို မတရားသတ်မှုနဲ့ ရဲဌာနကို ပို့အပ်ရမယ်။ ဒီကောင်ကြီး သူ့ရဲ့ဘောကြောင်ပြီး စအိုဝက မက်ကလောင်ကို အဖောက်မခံဘူး။ အဲဒါ မင်း သူ့စအိုဝက မက်ကလောင်ကို ဖောက်ထုတ်ရမယ်။ သူလက်မခံလေ့ရ



www.burmeseclassic.com

www.burmeseclassic.com



မင်းမွတ်အတင်းသာဟောက်။

ဒါ . . အပိန့်၊ ဟား . . . ဟား'

ဦးနီ ရွာသားများရှေ့တွင် အတည် ပေါက်လုပ်ရင်း ကြောက်လန့်မှုပ်ကောင်း အောင် ဟားတိုက်လို့ ရယ်ပြသည်။ လူ တွေကလည်း လူတွေ။ ဘာမှ အသက် ပြုဉ်မရှိသည့် ဦးခေါင်းခွံကြီးကို တကယ် ပင်ကြောက်နေကြသည်။

ရာဇဝတ်ဘေးကို ရှောင်သိုးကြီး ပိုက်ကာ လွတ်အောင် ရုန်းပြေးနေရသည့် သန်းဇော်တစ်ယောက် ထိုသတင်းကို ကြားကာ အကြောက်ကြီးကြောက်သွား သည်။

ဦးနီက နေ့ခင်းကြောင်ကောင် ခေါင်းခွံကြီးကို ရင်ဆိုင်ခိုက်ပြီး သန်း ဇော်တို့ တဲရှေ့ မတ်တတ်သွားရပ်ပြလိုက် သည်။ သန်းဇော်၏ မိသားစုက ဦးနီကို ဝိုင်းဝန်းမောင်းထုတ်ခဲ့ကြသည်။

ဦးနီ၊ ဒူးအကြံကို လက်မလျှော့ သေး။

ညနေမှောင်း တော့ခကွယ်နေဝင် ချိန်တွင် လူဦးခေါင်းခွံကြီးကို သန်းဇော်၏ မျက်မှောက် အိပ်ရာထက်ရောက်အောင် လိမ့်ကာ ပစ်သွင်းလိုက်သည်။

သန်းဇော်၏ ကြောက်ရွံ့ထိတ်လန့် မှုသည်ကောင်းလှသည့် အသံနက်ကြီးက တဲမှတစ်မှုသုံးကို လွှမ်းသွားကာ သန်း ဇော် ငြိမ်သက်သွားသည်။

(၆)

ဟိုညွှတ်ကွင်းရှေ့ နေ့တွင် ထူးဆန်း သော လူ့သတ်မှုတစ်မှု ရောက်လာသည်။

တရားခံက မော်ဆရာ မော်ရှူးကြီး။ သက်သေခံ ပစ္စည်းက လူဦးခေါင်းခွံ ကြီး ဖြစ်၏။

လူတစ်ယောက်ကို သေစေလိုသော အကြံ ဖြင့် တုတ်၊ ဓား၊ လက် နက်၊ သို့မဟုတ် အဆိပ် ဖြင့် ဖြစ်မှုကျူးလွန်ဘတ် သော အမှုများသာ ရှိသည်။ လူဦးခေါင်းခွံဖြင့် ခြောက်လှန့် ကာသတ်သော မှုခင်းများ ကမ္ဘာ တွင် ရှာမှရှားပါသည်။

မှုခင်းများ အမြဲတစေ ကိုင်တွယ် စစ်ဆေးခဲ့ကြသည့် ရဲဝန်ထမ်းများပင် လျှင် အံ့သြမကုန် ဖြစ်ကြရသည်။ တရားခံကိုနီ ထောင်(၅)နှစ် ကျခံခဲ့ရ သည်။

ဦးမြသိန်းက ကိုနီကို အဘယ်ပြစ်မှု ပုဒ်မဖြင့် အပြစ်ပေးခဲ့သည် မသိ။ သူက ဥပဒေကိုနားလည်သူတစ်ယောက် မဟုတ် သဖြင့် သိနိုင်မည်မဟုတ်ပေ။

ဦးမြသိန်းကိုယ်တိုင် အသက် ၅၀ ကျော်အရွယ် အဘိုးကြီး ဖြစ်နေခြင်း ကြောင့် ကွယ်လွန်သွားရှာကြပြီဖြစ်သော လူလွန်။ သန်းဇော်၊ ကိုနီနှင့် ခင်မာကြည် တို့သည်လည်း ယခုသာ အသက်ရှင်နေ မည်ဆိုပါက ၅၀ အရွယ်ထက် ငယ်မည် မဟုတ်ပေ။

လူ့လောကကြီး၏ ဖြစ်ရပ်မှန်များ သည် ဝတ္ထုဇာတ်လမ်းများထက် ဆန်း ကြယ်နက်နဲပုံကို ဦးမြသိန်းတစ်ယောက် တွေးလို့ဖြင့်မဆုံး ရှိနေပါတော့သား . . .။

မြင့်သော်မိုး



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ကတိုးဂူရတနာသိုက် နှင့် လောဘနိဂုံး

ရွှေကျီးသာ

"ဝေး . . . အောင်ထူး"

တဲရှေ့မှခေါ်သံကြား၍ အောင်ထူး အိပ်မှုန်စုံမွှားဖြင့် ထလိုက်သည်။ တဲရှေ့သို့ လှမ်းကြည့်လိုက်တော့ စောကွယ်စေးအား တွေ့လိုက်ရသည်။

"စောကွယ်စေးကတော့ လုပ်ဖြန်ပြီကွာ၊ အစောကြီး ရှိသေးတယ်ဟ"

"ဘာစောတာတုန်း . . . နင်တို့ဗမာတွေက စကားပုံနဲ့ ကိုက်ညီအောင် အလုပ်လုပ်တာပဲ"

"ဘာစကားပုံလဲ မင်းက ကြီးကြီးကျယ်ကျယ်နဲ့"

"ဘာတဲ့ . . . ဗမာတို့ စောစောနေထွက်ဆိုတာလေ ဟား . . . ဟား"

"တော်ပါကွာ၊ ခုဘာလဲ ယာထဲသွားမှာလား"

"အေးပေါ့ဟ၊ ယာထဲမသွားလို့ ဘာလုပ်ရမှာလဲ"

"ဒါဆိုနေဦး၊ ငါ မျက်နှာသစ်လိုက်ဦးမယ်"

အောင်ထူး ထိုသို့ပြောပြီး တဲနောက်သို့ ဝင်ကာ မျက်နှာသစ်လိုက်သည်။ မျက်နှာသစ်ရသည်မှာ တောသဘာဝအတိုင်း မီးသွေးခဲနှင့် သွားတိုက်ရသည်။ ခါးဝတ်ပုဆိုးနှင့်ပင် မျက်နှာသုတ်ရသည်။

အောင်ထူး မျက်နှာသစ်ပြီးသည်နှင့် တစ်ခြမ်းပြတ်နေပြီဖြစ်သော ခမောက်အစုတ်လေးကို ဆောင်းလိုက်ပြီး ပေါက်ပြားဆွဲကာ တဲအပြင်သို့ ထွက်လိုက်သည်။ စောကွယ်စေးက စိတ်ရှည်စွာ စောင့်နေသည်။

"မင်းလုပ်တာနဲ့ ဘာမှတောင် မစားရဘူး"

အောင်ထူး မကျေနပ်တဲ့လေသံနှင့် ပြောလိုက်သည်။

"အောင်မာ . . . နင် ဘယ်တုန်းက နင့်ဟာနင် ထမင်းချက်စားလို့လဲ။ ကြီးကြီးကျယ်ကျယ်နဲ့။ ခုဒီမှာ အမိုးက နင့်အတွက် ယာကောက်ညှင်းနဲ့ ဆတ်သားခြောက်မီးဖုတ် ထည့်ပေးလိုက်တယ်"

"ဒါဆို . . . စားမယ်ကွာ"

စောကွယ်စေး၏ လက်ထဲမှ ငှက်ပျောရွက်နှင့် ထုပ်ထားသော အထုပ်အားဖြေ၍ တဲရှေ့ မအူပင်အောက်မှာပင် စားလိုက်သည်။ အောင်ထူး စားနေသည်ကို ကြည့်၍ စောကွယ်စေးပြုံးနေသည်။ စားပြီးသည်နှင့် ငှက်ပျောဖက်အား လွှင့်ပစ်လိုက်ပြီး -

"ကဲ . . . သွားမယ်"

စောကွယ်စေးက သွားမယ်ဟုပြောကာ ရှေ့မှ ခြေလှမ်းကျဲဖြင့် ထွက်သွားသည်။ အောင်ထူးလည်း နောက်မှ လိုက်ခဲ့လိုက်သည်။

အောင်ထူး နေထိုင်သောတဲနှင့် ယာလုပ်သောနေရာမှာ တော်တော်အလှမ်းဝေးသည်။ နေသောနေရာက ဆိပ်ဖူးတောင်အရင်းမှာ ဖြစ်သည်။ ယာလုပ်ရသည့် နေရာ



www.burmeseclassic.com

www.burmeseclassic.com

က သုံးဆင့်ကပ်မှာဖြစ်သည်။ ဆိပ်ဖူးတောင်ခြေမှာယာလွတ်များရှိသော်လည်း မြေသားအလွန်ကျစ်၍ သီးနှံပင်များ မဖြစ်ထွန်းပေ။

ထို့ကြောင့် ဆိပ်ဖူးတောင်တွင်မလုပ်ဘဲ သုံးဆင့်ကပ်မှာ သွားရောက်လုပ်ကိုင်ခြင်း ဖြစ်သည်။ ဆိပ်ဖူးတောင်သည် ပဲခူးရိုးမထဲတွင် တည်ရှိပါသည်။ အောင်ထူးတို့ ရိက္ခာဝယ်လျှင် ပိုင်းရွာသို့ ဆင်းဝယ်ရသည်။ တောထဲမှာ အများဆုံး စားရသည်က ငါးပိ၊ ငရုတ်သီး၊ ချဉ်ပေါင်ရွက်တို့သာ ထာဝရ ဟင်းလျာများဖြစ်ကြသည်။ တစ်ခါတစ်ရံမှ တောဝက်သား စားရဟတ်သည်။

[illegible] တောင်အရိုးမှာ ယာလုပ်ကိုင်သော ကရင်တဲစု ဆယ်စုခန့်ရှိသေးသည်။ ယာလုပ်ကိုင်သူအားလုံးမှာ ကရင်များသာဖြစ်ကြသည်။ အားလုံးထဲမှာ ဗမာဟူ၍ အောင်ထူး တစ်ယောက်သာရှိသည်။

အောင်ထူးနှင့် စောကွယ်စေးတို့မှာ ညောင်ပင်အိုင်ရွာတွင် နေစဉ်ကပင် ညီအစ်ကို [illegible]များလို ခင်ကြသည်။ ဆိပ်ဖူးတောင်မှာ စောကွယ်စေးတို့ [illegible] ယာသွားလုပ်မည်ဆိုသောအခါ အောင်ထူးလည်းလိုက်ပြီး ယာလုပ်ချင်သည်ဟူ၍ ပြောသဖြင့် စောကွယ်စေး၏ ဖခင်ကြီးကလိုက်ခဲ့ရန် ခေါ်လေသည်။

တောထဲမှာ ယာလုပ်ရသည်က မြေပြန့်မှာလိုမလွယ်။ တောင်စောင်း တောင်ဆွယ်များရှိ ဝါးမြစ်များ၊ သစ်ငုတ်များ၊ အပင်များကို ခုတ်ထွင်တူးဖော်ရသည်။ ယာခုတ်၊ ယာထွင်ပြီးလျှင် မီးရှို့မြေဆွပြီး မြေကိုနုပ်ထားရသည်။ သုံးလေးရက်ခန့် မြေကို နုပ်ပြီးမှ ကိုယ်စိုက်ချင်ရာ စိုက်ရသည်။

တောင်ပေါ်ယာထဲမှာ အများဆုံးစိုက်သည်က မြေပဲ၊ နှမ်း၊ ပြောင်း၊ ခရမ်း၊ ဖရုံ၊ မရန်းစသည်တို့ကိုသာ အစိုက်များကြလေသည်။ မိုးတွင်းစပါးတွေစိုက်လျှင် မြေပြန့်မှာလို ထယ်ထိုး၊ ထယ်ထွန်လုပ်ကိုင်ရန် မလွယ်ကူ၍ ဝါးချွန်သေးသေးဖြင့် သုံးလက်မခန့်အနက်ထိထိုးပြီး စိုက်မည့်စပါးကို အစေ့လိုက် တစ်ကျင်းနှစ်စေ့၊ သုံးစေ့ထည့်ရသည်။

ယခု အောင်ထူး ယာထဲမှာ မြေပဲစိုက်ရန်အတွက် မြေနေရာပြုပြင်ရသည်။ ထမင်းစားချိန်ရောက်လျှင် စောကွယ်စေး၏ အမိုးက ထမင်းလာပို့သည်။

"ဝေး . . . ဖိုးခွားတို့ရေ ထမင်းစားကြရအောင်ဝေ့"

စောကွယ်စေး၏အမိုး ထမင်းလာပို့သည်နှင့် အောင်ထူးနှင့် စောကွယ်စေး ထမင်းစားရန် အလုပ်နားလိုက်ပြီး တောင်ကျစမ်းလေးမှာ ကိုယ်လက်သန့်စင်ပြီး မောမောပန်းပန်း ဗိုက်ဆာဆာနှင့် ထမင်းစားလိုက်သည်။

ထမင်းစားသောက် ပြီးသောအခါ မအူပင်ကြီးအောက်မှာ ပက်လက်လှန်ပြီး ထမင်းလုံး စီလိုက်သည်။ စောကွယ်စေး အမိုးက သူ့တို့စားပြီးသည်နှင့် ပြန်သွားသည်။

"စောကွယ်စေး"

"ဘာတုန်း"

"ငါ . . သိပ်ချမ်းသာချင်တယ်ကွာ"

"နင် . . ချမ်းသာချင်ရင် ဓားပြထွက်တိုက်ပေါ့"

"အာ . . . ငါက အဲဒီလို သူများပစ္စည်းနဲ့ မချမ်းသာချင်ဘူး။ ရတနာသိုက်တွေ၊ ဘာတွေကြောင့် ချမ်းသာချင်တာ"

"အဲဒါလည်း သူများပစ္စည်းပဲလေကွာ"

"သူများပစ္စည်းမှန်ပေမယ့် အဲဒီပစ္စည်းတွေက ပိုင်ရှင်မှ မရှိကြတော့တာပဲ"

"ဒါဆို . . နင် စိန်တောင်ပြောင်ဟိန်းကို သွားပါလား"

"အဲဒီကို မင်းပဲသွား"

အောင်ထူး စိတ်တိုတို့နှင့် ပြောပြီး ဟိုဖက်လှည့်နေလိုက်သည်။

"ကဲ . . . အောင်ထူး တို့ တစ်တွေ အလုပ်စမယ်"

အောင်ထူး ဘာမျှမပြောဘဲ တိုင်မြဲတိုင်နေ၏။

"ချမ်းသာချင်တဲ့ကောင် အလုပ်ကြ မလုပ်ချင်ဘူး"

စောကွယ်စေးက အောင်ထူးအား မခံချင်အောင်စသည်။

"ဟေ့ကောင် စောကွယ်စေး မင်းတို့ ကရင်တွေထက် ငါတို့ ဗမာတွေ အလုပ်လုပ်နိုင်သေးတယ်ကွ"

အောင်ထူး ထိုသို့ပြောလိုက်လျှင် စောကွယ်စေး ငြိမ်သွားသည်။

စောကွယ်စေးအားပြောပြီး အောင်ထူး ယာထဲဆင်းသွားလိုက်သည်။ အောင်ထူးနှင့် စောကွယ်စေးမှာ ပြောမနာ၊ ဆိုမနာ။ ထို့ကြောင့်လည်း စောကွယ်စေး၏ အမိုးက အောင်ထူးကို သားအရင်းသဖွယ်ချစ်သည်။

အောင်ထူး ကိုယ့်ယာ၊ ကိုယ့်တဲနှင့် နေပေမည့် စောကွယ်စေးအမိုးက ထမင်းဟင်းများ ချက်ကျွေးသည်။ အိပ်တော့ ကိုယ့်တဲ ကိုယ်ပြန်အိပ်ရ၏။ စောကွယ် စေးတို့တဲမှာ အနည်းငယ် ကျဉ်းသောကြောင့် စောကွယ်စေးတို့တဲနှင့် မလှမ်းမကမ်းမှာ အောင်ထူးအဖို့ တဲလေးတစ်လုံး ဆောက်ပေးထား၏။

xxx xxx xxx

ထိုညနေယာထဲမှ အပြန်လမ်းတွင် ကရင်အဖိုးကြီး တစ်ယောက်နှင့်တွေ့သည်။ ကရင်အဖိုးကြီးမှာ အသက်ငါးဆယ်လောက် ရှိလိမ့်မည်။ အောင်ထူးနှင့် စောကွယ်စေး ကရင်အဖိုးကြီး၏ အနားမှ ဖြတ်လျှောက်သွားသည်။

"ဝေး . . . ဖိုးခွား . . . ဖိုးခွားတို့က ဒီတောထဲကလား"

"ဟုတ်ပါတယ် . . ဖထီး"

စောကွယ်စေးက ကရင်အဖိုးကြီးကို ပြန်ဖြေလိုက်သည်။

"ဖိုးခွားတို့က ဒီတောထဲကဆိုတော့ စောဖော်စေးတို့တဲ ဘယ်နားမှာရှိလဲ ပြောပါလား"



www.burmeseclassic.com

www.burmeseclassic.com

"ဖထီးရဲ့ ဦးစောဖော်စေးက ဖိုးခွားတို့ရဲ့ အပါးပါ"

"ဟုတ်လား . . . အဆင်သင့်ပဲပေါ့။ ဖိုးခွားက ဖော်စေးသားကိုး"

"လာ . . . ဖထီး သွားရအောင်။ ဖိုးခွားတို့တဲက နည်းနည်း အလှမ်းဝေးသေးတယ်"

စောကွယ်စေး ကရင်အဖိုးကြီးကို ခေါ်ကာ ရှေ့မှသွားသည်။

အောင်ထူးက နောက်မှလိုက်သည်။ ကရင်အဖိုးကြီးက လမ်းတောက်လျှောက် စကားတွေပြောလာသည်။

စောကွယ်စေး၏ဖထီး၊ ဦးစောဖော်စေးနှင့် သူနှင့်က အင်မတန် ရင်းနှီးကြောင်း၊ ယခုလည်း သူ့ဆီသို့ အရေးကြီးကိစ္စတစ်ခု လာတိုင်ပင်တာဖြစ်ကြောင်းပြောသည်။ စကားတပြောပြောနှင့်လျှောက်လာရာ အောင်ထူး တဲရှေ့သို့ ရောက်လာသည်။

"စောကွယ်စေး မင်း သွားနှင့်။ ငါ ရေလဲပုဆိုး ဝင်ယူလိုက်ဦးမယ်"

"အေး . . . ပြီးရင် လာခဲ့နော်။ ငါ ရေချိုးဖို့ စောင့်နေမယ်"

အောင်ထူး တဲအတွင်းသို့ဝင်ကာ ရေလဲပုဆိုးနှင့် အင်္ကျီယူပြီး စောကွယ်စေးတို့ တဲဖက်ကို ထွက်လာခဲ့လိုက်သည်။

ရေမိုးချိုးပြီးသောအခါ ဧည့်သည်ကရင်အဖိုးကြီးနှင့် ထမင်းစားလိုက်သည်။ ထမင်းစားပြီး အိမ်ရှေ့ကွပ်ပျစ်မှာ ထိုင်ပြီး ဧည့်သည်ကရင်အဖိုးကြီးနှင့် ဦးစောဖော်စေးတို့ ဟိုအကြောင်း၊ သည့်အကြောင်း ရောက်တတ်ရာရာကို ပြောနေကြသည်။ အောင်ထူးနှင့် စောကွယ်စေးက အနားမှာ ထိုင်၍ နားထောင်နေကြသည်။

ထိုစဉ် စောကွယ်စေး၏ အမိုးက ရေနွေးအကြမ်းအိုးနှင့် ဆတ်သားခြောက်မီးဖုတ် လာချပေးသွားသည်။ စောကွယ်စေးက အကြမ်းပန်းကန်ထဲသို့ ရေနွေးကြမ်း ငှဲ့ပေးလိုက်၏။

"နင် ငါနဲ့ တိုင်ပင်မည့် အရေးကြီးကိစ္စဆိုတာ ဘာလဲ"

ဦးစောဖော်စေးက မေးလိုက်သည်။

"အေး . . . အဲဒါ ပြောမလို့ဘဲ။ ဒီလိုကွ ငါ ဖေါင်းစပါးကွင်းမှာနေတုန်းက ဓားတစ်လက်ကောက်ရတယ်"

"အဲဒီဓားနဲ့ အရေးကြီးကိစ္စနဲ့က ဘာပတ်သက်လို့လဲ"

"ပတ်သက်တာပေါ့"

"ဘယ်လို ပတ်သက်လဲ ရှင်းပြစမ်းပါဦး"

"အဲဒီဓားက တစ်မိုက်လောက်ပဲ အရှည်ရှိမယ်။ ဒါပေမည့် ဓားရိုးက နည်းနည်းလေးကြီးတယ်။ အဲဒီဓားကို ဘာမှန်းမသိခဲ့ဘူး။ ဆောင်ဓားအဖြစ် ငါကိုင်နေခဲ့တယ်။

တစ်နေ့ ငါ့မြေးက ငါ မသိတုန်းကို အဲဒီဓားယူပြီး အုန်းပင်ကို ပေါက်နေတယ်"

ကရင်အဖိုးကြီးက မော သွားဟန်ဖြင့် ရေနွေးကြမ်း တစ်ခွက်ကို သောက်လိုက်သည်။ ပြီးသည်နှင့် ဆတ်သားခြောက်ကို လက်ဖြင့် အသာဖဲ့ကာဝါးနေလိုက်သည်။

စောကွယ်စေးနှင့် အောင်ထူးက စိတ်ဝင်စားနေမှု စကားစပြတ်သွား၍ ဆတ်တငံ့ငံ့ဖြစ်နေသည်။

ဦးစောဖော်စေးက . . .

"အဲဒါနဲ့ ဘာဖြစ်တုန်း"

"အေး . . . အဲဒီလို အုန်းမင်ကို ပေါက်နေတုန်း ဓားအရိုးနဲ့ အုန်းပင်ကို မှန်မိတာ ဓားရိုးလေးက ကွဲသွားတယ်။ အဲဒါကို ငါ့မြေးက မပြောရဲလို့ အသာလေးပြန်ကပ်ထားပြီး အဲဒီအတိုင်း ထားလိုက်တယ်။ ငါလည်း ပြန်လာရော ဓားကို ကောက်ယူလိုက်တော့ ဓားရိုးက ထက်ခြမ်းကွဲပြီး အဲဒီထဲက ဖျင်စနီနီနဲ့ မြေပုံလိုလို ဟာလေးထွက်ကျလာတယ်။ သေချာကြည့်လိုက်တော့ ဘတိုးဂူရတနာမြေပုံဆိုတာ သိလိုက်ရတယ်။

BURMESE CLASSIC .com

ကရင်အဖိုးကြီးက မော သွားဟန်ရှိပြီး ခဏနားလိုက်သည်။

"ဒါဆို . . . အဲဒီ ရတနာသိုက်က ဘယ်နယ်ထဲမှာလဲ ဖထီး"

အောင်ထူးက မေးလိုက်သည်။

ကရင်အဖိုးကြီးက မဖြေဘဲ အောင်ထူးကို ကြည့်လိုက်သည်။ ပြီးမှ . . .

"ဒီရိုးမတောထဲမှာပဲ"

"ဒါဆို နင်အဲဒီကို မသွားဘူးလား"

ဦးစောဖော်စေးက စိတ်ဝင်စားစွာ မေးလိုက်သည်။

"အေး . . . . . ငါလည်း နင့်ကို အဲဒီကိစ္စ ပြောမလို့ ငါလာခဲ့တာပဲ"

နင်က အဲဒီကို သွားမှာ တစ်ယောက်တည်းလား"

"ငါက ဒီနယ်မြေကို မကျွမ်းဘူးလေ။ ဒါကြောင့် တောကျွမ်းတဲ့သူနဲ့ အဖော်နှစ်ယောက်လောက် ရှာခိုင်းချင်တာ"

"ဒါဆို နင် မပူနဲ့တော့ အယ်မူ၊ ငါ့သားက ဒီနယ်တွေကို ကျွမ်းကျင်တယ်"

"ဒါဆို . . အဆင်ပြေတာပေါ့။ ဖိုးခွား သံသေတောဘက်ကို ရောက်ဖူးလား"

ဦးစောအယ်မူက စောကွယ်စေးဖက်သို့ လှည့်ကာ မေးလိုက်၏။

"ရောက်ဖူးတယ် ဖထီး။ အဲဒီနယ်က ကြမ်းတယ်။ ဒီက နေသွားရင် နှစ်ညအိပ်ခရီးလောက်သွားရတယ်"

စောကွယ်စေးက ပြန်ဖြေလိုက်သည်။

"နယ်မြေ ဘယ်လောက်ပဲ ကြမ်းပါစေ။ ဒီလောက် ရတနာတွေ ရမှာပဲ။ ဘာလို့ မသွားရဲရမှာလဲ"

ဦးစောအယ်မူက အားတက်သရော ပြောလိုက်လေသည်။ ထို့နောက် တစ်ဆက်တည်း . . .

"အဲဒီကိုသွားဖို့ လူနှစ်ယောက်လိုတာ ဘယ်လိုလုပ်မလဲ"

"အဲဒါလည်း မပူနဲ့။ ဟောဒီက အောင်ထူးနဲ့ ဦးသော်တဲကုန်း ဆင်စခန်းက ငါ့တူ စောလှထီးကို ထည့်ပေးလိုက်မယ်"

"နေပါဦး ဖထီးရဲ့၊ အဲဒီ ရတနာသိုက်က ဘယ်လိုဖြစ်လာတာလဲဆိုတာ ရှင်းပြပါဦး"



www.burmeseclassic.com

www.burmeseclassic.com

စောကွယ်စေးက မေးလိုက်လေသည်။

"အဲဒီအထဲမှာ ရေးထားတာကတော့ အတိုချုပ်ရေးထားတာ"

"ဖထီး အဲဒီသမိုင်းကြောင်းအတိုချုပ်ကို ပြောပြပါလား"

အောင်ထူးက ထပ်မံတောင်းဆိုသောအခါ ဦးစောအယ်မူက ရေနွေးကြမ်းတစ်ခွက် ငုံ့သောက်လိုက်သည်။ ပြီးမှ . . .

"ဟိုတုန်းက ဓားသည်းဘုရင်တစ်ပါး စစ်ရှုံးလို့ ထွက်ပြေးတိမ်းရှောင်လာခဲ့တယ်။ အဲဒီလို ပြေးလာတော့ ရတနာတွေကို တနိုင်အထုပ် နှစ်ဆယ့်ကိုးထုပ် ထုပ်ပြီး မောင်းမမိဿံတွေ၊ စစ်သူကြီးတွေ၊ မှူးမတ်တွေကို အနည်းပါးခေါ်ပြီး ထွက်ပြေးတိမ်းရှောင်ခဲ့တယ်။

အဲဒီလို ပြေးလာရင်း အမရပူရမှာနေတုန်း ရန်သူတွေလက်က မလွတ်မှာစိုးလို့ မနားတမ်း ခရီးအပြင်းနှင်ပြီး ဒီပဲခူးရိုးမရဲ့ တစ်နေရာဖြစ်တဲ့ ကတိုးဂူကို ရောက်လာခဲ့တယ်။ အဲဒီဂူရောက်တော့ ဘုရင်က ခရီးပန်းလွန်းတာကြောင့် အဲဒီဂူမှာပဲ နတ်ရွာစံခဲ့တယ်"

ဦးစောအယ်မူက စကားစ ရပ်လိုက်ပြီး ခဏငေးသွားတယ်။

ထိုအခါ စောကွယ်စေးက စိတ်မရှည်သလိုနှင့် . . .

"အဲဒီလို ဘုရင်သေတော့ ဒီမြေပုံကို ဘယ်သူကဆွဲပြီး ဘယ်သူက သမိုင်းကြောင်းရေးခဲ့တာလဲ"

စောကွယ်စေးမေးသော် ဦးစောအယ်မူက . . .

"ဘုရင်လည်းသေရော နောက်လိုက်ပိုလ်ပါတွေ၊ မောင်းမမိဿံတွေပါ အဆိပ်သောက်ပြီး သေကုန်ကြတယ်။ အဲဒီထဲက စစ်သူကြီးတစ်ယောက်က ဆင်ခြင်ပြီး အဆိပ်မသောက်ခဲ့ဘူး။ အဲဒီတောထဲကထွက်လာပြီး ဒီမြေပုံကို ရေးဆွဲခဲ့တာပဲ"

"ဒါဆို ဖထီးကလည်း သူတို့က ဒီနယ်ကမှ မဟုတ်တာ။ ဘာလို့ နေရာအတိအကျ မြေပုံမှာ ဖော်ပြရတာလဲ"

စောကွယ်စေးက ကတ်ကတ်သတ်သတ် မေးပြန်သည်။

"အဲဒီနေရာမှာ ဟိုတုန်းက သံသေပင်တွေ အမြောက်အမြားပေါက်နေလို့ သူက သံသေတောလို့ ရေးတာ။ ခုလောက်ဆို အဲဒီသံသေပင်တွေ လူသုံးယောက်ဖက်စာလောက် ကြီးနေလောက်ပြီ"

ဦးစောအယ်မူက စိတ်ရှည်စွာ ဖြေကြားပေးလိုက်သည်။

တဖြည်းဖြည်း ညဥ့်နက်လာသဖြင့် အောင်ထူးတဲကို ပြန်လာသည်။ စောကွယ်စေးလည်း လိုက်အိပ်မည်ဟု ဆိုကာ လိုက်လာခဲ့သည်။

ထိုည အောင်ထူးတော်တော်နှင့် အိပ်မပျော်ခဲ့။ ဦးအယ်မူပြောသော ကတိုးဂူမှ ရတနာတွေရလျှင် ချမ်းသာမည်။ ချမ်းသာလျှင် မြို့ကြီးမှာ ဇိမ်နှင့်နေလိုက်မည်ဟု တွေးကာ စိတ်ကူးယဉ်နေမိလိုက်သည်။

နောက်နေ့မနက် မိုးလင်းသောအခါ အောင်ထူးနှင့် စောကွယ်စေး ယာထဲမသွားရတော့ပေ။ ရိက္ခာဝယ်ရင်း ဦးသော်တဲကုန်း ဆင်စခန်းမှ စောလှထီးကို သွားခေါ်ရသည်။ အောင်ထူးက ဝိုင်းရွာသို့ ဆက်သွားကာ တောထဲမှာ သုံးရန်နှင့် စားသောက်ရန် ပစ္စည်းများကို ဝယ်ရသည်။ ပစ္စည်းများဝယ်ရန် ကုန်ကျစရိတ်ငွေကို ဦးစောအယ်မူက ထုတ်ပေးသဖြင့် လောက်ငှစွာ ဝယ်လာနိုင်သည်။

BURMESE CLASSIC .com

သစ်ကိုင်းကျိုးကျသံကြောင့်
စောကွယ်စေး
လန့်သွားသည်။
လေမတိုက်ပါဘဲနှင့်
သစ်ကိုင်းကြီး
ကျိုးကျတယ်ဆိုတော့
တောခြောက်တာဟု
တွေးလိုက်မိသည်

ဆိပ်ဖူးတောင်သို့ ပြန်ရောက်သောအခါ ညနေစောင်းလုပြီဖြစ်သည်။ ထိုည စီစဥ်စရာ ရှိသည်များကို စီစဥ်ပြီး မနက်လင်းသည်နှင့် ခရီးထွက်မည်ဖြစ်သည်။

xxx xxx xxx

နောက်တစ်နေ့ နံနက် မိုးလင်းသည်နှင့် ရတနာသိုက်ရှာပုံတော် ခရီးစထွက်လာခဲ့သည်။ စောကွယ်စေးက တောကျွမ်းသူမို့ လမ်းပြပေးရသည်။ ရိုးမတောစပ်သာသာမို့ ခရီး၏ သိပ်မကြမ်းလှ။ တောထဲမှာ ရှံဖန်ရံခါ သစ်ဆွဲသူများ၊ သစ်ခုတ်သူများနှင့် တွေ့ရသည်။ နားလိုက် ခရီးဆက်လိုက်နှင့် ညနေ ၄-နာရီခန့်တွင် 'ကိုးထစ်' တောင်သို့ ရောက်သည်။ အဲဒီမှာ ညအိပ်စခန်းချ ရပ်နားရန် စီစဥ်ကြသည်။

အောင်ထူးနှင့် စောလှထီးက အချက်အပြုတ် တာဝန်ယူပြီး စောကွယ်စေးနှင့် ဦးစောအယ်မူက နေလိုင်ရန် နေရာစီစဥ်ကြသည်။ ညရောက်တော့ မီးဖိုကြီးတစ်ဖိုမြှုလုပ်ကာ မီးဖိုဘေးတွင် ထိုင်လိုက်ကြသည်။

အကောင်ကြီးများမရှိ၍ အလှည့်ကျ မအိပ်တော့ဘဲ အားလုံးမောမောပန်းပန်းနှင့် အိပ်လိုက်ကြသည်။ မနက်လင်းသည်နှင့် စောလှထီး စောစောထ၍ ချက်ထားသော ထမင်းကို အစာပြေစားကာ ခရီးဆက်ထွက်ရပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

တောကနက်သထက် နက်လာ၍ ခရီးက သိပ်မတွင်လှ။ လျှို မြောင်အသီးသီးကို ဖြတ်ကျော်ရနှင့် အချိန်နှောင့်နှေးသည်။ အားလုံးကလည်း ခရီးပန်းနေပြီဖြစ်သည်။

"ဝေး . . . ဖိုးခွားရေ ငါတို့ စခန်းချဖို့ နေရာစီစဉ်ကြရအောင်၊ ခရီးအရမ်း ပန်းနေပြီ"

"ဒါဆိုလည်း ဖထီး ရှေ့နားက ဝက်တိုးတောင်မှာ နားမယ်"

ဝက်တိုးတောင်သည် ပဲခူးရိုးမ၏ တောနက်တစ်နေရာမှာ ဖြစ်သည်။ ဝက်တိုးတောင်ရောက်တော့ စခန်းချရပ်နားပြီး အောင်ထူးက စားသောက်ဖို့ ချက်ပြုတ်ရသည်။ ချက်ပြုတ်ရသည်ဟု ဆိုသော်လည်း ထမင်းအိုးတစ်လုံးသာ တည်ရသည်။ ဟင်းက ဆတ်သားခြောက်ကို မီးဖုတ်ပြီး ဆီဆမ်းလျှင် ဟင်းဖြစ်သည်။

အောင်ထူး ထမင်းချက်နေစဉ် စောကွယ်စေးတို့သုံးဦးက အိပ်ဖြစ်ရုံတဲလေး ထိုးနေကြသည်။ အောင်ထူးချက်ပြုတ်ပြီးသည်နှင့် စောကွယ်စေတို့လည်း တဲထိုးပြီးသွား၏။

စောလှထီးက ထင်းခြောက်များကို လိုက်လံကောက်ကာ စုပုံထား၏။ စားသောက်ပြီးသောအခါ မီးဖိုလိုက်သည်။ တောကနက်လာသည်မို့ အလှည့်ကျအိပ်ရန် လူခွဲကြသည်။

ပထမကင်း စောင့်ရမည်က စောကွယ်စေး၊ ဒုတိယ အောင်ထူး၊ တတိယက စောလှထီးဖြစ်သည်။ ဦးစောအယ်မူကူ သူလည်း ကင်းစောင့်မည်ပြောသော်လည်း လူကြီးမို့ နားနားနေနေအိပ်ရန် ပြောလိုက်သည်။

xxx xxx

BURMESE CLASSIC .com

တော၏ညဉ့်ယံက မှောင်မိုက်တိတ်ဆိတ်နေသည်။ စောကွယ်စေး မီးဖိုအတွင်းသို့ မီးတောက်ကောင်းရန် ထင်းချောင်းများ ပစ်ထည့်လိုက်သည်။ မီးဖိုမှ မီးတောက်၏ အလင်းရောင်ကြောင့် အနားပတ်ဝန်းကျင်ကို ကောင်းစွာ မြင်နေရသည်။ ထိုစဉ် ရိပ်ခနဲဖြတ်သွားသလို မြင်လိုက်ရ၍ အနားမှ ဒူးလေးကို ကောက်ကိုင်လိုက်သည်။ ဘာမှ ထူးခြားမှုမတွေ့ရ။ တောကြောင်တွေ၊ ဘာတွေ ဖြတ်ပြေးတာဖြစ်မည်ဟု တွေးနေလိုက်သည်။

"ဗျှတ် . . . ဗျှတ်"

"ဝုန်း"

သစ်ကိုင်းကျိုးကျသံကြောင့် စောကွယ်စေးလန့်သွားသည်။ လေမတိုက်ပါဘဲနှင့် သစ်ကိုင်းကြီးကျိုးကျတယ်ဆိုတော့ တောခြောက်တာဟု တွေးလိုက်မိသည်။

မီးဖိုထဲ ထင်းများ ထပ်ထည့်လိုက်ရင်း အိပ်ချင်လာသဖြင့် အောင်ထူးအား နှိုးလိုက်သည်။ အောင်ထူးက အိပ်ချင်မှုးတူးနှင့်ထကာ စောကွယ်စေးလက်ထဲမှ ဒူးလေးကို ယူလိုက်သည်။ စောကွယ်စေးက အောင်ထူးအိပ်သောနေရာမှာ ဝင်အိပ်လိုက်သည်။

အောင်ထူး မီးဖိုဘေးတွင် ထိုင်ကာ မီးဖိုထဲသို့ ထင်းများ ပစ်ထည့်လိုက်သည်။

မီးတောက် ကောင်းလာသောအခါ ထင်းဆက်မထည့်တော့ဘဲ ဟိုကြည့် သည်ကြည့် လုပ်နေလိုက်သည်။

အိပ်ချင်သော စိတ်ကြီးစိုးနေသဖြင့် မီးပုံဘေးတွင် ငိုက်မြည်းနေသည်။

ဘယ်လောက်ကြာကြာ ငိုက်နေမိသည်မသိ၊ တစ်စုံတစ်ယောက်က ပုတ်လိုက်သကဲ့သို့ ခံစားလိုက်ရသဖြင့် လှည့်ကြည့်လိုက်သည်။

ဘယ်သူမှမရှိ။ စောကွယ်စေးများစသလားဟု တွေးကာ လှမ်းကြည့်လိုက်သည်။ စောကွယ်စေးက အိပ်ပျော်ချက်ရှိသည်။ အိပ်မှုန်စုံမွှားဖြင့် ထင်မီထင်ရာ ထင်မိသည်ဟု တွေးကာ ဟိုဟိုသည်သည် ကြည့်ပြီး မီးဖိုထဲသို့ ထင်းချောင်းများ ပစ်ထည့်လိုက်သည်။ မီးတောက်ကောင်းလာသောအခါ မီးတောက်များကို ကြည့်လိုက်သည်။

ပြီးတော့ မျက်လုံးများကို မှေးကာ ငိုက်နေလိုက်ပြန်သည်။

ဘယ်လောက်ကြာကြာ ငိုက်နေမိသည်မသိ။ နောက်မှ လက်ဖြင့် ပုတ်လိုက်သလို ခံစားရ၍ လှည့်ကြည့်မိပြန်သည်။ ဘယ်သူမှမရှိပေ။

ထိုစဉ် . . . အဝေးဆီမှ တောကြက်တွန်သံ ကြား၍ နောက်ကင်းစောင့်ရမည့် စောလှထီးအား နှိုးရန်ထလိုက်သည်။

"စောလှထီး . . . စောလှထီး၊ ထ . . . ခင်ဗျားအလှည့်"

စောလှထီး မှောက်လျက်အိပ်နေရာမှ အောင်ထူး၏ နှိုးသံကြားသဖြင့် မက်လက်လှန်ပြီး ထရန်ပြင်လိုက်သည်။

"အား"

စောလှထီး အောင်ထူး၏ အော်သံကြောင့် လန့်သွားသည်။

"အာ . . . . နင့်ဥစ္စာ အလန့်တကြားပဲ အောင်ထူးရာ၊ ဘာတွေ့လို့လဲ"

"ကျား . . . ကျား"

"ဘယ်မှာလည်းကျား"

စောလှထီး အောင်ထူးလက်ထဲမှ ဒူးလေးကို ဆွဲကိုင်ကာ အောင်ထူးပြောသော ကျားကို ရှာနေမိသည်။

"မ . . . မဟုတ်ဘူး။ ခင်ဗျား မျက်နှာကြီးက ကျားမျက်နှာကြီး"

"ဘယ်မှာတုန်းဟ"

စောလှထီး အောင်ထူးပြော၍ ကိုယ့်မျက်နှာကို ယောင်ယမ်းပြီး ပြန်စမ်းလိုက်မိသည်။

"အောင်ထူးရယ် နင့်ဥစ္စာ အိပ်ချင်မူးတူးနဲ့ ဘာတွေမြင်နေလဲ မသိဘူး။ သွား . . . အိပ်တော့"

စောလှထီး ဒူးလေးကို ကိုင်ကာ မီးဖိုနားထိုင်လိုက်ပြီး ထင်းချောင်းများကို တစ်ချောင်းပြီး တစ်ချောင်း ပစ်ထည့်နေလိုက်တော့သည်။

ရွှေကျီးသာ

(ရွှေ့လဆက်ရန်)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

နွေလည်းနွေ၊ လောကလည်းပူ အိမ်ပြတင်းတွေ အလုံပိတ် ပိန်းပိတ် အောင်မှောင်နေတဲ့ အခန်းတွေမှာ လူတွေအိပ်မပျော်ပေမည့် အသံတိတ်၊ ငုတ်တုတ်ပဲထိုင်ထိုင်၊ တုံးလုံးပဲလှဲလှဲ၊ ဘုရားရှိခိုး ထမင်းစား ဘာတွေလုပ်လုပ် အသံတိတ်၊ မီးမထွန်းပေမည့် အားလုံး ကျင့်သားရနေပြီမို့ အသံမထွက်အောင် လှုပ်ရှားသွားလာတတ်ကြပြီ။

တစ်ချိန်က ဒီရွာ ကားလမ်းဘေး မှာရှိတာကြောင့် ညဉ့်နက်သန်းခေါင် ကြယ်ရောင်မရှိသော်လည်း လူတွေစု ဝေးသွားလာကြ၊ ကွမ်းယာဆိုင်၊ လက် ဖက်ရည်ဆိုင်တွေ ဖွင့်ထားကြ၊ အဝေး မြေကားတွေ ဝင်ထွက် နားနိုကြနှင့် အလင်းမရှိလို့သာ ညလို့သတ်မှတ်တာ၊ လုပ်စရာရှိတာ၊ သွားစရာရှိတာ နေ့နှင့် မခြားသွားလာခဲ့တာ။ ကာလသားတွေ အကြိုက် ညအချိန်မှ ကောင်မလေး တွေအိမ်ရှေ့သီချင်းဆိုကြ၊ နားမခံသာ တဲ့အချိန် လူကြီးတွေမောင်းထုတ်မှ ပြေး လွှားပြန်တတ်ကြသည်။

ကားလမ်းလေးမှာ တန်းစီပေါက် နေတဲ့ တမာပင်က တမာပန်းနံ့တွေက လေနှင့်အတူ တစ်ရွာလုံးမွှေးပျံ့နေသည်။ ရွာအစွန်များက ကန်ရေပြင်ကြီးမှာ ကောင်းကင်ပြာပြာကကြယ်တွေ အရိပ် ထင်တာထိုင်ကြည့်ရင်း ကြောက်စရာ၊ ရယ်စရာ၊ လွမ်းစရာစသဖြင့် အကြောင်း ပေါင်းစုံကိုကာလသားတွေ တစ်ယောက် တစ်မျိုး ပြောတတ်ကြသည်။

ခုတော့ . . . သူတို့ရွာမှာ လသာ ညလည်းမသိ၊ တမာပင်တန်းမှာလည်း လမ်းမလျှောက်ဖြစ်၊ ကန်ရေပြင်မှာအရိပ် ထင်နေတဲ့ ကြယ်တွေကိုလည်း မမြင်ရ တော့၊ သီချင်းသံဝေးလို့ စကားပြောသံ ပင်မကြားရ၊ ဆိုင်မှန်သမျှညနေမစောင်း ခင် ပြတင်းတံခါးပိတ်၊ လူသံ တိတ်။

တစ်ခါတစ်ရံ လရောက်အောက် မှာ လူနေအိမ်လေးတွေရှိနေတာ တစ် ဦးတစ်ယောက်မြင်ခဲ့ပါလျှင်လည်း လူ သံ၊ တိရစ္ဆာန်သံတွေတောင် မကြားရ တာကြောင့် ရွာပျက်ကြီးတစ်ရွာလို့ ထင်မှားစရာ ငြိမ်သက်တိတ်ဆိတ်လွန်း သည်။

ဤသို့တစပြင်ပမာ ငြိမ်သက်နေခဲ့ ရသော ရွာကြီးတစ်ရွာ(သို့မဟုတ်) ညောင်ဝီးဖြူရွာသည် ကားလမ်းဘေးမှာ စည်ကားပျော်ရွှင်နေရာမှ ရုတ်တရက် ဆိတ်ငြိမ်သွားရခြင်းက ထိတ်လန့်ဖွယ် ရာ၊ ကြောက်ရွံ့ဖွယ်ရာ တတ်လမ်းလေး ကစခဲ့ရသည်။

သည်ခေတ်သည်အခါမှာ မဖြစ်နိုင် ပါဆိုသော်လည်း တကယ်ဖြစ်ကြုံခဲ့ကြ ရသည်မို့ တကယ်လို့များ ရွာမှပျောက် ကွယ်သွားသော "စိန်မြအောင်"ကို သေ ခြင်းမှတ်တိုင်မှာ ကိုယ်တိုင်ကိုယ်ကျ





www.burmeseclassic.com

www.burmeseclassic.com

မတွေ့နိုင်သမျှ "ညောင်ဇီးဖြူ" ရွာတစ်ရွာလုံး ညအခါရောက်တိုင်း ငြိမ်သက်တိတ်ဆိတ် မီးရောင်မှိန်နေပါဦးမည်။

စကားသံပျောက်-တံခါးပေါက်တွေမှာ ပုဆိုး၊ တုတ်၊ ဓါးနှင့် ပရိတ်ပန်းများ ရှိနေဦးမည်။

ညောင်ဇီးဖြူရွာသည် စိန်မြအောင်ဇာတိချက်မြုပ်၊ ညောင်ဇီးဖြူသည် စိန်မြအောင်ကြီးပြင်းခဲ့သည့်ရွာမို့ ဘယ်အိမ်မှာဘယ်သူရှိတယ်၊ ဘယ်တံခါးဘယ်လိုပိတ်ထားတယ်ဆိုတာ အမှောင်ထဲယောက်ပြီးသွားတောင် မလွဲတဲ့အိမ်တွေ။

သည်အိမ်တွေမှာ စိန်မြအောင်ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ခဲ့ရသည်သည်။ အိမ်တွေမှာ မျက်နှာငယ်စွာ၊ စိတ်ဓာတ်ကျစွာ လုပ်ကိုင်ခဲ့ရသည်။ သည်တစ်ရွာလုံးကို စိန်မြအောင်မုန်းသည်ဟု နှုတ်ကဖွင့်ဟဖူးသည်။

သို့ဆိုတော့ တစ်ဖန်ပြန်၍ စိန်မြအောင်ကို တစ်ရွာလုံးက ကြောက်ကြထိတ်လန့်ကြတာ၊ တစ်ရွာလုံးကစိန်လှအောင်ကို မုန်းတီး နာကျင်ကြတာ၊ အပြန်အလှန် ပေးဆပ်ခြင်းလား・・・။

ဘာပဲပြောပြော သားသမီးမြေးငယ်တွေရှိကြသော အဘိုး၊ အဖွား၊ မိဘများအတွက် စိန်မြအောင်ရန်ကြောင့် နေအိပ်၍ ညလုံးပေါက် ဝတ်တုတ်ထိုင်အသံတိတ်စိုးထိတ်မှုများစွာနှင့် ညများစွာကိုကျော်ဖြတ်နေရသည်။

လက်နက်ကိုင် အစောင့်များကိုလည်း သူဖြတ်ကျော်နိုင်သည်၊ ပြေးလွှားနိုင်သည်။ လူမုန်းသိလျက် ဘီလူးအဖြစ်သတ်မှတ်ထားခံရသော "စိန်မြအောင်"၏ ဘဝဇာတ်ကြောင်းအစကို ပြန်ပြောရပါလျှင်-

*** *** ***

စိန်မြအောင်အမေ မယ်စိန်ကညောင်ဇီးဖြူရွာသူစစ်စစ်၊ သို့သော်လည်း သူမအရွယ်ရောက်ချိန်၊ လုံးကြီးပေါက်လှမယ်စိန် နာမည်ကြီးချိန် မိခင်ဒေါ်ချမ်းသာ နောက်အိမ်ထောင်ပြုလိုက်သည်။

ဒေါ်ချမ်းသာဆိုပေမည့် ချမ်းသာတယ်မထင်လိုက်ပါနှင့်၊ ငယ်စဉ်ကတည်းကဆင်းရဲပင်ပန်းစွာ လုပ်ကိုင်စားသောက်ခဲ့ရသည်။ မျိုးရိုးဇာတိပြောပါလျှင် တကယ်ကိုဆင်းရဲသော မျိုးရိုးကဆင်းသက်ခဲ့ရရှာသည့် ဒေါ်ချမ်းသာ၊ မိဘတွေက မွေးကတည်းက ချမ်းသာခြင်းမှန်သမျှ ဘာမှမပေးနိုင်သည်မို့ ချမ်းသာဆိုသည့် အမည်လေးတစ်ခုသာ ပေးခဲ့ရှာသည်။

သူများ လယ် ချောင်းမှာ အစုတ်လိုက်သည်။ လယ်ကန်ဘောင်းမှာကန်စွန်း၊ ကနဖော့ ပုစွန်လုံးတွေက သူတို့မိသားစုအတွက် မရှိးနိုင်တဲ့ဟင်း။ ချောင်းဖျား၊ ချောင်းစပ်မှာ ငါးဖမ်းရသည်။ ဖမ်းရသမျှ ငါး၊ ပုစွန်လေးတွေကို ရွာထဲလှည့်ရောင်းရင်း ဆန်နှင့်လဲခဲ့ရသည်။

သနားတတ်သူတွေ ပေးကမ်းသမျှ အဝတ်အစားလေးတွေဝတ်၊ နွမ်းရာသီ ရွာထဲမှာ အိမ်သစ်ဆောက်လို့ အိမ်ဟောင်းဖျက်တိုင်း မလိုသမျှအတိုအစလေးတွေစုလို့ တစ်မိုးတွင်းအိပ်ဖြောင့်အောင် ဟိုမိုးသည်ကာနှင့် လူ့ဘဝကို ဝင့်ကြွားတွေပေးဆပ်ဖို့ အသက်ရှင်နေသည်ဟုပင် ပြောနိုင်လောက်အောင် ဆင်းရဲခဲ့ရှာသည်။

သည်နှယ့် ဒေါ်ချမ်းသာအိမ်ထောင်ပျက်သွားတာ နှစ်အကြာကြီးနေပြီးကာမှ ဘယ်က ရောက်လာမှန်းမသိတဲ့ ဦးတက်ခေါင်ဆိုသည့်လူကြီးနှင့် အိမ်ထောင်ထပ်ပြုလိုက်ခြင်းပါ။ မယ်စိန်မိခင်နှင့် နေ့တိုင်း စကားများသည်။ သည် လူကြီးကို အဖေမတော်ချင်ပါလို့ အော်ဟစ်ငိုတတ်သည်။

ရွာထဲကကြားရသူတွေ သနားကြသည်။ သို့ပေမည့် ဒီရွာသားတွေထဲက မယ်စိန်ကို သဘောကျသူတွေရှိပေမည့် တကယ်တမ်း လက်ထပ်ယူမလားဆိုတော့ ဘယ်သူမှမယူရဲ၊ ကျမ်းရှုးလို့ဆင်းရဲတာလိုလို၊ ကျိန်စာမိလို့ဆင်းရဲတာလိုလို အရပ်စကားနှင့် ဝေဝါးနေကြသူကွေ။

သည်လိုနှင့် မယ်စိန်ရွာမှပျောက်သွားရှာသည်။ ဒေါ်ချမ်းသာ ဟိုရှာ၊ သည်ရှာနှင့်စုံစမ်းပေမည့် သတင်းမရခဲ့။ တကယ်တမ်း မယ်စိန်ရွာပြန်လာတော့ ရွှေအပြည့်၊ ငွေအပြည့်နှင့် သူ့ယောကျ်ားက မည်းမည်းထွားထွား ကျိုင်းကျိုင်းမို့ ရုတ်တရက်တောထဲမှာ တွေ့လျှင် သိုက်စောင့်ဘီလူးအလား ထင်ရလိမ့်မည်။

ရွာထဲ အိမ်ကောင်းကောင်းဆောက်ပြီး စားလိုက်၊သောက်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com

လည်း အမဲပေါ်လျှင်သူတို့မလိုချင်တာမှ ရွာသားတွေစားရသည်။ အမဲမပေါ်သည့်နေ့တွင် ရွာထဲကဝက်ပေါက်၊ ဆိတ်ပေါက်လေးတွေလာဝယ်တတ်သည်။

မွေးဖို့တော့မထင်နဲ့ မီးကင်စားသည်တဲ့။ ရွာသားတွေ ကြောက်သလိုရွံ့သလိုနှင့် သိပ်စကားမပြောတော့။ မယ်စိန်နှင့် သူ့ယောက်ျားမြို့တက်သွားပြီးလက်ဝတ်လက်စားတွေရောင်း ရွာမှာပြန်ထိုင်စားသည်လိုနှင့် နှစ်လည်ခဲ့သည်။ လက်ဝတ်လက်စားတွေ ကုန်တော့ နေတဲ့အိမ်ရောင်းသည်။ မယ်စိန်က သူ့ယောက်ျားအာလုပ်လုပ် ဘာမှမပြော၊ စကားမပြောတတ်အောင်အနေသည့်အလား ဟုတ်ကဲ့ တစ်ခွန်းသာ တဲ့ပြန် ခေါင်းရင်း အရက်ဝယ်၊ အသားကင်လုပ်ရသည်။

ရွာသားတွေက ရွာထဲဒီလင်မယားမရှိပြီးရောသဘောနှင့် ငွေကြေးတတ်နိုင်သူက သူတောင်းတဲ့ဈေး ပေးဝယ်လိုက်သည်။ မယ်စိန်တို့လင်မယား ရွာအစွန်လယ်ကွက်တွေအဆုံး ဘုရားအိုပျက်ကြီးရှိရာမှာ တဲထိုးနေတော့သည်။

သို့ပေမည့် အမဲသားပေါ်လျှင် ဦး ါ လွန်းရောက်လာသည်။ နွားပေါင်နှစ်ဖက်စလုံး တောင်းသမျှဈေးပေးဝယ်သည်။

မတန်တဲ့ဈေးပေးတော့လည်း ရွာထဲမှာ မကြာခဏ အမဲပေါ်တတ်တာကြောင့် ရွာလူကြီးပင် တားရသည့်အဖြစ် ပေါ်လာသည်။

ညနေဖက်နေစောင်းလျှင် မယ်စိန်တို့လင်မယားနေတဲ့တဲမှာ မီးခိုးတလူလူနှင့် အသားမီးကင်နံ့ ရွာဖက်ရောက်လာသည်။ ရွာမှာ သောင်းကျန်း ဆိုးသွမ်းသည့် လူရမ်းကားတွေပင် ဦးမဲလွန်းကိုရင်မဆိုင်ရဲကြ။ ရွာထဲဦးမဲလွန်းရောက်လာလျှင် လမ်းပေါ်မှာ မသွားမဖြစ်လူတွေကလွဲလို့ ရှောင်နိုင်သူတွေရှောင်ကြရသည်။ အချိန်ဟာ ညောင်ဗီးဖြူရွာအတွက် ထိတ်လန့်ဖွယ်ညဉ့်ဦးယံအိပ်မက်ဖြစ်ခဲ့သည်။

*** *** ***

ဦးမဲလွန်းလို့ ရွာသားတွေအမည်တပ်ခေါ်သော်လည်း သူ့မှာလနာမည်ရင်းမဟုတ်ပါ။ သို့ပေမည့် ဘယ်သူတွေဘာပြောပြော၊ ဘယ်လိုခေါ်ခေါ်ဦးမဲလွန်းဂရုစိုက်တာမဟုတ်။

မြို့တက်သွားလိုက်၊ ပြန်လာစားသောက်လိုက်နှင့် အလုပ်မရှိဘဲ အလျှုံပယ်စားသောက်နေသည့် ဦးမဲလွန်းကိုမနာလိုသူတွေရှိလာသည်။

ရွာသားတွေ မှာက ချောင်းဖျားမြောင်းဖျားမှာ ငါးရှာရ၊ လယ်ထဲမှာ အသားတွေမည်းအောင် ထွန်ယက်မှ ထမင်းနပ်မှန်ရ။

သည်ကြားထဲ ရောင်းတတ်၊ ဝယ်တတ်သူတွေက ညောင်ဗီးဖြူနှင့်မဝေးတဲ့ ကန်လုရွာဖက် ကူးရောင်းသည်။

“မလုပ်မကိုင်ဘဲနှင့် ဒီကောင်ဘယ်လိုချမ်းသာလို့ ထိုင်စားနေပါလိမ့်၊ သူ့မရှိတုန်း သွားချောင်းကြရအောင်”

ရွာထဲက ကျော်လုနှင့် ကျောက်ခဲတို့လုပ်ယ်တွေ စပ်စုစွာ ဦးမဲလွန်းမြို့တက်တာနှင့် ဘုရားအိုဘေးက သူတို့တဲလေးဆီရောက်ခဲ့သည်။ အချိန်က နံနက်ပိုင်းဖြစ်တာကြောင့် တဲလေးမှာချက်ပြုတ်နေမည့် မယ်စိန်ကိုတွေ့ရမည်ထင်သော်လည်း မယ်စိန်က ကွပ်ပျစ်လေးပေါ်မှာ ဘေးစောင်းအိပ်နေဆဲ၊ သေချာကြည့်မှ မယ်စိန်မှာကိုယ်ဝန်ကြီးနဲ့ဆိုတာ သိလိုက်ကြသည်။

တဲတစ်ခုလုံးညှီစို့စို့နှင့် ဘာနံ့တွေမှန်းမသိ၊ မီးဖိုပေါ်မှာ ချိတ်ဆွဲထားသောနွားပေါင်ကြီးက သွေးတစ်စက်စက်နှင့်လတ်ဆတ်နေဆဲ“ ရွာမှာဘယ်ချိန်ကအမဲပေါ်လိုက်ပါလိမ့်။

မယ်စိန်အတွက် စိတ်မကောင်းသလိုခံစားရင်း ကျော်လုတို့တစ်ယောက်နှင့်တစ်ယောက်လက်တို့ကာ အပြေးတစ်ပိုင်းပြန်ခဲ့ကြသည်။ ရွာရောက်ခါနီးလက်ပံပင်အောင်ရောက်မှ စုံးစုံးဝါးဝါးထအော်လိုက်တာ ရွာကလူတွေပင်လန့်ကုန်သည်။

“ဟဲ့- ဟဲ့ ဘာသံတုန်း။ ဘာသံတုန်း။ လက်ပံပင်ကြီးအောက် လျှိုထဲကကြားတာ၊ ကောင်လေးတွေသွားကြည့်ကြစမ်း၊ ဘာတွေဖြစ်ကုန်ပြီလဲ။ အေးမောင်-ငွေတိုး- ငါပြောတာကြားလား”

“ဟုတ်ကဲ့ အရီး သွားပါ့မယ်-သွားပါ့မယ်”

ပြေးရင်း ပြေးရင်း အေးမောင်၊ ငွေတိုးနှင့် မြင့်ကျော်ပါ အသံကြားရာရောက်လာသည်။ သူတို့တွေလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com

ငုတ်တုတ်ထိုင်ရင်း မလှုပ်မယှက်ငြိမ်သက်နေတဲ့ရွာက ကျောက်ခဲတို့အဖွဲ့။

အနားရောက်တာနှင့် လက်နှင့်ပုတ်ပြီး "မင်းတို့ဘာကောင်တွေလဲ ထစမ်း"ဟုအော်လိုက်မှ လှုပ်လှုပ်ရှားရှားဖြစ်ကာ သုံးယောက်စလုံး ဖြိုင်တူကြောက်စရာကြီးကွာ၊ ကြောက်လိုက်တာဟု ဖြေသည်။

တို့ထက်ပို၍ ဘာမှမေးမရ၊ ရွာထဲပြန်ရောက်တော့လည်း ဘယ်သူတွေဘာမေးမေး ကျွန်တော်တို့ဘာမှမသိပါဘူးဟု ပိတ်ဖြေကြသည်။

"ကျွန်တော်တို့ ဦးမဲလွန်းအိမ်လည်း မသွားပါဘူး။ ဦးမဲလွန်းအိမ်မှာလည်း ဘာမှမတွေ့ပါဘူး"ဟု သုံးယောက်စလုံး ဘူးကွယ်ရင်း ညဘက်တွေအပြင်မထွက်တော့။ လသာချိန်ကန်ဘောင်မှာ သွားထိုင်ရအောင် ခေါ်သော်လည်းမရ၊ ညနေစောင်းတာနှင့် အိမ်ထဲမှာပင် တံခါးပိတ်နေတော့သည်။

*** *** ***

ညောင်ဇီးဖြူရွာအတွက် ညဥ့်လယ်အိပ်မက်ဆိုးမက်ရန် ပယ်စိန်က ယောက်ျားသားလေးတစ်ယောက် မွေးဖွားပေးခဲ့သည်။

ဖြူဖွေးထွားကျိုင်း၍ ယောက်ျားပီသသောမျက်နှာနှင့် "စိန်မြအောင်" အမည်တွင်သော ထိုကလေးသည် အရွယ်ရောက်သည်နှင့် ရွာထဲကအလယ်တန်း ကျောင်းကိုအပ်ပေးသည်။

ဦးမဲလွန်းရွာက ပျောက်သွားတာနှစ်အတော်ကြာပြီး မြအောင်လေးတန်းအောင်ပြီးမှ ပြန်ရောက်လာသည်။ ဘုရားအိုကြီးအေးကတဲမှာ အသားညိုနံ့တွေ လှိုင်လှိုင်ထွက်လျက် စိန်မြအောင် ကိုယ်မှာပင် စွဲကပ်နေသည့် ထင်ရအောင် အသန့်ကြိုက်တဲ့ ကျောင်းသားတွေက မောင်းထုတ်တတ်သည်။

"ဟိတ်ကောင် စိန်မြအောင် မင်းကိုယ်က အသားကင်နံ့ရသလိုပဲ ညှီစို့စို့နှင့် ဝေးဝေးနေစမ်းကွာ"

"မဟုတ်ပါဘူးကွာ၊ ငါ့အဖေ သာအသားစားတာ၊ ငါသိပ်မစားပါဘူး။ မနေ့ကမိုးရွာတော့ ကျောင်းဝတ်စုံတွေကို "တဲ" ထဲမှာ လှမ်းထားရလို့ အသားကင်နံ့ စွဲနေတာပါ"

"အဲဒါတွေ ငါတို့မသိဘူး။ဒါပေမည့် မင်းငါတို့နှင့် ဝေးဝေးနေ" သောင်းထိုက်နှင့်လှဟန်က လက်သီး ရွယ်ပြတော့ စိန်မြအောင်ကျောင်းခန်း ချောင်လေးမှာ ကပ်နေသည်။ ဒါတွေကို ကျောင်းသူလေးတွေကမကျေနပ်ကြ။ စိန်မြအောင်ကိုသနားသဖြင့် သောင်းထိုက် တို့ ကွယ်ရာမှာ ဆရာကိုတိုင်သည်။

ဆရာကရိုက်တော့ ကျောင်းသူတွေကိုမဲကာ ကျောင်းဆင်းလျှိုအတက်မှာ စိန်မြအောင်နှင့်ကျောင်းသူတွေက တစ်ဖက်၊ သောင်းထိုက်က တစ်ဖက် စကားနိုင်လုရန်ဖြစ်ကာ နေ့တိုင်းအတန်းထဲရောက်လျှင် သောင်းထိုက်က တစ်မျိုးမဟုတ်တစ်မျိုး ပြဿနာရှာတော့သည်။

ကျောင်းတက်ရတာ ရန်မအေးတာမှန်သော်လည်း စံပယ်၊ ထွေးလှနှင့်
အေးမာတို့လှုစုနှင့်ခင်မင်ရတော့ ပျော်
လာသည်။ မောင်နှမသားချင်းမေတ္တာ
မခံစားရဘူးတော့ အတူတကွ သွားလာ
စကားပြောရတာပျော်သည်။

အိမ်ရောက်လို့ အမေ့ကိုပြန်ပြော
ပြတော့ အမေ့မျက်နှာက ပြုံးနေပြီ
ခေါင်းညိတ်ထောက်ခံပေမည့် အဖေက
"ဟိတ်ကောင် မင်းကိုငါက သိပ်ပညာ
တွေသင်ပေးမှာမဟုတ်ဘူး။ လောကမှာ
ချမ်းသာချင်ရင် ငါသင်ပေးမယ် မင်းရွ
ထဲက လူတွေနှင့် ကျောင်းတက်တာလဲ
လို့မပတ်သတ်နှင့် ကြားလား"

မျက်မှောင်ကုတ်ပြီး ထအော်သည်
ဖခင်အသံကြောင့် စိန်မြအောင်အမေ
တို့ လွင့်ပျယ်ကုန်သည်။

သိပ်မကြာသည့်ကာလမှာ စိန်
အောင်အမေ မယ်စိန်ဆုံးသွားတာ ရွ
ထဲကသိကြပေမည့် ဘယ်သူမှအသ
လိုက်မပို့ကြပါ။ ဦးမဲလွန်းကလည်း ရ
ရှည်ဝေးဝေး စဉ်းစားတတ်သူမဟု
တော့ နောက်တစ်နေ့နေ့လည်မှာ ကွ
စပ်က ပျောက်ဆိတ်ပင်ကြီးအောက်
မယ်စိန်ကိုမြှုပ်လိုက်သည်။

အထီးကျန်စွာ လှုပ်ရှားသွားလာ
က မောင်မြအောင်၊ ကျောင်းတက်
မည့် စာမကျက်ဖြစ်တော့ ဘာမေး
အမှား။ ဆရာက မရိုက်ချင်ပေမ
ပညာရေးနှင့်ပတ်သတ်တော့ ရိုက်
ဒီထက်ဆိုးတာက စာမေးပွဲမှာ အ
အနည်းဆုံးက အတန်း သန့်ရှင်း
တစ်ပတ် နေ့ညလုပ်ရသည်။ မ
အစောကြီးထလာ၊ ညနေ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

နောက်ကျမှ ပြန်ရတော့ စိန်မြအောင် အဖော်မဲ့နေသည်။ သည်ကြားထဲ ကျောင်းတောင်ဘက် ထုံးလှောင်ထား ဘူးသည့် တဲပျက်ထဲမှာ သန့်ရှင်းရေး လုပ်သည့် အမှိုက်တောင်း သွားထားစဉ် နောက်ဘက်က ဘယ်သူ ရိုက်လိုက်မှန်းမသိ "အောင်မလေးဗျ" ဟု တစ်ချက် အော်ရင်း ထိုနေရာမှာပင် ခေတ္တမေ့လဲ သွားတော့သည်။

စိန်မြအောင် သတိရချိန်တွင် ကျောင်းတစ်ခုလုံး မည်းမှောင်တိတ်ဆိတ်နေတော့သည်။ လွယ်အိတ်စလွယ်သိုင်းလွယ်ပြီး ဖိနပ်လက်ကကောက်ကိုင် ပြေးထွက်ခဲ့သည်။ သွားရာလမ်းမှာ ဆူးတွေညှောင့်တွေလည်း မသိ၊ ချောက်တွေလည်း မမြင်၊ မောဟိုက်ခြင်းနှင့် အိမ်ရောက်လာသည့် အချိန် ဖေါသကြီးစွာ အော်ငေါက်လိုက်သည့် အဖေ့ကြောင့် နောက်တစ်ဖန်မေ့လဲသွားသည်မှာ သုံးညမြောက်မှ ပြန်သတိရလာသည်။

ခြေကွဲနာများ၊ မျက်ရည်များ၊ ဆာလောင်မှုများနှင့် ထိုတဲငယ်တွင်းမှာ တစ်ယောက်တည်း သတိရလာပြန်သည်။ ဘာတွေမှ မစဉ်းစားတတ်တော့ဘဲ ဖခင်ချန်ခဲ့သည့် ရေတကောင်းထဲ ညိုညစ်ညစ်အရည်ကိုသောက်၊ ညှီနံ့မပျောက်သော အသားဟင်းတွေကို ပလုတ်ပလောင်း စားပစ်သည်။

စောစောကလို နာကျင်မှုတွေ မခံစားရတော့ သတိရပေမည့် ဦးနောက်ထဲမှာ ဘာမှမစဉ်းစားမရ၊ စိန်မြအောင်စနေကောင်းသွားပေမည့် ကျောင်းမတတ်တော့၊ အခန်းထောင့်မှာ ခွေအိပ်နေတတ်ပြီး ဆာတဲ့အခါ ဖခင်ကျန်သည့် အသားအကြွင်းအကျန်စားသည် ညဘက်တွေအိပ်မပျော် အမှောင်ထဲမှာ လမ်းလျှောက်ချင်စိတ်တွေ ပေါ်လာသည်။

ညဘက်လူခြေတိတ်တာနဲ့ စိန်မြအောင် ရွာထဲလှည့်လည်သွားလာ စားစရာရှာသည်။ အိမ်တွေထဲ တံခါးပိတ်ထားလည်း သူ့အတွက်ကအလွယ်တကူ ထွက်နိုင်ဝင်နိုင်ပြီး စားစရာရှာဖွေစားသည်။ အိုးသံခွက်သံမထွက်အောင်စားကာ အိပ်ပြန်အိပ်တော့သည်။

ကံကြမ္မာသည် စိန်မြအောင်ကို အစွမ်းကုန် ဒဏ်ခတ်နေသည်လား။ ခြောက်လမျှမကြာခင် စိန်မြအောင် အဖေ ဦးမဲလွန်း သေဆုံးခဲ့ပြန်သည်။ သည်တော့ စိန်မြအောင် အဖွားဖြစ်သူ ဒေါ်မြမ်းသာထံရောက်ခဲ့ပြီ။

"သားလေး အဖွားတို့မြေးအဘွားခုမှ အတူနေရတာပေမည့် သားကို အေးအေးဆေးဆေး ကျောင်းဆက်မထားပေးနိုင်တဲ့ဘဝမှာ၊ အဘွား စိတ်မကောင်းပေမည့် အဘွားအသိမိတ်ဆွေတွေရဲ့ ဆိတ်တွေကျောင်းဖို့ အပ်ပေးမယ်၊ သား ထမင်းထုတ်နှင့် ဆိတ်ကျောင်းထွက်ရမယ် သားသွားမှာလား"

"အဘွားစီစဉ်ပေးတာ သားလုပ်ပါ့မယ်" စိန်မြအောင် မိုးလင်းတာနှင့် ထမင်းထုပ် လွယ်အိတ်ထဲထည့် ဆိတ်အုပ်ကြီး မောင်းထွက်ခဲ့သည်။ ဆိတ်အုပ်ဆိုတာကလည်း တစ်အိမ်ဆယ်ကောင် ဆယ့်ငါးကောင် စသည်ဖြင့် လေးငါးအိမ် စုတော့ ဆိတ်အုပ်ကြီးဖြစ်လာသည်။

ဘာပဲပြောပြော သည်ဆိတ်ကျောင်းခနှင့် မြေးအဘွားနှစ်ယောက် ဆန်ဖိုးလေးရဦးတော့ တောထွက်အသီးအရွက်တွေက မရိုးတဲ့ဟင်းလျာ။ စိန်မြအောင်ပျော်ရွှင်စွာ ဆိတ်ကျောင်းသည်။ ရွာထိပ်က မန်ကျည်းပင်အိုကြီးအောက် ထိုင်ရင်း တွေးချင်ရာတွေး။ တစ်ခါတစ်ရံ သူ့ကျောင်းလွယ်အိတ်အဟောင်းထဲက စာအုပ်မှာ စိတ်ထဲရှိရာ ဗိကာပတ်ကုံးရေးသားသည်။

တစ်ခါတစ်ရံ ထမင်းစားပြီး တမှေးအိပ်သည်။ ညနေစောစောဆိတ်အုပ်ကြီး ရွာတဲပြန်မောင်းဝင်ပြီးနောက် ဟိုအိမ်၊ သည်အိမ်က ခိုင်းတာတွေလုပ်ပေးသည်။ နွားစာ၊ ဉ်းတာ၊ ကောက်ရိုးလှည်းတိုက်ပေးတာ၊ ရေမရှိတဲ့ အိမ်တွေ ရေစည်တိုက်ပေးတာ၊ သူ့အတွက် ညနေပိုင်း အချိန်ပိုအလုပ်။

တစ်ချို့အိမ်က "ရော့ မော့ စိန်မြအောင်၊ မင်းအဘွားရောစားလို့ရအောင် ယူသွား" ဆိုလျက် ထမင်းထုပ်ပေးသည်။ တချို့အိမ်တွေက ခူးခပ်ကျွေးသည်။ ရွာထဲရောက်တော့လည်း ကျောင်းကာသူငယ်ချင်း မိန်းကလေးတွေနှင့် ပြန်တွေ့ရတာကြောင့် စိန်မြအောင်ပျော်သည်။

"ဟဲ့ စိန်မြအောင် နောက်နေ့ဆိတ်ကျောင်းက စောစောပြန်လာ၊ အေးမာတို့ရှင်ပြု နင့်အတွက်ရော နင့်အဘွား

www.burmeseclassic.com

အတွက်ပါ ဟင်းကောင်းကောင်းချက်ထားမယ်"

"နေပါစေ တွေးလှ၊ ငါဘာဖြစ်ဖြစ်စားနိုင်ပါတယ်။ သီးသန့်ဖယ်မထားပါနှင့် ဆိတ်အုပ်ထဲမှာ ဆိတ်သိုးကြီးတစ်ကောင်ပါတာ တော်တော်ထိန်းရခက်လတယ်"

"အေးပါ။ နင့်ကို ငါတို့သူငယ်ချင်းတွေ အကုန်စောင့်နေကြမှာ၊ နင်အဆင်ပြေတဲ့အချိန်ပေါ့"

မခွဲခြားတတ်တဲ့ မိန်းကလေးသူငယ်ချင်းတွေရှိသလို၊ စိန်မြအောင်မြင်တာနဲ့ ရန်စတတ်တဲ့ လုဟာန်တို့နဲ့ တွေ့တော့လည်း စိတ်ပျက်ရပြန်သည်။

"ဟေ့ကောင် စိန်မြအောင် ရွာထဲဟိုဝင်၊ ဒီထွက်မလုပ်နဲ့ မျက်စိနောက်တယ်။ မင်းအဖေမရှိတော့ ငါတို့အတွက် သိပ်ဂရုစိုက်စရာမရှိဘူး။ စိတ်မထင်ရင် မင်းကိုသတ်ပစ်ချင် သတ်ပစ်လိုက်မှာ"

သောင်းထိုက်တို့က "အေး ဒီကောင်မျိုးသေရင် မျိုးပြုတ်တာပေါ့"ဟု ဝိုင်းထောက်ခံကြသည်။ စိန်မြအောင်အတွက် ညောင်ဝီးဖြူရွာသည် ပျော်ရွှင်ခြင်းတချို့ စိတ်ပျက်ခြင်းတချို့နှင့် နေ့ညများစွာကို ကျော်လွန်စေခဲ့သည်။

စိန်မြအောင် အရွယ်ရောက်လာသည်အထိ ဆိတ်ကျောင်းခြင်းအလုပ်ကို မစွန့်လွှတ်၊ အဘယ်ကြောင့်ဆိုသော် ညောင်ဝီးဖြူရွာထဲက ငယ်သူငယ်ချင်းတွေ တွေ့ဆုံစကားပြောဖို့၊ ရင်းနှီးဆက်ဆံနိုင်ဖို့ ဒီအလုပ်က သူ့အတွက်အသင့်တော်ဆုံး။ မိဘလည်း မရှိ၊ မောင်နှမလည်းမရှိဘာခိုင်းခိုင်းဘယ်လိုကျွေးကျွေး မညည်းမညူ။ အချိန်တန်သည် ပတ်ဝန်းကျင်မှာ ရှိနေသည်။

စိန်မြအောင် အရွယ်ရောက်လာချိန် ယောကျ်ားပီသ ချောမောတာကြောင့် ရွာထဲကမိန်းကလေးတွေက ချီးမွမ်းပြောဆိုသော်လည်း ကောင်လေးတွေက ဘယ်လိုမှကြည့်မရကြ။ အထူးသဖြင့် လုဟာန်တို့လူစု။

မိန်းကလေးတွေက သနားစိတ်နှင့်နေရာပေးခြင်းသည် စိန်မြအောင်အတွက် ဘဝပြောင်းလဲခြင်းကို စတင်ခဲ့သည်။

အချိန်ကာလနေစောင်း မှောင်စပျိုးတော့မည်။ နေ့စဉ် လုပ်ရိုးလုပ်စဉ်အတိုင်း ဆိတ်ပိုင်ရှင်တွေထံ ဆိတ်အပ်၊ လိုအပ်တဲ့ တောက်တိုမယ်ရအလုပ်လုပ်ပြီး မြေးအဘွား နှစ်ယောက်အတွက် ထမင်းထုပ်လေးဆွဲကာ အိမ်ပြန်ခဲ့သည်။

ရွာအထွက် ဆည်ဘောင်အကွေ့မရောက်မီ လုဟာန်တို့လူစုကို တွေ့လိုက်ရသဖြင့် ခြေလှမ်းရပ်သွားသည်။ အားလုံးက သူ့သွားမည့်လမ်း ဝိတ်ရပ်ထားသည်။

"ဟေ့ကောင် မင်းမှာ တခြားအလုပ်မရှိတော့ဘူးလား"

"ငါ့အလုပ်က ဘာဖြစ်နေလို့လဲ၊ ငါ့အဖွားစီမံပေးတဲ့အတိုင်း ရိုးရိုးသားသားလုပ်တဲ့အလုပ်မင်းတို့ဘာထိခိုက်လို့လဲ"

, "ငါတို့မထိခိုက်ပေမည့် ရွာထဲက ကောင်မလေးတွေနဲ့ ခင်မင်တာမကြိုက်ဘူးကွ။ တခြားအလုပ်ရှာကွာ၊ မင်းလိုမျိုးမစစ်တဲ့ကောင်၊ မင်းအဖေ ဘယ်ကလာမှန်းမသိတဲ့ကလေးကချေ၊ တို့ရွာသူထဲက ဘယ်သူနှင့်မှ သဘောမတူဘူး။ ရွာထဲမှာလည်း မမြင်ချင်ဘူး။ ကြားလား ဟိတ်ကောင်"

"သွားလာနေတော့ ဘာဖြစ်လဲကွာ၊ ငါ့အဖေကို မင်းပြောစရာလား" စိန်မြအောင် စိတ်ထိန်းထားရာမှ လုဟာန်ကို မျက်နှာတည့်တည့်လက်သီးနှင့်ပင့်ထိုးပစ်သည်။ ဖင်ထိုင်ရက် လဲကျရာမှ သူ့လူတွေကို လှမ်းအော်သည်။

"ဟေ့ကောင် သောင်းထိုက်၊ တာတီး မြင့်ကျော်တို့ စိန်မြအောင်ကို ဝိုင်းထိုးကွာ" မြေပေါ်လှဲရင်း လက်တွေခြေတွေ ဝိုင်းဖိထားသည်။

"ဟိတ်ကောင်တွေ၊ ဝိုင်းအနိုင်မကျင့်နဲ့ကွ၊ လွှတ်စမ်း မင်းတို့ယုတ်မာတယ်"

"အေး ဟုတ်တယ် မင်းရုပ်ကလေးကြောင့် ရွာထဲသွားလာရလွယ်နေတာ၊ ဒီရုပ်ဖျက်ဆီးပစ်မယ်၊ ချစမ်းကွာ၊ မသေစေနဲ့ တစ်သက်တာ လူမလုပ်နိုင်အောင်လုပ်ပစ်"

စိန်မြအောင် အသံစူးစူးဝါးဝါးကအိပ်တန်းတက်နေတဲ့ ငှက်တွေ လန့်ပျံကုန်၏။ စိန်မြအောင် ကမ္ဘာပျက်သည့်အလား၊ ညောင်ဝီးဖြူရွာ ပျက်မည့်အလား ကံကြမ္မာအလှည့်အပြောင်းကဆည်ဘောင်စောင်းမှာ စခဲ့ရပါပြီ။

ဆက်လက်ဖော်ပြပါမည်. . .

ခင်မမလင်း(ကလော)



www.burmeseclassic.com

www.burmeseclassic.com

# အန္တရာယ်ငုံများတွင်သုံးရန် ကိုဘော့စက်ရုပ်ပြိုင်ပွဲ



အမေရိကန်နိုင်ငံတွင် ပင်တဂွန်စစ်ဌာနချုပ်က ကြီးမှူးကျင်းပသော အဒေါ့ပက်ဘီလတီ (Adaptability) မျိုးဆက်သစ် ကိုဘော့စက်ရုပ်ပြိုင်ပွဲ ကျင်းပခဲ့ကြောင်း အင်တာနက်သတင်းကဆိုသည်။

ပင်တဂွန်ရှေ့ပြေးလေ့လာရေး ဓာတ်ခွဲခန်းက တီထွင်သော စက်ရုပ်သည်လူသားများအသုံးပြုသော ဆူးဆောက်၊ ပလာယာ၊ စပန်နာ၊ ခွ၊ တူ စသည့် ပစ္စည်းများကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်သည့်အပြင် ယာဉ်များကိုလည်းမောင်းနှင်နိုင်စွမ်းရှိသည်။ ထိုသို့ စီစဉ်ရခြင်းသည် လူသားတို့ ခန္ဓာကိုယ်ကာယက မခံနိုင်သော အရေးပေါ် ကယ်ဆယ်ရေးသဘာဝဘေးအန္တရာယ်ကြီးများ၊ ဓာတ်ရောင်ခြည် ယိုစိမ့်မှုများတွင် ထိုစက်ရုပ်တို့က လူသား၏ ထိန်းကျောင်းခြင်း မလိုဘဲ စက်ရုပ်ရှိ ကွန်ပျူတာဦးနှောက်က ဆုံးဖြတ်ဆောင်ရွက်နိုင်စွမ်း ရှိသည်။ ၂၀၁၁ ဂျပန် ဖူကူရှီးမား ဓာတ်ရောင်ခြည် ယိုစိမ့်မှုတွင် စက်ရုပ်များအသုံးကျပုံကို တွေ့ရသည်။ ၎င်းအပြင် အီရတ်/အာဖရန်တို့တွင် မိုင်းရှာခြင်း၊ မိုင်းဖြုတ်ဖယ်ရှားခြင်းနှင့် ကြီးမားသော အပျက်စီး(တိုက်ပြို/တိုက်ပျက်)တို့ကို ခဏအတွင်း ဖယ်ရှားပေးနိုင်သည်။ ပြိုင်ပွဲကျင်းပခြင်းကြောင့် နိုင်ငံအတွင်း/အပြင်မှ ဆော့ဝဲလ်အင်ဂျင်နီယာများ၊ ဗွီဒီယိုဂိမ်းပညာရှင်များ၊ စက်မှုပညာရှင်များ၊ ကွန်ပျူတာပညာရှင်များ စုစည်းမိကာ တစ်ဦးစီ၏ တီထွင်မှု စုပေါင်းကာ ပိုမိုအဆင့်မြင့်သော မျိုးဆက်သစ်စက်ရုပ်များ ပေါ်ထွက်လာမည်ဖြစ်သည်။ ကွင်တီကျွိ(HK) စက်ရုပ်သည် အလေးအပင်မ,ခြင်း၊ ဓာတ်ရောင်ခြည်ပမာဏတိုင်းထွာခြင်းကို ပြုလုပ်နိုင်သည်။ စက်ရုပ်ပြိုင်ပွဲဝင်သော စက်ရုပ်များသည် မြင်တွေ့သောအချက်ကို စက်ရုပ်ရှိ ကွန်ပျူတာဦးနှောက်က ဆုံးဖြတ်ကာ ပုံမှန်ဆောင်ရွက်နိုင်စွမ်းရှိသည်။ လှေကားတက်/ဆင်းခြင်း၊ တောင်ကုန်းတောင်တန်းတက်/ ဆင်းနိုင်စွမ်းရှိသော စက်ရုပ်များ၊ ရွှေ့လျားနိုင်စွမ်းများသော စက်ရုပ်၊ လူသားတို့ လက်ကဲ့သို့ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်သော စက်ရုပ်များပါသည်။ ကမ္ဘာကြီးတွင် အချိန်မရွေး သဘာဝဘေးအန္တရာယ်၊ လူတို့ကြောင့်ဖြစ်သော ဘေးအန္တရာယ်တို့ကို ကာကွယ်ခြင်း၊ ဖြေရှင်းစွမ်းဆောင်ခြင်း အဆင့်မြင့်သောစက်ရုပ်များ ပေါ်ထွက်ရေး မျှော်မှန်းထားသည်။

ညိုမင်းလွင်(မော်ကျွန်း)

*Ref:- Internet News, 10.1.2013*

## ကမ္ဘာပေါ်တွင် ယာဉ်မတော်တဆဖြစ်ပွားမှု အများဆုံးနိုင်ငံ

အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာအရှိတာပြည်နယ်၊ အိုစမာနဗက်အရပ်တွင် ဘုရားဖူးယာဉ်တစ်စီးသည် မြစ်ကူးတံတားတစ်စင်းကို အရှိန်ပြင်းစွာ မောင်းနှင်ရာမှ ထိမ်းမနိုင်သိမ်းမရဖြစ်ပြီး မြစ်ထဲ ထိုးကျသဖြင့် ဘုရားဖူးခရီးသည် ၃၂ ဦး သေဆုံးပြီး၊ ၂၀ ဦး ဒဏ်ရာရခဲ့သည်။

ထိုဘုရားဖူးယာဉ်သည် အိုစမာနဗက်အရပ်တွင် လူအရှိအသေများသော ဂုရုကြီးသျှဒီဆိုင်းဘာဘာကို ဂုဏ်ပြုတည်ဆောက်ထားသည့် ဘုရားကျောင်းကို သွားရောက်ဘုရားဖူးပြီး အပြန်တွင် မြစ်ထဲ ထိုးကျခြင်းဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က အိန္ဒိယနိုင်ငံတွင် ကားအရှိန်ပြင်းမောင်းခြင်း၊ ဂရုတစိုက်မောင်းနှင်မှုမရှိခြင်းနှင့် လမ်းများ ကြမ်းတမ်းသဖြင့် နှစ်စဉ်ယာဉ်မတော်တဆ ဖြစ်ပွားမှုအများဆုံးနိုင်ငံ ဖြစ်သည်။ မေလကလည်း အိန္ဒိယအနောက်ပိုင်းတွင် ကားမှောက်ပြီး ရေစီးသန်မြစ်ထဲ ပြုတ်ကျရာ ဟိန္ဒူဘုရားဖူး ၂၄ ဦး သေဆုံးခဲ့သည်။ ၂၀၁၀ ပြည့်နှစ် အမျိုးသားရာဇဝတ်မှု မှတ်တမ်းပြုရုံး၏ မှတ်တမ်းအရ ယာဉ်မတော်တဆမှုကြောင့် လူပေါင်း ၁၃၅,၀၀၀ အိန္ဒိယနိုင်ငံအနှံ့တွင် သေဆုံးခဲ့သဖြင့် တစ်နေ့လျှင် ယာဉ်အန္တရာယ်ကြောင့် လူ ၃၆၆ သေဆုံးမှုနှုန်း ရှိခဲ့ကြောင်း ဖော်ပြထားသည်။

ညိုမင်းလွင်(မော်ကျွန်း)

*Ref:- Internet News, 10.1.2013*

www.burmeseclassic.com



ဒုတိယဗိုလ်မှူးကြီး(အငြိမ်းစား)

www.burmeseclassic.com

www.burmeseclassic.com



# ထင်းရှူးသေတ္တာထဲမှ..ချစ်ဟန်

တောင်တွင်းတင်အေး

## ဒုတိယရဲမှူးကြီး (အငြိမ်းစား)

ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး (မှခင်းကြီးတင်ကာကွယ်တားဆီးရေး)(စုံထောက်ဌာန)တွင်၊ ဌာနစိတ်မှူးအဖြစ် တာဝန်ထမ်းဆောင်နေစဉ်က ဖြစ်ပါသည်။

ရုံးခန်းအတွင်း ဖုစရိုက်မှုများ မဖြစ်ပွားရေးအတွက် ဖြစ်ပွားကျူးလွန်သည့်နိုးဆိုးလုယက် ခါးပိုက်နှိုက်စသည်များအား စုံစမ်းကြည့်ရှုဖမ်းဆီးနိုင်ရန် တာဝန်ချထားမှု တပ်ဖွဲ့စာရင်းများ တစ်နေ့တာအတွက် ဆောင်ရွက်နေစဉ်မှာပင် -

ဌာနစိတ်အားလုံး တာဝန်ခံဌာနမှူး ဦးမြမောင်(ယခုရဲမှူးသေဆုံး)ခေါ်သဖြင့် သွားရောက် တွေ့ဆုံခဲ့ရာတွင် -

ကဲ··· မောင်တင့်အေး ထိုင်ဖုံး ကွာ ဒီနေ့ထောက်ကြံ့ရဲစခန်းပိုင် ရော်ဘာခြံထဲက ဂျပန်ခေတ်က ပုံးကျင်း အဟောင်းထဲမှာ ထင်းရှူးသေတ္တာနဲ့ ထည့်ထားတဲ့ လူသေအလောင်း တွေ့တယ်။

ထောက်ကြံ့ရဲစခန်းမှူးက တာဝန်မှူးကြီးသတင်းပို့၊ တစ်ခါ တာဝန်မှူးကြီးက တိုင်းတပ်ဖွဲ့ကိုသတင်းပို့လို့ အခုပဲ ဆရာ့ကိုခေါ်တယ်။

ဒီအမှုကို ပေါ်ပေါက်စေချင်တယ်။ ထောက်ကြံ့ရဲအနေနဲ့ တခြားအလုပ်တွေနဲ့ဆိုတော့ သတ်သတ်မှတ်မှတ် စစ်ဆေးနိုင်မယ် မဟုတ်ဘူး။ (စီအိုင်ဒီ) ကိုလွှဲရင်လဲ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ သိက္ခာကျတယ်။ ဒီတော့ ဆရာတို့ အဖွဲ့ကပဲ စစ်ဆေးစေချင်တယ်။

တကယ်တော့ကွာ တိုင်းတပ်ဖွဲ့မှူးက မင်းကိုပဲနာမည်တပ်ပြီးစစ်ဆေးဖို့ အမိန့်ရှိလိုက်တယ်။ ဒါပဲကွာဟု အမိန့်ရှိသဖြင့် -

"ဟုတ်ကဲ့ပါ ဆရာပေးတဲ့ တာဝန် ကျေပွန်အောင်နဲ့ အမှုပေါ်အောင် တိုင်းတပ်ဖွဲ့မှူးရဲ့ သဘောအတိုင်းဖြစ်အောင် ကြိုးစားရမှာပေါ့ဆရာ။

အေး··· ကောင်းပါတယ်။ ဒါဖြင့်ရင် မင်းကြိုက်တဲ့ဒုရဲအပိုက်ပြီ တပ်ကြပ်ကြီးတစ်ဦး ခေါ်သွားပါ။ နောက်

www.burmeseclassic.com

လိုအပ်တဲ့ အသေးသုံးငွေထုတ်သွား ၊ ပြီး တာနဲ့ အခုပဲ ထောက်ကြံ့ရဲစခန်းသွား မြို့နယ်ရဲတပ်ဖွဲ့နဲ့ စခန်းမှူးတို့ စောင့်နေမယ်။ နောက်ပြီး အင်းစိန်(စီအိုင်ဒီ)နဲ့ ဓါတ်ပုံဗျာနပါ တစ်ခါတည်း ထောက်ကြံ့ရဲစခန်းမှာ မင်းနဲ့ဆုံကြဖို့အတွက် ဆရာဖုန်းဆက်ထားမယ်ဟု ညွှန်ကြားလိုက်ပါသည်။

ရုံးခန်းအတွင်းသို့ ပြန်လည်ရောက်ရှိလာပြီး ဒုရဲအုပ်ဦးတင်ထွဋ်၊ တပ်ကြပ်ကြီးမောင်စိန်လွင်တို့အား ခေါ်ယူတွေ့ဆုံ၍ ဖေါ်ပြပါ လူသတ်မှုပေါ်ပေါက်အောင် စစ်ဆေးရန် တိုင်းရဲတပ်ဖွဲ့မှူးမှတာဝန်ပေးကြောင်း။ ယခုပင် ထောက်ကြံ့ရဲစခန်းသို့ သွားရမည်ဟုပြောဆိုပြီး ကားဖြင့် သုံးဦးသားထောက်ကြံ့ရဲစခန်းသို့ ခရီးနှင်ခဲ့ကြပါသည်။

ထောက်ကြံ့ရဲစခန်းသို့ ရောက်လျှင်ပင် အသင့်စောင့်နေကြသော မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးနှင့်(စီအိုင်ဒီ)အဖွဲ့ ဓါတ်ပုံဆရာများပါ ရောက်ရှိနေကြောင်း တွေ့ရသဖြင့် အချင်းဖြစ်နေရာသို့ အတူတကွ ခရီးဆက်ခဲ့ကြပါသည်။

ထောက်ကြံ့ ရန်ကုန်လမ်းမကြီး အပိုင်း သုံးမိုင်ခန့်အကွာအဝေးဝဲဘက်တွင် မြေနီလမ်းခွဲလေးတစ်ခုရှိပါသည်။ ထိုလမ်းမြေနီကလေးမှ ဝင်သွားလျှင် တစ်တိုင်ခန့်အရောက် လက်ျာဖက် ကိုက်(၅၀)လောက်အကွာတွင် ဂျပန်ခေတ်ပုံးကျင်းအဟောင်းတစ်ခုရှိပါသည်။

ထိုပုံးကျင်း အဟောင်းအတွင်းမှ ထင်းရှူးသေတ္တာဖြင့် ထည့်ထားသော လူသေအလောင်း ပျဉ်တစ်ချပ်ကွာနေသဖြင့် တွေ့မြင်ရပါသည်။

ဦးစွာပထမ အဖွဲ့အနေဖြင့် အဆိုပါထင်းရှူးသေတ္တာအား အပေါ်သို့ မတင်ပြီး သက်သေများ၏ ရှေ့တွင် ဖွင့်ကြည့်လိုက်ရာ

အသက်(၃၀)ကျော် အသားဖြူ၊ ခေါင်းတုံးဆံတောက်၊ ရုပ်အင်္ကျီအပြာနုရောင်လက်ရှည်၊ ပုဆိုးနီညိုရောင် ဝတ်ထားပြီး ၎င်း၏မွေးဆစ်နှင့် လည်ပင်းအား အဝတ်ခါးပတ်ဖြင့် ထုပ်ချည်၍ ထင်းရှူးသေတ္တာထဲ ဝင်အောင် ထည့်ထားသည်ကို တွေ့ရပါသည်။

၎င်းခါးပတ်အားဖြေ၍ ရရှိသော ဒဏ်ရာများကို စစ်ဆေးရာတွင် သေဆုံးသူမှာ ၎င်း၏ဝဲဖက်နလုံးရှိသောရင်တွင် စူးရှသောဓားဒဏ်ရာဟု ထင်ရသည့် ဒဏ်ရာတစ်ချက်မှလွဲ၍ အခြားမည်သည့်ဒဏ်ရာမှမတွေ့ရပါ။

သို့ဖြစ်၍ ပြည်သူ့ရဲတို့၏ အမှုနှင့် ပတ်သတ်၍ လုပ်ဆောင်ရမည့်ကိစ္စများ။ ဓါတ်ပုံရိုက်ခြင်း၊ လာရောက်၍ပစ်ထားခြင်းဖြစ်၍ ပုံးကျင်း၏နှုတ်ခမ်းတွင် ကားရပ်စဉ်ကျန်ခဲ့သော ဘီးရာကိုပုံတူယူခြင်း၊ အဆိုပါသေတ္တာထဲမှ တွေ့ရှိသည့် မည်းညစ်နေသော အဝတ်စအပိုင်းတစ်ခုနှင့် ထမင်းမွှေသည့်ယောင်းမတစ်ချောင်း၊ ခါးပတ်စသည်များကို သိမ်းဆည်း၍ အလောင်းအား ဆေးရုံကြီးသို့ ပို့၍ စစ်ဆေးစေခဲ့ပါသည်

❖ ❖ ❖

နောက်နေ့(၁၀)နာရီ လောက်တွင် သုံးဦးသား အလောင်းတွေ့ခဲ့သော နေရာပတ်ဝန်းကျင်သို့ လမ်းမကြီးပေါ်တွင်ကားရပ်ခဲ့ပြီး တစ်ဦးစီစုံစမ်းထောက်လှမ်းရန် ထွက်ခဲ့ကြပါသည်။

အဆိုပါ အလောင်းတွေ့သည့် ပုံးကျင်းဟောင်းနှင့်ကိုက် (၂၀၀)အကွာတွင် ရော်ဘာခြံ၊ ၎င်းအတွင်းအိမ်စောင့်တဲတစ်လုံးကို တွေ့ရသဖြင့် သွားရောက်ခဲ့ရာ တဲအတွင်းတွင် ရေနွေးအိုးတည်နေသော အသက်(၆၀)ကျော် ယောကျာ်းတစ်ဦးအား တွေ့ရှိရသဖြင့်

"အဘက ဒီရော်ဘာခြံကို စောင့်ရတာပေါ့"ဟု စကားစ၍မေးလိုက်ရာ

အဖိုးကြီးမှ မော့ကြည့် ရင်း "ဟုတ်တယ်ကွ။ အဘ ဒီခြံစောင့်လုပ်နေတာ ခြောက်နှစ်လောက်ရှိပြီ"

"အဘ... ဒါဖြင့် အဘစောင့်ရတာက နေ့ရောညပါစောင့်ရတာလား" မေးရာ..

"နေ့ ည စောင့်ရတယ်ကွ။ နေ့မစောင့်ပြန်ရင်လဲ ထင်းလာခုတ်၊ ည မစောင့်ပြန်လဲ ရော်ဘာစေးလာထစ်ကြနဲ့ပေါ့"ဟု ပြောသဖြင့်

"အဘ ကျွန်တော်တစ်ခုတော့ မေးပါရစေ။ အဘ ဒီတဲနားကမြေနီလမ်း



www.burmeseclassic.com

www.burmeseclassic.com

ကလေးက နေ့ညအမြဲ လှည်းတို့ကားတို့ လာကြသလား။

"ဟာကွာ၊ ဈေးဝယ်တဲ့လှည်း ဟိုဘက်ရွာကပဲ တစ်ခါတစ်ရံလာတယ်။ ကားဘယ်တော့မှမလာဘူးကွာ" ဟုပြောသဖြင့်

"အဘ... ကျွန်တော်စပ်စုတယ်လို့ မထင်ပါနဲ့၊ လွန်ခဲ့တဲ့ညဘက်လောက်ကများ ကားတွေဝင်ထွက်တာ အဘ သတိထားမိသေးလား" မေးရာ

အဖိုးကြီး ခေတ္တမျှစဉ်းစားလိုက်ပြီး ... "ဟာ..လူကလေး။ မနေ့ညလောက်က ကားသံနဲ့မီးရောင်တော့ ငါကြားမြင်မိသလိုပဲ၊ ငါရေနွေး သောက်နေတဲ့အချိန်၊ အင်း..မင်းကိုအချိန် ပြောရရင်တော့ ည(၁၀)နာရီလောက်ပဲကွာ။

မနက်ကျတော့ လူသေအလောင်း တွေ့လို့ဆိုပြီး သတင်းကြားတယ်။ ရဲတွေ လူတွေလာကြတာပဲ။ ငါတော့အမှုပတ်မှာစိုးလို့ သွားမကြည့်ပါဘူး။

"အဘကလဲဗျာ၊ ကိုယ့်ဟာကိုယ် နေတာပဲ၊ ဘာလို့အမှုပတ်ရမှာလဲ အဘရာ"ဟုပြော၍ သုံးဦးသား လပ်မကြီးတွင်ပြန်ဆုံကြပြီး တစ်ဆက်တည်းမှာ ခရီးလည်းကြုံသဖြင့် အင်းစိန် (စီအိုင်ဒီ) ရုံးသို့ဝင်၍ ဌာနစိတ်တာဝန်ခံ ရဲအုပ် ဦးမြင့်မောင်နဲ့တွေ့ဆုံ၍ (၁) ဓါတ်ပုံများ။ (၂)မော်တော်ကားဘီးရာဓါတ်ပုံများယူ၍ တိုင်းရဲတပ်ဖွဲ့မှူးသို့ ပြန်လာခဲ့ပါသည်။

❖ ❖ ❖

တိုင်းရဲတပ်ဖွဲ့မှူးရုံး ဌာနမှူး ဒုရဲမှူး ဦးမြမောင်အား စုံစမ်းတွေ့ရှိချက်နှင့် သေသူ၏ ဓါတ်ပုံများနှင့် ကျန်ရစ်ခဲ့သည့် မော်တော်ကားဘီးရာကိုတင်ပြခဲ့ရာတွင်

ဆရာဒုရဲမှူးမှ "မောင်ပေါက်ကြိုင်းထုံးကို နလုံးမူသလိုပဲပေါ့ကွာ။ (မေးပါများစကားရ၊ သွားပါများခရီးရောက်၊ မအိပ်မနေ အသက်ရှည်) မင်းအတွက်တော့ ဒီအမှုပေါ်ပေါက်မှာ အမှန်မသွေပေါ့တပည့်ရာ" ဟုပြောပါသည်။

အချိန်က နေ့(၂)နာရီ ဗိုလ်ချုပ်ဈေးအတွင်း စိန်ပွဲစား၊ ရွှေပွဲစားတွေ ဒီအချိန်ဆို လူစုံတတ်သဖြင့် အဖွဲ့ဝင် သုံးဦး ထွက်ခဲ့ကြပါသည်။

ယခင်ကသိကျွမ်းခဲ့သည့် ပွဲစားများတွေ့လျှင် ဓါတ်ပုံပြ၍ သိမသိ၊ ပြင်ဘူးခြင်းရှိမရှိ မေးမြန်းစုံစမ်းခဲ့ရာတွင် အဆိုပါနေ့ သတင်းပထူးခဲ့ပါ။

အဆိုပါနေ့မှာဖြင့် သုံးဦးသား တွဲတေးသိန်းတန်သီချင်းလို ရှာပုံတော်ဖွင့်၍ မတွေ့ တွေ့အောင်ကိုယ်ရှာပယ်မှာ ရေရှာ၍ အားလျော့ ခရီးရပ်ဆိုင်းခဲ့ရပြန်ပါသည်။

❖ ❖ ❖

နောက်တစ်နေ့ (၁၀)နာရီ အချိန်တွင် ရွှေဘုံသာလမ်း ရွှေဆိုင်များနှင့် ကျောက်ပွဲစား ပြင်ဘက်လက်ဖက်ရည်ဆိုင်များသို့ထိုင်၍ အသိမိတ်ဆွေများကိုရှာရင်း တစ်ဆိုင်ပြီးတစ်ဆိုင် ထိုင်၍ စောင့်ခဲ့ရာ မမျှော်လင့်ဘဲ ယခင်ကသိကျွမ်းခဲ့သော ကျောက်ပွဲစားကိုလှကြိုင်နှင့် ၎င်း၏သူငယ်ချင်းတစ်ဦးကို တွေ့ရပါသည်။

"ဟာ... ဆရာတို့ ဘယ်ကလာကြတာလဲ၊ ဒီမှာ ဘာကိစ္စရှိလို့လဲ . . . တစ်ခုခုဆိုရင်တော့ ပြောပါဦးဆရာဟု ပြောရင်း

"ဆရာ . . . လက်ဖက်ရည်လား။ ကော်ဖီလား။ အအေးလေးသောက်ကြပါအုန်း"ဟု အာဝဇ္ဇန်းကောင်းကောင်းနှင့် ပြောနေပါသည်။

"ကိုလှကြိုင် . . . ကျွန်တော်တို့ သောက်ပြီးပါပြီဗျာ။ တစ်ခုတော့ အကူအညီ တောင်းချင်လို့ပါ"ဟု ပြောလိုက်ရာ . . .

"ဆရာဦးတင်အေးကလဲဗျာ . . . ခုမှတွေ့ကြ၊ ခင်ကြတဲ့သူတွေမှ မဟုတ်တာဘဲ။ ဆရာပဲ ကျွန်တော့်ကိုလိမ်သွားတဲ့သူကို ကမာရွတ် ရဲစခန်းတုန်းက ဖမ်းပေးခဲ့တာပဲ။ ကျွန်တော် ဘယ်မေ့ပါ့မလဲဆရာ"

ဒါနဲ့ ကျွန်တော် သေသူ၏ဓါတ်ပုံကို ထုတ်ပြလိုက်ရာ (ရောက်နအမြင့် ကြာအသင့်) ဆိုသလိုပင်ဖြစ်ပါတော့သည်။

ကိုလှကြိုင်နှင့် ပါလာသူတို့ သေသေချာချာ ဓါတ်ပုံကိုကြည့်ပြီး ခဏအကြာတွင်မှ -



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ… ဒီကောင် ကျွန်တော် သိတယ်ဆရာ၊ မိုးကုတ်က ကျောက် သမား။ ဒီကို မကြာခဏလာတတ်တဲ့ သူ။ လွန်ခဲ့တဲ့ တစ်ရက်၊ နှစ်ရက် လောက်က ကျွန်တော်တို့နဲ့တွေ့ပြီး ဒီကောင် ပတ္တမြားတွေယူလာပြတယ်။ ဈေးမကိုက်လို့ ရောင်းပသွားဘူး"

"ဒါထက် လာတာသူတစ်ယောက် တည်းလား… အခြားသူပါသေးလား မေးရာ"

"လာတာကတော့ သူတစ်ယောက် တည်းပဲဆရာ၊ ဘယ်သူမှမပါဘူး။ သူတည်းတာကတော့ (…… တည်း ခိုခန်း)မှာ အမြဲတည်းတတ်တယ်။ နာမည်ကတော့ ချစ်ဟန်လို့ခေါ်တယ်"

ကဲ - ကျေးဇူးပဲ ကိုလှကြိုင်၊ ကျွန်တော်တို့ ဆက်လုပ်လိုက်အုံးမယ်။ ဘယ်သူ့မှ ဒီအကြောင်းတွေ မပြော ပါနဲ့ဗျာ။ ဒါတော့ကူညီပါ"

စိတ်ချပါဆရာ။ ကျွန်တော်တို့က ……၌ မှန်မှန်ကန်ကန် ကိုယ့်ပစ္စည်း ရောင်းဝယ်ရတာပဲ ကျေနပ်ပါတယ်၊

❖ ❖ ❖

(…… တည်းခိုခန်းသို့ ရောက်ရှိပြီး ကောင်တာမှာထိုင်နေသော တာဝန်ရှိ သူအား မိမိတို့ဌာန၊ ဘာကိစ္စလာ ကြောင်းပြောပြ၍

"ခင်ဗျားတို့ တည်းခိုခန်းမှာ "ချစ်ဟန်" ဆိုတဲ့သူများ တည်းခိုတာ ရှိလား"မေးရာ

တာဝန်ခံမန်နေဂျာမှ ဧည့်စာရင်း စာအုပ်ကို လှန်ကြည့်ပြီး

"တည်းခိုပါတယ်ခင်ဗျာ။ အခန်း နံပါတ် (၃)မှာပါ။

"အခု အဲဒီသူရှိသေးလားလို့မေးရာ၊ မန်နေဂျာမှ သူ့ပစ္စည်းတွေတော့ထား ခဲ့တယ်။ ပြန်မလာတာ တစ်ရက်၊ နှစ်ရက်ရှိသွားပါပြီ။

အဲဒီချစ်တန်ဆိုတဲ့သူက အရင် တုန်းကတော့ ဒီမှာတည်းခဲ့ပြီး အခုလို တစ်ရက်၊ နှစ်ရက် ညပြန်ပြီးမလာဘဲ ရှိဘူးသလား။

"အရင်တုန်းကတော့ မနေပါဘူး ခင်ဗျာ။ တစ်ရက်၊ နှစ်ရက် တည်းပြီး ပြန်သွားပါတယ်။ မိုးကုတ်ကလို့ ပြောပါ တယ်။

"ကဲ… ခင်ဗျား၊ ဒီမှာ ဓါတ်ပုံ ကြည့်ပါ။ ဒီမှာတည်းခိုတာ သူဟုတ်ရဲ့ လား…ပြော၍ ပြလိုက်ရာ-

"ဟုတ်တယ်ဆရာ။ သူမှသူအစစ် ပေါ့ဆရာရယ်"ဟု တုန်ရီစွာပြောခဲ့ ပါသည်။

"ဒါထက် ခင်ဗျားကိုတစ်ခုမေး မယ်။ မှန်တာသိတာတော့ ကျွန်တော့်ကို ပြောပါ၊ ခင်ဗျားတို့နဲ့ မသက်ဆိုင်ပါဘူး။

"ဒီ ချစ်ဟန်ဆီကို ယောက်ျား(သို့) အမျိုးသမီးများ လာတတ်သလား။ တွေ့ ဆုံတာ ခင်ဗျားတို့သိလားမြင်လား"မေးရာ

တည်းခိုခန်းမန်နေဂျာ ကိုတင်ဝင်း ဆိုသူမှာ ခေတ္တမျှစဉ်းစားလိုက်ပြီးမှ

ကျွန်တော် သတိရတယ် ဆရာ… မှတ်မိပါတယ်။ အဲဒီနေ့ (သူပြန်မလာ… နေ့) (၁၁) နာရီလောက်အမျိုးသ… တစ်ဦး အသက်(၂၅) နှစ်လော… အသားဖြူဖြူ ရုပ်ချောချော ပါတိ… ဝမ်းဆက်နဲ့လာပြီး အဲဒီကိုချစ်ဟန်… တွေ့ချင်တယ်ပြောပြီး ဧည့်ခန်းမှာထို… စောင့်တယ်။ နောက်ပြီး သူတို့နှစ်… ထွက်သွားကြပါတယ်။ အဲဒီနေ့ကစ… တည်းခိုခန်းကို ပြန်မလာတာပါ ဆ… ခင်ဗျာ"

"ကဲ… ဒါဖြင့် ကောင်းပြီဗျာ… ခင်ဗျား သော့ယူခဲ့၊ အဲဒီအခန်းကို… သွားပြီး ကျွန်တော်တို့ကြည့်မယ်… ပြော၍ သက်သေ လူကြီး… ခေါ်ယူကာ ချစ်ဟန်တည်းခိုသွားသော… အခန်းဖွင့်၍ ရှာဖွေရာတွင် သူ၏အဝတ်… အစားများ၊ ခိုင်ယာရီစာအုပ်ငယ်တစ်… အားလုံး စနစ်တကျ သိမ်းဆည်းယူခဲ့… ပါသည်။

❖ ❖ ❖

"ဆရာခင်ဗျား အမှုနဲ့ပတ်သ… လို့ကတော့ သေသူအမည်၊ နေရပ်သိ… အပြင်၊ သေသူဟာ မိုးကုတ်… ကျောက်ပွဲစား၊ တည်းခိုတဲ့ (…… တည်းခိုခန်း)ကအစ ကျွန်တော်… ရခဲ့တဲ့အပြင်၊ သေသူရဲ့ပစ္စည်း၊ ဖုန်း… ပါတ်မှအစရခဲ့ပြီး တည်းခိုခန်းကိုလာ…

www.burmeseclassic.com

ခေါ်သွားတဲ့ အမျိုးသမီးလိပ်စာကအစ ကျွန်တော်တို့ရထားပြီး အစီရင်ခံစာလဲတင်ထားပြီးဖြစ်ပါတယ်။

ကျွန်တော်တို့အဖွဲ့ ဒီနေ့ အမျိုးသမီးနေတဲ့ မြို့နယ်၊ ရပ်ကွက်ကို လျှို့ဝှက်သွားစုံစမ်းဖို့ပဲ ရှိတော့တယ်။ ဆရာတို့ဆွဲခိုင်းတဲ့ပန်းချီကားဟာ အခုလုံးလုံးလျားလျား ပုံလုလုလေးပေါ်တော့မှာပါဆရာ"ဟု တင်ပြလိုက်ရာ . . . ဆရာမှ"

"အေး . . . ကောင်းတယ်ကွာ၊ တိုင်းတပ်ဖွဲ့မှူးရဲ့ဆန္ဒလဲ ပြည့်တာပေါ့။ ဆက်ပြီး သေချာအောင်သာဆောင်ရွက်၊ အသေးသုံးငွေလိုရင်လဲမင်းလိုသလောက် ထုတ်ယူသွား"ပြောရင်း

"ဟုတ်ကဲ့ ဆရာပြောတဲ့အတိုင်းလဲ ရှင်းပါတယ်။"

"ဆရာခင်ဗျား ဒီဓါတ်ပုံရှင်ကို ဆရာသိသလား"ဟု ပြောရင်း ချစ်ဟာန်ဓါတ်ပုံကို ပြလိုက်ရာတွင် ဆရာဝန်အောမျှ မျက်တောင်မမိုတ်၊ မျက်တောင်မခတ်ဘဲကြည့်ပြီး "သိပါတယ်"ဟု ပြောပါသည်။

"ဒါဖြင့် ဆရာ့အနေနဲ့ အသေးစိတ်ရှင်းလင်းရက်နဲ့သိတာလား၊ ဒါမှမဟုတ်ရင် သေပြီးမှ သိတာလား"ဟု ဆက်မေးလိုက်ရာ

အတော်ကြာ စဉ်းစားပြီးမှ ကျွန်တော် ဘာဖြေရမှန်းကို မသိတော့ဘူး"ဟု ပြောခဲ့ရာ

"ဆရာခင်ဗျား တစ်ခုတော့ သတိထား စေချင်ပါတယ်။ ကျွန်တော်တို့ အစကနေအဆုံး အခုဆရာတို့ ခေါ်မေးရသည့်အထိ (ဆင်ကောင်ကြီး တွေ့နေမှ ဆင်ခြေရာရှာစရာမလိုတော့ပါဘူး)ဗျာ။

ဟိုဘက်က အခန်းထဲမှာလဲ ဆရာ့ရဲ့ မာရီနဲ့ မောင်စံသိန်းတို့ရောက်နေကြပါပြီဆရာ၊ ဓါးခုတ်ရာလက်ဝင်မလျှို့ပါနဲ့၊ ဆရာ့မှာလဲ ထိုက်သင့်သောအပြစ်ရှိနေပါတယ်။ မှန်တာကို စိတ်အေးအေးထားပြောစေ့ချင်ပါတယ်။ ဆရာကော ကျွန်တော်တို့ပါ စိတ်ပန်းကိုယ်နွမ်းမဖြစ်ချင်ပါဘူး"ဟု ပြောလိုက်မှပင် . . .

"ကဲ . . . ဆရာတို့ မထူးပါဘူးဗျာ။ ဒီကောင်ကိုသတ်တာတော့ ကျွန်တော်မဟုတ်ဘူး။ မာရီရဲ့မောင်သတ်တာပါ။ ဘာကြောင့် သတ်တာဆိုတာတော့ သူတို့ကိုစစ်ကြည့်ပါ ဆရာတို့ရယ်။

လွန်ခဲ့တဲ့တစ်ရက်က ညနေ (၆) နာရီလောက် ကျွန်တော့်ဆေးခန်းမှာ ရှိနေတုန်း မာရီရဲ့မောင် စံသိန်းရောက်လာပါတယ်။ အစ်မက ကိစ္စသိပ်အရေးကြီးလို့ ဒီည ဆေးခန်းပိတ်ပြီး ရင်အိမ်လာဖို့လာပြောတယ်။

ကျွန်တော်လဲ ဆေးခန်းပိတ်ပြီး သွားတော့ စံသိန်းကပဲ ကျွန်တော့်ကို ပြောတယ်။ ချစ်ဟာန် အိမ်ကိုရောက်လာတယ်။ သူမရှိဘူး။ အိမ်မြန်ရောက်တော့ ချစ်ဟာန်နဲ့သူ့အစ်မမာရီတို့ မြင်မကောင်းအောင် ဖြစ်နေတာတွေ့တာနဲ့ သူကိုယ်တိုင် ဓါးမြှောင်ယူပြီး ချစ်ဟာန်ရဲ့ရင်ကို တစ်ချက်တည်း ထိုးသတ်လိုက်တယ်။ နောက်ပြီး မီးဖိုထဲက ထမင်းဟင်းအိုးတွေထည့်တဲ့ ထင်းရှူးသေတ္တာကြီးထဲ ဓါးပတ်တုပ်ပြီး ထည့်ထားတယ်။ ပထမတော့ အိမ်နောက်ဖေးကရက်ပျောပင်ကြားမှာမြှုပ်ဖို့ စိတ်ကူးပါသေးတယ်။ သေးအိမ်တွေသိမှာစိုးလို့ အခုဘာမှမလုပ်တတ်လို့ အစ်ကို့ကိုခေါ်ရတာပဲလို့ ကျွန်တော့်ကို ပြောပါတယ်။

မာရီကလဲ အစ်ကို ကျွန်မတို့ကို အတတ်နိုင်ဆုံးကယ်ပါအုံး။ ဘာလုပ်ကြမလဲအစ်ကိုရယ်။ ငွေကုန်ချင်ကုန်ပါစေ အခုချစ်ဟာန်မှာ မိုးကုတ်ကျောက်တွေ ပါလာတယ်အစ်ကို ဘယ်လိုလုပ်ကြမလဲလို့ အပူဝိုင်းကပ်တာမပေါ့ဗျာ။

ပြီးတော့ မာရီမောင့်စံသိန်းကလဲ အစ်ကို ညကျရင် ကျွန်တော်တို့ ထောက်ကြံ့ ရော်ဘာခြံထဲမှာ သွားပစ်ထားကြမယ်။ ဒါဆိုပြီးတာပဲလို့ ပြောတာနဲ့ ကျွန်တော်တို့ နောက်ဆုံးတော့ ကျွန်တော့်ဗီလီဂျစ်ကားနဲ့တင်ပြီး မြေနီလမ်းထဲဝင်ရင်း မုံးကျင်းတစ်ခု အေးမှာတွေ့တာနဲ့ သေတ္တာကြီးကို အသင့်ပဲချခဲ့ရတာအမှန်ပါပဲဟု ပြောရာ

"ကျေးဇူးတင်ပါတယ်ဆရာ၊ အခုလိုအမှန်အတိုင်းဖွင့်ပြောတာ။ ဒါပေမယ့် ဆရာ့ကားနဲ့ သေတ္တာကြီးသွားပစ်တာ



www.burmeseclassic.com

www.burmeseclassic.com

ကလဲ သက်မဲ့သက်သေ ဆရာ့ကားဘီးရာလဲ ကျွန်တော်တို့ ရယူထားပြီးသား ဖြစ်ပါတယ်။ ဆရာတို့နှစ်ယောက် အလောင်းထည့်ထားတဲ့ ထင်းရှူးသေတ္တာသွားပစ်တဲ့ အချိန်က မိုးကလေးကလဲ တဖွဲဖွဲရွာနေတဲ့အချိန်၊ ဆရာ့ရဲ့ကား နောက်ပြန်ရပ်ပြီး ကွေ့ကောက်နေတဲ့ ဆရာ့ကားဘီးရာတွေကို ကျွန်တော်တို့သွားရောက်စစ်ဆေးနေတဲ့အချိန်လောက်မှာ ကျွန်တော်တို့အဖွဲ့က ဓါတ်ပုံရိုက်စစ်ဆေးလို့ ထပ်တူထပ်မျှ ဆရာ့ကားနဲ့ဆိုတာ ရှင်းရှင်းကြီးတွေ့နေကြပါပြီ"

❖ ❖ ❖

ကဲ . . . ဒေါ်မာရီ လိမ်ညာပြောဖို့တော့ စိတ်မကူးနဲ့။ ဒေါက်တာကတော့ အားလုံးပြောပြီးပြီ။ ဘာကြောင့်ဖြစ်ရတယ်ဆိုတာလေးတော့ သိချင်တယ်။

ဒီလိုပါဆရာ၊ အဲဒီနေ့က ချစ်ဟာန်အိမ်ကိုရောက်လာပါတယ်။ ကျွန်မလဲ တစ်ယောက်တည်း ရှိနေပါတယ်။ သူ့အရက်သောက်လာတဲ့ပုံပါပဲ။ ကျွန်မရေချိုးပြီးခါစ သူ့ကိုထိုင်ပါပြောပြီး ကျွန်မအခန်းထဲ ဝင်လာပါတယ်။ နောက်မှချစ်ဟာန် ကျွန်မအခန်းထဲ ဝင်လာပြီး ဟာရီခင်ဗျားကို ချစ်တယ်ဗျာ ပြောရင်း ကျွန်မကို ငွတ်အတင်းအိပ်ရာပေါ်တွန်းလှဲပါတယ်။

ကျွန်မက မလုပ်ရန်တောင်းပန်ပါတယ်။ ဒါပေမယ့် မရပါဘူး။ အဲဒီအချိန်မှာ ကျွန်မမောင်စံသိန်းအိမ်ရောက်လာပြီး ကျွန်မတို့ မြင်ကွင်းကိုတွေ့တာနဲ့ စိတ်တိုပြီး ချစ်ဟာန်ကိုတွန်းထိုးပြီးတော့ ပါလာတဲ့ဓါးနဲ့ တစ်ချက်တည်း ထိုးလိုက်တာပါပဲ။

နောက် သစ္စာမဲ့တဲ့ကောင်ဆိုပြီး လည်ပင်းညှစ်ရင်းက သေသွားတော့ ကျွန်မလဲ ဘာလုပ်ရမှန်းမသိတော့ပါဘူး။

ပြီးမှ စံသိန်းက အစ်မဖြစ်ပြီးမှတော့ ဘာမှမထူးပါဘူးပြောရင်း အစ်မ ညှိခန်းမှာထွက်နေလို့ ပြောပါတယ်။

စံသိန်းလဲ မီးဖိုထဲသွားပြီး ထမင်းဟင်းအိုးထည့်တဲ့ ထင်းရှူးသေတ္တာကြီး အိမ်ခန်းထဲ ယူသွားပြီး ဘာလုပ်တယ်ဆိုတာ ကျွန်မ မသိတော့ပါဘူး။

ခဏအကြာမှာ သူထွက်လာပြီးတော့ အစ်မ အစ်ကိုကို ညနေဆေးခန်းပြီးရင် အရေးကြီးလို့အိမ်ကိုလာဖို့ ကျွန်တော်သွားပြောမယ်။ အစ်မ မကြောက်နဲ့ ဒီကောင့်ကို သေတ္တာထဲထည့်ထားတယ်။ ညကျမှ အစ်ကိုကားနဲ့ မြို့ပြင်တစ်နေရာ သွားပစ်မယ်ပြောပါတယ်။

"ကဲ . . . ဒါတွေထားပါအုံး ချစ်ဟာန်နဲ့ ဒေါ်မာရီနဲ့က သိတာကြာပြီလား" မေးရာ

"ခြောက်လလောက်တော့ရှိပါပြီ မောင်လေးနဲ့ ကျောက်အရောင်းအဝယ် လုပ်ရင်း ခင်မင်ကြတာပေါ့"

"ဒါထက် လွန်ခဲ့တဲ့နှစ်ရက်က ချစ်ဟာန်မှာ မိုးကုတ်ကျောက်တွေရောင်းဖို့ပါလာတာကော ခင်ဗျားသိရဲ့လား"

"ဟုတ်ကဲ့ အိမ်မှာမောင်လေးနဲ့ သူတို့ပြောတာ၊ ထုတ်ကြည့်ကြလို့ သိရပါတယ်"

"ဒေါ်မာရီ ခင်ဗျား ချစ်ဟာန်အိမ် လာတဲ့နေ့က သူဟာသူလာတာလား ခင်ဗျားသွားခေါ်တာလား" မေးရာ

ဒေါ်မာရီ ခေတ္တငိုင်သွားပြီးမှ "ရှင် . . . ကျွန်မ မခေါ်-မခေါ်ပါဘူး။ သူ့ဟာသူ လာတာပါ"ဟု ဖြေလိုက်ရာတွင်

"ဒီမှာ ခင်ဗျားကျုပ်တို့ကို လိမ်ဖို့ မကြိုးစားနဲ့၊ ခင်ဗျားကိုယ်တိုင် အငှား ကားနဲ့ ချစ်ဟာန်ကို (. . . . . တည်းခို ခန်းက) သွားခေါ်တာ၊ ကျုပ်တို့အားလုံး ကြားသိပြီးပြီ။ နောက် ချစ်ဟာန်ပါလာ တဲ့ မိုးကုတ်ကျောက်တွေ ဘယ်မှာလဲ ထုတ်ပေးပါ၊ ပြောပါ၊ လိမ်ရင် ခင်ဗျား စိတ်ဒုက္ခခံစားရမယ်၊ခင်ဗျားရဲ့ဒေါက်တာ ကလဲပြောပြီးပြီ။ ခင်ဗျား လိမ်ရင်လည်း အပိုပဲဖြစ်မယ်။

အဲဒီကျမှ"ဟုတ်ကဲ့ပါဆရာ . . ကျွန်မတို့အိမ်မှာ ရှိပါတယ်" ဟု ဝန်ခံပြောဆိုပါတယ်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

"စံသိန်း မင်းအမှန်အတိုင်းဖြစ်ရပ်မှန်ပြော၊ ငါတို့အားလုံးသိနေပြီပဲ၊ စကားလွှဲပြောဖို့ စိတ်မကူးနဲ့" ပြောရာ

စံသိန်းက အမှန်အတိုင်းပြောပါတယ်။ "ဆရာ ကျွန်တော်နဲ့ချစ်ပာန်တို့ သိတာကြာပါပြီ။ သူကမိုးကုတ်မြို့ကပါ။ ကျောက်အရောင်းအဝယ်လုပ်ကြပါတယ်။

ဒီတစ်ခါတော့ သူ့မိုးကုတ်ကျောက်တွေ တန်ဖိုးမြောက်များစွာပါလာပါတယ်။ ဈေးမြင့်နေတော့ ရောင်းမရသေးပါဘူး။

တစ်နေ့ကတော့ ကျွန်တော်လဲ အပြင်က ပြန်လာတော့ အမှတ်တမဲ့ အိပ်ခန်းထဲမှာ အစ်မဖြစ်သူနဲ့အမြင်မတော်တာတွေ့လို့ ဒီကောင် လုပ်ဖော်ကိုင်ဖက်ချင်း သစ္စာဖောက်တဲ့ကောင်ဆိုပြီး ကျွန်တော်လဲဒေါသဖြစ်ဖြစ်နဲ့ ပါလာတဲ့ ဓါးနဲ့ ဒီကောင့်ကိုတွန်းထိုးပြီး ဓါးနဲ့တစ်ချက်ဓာည်း ထိုးလိုက်တယ်၊ နောက်လည်ပင်းညှစ် သတ်လိုက်မိပါတယ်ဆရာ။

နောက် ကျွန်တော်ကိုယ်တိုင် အလောင်းဖျောက်ဖို့စီစဉ်ပြီး ကျွန်တော်တို့ညဖက်မှာ ထောက်ကြံ့ဘက်ကားမောင်းပြီး ရော်ဘာခြံလက်ျာဖက်လမ်းနီလေးထဲဝင်ရင်း ပုံးကျင်းတွေ့တာနဲ့ အဲဒီမှာချခဲ့တာ အမှန်ပါပဲဆရာ" ဟုပြောပါတယ်။

"စံသိန်း မင်းတို့မောင်နှမလုပ်ခဲ့တာ တစ်ခုပြောဖို့ ကျန်သေးတယ်ကွ" မေးရာ

"ဆရာ ဒါတွေအမှန်ပါပဲဆရာ၊ ကျွန်တော်ကိုယ်တိုင်သတ်ပြီး ဆရာ အစ်ကိုနဲ့ အလောင်းသွားပြီးတော့ ဖျောက်ခဲ့တာအမှန်ပါ"

"ဘယ်ဟုတ်မလဲ စံသိန်းရာ၊ ငါပြောမယ် မင်းတို့မောင်နှမ ချစ်ပာန်ဆီက မိုးကုတ်ကျောက်တွေကိုအရယူဖို့ အကွက်ဆင်ပြီး မင်းရှင်းပစ်တာမို့လား" ဟုမေးရာ

စံသိန်း၏မျက်နှာ ကွက်ခနဲပျက်သွားပြီးမှ "မဟုတ်ရပါဘူးဆရာ" ဟု ပြောရာ အနားတွင်ရှိနေသော ရဲအုပ်ကိုကျော်သိန်းမှ

"ဟေ့ကောင် ဘာထူးမှာမို့လိမ်နေတာလဲ" ဟု ခပ်ထန်ထန်ပြောလိုက်တော့မှ

"ဟုတ်ပါတယ် ဆရာတို့ရယ်၊ ကျွန်တော်နဲ့ အစ်မမာရီတို့ ဒီကောင် ချစ်ပာန်ဆီက တန်ဖိုးသိန်းချီတန်တဲ့ မိုးကုတ်ကျောက်တွေလိုချင်လို့ ကြိုတင်စီစဉ်ရခြင်းဖြစ်ပါတယ်။ ဒီကိစ္စ အစ်ကိုဆရာတော့ မသိတာအမှန်ပါ၊ သူလဲ မနေသာလို့ လိုက်ပြီးကားနဲ့တင်လိုက်ရတာပါ" ဟု ပြောပြပါသည်။

"ဟေ့ကောင် စံသိန်း မင်းခုမှပြောပေမယ့် ချစ်ပာန်ကိုတော့ မင်းသေကွင်းနှလုံးရှိတဲ့ဖက်မှာ ဓါးနဲ့တစ်ချက်တည်းထိုးကတည်းက ငါတို့သိတယ်လေကွာ။

တကယ်လို့သာ မင်းအစ်မကို ချစ်ပာန်ကသစ္စာမဲ့ပြီး ဘဝပျက်အောင် အမြင်မတော်တာတွေ မြင်နေရရင် မင်းဒေါသထွက်ပြီး သစ္စာမဲ့ရမလားလို့ ပြောရင်း ဒေါသနဲ့အချက်ပေါင်းများစွာ ဓါးနဲ့ထိုးမှာပေါ့ကွာ။ ခုတော့ သေကွင်းကို အေးအေးဆေးဆေး တစ်ချက်တည်းထိုးကတည်းက မင်းတို့မောင်နှမပေါင်းကြံပြီး ပစ္စည်းယူ လူသတ်တာ ရှင်းပါတယ်။

ကဲလေ ဘယ်တတ်နိုင်မလဲ မင်းတို့နှစ်ယောက်က ပစ္စည်းမက်လို့ ပူးပေါင်းကြံစည် အကွက်ဆင်ပြီးသတ်တယ်။ ဆရာဝန်ဆိုတဲ့ မင်းအစ်မရဲ့လူက အလောင်းကိုသူကိုယ်တိုင် ကားပေါ်တင်မောင်းပြီး ဖျောက်ပေးတယ်။ အမှုက ရှင်းသွားပါပြီ။

ဒီတော့ မင်းတို့တရားဥပဒေအရ အရေးယူခြင်းကိုခံရပြီး ကိုယ်ပြုခဲ့သမျှ မကောင်းမှု ပြုခဲ့တဲ့ပြစ်ဒဏ်ကို ရဲရဲကြီးပဲ ခံကြပေတော့ကွာ။ ဒါကြောင့်မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိဘူးဆိုတာ မင်းတို့သိဖို့ကောင်းတယ် ပြောရင်း အချိန်ကား ည(၃)နာရီ၊ မိုးက အပြင်တွင်သည်းသည်းမဲမဲကြီး ရွာသွန်းလျက်ရှိနေပေသည်။

တောင်တွင်းတင်အေး

ဒုတိယရဲမှူးကြီး (အငြိမ်းစား)




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ခေတ်မီ ဖါးဖမ်းသင်္ဘော "ရေမင်းသား" ကမ်းကာခွာပြီ . . .

သဘာဝ အနုံးတောစိမ်းစိမ်း၊ စိမ်းညိုသော တောင်ပေါ်တောတန်း အောက်ခြေ ဆင်ခြေလျှောမြေကစိမ်းပြာပြာပင်လယ်အောက်ထဲ ငုပ်လျှိုးသွားသည်။ ထိုမြေ၏ သဲသောင်ကမ်းခြေတွင် တည်ထားသော ရိုးမကိုနောက်ခံထားသည့် ပင်လယ်ဆိပ်ကမ်း "ဖွမြို့"ကလေးသည် တစ်ရိပ်ရိပ်နှင့် ရေမင်းသားနောက်တွင် ကျန်ခဲ့သည်။ နှစ်ပေါင်းများစွာကျင်လည်ခဲ့သည့် ဖွမြို့ကလေးကို သင်္ဘောကောဘင်အခန်းပြတင်းပေါက်မှ ထိုမြင်ကွင်းကိုကြည့်နေသော မေဦးခင်သည် ခွေးခွေးမြေမြေခံစားချက်ချက် တစ်ရပ် သူမ၏ရင်သို့ ရိုက်ခတ်လာသည်။

ရေမင်းသားက တဖြည်းဖြည်း စိမ်းပြာပြာ ပင်လယ်ပြင်ကျယ်အထဲ တိုးဝင်လေလေ မြို့ကလေးသည် မှုန်ရာမှဝါးလာ၊ ဝါးလာရာမှ ပျောက်ကွယ်သွားခဲ့သည်။ မေဦးခင်သည် ခေါင်းခန်းရှိ ခုတင်ပေါ်လဲလျောင်းလိုက်ရင်း သူမ၏ စိတ်အတွေးတို့သည် လွန်ခဲ့သော ဆယ်စုနှစ် တစ်ခုကျော်ဆီသို့ စီးမျော သွားခဲ့တော့သည်။

◆ ◆ ◆

မေဦးခင်တို့မိသားစုသည် ရခိုင်ကမ်းရိုးတမ်းဒေသရှိ ဖွမြို့ဇာတိများ မဟုတ်ကြပါ။ ဖခင်ဦးစံဝင်း၊ အထက်တန်းကျောင်းအုပ်ဆရာဖြင့် ထိုမြို့တွင် တာဝန်ကျခဲ့သဖြင့် မိခင်ဒေါ်နှင်းဝေနှင့် မိသားစုတို့ လိုက်ပါလာခဲ့ကြခြင်းဖြစ်သည်။ ဖွမြို့ကျောင်းသို့ မိသားစုရောက်သောအခါ ကျောင်းအကျိုးတော်ဆောင်လည်းဖြစ်၊ မြို့မျက်နှာဖုံးလည်းဖြစ်သော ငါးဖမ်းစက်လှေပိုင်ရှင် ဦးစိန်လှအောင်၏ကူညီမှုဖြင့် ရင်း၏အနီးခြံထဲရှိ အိမ်လွတ်တစ်လုံးတွင် မေဦးခင်တို့ နေခွင့်ရခဲ့ကြသည်။ ဦးစိန်လှအောင်ကလည်း မုဆိုးဖို၊ သားတစ်ယောက်အဖေဖြစ်ပြီး သားအောင်သာဖြူ အစ်မကြီးဒေါ်ကြေ့စံ တို့သာရှိသည့် မိသားစုဖြစ်ကြသည်။ ခုနစ်တန်းကျောင်းသား အောင်သာဖြူ သည် အေးဆေးသော လူငယ်ဖြစ်ပြီး ဒေါ်ကြေ့စံကတော့ ရှေးရိုးစွဲ ရိုးရိုးသမားအပျိုကြီးဖြစ်သည်။

ဤသို့ဖြင့် မေဦးနှင့် အောင်သာဖြူ တို့သည် ခုနစ်တန်းကို ကျောင်းအတူ တက်ခဲ့ကြရသည်။

ကျောင်းဆရာမိသားစုနှင့် ရိုးသားသော ဦးစိန်လှအောင်တို့မိသားစုသည် သူတို့၏ သမီးနှင့်သားကို ချစ်ခင်ရရိုက်ကြပြီး ကျောင်းအုပ်ကြီးကလည်း၊ သမီး မေဦးခင်ကို -

"သမီးရေ မောင်အောင် သာဖြူကို ကိုယ့်အစ်ကိုလို လေးစားကွဲ့"

ဟုဆုံးမသကဲ့သို့ ဦးစိန်လှအောင်ကလည်း အောင်သာဖြူကို -



www.burmeseclassic.com

www.burmeseclassic.com

"အောင်သာဖြူရေ မေဦးကို ညီမလေးလိုစောင့်ရှောက်ကွဲ"

ဟု သွန်သင်လေ့ရှိသည်။

ငယ်ဘဝကျောင်းသွားဖော် တစ်ခြံတည်းအတူနေကြသဖြင့် သူတို့နှစ်ဦးသည် မောင်ရင်းနှမကဲ့သို့ သံယောဇဉ်တွယ်ခဲ့ကြသည်။ ဤသို့ဖြင့် ဆယ်ကျော်သက်အရွယ် ၁၀ တန်းရောက်တော့ မေဦးသည် အပျိုဘော်ဝင်စ အလှသွေးကြွယ်လာသလို ပညာကလည်းတော်သဖြင့် ကျောင်းတွင် စံပြစတားတစ်ဦးဖြစ်ခဲ့သည်။ ဆယ်ကျော်သက်တို့၏ စိတ်ကစားတတ်သည့်အချိန် အချစ်ကို စမ်းသပ်လိုကြသော လူပျိုပေါက်ကျောင်းသားတို့အကြား မေဦးသည် မောင်တိုင်းကြိုက် နှင်းဆီနိုင်ဖြစ်ခဲ့သည်။

မေဦးကို ပိုးပန်းသူများအနက် ဦးစိန်လှအောင်နှင့် စီးပွားပြိုင်ဘက် ဦးထွန်းစိန်လှ၏သား ခပ်ပေပေ ကျော်ဇံလှသည် အကဲဆုံး၊ အရဲဆုံးလည်းဖြစ်ခဲ့သည့် မိဘများက ချမ်းသာသည့်အလျောက် တစ်ဦးတည်းသောသား ကျော်ဇံလှကို အလိုလိုက်ရာ ကျော်ဇံလှ လက်ရဲဇက်ရဲနှင့် ခပ်ပေပေဖြစ်ခဲ့ရသည်။

တစ်ခုသော ကျောင်းနေ့၏ ကျောင်းဆင်းချိန်တွင် ကျော်ဇံလှနှင့်အဖွဲ့သည် မေဦးနောက်မှ တစ်ကောက်ကောက်လိုက်လာပြီး ကျော်ဇံလှက‥

"မေဦးခင် ခဏနေပါဦးဟာ"

"ဘာကိစ္စလဲ ကျော်ဇံလှ"

"မေဦးရာ နင့်ကိုငါ ချစ်နေတာကြာပါပြီ ငါ့ရဲ့ အချစ်တွေကို ရေးထားတဲ့ဒီစာကလေး ယူသွားပါဟာ" ဟုဆိုရင်း စာကိုအတင်းထိုးပေးသည်။

"ဟဲ့ ကျော်ဇံလှ ငါ ဒါတွေမစဉ်းစားသေးဘူး ယူလဲမယူဘူး" အတင်းငြင်းဆန်ခဲ့သည်။ ကျော်ဇံလှကလည်း မေဦးလွယ်အိတ်ထဲ အတည်းထည့်၊ မေဦးကလည်း လက်ဖြင့်ကာနှင့် နှစ်ဦးသားလုံးထွေးသွားသည်။ ထိုစဉ် အောင်သာဖြူသူတို့အနီးရောက်လာပြီး -

"ဟေ့ကောင် ကျော်ဇံလှ မင်းမလုပ်နဲ့လေကွာ"

"ဟ ငါကြိုက်လို့ စာပေးတာပဲ၊ မင်းနဲ့ဘာဆိုင်လဲ၊ဘာလဲ မင်းကကောက်ရိုးပုံစောင့်တဲ့ ခွေးလား ဟဲ ဟဲ ဟဲ"

ကျော်ဇံလှ၏ ရန်စစော်ကားသောစကားသည် အောင်သာဖြူ၏ ဒေါသအဆုံးပေါက်ကွဲသွားကာ• • •

"ကဲ ပြောမရရင် ဒါပဲကွာ" ဟု ပြောပြောဆိုဆို လက်သီးဖြင့်ကျော်ဇံလှကိုထိုးလိုက်ရာ၊ အမှတ်မထင်သော လက်သီးချက်မိ၍ ကျော်ဇံလှ လဲကျသွားတော့ ကျော်ဇံလှ၏ အဖွဲ့ကာလသားများ လက်သွက်သမားတွေမို့ အောင်သာဖြူကို ဝိုင်းရိုက်ကြတော့သည်။

"လာကြပါဦး• •လာကြပါဦး ဒီမှာ ကိုဖြူကို ဝိုင်းရိုက်နေတာ သေကုန်တော့မယ်"

မေဦးအော်သံကြောင့် လူကြီးများ ဝင်ဖျန်ဖြေ၍ ရန်ပွဲပြီးခဲ့သော်လည်း အောင်သာဖြူ ဆေးရုံရောက်ခဲ့သည်။ ဦးစံဝင်းကလည်း သမီးမေဦးနှင့် ပတ်သက်၍ ဖြစ်သည့်ရန်ပွဲဖြစ်ပြီး အခြားတစ်ဖက်က ကျော်ဇံလှမှာလည်း မိမိတပည့်ဖြစ်နေသဖြင့် နှစ်ဖက်ကြေအေးစေခဲ့သည်။

"ကိုဖြူရယ် မေဦးကြောင့် ဆေးရုံရောက်တာ စိတ်မကောင်းပါဘူးလေ"

"မလိုပါဘူး မေဦးရာ ဒီကောင်တွေ ကစော်ကားလွန်းလို့ပါဟာ"

ကိုဖြူ သတိမထားမိသော မေဦး၏အလှကို ယခုမှပဲ ကျော်ဇံလှကြောင့် သတိထားမိသည်နှင့်အတူ သူ့ရင်ထဲမှာလည်း မေဦးအပေါ် အချစ်စိတ်တို့ တိတ်တိတ်ကလေး ကိန်းအောင်းသွားသည်။ ကျော်ဇံလှနှင့်လည်း ကျောင်းတော်ကာရန်စ ဖြစ်ခဲ့ရသည်။

မေဦးနှင့် ကိုဖြူတို့နှစ်ဦးစလုံး ၁၀ တန်းအောင်ခဲ့ကြသည်။ ကိုဖြူကတော့ ဖခင် အသက်အရွယ်တောက်လာသည့်ကိုငဲ့ကွက်ပြီး တက္ကသိုလ်မတက်ခဲ့ပေ။ မေဦးကတော့ ရန်ကုန်ရှိ နိုင်ငံခြားဘာသာသင် တက္ကသိုလ်ဆက်တက်ခဲ့သည်။ ထိုမှစ၍ ကိုဖြူသည် ဖခင်၏ စက်လှေတွင် ဝင်ရောက်ကြီးကြပ်လုပ်ကိုင်ရင်း စီးပွားရေးလောကထဲ ရောက်သွားသည်။

မေဦးပညာသင် ဒုတိယနှစ်မှာပင် မမျှော်လင့်သော ကြမ္မာဆိုးက မေဦးတို့ မိသားစုကို မွှေနှောက်ခဲ့သည်။ ဖခင်ဦးစံဝင်း နှလုံးရောဂါဖြင့် ရုတ်တရက် သေဆုံးခဲ့သည်။ သားအမိနှစ်ဦးမှာ ဖခင်ရသော ဂရယ်ကျူတီဆုကြေးငွေ သောင်းဂဏန်းနှင့် ပင်စင်လစာငွေ ထောင်ဂဏန်းတို့သာရ၍ စားဝတ်နေရေးကျပ်တည်းသွားခဲ့သည်။ ကျောင်း ဒုတိယနှစ်ဆက်တက်ရန်ပင် မေဦး



www.burmeseclassic.com

www.burmeseclassic.com

အတွက် အခြေအနေ မပေးတော့။ မေဦးက မိခင်ကို . . .

"မေမေရေ သမီးတို့အခုရနေတဲ့ ဝင်ငွေကလဲ စားဖို့တောင် အနိုင်နိုင်ပဲ ေ႒ာ်၊ မေဦးကျောင်းမတက်တော့ဘဲ ကျောင်းဆရာမအလုပ် ဝင်လုပ်မယ် လေ၊ ပညာရေးကတော့ စာပေးစာယူ ပြောင်းလိုက်မယ်နော်"

"ဟုတ်တယ် မေဦး၊ တို့ရန်ကုန်ပြန် ပြောင်းရင်လဲ ဟိုမှာလဲ ဘာမှအခြေခံ မရှိဘူး။ သမီးအလုပ်ဝင်ရင်တော့ တို့သားအမိ ရပ်တည်နိုင်မယ်ထင် တယ်"

နှစ်ပေါင်းများစွာ အတူနေခဲ့၊ ခင်မင်ခဲ့သော ဦးစိန်လှအောင်သည် အားကိုးရာမဲ့သွားသော မေဦးတို့ကို သနားကရုဏာသက်မိသည်။ မေဦးကိုလည်း သမီးလေးကဲ့သို့ ချစ်ခင်သည့်အလျောက် ပညာဆက်သင်စေလိုသဖြင့် ဒေါ်နှင်းဝေကို -

"ဆရာကတော် ခင်ဗျားတို့ ရန်ကုန်ပြန်ရင်လဲ၊ အခက်အခဲတွေ့မယ် ထင်တယ်၊ ဒီတော့ ဝင်ငွေလည်းရအောင် ဆရာကြီးရဲ့ ဆုကြေးငွေကို ကျွန်တော့်လုပ်ငန်းထဲ ထည့်ထားဗျာ၊ ရတဲ့အမြတ်ကိုသုံးပေါ့၊ လိုတာရှိရင်လဲ ကျွန်တော်စိုက်ထားပါ့မယ်။ မေဦးဘွဲ့ရတော့မှ တစ်မျိုးစီစဉ်ကြပေါ့၊ လောလောဆယ် ဆရာကတော်တို့ အခြေပျက် သွားမယ်"

ဦးစိန်လှအောင်၏ အကြံဉာဏ်သည် မေဦးတို့အတွက် အကောင်းဆုံးဖြစ်သော်လည်း သူတို့ကို နေအိမ်လည်း အခမဲ့ထား၊ ဝင်ငွေလဲရအောင်လုပ်ပေးမည့်စေတနာကို လေးစားတန်ဖိုးထားသော်လည်း အားနာတတ်သော ဒေါ်နှင်းဝေ။

"ဦးစိန်လှအောင် အကြံကတော့ အလွန်သင့်မြတ်ပါတယ်။ ဒါပေမယ့် ကျွန်မတို့အပေါ် ကောင်းတာတွေက များလွန်းတော့ အားနာပါတယ်ရှင်"

"မဟုတ်တာပဲဗျာ၊ ကျွန်တော်တို့ ကလည်း မိသားစုရှိတာမှ သုံးယောက်၊ အလုပ်ကလည်းကောင်းပါတယ် ဆရာကတော်၊ ဆွေမျိုးတွေလိုလဲဖြစ်နေတာပဲ၊ ကျွန်တော့်အကြံကိုသာ လက်ခံပါဆရာကတော်ရယ်"

ဤသို့ ဦးစိန်လှအောင် ကူညီမှုဖြင့် မေဦး ကျောင်းဆက် တက်နိုင်ခဲ့ပြန်သည်။

◆ ◆ ◆

မေဦး တတိယပညာသင်နှစ်တွင် ဦးစိန်လှအောင် ကျန်းမာရေးအလွန် ချို့ယွင်းလာသည်။ မိမိမရှိသည့်နောက်ပိုင်းတွင် လောကအလယ်ကျန်ခဲ့မည့် သားအောင်သာဖြူအတွက် စိတ်မချနိုင်အောင်ဖြစ်ခဲ့ရသည်။ အရင်းနီးဆုံးဆွေမျိုးသဖွယ်ရှိခဲ့သော ဒေါ်နှင်းဝေကို ဦးစိန်လှအောင်က . . .

"ဆရာကတော် . . . ကျွန်တော့် ကျန်းမာရေးကတော့ နေ့လား၊ ညလား ပဲဗျာ၊ ကျွန်တော်မျက်ကွယ်ပြုရင် ကျွန်တော့်သားကို သားရင်းလို ကရုစိုက်ပါဗျာ၊ ဖြစ်နိုင်ရင် သားကို မေဦးနဲ့ လက်ထပ်ပေးစေချင်ပါတယ်ဗျာ"

ကျေးဇူးရှင်လည်းဖြစ်၊ အကြောင်းရင်းကိုလည်း မှန်ကန်စွာ ခွဲဝေစဉ်းစားတတ်သော ဒေါ်နှင်းဝေက -

"အားမလျှော့ပါနဲ့ ဦးစိန်လှအောင်ရယ်၊ မောင်ဖြူကိုလဲ သားရင်းလိုစောင့်ရှောက်ပါ့မယ်၊ ဦးစိန်လှအောင်ရဲ့ ဆန္ဒကိုလည်း ဆောင်ရွက်ပေးပါ့မယ်လို့ ကတိပေးပါတယ်ရှင်"

"ဝမ်းသာလိုက်တာ ဆရာကတော်ရယ်"

◆ ◆ ◆

တတိယပညာသင်နှစ်တွင် မေဦးသည် ရေကျောင်းသို့ပွဲ ကျောင်းသားတို့အတွင်း ချစ်စနိုးအမည်ရ "ကိုကြီးကောင်း"နှင့်မိတ်ဆွေဖြစ်ခဲ့သည်။ ဂီတာ၊ စန္ဒရားဝါသနာရှင် ကိုကြီးကောင်းနှင့် မေဦးတို့ကျောင်းကပွဲတစ်ခုတွင် ဆုံခဲ့ကြခြင်းဖြစ်သည်။ စန္ဒရား မတောက်တစ်ခေါက်တီးတတ်၍ ဝါသနာပါသော မေဦးတို့ ခင်မင်ခဲ့ကြပြီး ကိုကြီးကောင်း၏ လက်သင်တပည့်ဖြစ်ခဲ့သည်။ စိတ်ထားကောင်း၍ လူကြီးဆန်သော ကိုကြီးကောင်းသည် မေဦးခင်ကို နှမလေးသဖွယ်ကူညီခဲ့သည်။

မိဘ မပြည့်စုံသော မေဦးဘဝကို စာနာနားလည်ခြင်း၊ ရပ်ဝေး ကျောင်းသူကလေးဖြစ်၍ အစစစောင့်ရှောက်ပေးခဲ့သည်။ ကျောင်းအားရက်များတွင် သူတို့နှစ်ဦး အလည်အပတ် အပြန်အလှန်သွားကြ လာကြလည်ပတ်ခဲ့ကြသည်။ ထိုနှစ်မှာပင် ဦးစိန်လှအောင် ကွယ်လွန်ခဲ့သည်။ မေဦးစိတ်မကောင်းဖြစ်ဝမ်းနည်းခဲ့သော်လည်း စာမေးပွဲနှင့်



www.burmeseclassic.com

www.burmeseclassic.com

တိုက်ဆိုင်နေသဖြင့် ငွေမြို့သို့ နားရေးကိစ္စအတွက် မပြန်နိုင်ဖြစ်ခဲ့ရသည်။

ပညာသင်နှစ်ကုန်၍ ငွေမြို့သို့ ပြန်လာသောနေ့က ကားဂိတ်တွင် ဖေအောင်သာဖြူ မေဦးကို ကြိုဆိုနေသည်။ မိမိနှင့် နှစ်ပေါင်းများစွာ တစ်ခြံတည်းနေခဲ့သောမေဦး၊ ငယ်ဘဝကတည်းက မိမိရင်တွင် တိတ်တခိုးချစ်မိသော မေဦး၊ မိမိသည် ပင်လယ်ထွက် ငါးဖမ်းနှင့် အိမ်တွင် အနေနည်းသကဲ့သို့ မေဦးကလည်း ကျောင်းတွင် အချိန်ပေးခဲ့ရသဖြင့် အတူဆုံဖြစ်သောအချိန် နည်းခဲ့ကြသည်။

ကိုဖြူသည် ကားပေါ်မှဆင်းလာသော မေဦးကိုငေးကြည့်ရင်း မေဦး၏မျက်နှာနုနုကလေးဘေးတွင် မစည်းမနှောင်ဘဲ သပ်ရပ်စွာ ဖြေချထားသော ဆံနွယ်ရှည်တို့ ဝေ့ပျံနေသော မျက်နှာကလေး၊ ရှုးရှထက်မြက် ညို့မှောင်သော မျက်ဝန်းအစုံနှင့် ပြည့်စုံသော မျက်နှာကလေးသည် ဤမျှ ကျက်သရေရှိကြောင်း ယခင်က တစ်ခါမှ သတိမပြုမိခဲ့ ငေးစိုက်ကြည့်နေသော ကိုဖြူကို မေဦးက အပြုံးနှင့် လှမ်းဝလိုက်သည်။

"ဟေး··ကိုဖြူ ဘာလို့ လူကိုစိုက်ကြည့်နေတာလဲ၊ တကတည်း မမြင်ဖူးတာကြနေတာဘဲ"

မှန်နှိုးစားစဉ် သူကြီးမိသောကလေးကဲ့သို့ ပြုးဖြဲဖြဲဖြစ်သွားသော ကိုဖြူက

"ဟဲ ဟဲ···မေဦးက ဒီလောက်လှနေတာ ခုမှကြည့်မိလို့ပါဟာ"

◆ ◆ ◆

သည်နှစ် ကျောင်းပိတ်ရက်အတွင်း မေဦး လုပ်အားပေးဆရာမအဖြစ် ငွေမြို့နှင့် အနည်းငယ်ဝေးသော ရွာသစ်တွင် တာဝန်ကျသည်။

ကိုဖြူကလည်း ငါးဖမ်းစက်လှေ လွှန်းတင်နိုက်မြို့ မေဦးကို ကျောင်းကြို/ပို့ တာဝန်ကို သူ၏ဆိုင်ကယ်ဖြင့် ဆောင်ရွက်ပေးသည်။ တိတ်တခိုးပီတိဖြစ်နေသူကတော့ ကိုဖြူပေါ့ နှင်းဝေ၍ အလွန်လှပသောနေ့တစ်နေ့တွင် မေဦး လုပ်အားပေး ခရီးအတွင်းတောင်ကုန်းထိပ်တစ်ခုပေါ်တွင် ခေတ္တ နှစ်ဦးနားကြပြီး၊ ပင်လယ်ရှုခင်းကို ကြည့်ရန် ဆိုသော်လည်း နှင်းက မကွဲသေး၊ ကျောက်တုံးကြီးတစ်ခုပေါ် နှစ်ဦးအတူထိုင်ရင်း ကိုဖြူက မေဦးကို -

"မေဦး နင့်ကို ငါ စကားနည်းနည်းပြောချင်တယ်ဟာ"

ကိုဖြူကလည်း စကားပလ္လင်တွေ ဘာတွေခံလို့ အတူတစ်ခြံတည်းနေတာ ကြာလှရောပေါ့ ပြောပါ"

"နင် စိတ်ဆိုးသွားမှာတော့ ငါ ကြောက်တယ်ဟာ"

"မေဦးတို့နှစ်ဦးကြားမှာ စိတ်ဆိုးစရာ ဘာအကြောင်းမှ မရှိနိုင်ပါဘူး။ ဒါပေမယ့် ကိုဖြူသဘောအတိုင်းပါ၊ ကိုဖြူပြောချင်မှ ပြောပါနော်"

နှင်းထုအကြားမှ မိုးကုပ်စက်ဝိုင်းထိ ကျယ်ပြန့်သော ပင်လယ်စိမ်းပြာပြာ ကိုဖြူငေးမောရင်း အိမ်မက် မက်စကားပြောသူ၏ လေသံမျိုးဖြင့် ပြောဖြစ်သည်။

"မေဦး နင့်ကို ငါချစ်နေတာ ကြာပါပြီ ငါတို့ကို အားထားမှီခိုနေတဲ့ နင့်ကို အနိုင်ကျင့်သလို ဖြစ်သွားမှာစိုးလို့ မပြောရဲတာ"

မေဦးခင် အသံတိတ်သွားသည်

◆ ◆ ◆

နှင်းကွဲစပြုလာသည်အထိ နှစ်ဦး သား အသံတိတ်နေကြသည်။ ပတ်ဝန်း ကျင်က နွေးထွေးစပြုလာပေပြီ မေဦး လက်ဝိုက်ဖြတ်ပြီး ပေါင်ပေါ်တွင်တင်ထား သောလွယ်အိတ်ကလေး၏ အမြိတ် ကြိုးစကလေးများကို လိမ်ကစားနေ သည်။ ခေါင်းငုံ့လျက်၊ မျက်နှာကလည်း တည်နေသည်။

"မေဦး နင်စိတ်ဆိုးသွားပြီလား"

"စိတ်မဆိုးပါဘူး ကိုဖြူ မေဦး စဉ်းစားချင်လို့"

ကိုဖြူရင်ထဲ ဟိုက်ကနဲ ဝမ်းသာ သွားသည်။

"စဉ်းစားမယ်ဆိုရင်ဘဲ ဝမ်းသာ ပါပြီ၊ မေဦးအချိန်ယူ စဉ်းစားပေါ့ဟာ လား"

"ခု ခဏလေးပါ ကိုဖြူ ခဏလေး စဉ်းစားနေတာပါ"

ကိုဖြူ ပါးစပ်အဟောင်းသားဖြစ် သွားသည်။

"ဒီလိုပါ ကိုဖြူ ချစ်တယ်ဆိုတာ ရင်ခုန်ရတဲ့ နှလုံးသားခံစားချက် မဟုတ်လား။ ကိုဖြူ မဟုတ်ဘဲ အခြား တစ်ဦးဦးဆိုရင် အဖြေက ကွန်မအေး ကိုမစဉ်းစားသေးပါဘူးလို့ ငြင်းမိမှာ ဒါပေမယ့် ကိုဖြူနဲ့ မေဦးတို့က အ ဖွဲ့နှောင်ထားတဲ့ သံယောဇဉ်ရှိလို့ တရက် ဘာပြောရမှန်း မသိ



www.burmeseclassic.com

www.burmeseclassic.com

ကိုမြ အသက်ပင် မရှုရဲဘဲ၊ ခေါင်းငုံ့နေသော မေဦးမျက်နှာလေးကို ငေးကြည့်နေမိသည်။

"ကိုမြကို မေဦးသံယောဇဉ်ကြီးပါတယ်။ အစ်ကိုလိုရော သူငယ်ချင်းလိုရောပါပဲ"

မေဦး၏အသံသည် တိမ်ဝင်သွားကာ ခေါင်းကလေးမော့လာသည်။ မညှိုးငယ်စဖူး ညှိုးငယ်နေသော မေဦးမျက်နှာလေးကို မြင်ရသည်။

"ကိုအောင်ရယ် ချစ်တော့မချစ်ဘူး မချစ်ဘူးဆိုတာ ဘာလဲလို့မေးတော့ မေဦး ဘယ်လိုဖြေရမှာလဲ၊ သူငယ်ချင်းလို၊ အစ်ကိုလို သံယောဇဉ်က သတ်သတ်၊ ရင်မခုန်၊ မခုန်မိတာကို အားနာပါတယ်ဆိုတာကလွဲလို့ မေဦး ရှင်းမပြတတ်တော့ဘူး"

သက်ရှိလောက တစ်ခုလုံး၏ အသံဗလံအားလုံးသည် စကြာဝဠာပြင်ပသို့ လွင့်စင်ထွက်ကုန်သည့်အလား တိတ်ဆိတ်သွားသည်။ မှော်လင်ပုံခြင်း ကင်းသွားသော ကိုမြသည် ရုတ်ရှိအားနာခြင်းကြောင့် မေဦးရှေ့မှောက်မှ အငွေ့အဖြစ် လွင့်ပျံ ပျောက်ကွယ်သွားရင် ကောင်းပါလေရဲ့ဟု ခံစားတောင်တမိတော့သည်။

◆ ◆ ◆

ခြံအတွင်းသို့ ခြေလှမ်းမမှန် ခေါင်းငိုက်စိုက် ငိုက်စိုက်ဝင်လာသော အောင်သာမြကို မဖါခေကျော့စံ မြင်လျှင်မြင်ခြင်း

"ဟဲ့ ငမြ နင်ဘာ့ယ်လိုဖြစ်နေတာလဲ ပင်လယ်လည်းမကူးကီး၊ အိပ်လဲမကပ်ဘဲ၊ မိုးချုပ်မှ ပြန်လာရင်လည်း အရက်နံ့က တစ်ထောင်းထောင်းနဲ့"

"ဟာ အရီးခါကသည်း ပင်လယ်ရေလုပ်သားဆိုတာ ဘယ်ကောင်းမလဲ အရီးရ"

"ဒါတော့ ဒါပေါ့ဟယ်၊ အခု နင့်ဟာက ကုန်းပေါ်မှာတဲ့ တော်သင့်ရုံဆို တော်ရောပေါ့"

နှင်ခုတစ်ရံသော မေဦးကို ကျောင်းလိုက်ပို့တာ မတွေ့ဘူး။ ဘာဖြစ်လို့လဲ နင်တို့ စကားများထားကြသလား"

"မများပါဘူးဗျာ၊ သူလည်း ကလေးမဟုတ်တော့ဘူး၊ အေးလူနေ့တွေက တစ်မျိုးမြင်မှာ စိုးလို့ပါဗျာ"

"အံမယ်လေး မြင်တော့ကော ဘာဖြစ်လဲ၊ ဟူလိုက်ကြပေါ့" ရှေးကိုးဆန်သော အရီးစံက မွှင်သင်းစွာ စိုးရိုးဒေါက်ဒေါက်ပြောတော့ ကိုယ့်အကြောင်း ကိုယ်သာသိသော ကိုမြသည်

"ဟာဗျာ ဒါကြောင့် အရီးစံခက်တာပေါ့၊ မတော်ပါတော့ အရီးရေ ကျွန်တော် စိတ်ညစ်လို့ပါ"

မေဦးမိခင်ကလည်း ကိုမြနှင့် မေဦးတို့ ဆက်ဆံရေး ခပ်တန်းတန်းဖြစ်နေသည်ကို သတိထားမိ၍ သမီးဖြစ်သူအား တိုးတိုးတိတ်တိတ် မေးမြန်းခဲ့သည်။

"ဟဲ့ သမီး ညည်းနဲ့ ကိုမြတို့ဘာဖြစ်ထားလို့ ခပ်စိမ်းစိမ်းဖြစ်နေကြသလဲ၊ ခါတိုင်းဆို ကျောင်းပို့ကျောင်းကြိုနဲ့ တွေ့နေရတာ"

သမီးလည်း မေမေကို ဖွင့်ပြောသင့်၊ မသင့် စဉ်းစားနေလို့ပါ။ ကိုမြက သမီးကို ချစ်ရေးဆိုတယ် မေမေ၊ သမီးကလည်း ကိုမြကို အစ်ကိုတစ်ယောက်လိုကလွဲလို့ ကိုမြ လိုချင်တဲ့ အချစ်မျိုးနဲ့တော့ မချစ်မိဘူးလို့ ဖြေလိုက်တယ်။ ဒါကြောင့်များ ကိုမြက စိမ်းသွားသလား မသိပါဘူး မေမေရယ်"

"ညည်းမှာ ရည်းစားတွေ ဘာတွေ ရှိထားလို့လားအေ့"

"မရှိပါဘူး မေမေ"

"အံမလေးဟယ်၊ တစ်သက်လုံး တို့အပေါ် အစစကောင်းလာတဲ့ အတွင်းသိ အစင်းသိ လူ့ရိုးတွေပဲ၊ ကိုမြဟာ သမီးအတွက် သက်ထပ်သင့်တဲ့သူပဲ၊ သမီးဒါကို စိတ်ထဲမှာတော့ ထည့်ထားရမယ်။ ကိုမြ ဖခင်မကွယ်လွန်ခင်က သူ့သားနဲ့သမီးကိုလက်ဆက် ပေးဖို့မေတ္တာရပ်ခံလို့ မေမေလည်း ကတိပေးထားခဲ့တယ်သမီး"

"ကျောင်းပြီးတဲ့အထိ သမီးကို အချိန်ပေးပါ မေမေရယ်၊ လောလော ဆယ်တော့ မစဉ်းစားပါရစေနဲ့ဦး"

ကိုမြသည် မေဦး၏အချစ်ကိုမရသော်လည်း၊ မေဦးတို့မိသားစုကိုတော့ ကရုစိုက်ခြင်း ပျက်ကွက်မှုမရှိခဲ့ပေ။ မေဦးကိုတော့ စိတ်အနေကျုံ့မည်စိုးသောကြောင့် ယခင်ကသို့ တွဲတွဲမနေဖြစ်ခဲ့တော့၊ ချစ်တဲ့စိတ်ကိုသော့ခတ် ပိတ်ထားရတော့သည်။

◆ ◆ ◆

မေဦး ဘွဲ့ရခဲ့ပြီ၊ ဌာနမြို့တွဲ့ဖက် အထကတွင်ပင် အင်္ဂလိပ်ပြဆရာမအဖြစ် အလုပ်ဝင်ခဲ့သည်။ မိခင်ဒေါ်နှင်းဝေ၏ ကျန်းမာရေးမှာလည်း ချူချာလာ



www.burmeseclassic.com

www.burmeseclassic.com

နေသည်။ မေဦးကိုလည်းအကာယ်၍များ သူမ ကတိမ်းကပါးဖြစ်သွားပါက လောကအလယ် အာထီးကျန်ခဲ့မည် စိုးရိမ်လာခဲ့သည်။ သို့ဖြစ်၍ မောင်ဖြူနှင့် လက်ထပ်ရန် တိုက်တွန်းခဲ့သည်။ မိခင်အားကျေးဇူးဆပ် ဝမ်းသာစေလိုခြင်း၊ လှလားပြောက်အောင် မြေတောင်မြှောက်ပေးခဲ့သည့် ဦးစိန်လှအောင်၊ အမြတ်မိမိအား မြတ်နိုးနေသည့် ကိုဖြူတို့၏ သံယောဇဉ်တို့ကို ထောက်ထားပြီး မေဦးခင်သည် အချစ်ဆိုသော ပေါက်ဖွားမှုမရှိခဲ့သော်လည်း ကိုဖြူကို လက်ထပ်ခဲ့သည်၊ ချစ်အားငယ်ရှာသော ကိုဖြူကလည်း ဘယ်လိုပဲဖြစ်ဖြစ် မေဦးကို ပိုင်ဆိုင်ခွင့်ရသဖြင့် အပျော်ဆုံးဖြစ်ခဲ့သည်။ ဇနီးကိုလည်း လိုလေသေးမရှိ အလိုလိုက်ကာ အချစ်တွေပုံအောခဲ့သည်။ ဇနီးသည် မိမိပင်လယ်ထွက်စဉ် မပျင်းရလေအောင် အကောင်းဆုံးစန္ဒရားတစ်လုံး လက်ဆောင်ပေးကာ ပျော်စေသည်။ မေဦးကလည်း ကြာလာသည်နှင့်အမျှ ခင်ပွန်းအပေါ် ဇနီးကောင်းတစ်ဦးဖြစ်လာခဲ့ကာ သားကလေး "အောင်"ပင် အသက် သုံးနှစ်ရောက်ခဲ့သည်။

◆ ◆ ◆

၂၀၀၇ ခု နှောင်းပိုင်း၏ ဈေးနေ့တစ်နေ့တွင် ကိုဖြူကလည်း ပင်လယ်ထွက်နေသည်။ မေဦးသည် "အောင်" ကိုခေါ်၍ ဈေးထွက်ဝယ်ခဲ့ရာ ရင်းနှီးဖူးသောအသံတစ်ခု နောက်ဘက်မှ ကြားလိုက်ရသည်။

"ဒီမယ် ဒီမယ်၊ ခဏလေးနေပါဦး ခင်ဗျာ မေဦးခင်မဟုတ်လားဟင်"

မေဦး နောက်လှည့်ကြည့်တော့ အံ့ဩဝမ်းသာသံဖြင့် -

"ဟယ် ကိုကြီးကောင်းပါလား။ ဘယ်ကနေ ဘယ်လို ဗွမြို့ရောက်လာတာလဲ"

"မေဦးလာဟာ ဟိုလက်ဖက်ရည်ဆိုင်ထိုင်ရင်း စကားပြောကြတာပေါ့။ ကိုကြီးကောင်း ဒီရောက်ကတည်းက မေဦးကို ရှာနေတာဟ"

ကိုကြီးကောင်းနှင့် မေဦးတို့သားအမိ ဆိုင်ထိုင်မိတော့ မေဦးက -

"ကိုကြီးကောင်းလည်း မေဦးနောက်ဆုံးနှစ်တက်ကတည်းက မတွေ့တော့တာပဲနော်"

"အေးဟာ ငါလဲကျောင်းပြီးပြီးချင်းပဲ အိမ်က ငါးဖမ်းသင်္ဘောမှာ အလုပ်ဝင်ရတယ်ဟ၊ တနင်္သာရီဘက်မှာ ငါးဖမ်းရောင်းပေါ့ဟာ၊ အခုတောင် မေဦးတို့ရခိုင်ဘက် အလုပ်ကောင်းတယ်ဆိုလို့ ရွှေ့လာတာဟ၊ ဒါနဲ့ နေပါဦး မေဦးအကြောင်းလဲပြောပြပါဦး"

"ကိုကြီးကောင်းရာ မေဦးကျောင်းပြီးပြီးချင်း ဗွမြို့မှာ ဆရာမဝင်လုပ်တယ်၊ မေမေကလည်း ကျန်းမာရေးမကောင်း။ နောက်ပြီး မေမေသဘောတူတဲ့ လူ မေဦးကိုလည်း အမြဲကူညီနေတဲ့ ကိုဖြူနဲ့လက်ထပ်ခဲ့တယ်။ ဒါ မေဦးသားလေး "အောင်"ပါ"

"နင့်သားလေးက လှချောလေးပဲ၊ အေးပေါ့ဟာ မိဘစိတ်ချမ်းသာအောင် လိုက်နာတာလဲ ကျေးဇူးဆပ်ရာရောက်ပါတယ်"

"ကိုကြီးကောင်းရော ရှုန်ပလား"

"ဟား··ဟား··ဟား နင့်ပဲအော
ကိုးရမှာပဲ၊ ဗွမြို့သူချောချောနဲ့ စပ်ပေ
စမ်းဟာ"

"ရမယ် စိတ်ချ အော် ဒါနဲ့ မေဦ
ဆီမှာ စန္ဒရားတစ်လုံးရှိတယ်၊ ကိုကြ
ကောင်း အားတဲ့အခါ အိမ်လာခဲ့ပါလာ
ကျောင်းတုန်းကလို တီးကြမှုတ်ကြတာ
ပေါ့"

◆ ◆ ◆

ဤသို့ဖြင့် ကိုကြီးကောင်း ဗွမြို့
သင်္ဘောပြန်ဝင်၊ မေဦး၏အိမ်သည်
လည်အိမ်ပတ်အိမ်ဖြစ်ကာ စန္ဒရားတီ
ကြဆိုကြနှင့် မိတ်ဆွေဟောင်းများ
ပျော်ခဲ့ကြသည်။ ကိုဖြူမရှိသည့်အခါ
မေဦးက ဦးဆောင်၍ သံတွဲ-ပေလီသို့
သွားလည်ကြသေးသည်။ ဗွမြို့ကဲ့သေ
သည် ကျယ်လှသည်မဟုတ်သဖြင့်
ကိုကြီးကောင်းနှင့် မေဦးတို့ အသွား
အလာကို ဝေဖန်ခဲ့ကြသည်။ အထူး
သဖြင့် မစားရတဲ့အမဲ သဲနင့်ပက်
သဘောဖြင့် ကိုဖြူ၏ပြိုင်ဘက်ဟောင်း
ကျော်ဇံလှက အမြဲအပုတ်ချတော့သည်
ရှေးရိုးစွဲဒေါ်ကျော့စံကလည်း ကိုကြီး
ကောင်းအိမ်အဝင်အထွက်များသည်ကို
သဘောမတွေ့တော့ပေ၊ ကိုဖြူကို -

"ဟဲ့ ဖြူ နင့်မိန်းမကိုလည်း ဆုံး
ထားဦး သူ့ကိုယ်သူ အပျိုလေးကြ
တာပဲ၊ ဟိုငါးဖမ်းသင်္ဘောက ကိုကြီး
ကောင်းနဲ့က ရင်းနှီးလွန်းအားကြီးတယ်
ကျော်ဇံလှကတောင် အဲဒီလူဟာ န
မိန်းမရဲ့ တက္ကသိုလ်မှာ တွေ့ခဲ့တဲ
ရည်းစားလို့လျှောက်ပြောနေတယ်"



www.burmeseclassic.com

www.burmeseclassic.com

ကိုဖြူသည် ကြားရဖန်များလာတော့ သံသယတွေဝင်ခဲ့သော်လည်း မိမိကတစ်ဖက်သတ် ချစ်ရသူမို့ အောင့်အည်းနေသေးသည်။ မခံစားနိုင်သည့်အခုံး -

"မေဦး မင်းကို ကိုဖြူတယ်လောက်ချစ်တယ်၊ မြတ်နိုးတယ်ဆိုတာ မေဦးသိပါတယ်"

မင်းကလည်း ကိုဖြူကို မချစ်ဘဲနဲ့ လက်ထပ်ခဲ့တာလဲ ကိုယ်သိပါတယ်။ ဒါပေမယ့် "အောင်"လေးရဲ့မျက်နှာကို ငဲ့ကွက်ပါကွာ၊ ကိုကြီးကောင်းနဲ့သွားတာလာတာလဲ ဆင်ခြင်စေချင်တယ်"

"ကိုဖြူက ကိုကြီးကောင်းနှင့် စွပ်စွဲတာလား၊ ဒါ မေဦးရဲ့သိက္ခာကိုစော်ကားတာပဲ၊မေဦးတို့ကကျောင်းမှာကတည်းက ခင်မင်ရင်းနှီးတဲ့ ရိုးရိုးသားသားမိတ်ဆွေတွေပါ"

"ဘာပဲဖြစ်ဖြစ်ကွာ ခင်ပွန်းသည်စကားကိုတော့ မင်းနာခံရမယ် မေဦး"

မေဦးကလည်း သူ့သိက္ခာကို ထိပါးလေခြင်းဟု စိတ်မကောင်းဖြစ်မိပြီး ရိုးသားသော အစ်ကိုတစ်ဦးဖြစ်သည့် ကိုကြီးကောင်းအတွက်ပါ အားနာစိတ်မကောင်းဖြစ်ခဲ့သည်။ သို့ဖြစ်၍ ကိုကြီးကောင်းနှင့် ခင်မင်မပျက်နေခဲ့သည်။ အကြောင်းမသိရှာသော ကိုကြီးကောင်းကလည်း ခါတိုင်းလိုပင် အသွားအလာမပျက်ခဲ့။ ကိုဖြူ၏စိတ်မှာလည်း သံသယများတို့သထက်တိုးကာ အိမ်ထောင်ရေးတွင် အဖုအထစဖြစ်ခဲ့ရသည်။ မေဦး၏မိခင်မှာလည်း အစာလမ်းကြောင်းကင်ဆာဖြင့် ရန်ကုန်ဆေးရုံတင်ထားရသည်။ သည်နေရာမှာလည်း နာတာရှည်မို့ မေဦးရန်ကုန်နှင့် ဗွမြို့အသွားအပြန်အလှုပ်များ၊ စိတ်ဆင်းရဲခဲ့ရသည်။

◆ ◆ ◆

၂၀၀၈ မေလ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မှ မိခင်၏ ဖုန်းသတင်း မေဦးထံဝင်လာသည်။ ဒေါ်နှင်းဝေအခြေအနေမကောင်း။ အမြန်လာရန်ခေါ်ခြင်းဖြစ်သည်။ ကိုဖြူကလည်း ပင်လယ်တိုင်ပင်စရာမရှိ၊ ဒေါ်ကျော့စံကလည်း

"မေဦး·· သွားသာသွားပါ အောင့်ကို အရီးစံစောင့်ရှောက်ပါ့မယ်"

မေဦး အထုပ်အပိုးပြင်ကာ မြို့အထွက်ကားဂိတ်သို့ ရောက်ခဲ့ပြီး နေ့လယ်ပိုင်းဖြစ်၍ ပေလီ-သံတွဲကား ရန်ကုန်အပြန်ကား၊ တားဆီးမည်ဟု စိတ်ကူးဖြင့် ကားစောင့်နေသည်။ ကျော်ဇံလှတို့ အဖွဲ့ကလည်း ကားဂိတ်အရက်ဆိုင်မှာ အဖွဲ့နှင့်သောက်စားနေကြရင်း မေဦးကို လှမ်းကြည့်အကဲခတ်နေကြသည်။ ထိုစဉ် ဆိုင်ကယ်ဖြင့် ကိုကြီးကောင်းရောက်လာခဲ့သည်။

"ဟဲ့ မေဦး အထုပ်အပိုးနဲ့ ဘယ်လဲဟ၊ မျက်နှာလဲမကောင်းပါလား"

"ရန်ကုန်က ဖုန်းလာတယ် ကိုကြီးကောင်းရေ၊ မေမေ မသက်သာဘူးတဲ့ ဒါကြောင့် အားခြင်းရန်ကုန်ဆင်းမလို့ ကားစောင့်နေတာ"

"ကိုကြီးကောင်း ကြားတာတော့ ရိုးမပေါ်မှာ မိုးကြီးပြီးတောင်ပြိုလို့ ကားလမ်းပိတ်နေတယ်ကြားတယ်၊ ကားလာမလာ ဂိတ်စာရေးကို သွားမေးကြည့်ဦးလေ"

မေဦး ကားဂိတ်သို့ သွားစုံစမ်းခဲ့သည်။ တောင်ပြို၍ကား အသွားအလာနှစ်ရက်ခန့်ပိတ်မည့် သတင်းရခဲ့သည်။ သံတွဲကအဆင်းကား မလာတော့၊ စိတ်ပျက်ပျက်နှင့် ကိုကြီးကောင်းထံပြန်ရောက်လာတော့သည်။

"ဟုတ်တယ် ကိုကြီးကောင်းရေ ဒုက္ခပါပဲ"

ကိုကြီးကောင်းသည် ခေတ္တစဉ်းစားပြီး တွေးတွေးတောတောနှင့် မေဦးကို

"မေဦး နင်ကားမရရင် ရန်ကုန်ငါးပို့မဲ့သင်္ဘောနဲ့ လိုက်ခဲ့ပါလား။ နောက်နေ့ညနေလောက်ဆိုတော့ ရန်ကုန်ရောက်မှာပဲဟ"

မေဦးသည် အတော်စဉ်းစားနေရသည်။ မိခင်ထံလည်း မသွားမဖြစ်၊ သို့ရာတွင် မိခင်အား တွေ့လိုစောဖြင့် လက်ရှိကြုံရသော အကြပ်အတည်းမှ ထွက်ပေါက် တစ်ခုတည်းဖြစ်သော သင်္ဘောနှင့်ပင် ရန်ကုန်လိုက်ရန် ဆုံးဖြတ်လိုက်သည်။ မေဦးနှင့် ကိုကြီးကောင်းတို့ အခြေအနေကို အကဲခတ်နေသော ကျော်ဇံလှက မေဦး၊ ကိုကြီးကောင်းဆိုင်ကယ်ဖြင့် ဆိပ်ကမ်းထွက်သွားပြီးနောက်

"ဟော့ ဘော်ဒါတို့ တွေ့လားကွ မေဦးခင်ကတော့ အထုပ်အပိုးနဲ့ ရည်းစားပေါင်းနောက် လိုက်သွားပြီဟေ့"

ဟု မှုမှုနှင့်ပြောသံကိုတော့ မေဦးတို့ မကြားလိုက်ရတော့ပေ။

◆ ◆ ◆

ဆက်လက်ဖော်ပြပါမည် · · ·


ညီမြမင်းလွင် (မော်ကျွန်း)



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်ရိုက်စားလုပ်သွားသည့် ဖြူ့တီပါလာပိုင်ရှင်ကို ရဲတို့က ရှာဖွေနေ



မလေးရှားနိုင်ငံ နီဗွန်တီဘောလ်အရပ်မှ ဖြူ့တီပါလာ ဆိုင်ရှင်တစ်ဦးကို ယုံကြည်မှု ဖောက်ဖျက်ပြီး လိမ်လည်မှုဖြင့် တရားစွဲထားသော်လည်း တရားခံပွက်ပြေးတိမ်းရှောင်နေသဖြင့် ရဲတို့က အပူတပြင်းရှာဖွေနေကြောင်း သတင်းကဆိုသည်။

မစ္စဟာရိုမာ(၃၆)နှစ်သည် ရုပ်ချော၊ အပြောကောင်းပြီး ကျား/မ အလှပြင်စင်တာ ဖွင့်ထားသည်။ ၎င်း၏အလှပြင်လက်ရာ ကောင်းသဖြင့် အောင်မြင်လျက်ရှိသည်။ သို့ဖြစ်၍ ပထမ ရှယ်ယာအဖွဲ့ဝင်အဖြစ် မစ္စဇေဘမ်(၃၆)နှစ်ကို စည်းရုံးသိမ်းသွင်းခဲ့ရာ ဇေဘမ်ကလည်း သဘောကျပြီး ရင်းဂျစ်ငွေ ၃၆၀၀၀ ထည့်ဝင်ခဲ့သည်။ ပထမဆုံးလတွင် အမြတ်ငွေ ၁၀၀၀ ရင်းဂျစ် ဇေဘမ်ရခဲ့ပြီး နောက်လများတွင် ရင်းဂျစ် ၂၀၀ စီ ရခဲ့သည်။ ထိုသို့ ပုံမှန်ရသဖြင့် ဇေဘမ်၏မိသားစုနှင့် အခြားမိတ်ဆွေများ ကပါ စိတ်ဝင်စားပြီး ရှယ်ယာအဖွဲ့ ၃၀ ထိဖြစ်ကာ တစ်ဦးလျှင် ရင်းဂျစ်ငွေ ၅၁၀၀ မှ ၅၀၀၀၀ အထိ ထည့်ဝင်ရှယ်ယာပါကြရာ ဟာရိုမာ၏ လက်ထဲတွင် စုစုပေါင်းရင်းဂျစ်ငွေ ၁၅ သိန်းကျော် ရရှိခဲ့သည်။ ယိုဖြူ့တီပါလာ ရှယ်ယာဝင်များကို ၂၀၁၂ နှစ်ကုန်ပိုင်းအထိ အမြတ်ငွေများ ခွဲပေးနေရာမှ ရပ်ဆိုင်းသွားသည်။ သို့ဖြစ်၍ ဖြူ့တီပါလာပိုင်ရှင် ဟာရိုမာ၏ အလှပြင်ဆိုင်ကို ရှယ်ယာဝင်များသွားသောအခါ ဟာရိုမာသည် ဖုလိုင်လကတည်းက အိုင်တာဆင်းသွားကြောင်း ဖြေကြားခဲ့သည်။ ထို့ကြောင့် နစ်နာခဲ့ကြသော ရှယ်ယာဝင်တို့က စုပေါင်းပြီး လိမ်လည်အလွဲသုံးစားမှုဖြင့် ရဲဘ်တိုင်ကြားတရားစွဲခဲ့သည်။ သို့ရာတွင် လောလောဆယ် တရားခံကို ရှာမတွေ့သဖြင့် တရားခံပြေးအဖြစ် ကြေညာကာ လူထု TV သတင်းလိုင်းမှ ဟာရိုမာရုပ်ပုံကို ဖော်ပြီး တွေ့ရှိပါက ကူညီသတင်းပို့ရန် ဆောင်ရွက်ထားရကြောင်း သတင်းတွင် ဖော်ပြထားသည်။

ညိုမင်းလွင်(မော်ကျွန်း)

*Ref:- Internet News, 10.1.2013*

## ဓာတ်ဆီလှောင်ကန် မီးလောင်မှုဖြစ်ပွား

အိန္ဒိယအစိုးရပိုင်၊ ဆူဝရက် ဂူဂျာရတ်ရှိ အိန္ဒိယရေနံကော်ပိုရေးရှင်းပိုင် ဓာတ်ဆီလှောင်ကန် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ၆. ၁. ၂၀၁၃ မီးလောင်မှုကြောင့် လုပ်သားနှစ်ဦး သေဆုံးခဲ့သည်။ မည်သည့်အကြောင်းကြောင့် မီးလောင်မှုဖြစ်ပွားရသည်ကို အစိုးရမှ စုံစမ်းစစ်ဆေးနေသည်။

ညိုမင်းလွင်(မော်ကျွန်း)

*Ref:- XINHUA News, 6.1.2013*






www.burmeseclassic.com

www.burmeseclassic.com

# ဂျပန်မိသားစုများအတွင်း အကြမ်းဖက်မှုများ တိုးပွားလာနေ

မြသိန်း




ဂျပန်နိုင်ငံ။

ဒုတိယကမ္ဘာစစ်အတွင်းက စစ်ရှုံးခဲ့သော နိုင်ငံကို ပြန်လည်ထူထောင်ခဲ့ရာ အာရှတိုက်၏ စီးပွားရေးအင်အားကြီးနိုင်ငံ၊ ကမ္ဘာ၏ ဒုတိယစီးပွားရေးအင်အားကြီး နိုင်ငံ ဖြစ်လာ၏။ သို့သော် ၂၀ ရာစု အကုန် ၂၁ ရာစုထဲအဝင်တွင် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံဖြစ်သော တရုတ်ပြည်သည် အရှိန်အဟုန်ဖြင့် စီးပွားရေးအင်အားကြီးနိုင်ငံ ဖြစ်လာရာ ဂျပန်သည် ၎င်း၏ စီးပွားရေးအဆင့်နေရာကို ဖယ်ရှားပေးလိုက်ရပြီး ကမ္ဘာ့တတိယစီးပွားရေး အင်အားကြီးနိုင်ငံအဖြစ်သို့ ရောက်ရှိသွားလေတော့၏။

စီးပွားရေး အရှိန်အဟုန်နှေးကွေးသွားသော ဂျပန်နိုင်ငံသည် ကျွန်းရနိုင်ငံဖြစ်၏။ မြေငလျင်လည်း မကြာမကြာလှုပ်၏။ သဘာဝသယံဇာတလည်း အလွန်ရှားပါး၏။ စီးပွားရေးအရှိန်အဟုန်ကောင်းစဉ်က ဂျပန်နိုင်ငံသားများသည် အလွန့်အလွန် ပျော်ကြ၏။

သို့သော ၂၀၁၁၊ မတ်လ ၁၁ ရက်နေ့၌ ဂျပန်နိုင်ငံတွင် အလွန်ကြောက်စရာကောင်းသော ငလျင်ကြီးလှုပ်ပြီး ဆူနာမီရေလှိုင်းလုံးကြီးများ ပေါ်ပေါက်ခဲ့ရာမှ ဂျပန်၏ အနုမြူဓာတ်ပေါင်းဖိုအချို့ ပျက်စီးသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

ဂျပန်၏ စီးပွားရေးနှင့် လူမှုရေးသည် အထိနာသွားၿ၏။

ဂျပန်ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်တစ်ပုဒ်၌ ဂျပန်နိုင်ငံတွင် အိမ်ထောင်မိသားစုများအတွင်း အဆင်မပြေမှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများ၊ အကြမ်းဖက်မှုများသည် တိုးပွားလာနေကြောင်း၊ ၂၀၁၂ ပထမခြောက်လအတွင်း၌ ဂျပန်မိသားစုများအတွင်း အကြမ်းဖက်မှုများသည် ၂၀၁၁ အလားတူကာလကထက် ၄၆.၃ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း၊ ၂၀၁၂ တွင် မိသားစုအတွင်း အကြမ်းဖက်မှုများသည် ၂၀၁၆ မှုရှိပြီး၊ ထိုအကြမ်းဖက်မှုများ၌ ကျူးလွန်သူများ၏ ၉၄ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြသည်ဟု ဖော်ပြထားသည်။

ဂျပန်မိသားစုများအတွင်း အကြမ်းဖက်မှုများ တိုးပွားများပြားလာရခြင်းမှာ စီးပွားရေးအဆင်မပြေမှုကြောင့် စိတ်ဖိစီးမှုရှိလာခြင်း၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာခြင်းနှင့် ဒေသအတွင်း ပဋိပက္ခမှုများ ရှိလာခြင်းကြောင့်ဖြစ်သည်ဟု လူမှုရေးကျွမ်းကျင်သူများက ထောက်ပြကြ၏။

၂၀၁၂၊ ဒီဇင်ဘာလ ၁၅ ရက်နေ့က အသက် ၃၄ နှစ်အရွယ် အိမ်ထောင်ရှင်မတစ်ယောက်သည် သူ၏ တစ်နှစ်သား သားငယ်လေးကို ပလတ်စတစ်အိတ်ထဲထည့်၍ အသက်မရှူနိုင်အောင် ပြုလုပ်မှုဖြင့် ရဲတို့၏ ဖမ်းဆီးခြင်းကို ခံလိုက်ရ၏။ ကိုဘီမြို့၌နေသော ထိုအမျိုးသမီးက သူမ၏သားသည် စားထားသော အစားအစာများကို ညှော်ခန်းထဲ၌ အန်ချထားသောကြောင့် ဒေါသထွက်ပြီး သားငယ်ကို အပြစ်ပေးခြင်းဖြစ်သည်ဟု ရဲတို့ကို ပြောဆို၏။

နောက်ထပ် ၁၄ ရက်အကြာတွင် စိုင်းတာမပရီဖက်ချား၌နေသော အသက် ၃၄ နှစ်အရွယ် အမျိုးသမီးတစ်ယောက်သည် သူမ၏ အသက် ၅ လသားကလေးကို ဓားဖြင့်သတ်ဖြတ်မှုနှင့် အသက်နှစ်နှစ်အရွယ်သားကို ဓားဖြင့် အနာတရဖြစ်အောင် ပြုလုပ်ပြီးနောက် သူမကိုယ်ကို သူမ သတ်သေရန် အားထုတ်မှုဖြင့် ရဲတို့၏ ဖမ်းဆီးခြင်းကို ခံလိုက်ရ၏။ သူမဘာကြောင့် ထိုပြစ်မှုများကို ကျူးလွန်ရသည်ဆိုသည်ကို သူမသည် ရဲတို့ကို ထုတ်ဖော်မပြောပေ။

၂၀၁၃ ခုနှစ်ဆန်းပိုင်းတါင် စိုင်းတာမပရီဖက်ချား၌ပင် အသက် ၃၉ နှစ်အရွယ် သားက အသက် ၇၆ နှစ်အရွယ် ဖခင်ကို ဓားဖြင့်ထိုးသတ်မှု၊ ကျိုတိုမြို့တွင် အသက် ၃၅ နှစ်အရွယ် ပြေးယောက်ျားလေးက အသက် ၈၂ နှစ်အရွယ် အဘွားဖြစ်သူကို ရိုက်နှက်၍ ဆေးရုံသို့ တင်လိုက်ရမှု ဖြစ်ပွားခဲ့၏။

"မိသားစုတွေဟာ စီးပွားရေးမကောင်း၍ ဝင်ငွေများ လျော့နည်းလာမှု၊ အလုပ်အကိုင်ရှားပါးလာမှုတွေကြောင့် စိတ်သောကတွေ ရောက်လာကြတယ်" ဟု ဟော့ကိုင်းဒါးရှိ တက္ကသိုလ်ကျောင်းတစ်ကျောင်းမှ လူမှုရေးကထိကတစ်ယောက်က သူ၏သဘောထားကို ပြောဆိုလိုက်သည်။

"ဂျပန်ဟာ အေးချမ်းတည်ငြိမ်တဲ့တိုင်းပြည်၊ ချမ်းသာကြွယ်ဝတဲ့တိုင်းပြည်ဘဝကနေ လွန်ခဲ့တဲ့ နှစ် ၂၀ လောက်ကစပြီး အခြေအနေကောင်းတွေဟာ တဖြည်းဖြည်း ယိုယွင်းလာတယ်။ အိမ်ထောင်ရှင်မတွေဟာ ဝင်ငွေမကောင်းတော့ စိတ်ညစ်လာကြတယ်။ လင်ယောက်ျားရဲ့ ဝင်ငွေတစ်ခုတည်းကို အားထားလို့မရ ဖြစ်လာတယ်။ ကျောင်းသားတွေဟာလည်း မိဘတွေရဲ့ စီးပွားရေးအခြေအနေမကောင်းတာကြောင့် ကျောင်းတက်ရတာ သိပ်စိတ်မပါတော့ဘူး၊ မိသားစုအတွင်း စိတ်ပျော်ရွှင်မှုဟာ မရှိသလောက်ဖြစ်လာတယ်" ဟု အဆိုပါ ကထိကက ဆက်လက်ပြောဆိုလိုက်သည်။

လူဦးရေ ၁၂၇ သန်းရှိသော ဂျပန်နိုင်ငံတွင် မိသားစုတိုင်းသည် စိတ်မချမ်းမြေ့မှု ဖြစ်နေကြခြင်းတော့ မဟုတ်ပါ။ သို့သော်လည်း လက်တစ်ဆုပ်စာ မိသားစုအတွင်း စိတ်မချမ်းမြေ့စရာများ ဖြစ်မှုများလာခြင်းသည် ဂျပန်နိုင်ငံအတွက် လက်ညှိုးထိုးစရာ ဖြစ်လာ၏။

ဂျပန်တွင် သက်ကြီးရွယ်အို လူဦးရေသည် များလာရာ စီးပွားရေးအဆင်မပြေသော သားသမီးများအတွက် သူတို့၏ သက်ကြီးရွယ်အို မိဘများသည် ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်လာပုံရ၏။ သက်ကြီးရွယ်အိုများကို အစိုးရက ထောက်ပံ့မှုသည်လည်း များများစားစားမဟုတ်ပေ။

အားလုံးကို ခြုံငုံကြည့်လျှင် ဂျပန်စီးပွားရေး အရှိန်နှေးကွေးမှုရှိလာခြင်း၊ လူဦးရေတိုးမှု နည်းလာပြီး၊ သက်ကြီးရွယ်အိုများလာခြင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်လာရခြင်း၊ ကျေးလက်ဒေသကို စွန့်ခွာ၍ မြို့ပေါ်သို့ တက်လာသူများလာခြင်း၊ ဒေသတွင်း ပဋိပက္ခများ ပေါ်ပေါက်လာခြင်း စသော ဖြစ်ရပ်များကြောင့် ဂျပန်မိသားစုအချို့တွင် အကြမ်းဖက်မှုများ ဖြစ်လာသည်ဟု တိုကျိုတက္ကသိုလ်မှ ပါမောက္ခတစ်ယောက်က ပြောဆိုလိုက်၏။

မြသိန်း

Ref:-


**Strait Times, 15.1.2013**



www.burmeseclassic.com

www.burmeseclassic.com

# အိန္ဒိယနိုင်ငံတွင် မုဒိမ်းမှုဖြစ်ရခြင်း၏ ဖြစ်ရပ်မှန်




(ဤဖြစ်ရပ်မှန်မှာ အိန္ဒိယပြည်၌နေသော စာရေးဆရာမတစ်ယောက်၏ ရေးသားထားခြင်းဖြစ်၏။ ၂၀၁၃၊ ဇန်နဝါရီလ ၃ ရက်နေ့ထုတ် 'သည်စထရိတ်တိုင်းမ်စ်' သတင်းစာတွင် ရေးသားထားခြင်း ဖြစ်ပါသည်။)

ဆိုနီယာသည် အိန္ဒိယပြည်၏ မြို့တော် နယူးဒေလီတွင် နှစ်ဆယ့်လေးနှစ်နေထိုင်ခဲ့သူ ဖြစ်သည်။ အသက်ငယ်ရွယ်စဉ်ကတည်းက နေထိုင်လာသူဖြစ်သည်။ နယူးဒေလီတွင် လိင်ပိုင်းဆိုင်ရာ အမှုအခင်းသည် နေ့စဉ်နေ့တိုင်း နေရာအနှံ့၌ တစ်မျိုးမဟုတ် တစ်မျိုး ဖြစ်နေ၏။

ဆိုနီယာသည် ငယ်ရွယ်စဉ် ဆယ်ကျော်သက် အချိန်ကတည်းက လိင်ပိုင်းဆိုင်ရာ စော်ကားခြင်းမခံရအောင် သူမကိုယ်သူမ ကာကွယ်မှု ပြုလုပ်ခဲ့သူဖြစ်၏။ လမ်းပေါ်၌ တစ်နေရာတည်းတွင် အချိန်ကြာကြာ ဘယ်တော့မှ ရပ်မနေ။ လမ်းလျှောက်သွားလျှင်လည်း ခပ်သွက်သွက်လျှောက်၏။ လမ်းသွားလမ်းလာများနှင့် (အိမ်မသိသော သူစိမ်းများနှင့်) မျက်လုံးချင်းမဆုံမိအောင် သွားသည်။ မျက်နှာကို ခပ်တည်တည်ထားသည်။ ညမိုးချုပ်သွင် အိမ်ပြင်သို့ ဘယ်တော့မှ မထွက်။

ဆိုနီယာသည် အင်္ကျီပွပွကိုသာ ဝတ်သည်။ မိမိ၏ ခန္ဓာကိုယ်အချိုးအစားကိုပြသောအဝတ်ကျပ်ကျပ်များကိုမဝတ်။ (ဖိုသတ္တဝါများကို ဆွဲဆောင်သောအဝတ်များကို မဝတ်။)

ဆိုနီယာ လူကြီးဘဝရောက်လာသောအခါ၌လည်း အခြေအနေသည် မပြောင်းလဲ။ ဖိုသတ္တဝါများက တစ်ယောက်တည်းသွားသော အမျိုးသမီးများကို နှောင့်ယှက်မှုသည် လျော့မသွား။ အသံအမျိုး ချူးပေးပြီး နှောင့်ယှက်ကြ၏။ ဆိုနီယာသည် အနံ့ပြင်းသော အမွှေးနံ့သာများကို မသုံး။ ဆိုနီယာအပါအဝင် သူ့မိတ်ဆွေအပေါင်းအသင်းများသည် တက္ကသိုလ်သွားလျှင်၊ သို့မဟုတ် အလုပ်သွားလျှင် လက်ပွေ့အိတ်၊ သို့မဟုတ် လက်ဆွဲအိတ်၌ ချွန်ထက်သော ပစ္စည်းတစ်ခုခု (ဥပမာ–ဓားသေးသေး၊ ရင်ထိုးချိတ် စသည်များ)ကို ဆောင်ထားကြ၏။ အချို့က ဓားခပ်တိုတိုကို ဆောင်ထား၏။

ဆိုနီယာသည် ဓားကို မဆောင်ပါ။ သူမဆောင်ထားသော ဓားက သူမကို ပြန်ခုခံပေးနိုင်သည်ဟု သဘောမပေါက်သောကြောင့် ဖြစ်သည်။

လမ်းများပေါ်တွင် ဖိုသတ္တဝါ အငယ်၊ အလတ်များသည် အုပ်စုဖွဲ့၍ သွားလာကြ၏။ သူတို့သည် မသတ္တဝါများကို စောင်းမြောင်း၍ ဟိန္ဒူတေးသီချင်းများကို ဆိုကြ၏။ သူတို့သည် လမ်းသွားလမ်းလာအမျိုးသမီးများကို အငမ်းမရ စူးစူးရှရှ ကြည့်လေ့ရှိကြ၏။

၂၀၁၂၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် တစ်ကမ္ဘာလုံးကို တုန်လှုပ်ခြောက်ခြားသွားစေသော မုဒိမ်းမှုသည် အိန္ဒိယပြည်၌ ပေါ်ပေါက်ခဲ့၏။ ရုပ်ရှင်ကြည့်ပြီး ချစ်သူနှင့်အတူ ဘတ်စ်ကားစီး၍ အိမ်ပြန်လာသော အသက် ၂၃ နှစ်အရွယ် အိန္ဒိယအမျိုးသမီးသည် ဘတ်စ်ကားပေါ်တွင် လိုက်ပါလာသော လူရမ်းကား ဖိုသတ္တဝါတစ်စု၏ မုဒိမ်းကျင့်ခြင်းကို ခံလိုက်ရ၏။ (ထိုအမျိုးသမီးသည် ရက်များမကြာမီ သေဆုံးသွား၏။) အဆိုပါ မုဒိမ်းမှုဖြစ်ရပ်ကို အိန္ဒိယတစ်ပြည်လုံးမှ ရှုံ့ချကာ အစိုးရအား အပြစ်ရှိသူများကို ပြင်းပြင်းထန်ထန် အရေးယူပေးရန် တောင်းဆိုကြ၏။

အိန္ဒိယပြည်တွင် မုဒိမ်းမှုကို တားဆီးသည့် ဥပဒေများရှိ၏။ ဘတ်စ်ကားများပေါ်တွင် အမျိုးသမီးများအတွက် သတ်မှတ်ပေးထားသော နေရာများရှိ၏။ အမျိုးသမီး ရဲအရာရှိများရှိ၏။ သို့သော်လည်း အိန္ဒိယပြည်၌ မုဒိမ်းအကျင့်ခံရသော အမျိုးသမီးအဖို့ အိမ်ထောင်ပြုရန် အလွန် အလှမ်းဝေးလေ့ရှိရာ မုဒိမ်းကျင့်သူကိုပင် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ယူလိုက်ကြရ၏။

အိန္ဒိယပြည်တွင် ညဘက် အိမ်ပြင်ထွက်သော အမျိုးသမီးများအတွက် မုဒိမ်းကျင့်ခံရမှုအန္တရာယ်သည် အလွန်ကြီး၏။ ရှေးရိုးစဉ်လာ ထုံးတမ်းအရ အမျိုးသမီးများသည် နှိမ့်ချခြင်းခံခဲ့ရ၏။ ထို့အပြင် အိန္ဒိယပြည်၌ ဇာတ်နိမ့် ဇာတ်မြင့် လူတန်းစားခွဲခြားမှုရှိရာ ဇာတ်နိမ့်အမျိုးသမီးများ၏ ဘဝသည် အနိမ့်ခံဘဝသဖွယ် ဖြစ်နေ၏။ ထို့အပြင် မုဒိမ်းမှုကျူးလွန်သူများကို အပြစ်ပေးမှုသည်လည်း အားပျော့ခြင်းက အိန္ဒိယပြည်တွင် မုဒိမ်းမှုများ များနေခြင်းဖြစ်၏။

ဦးဦးသိန်း

Ref:-

Strait Times, 3.1.2013



www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာတလွှား
# ထူးခြားဆန်းပြားသေဆုံးခဲ့ကြသူများ

● ထွန်းဝင်းထွန်း

သေခြင်းတရားဆိုတာ သဘာဝတရားရဲ့ အစိတ်အပိုင်းတစ်ရပ်ဆိုတာ လူတိုင်းသိကြပါတယ်။ ဘေးအန္တရာယ်၊ ကပ်ဘေးတစ်ခုခုကြောင့်၊ ရောဂါဘယကပ်ငြိလို့ ဘဝကိုအဆုံးသတ်ခဲ့ရသူလည်းရှိပါတယ်။ သို့သော် လောကမှာ မထင်မှတ်ဘဲ ဖြစ်လေ့တတ်တဲ့ ဖြစ်ရပ်တွေလည်းရှိပါတယ်။ ထူးခြားဆန်းကြယ်ပြီး မမျှော်လင့်တဲ့အကြောင်းတရားတွေကြောင့် လူ့လောကက ပျောက်ကွယ်သွားကြတဲ့ ဖြစ်ရပ်တွေရှိခဲ့ပါတယ်။ ဒီဖြစ်ရပ်တွေ သိခွင့်ရခဲ့ရင် သေခြင်းတရားဆိုတာ သဘာဝဖြစ်ရိုးဖြစ်စဉ်ဆိုတဲ့ အယူအဆကို စောဒကတက်စရာဖြစ်လာပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီလို ထူးခြားဆန်းကြယ်တဲ့ ဖြစ်ရပ်တွေ တကယ်ဖြစ်ခဲ့ပါတယ်။

### မိုးကြိုးပစ်သေမှာ ကြိုသိနေသူ

ဂျိမ်းအော့တစ် (ဂျူနီယာ)ဆိုတာ အတိတ်က အမေရိကန်ပြည်ထောင်စုသမိုင်းမှာ ထင်ရှားကျော်ကြားခဲ့တဲ့ တော်လှန်ရေးသမားတစ်ဦးပါ။ သူဟာ အမေရိကန် တော်လှန်ရေးကာလအတွင်းက ပြည်သူတွေမျိုးချစ်စိတ်ဓာတ်ရင့်သန်လာကြစေဖို့ လှုံ့ဆော်ပေးတဲ့ စာတွေ အများကြီးရေးခဲ့သူဖြစ်ပါတယ်။

မစ္စတာဂျိမ်းဟာ တစ်ရက်မှာတော့ သူ့ဦးခေါင်းဒဏ်ရာ အကြီးအကျယ်ရခဲ့ပြီးတဲ့နောက် သူ့ခေါင်းထဲမှာ ထူးခြားတဲ့ခံစားမှုတစ်ရပ် ဖြစ်ပေါ်လာခဲ့တ[...] သူဟာ နောက်ဆုံးတစ်နေ့မှာ မိုးကြ[...] အပစ်ခံရပြီး ဘဝအဆုံးသတ်သွ[...] မယ်လို့ စိတ်ထဲမှာ သိမြင်နေတ[...] ဒီအကြောင်းနဲ့ ပတ်သက်ပြီး သူ့ရဲ့[...] ဆီကို စာတစ်စောင်ရေးခဲ့တယ်။ စာ[...] မှာတော့ "ချစ်စွာသော ညီမလေ[...] အချိန်ကျသာပြီဆိုရင်တော့ ဘု[...] သခင်က ငါ့ကို ဒီကမ္ဘာလောကကြီ[...] ကနေ ကောင်းကင်ဘုံက ထာဝရဘု[...] ဆီကို မိုးကြိုးသွားလေးတစ်ချက်တည်[...] ခေါ်ဆောင်သွားလိမ့်မယ်" လို့ပါခဲ့တ[...]

သူ ကြိုတင် နိမိတ်ဖတ်ထားခဲ့[...] အတိုင်းပါပဲ။ ၁၇၇၃ ခုနှစ်မှာ[...] သူဟာ မိတ်ဆွေတစ်ယောက်[...]



www.burmeseclassic.com

www.burmeseclassic.com

သွားရောက်လည်ပတ်ရင်း အိမ်အောင် လမ်းမှာ မိုးကြိုးအပစ်ခံရပြီး သေဆုံး သွားခဲ့ရတယ်။

**တောင်ပေါ်စခန်းမှာ ဆန်းပြားစွာ သေဆုံးခဲ့ရသူတွေ**

အချိန်က ၁၉၅၉ ခုနှစ်ပါ။ ရုရှား နိုင်ငံက တောင်ပေါ်စကိတ်စီးသမား ကိုးယောက်ဟာ ယူရယ်တောင်တန်းကြီး ပေါ်ကို အပန်းဖြေ စကိတ်စီးဖို့ ထွက်ခဲ့ ကြတယ်။ တောင်ပေါ်ရောက်တော့ တဲ ထိုးပြီး စခန်းချခဲ့ကြတယ်။ အတိတ် နိမိတ်ကမကောင်း။ စခန်းချတဲ့ တောင် ကုန်းအမည်က "မရဏတောင်"လို့ ခေါ် ပါတယ်။

သူတို့စခန်းချ ထွက်ပြီးရက်ပိုင်း လောက်မှာတော့ သူတို့ ဘယ်နေရာ ရောက်နေတယ်ဆိုတဲ့ အဆက်အသွယ် မရတော့ဘူး။ အဆက်အသွယ်ပြတ် သွားတဲ့အတွက် ရှာဖွေကယ်ဆယ်ရေး အဖွဲ့ တစ်ဖွဲ့ကို စေလွှတ်ခဲ့တယ်။ ရှာဖွေ ရေးအဖွဲ့တွေ မရဏတောင်ကုန်းပေါ်က သူတို့စခန်းချတဲ့နေရာရောက်တော့ ရွက် ဖျင်တဲတွေကို အတွင်းကနေခွဲပြီး ဖွင့် ထားတာတွေ့ရတယ်။ ရုရှား တောင် တက်သမားကိုးယောက်ရဲ့ သေဆုံးနေတဲ့ ခန္ဓာကိုယ်တွေ တောင်ပေါ်နေရာအနှံ့ အပြားမှာ တွေ့ခဲ့ရတယ်။ တောင်တက် သမားကိုးယောက်ဟာ ကိုယ်အပူချိန် ကျဆင်းပြီး အေးခဲသေသွား တာလား။ ဒါမှမဟုတ် ချွန်ထက်တဲ့ အရာမဟုတ်တဲ့ စွမ်းအားရဲ့ဒဏ်ကြောင့် သေဆုံးခဲ့ရတာလားဆိုတာ ပေခဲ့လို့မရ ဘူး။ အမျိုးသမီးတစ်ယောက်ရဲ့ လျှာကို ရှာမတွေ့ခဲ့ဘူးတဲ့။

တောင်တက်သမားတွေဟာ ရွက် ဖျင်တဲတွေကို အတွင်းဖက်ကနေ မိုးနဲ့ ခွဲပြီး ရုတ်တရက် ထွက်ပြေးခဲ့ကြပုံရ ကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့က တွေး ဆခဲ့ကြတယ်။ အတွေ့အကြုံရှိတဲ့ တောင်တက်သမားတွေ ဖြစ်ပါလျက်နဲ့ ရေခဲမှတ်အောက် ဒသမ ၃၀ လောက် အေးခဲနေတဲ့ ရေခဲပြင်ပေါ်ကို ဖိနပ် မပါဘဲ ရုတ်တရက် ထွက်ပြေးခဲ့ကြ တယ်ဆိုတာ သိခဲ့ရတယ်။ သေဆုံးသွား တဲ့ တောင်တက်သမားတွေမှာ အကြိတ် အနယ် ရုန်းကန်တိုက်ခိုက်ခံရတဲ့ လက္ခဏာရပ်တွေလည်း မတွေ့ခဲ့ဘူး။ သူတို့ကို ရန်ပြုခဲ့သူတွေ (လူ (သို့) တိရစ္ဆာန်)ရဲ့ ခြေရာ လက်ရာတွေလည်း ဘာမှမတွေ့ခဲ့ရဘူး။ ဒါပေမယ့် သေဆုံး တဲ့သူတွေရဲ့ အဝတ်အစားတွေမှာ ရေဒီယိုသတ္တိကြွ ဓါတ်ရောင်ခြည်သင့် နေတာကို တွေ့ရတယ်လို့ ဆိုပါတယ်။

သေဆုံးနေတဲ့ တောင်တက်သမား ကိုးယောက်ရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဘာ ဒဏ်ရာ ဒဏ်ချက်မှ မတွေ့ရတာ

*တောင်တက်သမားတွေဟာ ရွက်ဖျင်တဲတွေကို အတွင်းဖက်ကနေ ဓါးနဲ့ခွဲပြီး ရုတ်တရက် ထွက်ပြေးခဲ့ကြပုံ ရကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့က တွေးဆခဲ့ကြတယ်။ အတွေ့အကြုံရှိတဲ့ တောင်တက်သမားတွေ ဖြစ်ပါလျက်နဲ့ ရေခဲမှတ်အောက် ဒသမ ၃၀ လောက် အေးခဲနေတဲ့ ရေခဲပြင်ပေါ်ကို ဖိနပ်မပါဘဲ ရုတ်တရက် ထွက်ပြေးခဲ့ကြ တယ်ဆိုတာ သိခဲ့ရတယ်။*

www.burmeseclassic.com

ကလည်း ထူးဆန်းတယ်လို့ဆိုရမယ်။ အခြားလူ သို့မဟုတ်သတ္တဝါတစ်ကောင်ရဲ့ တိုက်ခိုက်ထိုးနှက်မှုကြောင့် သေဆုံးရတာမဖြစ်နိုင်ဘူး။ ဘာကြောင့်လည်းဆိုတော့ သူတို့ရဲ့ တစ်ရှူးတွေ ဘာမှပျက်စီးနေတာကိုမတွေ့ရဘူး။ ဒါပေမယ့် ပြင်းထန်တဲ့ စွမ်းအားတစ်ခုခုရဲ့ ထိုးနှက်မှုကြောင့် သေဆုံးခဲ့ရတာဖြစ်ပါတယ်။ နောက်ဆုံး အဖြေရှာလို့မရတဲ့အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့က ရှုးတောင်တက်သမားကိုးဦး တောင်ပေါ်မှာ ရုတ်တရက် သေဆုံးခဲ့ရတာဟာ အမျိုးအမည် မသိရတဲ့ ပြင်းထန်ပြီး စွမ်းအားကြီးမားတဲ့ စွမ်းအင်တစ်ခုရဲ့ ထိုးနှက်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရတာဖြစ်တယ်လို့ မှတ်ချက်ချခဲ့တယ်။ ကျိုးကြောင်းညီညွတ်တဲ့ အကြောင်းပြချက်တစ်ရပ်တော့ မဟုတ်ခဲ့ပါဘူး။

## တစ္ဆေခြောက်၍ သေရွာရောက်ခဲ့ရတဲ့ မိသားစု

သည်းထိတ်ရင်ဖို ရုပ်ရှင်ကားတွေမှာ သရဲတစ္ဆေတွေဟာ လူကိုခြောက်လှန့်ရုံတင်ခြောက်လှန့်ကြပါတယ်။ ဒုက္ခမပေးနိုင်ဘူးလို့ တင်ပြကြတယ်။ ဒါပေမယ့်လည်း ၂၀၀၉ ခုနှစ်တုန်းကတော့ အိန္ဒိယနိုင်ငံက အာဒန်မူလာတို့မိသားစုကတော့ နာနာဘာဝတစ္ဆေခြောက်လှန့်မှုကြောင့် မိသားစုဝင်သုံးယောက်စလုံး သေဆုံးခဲ့ရတဲ့ဖြစ်ရပ် ရှိခဲ့ဖူးပါတယ်။

တစ်ရက်မှာတော့ အိန္ဒိယနိုင်ငံ ရတ်ချ်ကော့ခရိုင်မှာရှိတဲ့ ရွာလေးတစ်ရွာက တဲတစ်လုံးထဲမှာ အာဒန်မူလာနဲ့ သူ့ရဲ့ဇနီးဖြစ်သူ မစွက်ဟူးဘာ၊ အသက်လေးနှစ်ပဲရှိသေးတဲ့ သမီးငယ်လေး အမီနာတို့သုံးယောက်ဟာ သတိလစ်မေ့မျောနေကြတာကို အာဒန်မူလာရဲ့ ဖခင်က တွေ့ရှိခဲ့တယ်။ မကြာမီမှာဘဲ မူလာတို့မိသားစု သုံးယောက်စလုံးဟာ သတိပြန်မရကြတော့ဘဲ သေဆုံးသွားကြပါတယ်။ အခုလိုမိသားစုသုံးယောက်စလုံး ထူးထူးဆန်းဆန်း သေဆုံးခဲ့ရမှုနဲ့ ပတ်သက်ပြီး ရဲက စုံစမ်းစစ်ဆေးကြည့်ပေမယ့် အဖြေရှာမရခဲ့ဘူး။ ဒါပေမယ့် အာဒန်မူလာတို့ မိသားစုဟာ တစ္ဆေကြီးတစ်ကောင်ကိုတွေ့ခဲ့ရကြောင်း အာဒန်မူလာ မသေမီအချိန်လေးမှာ သူ့ဖခင်ကို ပြောပြခဲ့တယ်လို့ ဆိုပါတယ်။

## တေဇောဓာတ်လောင်ပြီး သေရသူ

၂၀၁၀ ခုနှစ်တုန်းက အိုင်ယာလန်လူမျိုး မိုက်ကယ် ဖာဟာတီ သေဆုံးသွားပုံကလည်း သက်ဆိုင်ရာ အာဏာပိုင်တွေအနေနဲ့ အဖြေရှာမရအောင် အကျပ်ရိုက်ခဲ့ရတယ်လို့ ဆိုပါတယ်။ ခရစ်စမတ်နေ့မရောက်မီ သုံးရက်အလိုတစ်ရက်မှာတော့ သေဆုံးသူ မိုက်ကယ်ရဲ့အိမ်ထဲက မီးခိုးတွေတလူလူထွက်နေတာကို အိမ်နီးနားချင်း လူတစ်ယောက်ကတွေ့လိုက်ရတော့ မိုက်ကယ်ရဲ့အိမ်ထဲကို ဝင်ပြီးကြည့်တယ်။ မိုက်ကယ်ဟာ ကြမ်းပြင်ပေါ်မှာ မီးလောင်ကျွမ်းပြီး ပြာကျလုနီးပါးဖြစ်နေတယ်။ မီးတောက်တွေက သူ့ရဲ့အလောင်းမှာရော မျက်နှာကျက်နဲ့ ကြမ်းပြင်ပေါ်မှာပါ စွဲလောင်နေတာတွေ့ရတယ်။ ရဲကို အကြောင်းကြားတော့ ရဲက စစ်ဆေးကြည့်တယ်။

မိုက်ကယ်ဟာ ပြင်းထန်တဲ့ ခန္ဓာကိုယ်တွင်းက တေဇောဓါတ်အပူကြောင့် သူ့ခန္ဓာကိုယ်မှာရှိတဲ့ အဆီတွေက လောင်စာလိုဖြစ်သွားပြီး တစ်ကိုယ်လုံးမီးလောင်သေဆုံးရတာ ဖြစ်တယ်လို့ ရဲမှူးက မှတ်ချက်ချပါတယ်။ ဒါဟာ Spontenous human combustion ဖြစ်တောင့်ဖြစ်ခဲ ဖြစ်ရပ်တစ်ခုဖြစ်ပါတယ်။ ဒီဖြစ်ရပ်ကို ၁၄၇၀ ခုနှစ်ကတည်းက စတင်တွေ့ရှိခဲ့တာဖြစ်ပါတယ်။ လူ့ခန္ဓာကိုယ်အတွင်းမှာ တေဇောဓါတ်တွေတစ်ပြိုင်တည်း လောင်ကျွမ်းပြီး သေဆုံးခဲ့တဲ့လူတွေ ရာနဲ့ချီရှိခဲ့ပါတယ်။ ပြင်ပက လောင်ကျွမ်းစေနိုင်တဲ့ လောင်စာတစ်ခုခုကြောင့် သေဆုံးရတာမဟုတ်ဘဲ ခန္ဓာကိုယ်တွင်း တေဇောလောင်ကျွမ်းမှုကြောင့် သေဆုံးရတာဖြစ်တဲ့အတွက် တချို့ကတော့ ဒါဟာ သဘာဝလွန် တန်ခိုးရှင်တစ်ယောက်ယောက်က ဖန်တီးလိုက်တာလို့ ယူဆကြတယ်။ တချို့ကတော့ ခန္ဓာကိုယ်အတွင်းက အဆီတွေဟာ ဖယောင်းတိုင်မီးလောင်သလို တဖြည်းဖြည်း လောင်ကျွမ်းနေရာက ပြင်ပမှာရှိတဲ့ လောင်ကျွမ်းစေတဲ့ အရာတစ်ခုခုကြောင့် မီးရှို့လိုက်သလိုဖြစ်ပြီး လောင်ကျွမ်းခဲ့ရတာ ဖြစ်တယ်လို့ ယူဆကြတယ်။

ထွန်းဝင်းထွန်း



www.burmeseclassic.com

www.burmeseclassic.com

# နယူးယောက်ပြည်နယ် လက်နက်ထိန်းချုပ်မှု အမိန့်ထုတ်ပြန်ကြေညာ



လွန်ခဲ့သော ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ–ဒီဇင်ဘာလအတွင်းက စိတ္တဇလူသတ်သမားတစ်ယောက်၏ လက်နက်ယမ်းကားတိုက်ခိုက်ခဲ့ခြင်းကြောင့် ဆရာ၊ ဆရာမ၊ မူလတန်းကျောင်းသူကျောင်းသားများ အားလုံးပေါင်း ၂၈ ဦးတို့သည် ကွန်နက်တီကပ်ပြည်နယ်ရှိ မူလတန်းကျောင်းတစ်ကျောင်း၏ ကျောင်းဝင်းအတွင်း၌ အပစ်သတ်ခံခဲ့ရပြီး သွေးမြေကျမှုကြီး ဖြစ်ပွားခဲ့ရပြီးသည့်နောက် သမ္မတအိုဘားမားက လက်နက်ထိန်းချုပ်မှု အမိန့်ထုတ်ပြန်ကြေညာခဲ့၏။ ယင်းအမိန့်ထုတ်ပြန်ကြေညာချက်ကြောင့် ရပ်ရွာအေးချမ်းသာယာ၊ တည်ငြိမ်လုံခြုံရေးအတွက် အတော်ထိရောက်မှု ရှိခဲ့သည်ဆိုသည်။ ယင်းအမိန့်အရ လက်နက်များကို မိမိကိုယ်နှင့် အသက်ကို ကာကွယ်နိုင်ရန်အတွက် လွတ်လပ်စွာ ဝယ်ယူခြင်း မပိတ်ပင်၊ လိုင်စင်ချပေးခြင်းရှိပါသော်လည်း စနစ်တကျထိန်းသိမ်းရန် ညွှန်ကြားခဲ့၏။ ပျက်ကွက်သူအဖို့မှာ ဥပဒေအရ ထိရောက်စွာအရေးယူခံရကြမည် ဖြစ်၏။ ဆိုလိုသည်ကား လက်နက်များကို စနစ်တကျ လိုအပ်သလို၊ သင့်လျော်သလို ပြေလည်စွာ မထိန်းသိမ်း၊ မစောင့်နိုင်ခဲ့လျှင်သော်လည်းကောင်း၊ ကလေး၊ အရွယ်မရောက်သေးသူများ စိတ္တဇဝေဒနာရှင်များ၏ လက်ထဲသို့ မရောက်ရှိရအောင် စနစ်တကျ သိမ်းဖုက်ထိန်းသိမ်းစောင့်ရှောက်ခြင်းမပြုနိုင်လျှင်သော်လည်းကောင်း ဥပဒေအရ အရေးယူအပြစ်ပေးခံကြရမည် ဖြစ်ပေသည်။

**ကေတီအောင်သိန်း**
**(ရန်ကုန်တက္ကသိုလ်)**

***Ref:-***

***C.S.T. (Singapore), 17.1.2013, Page(2)***



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



သည်အကြောင်းကို ကျွန်မပြန်မတွေးမိရင် ကောင်းလိမ့်မယ်။

ဒါပေမဲ့ စိတ်ဆိုတာက အခက်သားကလား။ လူကသာ တစ်နေရာတည်းမှာပဲ မလှုပ်မယှက် ရှိချင်ရှိနေမယ်။ စိတ်ကတော့ ထိန်းချုပ်လို့ကို မရဘူး။ တော်ကြာ ဟိုရောက်လိုက်၊ တော်ကြာ သည်ရောက်လိုက်နဲ့။ ကျွန်မကိုယ်နှိုက်က ဘုရားတရားကို လေ့လာလိုက်စားတာမှန်ပေမဲ့ သမာဓိကျတော့ နိုင်မာအောင်တည်ဆောက်နိုင်သေးတာမှ မဟုတ်ဘဲ။ သည်တော့လည်း ဘယ်တော့မှ စိတ်မရောက်တော့ပါဘူးလို့ ဆုံးဖြတ်ချက်ချထားပေမဲ့ မခိုင်မာသေးတဲ့ သမာဓိကြောင့် စိတ်ရောက်ရောက်သွားလေတိုင်း အထိတ်တလန့်ဖြစ်သွားရတယ်။ တုန်လှုပ်ချောက်ချားသွားရတယ်။ ပြီးရင် ကိုယ်လည်းပန်း၊ စိတ်လည်းနွမ်း ဆိုတာမျိုးပေါ့။

အို ... ပြောရင်းဆိုရင်းနဲ့ သည်အကြောင်းက မဆိုက်ချင်ဘဲ ဆိုက်လာပြန်ပါပြီ။ အင်း ... ဒုက္ခ၊ ဒုက္ခ။

* * *

ကျွန်မနာမည်က မကျင်မေပါ။

ခင်ပွန်းဖြစ်သူ ကိုကျင်ငွေဆုံးသွားတော့ ကျွန်မနှင့် သားလေး အန်းကူတို့ ကျန်ရစ်ခဲ့တယ်။ ခင်ပွန်းဆုံးသွားပေမဲ့ ယိုင်ယိုင်နဲ့နဲ့တော့ မဖြစ်ခဲ့ပါဘူး။ စီးပွား အရှာကောင်းတဲ့ ကိုကျင်ငွေထားရစ်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com

ငွေကြေးဥစ္စာ၊ အတွင်းပစ္စည်းတွေဆိုတာ နည်းမှမနည်းတဲ့ဟာ။ ဘယ်မှာ အခြ ပျက်မှာမို့လို့လဲ။

နေရတာကလည်း အဆင့်မြင့် ခေတ်မီတိုက်ခန်း။ အသုံးအဆောင်ပစ္စည်းတွေ၊ ပရိဘောဂတွေဆိုတာ လိုလေသေးမရှိ။ သည်လိုမျိုး ဣန္ဒြေမပျက်၊ ဟန်မပျက်နေလာရင်းက သားလေးအန်းကူတော့ စီးပွားရေးတက္ကသိုလ်က ဘွဲ့ရလို့ စီးပွားရေးလောကနယ်ပယ်ထဲကို သူ့အဖေခြေရာနင်းနိုင်နေပြီ။ ဒါ့ကြောင့် ကျွန်မအဖို့ ကံကောင်းတယ်လို့ဆိုရပေမပေါ့။

သားလေးအန်းကူဟာ အရွယ်ရောက်လာတဲ့တိုင်အောင် အိမ်ထောင်ရေးကိစ္စဆိုတာကို သူ့ခေါင်းထဲထားပုံမရဘူး။ စီးပွားရေးမှ စီးပွားရေးပဲ။ နယ်ပယ်သစ်တွေချဲ့ထွင်ဖို့ဆိုပြီး နိုင်ငံခြားကိုတောင် ခဏခဏ ထွက်လားထွက်ရဲ့။ ရလာသမျှ အထုပ်အထည် ငွေကြေးတွေဆိုရင် . . .

"ရော့ . . အမေ သုံးချင်သလောက်သာသုံး။ ပိုတာလျှံတာမှန်သမျှ အမေပဲ စုဆောင်းပေးထားနော်"

လို့ဆိုပြီး ရတာမှန်သမျှ အပ်တော့တာပဲ။ သည်တော့လည်း ကျွန်မအဖို့ လိုအပ်တာသုံးစွဲပြီး ပိုလျှံတာမှန်သမျှ လုံလုံခြုံခြုံ သိမ်းထားပေးရတာပဲပေါ့။ ကျွန်မရဲ့ သဘောထားဆန္ဒအရ အရွယ်ရောက်ပြီဖြစ်တဲ့ သားကို အိမ်ထောင်ပြုစေချင်တယ်။ အဲသည်ကမှ သူတို့ထွန်းကားလာမယ့် မြေးကလေးတွေကို အဖော်ပြုလို့ အထီးကျန်လူ့ဘဝကို ချမ်းမြေ့ကြည်နူးခြင်း အတိနဲ့ ဖြတ်သန်းချင်တာပဲပေါ့။ ဒါပေမဲ့ လောကကြီးဆိုတာက ဖြစ်ချင်တိုင်းလည်း ဖြစ်လာတာမှမဟုတ်ဘဲလေ။

သည်တော့လည်း ဘုရား၊ တရား ဖက်လို့ ဘဝအခက်ဝေ၊ ဘဝအသက်ရှည်အောင် ကြိုးစားနေထိုင်ရတာပါပဲပေါ့။

အဲသည်လို နေလာရင်းနဲ့ ညီညီမင်းဆိုတဲ့ ကောင်လေးတစ်ယောက်နဲ့ ဆုံစည်းလာရတာပါပဲ။

* * *

ဆုံစည်းလာရပုံကလည်း အဆန်းတော့ မဟုတ်ပါဘူး။

တစ်နေ့သားမှာတော့ လျှပ်စစ်ဓာတ်အားလိုင်းက ဘာဖြစ်တယ်မသိပါဘူး။ သုံးရက်လောက် အဆင့်မြင့်အိမ်ရာတစ်ကြောလုံး ရပ်တန့်သွားခဲ့တယ်။ ညအမှောင်အတွက် အိမ်သုံးမီးခွက်ကလေးရှိနေလို့ အလင်းရဖို့အတွက် အကြောင်းမဟုတ်ပေမဲ့ သောက်သုံးရေအတွက် အခက်အခဲက ဖြစ်လာတယ်။ အဲသည်မှာတင် သောက်သုံးရေကို ဂါလီပေါ်တင်ပြီး လှည့်လည်ရောင်းတဲ့ ညီညီမင်းဆိုတဲ့ ကောင်လေးနဲ့ ဆုံစည်းရတာပဲပေါ့။

သောက်သုံးရေလိုအပ်သူနဲ့ သောက်သုံးရေရောင်းချတဲ့သူတို့ ဆုံဆည်းကြတာပဲပေါ့။

ကောင်လေးရဲ့ ရုပ်ရည်ကလေးက သနားကမားလေးပါ။

ဒါပေမဲ့ ဘဝကို ဘယ်လောက်တောင် ခါးစည်းခံရသလဲ မသိဘူး။ ဆံပင်ကလေးတွေက ဖိုသီဖတ်သီ ဆီနဲ့ဝေးလို့ပဲလား မပြောတက်ဘူး။ နီကြောင်ကြောင်နဲ့ရယ်၊ အသားအရေက နေလောင်ထားလို့လားမသိဘူး မွဲမွဲခြောက်ခြောက်၊ အသက်လား . . . ရှိလှမှ ဆယ်ငါး၊ ဆယ့်ခြောက်သာသာပေါ့။ အသွင်အပြင်ကို ကြည့်ရတာနဲ့တင် အာဟာရမပြည့်ဝဘူးဆိုတာ သေချာပါတယ်။

သုံးထပ်လောက်ရှိတဲ့ တိုက်ခန်းကို ရေသန့်ဘူးထမ်းတက်လာရတာနဲ့တင် သည်ကလေးရဲ့ ရင်အစုံဟာ နိမ့်ချည်၊ မြင့်ချည် ဖြစ်နေတယ်။

"အမေကြီး . . . ရေလှယ်ပေးခဲ့ရမလား"

"အေးကွယ် . . . လှယ်သာပေးခဲ့ပါ"

ကောင်လေးအဖို့ မမျှော်လင့်ဘဲရလာတဲ့ ဖောက်သည်အတွက် ရှေ့ဆက်မျှော်လင့်ချက်ကလေး အရောင်သန်းလာစေဖို့ သူလုပ်ရမယ့်အလုပ်ကို စေတနာထား လုပ်ကိုင်ပေးနေရှာတယ်။ လှယ်ထည့်တဲ့အခါ အဖိတ်အစင်မရှိတာနဲ့တင် သဘောကျသွားပြီ။

"ဘယ်လောက်လဲ ကလေး"

"သုံးရာပါ . . . အမေကြီး"

သူက သုံးရာဆိုပေမဲ့ ငါးရာတန်ထုတ်ပေးရင်း ပြန်မအမ်းဖို့ပြောလိုက်တော့ သူ့မျက်နှာကလေးက ဝင်းလက်သွားသလိုပဲ။

"အမေကြီး . . . အမှိုက်တွေဘာတွေရှိရင် ပေးလိုက်နော်။ ကျွန်တော်တစ်ခါတည်းယူသွားပြီး ရပ်ကွက်ထိပ်က အမှိုက်ကန်ထဲထည့်ပေးမယ်"

သည်လိုမျိုး အလိုက်တသိရှိလို့ သည်ကလေးအပေါ် စေတနာဖြစ်မိတာ အမှန်ပါပဲ။ ကိုယ့်မှာလည်း သားတစ်ယောက်ရှိနေတယ် မဟုတ်လား။ ဒါကြောင့်လည်း မိခင်ချင်းကိုယ်ချင်းစာမိသလား မပြောတတ်ဘူး။

"ကလေးရဲ့ . . နာမည်က"

"ညီညီမင်းပါ . . . အမေကြီး"

"အေး . . . အေး။ မောင်ညီပေါ့ကွယ်။ ဒါထက် . . . မင်းရဲ့ဝင်ငွေက တစ်နေ့ဘယ်လောက်ရှိသလဲ"

"ပုံမှန်တော့မဟုတ်ဘူးပေါ့ အမေကြီးရယ်၊ ရောင်းအားကောင်းရင် ကောင်းသလောက်၊ နည်းရင်နည်းသလောက်ပေါ့။ ပျမ်းမျှတော့ ထောင့်လေးငါးရာလောက်ရပါတယ်"

www.burmeseclassic.com

စိတ်ထဲနင့်ခနဲ ဖြစ်သွားရတယ်။ သြော် ... ငါ့သားလေး အန်းကူနဲ့တော့ ကွာပါ့လို့၊ ဒါပေမဲ့လည်း ဘဝအကျိုးပေး မတူတာချင်း၊ ပညာအရည်အချင်း ကွာဟတာချင်းတွေ တွေးမိပြီး သက်ပြင်းကို အသာခိုးချလိုက်ရတယ်။

"ဒါထက် ... မင်း မနက်စာကော စားခဲ့ပြီးပလား မောင်ညီ"

ရုတ်တရက် မဖြေသေးဘူး။ မိနစ်ဝက်လောက်ကြာတော့မှ ...

"ဈေးတန်းကလေး ရောက်တော့မှ အဆာပြေ အသုပ်ကလေး ဘာလေး ဝယ်စားရမှာပေါ့ အမေကြီးရယ်"

သည်ကတည်းက သိလိုက်ပါပြီ။ သည်ကလေး မနက်စာ ဘာမှမစားရသေးဘူးဆိုတာ။ သူစားမယ်ဆိုရင် ဝင်ငွေနှင့်ချင့်ချိန်ပြီး အဆာပြေကလေးတဲ့။

"ကိုင်း ... မောင်ညီ၊ မင်း အမေကြီးကို အားမနာနဲ့။ မနက်စာ ဒီမှာစားသွား"

"အို ... မဟုတ်တာ အမေကြီးရယ်။ ရေဖိုးလည်းပိုပေးပြီးပြီ"

"မငြင်းပါနဲ့ကွယ်။ အမေကြီးရဲ့ ဒါနလို့ သဘောထား"

ဒါနဲ့ပဲ ကြောင်အိမ်ထဲမှာရှိနေတဲ့ ထမင်းတွေ၊ ဟင်းတွေကို ချကျွေးလိုက်တယ်။ ဟင်းက နှစ်မည်တောင်မှ၊ ကြက်သားဟင်းရယ်၊ ငါးခူကြော်နှပ်ရယ်။

"ကိုင်း ... အားမနာနဲ့၊ အငသာစား။ အမေကြီးက စားပြီးပြီ"

ညီညီမင်းလည်း ဟန်မလုပ်သာတော့ပါဘူး။ ဘယ့်ကလောက်တောင်မှ ဟင်းကျွေးဟင်းကောင်းတွေ ပြတ်လပ်နေတယ်မသိဘူး။ ခေါင်းမဖော်တမ်းကို အားရပါးရ စားတော့တာပဲ၊ သင်းကလေး အဲသလို စားနေတာကြည့်ရင်း ပီတိတွေဖြစ်ရင်း စိတ်ထဲလည်း မကောင်းလိုက်ဘာ။

"ကျေးဇူးတင်ပါတယ် အမေကြီးရယ်။ တကယ်ပြောတာပါ။ ဒီလိုမျိုး အရသာရှိတဲ့ ထမင်းဟင်းကို ခုမှပဲစားရတာပါခင်ဗျာ"

ရင်ထဲမှာ "အို ... ဖြစ်မှုဖြစ်ရလေ ညီညီမင်းရယ်"လို့ ခံစားသွားရတယ်။ သည်ကလေးဟာ သူစားပြီးသမျှကို ဘေစင်မှာ သေသေချာချာ ဆေးကြောသန့်စင်သွားခဲ့ပါတယ်။

"ကိုင်း ... အမေကြီး၊ ကျွန်တော် ခရီးဆက်လိုက်ဦးမယ်။ နောက်ရက်တွေ ဒီလမ်းထဲ ကျွန်တော်ဝင်တဲ့အခါ အသံပြုလိုက်ပါ့မယ်။ ကျွန်တော်ဆီကပဲ ရေဝယ်ပါနော်"

"အေး ... အေး၊ သွားတော့၊ သွားပေတော့"

ဒါကတော့ ဇာတ်လမ်းအစပဲ ဆိုပါတော့။

အဲသည်ကပဲ ဇာတ်လမ်းစပြီး တစ်ပတ်တစ်ခါ၊ တစ်ပတ်တစ်ခါနဲ့ ကျွန်မနဲ့ မောင်ညီညီမင်းတို့ဟာ သွေးသားရင်းချာသဖွယ် ခင်မင်ရင်းနှီးသွားပါတော့တယ်။ သည်ကလေးဟာ ကျွန်မဆီကို ရေလာပို့တိုင်း သပြေပန်းလေးတွေ၊ ဇီဇဝါပန်းကလေးတွေ ယူယူလာပေးတယ်။ အမေကြီး ဘုရားပန်းကပ်ရအောင်၊ သူလည်း ကုသိုလ်ရအောင်တဲ့။ သည်တော့လည်း သံယောဇဉ်ဖြစ်ရပြန်တာပေါ့။

အိမ်နံရံမှာ ကျပ်ခိုးတွေရှိနေရင် သုတ်သင်ပေးသွားသလို၊ ကြမ်းတွေကိုလည်း တိုက်ပေးသွားသေးရဲ့။ အမှိုက်သရိုက်တွေရှိရင် လှည်းကျင်း၊ စွန့်ပစ်စရာ အမှိုက်တွေကို အိတ်ထဲစုထည့်ပြီး ယူယူသွားပေးတယ်။ သည့်အတွက် သူဘာမှ မတောင်းဆိုရှာပါဘူး။ ရေဖိုးအတွက် အပိုပေးရင်လည်း မငြင်းဘဲ ယူတာပါပဲ။ ထမင်း၊ ဟင်းတွေ ချကျွေးရင်လည်း ဟန်မလုပ်တော့ဘဲ စားသွားတာပါပဲ။

သည်တော့လည်း ညီညီမင်းလေး အပေါ် သားမြေးကလေးသဖွယ် ခင်မင်နေမိတာ ဆန်းတယ်လို့ မဆိုသာပေဘူးပေါ့နော်။ သည်အကြောင်းကို သားအန်းကူကို ပြောပြတော့ –

"အမေ ... အမေကတစ်ယောက်တည်းလိုလို ဖြစ်နေတာနော်။ ပြီးတော့ သားလည်း အမေ့နားမှာရှိတာမဟုတ်ဘူး။ ကိုယ်နဲ့သွေးမတော်၊ သားမစပ်ကို အဲသည်လောက် မလိုက်လျောသင့်ဘူးထင်တယ်"

လို့ ဝေဖန်ပါတယ်။

"သားရယ် ... လူတွေမှာမေတ္တာတရားဆိုတာ ရှိကြပါတယ်။ ဘာသာတရားနဲ့ပြန်ကြည့်ရင် အားလုံးဟာ ပဋ္ဌာန်းဆက်တွေချည်းပဲ။ ကိုယ်က သူ့အပေါ် မေတ္တာထားရင် သူကလည်း ကိုယ့်အပေါ် မေတ္တာထားမှာ အမှန်ပဲ။ မေတ္တာဆိုတာမျိုးဟာ အလျားအနံမရှိပေမဲ့ အသွားအပြန်ဆိုတာတော့ ရှိစမြဲပါ"

"အို ... သားတော့ အဲဒါတွေသိပ်နားမလည်ဘူး။ ဘာပဲဖြစ်ဖြစ် လူတိုင်းကို ကိုယ့်စိတ်လို သဘောမထားသင့်ဘူးထင်တယ်"

အန်းကူ ဘာပြောပြော ကျွန်မခေါင်းထဲ မဝင်ခဲ့တာအမှန်ပဲ၊ လူသားတွေအချင်းချင်း တစ်ယောက်ကိုတစ်ယောက် သံသယမျက်စိတွေနဲ့ ဒေါက်ထောက်ပြီး ကြည့်နေရင် လောကကြီးဟာ သာယာလှပနိုင်ပါ့မလား။

ဘာပဲဖြစ်ဖြစ် ... မရှိနွမ်းပါးတဲ့ မောင်ညီညီမင်းလေးအပေါ် ကျွန်မရဲ့ ပြုမူဆက်ဆံပုံတွေဟာ ကျွန်မ မမှားဘူးလို့ ထင်တာပါပဲ။

* * *

အဲသည်နေ့က အန်းကူက သူမလာနိုင်လို့ သူ့ပါတနာတစ်ယောက်နဲ့ ငွေတွေပို့လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

"အမေပဲ စစ်ဆေးရေတွက်ပြီး သေသေချာချာသိမ်းဆည်းပါ။ သားပြန်လာမှပဲ လုပ်စရာရှိတာတွေ ဆက်လုပ်မယ်"

လို့လည်း မှာလိုက်ပါသေးတယ်။

ကျွန်မလည်း အန်းကူရဲ့ ပါတနာထားသွားတဲ့ ငွေထုပ်ကို စားပွဲပိုင်းလေးပေါ်တင်လို့ တစ်ထုပ်ပြီးတစ်ထုပ် ဖြေရင်းတိတိကျကျရှိမရှိ ရေတွက်နေတယ်။

"တီး ... တောင် ... တီး ... တောင်"

သည်အချိန်မှာ လူခေါ်ဘဲလ်သံမြည်လို့ နေရာကထပြီး တံခါးမကြီးကိုသွားတယ်၊ ဘယ်သူ ဘဲလ်တီးတာပါလိမ့်ဆိုပြီး ချောင်းကြည့်ပေါက်က ကြည့်လိုက်တဲ့အခါ ...

"ဩော် ... ဘယ်သူများလဲလို့၊ မောင်ညီညီမင်းလေးကို"

ဆိုပြီး တံခါးကိုဖွင့်ပေးလိုက်တယ်။ ညီညီမင်းလည်း ရေသန့်ဘူးကို ပခုံးပေါ်ထမ်းလို့ ခါတိုင်းအခေါက်တွေတုန်းကလိုအခန်းထဲကို တန်းဝင်သွားပြီး ရေလှယ်ဖို့လုပ်နေတယ်။ ခါတိုင်းလည်း သည်လိုပဲလုပ်နေကျဆိုတော့ စိတ်ထဲ ဘယ်လိုမှမနေဘဲ ကိုယ်လုပ်ရမယ့်အလုပ်ကို လုပ်နေပါတော့တယ်။

တစ်ထောင်တန်အုပ်တွေက အများသား ...။

တွက်ပြီးသမျှ ပြန်လည်းစုစည်းရင်းကနေ ပါးစပ်က ပြောဖြစ်အောင်ပြောလိုက်ပါသေး။

"မောင်ညီရေ ... ကြောင်အိမ်ထဲမှာ ခေါက်ဆွဲပြုတ်တွေ ရှိတယ်ဟေ့။ အမေကြီးအတွက် မချန်နဲ့တော့။ အကုန်သာစားလိုက်ချေ"

လှည့်မကြည့်၊ ငဲ့မကြည့်ဘဲ တစ်ထောင်အုပ်တွေကို စီထပ်ထားလိုက်တယ်။

အဲသည်အခိုက်မှာပဲ မောင်ညီဟာအနားကို ရောက်လာတယ်၊ အို ... လက်ထဲမှာလည်း သားလှီးဓားတစ်ချောင်း။

"ဟင် ... မင်း ... မင်း ... ဒါဘာလုပ်တာလဲ မောင်ညီ"

"အမေကြီးကိုသတ်ပြီး ငွေတွေယူမလို့။ ကိုင်း ..."

"အို .. မဟုတ်တာ မလုပ်ကောင်းဘူးလေ။ မလုပ်နဲ့ .. မလုပ်နဲ့ .. အား"

ဘယ်လိုပဲအကြောက်အကန် ငြင်းပေမဲ့ မောင်ညီဟာ ဘီလူးစီး၊ သရဲစီးခံနေရသလား မသိပါဘူး။ မျက်လုံးအစုံ ဝင်းဝင်းတောက်ပြီး ကျွန်မရဲ့ရင်ဝတည့်တည့်ကို သားလှီးထားနဲ့ တန်းပြီး ထိုးလိုက်တယ်။ ကျွန်မလည်း ယောင်ယမ်းပြီးရှောင်လိုက်တဲ့အခါ သားလှီးဓားဟာ ရင်ဝကိုမထိုးမိတော့ဘဲ ညာဘက်လက်မောင်းကို ရှပ်ခနဲ ထိုးမိသွားတော့တယ်။

"ဟဲ့ ... မောင်ညီ ... မလုပ်နဲ့လေ ... မလုပ်နဲ့"

"မရဘူး။ အဲသည်ငွေတွေလိုချင်တယ်"

သည်အချိန်မှာ သည်ကောင်လေးရဲ့အာရုံထဲ ကျွန်မ မေတ္တာနဲ့ပေးကမ်းခဲ့တာတွေ၊ ကျွေးမွေးခဲ့တာတွေ သတိရတော့မယ် မထင်ပါဘူး။ သူ့စိတ်ထဲ ကျွန်မ မဆင်မခြင်ဘဲ ငွေပုံတွေ ခင်းထားမိတဲ့အတွက် လောဘတွေ ငယ်ထိပ်တက်ပြီး အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်လိမ့်မယ် မထင်တော့ပါဘူး။

"ကိုင်း ... ဟား သေပေတော့"

"အား ..."

သည်တစ်ချက်မှာလည်း ကံအားလျော်စွာဘဲ ဓားဟာ ရင်ဝကိုမထိုးမိဘဲ ဘယ်ဘက်လက်မောင်းကိုပဲ ရှပ်ထိုးမိပြန်ပါတယ်။ သည်အတိုင်းဆိုရင် တစ်ချက်မဟုတ်တစ်ချက်မှာ မောင်ညီရဲ့ဓားချက်နဲ့ကျွန်မသေပွဲဝင်ရတော့မှာ အမှန်ပါ။ မှန်

တဲ့အတိုင်းပြောရရင် ကျွန်မ သည်အ...
မှာ မသေချင်သေးဘူး။ သေလို့လ...
မဖြစ်သေးဘူး။ လက်ရှိအနေအထား ...
ရာမှာ မောင်ညီကတက်လူ ပြီးတော့ ...
ပေဘက်ျားသား။ ကျွန်မက ကျလူ ...
သား။

အဲသည်အချိန်မှာ ကျွန်မခေါ်...
လက်ခနဲဖြစ်သွားပြီးတဲ့နောက် ...
ဝိုင်းငယ်ကို ကောက်ကိုင်လိုက်တ...
သည်စားပွဲငယ်ဟာ ကျွန်မအတွက်...
အကာအရံ ဒိုင်းသဖွယ်ပဲပေါ့။

"မောင်ညီ .. ကလေး ...
မှားမယ်နော်"

"... ... ..."

ကျွန်မဟာ စားပွဲဝိုင်းကလေ...
အကာကွယ်ပြုရင်း ပြတင်းပေါက်...
ဆုတ်ဆုတ်လာခဲ့တယ်၊ မောင်ညီက...
တစ်ချက်တည်း ပွဲသိမ်းနိုင်ဖို့ သတ်...
ကို ရှာနေတဲ့ပုံပဲ။ သည်အချိန်ပြ...
ပေါက်နားရောက်တာနဲ့ ကျွန်မလည်း...

"လာကြပါဦး ... ကယ်ကြ...
ဟောဒီမှာ အနုကြမ်းစီးနေပါတယ်...
သတ်ဖို့ကြိုးစားနေပါတယ်။ ကယ်ကြ...
ရှင် ... ကယ်ကြပါ"

လို့ အာခေါင်ခြစ်ပြီးတော့ကို ...
လိုက်တယ်။

ကျွန်မရဲ့ အော်သံဟာ အ...
ကလေးကို ထိရောက်သွားပုံရပါတ...
သိပ်မကြာခင်မှာပဲ လှေကားတစ်...
ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ လှမ်းတက်လာတဲ့...
သံတွေကို ကြားလိုက်ရတယ်။

"ဟေ့ ... ဟေ့ကောင် ...
လိုက်စမ်း ... ချလိုက်စမ်း"

"တံခါးကို ချက်မချထားဘူး...
ဖွင့်ပြီးဝင်မယ်"

ကျွန်မအဖို့ ခါတိုင်းလို တံ...
ချက်မချထားမိတာဟာ ဘုရားမ...
တာပါပဲ။ အခန်းထဲဝင်လာတဲ့ ...

www.burmeseclassic.com

ယောက်ဟာ သူ့လက်ထဲက သစ်သား ချောင်းနဲ့ မောင်ညီရဲ့ခေါင်းကိုင်လက်ကို ပြတ်ရိုက်လိုက်တယ်။

"ဖြောင်း ..."

"အား ..."

"ဗုန်း ..."

"အိ ..."

ဒေါ်သတကြီးနဲ့ ရိုက်ချက်၊ ကန် ချက်တွေကြားမှာတော့ လောဘစိတ် ကြက်နေတဲ့ မောင်ညီဟာ အရှုပ်ကြီး ပြတ် ပုံလျှက်သား လဲကျသွားခဲ့ပါပြီ။

"ဘယ် .. ဘယ်လိုဖြစ်တာလဲ ကြီးကြီးရယ်"

"အဖြစ်ကတော့ ဒီလိုပါကွယ်"

ဆိုပြီး အကြောင်းစုံကိုရှင်းပြလိုက် တယ်။ လူတွေလည်း ဒေါ်သတကြီးနဲ့

"တောက် ... ကျေးဇူးရှင်ကို ကျူးစွပ်တဲ့ကောင်။ ကဲ ... ရဲစခန်းကို ပို့မယ်"

"ဟုတ်တယ်။ ဒါမျိုးကို ကောင်း ကောင်း သင်ခန်းစာပေးရမယ်"

အဲသည်အချိန်မှာ မောင်ညီဟာ သတိရနေပါပြီ။ တစ်ကိုယ်လုံးလည်း နာနေရှာပြီ။ ပြီးတော့ ရှိုက်ကြီးတငင်ငိုရင်း

"ကျွန် ... ကျွန်တော့်ကို ကြိုက် သလို ရိုက်ပါနှက်ပါခင်ဗျာ။ ရဲစခန်းတော့ မပို့ပါနဲ့"

"ဘာဖြစ်လို့ မပို့ရမှာလဲ"

"ကျွန်တော့်ကို ရဲစခန်းပို့လိုက်ရင် ...မသေရပါလိမ့်မယ်"

သည်တော့မှာ မောင်ညီဟာ ကျွန်မ ကို မျက်ရည်လည်ရွဲနဲ့ အားကိုးတကြီး ကြည့်နေတယ်။ စောစောက လူ တစ်လက်နက်ကိုင်ထားတဲ့လက်ဟာ ခု တော့လည်း လက်အုပ်ကလေးချီလို့။

"ကိုင်း ... မောင်ညီ၊ အမေကြီး ဘာပြောချင်သေးလဲ ပြောစမ်း"

"ဟုတ်ကဲ့ ... ကျွန်တော် အမှား ကြီးမှားပါပြီ အမေကြီးရယ်။ ကျွန်တော့် ရဲ့အမေဟာ အိပ်ယာပေါ်မှာ သွေးအန်ခုံးကိုင်နေတာ ကြာပါပြီ။ သည်ရက်အတွင်း ဆေးရုံ မတင်နိုင်ရင် သေဖို့ပဲရှိပါတော့တယ်။ အမေ့ရောဂါပျောက်ဖို့ ဆေးကုသစရိတ်ကို ကျွန်တော်မရှာနိုင်ပါဘူး။ တစ်နေ့ တစ် နေ့ ရှာလို့ရသမျှဆိုတာဟာ စားစရိတ်ပဲရှိ ပါတယ်။

သည်ကနေ့ကျတော့ အမေကြီးရဲ့ ရှေ့မှာ ငွေပုံကြီးတွေ့တာနဲ့ ကျွန်တော့် စိတ်ထဲ အမေ့ရောဂါကုဖို့ ပြေးမြင်ပြီး မလုပ်သင့် မလုပ်ထိုက်တာတွေ လုပ်ခဲ့မိ ပါတယ်။ ကျွန်တော်မှားပါတယ် အမေ ကြီးရယ် .. အီး .. ဟီး .. ဟီး .."

မောင်ညီဟာ ရှိုက်ကြီးတငင်ငိုရင်း ကျွန်မရဲ့ခြေဖဝါးကို ဦးတိုက်ရှိခိုးနေပါတော့ တယ်။

ကျွန်မရင်ထဲ မကောင်းလိုက်တာ။

ကျွန်မသာ ငွေတွေကိုအခန်းထဲ ပိတ်ပြီး အလုပ်လုပ်မယ်ဆိုရင် သည်လို မျိုးကိစ္စတွေ ဘယ်လိုဖြစ်လာမှာတဲ့လဲ။

ဒါနဲ့ပဲ ... ကျွန်မအပေါ် အကူ အညီပေးကြတဲ့ လူကြီးလူကောင်းတွေကို ရဲစခန်းမပို့ဖို့ မေတ္တာရပ်ခံပြီးနောက် -

"ကိုင်း ... မောင်ညီ၊ မင်းအမေ ဆေးကုဖို့ ဘယ်လောက်လိုမလဲ"

"နှစ်သိန်းလောက်ပါ အမေကြီး ရယ်"

"မောင်ညီရယ် ... အစကတည်း က ပွင့်ပွင့်လင်းလင်း ပြောဆိုပြီး အကူ အညီတောင်းရင်လည်း ရသားနဲ့ကွယ်။ အခုတော့ မင်းကံကြီးထိုက်သွားပြီ။ အမေ ကြီးဟာ လစဉ်ဆိုသလို နာရေးကူညီမှု အသင်း၊ ပရဟိတအသင်း၊ မိဘမဲ့ဂေဟာ တွေကို လှူတန်းနေတဲ့သူပါ။

ကိုင်း ... ရော့ ... ရော့ နှစ် သိန်းပဲဟုတ်ဘူး။ ငါးသိန်းယူသွား"

ငွေငါးသိန်းထုပ်ကို လက်ထဲထည့် လိုက်တော့ မောင်ညီရဲ့လက်တွေဟာ တဆတ်ဆတ်တုန်နေတယ်။

"မောင်ညီ ..."

"အမေကြီး ..."

"မင်းစိတ်ထဲ ဘယ်လိုမှ မထားနဲ့။ အမေကြီးလည်းမထားဘူး။ ပြုသူအသစ်၊ ဖြစ်သူအဟောင်းတဲ့ကွယ်"

"ဟုတ်ကဲ့ပါ ... အမေကြီးရယ်"

"သည်တော့ ... မင်းလည်း မင်း ဘဝကို ပြုပြင်ပျိုးထောင်တော့။ သည် ကနေ့ကစလို့ သည်လမ်းထဲသည်၊ မလာ နဲ့တော့၊ မင်းနဲ့ အမေကြီးရဲ့ ပဋ္ဌာန်းဆက် ပြတ်ပြီ"

"အို ... အမေကြီးရယ်"

မောင်ညီဟာ ဝမ်းနည်းပက်လက် မျက်ရည်လည်ရွှဲကျရင်း ကျွန်မကို အကြိမ် ကြိမ် အထပ်ထပ် ရှိခိုးပြီးတဲ့နောက် ပြန် သွားတော့တယ်။

* * *

ကိုင်း ... သည်အဖြစ်မှာ မောင်ညီ မှားသလား။

ကျွန်မ ... မှားသလား။

ကျွန်မကတော့ အဲသည်အမှား ဟာ ကျွန်မအမှားပဲလို့ ခံယူထားလိုက်ပါ တယ်။ အသိပညာနုံနဲ့တဲ့သူတွေကို ငွေပုံ ကြီးပြပြီး အန္တရာယ်ဖိတ်ခေါ်ခဲ့တာ မဟုတ်လား။

သည်အကြောင်းကို မကွေးမိရင် အကောင်းသား။

တွေးမိပြန်တော့လည်း ကိုယ်လည်း ဟန်း။ စိတ်လည်းနွမ်းမော့။

နန္ဒမိုးကြယ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ချစ်လို့ မိုက်မိတယ်

ညွန့်မောင်ဦး

မှန်ပြည်နယ်ရှိ သစ်တိုကျွန်းရွာမှာ ရွာကြီးတစ်ရွာဖြစ်၍ ရွာသူရွာသား အများစုမှာ လယ်ယာလုပ်ငန်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများ လုပ်ကိုင်၍ အသက်မွေးကြသူများသည် ရွာမှာ ကားလမ်းနှင့် ရထားလမ်း ဆုံကြ၍ လမ်းပန်းဆက်သွယ်ရေးကောင်းသည် အနီးအနားမှာလည်းရွာငယ်များရှိသည်။

ရွာ၏ကျက်သရေဆောင်အဖြစ် မြသိန်းတန်စေတီကြီးနှင့် ဘုန်းတော်ကြီး ကျောင်းလည်းရှိပြီး အစိုးရမူလတန်း ကျောင်းလည်းရှိပါသည်။ အနီးအနားရှိ ရွာများမှ ကလေးများမှာ သစ်တိုကျွန်း ရွာကျောင်းမှာ စာလာသင်ကြသည်။

တချို့ကလေးများလည်း ဘုန်းတော်ကြီးကျောင်းမှာပင် စာသင်ကြသည် ငမောင်မှာ စာသင်ကျောင်းမှာ စာမသင်နိုင်၍ ဘုန်းတော်ကြီးကျောင်းမှာပင် စာသင်ရသည်။ ငမောင်ဖခင်မှာ လယ်ပိုင်မရှိ၍ သူများလယ်မှာ လူငှား လုပ်ရသည်။

ငမောင် အဖိုးကံမကောင်းသည်က ရှင်လူထွက်စ ချိန်မှာပင် ဖခင်ကြီး စပါးရိတ်နေရင်း ပိုးထိ၍ သေရာသည်။

ထိုအခါ လယ်ရှင် ဦးပုက ငမောင်တို့သားအမိကို သနား၍ ရှင်လူထွက်စ ငမောင်ကို ခေါ်၍ မိမိလယ်မှာ ကျွဲကျောင်း၊ နွားကျောင်း အလုပ်လုပ်စေပါသည်။

ငမောင်မိခင်ကြီးက မိမိတို့ သားအမိ အားကိုးမဲ့နေချိန်မှာ သားလေးကို အလုပ်ပေး၍ ဦးပုကို ကျေးဇူးတင်ပြီး ငမောင်ကို အလုပ် ကြိုးစားလုပ်ရန် ဆုံးမပါသည်။ မိခင်ကြီး ဆုံးမသည့်အတိုင်း ငမောင်အလုပ် ကြိုးစားလုပ်ရာ လယ်ရှင်ဦးပုကသသော ကျပြီး ငမောင်ကို လက်သပ်မွေးထားပါသည်။

ဦးပုမှာ သစ်တိုကျွန်းရွာတွင် လယ်ယာများနှင့် ဥယျာဉ်ခြံများ ပိုင်ဆိုင်ထားသူဖြစ်ပြီး နွဲ့ရီဆိုသောသမီးချောလေးတစ်ယောက်ရှိသည်။ နွဲ့ရီမှာ ငယ်စဉ်က အတန်းကျောင်းမှာ စာသင်ခဲ့သော်လည်း တစ်ရွာတည်းသားဖြစ်သော ငမောင်ကိုသိပါသည်။

အထူးသဖြင့် ငမောင်နေသော ဘုန်းတော်ကြီးကျောင်းကို မိခင်ကြီး ဥပုသ်စောင့်သွားတိုင်း နွဲ့ရီလိုက်သွား၍ ကျောင်းမှာရှိနေသော ငမောင်နှင့်ဆုံ



www.burmeseclassic.com

www.burmeseclassic.com

သည့် အပျိုဖော်ဝင်စ နွဲ့ရီမှာ ထွားထွား ကျိုင်းကျိုင်းရှိလှသော ငမောင်ကို ရင်ခုန်မိသလို ငမောင်ကလည်း ကနွဲ့ကရ ကလေးလှနေသော နွဲ့ရီကို စိတ်ဝင်စားနေမိသည်။ သို့သော် မိမိ ဖခင်၏ အလုပ်ရှင်သမီးဟူသော အသိကြောင့် ငမောင်ရှေ့မတိုးရဲပါ သည့်အဖြစ်အပျက်များက ငမောင်၏ အတိတ်မှဖြစ်ရပ်များသာဖြစ်သည်။ ယခုပစ္စုပ္ပန်မှာလည်း နွဲ့ရီကလယ်ရှင် ငမောင်က အလုပ်သမားပင်ဖြစ်နေသော်လည်း ငမောင်က နွဲ့ရီ နှင့် နီးနီးနေရ၍ ကျေနပ်နေပါသည်။

နွဲ့ရီမှာ ငမောင်တို့ လယ်တဲကို နေ့တိုင်း မလာသော်လည်း မကြာမကြာ ထမင်းပို့လာသည်။ လာသည့် အခါတိုင်း အလုပ်သမားများကို ကိုယ်တိုင် ထမင်းဟင်းများ ခူးခပ်ကျွေး၍ အလုပ်သမားများက နွဲ့ရီကို ချစ်ကြသည်။

"ဒီတူမ နွဲ့ရီလာမှပဲ ဟင်းကောင်းစားရတယ်ဟေ့"

"ကြံ့ရာချက်ခဲ့တာပဲ ဦးလေးရယ် အမေဈေးသွားတာနဲ့ ကြုံရင်တော့ ဟင်းကောင်းပါတယ်"

"နွဲ့ရီလာမှ ဟင်းကောင်းစားရတယ်ဆိုတာ ဦးလေးမှ ကြားရမ်မလွှယ်ဘူး"

"ဦးလေးပုကလည်း အသူ့အလုပ်သမားတွေအပေါ်မှာ ကောင်းပါတယ် ကိုဘမောင်မရှိတော့ ယူသားငမောင်ကို အလုပ်ပေးတော့ အလုပ်သမားတွေပေါ်မှာ ညှာတာတဲ့ မဟုတ်လား။ ငါ နွဲ့ရီကို စတာပါ"

"ကဲ ဦးလေးတို့ စားကြပါ နောက်တစ်ခါ ဟင်းကောင်း ချက်ခဲ့ပါမယ်။ ကိုငမောင်လည်း စားပါ"

"ငမောင်က ရက်နေတယ် ဝဝစား မှမဟုတ်မှားသုပ်နိုင်မှာငမောင်မှားများစား"

"ကျွန်တော်စားပါတယ်"

"ငမောင်လည်း သနားပါတယ် သူ့ခမျာ အမေ့ကို ဆေးကုနေရတာနဲ့ ရတာလေးကုန်ရော"

"အမေ့အတွက် ကုန်ရတာပဲ ကျွန်တော်ကျေနပ်ပါတယ်။

"ကဲ... ကျွန်မပြန်ဦးမယ်၊ အမေလည်း ခြံထဲသွားတာမို့ မိုးချုပ်မှ ပြန်လိမ့်မယ် တဲမှာလိုတာရှိရင် ကိုငမောင် ကိုလာယူနိုင်းပါ"

ပြောပြောဆိုဆို နွဲ့ရီပြန်သွားပါသည်။ နွဲ့ရီ မှာ မစ္စည်းဥစ္စာပြည့်စုံ၍ ရုပ်ကလေးကလည်း လှသောကြောင့် ပိုးပန်းသူများ ဝိုင်းဝိုင်းလည်နေကြပါသည်။ ထိုသို့ပိုးပန်းနေသူများထဲမှ နွဲ့ရီ၏အိမ်ကို အမြဲလိုလိုဝင်ထွက်နေသူမှာ မြသိန်းဖြစ်သည်။ မြသိန်းမှာ ဒေသအနေ များရောင်းဝယ်သော ပွဲစား(ကုန်သည်) ဖြစ်သည်။ မြသိန်းမှာ မြို့တွေမှ ထွက်သော ထီးနှံများကိုဝယ်၍ မြို့ကို ပို့သည့် တစ်ဖုံကို တစ်ဆင့်ပွဲစားလုပ်ပြီးရောင်းသဖြင့် ဝင်ငွေကောင်းသည့် မြသိန်းမှာ အမြဲတမ်း သပ်သပ်ရပ်ရပ် ဝတ်စားထားပြီး ဆိုင်ကယ်တစ်စီးနှင့် သွားလာနေသဖြင့် အမျိုးသမီးများက စိတ်ဝင်စားနေကြပြီး မိဘများကလည်းသဘောကျနေသည့် နွဲ့ရီက မြသိန်းကိုစိတ်မဝင်စားပါ နွဲ့ရီ စိတ်ဝင်စားနေသည်က ငမောင်ဖြစ်သည်။

သို့သော် ငမောင် က စိတ်ဝင်စားနေသော်လည်း နွဲ့ရီကို မစရဲပါ သည့်လိုနှင့် တစ်နေ့ ငမောင် နှင့် နွဲ့ရီတို့ဆုံကြသည်၊ ဆုံကြရာမှာ နွဲ့ရီကပင် စကားစ၍ ပြောသည်။

"ကိုငမောင် အမေနေကောင်းလား"

"သည့်လိုပါပဲ ကောင်းလိုက် မကောင်းလိုက်ပါပဲ"

"ကျွန်မလည်းမကြာခင်အိမ်ထောင်ပြုရတော့မယ် ထင်တာပဲ"

"ဟင်...အိမ်ထောင်ပြုတော့မယ် ဘယ်သူနှင့်လည်း ဘယ်တော့လည်း"

"ပွဲစား ကိုမြသိန်းနှင့်လို့ အမေက ပြောတာပဲ ကျွန်မ မသိဘူး"

"မသိဘူးဆိုတော့ နွဲ့ရီကိုယ်တိုင်မကြိုက်လို့လား"

"ကြိုက်တော့ မကြိုက်ဖူး ကြိုက်မယ့်သူမရှိတော့ ယူရမှာပဲ"

"သည်လို ဥစ္စာပေါ ရုပ်ချောကို ကြိုက်မယ်သူမရှိတာ မယုံစရာပဲ"

"ကြိုက်မယ့်သူ မရှိဘူးဆိုတာက ကျွန်မကြိုက်တာကို ပြန်မကြိုက်သည့်လူကို ပြောတာရှင့်"

"ဟာ ဒါသည့်လူ ဘယ်သူလည်း သိချင်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com

'အမေ လူတစ်ဖက်သားကို မနှိမ်ပါ နှင့်
ကိုငမောင်က ကျွန်မလက်ကိုတောင်
မကိုင်ဖူးဘူးသိလား ကြာပါတယ်အမေရယ်
ကျွန်မခု အမေတို့အိမ်ကဆင်းပါ ရစေ'

"မိန်းကလေး ကိုယ်တိုင် အရှက်မငဲ့ဘဲ ပြောနေတာတောင် သဘောမပေါက်ဘူးလား ကိုငမောင်ရယ်"

သည်လိုနှင့် နွဲ့ရီနှင့် ငမောင်တို့ ချစ်သူများဖြစ်သွားကြပါသည်၊ သို့သော် ချစ်သက်တမ်း(၃)လ မကြာမီမှာပင် ဘေးပတ်ဝန်းကျင်များမြင်သွား သိသွားရာမှ တစ်ဆင့် နွဲ့ရီ၏ မိဘများနားသို့ ပေါက်ကြားသွားပါသ် နွဲ့ရီဖခင် ဦးပုမှာ ငမောင်ကို သူ့သမီးနှင့် ကြိုက်ရပါမည်လားဟု ဒေါသဖြစ်ပြီး ထုတ်လိုက်ပါသည်။

ငမောင်ခမျာ အလုပ်မရှိ ဝင်ငွေမရှိချိန်မှ မိခင်ကြီးကလည်း ရောဂါထနေချိန်ဖြစ်၍ နွဲ့ရီကို လွမ်းမနေနိုင်ဘဲ ရရာအလုပ်ကို ရှာလုပ်ရပါသည်။ ယခု ငမောင်လုပ်ရသောအလုပ်မှာ ဥယျာဉ်ခြံတွေထဲမှာ သီးနှံများတက်ခူးပေးရသော အလုပ်ဖြစ်သည်၊ သီးနှံပင်များမှာအနိမ့်အမြင့်ရှိသော်လည်း နှစ်ချို့ အုန်းပင်အိုကြီးကို တက်ရသောအခါ အန္တရာယ်ရှိပါသည်။

သစ်ပင်တက်သမားများမှ တစ်ခြားသီးနှံပင်များပေါ်မှ မတော်တဆလိမ့်ကျလျှင် ခြေလက်များ ကျိုးတတ်ကြသော်လည်း မြင့်မားသော အုန်းပင်များပေါ်မှ ကျလျှင် အသက်များပင် ဆုံးကြရပါသည်။

ထို့ကြောင့် တစ်ချို့ခြံရှင်များက အုန်းပင်တက်သမားကို တက်ခအဆင်းတစ်လုံး အတက်တစ်လုံးပေးပါသည်၊ ငမောင်မှာ မိခင်ကြီးကို ဆေးကုရန် သစ်ပင်တက်သော အလုပ်ကိုသာ လုပ်နေပါသည်။

ထိုအချိန်မှာ မိသားစုရေးရေးကို စိစဉ်နေသူမှာ နွဲ့ရီမိခင်ကြီးဖြစ်ပါသည်။ နွဲ့ရီမိခင်မှာ နွဲ့ရီကို အိမ်ထဲမှ အိမ်ပြင်ကွက်ခွင့်မပြုသည့်အပြင် ခွေမျိုးများကိုလည်းစောင့်ကြည့်ခိုင်းထားသည်၊ ထို့ပြင် တစ်ဖက်ကလည်း မြသိန်းနှင့် တိုင်ပင်၍ မင်္ဂလာရက်များရွေးပြီး ခေါင်းမာနေသော နွဲ့ရီကို နားချနေပါသည်။

"သမီးမပိုက်နှင့် လူဆိုတာ ကိုယ်နှင့် သင့်တော်တာကို ရွေးရတယ်၊ ရွေပင် နားတော့ ရွှေကျေးတဲ့ ဂလေဂချေကောင်ကိုရွေးရင် ငါ့သမီးခွေးဖြစ်သွားမှာပေါ့ မောင်မြသိန်းခမျာ သမီးကို ခွင့်လွှတ်ရှာတယ် သည်လို ယောက်ျားမျိုးရှားပါတယ်။

"သူ့ ခွင့်လွှတ်တယ်ဆိုတာ အမေတို့မှာရှိသည့် ပစ္စည်းတွေကို လိုချင်လို့ပါ"

"ဟဲ့ နင်က ဟိုငမွဲကို ကြိုက်နေတော့ သည်လိုဘဲပြောမှာပေ့ါ၊ ငါတို့ ပစ္စည်းတွေမရှိလည်း မောင်မြသိန်းက ငွေရှာတတ်တယ်၊ နင့်ကို ကျွေးနိုင်တယ် ဟိုငမွဲကို ယူပြီးနင်သစ်သီးလိုက်ကောက်နေချင်လို့လား"

"စိတ်ကောင်းရှိဖို့သာ လိုတာပါ ငွေဆိုတာ ရှာရင်ရပါတယ်၊ ဘယ်သူမှ ငွေတွေကိုင်ပြီး မွေးမလာပါဘူး"

"ငါလုပ်လိုက်ရင် နင်သေတော့မယ် မောင်မြသိန်းကိုများ စိတ်ကောင်းမရှိဘူးတဲ့ စိတ်ကောင်းရှိလို့ နင့်လိုဟာမကို ယူတာပေါ့ သူများအကျက်ကို ယူတာပေါ့"

"အမေလူတစ်ဖက်သားကို မနှိမ်ပါနှင့် ကိုငမောင်ကကျွန်မလက်ကိုတောင် မကိုင်ဖူးဘူးသိလား ကြာပါတယ်အမေရယ် ကျွန်မခု အမေတို့အိမ်ကဆင်းပါရစေ"

"မဆင်းရဘူး နင့်ကို ငါမွေးထားတာ ဘယ်ကိုမှ သွားခွင့်မပြုဘူး။ ယခု မောင်မြသိန်း သူ့မိဘတွေကို သွားခေါ်နေတယ် သူ့မိဘတွေ ရောက်လာတာ



www.burmeseclassic.com

www.burmeseclassic.com

နှင့် တစ်ခါတည်း နင်နင့် ပေးစားပြီး နောက်မှ မင်္ဂလာဆောင်ပေ. .ယ် နားလည်လား"

"အမေတို့ တတ်နိုင်ရင်လုပ်ထား လိုက် ကျွန်မကတော့ အခွင့်အရေးရ တာနင့် ထွက်သွားမှာဘဲ သူနင့်တစ် သက်လုံး မပေါင်းဘူး"

မြသိန်းမှာ လွတ်လပ်သူမဟုတ်မှန်း သစ်တိုကျွန်ရွာမှ ခြံပိုင်တွေ မသိကြ သောလည်း ရန်ကုန်မှလာသော သီးနှံ ကုန်သည်တစ်ယောက်က စကားစပ်မိ၍ ခြံရှင်တစ်ယောက်ကို ပြောပြခဲ့ဖူးသည် ထိုခြံရှင်ပြောပြ၍ ငမောင်က မြသိန်း အကြောင်းကိုသိထားပါသည်။

သို့သော် ထိုအချိန်က ငမောင်မှာ နွဲ့ရီအနားကို မသွားရဲ၍ ထိုအကြောင်း မပြောပြဖြစ်ပါ တစ်ဖက်ကလည်း မိခင် ကြီး အသည်းအသန်ဖြစ်နေ၍ နွဲ့ရီကိစ္စ ကို မတွေးအားပါ သည်လိုနှင့် မိခင်ကြီး မမျှော်လင့်ဘဲ ဆုံးသွား၍ ငမောင် မိခင်ကြီး အသုဘကိစ္စတွေ လုပ်ကိုင် နေရပါသည်။ မြသိန်းမှာဖဲသမားဖြစ်၍ နွဲ့ရီနှင့် မင်္ဂလာဆောင်ခါနီးမှာ ဖဲအကြီး အကျယ်ရှုံးနေပါသည်။

သို့သော် နွဲ့ရီ မိဘများဆီက ငွေထုတ်ကိုမြင်၍ အပေါင်းအသင်းတစ် ယောက်ဆီ အကျိုးအကြောင်းပြော၍ ငွေချေးပါသည်။

"ကိုမြသိန်း အလုပ်က အန္တရာယ် မများဘူးလား။ နောက်ပြီး ခင်ဗျား အမျိုး သမီးသိသွားရင်လည်း မလွယ်ဘူး နော်"

"အန္တရာယ်များပေမယ့် လုပ်ရမှာ ဘဲ ငါ့မှာ ငွေအရမ်းလိုနေတယ် မင်း ငွေကို ငါတစ်လအတွင်း ပြန်ပေးပါ့မယ် ကူညီပါကွာ"

"မဖြစ်လို့သာ ပေးရမှာ ကျွန်တော် အားမပေးချင်ဘူးဗျာ"

"စိတ်ချပါ မင်းငွေ မဆုံးစေရပါ ဘူး မြသိန်းက မပိုင်ရင် မလုပ်ဘူး"

"ပေးပါ့မယ် ခင်ဗျား ဖြစ်အောင် သာ လုပ်ပါ"

မြသိန်းမှာ မင်္ဂလာကိစ္စများ စီစဉ် ပြီးဖြစ်၍ အစစအရာရာ ပြင်ဆင်ပြီး တစ်တို့ကျွန်းရွာ နွဲ့ရီတို့အိမ်ကို လာခဲ့ ပါသည်၊ နွဲ့ရီတို့ ဆွေမျိုးအသိုင်းအဝိုင်း များကလည်း မင်္ဂလာပ်များဆောက်၍ ဖိတ်စာတွေဝေပြီးဖြစ်သည်။

ထိုအချိန် နွဲ့ရီတစ်ယောက်မှာ ထမင်းပင်မစားဘဲ အခန်းထဲမှာ ငိုနေ ပါသည်။ ထိုအချိန်မှာ ငမောင်ကို သတိရနေသော်လည်း ငမောင်မိခင်ကြီး ဆုံးသွားသည့်ကိုပင် နွဲ့ရီမသိပါ ငမောင် နဲ့ ခွဲရတော့မည်ကို သိလာလေ ရင်ထဲက မချိလေဖြစ်နေ ရှာပါသည်။ ကယ်သူဝေးသည့်ဘဝမို့ ကြိတ်မှိတ်ပြီး ခံစားနေရရှာပါသည်။

ထိုအချိန်မှာ ငမောင် တစ်ယောက် နွဲ့ရီ၏ ဖိတ်စာကိုကိုင်၍ ငိုင်နေပါသည်။ ငိုင်နေရာမှ မှိုင်မာသော ဆုံးဖြတ်ချက် တစ်ခုကိုချလိုက်ပြီး နွဲ့ရီတို့ အိမ်ဖက်ကို ထွက်ခဲ့ပါသည်။ မနက်ဖြန် မနက် မင်္ဂလာဆောင်မည်ဖြစ်၍ သတို့သား မြသိန်း နွဲ့ရီတို့အိမ်ပေါ်ရောက်နေမည် ဟု တွက်ပြီးအိမ်ပေါ်ကို တက်ခဲ့ပါသည်။ ငမောင်ရုတ်တရက်တက်လာသည်ကို ဘယ်သူမှ ထင်မထား၍ မသိလိုက်ပါ။ ငမောင်အိမ်ပေါ် လှမ်းကြည့်လိုက်သော အခါ မြသိန်းအိမ်ဦးခန်းမှာ ထိုင်နေ သည်ကိုမြင်ရ၍ အချိန်ဆိုင်းမနေဘဲ မြသိန်း ဦးခေါင်းကို ဝုက်ယူလာသော ဒုတ်နှင့် ဆင့်ရိုက်ချလိုက်ပါသည်။

"အား· · ·အမယ်လေးသေပါပြီဗျ"

"ဖြောင်း· · ·ဖြောင်း· · ·ဖြောင်း"

"ကြောက်ပါပြီဗျ အသက်ကို ချမ်း သာပေးပါ"

"မင်းလို မိန်းမရှိပြီး လိမ်တဲ့ ကောင်ကို အရှင်မထားဘူး သတ်မယ်"

"ဟဲ့· · ·ငမောင်မလုပ်နဲ့ မလုပ်နဲ့"

"မတားကြနင့် သူ့ကို သတ်ပြီး ကျွန်တော်ထောင်ကျခံမယ်၊ တစ်ယောက် တည်းသမားဘာမှ ငဲ့စရာမလိုဘူး"

အိမ်ပေါ်မှ လူများဝိုင်းဆွဲကြ၍ ငမောင်အရိုက်ရပ်သွားသည် မြသိန်းမှာ သွေးအိုင်ထဲလဲနေသည်၊ ငမောင်ကို လည်း ရဲစခန်းပို့လိုက်သည်၊ နွဲ့ရီလည်း အခန်းထဲမှ ပြေးထွက်ပြီး ရဲစခန်းလိုက် သွားပါသည်၊ နွဲ့ရီ ဆွေမျိုးများက ငမောင်ကယ်၍ နွဲ့ရီ မယားငယ်ဖြစ် မသွားသည်ကို ဝမ်းသာနေကြပါသည်။

ညွှန့်မောင်ဦး





www.burmeseclassic.com

www.burmeseclassic.com

# မလေးရှားဒေါက်တာရမ်းကုတစ်ဦး ကာမလိမ်လည်မှု ၁၁ နှစ်ကြာမှ ပေါ်ပေါက်အဖမ်းခံခဲ့ရ







မလေးရှားနိုင်ငံ၊ ပီနန်မြို့မှ ၁၄. ၁. ၂၀၁၃ ရက်နေ့ သတင်းတစ်ရပ် ဖော်ပြချက်တွင် ပီနန်မြို့နေ မလေးရှားနိုင်ငံသား၊ အိန္ဒိယလူမျိုး ယခု အသက် ၄၅ နှစ်ရှိ ဒေါက်တာရမ်းကု သမားတစ်ဦးပေါ်ပေါက်လာခဲ့၏။ ၎င်းသည် သားမယားရှိပြီး ဓကားအရာ ကျွမ်းကျင်သဖြင့် နားဝင်ချိုအောင် ပြောတတ်ဆိုတတ်သဖြင့် မိမိကိုယ်ကိုမိမိက မိန်းမမီးယပ်ရောဂါအထူးကုဟု ဆိုကာ ပဋိသန္ဓေတားပေးခြင်း၊ ကလေးသားကြောဖြတ်ပေးခြင်းတို့ကို စေတနာအခမဲ့ပြုလုပ်ပေးပြီး နောက်ဆုံး၌ လက်မထပ်ဘဲ လူပါယူလိုက်၏။ သားမယားပြုကျင့်ခဲ့၏။ ၎င်းနောက် ဖနီးအဖြစ်မှတ်မှတ်ရရ မပေါင်းသင်းတော့ဘဲ အစာဝသည့် ၄က်ပမာ အဝေးပျံကာ စွန့်ပစ်ထားခဲ့၏။ ယင်းသို့ ကာမလိမ်လည်မှုကို အပြုခံရ အလိမ်ခံရသော အမျိုးသမီးများ၊ အပျို၊အအို စုစုပေါင်း အယောက် ၃၀ ခန့် ရှိသည်ဆိုသည်။ ယင်းကာမလိမ်လည်မှုမှာ အချိန်ကာလ ၁၁ နှစ်ကြာမှ သိရှိဖော်ထုတ်ဖမ်းဆီး၊ ရုံးတင်စစ်ဆေးနိုင်ခဲ့ပေသည်။ အမှုကို လွန်ခဲ့သော ၂၀၀၁ ခုနှစ်မှစ၍ ပြုမူကျူးလွန်ခဲ့သည်ဆိုသည်။ ယမန်နေ့ ၁၄. ၁. ၂၀၁၃ ရက်နေ့ကမှ ဖမ်းဆီးရုံးတင်ခဲ့ရ၏။ ရုပ်ပုံမှာ ဖမ်းဆီးသိမ်းဆည်းရမိခဲ့သော အဝတ်အစား၊ စာရွက်စာတမ်း၊ စာချုပ်အတုများနှင့် အခြားသက်သေအထောက်အထား ပစ္စည်းများ ပီနန်ရဲစခန်း သတင်းစာရှင်းလင်းပွဲ၌ ၁၅. ၁. ၂၀၁၃ ရက်နေ့က တွေ့ရစဉ်ဖြစ်သည်။

ကေတီအောင်သိန်း
(ရန်ကုန်တက္ကသိုလ်)

***Ref:-***

***Sin Chew Daily (Malaysia), 15.1.2013, Page(36)***



www.burmeseclassic.com

www.burmeseclassic.com

စကော့တလန်ယာဒ်မှ ရဲမှူးကြီး ကော့စတာဖင်းတွင် စာအုပ်တစ်အုပ် ရှိသည်။ စာအုပ်ထဲတွင် အင်္ဂလန်နိုင်ငံသို့ မူးယစ်ဆေးဝါးများရောက်လာသည့် ပင်ရင်းနေရာများအား မှတ်သားထားသည်။ နံပါတ်များ တပ်ထားသည်။ သို့သော် ပင်ရင်း(ဂျ)နှင့် ပတ်သက်၍မူ မည်သို့မှ မှတ်တမ်းမတင်နိုင်ခဲ့ပါ။

ရဲမှူးကြီး ကော့စတာဖင်အနေဖြင့် ပင်ရင်း(ဂျ)၏ မူရင်းဒေသအား မရှာဖွေနိုင်ခဲ့ပါ။ ပင်ရင်း(ဂျ)နှင့်ပတ်သက်၍ တစ်မျိုးတစ်ဖုံ ထူးခြားလျက်ရှိသည်။ ထိုနေရာမှ ပစ္စည်းတို့က ဈေးကွက်သို့ ချက်ချင်းဝင်ရောက်မလာပါ။ ပင်ရင်း(ဂျ)မှ ပစ္စည်းတို့က ပို့လိုက်ပြီး နှစ်နှစ်ကြာမှ ဈေးကွက်သို့ ရောက်လာတတ်ပါသည်။

မကြာမီက လန်ဒန်မြို့ လမ်းတစ်လမ်း၏ ရေမြောင်းထဲတွင် အမျိုးသမီးတစ်ဦး၏အလောင်းကို ရဲများကတွေ့ရှိခဲ့သည်။ သူမ၏ လက်ကိုင်အိတ်ထဲတွင် ဘိန်းဖြူကို တွေ့ရသည်။ ထိုအမျိုးသမီးမှာ ဘိန်းဖြူသုံးသူ ဖြစ်သည်။ လွန်ခဲ့သော သုံးလက သူမတို့မိသားစုအိမ်မှ သူမ၏ လက်ဝတ်လက်စားများအပြင် အခြားသူတို့၏ လက်ဝတ်လက်စားများပါ ပျောက်သွားခဲ့သည်။ ပစ္စည်းများကိုရောင်းကာ မူးယစ်ဆေးကို ဝယ်ခဲ့သည်။

ကော့စတာဖင်း ယုံကြည်သည်မှာ သူမအိမ်အတွင်းမှ တွေ့ရသည့် ဘိန်းဖြူမှာ ပင်ရင်း(ဂျ)မှဟူ၍ ဖြစ်သည်။ မည်သည့် အမျိုးအစားက မည်သည့်ပင်ရင်းမှ လာရောက်ကြောင်း ကော့စတာဖင်းအနေဖြင့် ခွဲခြားကြည့်ခဲ့ပြီး ဖြစ်သည်။ ပင်ရင်း(ဂျ)သည် အလုံးအရင်းအလိုက် တင်ပို့သော နေရာဖြစ်ကြောင်းလည်း ယုံကြည်ထားခဲ့သည်။ ရင်းပင်ရင်းမှ အင်္ဂလန်သို့





www.burmeseclassic.com

www.burmeseclassic.com



# ဘိန်း

ပင်ရင်းဆရာ

Source Seven by Richard S. Prather



www.burmeseclassic.com

www.burmeseclassic.com

ဘိန်းဖြူဝင်ရောက်ခြင်းကို သူက တားမြစ်လိုသည်၊ အနည်းအကျဉ်းသာ သယ်သူပို့ဆောင်ပေးသူများအား တားဆီးရေးထက် ပင်ရင်းကိုသာ သူက ဖိတ်ပစ်လိုက်လိုသည်။

စကော့တလန်ယာဒ်၏ အခြားဌာနတစ်ခုက အလောင်းတစ်လောင်း တွေ့ရှိခြင်းကို ကော့စတဖင်းအား သတင်းပေးလိုက်သည်။ သတင်းစာရောင်းသမား သောမတ်၏ အလောင်းဖြစ်သည်။ သူ့အလောင်းကို ကုန်တင်ဆိပ် ကမ်းတစ်ခုအောက်တွင် တွေ့ခဲ့ကြရသည်။ ဆိပ်ကမ်း၏ အပျက်အဆီးကို စစ်ဆေးသည့် ရေငုပ်သမားတစ်ဦးက တွေ့ခဲ့ရခြင်းဖြစ်သည်။

သေသူထဲတွင် 'ပိုယက်'ဟု ရေးထားသည့် ကတ်ပြားတစ်ခု တွေ့ရသည်။ သောမတ်အနေဖြင့် သူကြားရသည့်စကားကို နားလည်သလို မှတ်ထားခြင်းဖြစ်နိုင်သည်၊ သောမတ်အား လူဆိုးဂိုဏ်းအဖွဲ့ဝင်များက သတ်လိုက်ခြင်းဟု ရဲက ယူထားကြသည်။

ကော့စတဖင်းကမူ သောမတ်၏ ကိစ္စမှာ ပင်ရင်း(ဂ)နှင့် တစ်မျိုးတစ်ဖုံ ပတ်သက်နေလိမ့်မည်ဟု ယုံကြည်ထားသည်။ အထင်တစ်ခုသာ ဖြစ်သည်။ 'ပိုယက်' ဆိုသည်မှာလည်း မော်တော်နာမည်တစ်ခုဟု ထင်သည်။ သို့ဖြင့် ရဲတပ်သား ပီထရဲလားအား ထိုအမည်နှင့် သင်္ဘောရှိမရှိ စုံစမ်းခိုင်းလိုက်သည်။

နောက်ဆုံး၌ မရှိကြောင်း ပီထရဲလား သိခဲ့ရသည်။ ပိုယက်မှာ ပြင်သစ်နိုင်ငံရှိ ပေါလက်ဟူသော မြို့အမည်ဖြစ်နိုင်ကြောင်း သူက ကော့စတဖင်းကို ပြောပြသည်၊ ၎င်းမြို့မှာ ဂီရွန်ဒီ၏ တော်ဘက်ကမ်းခြေတွင် ရှိသည်၊ ဂီရွန်ဒီမှာ ပြင်သစ်နိုင်ငံရှိ ဘူဒေါက်အနီး မြစ်တစ်မြစ်၏ အဝတွင် ရှိပါသည်။ ပီထရဲလား၏ အတွေးကို ကော့စတဖင်းက လက်ခံပြီး ထိုနေရာတွင် ပင်ရင်း(ဂ) ရှိမရှိကို စုံစမ်းခိုင်းလိုက်တော့သည်။

ဤကဲ့သို့ အလုပ်မျိုးအတွက် ရဲတပ်သား ပီထရဲလားမှာ လုပ်သက်နုသေးသည်။ စကော့တလန်ယာဒ်အနေဖြင့် သူ့ထက်ပိုအရည်အချင်းရှိသူကိုသာ လွှတ်လေ့ရှိသည်။ သို့သော် ထိုသို့ မလွှတ်သည်က သူတို့တွင် သူတို့အကြောင်းနှင့် သူ ရှိပြီးဖြစ်သည်။

ပီထရဲလားမှာ ငယ်သော်လည်း စွမ်းဆောင်နိုင်စွမ်း အတော်များများရှိသည်။ သူက အာရဗီ၊ ပြင်သစ်နှင့် စပိန်စကား အနည်းငယ်တို့ကို ပြောတတ်သည်။ သို့ကြောင့် သူက စကော့တလန်ယာဒ်တွင် လိုအပ်တိုင်း စကားပြန် လုပ်ခဲ့ခြင်းဖြစ်သည်၊ တစ်ချိန်ကလည်း မီးအာမခံသေတ္တာနှင့် သော့လုပ်ငန်းတွင် လုပ်ခဲ့ဖူးသည်။ ဝိုင်အရက်ချက်လုပ်ရေးလုပ်ငန်းနှင့် ပတ်သက်၍လည်း အနည်းအကျဉ်း ဗဟုသုတ ရှိသေးသည်။ ၎င်းအရည်အချင်းများကြောင့် ယခုအလုပ်နှင့် သူကသင့်တော်နေပေသည်။ သို့ဖြင့်ဤအလုပ်နှင့် ပီထရဲလား သင့်တော်လိမ့်မည်ဟု ကော့စတဖင်း သေချာနေတော့သည်။

စီစဉ်ထားသည့်အတိုင်း ကမ္ဘာလှည့်ခရီးသည်အဖြစ်နှင့် ပြင်သစ်သို့ ပီထရဲလား ရောက်သွားသည်။ သူက ပေါလက်သို့သွားကာ ဟိုတယ်တစ်ခုတွင် နေသည်။ လူများနှင့်ရောနှောရင်း မိတ်ဆွေဖြစ်လာသည်၊ ပတ်ဝန်းကျင်တွင် သူမြင်သမျှနှင့် ပတ်သက်ပြီး မေးမြန်းသည်။ ဝိုင်အရက်ကောင်းကောင်းနှင့် ပတ်သက်ပြီး သူ့အား လူသိများလာကြသည်။ ထိုမြို့တွင် ဝိုင်အရက်လုပ်သူ အတော်များများ ရှိကြပါသည်။

ပီထရဲလားမှာ အမေးအမြန်းထူသဖြင့် စုံထောက်မှန်း မှောင်ခိုသမားတို့ သိသွားကြသည်။ ဝိုင်အရက်လုပ်သူထံသို့ သူတို့၏ မူးယစ်ဆေးဝါးများ မည်သို့ပို့ ကြောင်းပြခြင်းဖြင့် သူ့အားထောင်ချောက်ဆင်ရန် ကြိုးစားခဲ့ကြသည်၊ ပီထရဲလားမှာ သူတို့ထောင်ချောက်ထဲသို့ သေချာပေါက်ဝင်လာမည်ကို မှောင်ခိုသမားများ သိကြပါသည်။

ပီထရဲလားမှာ မြစ်ဘေးကျူတောအုပ်ထဲတွင် ငါးမျှားနေလေ့ရှိသည်။ ငါးမျှားရင်း မြစ်ထဲမှ အသွားအလာကို စောင့်ကြည့်နေသည်။ ထိုနေရာနေ၍ ပေါလက်ဆိပ်ကမ်းအား ထင်ထင်ရှားရှား မြင်နိုင်သည်။ မျှော်လင့်ထားသည့် အတိုင်းပင် သူမြင်လိုရာကို ပီထရဲလား မြင်ခဲ့ရပါသည်။

သူငါးမျှားနေစဉ် တစ်နေ့တွင် သင်္ဘောတစ်စီး ရေဆန်ကို တက်လာပုံကို မြင်လိုက်ရသည်။ သင်္ဘောကြီးမှာ ရေပြည့်မှ ဝင်လာလေ့ရှိသဖြင့် ယခုကိစ္စမှာ ပုံမှန်မဟုတ်နိုင်၊ အရေးပေါ်ကိစ္စနှင့် အဖြ မီလာကြောင်းသေချာနေသည်၊ သင်္ဘောပေါ်မှ လူတစ်ဦးက မြစ်ထဲသို့အမှိုက်သွန်ပစ်နေသည်ကိုလည်း သူမြင်လိုက်သည်၊ ကတ်ထူဘူးတစ်ခုမှလွဲ၍ အမှိုက်အားလုံး မျောပါသွားသည်။ ဘူးက အလွတ်ဖြစ်ရသည်။ သို့သော် တကယ်တော့ ထိုသို့ မဟုတ်လေပါ။

မကြာမီ လှေတစ်စီးက ကတ်ထူပုံးဆီသို့ လာနေကြောင်း ပီထရဲလား မြင်လိုက်ရသည်။ လှေက ပေါ့ချောင်းတစ်ခုထဲမှ ထွက်လာခြင်းဖြစ်သည်။ လှေကို သန်မာသော လူငယ်နှစ်ဦးက လှော်လာကြသည်။ လူငယ်နှစ်ဦး က ကတ်ထူပုံးအား လှေပေါ်သို့ ခက်ခက်ခဲခဲ တင်ယူရသည်။

ပုံးကိုအတင်တွင် လှေက ဘက်စောင်းသွားသည်။ ပုံးက အလေး



www.burmeseclassic.com

www.burmeseclassic.com

လေးကြောင်း ပီထရဲလား သိလိုက်သည်။ သံသယဝင်သွားသည်။ ပုံးထဲတွင် အလွန်လေးသည့်ပစ္စည်း ရှိရမည်။ သို့တိုင် ရေပေါ်သို့လည်း ပေါ်နိုင်သေးသည်။ ပုံးအား ရေပေါ်သို့ပေါ်စေရန် သိပ္ပံနည်းတစ်ခုခုဖြင့် ပြုလုပ်ထားကြောင်း သဘောပေါက်မိသည်။

ပီထရဲလားက ငါးမျှားပစ္စည်းများကို သိမ်းပြီး ဟိုတယ်သို့ ပြန်သည်။ ချောင်းဝသို့ရောက်သည့်အခါ လှေက ကမ်းသို့ ကပ်ပြီးကြောင်း မြင်ရသည်။ လူငယ်နှစ်ဦးက လက်တွန်းလှည်းတစ်စီးပေါ်သို့ ပတ္တူစက္ကူ ဖုံးနေသည်။ လှည်းပေါ်တွင် ပိုက်ကွန်များရှိနေရာ စက္ကူဖုံးက ပိုက်များအောက် ရောက်နေပြီကို ပီထရဲလား သိသည်။ ပြင်သစ်တွင် မှောင်ခိုသမားများက မည်သို့လုပ်ကိုင်ပုံနှင့် ကော့စတာဖင်း တွေးသလို ပေါလက်မှာ ပင်ရင်း(၇)ဖြစ်ကြောင်း နောက်ဆုံးတော့ ပီထရဲလား သိလိုက်ရချေပြီ။

ဟိုတယ်တွင် ပီထရဲလားက သူသိလိုသော လူငယ်လေးများအကြောင်းကို စူးစမ်းခဲ့သည်။ ချောင်းနှင့် လူငယ်များ လှေကပ်ရာနေရာမှာ အနီးရှိ ကျေးလက်စံအိမ်ပိုင်ရှင် တစ်ဦးပိုင် ဖြစ်နေသည်။ ထိုသူမှာ ဝိုင်အရက်ကောင်းများ ထုတ်လုပ်သူဖြစ်သည်။ သူ၏ ဝိုင်အရက်သိုလှောင်ခန်း အုပ်ချုပ်သူမှာ ကလယ်ရမ်းဘော့ ဆိုသူဖြစ်သည်။ ပီထရဲလား တွေ့ခဲ့သည့် လူငယ်နှစ်ဦးမှာလည်း ၎င်း၏ သားများဖြစ်ကြသည်။

သို့ဖြင့် ကျေးလက်စံအိမ်ပိုင်ရှင်မှာ ဝိုင်အရက်ထုတ်လုပ်သူသာမက မူးယစ်ဆေးဝါး မှောင်ခိုသူဖြစ်ကြောင်း သေချာသွားသည်။ ဝိုင်အရက်ထုတ်လုပ်သူအနေဖြင့် မူးယစ်ဆေးဝါးကို အင်္ဂလန်သို့ မည်သို့မှောင်ခိုပို့ကြောင်း အဖြေရှာရန်ကတော့ ပီထရဲလား၏ တာဝန်သာဖြစ်သည်။

ဝိုင်ထုတ်လုပ်သူထံသို့ အလည်သွားရန် ပီထရဲလား ဆုံးဖြတ်လိုက်သည်။ ဝိုင်အရက်အတွက် စပျစ်သီးခူးပြီး စိမ်ချိန်ဖြစ်သည်မို့ အလည်သွားကြည့်ရန် မခဲယဉ်းပါ။ ဒေသခံဓလေ့မှာ ဝိုင်အရက်သိုလှောင်ခန်းများသို့ လူများစွာ သွားကြည့်လေ့လည်း ရှိပါသည်။ သို့ဖြင့် မှောင်ခိုသမားများနှင့် ပတ်သက်၍ ပိုသိနိုင်ရန် သူရှောင်တခင် သွားကြည့်နိုင်ကြောင်း တွေးမိခဲ့သည်။

သူ့အား မည်သူကမှ သံသယဝင်စရာ မရှိဟုလည်း တွေးမိသည်။ သို့သော် သူ့အတွေးကမှားပါသည်။ မှောင်ခိုသမားများက သူ့အား ထောင်ချောက်ဆင်လိုခဲ့သည်။ သို့ဖြင့် မူးယစ်ဆေးအား သင်္ဘောနှင့် မည်သို့ပို့ကြောင်း သူတို့က ပြခဲ့ခြင်းဖြစ်သည်။

ထိုညနေတွင် ဝိုင်ထုတ်လုပ်သူ၏ ကျေးလက်စံအိမ်သို့ ပီထရဲလားသွားခဲ့သည်။ မြေအောက်သိုလှောင်ခန်း အဆောက်အဦများရှေ့တွင် မျက်နှာနီနီ၊ ကိုယ်လုံးကိုယ်ထည်တောင့်သူတစ်ဦးနှင့် တွေ့ရသည်။ ထိုသူမှာ ကလယ်ရမ်းဘော့ ဖြစ်သည်။ ထိုသူနှင့်အတူ ပီထရဲလားက ဝိုင်အရက်များ သိုလှောင်ခန်းသို့ သွားကြည့်သည်။

ကလယ်ရမ်းဘော့မှာ ပီထရဲလား ရောက်အလာကို စောင့်နေခဲ့ခြင်းဖြစ်သည်။ ကလယ်ရမ်းဘော့နှင့် အဖော်နှစ်ဦးက ပီထရဲလားအား မြေတိုက်ခန်းထဲသို့ ခေါ်သွားသည်။ သစ်သားစည်များ တန်းစီထားရာ လမ်းကျဉ်းကျဉ်းလေးထဲသို့ ရောက်သည်။ သစ်သားစည်တန်းများကြားမှသွားရင်း သံတိုင်တပ် တံခါးတစ်ချပ်ရှေ့သို့ ရောက်သည်။ ကလယ်ရမ်းဘော့က တံခါးသော့ကိုဖွင့်ပြီးအတွင်း မြေတိုက်ခန်းထဲသို့ ပီထရဲလားအား တွန်းသွင်းလိုက်သည်။

မြေပြင်အောက် သုံးမီတာနေရာသို့ ရောက်နေပြီး ရန်သူများ၏ ထောင်ချောက်ဆင်ခံလိုက်ရပြီဖြစ်ကြောင်း ပီထရဲလား သိလိုက်သည်။ ဤအထဲမှ အသက်ရှင်ပြန်ထွက်ရစရာ မရှိတော့ကြောင်း ကလယ်ရမ်းဘော့က ပြောသည်။ သူ့အားသတ်ပြီး အလောင်းကို မနက်မိုးမလင်းမီ ရှင်းပစ်မည်ဟု ကလယ်ရမ်းဘော့က တံခါးသော့ပိတ်ပြီးနောက် ပြောသွားသေးသည်။

မြေတိုက်ခန်းထဲတွင် ပီထရဲလားမှာ အတန်ကြာအောင် ထိုင်နေခဲ့သည်။ ခေါင်းအေးအေးနှင့် လွတ်မြောက်ရေးအတွက် စဉ်းစားရန်လိုသည်။ အရုဏ်မတက်မီ သူ့အား ဖမ်းထားသူများက သတ်မည်ကိုသိသည်။ သို့တိုင် သန်းခေါင်မတိုင်မီ သူ့အားမြေတိုက်ခန်းမှ မထုတ်ပုံ့ကြသေး။ သို့အတွက် သူအစီအစဉ် ပြုလုပ်ပြီး လွတ်မြောက်ထွက်ပြေးရန် အချိန်က ကောင်းစွာလုံလောက်သည်။

သူ့အား ဖမ်းထားသူများသည် အစားအသောက်ကို ဂရုစိုက် ဒုက္ခခံကာ ကျွေးမွေးလိမ့်မည်မဟုတ်။ တစ်ကြိမ်တစ်ခါမျှသာ လူရှိမရှိ လာစစ်ဆေးကြလိမ့်မည်။ သို့အတွက် သူဘာလုပ်နေသည်ကိုမသိစေဘဲ အချိန်လုံလောက်လှသည်။ သူက ည(၇)နာရီခန့်တွင် အဖမ်းခံရသည်ဖြစ်ရာ ည(၁၀)နာရီလောက်မှသာ သူ့အား လာကြည့်ကြပေလိမ့်မည်။ သို့သော် ဤသည်တို့မှာ သူ၏ မှန်းဆချက်များသာဖြစ်သည်။ သေချာပေါက်ဟူသည် မရှိ။ အခွင့်အလမ်းတစ်ခုရှိသည်ကိုသာ သူယူရပေတော့မည်။

ပီထရဲလားက ထွက်ပြေးလွတ်မြောက်ရန် ကြိုးတင်ပြင်ဆင်သည်။ သော့အကြောင်း သူကောင်းကောင်းသိသည်။ သူ့အားချောင်ပိတ်ထားသည့် မြေတိုက်ခန်းသော့အား ဖွင့်ရန်ကြံသည်။ သူ၏



www.burmeseclassic.com

www.burmeseclassic.com

အိတ်ထဲတွင် ပလာယာတစ်ချောင်းရှိထားသည်။ လက်ကိုင်တစ်ခုမှာ လွှသွားထက် ထက်လိုဖြစ်ပြီး ကျန်တစ်ဖက်က တံစဉ်းပမာရှိသည်။ သူ့ကိုယ်ပေါ်အား ဖမ်းဆီးသူများ မရှာခြင်းက ကံကောင်းလှသည်။

မြေတိုက်ခန်းထဲမှ သံပတ်မြား သန့်သန့်လေးတစ်ခုကို ပီထရဲလား ရှာတွေ့ခဲ့သည်။ သော့တစ်ချောင်းမြုလုပ်ပြီး ဝှက်ထားလိုက်သည်။ ဖမ်းဆီးထားသူများ အလာကို သူစောင့်ရမည်။ သူတို့ ပြန်သွားမှ သော့ဖွင့်ပြီး ထွက်ရမည်။

မျှော်လင့်ထားသည့် ဖမ်းဆီးထားသူများက ည(၁၁)နာရီလောက်မှ ရောက်လာကြသည်။ သူတို့က သူ့အား ရှာဖွေကာ ပလာယာကိုတွေ့ပြီးနောက် ယူသွားကြသည်။ သူ့အားကော်ပီတစ်ခွက် ပေးခဲ့သည်။ နောက်မှ သောက်မည်ဟု ပီထရဲလားက ပြောလိုက်သည်။

သူက ကော်ပီကို နမ်းကြည့်ပြီး သူ့သတိမေ့သွားစေရန် အဆိပ်ခတ်ထားကြောင်း သိလိုက်သည်။ သို့ဖြင့် သွန်ပစ်လိုက်သည်။ ဖမ်းထားသူများ ထွက်သွားပြီးနောက် ပီထရဲလားက သော့ဖွင့်ကာ မြေတိုက်အတွင်းခန်းမှ ထွက်သည်။ ဘယ်ဘက်နံရံရှိ တံခါးပေါက်မှ အပြင်ပိုင်း မြေတိုက်ခန်းသို့ ရောက်သည်။ စိမ်ရည်အိုးများရှိရာ အခန်းကြီးဖြစ်သည်။

ယခုတော့ အပြင် မြေတိုက်ခန်းမှ ထွက်ရေးသာ ရှိတော့သည်။ ဤအခန်းအား အပြင်ဘက်မှ သော့ခတ်ထားခြင်း ဖြစ်သည်။ ထို့ကြောင့် အပြင်ထွက်ရန် နည်းမရှိတော့။ ပီထရဲလားက ထိုင်၍ စဉ်းစားသည်။ သူ့အတွက် နည်းနှစ်နည်းသာ ရှိတော့ကြောင်းသိသည်။ တစ်နည်းက မြေတိုက်ခန်းထဲတွင် ပုန်းနေရန် ဖြစ်သည်။ သို့သော် ကြာရှည်ပုန်းနိုင်မည် မဟုတ်၍ မလွယ်ကူ။ နောက်တစ်နည်းကမူ တံခါးနောက်တွင် ပုန်းနေပြီး ဖမ်းထားသူများဝင်လာစဉ် တိုက်ခိုက်ထွက်ပြေးရန်ဖြစ်သည်။ နှစ်နည်းစလုံးမှာ အောင်မြင်ရန် အခွင့်အလမ်းက မျှော်လင့်နိုင်စရာ မရှိ။ သို့အတွက် တခြားလွတ်မြောက်ရန် နည်းကိုသာ အားစိုက်တွေးရန်သာ ရှိတော့သည်။

မကြာမီ စိတ်ကူးတစ်ခုရလိုက်သည်။ ခေတ်မီ မြေတိုက်ခန်းတစ်ခုတွင် အထဲသို့ဝင်ရန် မြေပြင်အမြင့်နှင့်အညီ တံခါးထစ်ပေါက်ရှိတတ်ကြသည်။ သို့ဖြင့် သူက လိုက်ရှာရင်း တွေ့ခဲ့သည်။ မြေတိုက်ခန်းအပေါ်ဖုံးတံခါးအား သူက တုတ်ရှည်ရှည်တစ်ချောင်းနှင့် ထိုးဖွင့်ကြည့်သည်။ တံခါးက လန်ကာပွင့်သည်။

သို့သော် တံခါးက သူ့လက်ဘတ်ဆုံးမှင့် သုံးပေမျှ ကွာဝေးနေသေးသည်။ သူ့အတွက် အခုအခံတစ်ခု လိုသည်။ ပီထရဲလားက သူနင်း၍တက်နိုင်သည့် ပစ္စည်းတစ်ခုခုအား ပတ်ဝန်းကျင်တွင် အတန်ကြာ ရှာနေခဲ့သည်။ မတွေ့ရ။ အချိန်က (၁၂)နာရီ ရှိပြီဖြစ်ရာ ဖမ်းဆီးထားသူများ အချိန်မရွေး ရောက်လာနိုင်သလို သူထွက်ပြေးလွတ်မြောက်ရန် အချိန်ကလည်း သိပ်မရှိတော့။

သူက အတွင်းမြေတိုက်ခန်းသို့ ပြန်သွားကာ ပုလင်းများတင်သည့် စင်တစ်ခုအား ခက်ခက်ခဲခဲနှင့် သယ်ထုတ်လာသည်။ ထိုစင်မှာ သူ့ခန္ဓာကိုယ် အလေးချိန်အား ခံနိုင်ရုံသာ ရှိသည်။

သူ၏ လွတ်မြောက်ရေးအတွက် နောက်ဆုံးအဆင့်မှာ အခက်ခဲဆုံး ဖြစ်သည်။ ပီထရဲလားက စင်ပေါ်သို့ ခပ်ဖွဖွလေး တက်ရပ်သည်။ အဖုံးတံခါးလေးလေးကြီးကို တုတ်နှင့်တွန်းဖွင့်သည်။ ထို့နောက် အပေါ်သို့ တွဲတက်ကာ ထွက်သည်။ လွယ်ကူလှသည် မဟုတ်သော်လည်း ခပ်ဖြန်ဖြန် ထွက်ရပါသည်။ မအောင်မြင်ပါက ဖမ်းဆီးသူများ၏ လက်တွင်းကျရောက်ပေတော့မည်။ အပေါ်အဆင့်သို့ ကံကောင်းစွာ ရောက်သွားသည်။ အခန်းအား အတွင်းမှ မင်းတုန်းချထားကြောင်းသာ တွေ့ရသည်။ အထဲမှ ထွက်ကာ အပြင်ဘက်သို့ ရောက်သည်။ စပျစ်ပင်များကြား တွားသွားရင်း လမ်းမကြီးသို့ ရောက်ခဲ့သည်။

ကုန်တင်ကား တစ်စီးနှင့် ဘူဒါက်သို့ ရောက်သည်။ ထိုမြို့တွင် ရဲတပ်ဖွဲ့မှူးအား တွေ့ကာ ၎င်းက လန်ဒန်သွား လေယာဉ်တစ်စီးတွင် လက်မှတ်ယူပေးသည်။ မနက်(၇)နာရီတွင်တော့ စကော့တလန်ယာဒ်တွင် ကော့စတဖင်းအား အစီရင်ခံ သတင်းပို့နေပြီ ဖြစ်သည်။

ပေါလက်တွင် ဝိုင်ထုတ်လုပ်ရေးသမားလေးများ များစွာရှိသည်။ ၎င်းတို့မှာ ဘိန်းဖြူကို ပြင်သစ်နိုင်ငံသို့ သွင်းခြင်း ထုတ်ခြင်း မှောင်ခိုလုပ်ငန်းများတွင် ပတ်သက်လျက် ရှိသည်။ သူတို့က သယ်ပို့သမားများ သို့မဟုတ် အင်္ဂလန်ရှိ သူတို့၏ကိုယ်စားလှယ်များထံသို့ ရောင်းကြသည်။

ပီထရဲလားထံမှ ရသည့် သတင်းဖြင့် ပေါလက်မှ ဝိုင်အရက်ဆိုင်များ ဝယ်သည့် ခပ်ဝဝ အသက်ငါးဆယ်ကျော် လူတစ်ဦးအား မိတ်ဒင်ဟက်မြို့တွင်း ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့သည်။ ရဲကရှာဖွေကြရာ ဝိုင်အရက်စည်များအတွင်းမှ ဘိန်းဖြူများကို ရခဲ့ကြသည်။ သို့ဖြင့် ပင်ရင်း(၇)အား ရှာဖွေဖော်ထုတ်နိုင်ပြီး ဘိန်းဖြူပို့ရာလမ်းကြောင်းက ပြတ်တောက်သွားသည်။ ဤကိစ္စတွင်တော့ ပီထရဲလားမှာ အသက်ဆုံးရှုံးလုမတတ် ဖြစ်ခဲ့ရပါသည်။

ဘနှင်း(မြန်မာပြန်)



www.burmeseclassic.com

www.burmeseclassic.com

# ဟင်နရီဘုရင်၏ ခေါင်းဖြတ်ကွပ်မျက်ခံရသူ

# သောမတ်မိုး

မောင်မောင်စန်းထွေး



သောမတ်မိုး



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလန်ပြည့်ရှင် ဘုရင်မင်းမြတ် အဋ္ဌမမြောက် ဟင်နရီဘုရင် (H nry VIII) ၏ အိမ်ထောင်ရေးပြဿနာကြောင့် သောမတ်မိုးသည် ခေါင်းဖြတ် ကွပ်မျက်ခံ ခဲ့ရသည်။ သောမတ်မိုးခေါင်းဖြတ်ကွပ် မျက်ခံရခြင်းမှာ သူကိုးကွယ်သည့် ကက် သလစ်ဘာသာကြောင့် ဖြစ်သည်ဆို၏။ ထို့ကြောင့် သောမတ်မိုးသည် ဓမ္မအာဇာ နည်တစ်ဦးဖြစ် ထင်ရှားကျော်ကြားခဲ့ သည်။ သောမတ်မိုးသည် အင်္ဂလန်နိုင်ငံ (Cheapside) ချိပ်ဆိုက်မြို့တွင် မွေးဖွား ခဲ့သည်။ သူ့ဖခင်မှာ လန်ဒန်မြို့တွင် ထင် ရှားကျော်ကြားသည့် တရားသူကြီး ဆာ ဂျွန်မိုးဖြစ်သည်။ သောမတ်မိုးသည် ငယ် စဉ်က အောက်စဖို့ဒ်ရှိ ကင်တာဘာရီ ကောလိပ်တွင် နှစ်နှစ်တာ ပညာသင် ကြားခဲ့သည်။ ထို့နောက် အသက် ၁၈ နှစ်ပြည့်ချိန်တွင် လင်းကွန်းအင်း၌ ဆက် လက်ပညာဆည်းပူးခဲ့သည်။ သောမတ်မိုး သည် ပါလီမန်အမတ် ဖြစ်လာခဲ့သည်။ ဝိလျံလီလီထံ ဂရိစာပေများကို လေ့လာ ဆည်းပူးခဲ့သည့်ပြင် ကက်သလစ်ဘုန်း တော်ကြီး ဒီးလ်ကိုလက်နှင့်လည်းကောင်း၊ ဒတ်ချ်လူမျိုး မဟာပညာကျော် အီရာမွတ် နှင့်လည်းကောင်း ခင်မင်ရင်းနှီးခဲ့သည်။ တစ်ခါတုန်းက ကက်သလစ်ရဟန်းဘောင် သို့ ကူးပြောင်းရန် ဆန္ဒဖြစ်ခဲ့ဖူးသော် လည်း ဘုန်းတော်ကြီးဖြစ်မလာခဲ့ပေ။ သောမတ်မိုးသည် ဂျွန်ကိုးလ်လက်၏ သမီးအကြီးဆုံး ဂျိန်းကိုးလ်နှင့် အိမ်ထောင် ပြုခဲ့သည်။ ထိုအချိန်သည် အင်္ဂလန်တွင် သတ္တမမြောက်ဘုရင် ဟင်နရီ နတ်ရွာစံ ချိန် ဖြစ်လေသည်။ သောမတ်မိုးနှင့် ဂျိန်း ကိုးလ်တို့တွင် သားသမီးလေးယောက် ထွန်းကားခဲ့ပြီးနောက် ဂျိန်းကိုးလ် ကွယ် လွန်ခဲ့သည်။ ထို့နောက် သောမတ်မိုး သည် သူ့ထက်အသက် ခုနစ်နှစ်ကြီးသူ မုဆိုးမ အဲလစ်မစ်ဒယ်ဖန်နှင့် အိမ်ထောင် ပြုပြန်လေသည်။

သောမတ်မိုးရေးသားခဲ့သည့် ယူတို ပီးယား(Utopia)စာအုပ် ထုတ်ဝေခဲ့ရာ ၎င်းစာအုပ်သည် လူကြိုက်များပြီး အလွန် နာမည်ကြီးစာအုပ် ဖြစ်ခဲ့သည်။ အင်္ဂလန် တွင် နောက်ထပ်နန်းတက်လာသူ ဘုရင် ဟင်နရီ(အဋ္ဌမမြောက်) (Henry VIII)က သောမတ်မိုး၏အရည်အချင်းကို သဘော ကျသဖြင့် သောမတ်မိုးကို ဖလင်းဒါးသို့ ကုန်သွယ်ရေးသံတမန်အဖြစ် ခန့်အပ်စေ လွှတ်ခဲ့သည်။ ထို့နောက် ဘုရင်ဟင်နရီ က သောမတ်မိုးအား 'ဆာ'ဘွဲ့(Sir) ချီး မြှင့်ပြီး အင်္ဂလန်တရားသူကြီးချုပ် (Lord Chancellor) အဖြစ် ခန့်အပ်လေသည်။ သောမတ်မိုးသည် ကက်သလစ်ဘာသာ ကိုးကွယ်သူဖြစ်၍ ကက်သလစ်ဘာသာ ကို အလွန်ယုံကြည်ကိုင်းရှိုင်းသူ ဖြစ်သည့် အလျောက် ပုပ်ရဟန်းမင်းကြီး၏ ဩဇာ အာဏာကို အလွန်ယုံကြည်နာခံသူ ဖြစ် သည်။ သူ၏ စာပေအရေးအသားဖြင့် ကက်သလစ်အသင်းတော်ကို အယူဝါဒ တိမ်းစောင်းမှုမှ ကာကွယ်နိုင်ခဲ့သည်။

ဘုရင်ဟင်နရီသည် မိဖုရားကြီး ကက်သရင်းအာရဂွန် (Catherine Aragon) ကို ကွာရှင်းပြတ်စဲလိုက်ပြီး အန်းဘိုလင်း(Ann Boleyn) ဆိုသူ အမျိုး သမီးငယ်တစ်ဦးနှင့် လက်ထပ်လိုက်လေ သည်။ သောမတ်မိုးက ဘုရင်ဟင်နရီ၏ ပြုမူလုပ်ဆောင်ချက်တို့ကို သဘောမကျ ဖြစ်နေပြီး ကက်သလစ်အသင်းတော်၏ သွန်သင်ချက်နှင့် မကိုက်ညီသည့်အတွက် ဘုရင်ဟင်နရီ လက်ထပ်ထိမ်းမြားခြင်းကို ထောက်ခံမှုမပြုဘဲ ငြင်းဆန်ကန့်ကွက်ခဲ့ သည်။ သောမတ်မိုး၏ ငြင်းဆန်ကန့် ကွက်မှုအပေါ် ဘုရင်ဟင်နရီ အမျက် ဒေါသ အလွန်ထွက်ခဲ့သည်။ ထို့အတူ သောမတ်မိုးသည် အင်္ဂလန်တရားသူကြီး ချုပ်အဖြစ်မှ နုတ်ထွက်ခဲ့သည်။ ထိုအခါ ဘုရင်ဟင်နရီသည် ကက်သလစ်အသင်း တော်မှ ခွဲထွက်၍ အင်္ဂလန်ခရစ်ယာန် အသင်းတော်ကို တည်ထောင်လိုက်ပြီး သူ့ကိုယ်သူ အသင်းတော်၏ဦးသျှောင်ဘွဲ့ (Supreme) ကို ခံယူခဲ့သည်။ သူ့ကို ဆန့် ကျင်သူမှန်သမျှအား နိုင်ငံတော်သစ္စာ ဖောက်သူအဖြစ် သတ်မှတ်ကြေညာခဲ့ သည်။ ဘုရင်ဟင်နရီသည် သောမတ်မိုး ကို အခဲမကျေနိုင်သေးဘဲ ဘုရင်ကို အာ ခံသူသည်လည်း၊ နိုင်ငံတော်သစ္စာဖောက် သည်ဆိုကာ သောမတ်မိုးကို ဖမ်းဆီးခဲ့ သည်။ ဘုရင်ဟင်နရီက သောမတ်မိုး သည် သူ၏အမိန့်နှင့် အခွင့်အာဏာကို ဦးထိပ်ပန်ဆင်သူ၊ သစ္စာစောင့်သိသူဖြစ် ကြောင်း သိသော်ငြားလည်း၊ ထိုကိစ္စတွင် သောမတ်မိုးသည် ဘုရင်ဟင်နရီ၏ အလို ဆန္ဒထက် ဘာသာရေးကို ပို၍အလေး ပေးခဲ့သည်၊ သောမတ်မိုးနှင့်အတူ အကျဉ်း ကျခံနေရသူမှာ ရိုချက်စတာမြို့မှ ဘိရှော့ ဂျွန်ဖစ်ရှားပင် ဖြစ်လေသည်။ ထို့နောက် ဘုရင်ဟင်နရီက သောမတ်မိုးနှင့် ဘိရှော့ ဂျွန်ဖစ်ရှားတို့အား အယူခံခွင့်ပေးခဲ့သည်။ သို့ရာတွင် ၎င်းတို့နှစ်ဦးစလုံးက အယူခံ ခွင့်ကို ငြင်းဆန်ခဲ့ကြသည်။ ထိုအခါ ဒိမ်း အဲလစ်(Dame Alice) ဆိုသူက သော မတ်မိုးအား ဘုရင့်အလိုတော်အတိုင်း ခေါင်းညိတ်၍ လွတ်လပ်ခွင့်ရယူရန် တိုက် တွန်းပြောကြားခဲ့ရာ သောမတ်မိုးက "ခင်ဗျားဘာယ်လိုပြောလိုက်တာလဲ ... အဲလစ်။ ငါ့အဖို့မှာတော့ ထောင်ဆိုတာ ချယ်ဆီးမှာရှိတဲ့ အိမ်လိုပါပဲ" ဟု ပြန်ပြော လေသည်။

ရဟန္တာ စိန်အယ်ဘန်၏ အထိမ်း အမှတ်ပွဲနေ့ ကျင်းပနေစဉ် မျှော်စင်ကုန်း (Tower Hill)တွင် ဘိရှော့ဂျွန်ဖစ်ရှားကို ခေါင်းဖြတ်ကွပ်မျက်ခဲ့သည်။ ထိုမှ ၉ ရက် ကြာချိန်တွင် သောမတ်မိုးကို ဝက်စ်မင် စတာခန်းမ (Westminster Hall) ၌



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ဆောင်လာပြီး အမှုကို ကြားနာစစ်ဆေးခဲ့သည်။ တရားရုံးတော်က သောမတ်မိုးကို စွဲချက်တင်လိုက်ရာ သောမတ်မိုးက စွပ်စွဲချက်များ တစ်ခုမျှ မှန်ကန်မှုရှိကြောင်း ငြင်းဆန်ကာ ပယ်ချခဲ့သည်။ ထိုသို့ပင်ဖြစ်စေကာမူ သောမတ်မိုးကို နိုင်ငံတော်သစ္စာဖောက်မှု ကျူးလွန်ကြောင်း ထင်ရှားသည်ဟု ဆုံးဖြတ်ကာ သေဒဏ်ချမှတ်ခဲ့သည်။ တစ်ခုသော နေ့တစ်နေ့ နံနက်စောစောပိုင်းအချိန်တွင် ဆာသောမတ်ပုပ်(Sir Thomas Pope) ဆိုသူ သောမတ်မိုးထံရောက်လာပြီး ည ၉ နာရီအချိန် ကွပ်မျက်ခံရမည်ဖြစ်ကြောင်း လာရောက်သတင်းပေးခဲ့သည်။ ဘုရင်ဟင်နရီသည် သောမတ်မိုးအား ကြိုးဒဏ်ပေးကွပ်မျက်ရန်အမိန့်ကို ပယ်ဖျက်၍ သောမတ်မိုးကို ခေါင်းဖြတ်ကွပ်မျက်ရန် အမိန့်ပြောင်းလဲသတ်မှတ်ခဲ့သည်။ သည့်အတွက် သောမတ်မိုးက ဆာသောမတ်ပုပ်အား ကျေးဇူးတင်စကားပြောကြားပြီး ဘုရင်ဟင်နရီအတွက် ဆုတောင်းပေးမည်ဟု ပြောကြားခဲ့သည်။ သူငယ်ချင်းဖြစ်သူ ဆာသောမတ်ပုပ် ရှိုက်ငိုနေသည်ကိုပင် နှစ်သိမ့်ပေးလိုက်သေးသည်။ ထို့နောက် သောမတ်မိုးသည် အကောင်းစားအဝတ်အစားများကို ဝတ်၍ မျှော်စင်ကုန်းရှိရာသို့ တဖြည်းဖြည်းဆက်သွားရင်း လမ်းတွင် တွေ့သမျှသူများကို စကားပြောခဲ့သည်။ ခေါင်းဖြတ်စက်စင်ပေါ်သို့ တက်စဉ်ကလည်း အစောင့်အကျပ်များကို နောက်ပြောင်ကျီစယ်ခဲ့သေးသည်။ သောမတ်မိုးသည် သူအင်တန်မှ ယုံကြည်ကိုးရှိုင်းသည့် မွန်မြတ်သန့်ရှင်းသော ကက်သလစ်အသင်းတော်အတွက် အသေခံခဲ့ကြောင်း၊ သူ ရှင်ဘုရင်၏ အစေခံကောင်းတစ်ဦး ဖြစ်ခဲ့သော်လည်း ဘုရားသခင်၏တပည့်ကောင်းတစ်ယောက် အလျှင်အဦးဖြစ်ခဲ့ကြောင်း ပြောဆိုပြီးနောက် လူထုပရိသတ်ကို မေတ္တာပို့ဆုတောင်းပေးခဲ့သေးသည်။ ထို့နောက် လက်တင်ဘာသာစကားဖြင့် "ဘုရားသခင်သနားတော်မူပါ" (Miserere) ဆိုသည့် ကျမ်းပိုဒ်ကို ရွတ်ဆိုခဲ့သည်။ သူ့ကိုကွပ်မျက်ရာတွင် ပါဝင်သည့် ပါးကွက်သားများကို နမ်း၍ အားပေးစကားပြောကြားခဲ့သည်။ ထို့နောက် သူ့မျက်နှာကိုအုပ်၍ မုတ်ဆိတ်ကို သေချာစွာရိတ်လိုက်ပြီး ခေါင်းဖြတ်အသေခံခဲ့သည်။ သောမတ်မိုးကွယ်လွန်ချိန်တွင် အသက် ၅၇ နှစ်သာ ရှိသေးသည်။ သောမတ်မိုးအား ခေါင်းဖြတ်ကွပ်မျက်လိုက်သည့် သတင်း အင်္ဂလန်နိုင်ငံတစ်ဝန်းလုံးနှင့် ဥရောပတစ်ခွင်သို့ ပျံ့နှံ့သွားကာ တုန်လှုပ်ချောက်ချားမှု ဖြစ်ခဲ့လေသည်။

"ဒီလို ရှိသေလေးစားအပ်တဲ့ တိုင်ပင်ဖော် တိုင်ပင်ဖက်တစ်ဦး ဆုံးရှုံးသွားတာထက် ကျုပ်အုပ်ချုပ်တဲ့နိုင်ငံပိုင်နက်ထဲက အကောင်းဆုံးမြို့တော်သာ ဆုံးရှုံးသွားရမှာ"ဟု ရောမဧကရာဇ် ပဉ္စမမြောက် ချားလ်စ်(Charles V)က မိန့်ခွန်းပြောကြားရာတွင် ဝမ်းနည်းစွာ ထည့်သွင်းပြောကြားခဲ့သည်။ သောမတ်မိုး၏ မိတ်ဆွေတစ်ဦးဖြစ်သူ အီရာမတ်ကလည်း "ငါလည်း သူနဲ့အတူတူ သေဆုံးသွားသလိုပါပဲ"ဟု ထစ်ထစ်ငေါ့ငေါ့ ပြောရှာခဲ့သည်။ သောမတ်မိုးကွပ်မျက်ခံရပြီး တစ်နှစ်အကြာတွင် မိဖုရားအန်းဘိုလင်းကိုလည်း ကွပ်မျက်ခဲ့သည်။ ထို့နောက် ဘုရင်ဟင်နရီသည် အခြားမိန်းမပျိုတစ်ဦးနှင့် တတိယအကြိမ် လက်ထပ်ခဲ့ပြန်သည်။ ၎င်းတို့လက်ထပ်ပြီး တစ်နှစ်အကြာတွင် ဘုရင်ဟင်နရီ အနှစ်နှစ်အလလ ရှည်ကြာစွာ မျှော်မှန်းတောင့်တခဲ့သည့်အတိုင်း သားယောက်ျားလေးကို ဖွားမြင်ခဲ့သည်။ သားတော်ကို ဆဋ္ဌမမြောက် အက်ဒွတ်(Edward VI)အဖြစ် ထီးနန်းဆက်ခံစိုးစံစေခဲ့သည်။ သို့ရာတွင် သောမတ်မိုး ကြိုတင်မျှော်တွေးခဲ့သည့်အတိုင်း အက်ဒွတ် VI သည် အသက် ၁၆ နှစ်အရွယ်တွင် နတ်ရွာစံတော်မူခဲ့သည်။ သောမတ်မိုး၏ ခန္ဓာကိုယ်ကို မျှော်စင်ကုန်းအတွင်းရှိ စိန့်ပီတာအက်ဗင်ကျူလာဘုရားကျောင်း (St. Peterad Vincula) ဝင်းတစ်နေရာတွင် မြှုပ်နှံခဲ့သည်။ သောမတ်မိုး၏ ဦးခေါင်းကိုမူ အများမြင်သာအောင် လန်ဒန်တံတားတွင် ချိတ်ဆွဲထားခဲ့သည်။ အဆိုပါ သောမတ်မိုး၏ဦးခေါင်းကို မာဂရက်ရိုပါ (Margaret Roper) ဆိုသူ မိန်းမတစ်ယောက်က တောင်းယူ၍ ကင်တာဘာရီ (Canterbury) ၏ အနောက်ဘက် တံခါးအပြင်ဘက်ရှိ စိန့်ဒန်စတန်(St. Dunstan) ဘုရားကျောင်းတွင် သိမ်းဆည်းထားလေသည်။

၁၉၃၅ ခုနှစ်တွင် ကက်သလစ်အသင်းတော်က သောမတ်မိုးအား ရဟန္တာ(Saint)အဖြစ် တင်မြှောက်ပေးပြီး နှစ်စဉ်နှစ်တိုင်း ဇွန်လ ၂၂ ရက်နေ့ကို စိန့်သောမတ်မိုးပွဲနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပရန် သတ်မှတ်ခဲ့သည်။ သောမတ်မိုးသည် လန်ဒန် မျှော်စင်ကုန်းတွင် သေဒဏ်အမိန့် စောင့်ဆိုင်းနေစဉ် "မရဏာနှင့် ရင်ဆိုင်ရာဝယ်" ဆိုသော ကဗျာတစ်ပုဒ်ကို ရေးသားစပ်ဆိုခဲ့သည်ဟု ဆိုပါသည်။

**မောင်မောင်စန်းထွေး**

<u>ကျမ်းကိုး</u>

မျိုးကြဲသူသတင်းစာစောင်
(၂၀၀၉၊ အောက်တိုဘာ)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ကျေးဇူးသစ္စာ

✻ မုံရွာ - ဖေအောင်စကြာ

(၁)

တစ်နေ့သ၌ ကျွန်ုပ်သည် ဟုတလင်မြို့ကြောင်ပန်းတောရကျောင်းတွင် ဘုရားပွဲရှိသဖြင့် စက်ဘီးဖြင့် ထွက်ခွာလာခဲ့ပေ၏။ စည်ကားလှသော ဘုရားပွဲတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ဈေးသည်များ။ ဈေးဝယ်များဖြင့် အရောင်အသွေးစုံလင်စွာဖြင့် စည်ကားလျက်ရှိပေတော့သည်။

ကျွန်ုပ်သည် စက်ဘီးအပ်နှံသော နေရာတွင် စက်ဘီးကို အပ်နှံ၍ ပွဲဈေးတန်းအတိုင်း လမ်းလျှောက်၍ ကြည့်ရှုခဲ့ရာ ရောင်းသူ ဝယ်သူများ၊ အလုကန်စားသောက်ဖွယ်ရာ ဒိန်သုံးအထွေထွေ ပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများဖြင့် အမျိုးစုံလင်လှပေ၏။

ရှုတိုင်းယဉ်၊ ကြည့်တိုင်းလှသော လုံမပျိုများကလည်း အလှချင်းပြိုင်လျက်ရှိပေတော့သည်။ ကျွန်ုပ်သည် ဘုရားပွဲဈေးအတိုင်း ဆက်၍လျှောက်လာခဲ့ရာ ဘုန်းကြီးကျောင်းအဝင်ဝသို့ ရောက်သောအခါ လုံမပျိုနှစ်ဦးမှ ကျွန်ုပ်အား ဦးလေးက ဗေဒင်ဆရာလားဟု မေးလေ၏။ ကျွန်ုပ်လည်း ဗေဒင်သည်ဖြစ်ကြောင်း ရှင်းပြပြီး အကျိုးအကြောင်း မေးမြန်းကြည့်ရာ မုံရွာမြို့တောင်ဘက် တောဘုရွာမှဖြစ်ကြောင်း သိရပေ၏။

တွင်းတောင်မှ လှည်းဖြင့် ပြန်လာခဲ့ရာ လမ်းတွင် ကားဖြင့်ရောင်လိုက်စဉ် မျက်စိအတွင်း အမှုန်များဝင်သွားသဖြင့် မျက်လုံးဖွင့်မရသဖြင့် ဆေးရုံဆေးခန်း တစ်ခုခုပြသလိုကြောင်း ပြောလေ၏။ ကျွန်ုပ်မှ ဘယ်သူဖြစ်တာလဲ၊ သမီးက ဘယ်သူလဲဟု မေးမြန်းကြည့်ရာ လုံမပျိုမှာ မဝင်းမေဟု သိရပေ၏။ မိခင်ဖြစ်သူ ဒေါ်သိန်းချစ်၏ မျက်စိဖြစ်ကြောင်း သိရပေ၏။

ထိုအခါ ကျွန်ုပ်မှ ဦးလေးလိုက်ကြည့်ပေးမယ်ဟု ပြောဆို၍ မဝင်းမေတို့လှည်းဝိုင်းသို့ လိုက်ပါခဲ့ပေ၏။ လှည်းဝိုင်းသို့ ရောက်သောအခါ မဝင်းမေ၏ မိခင်သည် မျက်နှာကို လက်နှင့်အုပ်ထားသည်ကို တွေ့ရပေတော့သည်။ အခြေအနေကို မေးကြည့်ရာ ကားနှင့်ရောင်ရင်း ဖုန်မှုန့်များဝင်သွားခြင်းဖြစ်ကြောင်း၊ ယခုမျက်လုံးထဲမှ နီးလိုးခုလုနှင့် ဖွင့်မရတော့ကြောင်း ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် မဝင်းမေထံမှ ရေဇလုံတစ်လုံးတောင်းယူ၍ ရေအပြည့်ထည့်ရပေ၏။ အနီးတွင်ရှိသော အအေးဆိုင်မှ ပိုက်တစ်ချောင်း တောင်းယူ၍ ရေဇလုံအတွင်း လက်နှင့်မွှေနှောက်ပြီး ကျွန်ုပ်ပြုခဲ့သော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာ ကုသိုလ်တို့ကိုလည်းကောင်း၊ မေတ္တာပို့သခြင်း၊ သစ္စာဆိုခြင်းအမှုကို ပြုလုပ်၍ ဒေါ်သိန်းချစ်အား ရေဇလုံအတွင်း မျက်လုံးကို ဖွင့်ချည် ပိတ်ချည် လုပ်နိုင်းရလေ၏။

ထိုအခါ ကျွန်ုပ်မှ ပိုက်ကလေးဖြင့် ရေများအား ပုစီပေါင်းကလေးများထလာအောင် ဖြေးညင်းစွာ မှုတ်ပေးလေ၏။ ထိုပုစီပေါင်းကလေးသည် မျက်လုံးအတွင်းသို့ ရေလှိုင်းလေးများသဖွယ် သွားရောက်ရိုက်ခတ်လေရာ မျက်လုံးအတွင်း ဝင်ရောက်နေသော ဖုန်များ၊ သဲများသည် ရေဇလုံအတွင်းသို့ ကျလာပေတော့သည်။ ထိုအခါမှ ဒေါ်သိန်းချစ်သည် ပြုံးနိုင်၊ ရယ်နိုင်ပေတော့သည်။ ကျွန်ုပ်အား လွန်စွာကျေးဇူးတင်ကြောင်း တောဘုရားသို့ လာရောက်လည်ပတ်ရန်လည်း ဖိတ်ခေါ်လေ၏။

အိမ်ပြန် လက်ဆောင်ဝယ်ထားသော မုန့်များကိုလည်း ကျွေးလေ၏။ ငွေ ၅၀ိ/-ကိုလည်း ကန်တော့လေ၏။ ကျွန်ုပ်မှ ထိုငွေကို မယူဘဲ ဝိုင်း၍ လက်ဖက်ရည်သောက်ရန် အကြံပြုလိုက်ရာ ပွဲဈေးတန်းလေးအတွင်းရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် လက်ဖက်ရည်သောက်ကြလေ၏။ လက်ဖက်ရည်သောက်ရင်း စကားပြောကြရာ ဒေါ်သိန်းချစ်မှ ကျေးဇူးတင်ကြောင်း အထပ်ထပ်ပြောလေ၏။

ကိုသန်းဝင်းဆိုသူမှ ကျွန်ုပ်၏ အမည်နှင့် အလုပ်အကိုင်ကိုမေးမြန်းရာ ကျွန်ုပ်မှ အမည်နှင့် အလုပ်အကိုင်ကို ပြောပြလိုက်ရာ ဒေါ်သိန်းချစ်မှ ရေနွေးကြမ်းတစ်ခွက်ကို သောက်ရင်း ဒါဆိုရင် အတော်ပဲ၊ ဆရာလေးကို ကျေးဇူးတင်တယ်၊ ကျေးဇူးဆပ်တဲ့အနေနဲ့ ကျွန်မအဖေရဲ့ အကြောင်းကို ပြောပြမယ်။ ဆရာအဆင်ပြေသလို ရေးပေါ့ဟု ပြောဆို၍ ကျွန်ုပ်အား အံ့မခန်း ထူးခြားဆန်းကြယ်သော ဇာတ်လမ်းတစ်ပုဒ်အားပြောပြပေတော့သည်။

ဒေါ်သိန်းချစ်၏ ဖခင်ဦးထွန်းကျော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော ဇာတ်လမ်း၊တွင် အံ့မခန်းထူးခြားဆန်းကြယ် အံ့သြဖွယ်ရာ၊ ကြည်နူးဖွယ်၊ အတုယူဖွယ်ရာ စသော ရသပေါင်းများစွာ ပါဝင်၍နေပေရာ ဝေနေယျများစွာ သတ္တဝါတို့၏ ချမ်းသာ၊ သုခကို ရှေးရှု၍ ကောင်းမြတ်သော စိတ်စေတနာဖြင့် ဤဝတ္ထုကို ရေးသားတင်ပြလိုက်ရပေသည်။ ဤတွင် ကျွန်ုပ်ရေးသားစီရင်အပ်သော အံ့မခန်းထူးခြားဆန်းကြယ် "ကျေးဇူးသစ္စာ" အမည်ရှိ တကယ့်ဖြစ်ရပ်မှန် ဝတ္ထုတစ်ပုဒ် ဖြစ်ပေါ်လာရတော့ပေသတည်း။

(စာရေးသူ)

## (၂)

အချိန်က ၁၉၄၂ ခုနှစ်...

မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့တို့၏ လက်အောက်တွင် ကျရောက်နေသော အချိန်ကာလဖြစ်ပေ၏။ အမျိုးဘာသာ သာသနာအတွက် နယ်ချဲ့တော်လှန်ရေး ကြီးကို ဆင်နွှဲခဲ့ကြပေ၏။ နယ်ချဲ့တို့ သည် မြန်မာမျိုးချစ် သူရဲကောင်းတို့၏ သူ့ကျွန်မခံ ဇာတိမာန်တို့ကြောင့် တစ် ပြည်လုံး ငြိမ်ဝပ်ပိပြားအောင် မစွမ်း ဆောင်နိုင်ခဲ့ပေ။

တစ်နိုင်ငံလုံး ကိုလိုနီလက်အောက် သို့ ကျရောက်နေသော်လည်း တိုင်းပြည် ကိုချစ်သော၊ လူမျိုးကိုချစ်သော မျိုးချစ် စိတ်ဓာတ်တို့ကို ရိုက်ချိုးဖျက်ဆီး မပြု နိုင်ခဲ့။ မြန်မာနိုင်ငံတွင်ရှိ မြေပေါ်မြေ အောက် သယံဇာတများကို မတရားယူ ဆောင်ရုံသာမက နယ်ချဲ့အစိုးရ တော်လှန်သူမှန်သမျှ သူပုန်ဟု စွပ်စွဲ ရက်စက်စွာ သတ်ဖြတ်ကြလေ၏။

ဆရာတော် ဦးဝိစာရ ဆရာတော် ဦးဥတ္တမစသော ရဟန်းအာဇာနည်များ သာမက ဗိုလ်မင်းရောင်၊ ဝန်းသို ဘုရားဦးအောင်မြတ်၊ ကချင်ဒူးဝါးဆော တော်၊ ဆရာစံ၊ သခင်ဖိုးလှကြီး ထိပ်တန်းခေါင်းဆောင်များအား သွင်းအကျဉ်းချခြင်း၊ ကြိုးပေးသတ် ခြင်းတို့ကို ပြုလုပ်ခဲ့ပေ၏။ ၁၃၀၀ အရေးတော်ပုံ၊ ရေနံမြေသပိတ်၊ သားသပိတ် စသည်ဖြင့် အမျိုး

www.burmeseclassic.com

www.burmeseclassic.com

သော ဝံသာနုရက္ခိတ တရား နှီးထခဲ့ရပေ၏။ မျိုးချစ်လူငယ်တို့ စုဖွဲ့ကြလေ၏။ ထိုအချိန်က ဥရောပစစ်မျက်နှာတွင် ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွားလျက်ရှိပေသည်။ ဝန်ရိုးစွန်း သုံးနိုင်ငံဖြစ်သော အီတလီ၊ ဂျာမနီ၊ ဂျပန်တို့သည် စစ်အင်အားအလွန်ကြီးမားသည့် စစ်နိုင်ဘုရင်စွမ်းအားရှင်များ ဖြစ်ခဲ့ပေ၏။

တိုက်တိုင်းအောင် ဖြစ်နေသော ဂျပန်မိုပွန်တပ်မတော်မှ ဗိုလ်မှူးကြီး ဆူဇူကီးနှင့် ဆက်သွယ်မိလေ၏။

ဂျပန်တပ်မတော်၏ ကူညီမှုဖြင့် မျိုးချစ်လူငယ် ရဲဘော်သုံးကျိပ်သည် ပင်ပန်းဆင်းရဲကြီးစွာ စစ်ပညာသင်ယူပြီး ၁၉၄၁ ခု၊ ဒီဇင်ဘာလ (၂၆)ရက်နေ့တွင် ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့သို့ မြန်မာမျိုးချစ်ပုဂ္ဂိုလ် ဆေးဆရာကြီး ဦးလွန်းဖေ၏ နေအိမ်ဝယ် လက်မောင်းသွေးကိုဖောက် ငွေသွားသစ္စာရေသောက်ကာ၊ ဗမာ့လွတ်လပ်ရေးတပ်မတော် (B.I.A)ကို ဖွဲ့စည်းခဲ့လေသည်။

အရှေ့တောင် အာရှတလွှား စစ်အင်အားကြီးမားသော ဂျပန်တပ်မတော်နှင့်ပူးပေါင်း၍ မြန်မာပြည် သိမ်းတိုက်ပွဲကြီးကို ဆင်နွှဲခဲ့ရာ နယ်ချဲ့တို့သည် အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေးခဲ့ရလေတော့သည်။ နယ်ချဲ့တို့သည် မြေလှန်စနစ်ကို ကျင့်သုံး၍ စစ်ဆင်ခဲ့ရာ ဆုတ်ခွာရာလမ်းတစ်လျှောက် စစ်လမ်းကျရာ ရွာတချို့ အထိနာခဲ့ပေ၏။

ထင်ရှားသော ဖြစ်ရပ်များမှာ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့တွင် (၂၇)ယောက် ရက်စက်စွာ သတ်ဖြတ်ခဲ့ကြပေ၏။ ထိုအချိန်က စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ တောဘုရွာသား ဦးစံဖေသည် မိသားစုများနှင့်အတူ နေထိုင်ရင်း ဗမာ့တပ်မတော်၏ အောင်ပွဲသတင်းများကိုသာ နားစွင့်နေရရှာလေ၏။

တစ်နေ့တွင် ပြင်းထန်သော ပေါက်ကွဲသံများနှင့်အတူ ချင်းတွင်းမြစ်အထက်ပိုင်း အလုံဟစ်ဝိုက်တွင် ဂျပန်တပ်နှင့် အင်္ဂလိပ်တပ်တို့ တိုက်ပွဲများ ဖြစ်ပွားခဲ့ပေတော့သည်။ ဦးစံဖေ၏ မိသားစုသည် ဖုံးခိုကျင်းအတွင်း ဝင်ရောက်ခိုလှုံရင်း ဂျပန်တပ်မတော်မှ အနိုင်ရပါစေရန် အကြိမ်ကြိမ်အခါခါ ဆုတောင်း၍ နေမိပေတော့သည်။

နောက်တစ်နေ့တွင် သတင်းဆိုးကြီးတစ်ခုကို ကြားလိုက်ရပေတော့သည်။ ဆုတ်ခွာ ထွက်ပြေးလာသော အင်္ဂလိပ်စစ်တပ်သည် အိုးဘိုတောင်ရွာအနီးတွင် ခေတ္တစခန်းချလျက် ရှိပေသည်။ အိုးဘိုတောင်နှင့် မလှမ်းမကမ်းတွင်ရှိသော ညောင်ကန်ရွာလေးသို့ သတင်းထောက်လှမ်းရန် တင့်ကားတစ်စီးနှင့် တပ်စုတစ်စုကို စေလွှတ်လိုက်လေ၏။ ရွာထဲသို့ဝင်၍ ရှင်းလင်းရာ တစ်စုံတစ်ရာ ထူးခြားမှုမရှိသော်လည်း ရွာအထွက်တွင် ချင်းတွင်းမြစ်အတွင်း ဆန်တက်လာသော စက်လှေငယ်ပေါ်တွင် ပါလာခဲ့သော ဂျပန်တပ်နှင့် တွေ့ဆုံကာ တိုက်ပွဲဖြစ်ပွားခဲ့ပေ၏။

အင်္ဂလိပ်စစ်တပ်မှ အထိအခိုက် အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေးခဲ့ရပေ၏။ အသက်မသေဘဲ ထွက်ပြေးလွတ်မြောက်သွားသော စစ်သားများက ထိုရွာမှဂျပန်အား သတင်းပေးသည်ဟု သတင်းပို့ခဲ့ရာ အင်္ဂလိပ်စစ်တပ်ရှိ တင့်ကားမှ အမြောက်စစ်သေနတ်တို့ဖြင့် ပစ်ခတ်ခြေမှုန်းခဲ့ရာ အပြစ်မဲ့သော ရွာသား (၄၇)ယောက်သေဆုံးပြီး အများအပြား ဒဏ်ရာ ရရှိခဲ့ပေတော့သည်။

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် များမကြာမီတွင် တောဘုရွာလေးသို့ ဘုန်းတော်ကြီးတစ်ပါး ရောက်လာလေ၏။ သူလျှိုဟု ထင်မှတ်၍ မည်သူမှ လက်မခံ၊ စိတ်ကောင်းနှလုံးကောင်းရှိသော ဦးစံဖေသည် ထိုဘုန်းတော်ကြီးအားနေအိမ်သို့ပင့်ဆောင်ပြီး ဆွမ်း၊ ကွမ်း၊ လက်ဖက်၊ ဆေးလှူဒါန်း၍ သီတင်းသုံးစေ၏။

ခေတ်ကာလ မကောင်းသော ကာလဖြစ်၍ ဘုန်းကြီးတစ်ပါးအား နေအိမ်တွင် ပင့်ဆောင်ထားခြင်းမှာ လွန်စွာတာဝန်ကြီးလှပေသည်။ ထိုဘုန်းတော်ကြီးသည် ပြည်ဖက်ကဖြစ်ပြီး ဘွဲ့တော်မှာ ဦးထိန္နဟု ခေါ်လေ၏။ ဦးစံဖေ၏နေအိမ်တွင် တစ်ပတ်ခန့်သီတင်းသုံးပြီး ပြည်သို့ ပြန်ကြွလေ၏။ စစ်ကြီးအတွင်း ခရီးသွားရခြင်းမှာ အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com

များလှပေတော့သည်။ ဘုန်းကြီး ဦးထိန္နသည် မြန်ခါနီး ဦးစံဖေ၏ သားသုံးယောက်အား ဘုရားစင်ဝယ် ငါးပါးသီလခံယူပြီး ဦးခေါင်း၊ ပါးစပ်၊ လက်တို့တွင် ဆေးပေါက်ပေးလေ၏။

ကံငါးပါးကို လုံအောင်ထိန်း၊ မတရားတာမလုပ်နဲ့၊ တစ်ယောက်စွမ်း လိမ့်မည်ဟူသော မိန့်တော်မူလေ၏။ စစ်အတွင်းကာလဖြစ်နေ၍ ဘာစွမ်းမှန်းမသိကြ၊ ဂျပန်တို့သည် မြန်မာတစ်နိုင်ငံလုံးအား သိမ်းပိုက်ထားသော်လည်း တည်ငြိမ်မှုကာမရှိသေးပေ။

ဦးစံဖေသည် မြို့သို့ အရောင်းအဝယ်သွားသည့်အခါတိုင်း သားတစ်ယောက်ကို ခေါ်သွားလေ့ရှိလေ၏။ သားအကြီးများဖြစ်ကြသော ထွန်းတင်နှင့် ထွန်းခင်ပါလေတိုင်း ပြဿနာဖြစ်ခြင်း၊ အဆင်မပြေဖြစ်ခြင်း၊ အခက်အခဲမျိုးနှံ့ ကြုံတွေ့ရတတ်သော်လည်း အငယ်ဆုံးသားလေး ထွန်းကျော်အား ခေါ်ဆောင်သွားပါက ဂျပန်တပ်များနှင့် တွေ့ဆုံ၍ ကြက်တစ်ဝိသာ၊ ငွေတစ်ဝိသာနှင့် အရောင်းအဝယ်ဖြစ်သည်ကို ထူးခြားဆန်းကြယ်စွာ ကြုံတွေ့ခဲ့ရပေတော့သည်။

အကြေးတောင်းနိုင်းခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်းတို့၌ ထွန်းကျော်ပါလာလျှင် အားလုံးအဆင်ပြေလေ၏။ ထိုသို့နေလာခဲ့ရာ ၁၉၄၅ ခု၊ ဩဂုတ်လ (၈) ရက်နေ့တွင် အမေရိကန်တို့ဖက်မှ ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့နှင့် နာဂါစကီမြို့ပေါ်သို့ အနုမြူဗုံးကြဲချလိုက်ရာ ဂျပန်တို့လက်နက်ချ၍ စစ်ကြီးပြီးဆုံးသွားခဲ့ပေတော့သည်။

ဗမာ့တပ်မတော်မှ ၁၉၄၅ ခု၊ မတ်လ (၂၇)ရက်နေ့တွင် ပြည်သူတစ်ရပ်လုံးပါဝင်သော ဖက်ဆစ်ဂျပန်တော်လှန်ရေးကြီးကို ဆင်နွှဲခဲ့ပေတော့သည်။ ထိုသို့ ဖက်ဆစ်ဂျပန်ကို တော်လှန်နေစဉ် ကာလအတွင်းဝယ် မောင်ထွန်းကျော်သည် တစ်ဆွာတည်းနေသော မလုံးတင်နှင့် အကြောင်းပါလေတော့သည်။

မောင်ထွန်းကျော်သည် မိဘများ ခွဲပေးသော လယ်ယာမြေများနှင့် ရိုးသားစွာလုပ်ကိုင်စားသောက်ခဲ့ရာ ၁၉၄၈ ခု ဇန်နဝါရီလ (၄)ရက်နေ့တွင် မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိခဲ့ပေတော့သည်။ ထိုနှစ်မှာပင် သမီးအကြီး သိန်းချစ်ကို ဖွားမြင်လေတော့သည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းစစ်ကြီးလည်း စတင်ခဲ့ပေတော့သည်။

တစ်နေ့တွင် မောင်ထွန်းကျော်တစ်ယောက် လယ်ကွက်အတွင်း လယ်ထွန်နေစဉ် လှပ်စွာထူးခြားဆန်းကြယ်သော ကျောက်လက်ငါးလေးတစ်ဖက်ကို ရရှိခဲ့ပေတော့သည်။ အရွယ်မှာ လသားအရွယ် ကလေးငယ်တစ်ဦး၏ လက်ကလေးပင်ဖြစ်လေ၏။ ကလေးငယ်တစ်ဦး၏ လက်ကလေးပြတ်၍ ကျောက်ဖြစ်နေသလား။ ကျောက်သားစင်စစ်မှ လက်ဖြစ်လာသလား။ မောင်ထွန်းကျော်တိတိကျကျမသိ။ ထူးဆန်းသည့် ပစ္စည်းမို့ ဆေးကြောသုတ်သင်၍ နေအိမ်သို့ ယူဆောင်လာခဲ့ပေတော့သည်။ မောင်ထွန်းကျော်သည် နေအိမ်သို့ရောက်သောအခါ ဇနီးဖြစ်သူနှင့် သမီးဖြစ်သူအား လယ်ကွက်အတွင်းမှ ရရှိသော ကျောက်လက်ဝါးလေးအား ပြသလေ၏။

ဇနီးသည် မလုံးတင်သည် ကျောက်လက်ဝါးလေးအား ကြည့်ကာ ဖဲ့အားသင့်နေသော်လည်း သမီးဖြစ်သူ သိန်းချစ်သည် ကျောက်လက်ဝါးလေးအား လွန်စွာနှစ်သက်၍ ဆော့ကစားလျက်ရှိပေတော့သည်။ တစ်အိမ်သားလုံးမှ ကျောက်လက်ဝါးလေးအား မိသားစုတစ်ဦးသဖွယ် ချစ်ခင်လျက်ရှိပေ၏။

မောင်ထွန်းကျော်သည် ကျောက်လက်ဝါးလေးအား သမီးဖြစ်သူ ဆော့ကစား၍ ပျောက်ပျက်သွားမည်ကို စိုးရိမ်သဖြင့် သမီးဖြစ်သူကို ချော့မော့၍ ကျောက်လက်ဝါးလေးကို ငှက်ပျောဖက်နှင့် အထပ်ထပ်ထုပ်ပြီး ရေတွင်းအနီးဝယ် မြှုပ်နှံ၍ ထားခဲ့ပေတော့သည်။ လယ်ယာလုပ်ငန်းများကို လုပ်ကိုင်၍နေခဲ့ရာ ကျောက်လက်ဝါးလေးအား မေ့မေ့ပျောက်ပျောက် ဖြစ်၍ နေခဲ့ပေတော့သည်။

(၄)

ကျောက်လက်ဝါးလေးအား မေ့မေ့ပျောက်ပျောက်နေလာခဲ့ရာ တစ်နေ့တွင်



www.burmeseclassic.com

www.burmeseclassic.com

မောင်ထွန်းကျော်တို့ ရွာလေးသို့ အလံနီ ကွန်မြူနစ်များ ဝင်ရောက်လာသဖြင့် တစ်ရွာလုံး ပြေးကြလွှားကြနှင့် မောင်ထွန်းကျော်တစ်ယောက် ခါးမျက်သွားခဲ့ပေတော့သည်။ သမီးလေးသိန်းချစ်အား အနှင်းခိုင်းသော်လည်း မပျောက်၊ ငနီးဖြစ်သူ မလုံးတင် တက်နင်းသော်လည်း မပျောက်၊ ငနီးဖြစ်သူ မလုံးတင် တက်နင်းသော်လည်း မသက်သာ၊ ရွာထဲတွင်ရှိသော အနှိပ်သည် ဒေါ်အေးနှင့် နှိပ်ပါသော်လည်း မထူးခြားခဲ့သဖြင့် ညဥ့်အိပ်စက်သောအခါ လွန်စွာ ဒုက္ခရောက်လျက်ရှိပေတော့သည်။

ခါးနာသော ဝေဒနာကြောင့် ဘယ်လူးညာလိမ့်နှင့် အိပ်၍မပျော်ခဲ့။ မှေးကနဲ အိပ်ပျော်သွားသောအခါ လွန်စွာထူးခြားဆန်းကြယ်သော အဖြစ်အပျက်က အိပ်မက်လိုလို တကယ်လိုလို ဝေဝေဝါး ဖြစ်ခဲ့ရပေတော့သည်။ ကလေးငယ်တစ်ဦးသည် သူ့အား အဖေဟုခေါ်လေ၏။

ကလေးငယ်သည် လသားအရွယ်လောက်ရှိပြီး လွန်စွာချစ်စရာကောင်းလှပေ၏။ မောင်ထွန်းကျော်သည် ထိုကလေးငယ်အား မင်းက ဘယ်သူလဲဟု မေးလေ၏။ ထိုကလေးငယ်မှ ကျွန်တော် ကျောက်လက်ဝါး အဖေ့သားလေဟု ပြောလေ၏။

အဖေကသားကို ဂရုမစိုက်ဘူး ပစ်ထားတယ်ဟု ပြောရာ မောင်ထွန်းကျော်မှ ပစ်ထားတာ မဟုတ်ပါဘူး သားရယ်၊ အဖေ ခါးနာနေလို့ လှုပ်ထောင် မလှုပ်နိုင်ဘူးဟု ပြောလိုက်ရာ ကျောက်လက်ဝါးလေးမှ ညင်သာစွာနှိပ်ပေးခဲ့ရာ ခါးအနာမှာ ယူပစ်သကဲ့သို့ ပျောက်ကင်းသွားပေတော့သည်။

ထိုနေ့မှစ၍ မောင်ထွန်းကျော်သည် ကျောက်လက်ဝါးလေးအား မိသားစုဝင်တစ်ဦးကဲ့သို့ ထမင်းများကျွေးခြင်း၊ မုန့်ပဲသွားရည်စာများကျွေးခြင်းဖြင့် စောင့်ရှောက်လေတော့သည်။ အလုပ်ကိစ္စဖြင့် သွားစရာရှိလျှင် သားရေလိုက်ခဲ့အုံးဟု ခေါ်သွားပါက လုပ်ငန်းကိစ္စများ အဆင်ပြေလေ၏။ မောင်ထွန်းကျော်၏ သမီးသိန်းချစ်သည် နားကွင်းဝတ်ချင်၍ မိဘများအား ပူဆာလေ၏။

ကလေး ဖြစ်နေသည်ကတစ်ကြောင်း၊ ရရှိရန် အကြွေးများ မရရှိသည်ကတစ်ကြောင်း ဝယ်မပေးနိုင်ဘဲရှိလေ၏။ အကြွေးများရလျှင် ဝယ်ပေးမည်ဟု ချော့ထားရလေ၏။ သိန်းချစ်သည် ရေတွင်းနားသို့သွား၍ "မောင်မောင်လေးရေ မမနားကွင်းဝတ်ချင်လို့ ပူဆာတာ ဖေဖေက ဝယ်မပေးဘူး။ အကြွေးတွေရရင် ဝယ်ပေးမယ်တဲ့၊ အကြွေးတွေရအောင် မောင်မောင်လေး တောင်းပေးပါလား"ဟု ပူဆာလေတော့သည်။ နောက်တစ်နေ့တွင် ထူးခြားဆန်းကြယ်စွာ လာရောက်ပေးဆပ်လေတော့သည်။ ကျောက်လက်ဝါးလေးသည် မောင်ထွန်းကျော်တို့ မိသားစုအတွက် တရားသောနည်းလမ်းဖြင့် လုပ်ကိုင်ပေးခဲ့ရာ စီးပွားရေးမှာ လွန်စွာအဆင်ပြေလျက်ရှိပေတော့သည်။

မိသားစုတစ်စုလုံး မျက်ရည်ပေါက်ကြီးငယ်ကျအောင် နှောင့်ယှက်ဖျက်ဆီးသူများပေါ်ပေါက်လာလျှင် သုံးကြိမ်သည်းခံလေ၏။ ထိုထက်ကျော်လွန်လာလျှင် မှတ်လောက်သားလောက်အောင် ပညာပေးတတ်လေ၏။

မိသားတစ်စုလုံး ရိုးသားစွာပင် လယ်ယာလုပ်ငန်းများကို လုပ်ကိုင်ခဲ့ရာ ကျောက်လက်ဝါးလေး၏ကူညီမှုကြောင့် ကြွယ်ဝချမ်းသာလာခဲ့ရာ တောဘုရွာမှ မုံရွာမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ပေတော့သည်။ ထိုသို့ ပြောင်းရွှေ့စဥ် ရေတွင်းအနီး မြှုပ်နှံထားသော ကျောက်လက်ဝါးလေးအား ပြန်လည်တူးဖော်ခဲ့ရာ ပေါက်တူးပြားဖြင့် ခြစ်မိသွားခဲ့ရာ လူကဲ့သို့ သွေးများ ထွက်လာပေ၏။

မိသားတစ်စုလုံး စိတ်မကောင်းဖြစ်၍ ကျောက်လက်ဝါးလေးအား ချင်းတွင်းမြစ်အတွင်း ဖောင်ကလေးဖြူလုပ်၍ ရေမျှောလိုက်ရပေတော့သည်။ မောင်ထွန်းကျော်တို့ မိသားစုသည် ကျောက်လက်ဝါးလေးအတွက် ဘုန်းကြီးဆွမ်းကပ်အမျှအတန်းပေးဝေခဲ့ပေတော့သည်။

ထိုသို့နေလာခဲ့ရင်း ကျောက်လက်ဝါးလေးအား မိဘအမွေအနှစ်ပျောက်ဆုံးသွားသကဲ့သို့ လွန်စွာနမြောတသ ဖြစ်လျက်ရှိပေ၏။ များမကြာမီ မောင်ထွန်းကျော်သည် နောက်ထပ်တစ်ကြိမ် ကျောက်လက်ဝါးတစ်ဖက်ကို ထပ်မံ



www.burmeseclassic.com

www.burmeseclassic.com

ရရှိခဲ့ပြန်ပေ၏။ သို့သော် ထိုကျောက်လက်ဝါးသည် ယခင်ကျောက်လ[illegible]ငါး နှင့် မတူဘဲ အနည်းငယ် အရွယ်အစား ကြီးမားလေ၏။

အမွေးများလည်း အနည်းငယ်ပါလေ၏။ မောင်ထွန်းကျော်သည် ယခင်ကျောက်လက်ဝါးလေးအတိုင်း ရေတွင်းအနီးတွင် မြှပ်နှံ၍ ထားလေ၏။ မိသားစု အခက်အခဲရှိတိုင်း စေခိုင်းလေ၏။ ထိုကျောက်လက်ဝါးသည် လွှန်စွာစရိုက်ကြမ်းလှပေ၏။ သားစိမ်း၊ ငါးစိမ်းများပင် စားချင်ကြောင်းအိပ်မက်များပေးလေ၏။ ဗုဒ္ဓ၏ တရားတော်နှင့် အညီ ရိုးသားစွာ လုပ်ကိုင်စားသောက်ကြသော မောင်ထွန်းကျော်တို့ မိသားစုသည် စရိုက်ကြမ်းသော ကျောက်လက်ဝါးလေးအား အိမ်တွင်မထားရဲတော့ပဲ ရေမျှောလိုက်ရပေတော့သည်။

ထိုကျောက်လက်ဝါးလေး မရှိတော့သော်လည်း လူမှုရေး၊ ဘာသာရေး၊ စီးပွားရေးမှာ အဆင်ပြေလျက်ရှိပေ၏။ ဘုန်းကြီးဦးထိန္န ထိုးပေးခဲ့သော ဆေးကပင်စွမ်းသလား၊ သို့တည်းမဟုတ် စောင့်ထိန်းခဲ့သောသီလတန်ခိုးပေလော၊မပြောတတ်။ လွှန်စွာ အကျိုးပေးလျက်ရှိသည်။

(၅)

လွှန်စွာအကျိုးပေးနေသဖြင့် မောင်ထွန်းကျော်တစ်ယောက် အံ့သြခဲ့ရပေတော့သည်။ ကျေးဇူးသစ္စာကို သိတတ်သူဖြစ်၍ ဆရာသခင် ဦးထိန္နအားရည်စူး၍ အလှူအတန်းပြုလုပ်ခြင်း၊ အမျှအတန်းပေးဝေခြင်း၊ မိသားတစ်စုလုံး ညစဉ်ညတိုင်း ဆရာသခင်အား ကန်တော့ကာ အိပ်လေ၏။

မိသားစု အခက်အခဲကြုံလေတိုင်း ကျောက်လက်ဝါးလေးအားသတိရလျက်ရှိကြပေတော့သည်။ တစ်နေ့တွင် မောင်ထွန်းကျော်သည် ခရီးတစ်ခုကို သွားရင်း ထူးခြားဆန်းကြယ်စွာ ကျောက်လက်ဝါးတစ်ဖက်ကို ထပ်မံရရှိခဲ့ပေသည်။

ထို ကျောက်လက်ဝါးလေးသည် ယခင်ကျောက်လက်ဝါးနှင့် မတူဘဲ လွှန်စွာနူးညံ့သိမ်မွေ့၍ မိန်းကလေးလက်နှင့်တူလေ၏။ဘာသာတရားလည်း ကိုင်းရှိုင်းပေ၏။ ကက်စက်ဖြင့် တရားခွေများဖွင့်လျှင် လွှန်စွာနှစ်သက်လေ၏။ ယဉ်ကျေးသိမ်မွေ့သလို အလှအပကိုလည်း မက်မောလှပေ၏။ လွှန်စွာ အသန့်ကြိုက်လေ၏။ မောင်ထွန်းကျော်သည် လွှန်စွာဇီဇာကြောင်သော သမီးတစ်ယောက်ကို မွေးထားရသကဲ့သို့ ရှိပေတော့သည်။

ထို ကျောက်လက်ဝါးလေး ရရှိချိန်မှစ၍ စီးပွားရေးမှာ ဒီရေအလား တိုးတက်ခဲ့ပေတော့သည်။ မိသားစုတစ်စုလုံး လွှန်စွာပျော်ရွှင်လျက် ရှိကြပေတော့သည်။ သူမနေထိုင်ရာ ရေတွင်းအနီး ထဘီလျှော်လျှင်လည်းကောင်း၊ အပေါ့အပါးသွားလျှင်လည်းကောင်း၊ ညစ်ညမ်းစွာဆဲရေး တိုင်းထွာလျှင်လည်းကောင်း မနှစ်သက်ချေ။ ကျယ်လောင်စွာ တောက်ခေါက်၍ သတိပေးလေ၏၊ တစ်စိမ်းတရံ မဆိုထားနှင့်၊ မလုံးတင်နှင့် သိန်းချစ်ကိုပင် ခွင့်မလွှတ်ဘဲ သူ့ဖခင်ကို အိပ်မက်ပေးကာ တိုင်လေ၏။ တစ်အိမ်လုံး ဘယ်သူ့ကိုမှ မကြောက်၊ ဘယ်သူ့စကားမှ နားမထောင်၊ ဖခင်မောင်ထွန်းကျော်၏ စကားသာ နားထောင်လေသည်။

လသာသော ရက်များတွင်မွှေးကြိုင်သော ပန်းရနံ့ကိုပေး၍ လမ်းထွက်လျှောက်တတ်သည်။ ဖခင်ဖြစ်သူ သတိပေးသောအခါထွက်မလျှောက်တော့ပေ။ ထိုအကြောင်းအရာများကို တစ်ယောက်ကတစ်ရာဆိုသလို တစ်နယ်လုံးမှ သိရှိသွားကြကာ သူဌေးကြီးကျောက်လက်ဝါးထွန်းကျော်ဟု ခေါ်ကြလေ၏။

ငွေကြေးတတ်နိုင်သူများက ထိုကျောက်လက်ဝါးလေးအား ဈေးကောင်းပေးဝယ်လေ၏။ လွှန်စွာအကျိုးပေးလှ

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

*ထို ကျောက်လက်ဝါးလေးသည်*

*ယခင် ကျောက်လက်ဝါးနှင့် မတူဘဲ*

*လွှန်စွာနူးညံ့သိမ်မွေ့၍မိန်းကလေးလက်နှင့်တူလေ၏။*

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

သောကြောင့် ထိုကျောက်လက်ဝါးလေးအား မည်သူမျှ မရောင်းခဲ့ပေ။ လူဆိုသည်မှာ လောဘသားဖြစ်၍ ရလေလိုပလေပင်။

လွန်စွာ နာမည်ကြီးလှသော ကျောက်လက်ဝါး ထွန်းကျော်သည် ထိုကျောက်လက်ဝါးလေးအတွက် ဓါးပြအတိုက်ခံရပေတော့သည်။ ဓါးပြအဖွဲ့၏ ခေါင်းဆောင်မှာ ထိုခေတ်ထိုအခါက လွန်စွာနာမည်ကြီးလှသော ဓါးပြမိုးသီးဆိုသူဖြစ်လေ၏။ မိုးသီးသည် လွန်စွာရက်စက်ကြမ်းကြုတ်သောကြောင့် တစ်နယ်လုံးမှ ဖိန့်ဖိန့်တုန်အောင် ကြောက်ရလေ၏။

မိုးသီးသည် သူဌေးကြီး ကျောက်လက်ဝါးထွန်းကျော် ထုတ်ပေးသော ရွှေငွေပစ္စည်းဥစ္စာတို့ကို လက်ဖျားနှင့် မတို့ဘဲ ကျောက်လက်ဝါးလေးကိုသာ ရအောင်တောင်းလေ၏။ တပည့်များကလည်း တစ်အိမ်လုံးကို မွှေလှန်၍ ရှာလေ၏။ ကျောက်လက်ဝါးလေးသည် ဓါးပြများကို ကြောက်ရွံ့၍ လွတ်အောင်ပုန်းလေ၏။

ဘယ်လိုမှ ရှာမရသည့်အဆုံး တစ်အိမ်သားလုံးအား ရိုက်နှက်၍ သတ်မည်၊ ဖြတ်မည်ဟု ကြိမ်းမောင်းလေတော့သည်။ သူဌေးကြီးကျောက်လက်ဝါးထွန်းကျော်သည် မိမိအသက်ထက် ဘာမျှတန်ဖိုးမရှိဟု ဆုံးဖြတ်၍ မျက်ရည်များကျမိတော့သည်။ သမီးလေးအား ချော့မော့ပြောဆိုသောအခါမှ ကျောက်လက်ဝါးလေးသည် ရေအိုးစင်အောက်မှ ထွက်လာကာ အဖမ်းခံဇေတော့သည်။ ကျေးဇူးသစ္စာ အတွက် ပေးဆပ်သွားခြင်းပင် ဖြစ်ပေမည်။ ဓါးပြ မိုးသီးသည် ကျောက်လက်ဝါးလေးအား ရရှိသဖြင့် မိသားစုအား ဒုက္ခမပေးတော့ဘဲ ပြန်သွားကြပေတော့သည်။

ကျောက်လက်ဝါးလေး၏ သတင်းမှာလည်း တစ်နယ်လုံး နာမည်ကြီး၍ သွားခဲ့ပေသည်။ ကျေးဇူးသစ္စာအတွက် ပေးဆပ်ပြခဲ့သော ကျောက်လက်ဝါးလေး မရှိသည့်နောက်ပိုင်းတွင် သူဌေးကြီး ကျောက်လက်ဝါးထွန်းကျော်သည် နေထိုင်မကောင်းဖြစ်ပေတော့သည်။ ဆေးဝါးအမျိုးမျိုးဖြင့် ကုသပါသော်လည်း မသက်သာခဲ့ပေ။ ရင်နှစ်သည်းချာ ကျောက်လက်ဝါးလေးအား တမ်းတလျက်ရှိပေတော့သည်။

တစ်နေ့တွင် ဓါးပြ မိုးသီး၏တပည့် တစ်ယောက်သည် စာတစ်စောင်နှင့် အတူ ရောက်ရှိလာလေ၏။ စာထဲတွင် ဆရာကြီး၏ ကျောက်လက်ဝါးလေးသည် လွန်စွာအကျိုးပေးကြောင်း။ ကျေးဇူးဆပ်သည့်အနေဖြင့် တပည့်ဖြစ်သူ မောင်တောက်ထွန်းနှင့် ငွေ ၁၀၀ဝိ/ ကန်တော့လိုက်ကြောင်း ပါလေ၏။

သို့သော် သူဌေးကြီးကျောက်လက်ဝါးထွန်းကျော်သည် ထိုစာကို မဖတ်လိုက်ရ။ မောင်တောက်ထွန်းမရောက်မီ သေဆုံး၍ သွားခဲ့ပေတော့သည်။

တပည့် မောင်တောက်ထွန်းသည် စာနှင့်ငွေကိုပေး၍ စိတ်မကောင်းစွာဖြင့် နှုတ်ဆက်၍ ပြန်သွားလေတော့သည်။

သူဌေးကြီးကျောက်လက်ဝါး ထွန်းကျော် ရက်လည်သည့်နေ့တွင် မောင်တောက်ထွန်းတစ်ယောက် ပြန်လည်ရောက်ရှိလာလေ၏။ သူ့ဆရာ မိုးသီးနှင့် အဖွဲ့သည် တပ်မတော်စစ်ကြောင်း၏ တိုက်ခိုက်မှုကြောင့် သေဆုံးကုန်ကြောင်း။ မိမိတစ်ဦးတည်းသာ စာလာပေး၍ လွတ်မြောက်လာကြောင်း သိရပေတော့သည်။

မောင်တောက်ထွန်း၏ ဆန္ဒအလျောက်သက်ဆိုင်ရာ အာဏာပိုင်များထံ အလင်းဝင်ရောက်ခဲ့ပေတော့သည်။ ဒေါ်သိန်းချစ်ပြောပြသော ဇာတ်လမ်းလေးသည် ကျွန်ုပ်အဖို့ လွန်စွာစိတ်ဝင်စားဖွယ်ရာ ဖြစ်ခဲ့ရပေတော့သည်။ ဒုတိယကမ္ဘာစစ်အတွင်းက စစ်ပြေးဒုက္ခသည် ဘုန်းကြီးဦးထိန္န၊ ကျောက်လက်ဝါးထွန်းကျော်၊ ဓါးပြကြီးမိုးသီး၊ အသက်မရှိသော ကျောက်လက်ဝါးလေးများ၏ ကျေးဇူးသစ္စာအတွက် တုန့်ပြန်ပေးဆပ်မှုတွေက လွန်စွာစိတ်ဝင်စားဖွယ်၊ မှတ်သားဖွယ်ရာ ဖြစ်ခဲ့ပေရာ ကာယကံရှင်၏ ခွင့်ပြုချက်များ ရယူ၍ ကာယကံရှင်၏အမည်၊ မြို့ရွာများ၏အမည်များကို ပြောင်းလဲ၍ စာဖတ်သူများ မျှဝေခံစားနိုင်ရန် ရည်ရွယ်၍ ရေးသားတင်ပြလိုက်ရတော့သည်တကား • • •။

---

မုံရွာ – အောင်စကြာ

---




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



(တစ်)

အနော်ရထာလမ်းမကြီးပေါ်မှာ လူများ ကားများ ပျားပန်းခတ်မျှ လှုပ်ရှားနေကြပြီး ဆူညံသော အသံမျိုးစုံသည် ခေတ်မှီ တိုက်သစ်ကြီးဖြစ်သော "ပြည်သူ့ပါစီဒိုင် ဂျာနယ်တိုက်ရှိရာ ငါးထပ်ပေါ်သို့ပင်တက်လာ၏။

မနက်ခင်း လေပြေနှင့်အတူ တိုက်ကြီး၏ မြောက်ဘက်တွင်ရှိနေသော ရန်ကုန်ဘူတာကြီးမှ ရထားများ၏ ဒီဇယ်စက်သံ၊ ဟွန်းသံများကလည်း ပေါက်ထွင်းကြားနေရ၏။

ပြည်သူ့ဘက်မှ အမြဲရပ်တည်သော "ပြည်သူ့ပါစီဒိုင်ဂျာနယ်မှာ စောင်ရေများစွာ ရိုက်နှိပ်ရပြီး ခေါင်မြင့်နေသော ဂျာနယ်ဖြစ်၏။

မကြာခင် သတင်းစာအဖြစ် ပြောင်းလဲထုတ်ဝေရန် သူတို့အယ်ဒီတာအဖွဲ့ တာစူနေပြီ။

ယနေ့ ဂျာနယ်ဖောင်ပိတ်ရက်မို့ တာဝန်ခံ အယ်ဒီတာဖြစ်သော ဦးတင်ထွန်း မနက်လင်းသည့်တိုင် အိမ်ကို မပြန်နိုင်သေးဘဲ ဂျာနယ်တိုက်မှာ ပင်ဗိုဒ်ပြီး အရေးပေါ်ဝင်လာမည့် အရေးပိုသတင်းရိုက်ရန်အတွက်တက်ကြွစွာ စောင့်ဆိုင်းနေခဲ့သည်။

အမြဲပြိုအနယ်နယ်မှာရှိကြသော သတင်းထောက်များထံမှ ထူးခြားသော သတင်းများဝင်လာလျှင် ဂျာနယ်အတွက် အားဆေးတိုက်ကျွေးသလို ရှိလာ၏။

ထိုစဉ်ရုတ်တရက် သူ့ရှေ့စားပွဲတော်နက်ပေါ်မှ ဖုန်းမြည်သံလာ၏။

ခြေကြော်သံကြားလိုက်ရသည် အသံဖလ်များ လည်းများလေသည်ပေါ်လာ၏။

"ဂိုး . . . .

"ဝုန်း . . . .

"ခုန်း . . . ခုန်း . . ."

ဒွမ်း . . ."

"ချလွမ်း . . . ချလွမ်း . . ."

"ဂွမ်း . . ."

လမ်းပေါ်တွင်ရပ်ထားသော ကိုယ်ပိုင်ကားမျိုးစုံမှ ရေမှုကားသည် တိုက်ခန်းတစ်ခုဆီကို ဦးတည်ဝင်ရောက်သွားပြီး ထိုတိုက်ခန်းရှေ့ "ရိုးကောစ်" မှန်တံခါးအား အရှိန်နှင့် ဝင်တိုက်လိုက်ခြင်း ဖြစ်၏။

ထိုကားသည် ထိုမျှနှင့်မရပ်ဘဲ ပေါက်ထွက်သွားသော မှန်ချပ်အကွင်းသို့ဝင်သွားပြီး ထိုတိုက်ခန်း၏ အလယ်ကိုင်လုံးတစ်လုံးနှင့် ဝင်တိုက်ပြီးမှ ရပ်တန့်သွားလေသည်။

"အလိုဘုရားရေ . . . မနက်အစောကြီး အရှင်မှူးပြီးမောင်းတဲ့ ယာဉ်မောင်းကြောင့် ကားတိုက်မှုတစ်ခုတော့ ပေါ်လာပြီ . . ."

www.burmeseclassic.com

ဦးတင့်ထွန်း နှုတ်မှ ထိုသို့ရေရွတ်လိုက်စဉ် ကားတိုက်မှုမှာ ထိုမျှနှင့်ရပ်တန့်မသွား နောက်ထပ်ကားတစ်စင်းသည် ရှေ့မှ ကားကဲ့သို့ အရှိန်ပြင်းစွာ ဝင်လာပြီး စောစောက ပေါ်ထွက်သွားသော မှန်ပြတင်းပေါက်ကြီးအတိုင်း ထိုကားရှေ့မှ ကားဖင်ပိုင်းကို ဝင်ဆောင့်ပြီး ရပ်တန့်သွားသည်။

"ဝူး…"

"ဝေါ ဝ ရော ရော…"

"ဒုန်း… "

"ဂွမ်း…"

"ဟာ နောက်တစ်စီးပါလား… ဘယ်လိုဖြစ်တာပါလိမ့်…"

ဦးတင့်ထွန်း နှုတ်မှ အာမေဋိတ်သံဖြင့် ရေရွတ်နေစဉ် နောက်မှကားတစ်စီးသည် ရှေ့နှီးတူစွာ ဝင်လာပြန်၏။

ထိုကားကို မြင်တော့မှ မိန်းမောနေသော သူ့ကို ပုတ်နှိုးလိုက်သလိုလန့်ဖျပ်သွားတော့သည်။

"ဟင်…ဒီကားဟာ ငါ့ကားပဲ"

သူ၏ LAND CRUSER PRADO TZ ကို မြင်လိုက်ရမှ ခြောက်ခြောက်ခြားခြား တုန်လှုပ်သွားခြင်းပင်။

သူ့ကားကို သူ လမ်းထိပ်တစ်နေရာတွင် ရပ်နားထားခဲ့စဉ်က အသေအချာသော့ခတ်ထားခဲ့သည်။

ညပိုင်းကားရပ်နားရန် နေရာများတွင် ကားပိုင်ရှင်တို့၏ ကိုယ်ပိုင်ကားများ၊ ညအချိန် ရပ်နားထားချိန်မို့ ကိုယ့်အလုပ်တိုက်ရှေ့မှာ ကိုယ့်ကားကို ရပ်နားထားချင်တိုင်း ရပ်နား၍မရ။ လမ်းမပေါ်နေရာလွတ်တစ်ခုခုမှာ ဦးရာသူ ရပ်ရလေ့ရှိသည်။

ကားသူခိုးများရန်ကြောင့် ကားအစောင့်များကို ငွေပေး၍ လခစားအဖြစ်သူ့အပိုင်နှင့်သူ ငှားရမ်းထားရလေ့ရှိ၏။ လမ်းပိုင်းတစ်ပိုင်းတွင် ကားအစောင့် ဒရဝမ်တစ်ဦးကျစီ။

သူ့ကားကို သူ့အလုပ်တိုက်ရှေ့တစ်လမ်းကျော်မှာ ညဦးပိုင်းက ရပ်နားထားခဲ့ရခြင်းဖြစ်၏။ သတင်းသမား၊ ဂျာနယ်သမားဆိုတာက အရေးပေါ်အကြောင်းကိစ္စပေါ်လာလျှင် ချက်ခြင်းထွက်ရသည်မို့ ကားအိပ်ခြင်းထောင်ပင်အုပ်ဆိုင်း ခြုံလွှမ်းမထားခဲ့ချေ။

ခုတော့…

သူ့" လင့်ခရုဇာပါရာဒိုတီဇက်လည်း သူ့ရှေ့မှ ကားနှစ်စီးကဲ့သို့ အရှိန်နှင့်မောင်းထွက်ပြီး ရှေ့မှ မောင်းဝင်တိုက်ခွဲသွားသော ကားနှစ်စီးကဲ့သို့ ထိုးဝင်ကာ ထိုကားနှစ်စီး၏ ဖင်ပိုင်းကို ဝင်တိုက်ပြီးရပ်တန့်သွားလေ၏။

"ဝုန်း… "

"ဒိုင်း…"

"ခွမ်း…

"သွားပါပြီကွာ သိန်းသုံးရာ့ ငါးဆယ်"

သူ့အထိတ်တလန့်နှင့် အော်လိုက်မိသည်။

ထိုကားကို သူသည်အမှန်တကယ်ပဲ ရောဝတီ ဘဏ်နှင့်ချိတ်ဆက်၍ PAING PAING OUTO မှ ဝယ်ယူခဲ့သည်မှာ မကြာခဲ့သေးချေ။ ထို့ကြောင့် သူဆုံးရှုံးသွားမည့်ငွေကြေးများအတွက် နှမြောတသစွာ အော်ဟစ်ညည်းတွား မိသည်။

ထိုသို့ ညည်းတွားခြင်းနှင့်အတူ သူထိုင်နေရာ ဆုံလည်ပေါ်မှ ရုတ်ခြည်း ထရပ်လိုက်မိသည်။

သူ့ဘေးစားပွဲမှ သူနှင့်အတူရှိနေသော လုပ်ဖော်ကိုင်ဖက် အယ်ဒီတာ အဖွဲ့ဝင်ကလေးတွေကလည်း အံ့အားတသင့် သူ့ကို လှမ်းကြည့်သည်။

"ဆရာ…ဘယ်လိုဖြစ်တာလဲ သတင်းဝင်လာပုံကလည်း ထူးထူးခြားခြားကြီး"

"အေးကွာ…ငါ့ကားကို ငါအသေအချာလော့လုပ်ထားတာပဲ၊ သော့တွေ ကစပယ်ရှယ်တွေချည်း။ မောင်းသူမပါဘဲ ဘယ်လိုမောင်းဝင်ပြီး ရှေ့က ကားတွေကို ဝင်တိုက်ရတာလဲ စဉ်းစားမ အောင်…ဟော…နောက်ကတစ်စီး

"ဝူး…ဝူး…"

"ဝေါ…"

"ဒုန်း…"

"ဒုတ်…"

"ဂွမ်း…"

"ဟာ…

ဒီကားက အရှိန်ပိုပြင်း တယ်
LAND CRUISER VX LIMITE
ကြီးကွ ကားတွေအားလုံး သွား
ကွာ…"



www.burmeseclassic.com

www.burmeseclassic.com

# ပိုက်ဆံဆိုဘာ သူတော်ကောင်းတွေကို ဖျက်ဆီးပစ်တတ်တဲ့ အဆိပ်တုံးတွေပဲ

ဦးတင့်ထွန်း အော်ပြောရင်း ဂျာနယ်ရုံးခန်းမှ အပြေးတစ်ပိုင်းထွက်လာခဲ့သည်။

*** *** ***

(နှစ်)

ဦးတင့်ထွန်း ဂျာနယ်တိုက်ရုံးခန်းမှ အထွက် အရေးပေါ်မီးလှေကားနှင့် ဆင်းရန် ဓါတ်လှေကားပေါက်ဝမှာ ရပ်လိုက်သည်။ သူ့တိုက်ရှိရာ အနော်ရထာ တာဝါမှာ ၁၈-ထပ်ရှိ၍ ဂျာနယ်တိုက်ရုံးခန်းအယ်ဒီတာအဖွဲ့ကို ၉-ထပ်မှာ ဖွင့်လှစ်ထားခြင်းဖြစ်၏။ ဓါတ်လှေကားမှာ အပေါ်ထပ်၁၈-ထပ်သို့ ရောက်နေကြောင်း ဓါတ်လှေကား မော်နီတာက ပြနေသည်။ သူ ၉-ထပ် အချက်ပြခလုတ်ကို လှမ်းနှိပ်ကာ ဓါတ်လှေကား ပြန်ဆင်းအလာကို ဓါတ်လှေကားတံခါးဝမှာ စိတ်မရှည်နိုင်စွာနှင့် ရပ်စောင့်နေလိုက်သည်။

သည်အခိုက် သူ့ဘောင်းဘီအိတ်ထဲမှ ဆယ်လူလာလက်ကိုင်ဖုန်း ခေါ်သံ မြည်လာ၏။

"ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဘေးရန်ကာဆီးမည်"

"လူမွဲတွေက မနေ့ခေတ်မှီ သူဌေးဖြစ်တော့မည်..."

အချက်ပေးသံကို ကိုယ့်သင်္ကေတနှင့် ကိုယ်ထည့်ထားခြင်းမို့ လက်ကိုင်ဖုန်းကို ဘောင်းဘီအိတ်ထဲမှ ထုတ်၍ နားထောင်လိုက်သည်။

"ဟုတ်ကဲ့ပြောပါ...

ကျွန်တော် ပြည့်သူ့ဟစ်တိုင် အယ်ဒီတာချုပ် ဦးတင့်ထွန်းပါ"

"ဪ...ဦးတင့်ထွန်း...

ဟား...ဟား..ဟား.."

တစ်ဖက်မှ သူ့နာမည်ကို ရေရွတ်ပြီး သဘောကျစွာ ဟက်ဟက်ပက်ပက် ရယ်လိုက်သံမှာ သူ့ကို သရော်လှောင်ပြောင်နေသည့်နှယ်။

ထို့ကြောင့် သူစိတ်မရှည်။

"ဘာလဲဗျာ...ခင်ဗျားဘာကို ရယ်နေတာလဲ..."

"ရယ်တယ်ဆိုတာ သဘောကျလို့ပေါ့ဗျာ...ဟား...ဟား..ဟား"

"ဒီမှာကိုယ့်လူ သဘောကျလို့ ရယ်တယ်ဆိုတော့ ကျုပ်ကို သဘောကျရင် ခင်ဗျားအိမ်ကိုခေါ်သွားပြီး ခင်ဗျားညီမနဲ့ ကျုပ်ကိုပေးစားလိုက်ပါလား"

"ကျုပ်မှာ ညီမ မရှိဘူး ... အဒေါ်မုဆိုးမကြီးတော့ရှိတယ်..."

"အဲဒါကြီးဆိုရင် ကိုယ်လူဖါသာ ကိုယ်လူပြန်ယူလိုက်ပါလား..."

ဟား...ဟား..ဟား... ခင်ဗျား တော်တော်စိတ်တိုနေတာပဲ၊ ကြေနတော့ ခင်ဗျားရဲ့ သိန်း ၃၅၀ တန် လင့်ခရဇာ ပါရာဒိုတီဇက်ကြီး သုံးမရလောက်အောင် ပျက်စီးသွားတာကို ခင်ဗျားရဲ့ အင်တာနက်မှာ မြင်လိုက်ရလို့နဲ့တူတယ်...

ဟား...ဟား..ဟား.."

"ဟင်...ဟင်၊ ခင်ဗျား ဒီလောက်တောင် သိနေပုံထောက်တော့ အဲဒီကိစ္စတွေဟာ ခင်ဗျားလက်ချက်တွေပေါ့ ဟုတ်လား..."

"ကျုပ်လက်ချက်တော့ မဟုတ်ဘူး။ ဒါပေမယ့် ကျုပ်အစီအမံနဲ့ ကျုပ်ခိုင်းစေလိုက်တာတော့ ဟုတ်တယ်..."

"ခင်ဗျား အစီအမံ၊ ခင်ဗျားခိုင်းစေတာ ဟုတ်လား"

"ဟုတ်သပေါ့ဗျာ... သိပ်ဟုတ်"

"ခင်ဗျား ... ဘယ်လိုစီမံပြီး ဘယ်သူ့ကို ခိုင်းစေတာလဲ..."

ကျုပ်ရဲ့ ဂမ္ဘီရပညာနဲ့ စီမံပြီး ခင်ဗျားတို့ ကားတွေကို ပုဏ္ဏကတိုက်လိုက်တာပဲ..."

"ဘာဗျာ့...ဘာက...ပုဏ္ဏက တိုက်တာဟုတ်လား..."

"ဟုတ်တယ် ပုဏ္ဏကတိုက်လိုက်တာ"

"ထွီ...မဖြစ်နိုင်တာ... ဒီခေတ်ကြီးထဲမှာ ခင်ဗျားသောက်ရူးလား"

"ကျုပ် ရူး မရူးခင်ဗျား အခင်းဖြစ်တဲ့နေရာကိုရောက်ရင် မျက်ဝါးထင်ထင်တွေ့ရပါလိမ့်မယ်...

ခုလိုခေတ်ကြီးထဲမှာ အီလက်ထရောနစ်သိပ္ပံပညာနဲ့ ဂမ္ဘီရပညာကို



www.burmeseclassic.com

www.burmeseclassic.com

ပူးတွဲအသုံးချပြီး ကျုပ်စမ်းသပ်နေတာ...။ ခုအောင်မြင်သွားပြီ... အောင်မြင်သွားပြီ..."

"ဟား...ဟား...ဟား..."

"အလကား...ခွေးမသား...သောက်ရူး"

ဦးတင့်ထွန်း၊ တစ်ဖက်မှ ဖုန်းပြောသူကို ပြစ်ပြစ်နစ်နစ် ပယ်ပယ်နယ်နယ် ဆဲပစ်လိုက်သည်။

ပြီးတော့ တစ်ဖက်မှ ဖုန်းပြောသူ၏ ဖုန်းနံပါတ်ကို မှတ်တမ်းခလုတ်မှာ ဖမ်းပြီး မှတ်ထားလိုက်သည်။

ဖုန်းကို ပိတ်ပစ်ကာ ဘောင်ဘီ အိတ်ထဲပြန်ထည့်သည်။

ထိုစဉ် ဓါတ်လှေကားကိုးထပ်သို့ ရောက်လာပြီး အော်တိုတံခါးပွင့်သွားသဖြင့် ဓါတ်လှေကားထဲဝင်ကာ ဆင်းလာခဲ့သည်။

*** *** ***

(သုံး)

ဦးတင့်ထွန်း မြေညီထပ်သို့ အရောက် ဓါတ်လှေကားမှ ထွက်ပြီး တာဝန်၏ ခန်းမကိုကြည့်ကာ တိုက်အပြင်ဘက်လမ်းမပေါ်ရှေ့ရှုလာခဲ့သည်။

အပြင်ဘက်တွင် အရုဏ်ဦးက မလင်းတလင်း။

သို့သော် ရန်ကုန်မြို့ကြီး၏ ထုံးစံ လူသူတွေ၊ ကားတွေ၊ စတင်လှုပ်ရှားနေလေပြီ။

သူ၏ လင့်ခရူဇာပါရာဒို ကုန်တိုက်မှန်ပေါက်အား ထိုးဖောက်ဝင်ရောက်သွားရာ ကျွန်တိုက်သို့ လမ်းတစ်ဖက်ကျော်လောက် လျှောက်လှမ်းသွားရပေဦးမည်။

သူ ခပ်သွက်သွက်ပင် လျှောက်သည်။

"အုန်း..."

"အင့်..."

"အား...ဘား...ဘား...ဘား"

သန်မာထွားကျိုင်းသော သူ၏ ကိုယ်လုံးကြီးနှင့် တစ်စုံတစ်ယောက်ကို ဝင်၍တိုက်လိုက်မိပြီး ထိုတစ်စုံတစ်ယောက်မှာ လွင့်စဉ် ထွက်သွားပြီး အ ဘား ဘားပင် တသွားရသည်။

သူက ခရစ်ကတ် အားကစားသမားဖြစ်ခဲ့ဘူး၍ ကိုယ်လုံးကိုယ်ထည်လည်း တောင့်တင်းကြံ့ခိုင်သူဖြစ်လေသည်။

လွင့်စဉ်ထွက်သွားသူကို သူတစ်ချက်လှမ်းကြည့်လိုက်တော့ ဆံပင်ဖားလျားမုတ်ဆိတ်မွေး ထူလပျစ်နှင့်ကုလားဘုန်းကြီးလိုလို ဖကီးယောဂကြီးလိုလို တောင်ဝှေးကြီးတစ်ချောင်းနှင့် ခွေလဲကျနေသော ကုလားအဖိုးကြီးကို တွေ့လိုက်ရသည်။

ပင်ကိုယ်စိတ်ကောင်းရှိသော လူ စိတ်မကောင်းဖြစ်ကာ ထိုဖကီးအဖိုးကြီးကို သူ သူလှမ်းဆွဲပြီး ထူမပေးလိုက်ရသည်။

"ဆောရီး ဘာဘာကြီး... သိပ်နာသွားသလား... ကျွန်တော်တောင်းပန်ပါတယ်ခင်ဗျာ...ကျွန်တော်အရေးတကြီး ထွက်လာလို့ ဖြစ်ရတာပါ"

ဖကီးအဖိုးကြီးက အလိုက်သင့်ထရပ်ရင်း ခေါင်းကိုခါရမ်းကာ ပြန်ပြောသည်။

"ကိစ္စမရှိပါဘူး ဘေတား... စိတ်ဒုက္ခရောက်နေတဲ့ လူဟာ ဒီလိုချည်းပါပဲ... စိတ်ကောင်းရှိတဲ့ဘေတားကို မဟာပိန္နဲစောင့်ရှောက်ပါစေ။ မဟာပိန္နဲဘုရားကို အချိန်ရရင်ဝင်သွားပါ။ ပန်းဆိုးတန်းနဲ့ ဗန္ဓုလလမ်းထောင့်မှာရှိတဲ့ မဟာပိန္နဲဘုရားကို သိတယ်မဟုတ်လား...အဲဒီမှာ အုန်းသီးတစ်လုံးခွဲ ငှက်ပျောသီးတစ်ဖီးနဲ့ ကန်တော့လိုက်..."

"အေးဗျာ ဘာဘာကြီး၊ ကျွန်တော့်ကို ညွှန်ပြတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်က ဗုဒ္ဓဘာသာစစ်စစ်ပဲ၊ ဗုဒ္ဓဘာသာမှ ထေရဝါဒ ဗုဒ္ဓဘာသာဗျာ၊ အရောအနှော နတ်တွေ သရဲတွေနဲ့ ပတ်သက်နေတဲ့ကောင် မဟုတ်ပေဘူး။ ဒါကြောင့် ဘာဘာကြီးပြောတဲ့ မဟာပိန္နဲကို မသွားနိုင်ဘူး"

"မဟာပိန္နဲကို သွားပြီး မကန်တော့ရင်လည်းရပါတယ်၊ အဲဒီမဟာပိန္နဲဝင်းထဲမှာ ဘေတာကြီးတို့ ဗုဒ္ဓဘာသာဘုရားတစ်ဆူရှိတယ်။ အဲဒီဘုရားဟာ အရင်ကရှေးဟောင်း စေတီငုတ်တိုလေးတစ်ဆူကို ပြန်ကည်ထားတာ။ အဲဒီဘုရားကိုသွားပြီး ကန်တော့လိုက်ပါ"

"ဒါဆိုရင်တော့ သွားကန်တော့လိုက်ပါ့မယ် ဖကီးကြီး။ ဖကီးကြီး ခုလိုအကြံဉာဏ် ပေးတာကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဦးတင့်ထွန်းလည်း ပြောရင်းက သူ့အိတ်ထဲမှ ငွေတစ်ထောင်တန်တစ်ရွက်ကို ထုတ်ပြီး ဖကီးကြီးအား ဆုချသလိုထုတ်၍ ပေးသည်။

"ခုလိုခရီးကြုံခိုက် ကောင်းသော အကြံဉာဏ်ပေးတာကို ကျေးဇူးဆပ်တဲ့ အနေနဲ့ ဒီငွေကို လက်ခံပါခင်ဗျာ့"

ဆင်းရဲ ငတ်ပြတ်နေပုံရသော အိန္ဒိယယောဂီ ဖကီးကြီးက သူပေးသည့် ငွေကိုလက်မခံသည့်အပြင် လက်ဖျားနှင့်ပင်မတို့ချေ။

"ဒီငွေကို ဘာဘာကြီးလက်မခံပါရစေနဲ့။ ပိုက်ဆံဆိုတာ သူတော်ကောင်းတွေကို ဖျက်ဆီးပစ်တတ်တဲ့ အဆိပ်တုံးတွေပဲကွဲ့. . ."

အိန္ဒိယယောဂီ ဖကီးကြီးသည် ဦးတင့်ထွန်းအား ထိုသို့နောက်ဆုံးပြောပြီး ဦးတင့်ထွန်းရှေ့မှ နေ၍ သူမျက်နှာမူရာအရပ်သို့ ပြန်ထွက်သွားလေသည်။

ဦးတင့်ထွန်းလည်း ထိုထူးဆန်းသော အိန္ဒိယယောဂီ ဖကီးကြီးအား ဘာမျှ မပြောတော့ဘဲ သူလက်ထဲမှ ငွေတစ်ထောင်တန်ကို အပေါ်အင်္ကျီ အိတ်ထဲပြန်ထည့်ကာ သူလည်း သူမျက်နှာမူထွက်လာရာ အရပ်သို့ ဆက်ထွက်လာခဲ့သည်။

***   ***   ***

(လေး)

ဦးတင့်ထွန်းသည် ဆက်လျှောက်လာရင်းက စဉ်းစားလာခဲ့သည်။ ဒီနေ့ မနက်ဘာတွေဖြစ်နေရတာလဲ။

ဒီယောဂီ ဖကီးကြီးက ဘယ်က ဘယ်လိုရောက်လာရတာလဲ။

စဉ်းစားရတော့ တော်တော်ကြာ နေသည်။ ပြီးတော့. . .

သူ၏ လင့်ခရူဇာပါရာဒိုက်ကားဟော်စ္စ။

သို့နှင့် သူသည် သိပ်မဝေးသော ကုန်တိုက်ကြီးရှေ့သို့ ရောက်သွား၏။ ထိုကုန်တိုက်ကြီးရှေ့မှာတော့ ထူးထူးဆန်းဆန်း ဖြစ်ရပ်တွေက သူ့ကိုစောင့်စား၍နေလေတော့သည်။

အင်တာနက်ဖေ့စ်ဘုတ်မှာ သူမြင်တွေ့ရသည့်အတိုင်း။ ကုန်တိုက်ကြီး၏ ရှိုးကေ့စ်မှန်ချပ်ကြီးသည် ပေါက်ကွဲပြိုကျလျက်ရှိပြီး ကားငါးစီးခန့်အဆီအငေါ် မတည့်စွာ အတွင်းပိုင်းသို့ ဖောက်ဝင်လျက်ရှိပြီး တစ်စီးကိုတစ်စီးနောက်ပိုင်းမှဝင်၍ ဆောင့်တိုက်ကာ အပျက်အစီးများနှင့်ရပ်တန့်လျက်ရှိကြသည်။ ကုန်တိုက်ကြီး၏ ရှေ့မှာရဲတွေလုံခြုံရေးတွေ ရောက်နေသလို အတွင်းဘက်မှာလည်း ရဲတွေရောက်နေသည်။ ကုန်တိုက်အပြင်ဘက်မှာ ရဲကားတစ်စီးနှင့်မီးသတ်ကား တစ်စီး။ ညဘက် ကားစောင့်ရသော လုံခြုံရေး ကားဒရဝမ်အား တာဝန်ကျရဲက စစ်မေးလျက်ရှိသည်။

"ဒါတွေဖြစ်ပျက်နေတုန်း ခင်ဗျား ဘာလုပ်နေသလဲ. . ."

"ကျွန်တော် ကားစောင့်လုံခြုံရေး ကင်းတဲမှာ ရေနွေးကြမ်းသောက်နေပါတယ်ခင်ဗျာ့. . ."

"အင်း. . .ဆက်ပြောပါဦး. . ."

"ပထမတော့ ကျွန်တော်ဘာမှ မသိပါဘူး။ ရှေ့ဆုံးက ကားတစ်စီး တံခါးပိတ်သော့ခတ်လျက်သားနဲ့ ဝူးကနဲ မောင်းထွက်သွားပြီး ကုန်တိုက်ရှိုးကေ့စ် မှန်တံခါးကြီး ဝုန်းကနဲဝင်တိုက်ပြီး ပေါက်ဝင်သွားပါတယ်. . ."

"အဲဒီကားကို မောင်းတဲ့ လူက ဘယ်သူလဲ. . ."

"ဘယ်သူမောင်းသွားတာလဲ မသိလိုက်ရပဲ ဇဝေဇဝါဖြစ်နေတုန်း နောက်ထပ် ကားတစ်စီးလည်း အဲဒီလိုစက်ရှိန်ပြင်းပြင်းနဲ့ မောင်းထွက်သွားပြီး ရှေ့က ကားရဲ့လမ်းကြောင်းအတိုင်း နောက်ကပါသွားလို့ လှမ်းကြည့်လိုက်မိတော့ ကားကိုမောင်းတဲ့လူ ပါမသွားဘူးဆိုတာ သိလိုက်ပါတယ်. . ."

"ခင်ဗျား အရူးပဲ၊ မောင်းတဲ့လူ ပါမသွားဘဲ ကားက စက်ရှိန်မြင့်ပြီး ထွက်သွားပါ့မလားဗျာ. . ."

"ဆရာတို့ အရူးလို့ပြောရင်ခံရမှာပဲ။ ကျွန်တော်မြင်တာကတော့ အဲဒီအတိုင်းပဲ"

"ဒါဖြင့်နောက်ထပ် ကားတွေကကော. . ."

"အဲ. . . နောက်ထပ်ကားနှစ်စီးလည်း အဲဒီအတိုင်းပဲ။ အဲဒီကားနှစ်စီးကျတော့ မောင်းသူလုံးဝမပါဘူးဆိုတာ သေချာသွားပြီဗျာ. . .။ ကျွန်တော် ကားစောင့်လုံခြုံရေးလုပ်တာ ၁၀-နှစ်ရှိသွားပြီ ဒီအဖြစ်မျိုး တစ်ခါမှ မကြုံဘူးဗျာ။ ဆရာတို့ပြောသလို ကျွန်တော် ရူးချင်လာပြီဗျာ့. . ."

ဦးတင့်ထွန်းသည် ကားစောင့်လုံခြုံရေး ပြောဆိုနေသော စကားနှင့် ရဲများ၏ စစ်မေးချက်ကို နားထောင်နေရင်း ဘာမျှ ဝင်မပြောသေးဘဲ အခြေအနေကို လေ့လာနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ရဲအရာရှိက ကားစောင့်လုံခြုံရေးကို စစ်မေးပြီးနောက် ကုန်တိုက်စောင့် လုံခြုံရေးများကို စစ်မေးနေပြန်သည်။

ညစောင့် လုံခြုံရေးများကလည်း ကားစောင့်လုံခြုံရေးလို ထွက်ဆိုနေကြပြန်သည်။

"ကျွန်တော်တို့ လုံခြုံရေးကျတဲ့ ကုန်တိုက်ရှေ့ဝင်ပေါက်မှာ တံခါးပိတ်ပြီး ထိုင်နေကြတုန်း ဟိုဘက်က မှန်တံခါး ရှိုးကေ့စ်ကြီးဆီက ဂုန်းကနဲဆိုတဲ့ အသံကြီးကြားရပြီးတဲ့နောက် မရှေးမနှောင်းပါဘဲ ကားတွေ ဆက်တိုက်ဝင်လာပြီး အဲဒီအလယ်တိုင်ကြီးနဲ့ ဝင်တိုက်ပြီး တစ်စီးနဲ့ တစ်စီးဝင်တိုက်ရပ်သွားကြတာပါပဲ..."

"ကားတွေကို မောင်းလာတဲ့ သူကို ကော တွေ့ကြသေးသလား..."

"မတွေ့ဘူးဗျာ..."

"ကားတွေတိုက်မိပြီး ရပ်သွားကြတဲ့နောက် ကားတံခါးဖွင့်ပြီးဆင်းလာတဲ့သူ တစ်ယောက်ယောက်ကော ဗျာ"

"တစ်ယောက်မှ မတွေ့ပါဘူးဗျာ"

"ဟူး...တော်တော်ခက်တာပဲ"

ဒီအမှုကြီးဟာ .. သက္ကရာဇ် ၂၀၃၀ မှာ ပထမဆုံးနဲ့ အင်မတန်ထူးခြားတဲ့ အမှုကြီးပဲဗျာ။

ဟာ...ဆရာ။

ဆရာလည်း ဒီထူးခြားတဲ့ အမှုကြီးကို သတင်းကြားတာနဲ့ သတင်းရေးဖို့ ကိုယ်တိုင်လာတာလား"

ရဲအရာရှိက လုံခြုံရေးများကို စစ်မေးနေရာက ပြည်သူ့ဟစ်တိုင် အယ်ဒီတာချုပ်ဦးတင့်ထွန်းအား မြင်သွားပြီး သတင်းကိစ္စနှင့် သိထားသူများပီပီ လှမ်းမေးလိုက်သည်။

"သတင်းယူဖို့ ရောက်လာရတာ မဟုတ်ဘူးဗျာ...

အဲဒီလိုဖြစ်တဲ့ ကား တွေထဲမှာ ကျွန်တော့်ကားပါ ပါသွားလို့ ရောက်လာရတာပဲဗျာ..."

"ဟင်....သူ့ကားပါ ပါတယ် ဟုတ်လား။ ဒါထက် ဆရာကားပါတယ် ဆိုတာ ဆရာဘယ်လို လုပ်သိပြီး ရောက်လာတာလဲ..."

"ပြောရရင်တော့ အင်မတန်ရှုပ်ထွေးတဲ့ ကိစ္စကြီးဗျာ။ ခင်ဗျားတို့ ရဲတွေပဲ သေချာအောင် စုံစမ်းစစ်ဆေးကြပါဦး ပြီးတော့မှ ပြောရတာပေါ့ဗျာ..."

ဦးတင့်ထွန်းက ရှုပ်ထွေးလှသော ထိုအမှုကိစ္စကြီးအား ရေရေရာရာ မသိရသေးဘဲ မပြောလိုသေးသဖြင့် မယုတ်မလွန်အဖြေပေးလိုက်ရသည်။

*** *** ***

(၄)

ဦးတင့်ထွန်းမှာ သူ့ကားကိစ္စ ရဲများနှင့် ဆောင်ရွက်စရာရှိသမျှ ဆောင်ရွက်ရန် ပြီးစီးပြီးနောက် စိတ်ရှုပ်ရှုပ်နှင့် ဂျာနယ်တိုက်သို့ ပြန်လာခဲ့ချိန်မှာ မနက် ၁၀-နာရီခန့်ရှိချေပြီ။

ကားတွေ ကိစ္စဂျာနယ်တိုက်မှ သတင်းထောက်ကိုခေါ်ပြီး ဓါတ်ပုံရိုက်ရသည်။ ရဲစခန်းတွင် အမှုဖွင့်ရသည်။

ပြီးတော့ ပျက်စီးသွားသော ကားအတွက် ကားကိုဝပ်ရှော့မှာ အကြီးစား အရေးပေါ်ပြင်ဆင်ဖို့ သွားအပ်ရသည်။

ကား အာမခံ ထားသော်လည်း ထိုထူးဆန်းသော ဖြစ်ရပ်အတွက် ချက်ခြင်း ကားအာမခံကြေးမရသေးဘဲ ငွေ ၁၀-သိန်းခန့် လောလောဆယ် အိတ်ထဲ မှ စိုက်ထုတ်လိုက်ရသည်။

ဂျာနယ်တိုက်သို့ ပြန်ရောက်သည့် အခါ အနားမယူနိုင်သေးဘဲ၊ ထူးဆန်းသော သူ့အမှုကိစ္စအတွက် သူဆောင်ရွက်စရာရှိသည်တို့ကို ဆက်၍ဆောင်ရွက်ရတော့သည်။ လေ့လာစရာရှိသည်တို့ကို ဆက်၍လေ့လာရတော့သည်။

သူ ပထမဆုံး လေ့လာစူးစမ်းရသည်မှာ ပုလ္တာကတိုက်သည့်ကိစ္စဖြစ်၏။

သူလိုစာနယ်ဇင်းသမား၊ ဂျာနယ် အယ်ဒီတာချုပ်အဖို့ ပုလ္တာကတိုက်သည့် ကိစ္စကို အင်တာနက်မှာပင် အလွယ်တကူပင်ရှာ၍ရခဲ့သည်။

လွန်ခဲ့သော ၂၀၀၆ ခုနှစ်က ကွာလတီ QUALITY ဦးမြင့်ထွန်း တာဝန်ခံ အယ်ဒီတာလုပ်၍ ထုတ်ဝေခဲ့သော သည်းထိတ်ရင်ဖို မဂ္ဂဇင်း အတွဲ-၂၊ အမှတ်-၉ တွင်ပါဝင်သော စာရေးဆရာ လှမိုး(ပညာရေး) ဘာသာပြန်ခဲ့သော သည်းထိတ်ရင်ဖိုဆောင်းပါးမှ ရှာတွေ့ခဲ့ခြင်းဖြစ်၏။

"ကျွန်တော်တို့ မြန်မာများက ပုလ္တာကတိုက်သည်ဟု ကင်ပွန်းတပ်ခဲ့ကြပါသည်။ ပုလ္တာကတိုက်မှုကို (POLTERGEIST) ပိုလ်တာဂျိုက်စ်ဟုခေါ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

အမှန်အားဖြင့် ထိုဝေါဟာရမှာ ဂျာမန်ဘာသာဝေါဟာရဖြစ်ပြီး ဆူညံသော ဝိညာဉ်ဟု ဆိုပါသည်"

ဟု အစချီကာ · · ·

"ပုဏ္ဏကတိုက်မှုများမှာ အားလုံး လက္ခဏာခြင်းရာ တူညီကြပါသည်။ ထိုဖြစ်ပွားသော အိမ်များ၌ နံရံများအား ထုခြင်း၊ တံခါးခေါက်သံများ အဆက်မပြတ်ကြားခြင်း၊ လေးသောအရာဝတ္ထုများ ပရိဘောဂများ ကြမ်းခင်းပေါ်သို့ လဲကျလာသည့်အသံများ ကြားရခြင်း"

"ခုတင်၊ မွေ့ရာ၊ စောင်၊ ခေါင်းအုံးစသည်တို့ လွင့်စင်ကျခြင်း၊ ခုတင်နှင့် စားပွဲစသည်တို့အား တစ်စုံတစ်ဦးက ဆွဲယူသွားသကဲ့သို့ ‘ရွေ့လျားသွားခြင်း၊ ကျောက်ခဲနှင့် သဲများကျလာခြင်း၊ လူခေါ်ခေါင်းလောင်းများ အလိုအလျောက်မြည်ခြင်း၊ အင်္ကျီအစားများ မီးလောင်ခြင်းများဖြစ်သည်"

"ထူးဆန်းသည်မှာ ကျလာသော ခဲများ၊သလဲများသည် အိမ်ရှိလူများအားလုံး၀အန္တရာယ် မရှိခြင်းပင်ဖြစ်သည်။ လူများကို ထိမှန်သောအခါတွင် အရှိန်ပြင်းထန်ခြင်းမရှိ၊ ညင်ညင်သာသာ ထိမှန်သည်ဟုဆို၏ · · ·"

"ဤအဖြစ်အပျက်မျိုးကို အချို့က မှ ကွယ်လွန်သွားသူတို့၏ ဝိညာဉ်က ခြောက်လှန့်ခြင်းဖြစ်သည်ဟု ယူဆကြ၏။

ဤကဲ့သို့ ပြုလုပ်သူ အထင်အရှားမရှိဘဲ ရုပ်ဝတ္ထုများ အလိုအလျောက်ဖြစ်ပျက်မှုများမှာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် မကြာခဏ ဖြစ်ပွားလျက်ရှိသဖြင့် ထူးလျက်နှင့် မဆန်းဟု ခေါ်နိုင်သည့်ဖြစ်ရပ်ဖြစ်ပါသည် · · · "

"အချို့နိုင်ငံများတွင် ယင်းဖြစ်ရပ်များကို သတင်းစာကြီးများတွင် ဓါတ်ပုံသာမက အထောက်အထားများနှင့် ရေးသားဖော်ပြခဲ့ကြရသည်။ ထိုဖြစ်ရပ်များကို ကျွန်တော်တို့မြန်မာများက ပုဏ္ဏကတိုက်သည်ဟုကင်းပွန်းတပ်ခဲ့ကြပါသည်။ ပုဏ္ဏကတိုက်မှုကို (POLTERGEIST) ပိုလ်တာဂျိုက်စ်ဟု ခေါ်ကြသည်"

"အမှန်အားဖြင့် ထိုဝေါဟာရမှာ ဂျာမန်ဘာသာ ဝေါဟာရဖြစ်ပြီး ဆူညံသော ဝိညာဉ်ဟု ဆိုပါသည်။ မနော သုတေသီတို့က မှုရင်းဖြစ်ရပ်ကို "ဆိုက်ကိုဘားနားမစ်"ဟု ခေါ်ကြသည်။ ယင်းစကားလုံးကို (PK) ပီကေဟု အတိုကောက်သတ်မှတ်ကြပြီး စိတ်စွမ်းအင်ထကြွမှုကြောင့် ဖြစ်ပွားရသော ဖြစ်ရပ်ဆန်းဟုယူဆကြပါသည်"တဖန်ဆက်၍ သက်သေခံ အထောက်အထားနှင့် ဤသို့တင်ပြ ထားပါသည်။

"ယခုရေးသားဖော်ပြသော အမေရိကန်ပြည်ထောင်စု အုတ်ကလန်မြို့ အမှတ်-၁၉၀၄၊ ဖရင်ကလင်လမ်းရှိ တရားရုံးများ သတင်းထောက်ကြီး ဂျော့ရှိလာ၏ ရုံးခန်း ပုဏ္ဏကတိုက်မှုသည် ပုဏ္ဏကတိုက်မှုများ သမိုင်းတွင် လူမနေသော ရုံးခန်းအတွင်း ပထမဆုံးပုဏ္ဏကတိုက်မှုဖြစ်သည်ဟု အများကယူဆခဲ့ကြသည်"

"ရုံးခန်းမှာ စိတ်ပျက်စရာဖြစ်နေ၏။ ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲနေသော ဖိုင်တွဲများ၊ စာအုပ်များ၊ ဆေးလိပ်ပြာခွက်များ တစ်စစီကွဲနေသည့် ရေဖန်တကောင်းနှင့် ဖန်ခွက်၊ လဲကျနေသော ပန်းအိုး၊ နံရံမှ ပြုတ်ကျနေသော ရှုခင်းပန်းချီကားများကို တွေ့ရ၏။ ရဲအရာရှိနှင့် သုတေသီဟောဇက်ဝုဒ်တို့ စစ်ဆေးကြည့်ရှုနေစဉ် မည်သည့်နေရာမှ လွင့်ထွက်လာသည်ဟု မပြောနိုင်သော ဆေးလိပ်ပြာခွက်တစ်ခွက်လည်းဦးခေါင်းများပေါ်မှ ဝဲပျံသွားခဲ့ပြီး စားပွဲရှေ့ကျသွားခဲ့သည်"

"ရဲအရာရှိနှင့် သုတေသီဟောဇက်တို့သည် အံ့ဩစွာနှင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေစဉ် ရုံးခန်းတံခါးအား တစ်စုံတစ်ယောက်က ပြင်းပြင်းထန်ထန် ထုသံ၊ ခေါက်သံများ ထွက်လာသည်။

ရုံးခန်းအတွင်းရှိ သတင်းထောက်များနှင့် အမှုထမ်းများမှာ ထိတ်လန့်တုန်လှုပ်သည့် အမူအယာများနှင့် ပတ်ဝန်းကျင်ကို ကြည့်ရှုနေကြတော့၏"

"တယ်လီဖုန်း ခေါင်းလောင်းသံများ အလိုအလျောက် မြည်လာသည်။ ရုံးမှ တယ်လီဖုန်းများကို မည်သူမျှအသုံးမပြုဘဲ တယ်လီဖုန်းဆက်နေသကဲ့ ဖြစ်လာသည်။တယ်လီဖုန်းများထူးထူး ဆန်းဆန်း ဖောက်ပြန်လာပြီးနောက် လျှပ်စစ်လက်နှိပ်စက်များအသုံးမပြုရဘဲ ဖောက်လာသည်။ လက်နှိပ်စက်များမှကွိုင်စပရင်များအား တစ်ဇုံဘစ်ယောက်က ထုရိုက်လိုက်သကဲ့သို့ကြွတတ်လာသည်"

"နံရံကပ် ဗီရိုအတွင်းမှ ပြင်းထန်သောအသံထွက်ပေါ်လာပြီး ကော်ဖီဗိတ် (COFFEE MATD) ဘူကြီး တစ်ဘူး



www.burmeseclassic.com

www.burmeseclassic.com

သည် ကြမ်းပြင်ပေါ်သို့ ကျကွဲသွားတော့သည်။ ဗီရိုအတွင်းမှ ကော်ဖီပန်းကန်များ၊ နို့မှုန့်ဘူးများ၊ သကြားပုလင်းများသည် တစ်ခုပြီးတစ်ခု ကြမ်းပြင်ပေါ်သို့ တစ်စုံတစ်ယောက်က ဆွဲယူချလိုက်သကဲ့သို့ လွင့်စင်ကျလာသည်"

"ရုံးခန်း အပြင်ဘက်ရှိ လူခေါ်ခေါင်းလောင်းသံများ အဆက်မပြတ်မြည်လာပြန်သည်။ လျှပ်စစ်လက်နှိပ်စက်တစ်လုံးမှ အဖုံးတစ်ခုသည် လေထဲသို့ မြောက်တက်လာသည်။ ကော်ဖီပန်းကန်တစ်လုံးသည်လည်း လွင့်တက်လာကာ ကြမ်းပြင်ပေါ်ကျ၍ အစိတ်စိတ်အမွှာမွှာ ကွဲသွားတော့သည်..."

"ရုံးခန်းထောင့်ရှိ စာပုံးတိုက်များတွင် အသုံးပြုသော ချိန်ခွင်ငယ်ကလေးသည် စက္ကူတစ်ချပ်ကဲ့သို့ လွင့်ထွက်သွားပြီး နံရံဝင်တိုက်ကာ ကြမ်းပြင်ပေါ် ပြန်ကျသွားပြန်သည်။ မီးချောင်းများ၊ မီးလုံးများ အလိုအလျောက် ဖွင့်ခြင်း၊ ပိတ်ခြင်းများဖြစ်လာပြန်သည်။

တစ်စုံတစ်ဦးကလည်း ရုံးခန်းနံရံကို တစ်တောက်တောက်ခေါက်လာသည်။ ခေါက်သည့် အသံမှာတိုးတလှည့် ကျယ်တစ်လှည့်ဖြစ်လာခဲ့၏။

"ညှိခန်းဆောင်ရှိ သံခွေးခြေငယ်တစ်လုံးပေါ်တွင် တင်ထားသော ရွက်လှပန်းအိုးငယ်လေးအားတစ်စုံတစ်ယောက်သည် မယူလိုက်ပြီး ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်တော့သည်။ ရဲအရာရှိကြီးများရောက်လာသောနေ့မှာ အကြမ်းဆုံးဖြစ်၏။ တယ်လီဖုန်း စကားပြောခွက်များ ကြိုးမှပြုတ်လာပြီး ကောင်တာကိုထိမှန်၍ ကြမ်းပေါ်သို့ကျသွား၏။ လေ့ခါးမီးလုံးများ ပြုတ်ကျခဲ့၍ မီးဆိုင်းများပါ ထူးထူးဆန်းဆန်းပြုတ်ကျ၏"

"ရုံးခန်းအတွင်းမှ ပစ္စည်းများ ရွေ့ပြောင်းသံ၊လူသံများကြားရ၏။ ဖယောင်းရည်ပုလင်းတစ်လုံးသည် ဗီရိုထဲမှ လွင့်စင်၍ ဗီရိုနှင့် ရှစ်ပေအကွာကြမ်းပြင်ပေါ်သို့ကျနေ၏။ ခုံများ ရွှေ့ပြောင်းလျက်တံခါးမကြီးပင် ဝက်အူပြုတ်ကျ၍ တံခါးရွက်ကြီး ပြုတ်ထွက်သွား၏။

ဤသည်မှာ ရုံးခန်းတစ်ခုအတွင်းမှ ထူးခြားဆန်းကြယ်သော ပုဏ္ဏကတိုက်မှုကို မှတ်တမ်းပြုထားခြင်းပင် ဖြစ်လေသည်။ ပြည်သူ့ဟစ်တိုင် အယ်ဒီတာချုပ်ဦးတင့်ထွန်းသည် ဆောင်းပါးအချက်အလက်များကိုဖတ်ရှုပြီးနောက် အတွေးနက်ကာ ကြောင်းကျိုးဆက်စပ် စဉ်းစားခြင်းပြုရလေပြီ။

*** *** ***

(မြောက်)

လွန်ခဲ့သော တစ်ပတ်ခန့်က ထုတ်ဝေခဲ့သော သူ၏ ပြည်သူ့ဟစ်တိုင်ဂျာနယ်တွင် ဘိုးတော်လိမ်တစ်ယောက်အကြောင်းဖော်ထုတ်ဖွင့်ချသော သတင်းတစ်ပုဒ်ပါခဲ့သည်။ ထိုဘိုးတော်သည် ဘိုးတော်အမည်ခံ ထောင်ထွက် လူလိမ်တစ်ဦးဖြစ်၏။ သူ့ကိုယ်သူ ဘိုးတော်ပုဏ္ဏကဟု အမည်ပေးထားသည်။

ထောင်ထဲမှာ လိမ်လည်မှုနှင့် ထောင်ကျနေစဉ်–အတတ်မျိုးစုံ တတ်ကျွမ်း၍ လူပေါင်းစုံနှင့် ထိတွေ့ပေါင်းမိသော ထိုဘိုးတော်လိမ်သည် ဂန္ဓာရီပညာတွင် အထက်လမ်းမဟုတ်ဘဲ အောက်

လမ်းဖြစ်သော အောက်လမ်းဆ
တစ်ဦးနှင့်ပေါင်းမိကာ ပညာရပ်
ရရှိခဲ့ကာ ဒီတစ်ခေါက်ထောင်မှ
လာတော့ဂိုဏ်းဆရာကြီးယောင်ဆေ
ပြီး စီးပွားရှာတော့သည်။

သူ့ကိုယ်သူလည်း အများတက
ကြောက်ရွံ့ရှိသေစေရန် ဘိုးတော်ပုဏ္ဏ
ဟု အမည်နာမခေါ်တွင်စေခဲ့သည်

ပုဏ္ဏကဆိုတာက ဘီလူးမင်း
သည်။ ဘုရားအလောင်းတော် ဝိ
ဇာတ်တော်ထဲတွင် ဘုရားအလော
တော် ဝိဓူရအမတ်ကြီးအား တော
ခုနစ်ထပ်မြင်းနှင့်ဝိုင်းကာ သေ
ကြံခဲ့ဘူးသူဖြစ်၏။ ဖြစ်ရင်က ဩ
နဂါးမင်းသမီးတော် "ဣရာနသီ"
သမီး အချောအလှလေးကို ရလို
ဗြဟ္မာဒတ်မင်းနှင့် ကြွေအံလောင်း
မှုကိုပြုပြီး၊ လိမ်လည်အနိုင်ရ
ကြံဆောင်၍ ဝိဓူရအမတ်ကြီးအား
ကြောင်း ကြံစည်ခဲ့ဘူးသူ"

ဘုရားအလောင်း ဇာတ်တော်
ပင် ပုဏ္ဏကဘီးလူးသည် အ
အစားကျူးသူ မိန်းမအချောအ
ဦးစားပေးမက်မောသူ၊ ခက်ထ
ကြုတ်သူ၊ အမျက်စောင်မာန်ကြီ

ယခုဘိုးတော်ပုဏ္ဏကသည်
ထိုအမည်ကိုခံ၍ ထိုနည်းနှင့်မ

သူ၏အောက်လမ်းပညာမ
လေး မလောက်စားနှင့် လူတွေအ
ကြီးအောင်လုပ်ပြီးစီးပွားရေးလမ်း
ထွင်နေသူ။ စီးပွားရေးလမ်း
ထွင်ရုံမျှမက၊ မိန်းမကိစ္စကလည်း
လိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com

ထုံကူးသည်ဆိုကာ မိန်းကလေးများနှင့် . . .သည်။ ယုံကြည်အားထားသည့်လူတွေအပေါ် စားပေါက်အမျိုးမျိုးထွင်ကာ ကြီးပွားချမ်းသာလာသည်။ အိုးတန်ကားတွေစီး၊ ခြံတွေဝယ် တိုက်ဆောက်၍ မယားအငယ်အနှောင်းတွေဖြင့် ရေးခေတ်ပဒေသရာဇ်ဘုရင်တစ်ပါး မိဖုရားများသလို နာမည်ကြီးလာသည်။

ထိုသို့ မဟုတ်တဟုတ် ဘာသာရေး အရေခြုံအောက်လမ်းသွား ဂန္ဓာရီအမည်ခံ ဘိုးတော်ပုဏ္ဏက၏ ဇစ်မြစ်ကို ဦးတင့်ထွန်းတို့၏ ပြည်သူ့ဟစ်တိုင်ဂျာနယ်က အကြေးခွံဆုန်သလို အတွင်းနိုက်ပြီး တစ်တစ်ခွခွရေးသား ဖော်ပြခဲ့သည်။ထိုတိုးတော် ပုဏ္ဏကကလည်းမခံ။ ဦးတင့်ထွန်းတို့ ဂျာနယ်တိုက်ကို အမျိုးမျိုးခြိမ်းခြောက်လာသည်။ သွယ်ဝိုက်တစ်မျိုး၊ ပေါ်ပေါ်ထင်ထင်နှင့်တစ်နည်း။

ခုတော့ သူ၏ အောက်လမ်းယောဂနည်းဖြင့် ပုဏ္ဏကတိုက်လေပြီ။

အယ်ဒီတာချုပ် ဦးတင့်ထွန်း ဆက်စပ်တွေးယူခြင်းဖြင့် အဖြေမှန်ကို ဆုတ်မိသွားလေပြီ။ ယင်းကြောင့် ရဲစခန်းသို့ ဖုန်းလှမ်း ဆက်သည်။

ရဲမှူးဦးစောဝင်းအား အဖြစ်သနစ်တွေကို ဖွင့်ဟပြောပြပြီး၊ ဘိုးတော်ပုဏ္ဏကအယောင်ဆောင် ဓါတ်စခန်းဓါတ်နန်းကြီးဖွင့်ထားရာ ပန်းဆိုးတန်းစခန်းမှာ ဆုံကြရန် ချိန်းဆိုလိုက်သည်။

ဘိုးတော်ပုဏ္ဏက၏ ဓါတ်စခန်းမှာ ဟောပိန္နဲဘုရားကျောင်းဝင်းအနီးမှာဖြစ်၍ ဦးတင့်ထွန်းဂျာနယ်တိုက်မှ ကားတစ်စီးနှင့် ချက်ခြင်းအရောက်လာနိုင်ခဲ့သည်။ သူရောက်သွားတော့ ဘိုးတော်ပုဏ္ဏကကို အဆင်သင့်ပင်သူ့ဓါတ်စခန်းတွင် သူ့မိဖုရားလေးများနှင့် တွေ့လိုက်ရသည်။

"ကိုယ့်လူ အယ်ဒီတာမင်းကြီး ရောက်လာလိမ့်မယ်လို့ ထင်ပြီးသားပဲ ဟား . . .ဟား . . .ဟား . . ."

ဦးတင့်ထွန်း အဖြေက လက်သီးချက်ပြင်းပြင်းပင် . . .

"ခွပ် . . ."

"ဒုန်း . . ."

"ဝုန်း . . ."

"ကလောင်သမားပေမယ့် လက်သီးချက်ပြင်းတယ်ဆိုတာကို ယုံပြီလား ဘိုးတော်လူလိမ် တောင်ထွက်ကြီးရ၊ မင်းရဲ့ အဲဒီရယ်မောသံကြီးရယ်။ မင်းရဲ့ စကားသံတွေကို ငါတို့က မကင်းလိုပဲ အင်တာနက် အသုံးပြုပြီး လက်ဆုပ်လက်ကိုင်ဖမ်းထားပြီးသားကွ . . ."

"သြော် . . .မင်းက ဒီလိုလား။ ဟား . . .ဟား . . .ဟား . . ."

"ဒါပေမယ့် မင်းက ငါ့ပိုင်နက်ထဲကို ရောက်လာတဲ့ ဟာပဲ၊ ကဲ . . .ငါ့ရဲ့ အစောင့်အရှောက်တွေ ဒီကောင့်ကို သုတ်သင်ပစ်ဖို့ အမိ ဖမ်းကြစမ်း။ ငါလက်ချက်နဲ့ မကြာခင် သေရမယ်ကွ"

"ဟား . . . ဟား . . . ဟား . . ."

"မောင်တော်ဘုရားရဲ့ ပိုင်နက်မှာ လာပြီးစော်ကားတဲ့ ရန်သူတော်ကို အပြတ်သာ စီရင်ပါ မောင်တော်ဘုရား"

"ဟုတ်ပါတယ် မောင်ကော် . . . အရှင်မထားပါနဲ့ . . . "

ဘိုးတော် ပုဏ္ဏက၏ အငယ်အနှောင်း မိဖုရားလေးတွေကပါ ဝင်ပြီး တိုက်တွန်းနေစဉ် ဘိုးတော်ပုဏ္ဏက၏ အစောင့်အရှောက်ဖြစ်ဟန်ရှိသော ရှမ်းဘောင်းဘီအနက်ဝတ် သိုင်းသမားနှစ်ယောက်ပြေးဝင်လာကာ ဦးတင့်ထွန်းကို တိုက်ခိုက်တော့သည်။

ဦးတင့်ထွန်းကလည်း အားကစားသမား သိုင်းပညာရှင်ဖြစ်၍ ပြန်လည်တိုက်ခိုက်မှုကြောင့် ဘိုးတော်ပုဏ္ဏက ဓါတ်စခန်းမှာ လျှောင်လှုပ်သလို သောသောညံ သိမ့်သိမ့်တုန်သွားသည်။

"ဝို . . ."

"ဝုစ် . . ."

"ဒုတ် . . ."

"ခွပ် . . . "

"ဖြောင်း . . . ."

"ဟေ့ . . . .ကောင်တွေ အားလုံးမလှုပ်ကြနဲ့ ငါတို့ရဲတွေ မင်းတို့ကို ဖမ်းဖို့ စောင့်ကြည့်နေတာ၊ တစ်ယောက်မှ ထွက်မပြေးကြနဲ့ . . ."

ရဲမှူးဦးစောဝင်းနှင့် ရဲအဖွဲ့သားတွေ အချိန်မှီဦးတင့်ထွန်းနှင့် စီစဉ်ထားသည့်အတိုင်း လက်နက်ကိုယ်စီအသင့်ချိန်ရွယ်လျက် ရောက်လာသဖြင့် ဘိုးတော်ပုဏ္ဏကနှင့်အဖွဲ့မှာ ဆက်လက်မလှုပ်သာဘဲ အဖမ်းခံလိုက်ရတော့သည်။

ခရစ်သက္ကရာဇ် ၂၀၃၀ ခုနှစ်သို့ ကြိုတင်တွေး ခံစားရေးဖွဲ့ပါသည်။

ကျော်မင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# အမှတ်တရ မှသည် အာမှတ်မထင်

☆ မောင်မောင် (ပိတောက်မြိုင်)

"ဆရာမောင်ရေ ကျွန်တော်က တပ်မတော်ကနေ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ အသွင်ကူးပြောင်းရောက်လာတာ ဆရာမောင်အသိပဲ။အေးဗျာ တပ်မတော်သားနဲ့ ရဲတပ်ဖွဲ့ဝင်များဟာ အသွင်သဏ္ဍာန်အားဖြင့် တူသယောင်ရှိပေမဲ့ လုပ်ငန်းသဘာဝ အနှစ်သာရကြတော့ ကွာခြားတာကို တွေ့ရတယ်ဗျ"

"မှန်တာပေါ့ဆရာလှမြင့်ရယ်၊ ဘဲနဲ့ကြက်လိုပဲပေါ့၊ အသွင်သဏ္ဍာန်အားဖြင့် ဘဲမှာလဲ ချေနှစ်ချောင်းပါတယ်၊အတောင်နှစ်ခုလဲပါတယ်၊ ကြက်မှာလဲ ဒီအတိုင်းပဲဒါပေမဲ့ ဘဲက ရေကူးကျွမ်းကျင်တယ်၊ အစာကို ရေထဲမှာငုတ်၍ ရှာစားနိုင်တဲ့ စွမ်းရည်ရှိတယ်၊ ကြက်ကြတော့ ချေနှစ်ချောင်းရှိပေမဲ့ ရေကူးမကျွမ်းဘူး ရေငုတ်၍အစာရှာမစားနိုင်ဘူး၊ အဲ သူ့ချေနှစ်ချောင်းက မြေပြင်မှာယက်၍ အစာရှာနိုင်တဲ့ စွမ်းရည်ရှိပြန်ရော မဟုတ်လား၊ အဲဒါ ကွာခြားချက်တွေပေါ့"

"ဆရာမောင်ကတော့ ကြံကြံဖန်ဖန် တွေးခေါ်တတ်တယ်ဗျာ၊ စာရေးဆရာ ပီသပါပေတယ်။

"ကြံကြံဖန်ဖန် တွေးတာမဟုတ်ဘူး ဆရာလှမြင့်ရဲ့ သဘာဝတရားကြီးကို အရှိကို အရှိအတိုင်း မြင်တာပါ။ ဆရာလှမြင့် ရဲတပ်ဖွဲ့မှာ အနေကြာလာတော့ အသွင်သဏ္ဍာန်တွေ၊ အနှစ်သာရတွေ တမူထူးခြားတာတွေ တွေ့ခဲ့ရပြီ မဟုတ်လား"

"ဟုတ်တယ် ဆရာမောင်ရေ၊ တကယ်လက်တွေ့ဆောင်ရွက်လာရတဲ့ အခါမှာ ရဲတပ်ဖွဲ့လုပ်ငန်းတွေဟာ အလွန်ကျယ်ဝန်းပါလား။ မြစ်ကို အလျားလိုက်ကူးနေရသလိုပါပဲ၊ တနည်းအားဖြင့် အစသာရှိတယ်၊ အဆုံးမရှိနိုင်ဘူးလို့တောင် ပြောလို့ရတဲ့ ရဲပညာရပ်တွေပါ ဆရာမောင်ရယ်"

"မှန်တာပေါ့ ဆရာလှမြင့်ရယ်၊ သတိတရရှိတာလေး ပြောချင်သေးတယ်၊ ရဲတပ်ဖွဲ့လုပ်ငန်းဆိုတာ လွယ်မယောင်နဲ့ခက်တယ်၊ တိမ်မယောင်နဲ့နက်ပါတယ်၊ ထူးခြားတာတစ်ခုကလဲ စာတွေနဲ့ လက်တွေ့ပေါင်းစပ်နိုင်မှလဲ အောင်မြင်မှုရနိုင်ပါတယ်။ ဆိုကြပါစို့ဗျာ ရေကူးချန်ပီယံတစ်ယောက် ရေးတဲ့ ရေကူးနည်းစာအုပ်ကို ဖတ်ရုံဖြင့် ရေခဝင်းကူးရင်၊ ရေနစ်သေဘို့ပဲရှိမှာပေါ့"

www.burmeseclassic.com

"ကောင်းလိုက်တဲ့ ဥပမာလေးဗျာ၊ ဆရာမောင်က အစဖော်လိုက်တော့၊ ရဲတပ်ဖွဲ့မှာ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ပြီး ကြုံတွေ့ခဲ့ရတဲ့ မမေ့နိုင်သေးတဲ့ အမှတ်တရလေးများကို ပြောပြချင်သေးတယ်"

"ကောင်းလိုက်တဲ့ အစီအစဉ်ဗျာ၊ ကျွန်တော်ကလဲ အဲဒါမျိုးကို နားထောင်ချင်နေတာပါ"

ဆရာလှမြင့်က ဇနီးသည်လာချပေးသော လက်ဖက်သုတ်ကို တစ်ဇွန်းခပ်လျက်ဝါးလိုက်သည်။ ပူနွေးနွေးလေးရှိဟန်တူသော ရေနွေးကြမ်းခွက်ကို ကောက်ကိုင်လျက် မော့ချလိုက်သည်။ ပြီးနောက် သူ့စကားကို ပြန်ဆက်သည်။

❄ ❄ ❄

"ကျွန်တော် စခန်းမှူးတာဝန်နဲ့ ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းရဲစခန်းမှာ တာဝန်ပေးခြင်းခံရပါတယ်။ ရဲစခန်းကိုရောက်ရောက်ခြင်းပဲ၊ ရင်မောစရာနဲ့ ကြုံခဲ့ရပါတယ်။ ရဲစခန်းအဆောက်အဦကြီးက အိုမင်းနေပြီဆိုတော့ သူလဲ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဆိုတဲ့ လောကဓံတရားတွေကို မလွန်ဆန်နိုင်ဘူးလေ၊ ဇရာကို ကျော်လွန်ပြီး ဗျာဓိဆိုတဲ့ ချို့ယွင်းပျက်စီးခြင်းဘဝသို့ ရောက်နေပါပြီ။ အမိုး၊ အကာ၊ အခင်းကအစ ကြည့်မကောင်း၊ ရှုမကောင်း ဖြစ်နေပါတယ်။

လုံခြုံရေးသဘောအရ ဒီကိစ္စကို အရင်ဖြေရှင်းရပါတယ်။ တာဝန်သိသိနဲ့ပေါ့၊ တာဝန်မသိရင် တာဝန်ပီသွားမယ် မဟုတ်လား။ ရဲစခန်းကြီး တင့်တောင်းတင့်တယ်ဖြစ်သွားအောင် ပြင်ဆင်ရပါတယ်။ ခြံစည်းရိုးကအစ လုံခြုံသွားအောင် ဖန်တီးလိုက်ရပါတယ်။ ပေါက်ခေါင်းနယ်မြေက သစ်နဲ့ဝါး ပေါများတယ်ဆိုတော့ ခံသာသွားတယ်လို့ ဆိုရမှာပေါ့။

ဆရာမောင်သိတဲ့အတိုင်းပါပဲ၊ စီမံချက်တွေကလဲ အများကြီးမဟုတ်လား၊ လုံခြုံရေးစီမံချက်၊ မှုခင်းကျဆင်းရေးစီမံချက်၊ တပ်ဖွဲ့ဝင်များ သက်သာချောင်ချိရေးစီမံချက်၊ စိုက်ပျိုး၊ မွေးမြူရေးစီမံချက်၊ (ဝက်နှစ်ကောင်၊ ကြက်နှစ်ဆယ့်ငါးကောင်၊ ငါးမျိုး၊ ငါးပေါက်)၊ ရဲစခန်း သာယာသန့်ရှင်းရေးစီမံချက်၊ မီးဘေးလုံခြုံရေးစီမံချက်, စတာတွေပေါ့ဗျာ၊ အဲဒါတွေအားလုံးဟာ စခန်းမှူးခေါင်းပေါ်မှာရှိပြီး တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးနေရတာ ချည်းသာ ဖြစ်တယ်မဟုတ်လားဗျာ။

ကျွန်တော် ဗိမိအသိစိတ်ဓါတ်နဲ့ အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ စာရေးဆရာကြီး ဆရာဘက်တိုးရဲ့ အဆိုအမိန့်ကို ကျွန်တော် သဘောကြတယ်။ "တာဝန်ရှိမှုနှင့် တာဝန်သိမှုကို ပိုင်းခြား၍မြင်တတ်ရန် အရေးကြီးသည်။ တာဝန်ရှိလျှင် တာဝန်သိရန်လိုအပ်သည်။ တာဝန်ရှိပါလျက် တာဝန်မသိလျှင် တာဝန်များပီသွားမည်သာဖြစ်သည်"တဲ့။

ကျွန်တော် အတတ်နိုင်ဆုံးကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ ရိုးရိုးသားသားပြောရရင် အတော်လေး အောင်မြင်ခဲ့ပါတယ်။ ကြွားတာတော့ မဟုတ်ပါဘူး။ မြင်သာထင်သာတာလောက်ကို ပြောရရင် စစ်ရေးပြကွင်းနဲ့ အလေးပြုခံစင်မြင့်ကို တောင်ငူတပ်နယ်မှာ နမူနာသွားကြည့်ပြီး ထိုက်ထိုက်တန်တန်တည်ဆောက်ခဲ့ပါတယ်။

ပြီးတော့ ရှိသမျှ မြေကွက်များမှာ စိုက်ပျိုးရေးတွေလုပ်တယ်။ အစိုးရစိုက်ပျိုးရေးဌာနက ပညာရှင်များကလည်း မေတ္တာနဲ့အကူအညီပေးကြပါတယ်။ ငှက်ပျော၊ ဘူးနှင့်သံပုရာပင်ကိုစိမ်းလန်းစိုပြေလျက် ဖူးကြ၊ ပွင့်ကြ၊ သီးကြသည်မှာ မြင်ရသူတိုင်း ငေးကြည့်ကြတဲ့ အခြေအနေမျိုးပါ။ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများကဆိုလျှင် ချီးကျူးထောမနာပြုကြတဲ့အထိပါပဲ။

နောက်တစ်ခါ မိသားစုများ သောက်သုံးရေအခက်အခဲ မရှိစေရန်နှင့် စိုက်ပျိုးရေးအတွက် အတူးပြုရန် စက်ရေတွင်း၊ ငါးတွင်းတူးနိုင်ခဲ့ပါတယ်။ မွေးမြူရေးအတွက်ကတော့ မိသားစုများကို ဝက်၊ ကြက်စသည်များကို တနိုင်တပိုင်မွေးစေခဲ့ပါတယ်။ လိုအပ်သည်များလဲ ပံ့ပိုးပေးခဲ့ပါတယ်။ စားကျက်ကောင်းသော မြူးခေါင်းရဲ့ကွင်းမှာ ဆိတ်မွေးမြူရန် စီစဉ်ပေးခဲ့ရာ ဆိတ်အကောင်တစ်ရာကျော်အထိ တိုးပွားခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

သန္တေမိသားစုများ ခင်မင်ရင်းနှီးမှုရှိစေရေး၊ စည်းလုံးညီညွတ်မှုရှိစေနိုင်ရေးအတွက် တစ်ကိုယ်ရည်သန့်ရှင်းရေး မိသားစု (အိမ်ခန်းများပါ) သန့်ရှင်းရေး လုပ်ဆောင်စေခဲ့တယ်။ ရဲစခန်းဝင်း သာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးကို တစ်ပတ်တစ်ကြိမ် ပြုလုပ်စေခဲ့တယ်။ မိမိက အခါအားလျော်စွာ စစ်ဆေးခဲ့တယ်။ အလှည့်ကျ တာဝန်မှူးက နေ့စဉ် စစ်ဆေးစေခဲ့ပါတယ်။

ရဲစခန်းနှင့် နေအိမ်ခန်းများ သန့်ရှင်းသာယာရေးအတွက် ဆုပေး၊ ဒဏ်ပေးစနစ်ကိုလဲ ကျင့်သုံးခဲ့တယ်။ ဆုရသူများကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့တွေမှာ ထိုက်သင့်သလို အခမ်းအနားနဲ့ ချီးမြှင့်ခဲ့ပါတယ်။ အရပ်သူ အရပ်သားများမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပေါ် မှုခင်းနှင့် အထွေထွေကူညီသူများကိုလည်း ဂုဏ်ပြုမှတ်တမ်းများနှင့်အတူ တတ်နိုင်သရွေ့ လက်ဆောင် ပစ္စည်းများနှင့် ချီးမြှင့်ပေးခဲ့ပါတယ်၊ ပျော်စရာသိပ်ကောင်းပါတယ် ဆရာမောင်ရယ်"

"ဆရာလှမြင့်ရဲ့ အမှတ်တရ ဆောင်ရွက်ခဲ့တာတွေကတော့ အံ့မခန်းပါပဲဗျာ၊ ကျွန်တော်မရောက်ဘူးသေးတဲ့ ပေါက်ခေါင်းရဲစခန်းနယ်မြေက ဆရာလှမြင့်ရဲ့ ငှက်ပျောခိုင်ကြီးတွေ၊ ဘူးသီးတွေ၊ သံပုရာသီးတွေကို မျက်စိထဲ ကွင်းကွင်းကွက်ကွက် မြင်ယောင်လာမိတယ်ဗျာ၊ ဖြူးခေါင်းရဲကင်းက နှီးဆာနေတဲ့ ဆိတ်ငယ်လေး တပဲပဲနဲ့မိခင်ကိုတမ်းတနေသံကိုတောင် နားထဲကြားယောင်မိသလို ခံစားမိတယ်ဗျာ"

"ဆရာမောင်ရဲ့ စိတ်ကူးယဉ်ချက်ကတော့ စာရေးဆရာ ပီသပါပေတယ်ဗျာ"

"ဟား··ဟား··ဟား··"

သူနှင့်ကျွန်တော် အားရပါးရ ရယ်လိုက်ကြတော့သည်။

❄ ❄ ❄

"ဆရာမောင်ရေ၊ ဒီအချိန်၊ ဒီကာလရောက်မှပဲ၊ ကျွန်တော် အားရပါးရရယ်နိုင်ခဲ့တာပါ၊ တချိန်သောကာလတုန်းကတော့ ကျွန်တော်ရယ်ခွင့်မသာခဲ့ပါဘူးဗျာ၊ ဘဝကြမ္မာလို့ပဲဆိုပါလေ မလားမသိပါဘူး။ ကျွန်တော်စောစောက ပြောခဲ့တဲ့အတိုင်းပဲ၊ အတတ်နိုင်ဆုံးကြိုးပမ်းဆောင်ရွက်ခဲ့လို့ အောင်မြင်သင့်သလောက် အောင်မြင်ခဲ့ပါတယ်။ ပတ်ဝန်းကျင်အများစုကလဲ နှစ်သက်သဘောကျကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အထက်အရာရှိကြီးကတော့ မကြေနပ်တဲ့သဘောတော့ ဟုတ်ပုံမပေါ်ပါဘူး။ သို့သော်လည်း အားပေးစကား ချီးကျူးစကား တစ်လုံး တပါဒမျှမဆိုဘူးဗျ။

တွေ့ရင် မျက်နှာကြောတင်းတင်းကြီးနဲ့ပဲ ဆက်ဆံတယ်ဗျ၊ ဘာတွေလိုလို့ ဘာတွေအလိုမကျဖြစ်နေတယ် မသိပါဘူး။ အဲဒီအချက်ကို မသိတာ ကျွန်တော်ညံ့တယ်ပဲ ဆိုရမှာပေါ့၊ ကျွန်တော့်ကို တွေ့တိုင်း ကြည်ကြည်သာသာဘယ်တော့မှ မရှိပါဘူး။ ကြာလာတော့လဲ ကျွန်တော့်အတွက် ရိုးသွားသလိုပါပဲ၊ ကျွန်တော် ဘာမှ မစဉ်းစားတော့ဘူး။ ကျွန်တော့်တာဝန် ကျွန်တော်ကျေပွန်အောင် ဆက်လုပ်တယ်။

ဆရာမောင်သိတဲ့အတိုင်း ဒီလိုလုပ်လိုက်နိုင်ဖို့ဆိုတာ မလွယ်ဘူးလေ၊ အပေါင်းအသင်း ရှာရပါတယ်။ စေတနာနဲ့သဒ္ဓါအပေါ် အခြေခံပြီး ဆောင်ရွက်ရတာမျိုးပါ။ ဘယာနဲ့ လောဘတွေပါလာရင်တော့ အန္တရာယ်သိပ်ကြီးပါတယ်။ ကျွန်တော် ရိုးရိုးသားသားနဲ့ စေတနာအပြည့်ထားလုပ်ခဲ့ပါတယ်။ ကျွန်တော် မရိုးသားရင် အဂတိတရားတွေ မကင်းခဲ့ရင် အခုလို ပင်စင်လေးတောင် စားရဘို့မရှိပါဘူး၊ ရှင်းပါတယ်။

ဆရာမောင်ရေ ပြောလက်စနဲ့ ဆက်ပြောရဦးမယ်၊ တစ်နေ့မှာ အထက်အရာရှိကြီး ကျွန်တော်တို့ ရဲစခန်းကို လာစစ်ပါတယ်။ ရဲစခန်းဆိုင်ရာ မှတ်ပုံတင်နဲ့ အခင်းအကျင်းတွေကိုကြည့်တယ်။ မိသားစုအိမ်ထောင်သည်လိုင်းတွေလဲ လိုက်ကြည့်တယ်၊ နောက်ဆုံးစိုက်ခင်းထဲရောက်သွားတယ်။ သီးပင်၊ စားပင်တွေက စိမ်းလို့ စိုလို့ ငှက်ပျောခိုင်ကြီးတွေ၊ စင်ပေါ်မှာ တိုးလို့ တွဲလောင်းနဲ့ ကြည့်မဝ၊ ရှုမဝ ဘူးသီးတွေ၊ သံပုရာသီးတွေကလဲ အပင်တိုင်းမှာပြွက်လို့ ခဲလို့ ဆီးကြိုနှုတ်ဆက်နေဟန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ဗျာ အထက်အရာရှိကြီးကတော့ တွေ့ခဲ့သမျှ၊ မြင်ခဲ့သမျှ အားလုံးအပေါ် ကောင်းတယ်လဲ ဆိုးတယ်လို့လဲ မပြောခဲ့ပါဘူး။ အံ့တော် အံ့ဩရပါတယ်။ ရွှေစွန်ညို ဘာအလို မကျပါလိမ့်လို့ပဲ ကျွန်တော် တွေးလိုက်မိပါတယ်။

ပြန်ထွက်သွားခါနီးမှာ သူ့ကိုယ်ရေးအရာရှိက ကျွန်တော့်နားနားကပ်လျက် ခပ်တိုးတိုးလေးပြောသွားတဲ့ စကားများကတော့ ကျွန်တော့်အတွက် ပဟေဠိဆန်သလို ခံစားခဲ့ရပါတယ်။

"ဒီလောက် ဒါမျိုးတွေကြတော့ မဆိုးပါဘူး" တဲ့ ဆိုပါကလား။

ဒါဆိုရင် ကျွန်တော်ဘက်က ဘာတွေ ဆိုးနေသလဲ၊ ဘာတွေလိုနေသလဲ စဉ်းစားစရာတွေက အများကြီးဖြစ်လာပါတယ်။ ကျွန်တော် ဘာမှ စဉ်းစားမနေတော့ပါဘူး ဆရာမောင်ရယ် မေ့မရနိုင်တဲ့ အမှတ်တရတစ်ခုလို့ပဲ သဘောထားလိုက်ပါတယ်"

❄ ❄ ❄

"အမှတ်တရတွေပြီးတော့ အမှတ်မထင် ကြုံတွေ့ခဲ့ရတာလေး ပြောပြချင်ပါသေးတယ်။ ဒါလဲ မှတ်မှတ်ရရပါပဲ၊ (၃၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့မှာ ကျွန်တော်တို့ရဲတပ်ဖွဲ့ကို စွမ်းစွမ်းတမံကူညီခဲ့ကြတဲ့ ကျေးရွာသူ၊ ကျေးရွာသားတွေရယ်၊ ဆုပေးထိုက်တဲ့ ရဲတပ်ဖွဲ့ဝင်များနှင့် သန္ဓေမိသားစုများကို ဂုဏ်ပြု ဆုပေးပွဲလေး ပြုလုပ်ပါတယ်။ ထမင်းစားပွဲလေးလဲ ထည့်ထားပါတယ်။ တရင်းတနှီးပြောကြ၊ ဆိုကြ၊ စားကြသောက်ကြနဲ့ ပျော်စရာအတိဖြစ်ပါတယ်။

အရေးကောင်း ဒိန်းဒေါင်းဖျက်ဆိုသလို သတင်းဆိုးကြီးတစ်ခု ဝင်လာပါတယ်။ လူတစ်ယောက် အူးယားဖါးယားနှင့် ပြေးဝင်လာပြီး တောင်နဝင်းဆည် အနီး ရပ်သစ်ရွာနှင့် အရှေ့မကွေးရွာကြားလှည်းလမ်းပေါ်တွင် နွားလှည်းကနှစ်စီး၊ လူသေအလောင်းကတစ်လောင်း တွေ့ခဲ့ရတယ်လို့ သတင်းပေးပါတယ်။

ဆရာမောင်ရေ ကျွန်တော်တို့တတွေ မတိမ်းမစောင်း ဘိန်းမောင်းပါပဲ၊ ဖုံးစိုင်းပြေးကြရတယ်ပေါ့၊ အခင်းဖြစ်အရပ်ရောက်တော့ နွားလှည်းနှစ်စီးက နွားတွေ တပ်ထားလျက် လမ်းမပေါ်ရပ်ထားတယ်။ ရှေ့ကလှည်းမှာလူမရှိ၊ နောက်လှည်းပေါ်မှာ မြင်ကွင်းက ရင်နင့်စရာပါပဲ။ လူတစ်ယောက် လည်ပင်းပြတ်လုနီးနီး ဓားရာကြီးနဲ့ အသက်ပျောက်နေတာ တွေ့လိုက်ရပါတယ်။

*အခင်းဖြစ် အရပ်ရောက်တော့ နွားလှည်းနှစ်စီးက နွားတွေတပ်ထားလျက် လမ်းမပေါ်ရပ်ထားတယ်။ ရှေ့ကလှည်းမှာလူမရှိ၊ နောက်လှည်းပေါ်မှာ မြင်ကွင်းက ရင်နင့်စရာပါပဲ။ လူတစ်ယောက် လည်ပင်းပြတ်လုနီးနီး ဓားရာကြီးနဲ့ အသက်ပျောက်နေတာ တွေ့လိုက်ရပါတယ်။*



www.burmeseclassic.com

www.burmeseclassic.com

ပထမတော့ ဘယ်သူဘယ်ဝါတွေဆိုတာမသိဖြစ်နေပါတယ်။ အဆင်သင့်သွားတယ်ပဲ ဆိုရမှာပေါ့။ ကျွန်တော်တို့သွားကြတဲ့ အဖွဲ့ထဲမှာ ကျေးရွာအုပ်စုလူကြီးတွေလဲပါတော့၊ အရေ့မကွေ့ရွာလူကြီး ဦးဘအောင်က "ဟာ သေနေတဲ့ကောင်လေးက ကျွန်တော်တို့ရွာက ထွန်းခင်ပဲ၊ ဟိုရှေ့ကလှည်းနဲ့ နွားတွေကလဲ အောင်ထွန်းဟာတွေပဲ" လို့ဆိုပါတယ်။

ထွန်းခင်က သေနေပြီ၊ အောင်ထွန်းက ပျောက်နေသည်။ အကြမ်းဖျင်းစဉ်းစားကြည့်လိုက်တော့ အောင်ထွန်းက ထွန်းခင်ကို သတ်ပြီးထွက်ပြေးသွားတာဖြစ်နိုင်တယ်လို့ ကောက်ချက်ချကြပါတယ်။

အရေ့မကွေ့ရွာလူကြီး ဦးဘအောင်ကတော့ မဖြစ်နိုင်ဘူးထင်တယ်လို့ ဆိုပါတယ်။ သူ့ပြောပြချက်ကလဲ စဉ်းစားစရာဖြစ်လာပါဟယ်။ ထွန်းခင်နှမကို အောင်ထွန်းက ယူထားသည်။ သမီးယောက်ဖတော်ကြသည်၊ သူတို့နှစ်ယောက်က ညီရင်းအစ်ကိုတမျှချစ်ကြသည်။ နှစ်ယောက်စလုံးတော့ အရက်သောက်တတ်ကြသည်။ ဒါပေမဲ့ ရမ်းရမ်းကားကား မရှိကြဘူး ခပ်အေးအေးပဲ နေတတ်ကြသည်။ ထွန်းခင်ကတော့ မဟုတ်မခံ စိတ်နဲ့နဲ ဆတ်သည်ဟု ဆိုပါတယ်။

"ဒါဆိုတော့ အောင်ထွန်းကို လူသတ်ဂေါင်လို့ ကောက်ချက်ချရမှာခက်သလိုဖြစ်သွားပြန်တာပေါ့။ ဆင်ကောင်ကြီးအမြီးကြမှ တစ်ဆိုတာမျိုးဆရာလှမြင့်တို့ ဦးနှောက်စားသွားရပြန်မှာပေါ့"

"ဒါပေါ့ ဆရာမောင်ရယ်၊ တင်ထွန်းကလဲ ပျောက်နေတယ်။ မြင်တွေ့ကြားသက်သေတွေကလဲ မရှိတော့ နဲနဲတော့ အချိန်ယူရဦးမှာပေါ့၊ ဘာပဲဖြစ်ဖြစ် အမှုမှန်ပေါ်ပေါက်ရေးအတွက်ကတော့ ကျွန်တော်တို့ တာဝန်ပဲမဟုတ်လား။ ရဲတပ်ဖွဲ့ဆိုင်ရာ လုပ်ထုံးလုပ်နည်းအတိုင်းအခင်းဖြစ်နေရာကို မြေပုံကြမ်းဆွဲတယ်၊ ဓါတ်ပုံရိုက်တယ်၊ သက်သေခံအထောက်အထားတွေ ရှာတယ်။ အလောင်းကို ဆေးစာရေးသား ဆေးရုံပို့လိုက်တယ်။

ပျောက်ဆုံးနေသူ အောင်ထွန်းကိုရှာဖွေတို့ စီစဉ်ကြတယ်။ ပြစ်မှုကျူးလွန်သူထွက်ပေါက်မရှိစေရန်၊ ပိတ်ဆို့ရန်စီစဉ်ရပါတယ်။ ဖြူးခေါင်း၊ ငါးဆင့်၊ ဆီဆုံကုန်း၊ ချောင်းခွကြီးနှင့် အင်းငါးခွရွာတွေကနေ ပိတ်ဆို့ထားရန် ကျေးရွာလူကြီးများက တာဝန်ယူကြပါတယ်။ ရဲကင်းမှူးများကလဲ မိမိနယ်မြေအတွင်းအထူးကြပ်မတ်၊ ပိုက်စိတ်တိုက် ဆောင်ရွက်ရန် တာဝန်ပေးထားပါတယ်။

တစ်ရက်၊ နှစ်ရက်၊ သုံးရက်၊ လေးရက်အထိ အကြောင်းမထူး ဖြစ်နေပါတယ်။ လူသတ်မှုဆိုတာ အမှုကြီးစာရင်းဝင်ဆိုတော့ ဦးနှောက်စားနေရတာပေါ့။ ကျွန်တော်လဲ နေ့မအား ညမအားကြိုးစားဖော်ထုတ်နေတာပါပဲ။ ငါးရက်မြောက်နေ့မှာတော့ အထက်လူကြီးကဖိအားပေးလာပါတော့တယ်။

သေဆုံးသူလဲသိတယ်။ တရားခံကိုလဲ အနီးစပ်ဆုံး ခန့်မှန်းလို့ရတယ်၊ ကျေးရွာကိုလဲ သိထားပါလျက်၊ ယခုအထိတရားခံ မမိသေးတာဟာ စခန်းမှူးညံ့လို့ဟု သုံးသပ်ဖြစ်တင်ပါတယ်။ အထက်လူကြီး ပြောလိုက်တဲ့ စကားတစ်လုံးဟာ အတော်အခံရခက်မိပါတယ်။

"ဒီမှာလှမြင့်၊ မင်း ဘူးသီး၊ ငှက်ပျောသီးတွေ စိုက်နေရုံနဲ့ ရဲလုပ်ငန်းဆိုတာ မပြီးဘူးကွ။ မင်း ဒီအမှုကိုတစ်ပတ်အတွင်း ပေါ်ပေါက်အောင်ဖော်ထုတ်ပါ။ မရရင်တော့လားကွ • • •"

ဒီစကားလုံးကြီးရဲ့ နောက်ကွယ်မှာအဓိပ္ပါယ်တွေ အများကြီးရှိနိုင်တယ်ဆိုတာ၊ ကျွန်တော် သဘောပေါက်မိပါတယ်။ တဆက်တည်းမှာပဲ ငါကြိုးစားထားတဲ့ ငှက်ပျောခိုင်တွေ၊ ဘူးသီးတွေ၊ သံပုရာသီးတွေလဲ မကာယ်နိုင်တော့ပါလားလို့လဲ တွေးလိုက်မိပါတယ်။

ဘယ်တတ်နိုင်မလဲ ဆရာမောင်ရယ်၊ ခွန်အား ဉာဏ်အားရှိသလောက်ကြိုးစားရတော့မှာပေါ့၊ ကျွန်တော်ကိုယ်တိုင် အိမ်မပြန်ဘဲ နယ်မြေထဲမှာပဲ၊ အခြေစိုက်ပြီး လှုပ်ရှားဆောင်ရွက်ခဲ့ပါတယ်၊ လက်အောက် တပ်ဖွဲ့ဝင်များကလည်း အားကိုးရပါတယ်။ မငြိုးမငြူဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြပါတယ်။ ဒီနေ့ထိ ကျွန်တော့်ခဲ့ောက်တွေကို မမေ့နိုင်သေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ခုနစ်ရက်မြောက်နေ့မှာ တောင်နဝင်းဆည် ကမ်းစပ်တစ်နေရာမှာ စစ်မှုထမ်းအဖွဲ့ဝင် ရဲဘော်တစ်ယောက်ဖွင့်ထားတဲ့ စားသောက်ဆိုင်လေးကိုးကွ၊ ကျွန်တော်နဲ့ ရဲဘော်လေးသုံးယောက် ရောက်သွားကြတယ်။ ကျွန်တော်ကလဲ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဆိုတော့ ကြံ့တုန်းဝင်လိုက်တာပါ။ မှန်သွားတယ်လို့ ဆိုရမှာပဲ။

ကျွန်တော် တောင်နဝင်းဆည် ကမ်းနဖူးကနေ မျှော်ကြည့်လိုက်တော့ ရေပြင်ကြီးကလဲ တမျှော်တခေါ် ကမ်းမမြင်လမ်းမမြင်၊ အကျယ်ကြီးပါပဲ၊ လေးအမွှေမှာ ရေလှိုင်းလေးများကလဲ ဖွေးကနဲ၊ ဖွေးကနဲ နဲ့ အလွန်ကြည့်ကောင်းလှပါတယ်။ ဆရာမောင်တို့စာရေးဆရာတွေအဖို့ စိတ်ကူးယဉ်လို့ ကောင်းတယ်လို့ဆိုရမှာပဲဗျ။

ကျွန်တော်လဲ ရေပြင်ကြီးကိုကြည့်ပြီး ဒီအမှုအတွက် ရှေ့ဆက်ရမဲ့ခရီးရင်လေးနေမိတယ်။ ကျွန်တော်စိတ်ပေါက်ပေါက်နဲ့ စက်လှေလေးတစ်စီးစီစဉ်နိုင်းပြီး ရေပြင်ကျယ်ကြီးထဲမှာ ဦးတည်ရာမဲ့ မောင်းစေလိုက်တယ်။

အလှူကလား၊ မင်္ဂလာဆောင်ကလား မသိပါဘူး။ အမှတ်မကင်း အသံချဲ့စက်က သီချင်းသံတစ်ခု ပေါ်လာတယ်။ သီချင်းက ဇရာသီချင်းပါ။ ကိုမင်းနောင်အသံနဲ့ သီပ်လိုက်ဖက်ပါတယ်။ လူကဇရာ ပိုက်ကအဆွေးနဲ့ ငါးဖမ်းရမဲ့ အဘိုးအိုတစ်ယောက်ရဲ့ ဖြစ်အင်လေး ကျွန်တော်သီချင်းအပေါ်မှာ နစ်မျောသွားမိတယ်။

"မြစ်ပြင်ရယ်ကျယ်ပါဘိ၊ ငါးတွေဒီမြစ်ကြောမှာ ပေါပါဘိလေ၊ ခုတော့ ဒီပိုက်ဆွေးနဲ့ လိုက်ရှေးမလွယ်ပါ"

အဲဒီအပိုဒ်ကလေး ကြားလိုက်ရတော့ ကျွန်တော်လဲ ရင်လေးသလိုခံစားလိုက်ရပါတယ်။

"ဟင်း‥ဇရာဖိစီး ခရီးမတွင်သောဘဝမှာ ကျန်သေးသမျှအား ဆောင့်ကြည့်မှာ ကံပေးမှ ငါးတစ်ကောင် မိမှာ . . ."

ဒီအသံလေး ကြားလိုက်ရပြန်တော့ ကျွန်တော်အားတက်သွားရပြန်သည်။ အမှန်တွေးပြီး အားဆောင့်ကြည့်ရင်ဖြင့် ကံပေးလာတဲ့အခါ ဒီလူသတ်ကောင်ကို မိရမယ်လို့ တွေးလိုက်မိပါတယ်။

စက်လှေဆရာကလဲ ဦးတည်ရာမဲ့ မောင်းနေတယ်၊ ကျွန်တော်ကလဲ ဦးတည်ရာမဲ့ အတွေးနယ်ချဲ့ရင်း လိုက်ပါနေတယ်၊ ဆရာမောင်ရေ ကျွန်တော်ပြောနေတာဟာ ဝတ္ထုဇာတ်လမ်းဆန်နေသလားမသိပါဘူး၊ တကယ်တော့လဲ ဘဝဇာတ်ခုံပေါ်က ဇာတ်လမ်းတစ်ပုဒ်ပဲ ဆိုကြပါစို့။

ကျွန်တော်တို့ စက်လှေလေးဟာ ကျယ်ဝန်းလှသော ရေပြင်ကြီးမှာမျှောပါနေပါတယ်။ အမှတ်မထင်မှာပဲ တောင်နဝင်းဆည်ကြီးရဲ့အနောက်မြောက်ထောင့် တစ်နေရာမှာ ကျွန်းကလေးတစ်ခု တွေ့လိုက်ရတယ်ဗျ။ ကျွန်းလေးပေါ်မှာ တဲကလေးသုံးလုံးလဲ တွေ့ရပါတယ်။ တဲငါ

တဲကလေးတွေလို့ ထင်ရပါတယ်။
ကျွန်တော် စိတ်ဝင်စားသွားတာနဲ့ စက်
လှေကို ကျွန်းကလေးကမ်းစပ်ကို ကပ်
စေလိုက်ပါတယ်။

မမျှော်လင့်ပါဘူးဗျာ၊ အံ့သြစရာ
အလွန်ကောင်းပါတယ်။ တဲငါတဲလေး
တစ်လုံးထဲကနေ အမှတ်မထင် လူ
တစ်ယောက် ထွက်လာပါတယ်။ လ
နှစ်ဘက်ကို မြှောက်လျက် "ကျွန်တော်
ကိုအသက်တော့ ချမ်းသာပေးပါ။ ဗိုလ်
ကြီးတို့ရယ် ကျွန်တော်အသာတကြည်
အဖမ်းခံပါ့မယ်" ဆိုပါကလား။

"မင်းက ဘယ်သူလဲ"

"ကျွန်တော် အောင်ထွန်းပါခင်ဗျာ"

တပည့်နှစ်ယောက်ကလဲ လှ
တယ်၊ လှေနံပေါ်ကနေ ကမ်းပေါ်
တက်လိုက်သည်။ အောင်ထွန်းဆိုသူ
လက်နှစ်ဘက်တွင် လက်ထိပ်ခတ်
ဖြစ်သွားပါတယ်"

❄ ❄ ❄

"ကဲ‥ အောင်ထွန်းရေ မင်း
အမှတ်မထင် အဖမ်းခံလိုက်တော့ 
အံ့သြသွားရတယ်။ မင်းအဖြစ်
ပြောပြပါဦး"

"ဒီလိုပါ ဗိုလ်ကြီးရယ်၊ ဗိုလ်ကြီး
စက်လှေက ကျွန်တော်ရှိနေတဲ့ တဲ
တည့်တည့်ကြီးရောက်လာတော့သ
ရလို့ ငါ့ကိုလာဖမ်းတာပဲ အထ
လန့်ပြီး ထွက်အဖမ်းခံလိုက်တာပ

"ဖြစ်ရလေအောင်ထွန်းရာ ဒို
ဒို့ကိုစွန်နဲ့ဒို့ လာကြတာပါ။ အခု
ဟန်ကျသွားတာပေါ့ကွာ၊ ဒါထ

www.burmeseclassic.com

…ယ်။ မင်းက ထွန်းခင်နုမကို ယူထား …း သမီးယောက်ဖတော်ကြတယ်။ …ရင်းအစ်ကိုလိုလဲ ချစ်ခင်ကြတယ်ဆို၊ …ဘယ်လိုဖြစ်ကြတာလဲကွာ"

"ဟုတ်ပါတယ် ဗိုလ်ကြီးရယ်၊ အဲဒါ …ကြောင့်လဲ ကျွန်တော် ယူကြုံးမရဖြစ်နေ …တာပါ။ ဒီနေ့ ဗိုလ်ကြီးတို့မမျှော်လင့်ပဲ …ရောက်လာတာ အခဆင်ပြေသွားပါတယ်။ …ကျွန်တော်လဲ သူငယ်ချင်းထွန်းခင်ကို …ခံချတောင်းပန်တဲ့အနေနဲ့ ဒီနေ့ပဲ …တာပြီး အဖမ်းခံမလို့ပါ"

"အေးကွာ မင်းတို့ဘာဖြစ်လာလဲ …စိတ်မကောင်းစရာပါလား၊ ကဲ…ဆက် …ပြောပါဦး"

အောင်ထွန်းက ကျဆင်းလာသော …မျက်ရေများကို လက်ဖမိုးလေးနဲ့သုတ် …လိုက်သည်။ ပြီးတော့ ငိုသံပါကြီးနဲ့ …ဆက်ပြောပါတယ်။

"ထွန်းခင်ဆီမှာ ကျွန်တော်ရစရာ …ကြွေးငွေသုံးထောင်ရှိပါတယ်။ ကျွန်တော် …တစ်ခါမှလဲ မတောင်းခဲ့ပါဘူး၊ သူပေးနိုင် …ပေးဆိုတဲ့ သဘောနဲ့ နေခဲ့တာကြာပါ …ပြီ ဒီနေ့ သူနဲ့ကျွန်တော် သစ်ခုတ်ဖို့ …အတူသွားလိုက်လာတာဟာ တစ်ယောက် …တိုင်းထောင်စီရပါတယ်။

သူနဲ့ကျွန်တော် ဟားသောက်ဆိုင် …တစ်ခုမှာ စားကြသောက်ကြတယ်။ ငွေ …ထောင်လောက်ကုန်သွားတယ်။ ဒါ …လဲ ထွန်းခင်ကပဲ အကုန်ကျခံရှင်း …လိုက်ပါတယ်။ အရက်သောက်တာများ …သွားတာမို့ နှစ်ယောက်စလုံး အတော် …သွားကြပါတယ်။

လှည်းဆက်မောင်းဖို့ သူက သူ့လှည်းပေါ် အရင်တက်သွားပါတယ်။ ကျွန်တော့်လှည်းက ရှေ့ကရပ်ထားတာမို့ သူ့လှည်း ဆက်မောင်းလို့ မရသေးပါဘူး။ ကျွန်တော်က လှည်းပေါ်မတက်သေးပဲ သူ့ဆီက ရမဲ့အကြွေး ငွေသုံးထောင်ကို သွားသတိရတယ်။ ဒါနဲ့ ထွန်းခင်လှည်းဆီလျှောက်သွားပြီး ကြွေးသုံးထောင်ကို တောင်းပါတယ်။

"လှည်းခရတာက ငါးထောင်၊ ဒို့စားတာသောက်တာက နှစ်ထောင်ကုန်သွားပြီ နောက်မှယူပါကွာ"လို့ ထွန်းခင်ကပြောရာတယ်။ ကျွန်တော်က မူးမူးနဲ့ အတင်းကြီးကျတယ်။ ထွန်းခင်က စိတ်မရှည်တော့ပဲ လက်ထဲက ကြိမ်လုံးနဲ့ ရိုက်ထည့်လိုက်တာ၊ ကျွန်တော့်မျက်ခုံးတစ်ဖက်ထိသွားပါတယ်"

ဟုတ်ပါသည်၊ အောင်ထွန်း၏ ဝဲဘက်မျက်ခုံးမှာ ဖူးရောင်လျက် မျက်စိတဖက်ပင် ပိတ်နေတာတွေ့ရတယ် ဆရာမောင်ရေ၊ အောင်ထွန်းဆက်ပြောတာက ကြက်သီးထစရာကြီးပါ။

"ကျွန်တော်လဲ အသားထိသွားတော့ ဒေါသမထိန်းနိုင်တော့ပါဘူး ထွန်းခင်ရဲ့လှည်း ဝက်ဝှယ်တိုင်မှာချိတ်ဆွဲထားတဲ့ ဓါးကျည်တောက်ထဲက သစ်ခုတ် ဓါးမကိုဆွဲယူပြီး တအားခုတ်ချလိုက်တာ၊ ထွန်းခင်ဇက်ကျိုးကျသွားပါတယ်၊ ကျွန်တော်လဲ ကြောက်ကြောက်လန့်လန့်နဲ့ ချေဦးတည့်ရာ ပြေးလာခဲ့တာ၊ ဒီတင်ပါတဲ့ကို ရောက်လာတာပါပဲ ဗိုလ်ကြီးရယ်"

"မင်းတို့အဖြစ်ကလဲ ရင်နာစရာကောင်းလှပါတယ်၊ အဲဒါ တစ်တရားခံကတော့ သေရည်ဆိုတဲ့ အရက်ပဲကွ၊ ဒီအရက် မင်းတို့ရင်ထဲဝင်သွားရင် အမှားအမှန်ကိုလဲ မခွဲတတ်တော့ဘူး လုပ်ရဲ၊ ကိုင်ရဲ၊ လက်ရဲ၊ ဇက်ရဲတွေလဲ ဖြစ်တတ်ကြတယ်ကွ၊ ရာဇဝတ်ဘေး ဆိုတာလဲ ပြေး၍လွတ်နိုင်တာမျိုး မဟုတ်ပါဘူး၊ ဥပဒေဆိုတာ သူ့ကို ပြစ်မှားရင် ကိုယ့်မှာလဲ အပြစ်ရစေပါတယ်။ ဥပဒေကို အချေပြုပြီး ဝေဖန်မှုပြုရရင် နောက်ဆုံး တစ်နေ့မှာတော့ မလွှဲကေန် အပြစ်ဒဏ်ခံရမှာပဲပေါ့"

အောင်ထွန်းကစ်မယောက် ခေါင်းငိုက်စိုက်ကျသွားတော့သည်။ မျက်ရည်ပေါက်တွေလဲ စီးကျနေကော့သည်။

ဆရာမောင်ရေ အောင်ထွန်းကလဲ ဝန်ခံဖြောင့်ချက်ပေးခဲ့တယ်။ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သော သွေးစွန်းနေတဲ့ သစ်ခုတ်ဓါးမကြီးကိုလဲ သိမ်းဆည်းရမိခဲ့တယ်။ အခြားသက်သေခံအထောက်အထားပြည့်စုံစွာနဲ့ အောင်ထွန်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၂ (လူသတ်မှု)ဖြင့် တရားစွဲတင်နိုင်ခဲ့ပါတယ်။

ရဲအုပ်လှမြင့် (ငြိမ်း) သို့
အမှတ်တရ…

မောင်မောင် (ပိတောက်မြိုင်)

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မိုးရာမှသိုး

## လေးမောင်

သကြ်န်ချိန်ခါကိုကျော်ပြီး
မိုးကာလထဲဝင်ပြီဆိုကတည်းက
ပြာလဲ့လဲ့ကောင်းကင်ကြီးသည် တိမ်ညို တိမ်မည်း
တိမ်စိုင်ခဲတို့ ချဉ်းနင်းဝင်ရောက်လာကြပြီး၊
ထိုတိမ်စိုင်များကို ဖောက်ထွင်း ဖြတ်သန်းကာ
တိုးဝင်လာရသော နေခြည်နုနုအောက်တွင်
မိုးနှင်းကလေးတို့အကြား၊
အရှေ့ဆီမှလျှပ်ပန်း လျှပ်နွယ်တို့ ပြိုးပြိုးပြက်ပြက်
ထွက်လာသည်နှင့်အတူ မိုးခြိမ်းသံကြီးကို
ကြားလိုက်ရပေသည်။
မိုးကားရွာဦးပေမည်။



www.burmeseclassic.com

www.burmeseclassic.com

သကြံန်လက်ဆေးမိုးရွာပြီးသည့်နောက် မိုးဦးကောင်း၍လားတော့ဖြင့် မသိ။ နောက်မိုးက ဆက်တိုက်ဆိုသလို ကပ်ပါလာသည်မို့ သစ်ပင်၊ ချုံနွယ်ပင်တို့နှင့် မြက်ရိုင်းပင်တို့မှာ ရေကိုတစ်ဝသောက်ချိုးထားကြရသဖြင့် အအေးဓာတ်လည်း ရထားသည်မို့ ခြောက်သွေ့နေကြရာမှ စိမ်းစိုလန်းဆန်းလာကြသလို၊ မြေပြင်ထက်ဆီသို့ သူ့ထက်ငါ အနိုင်လုတိုးထွက်လာကြသည့်အတွက် စိမ်းလန်းစိုပြည်သည့် ရိုးမကြီး၏ မြေမွေ့ယာကဖွာလာသည်လည်း တစ်စတစ်စ ကျယ်ပြန့်လာတာ ရိုးမကြီးတစ်ခွင်လုံး စိမ်းစိုလန်းဆန်းလာပြန်တော့သည်။

မိုးဦးကျစကာလအစပေမို့၊ ဝန်းကျင်ကား ဖားအော်သံ၊ ပုဇဉ်းရင်ကွဲကောင်တို့အော်သံ၊ ကျေးငှက်သာရကာတို့၏ အော်မြည်သံနှင့် ညံစီနေပြီ။ တစ်နာရီသာသာခန့် အငြိုးကြီးစွာ ရွာချလိုက်သော မိုးသည် ယခုတော့ အငြိုးပြေသွား၍လားတော့ဖြင့် မသိ၊ စဲသွားသည့်အပြင် နေရောင်ကလေးများပင်ထွက်ပေါ်လာခဲ့ပေပြီ။

အိမ်ရှေ့ကွပ်ပြင်တွင် ဖားကြော်ကိုအားလိုက်၊ အသန်ရည်ကို သောက်လိုက်လုပ်နေရင်း ကောင်းကင်ထက် မိုးအခြေအနေကို လှမ်းမျှော်ကြည့်ရှုအကဲခတ်နေသော မုဆိုး ကိုဦးက ဇနီးသည် "စမ်းမြ"ကို လှမ်းပြောလိုက်သည်က -

"မိန်းမရေ . . ဘာချက်လဲကွ။ စားလိုက်ကြရအောင်၊ နေလေးသာတုန်း စားပြီးရင် တောထဲဝင်မလို့။ ဟင်းစာလေး ရလိုရငြား"

"ဟုတ်လား၊ ကျုပ်လည်း မှိုကျင်းရှာမလို့။ မိုးအခြေအနေကို စောင့်နေတာတော့"

"အေး . . ဒါဆိုလည်း ခူးကွာ၊ စားပြီး သွားလိုက်ကြရအောင်"

မစမ်းမြက ခေါင်းငါးတို ဝယောင်းချဉ်ရည်ချက်၊ ဖားကြော်နှင့် ကြိမ်ခါးဖူးမြှုပ်အတို့နှင့် ငါးပိရည်တို့နှင့်မို့ နံနက်စာကို ဇိုက်ဖြည့်လိုက်ကြသည်။

မစမ်းမြဆိုသည်က . . တောသူတောင်သား၏သမီးဖြစ်သလို မုဆိုးအတတ်ဖြင့် အသက်မွေးနေရသူ၏ ဇနီးမယားဖြစ်သည်မို့ ရိုးမကြီးအတွင်း ယခုလိုရာသီချိန်မျိုးတွင် ရှူ့ကန့်ကြေးကျမရှိဘဲ တောတွင်းထွက်သယံဇာတများဖြစ်ကြသည့် မှို၊ ဇရစ်ဦး၊ တောက်တာ၊ ပုံမင်း၊ ဖလ်ဘောင်မျှော၊ ပတာပ်စသည့် ပစ္စည်းတွေကို အပိုဝင်ငွေရဖို့အတွက် ရှာလို့ရသည်ကို သိရှိထားသည်မဟုတ်ပါလား။

အထူးသဖြင့် ယခုလိုအချိန် မိုးဦးကျကာလသည် မှိုများ ထွက်ရှိသည့်အချိန်ကာလမျိုးပင်။ ထိုသို့ ထွက်ရှိကြသည့် မှိုများထဲတွင် ဂျီမှိုဆိုသည့် အမျိုးက ယခုအခါ လူကြိုက်များသလို ဈေးကောင်းရသည့် မှိုမျိုးပင်။

သည်ရိုးမကြီးအတွင်း ထွက်သည့်မှိုဆိုသည်က ယခုလို မိုးဦးပိုင်းဝင် ဖက်စို့မှို၊ တောင်ပို့မှိုတို့ထွက်သည်။ မိုးလယ်ပိုင်းတွင် မှိုအုန်းနက်၊ ဝါးရုံမှို၊ ဂျီမှို၊ စကွဲမှို၊ မှိုအဂ္ဂ၊ မှိုဥ၊ နွားချေးမှို စသည့်မှိုများထွက်ကြသည့်အပြင် အခြားသော စားလို့မကောင်းသည့်အရောင်အဆင်း အရွယ်အစား မျိုးစုံတို့ ပုံသဏ္ဍာန်အမျိုးမျိုးနှင့် အများအပြားထွက်ကြသည်။

အထူးသဖြင့် မှိုဟူသည် သစ်တောထူထပ်ရာနှင့်အောက်ခြေရှင်းသည့်မြေပြင်ထက်တွင် ပေါက်ရောက်ကြသည်။ မြက်ထူရာ မြေပြင်နှင့် ကျောက်သားဆန်သည့် မြေမျိုးတွင်လည်း မပေါက်ကြသည့်အတွက် မှိုရှာသည့်အခါ သစ်တောထူထပ်သည့် နေရာများတွင် သွားရောက်ရှာဖွေကြ သည်။ သစ်တောထူထပ်ရာ မြေပြင်ထက်ဝန်းကျင်အနှံ့ တစိုက် လိုက်လံရှာဖွေကြ သည်။

ဂျီမှိုလို တန်ဖိုးရှိလူကြိုက်များသည့်မှိုက ငှက်စို့မှို၊ တောင်ပို့မှို များလို နေရာအနှံ့မပေါက် ကြ။ သစ်တောကြီးများအတွင်း သစ်ပင်ရိပ်အောက် မြေပြင် ထက်တွင်သာ ပေါက်ကြသည် မှိုသားစာလည်း မာကျောပြ (အသား)ကိုစားရသကဲ့သို့ စေးပိုင်ပိုင်လည်း ရှိသည်။ ပါးပြီး လူကြိုက်များသည့်အ တွက် ဈေးကောင်းရသည့် မျိုးပင်။

ဂျီမှိုသည် (နီညိုရော အဆင်း)ရှိပြီး အချို့က (အ နှင့် အနီရောင်)တို့ကိုလည်း တွေ့ရတတ်သည်။ အရော ကွဲပြားသော်လည်း အနံ့အ သာက တူညီသည်။ မှိုအ က (မကြီးမငယ်) ခပ်သ လတ်အရွယ်ဖြစ်သည်။ ဂျီသ ဝါအရောင်နှင့်တူသည့်အတွ (ဂျီမှို)ဟု ခေါ်ကြခြင်းလ ဖြစ်သည်။

သည်နေရာတွင် တ သူက မုဆိုးစိတ်ငယ်ထိမ် နေသူတစ်ဦးမို့ ဂျီမှိုနှင့် သက်သည့်အကြောင်းက



www.burmeseclassic.com

www.burmeseclassic.com

နာမည်က မှိုအုန်းနက်
ဆိုသည့်အမျိုးအစား၊
အလွန်ရှားပါးပြီး
ကြီးမားသည့် မှိုပွင့်ကြီးမျိုးပင်။
ပမာနှိုင်းပြရလျှင်
(ဘုန်းတော်ကြီးများ
ဆောင်းသည့် ထီးထက်ပင်
လက်တစ်ဝါးခန့်)ပိုသေးသည်။
အလွန်ဆုံး သုံးပွင့်သာ
ပွင့်သည်။ တစ်ပွင့် ကြီးမားပြီး
ကျန်နှစ်ပွင့်က
တဖြည်းဖြည်းသေးသွားသည်။
အချို့ကနှစ်ပွင့်တည်း ပွင့်သည်
လည်းရှိပြီး တစ်ပွင့်ကကြီးမား
ထွားကြိုင်းကာ နောက်တစ်ပွင့်
က သေးငယ်သည်။
မှိုသားမှာ တစ်မိုက်ခန့်ထူပြီး
ညှာတံက
ကွမ်းသီးပင်လုံးပတ်လောက်
ရှိသည်။
ရှားပါးပြီး တွေ့ရခဲသလို
တွေ့ပြန်တော့လည်း
အလွန်အန္တရာယ်များသည်။

ကို ပြောပြလိုသည်မှာ တစ်ချိန်တုန်းဆီက စာရေးသူအမဲကြီးတွေနောက်လိုက်ရင်း နယ်ကျွံခဲ့စဉ် ထမင်းလည်းအလွန်ဆာနေသည်မို့ ဗိုက်ကအောင့်ပြီး လမ်းကိုပင် မလျှောက်နိုင်သည့် အနေအထားသို့ ရောက်ခဲ့သည်။ ရိုးမမုဆိုးတစ်ယောက်က ကျွန်တော့်ကို ထားခဲ့ပြီး အနီးအနားအစာလှည့်ရှာရာ မကြာမီ ပြန်ရောက်လာခဲ့ပြီး ကျောပိုးအိတ်ကိုဖွင့်ရာမှိုများ ရာပါလာသည်ကို တွေ့လိုက်ရသည်။ မှိုအမျိုးအစားကို မေးတော့ ဂျိုမှိုဖြစ်ကြောင်း သူပြောပြသဖြင့် သိလိုက်ရသည်။

သူဘာယ်လိုလုပ်မည်ကို ကြည့်လိုက်ရာ တောငှက်ပျောရွက်တို့ကို ခူးလိုက်ပြီး သုံးရွက်လောက်ထပ်ကာ ရေဆေးပြီးသား ဂျိုမှိုတို့ကို ဆားလူးပြီး ငှက်ပျောဖက်အတွင်း ထည့်၍ ခါချဉ်ထုပ်ပုံသဏ္ဌာန်မျိုးဖြစ်အောင် အထုပ်လုပ်ပြီး မီးဖိုကြီးအတွင်း မီးကင်လိုက်သောအခါ တဖြည်းဖြည်း ငှက်ပျောဖက်အထုပ်ကြီး မီးအပူရှိန်ကြောင့် ခြောက်သွားသောအခါ အတွင်းမှ သင်းပျံ့သောဂျိုမှိုနံ့သင်းသင်းကလေးကို ရရှိလိုက်သည်။ သူ့အပြောက "မုဆိုးတို့စားသောမှိုပေါင်း" ဟု ပြောပြသည်။ အထုပ်ကိုဖွင့်လိုက်သောအခါ အလွန်သင်းပျံ့ မွှေးကြိုင်သော မှိုပေါင်းဖြင့် ဆာနေသော ဝမ်းဗိုက်ကို ဖြည့်ကာ ခရီးဆက်ကြရပေသည်။

မှိုပေါင်း၏ ကောင်းမွန်သော အာနိသင်ကြောင့် ဗိုက်အဆာပြေခဲ့သည့်အပြင် လမ်းခရီးတွင် လေချဉ်ပြန်တက်တိုင်း သင်းပျံ့မွှေးကြိုင်လွန်းသော ရနံ့တလေးကို ပြန်ရသည်မှာ သုံးရက်တိုင်တိုင်ပင် ကြာခဲ့ပေသည်။

နောက်ထပ် ထူးခြားပြီး ကြီးမားသည့် မှိုတစ်မျိုးရှိသေးသည်။ နာမည်က မှိုအုန်းနက်ဆိုသည့်အမျိုးအစား၊ အလွန်ရှားပါးပြီး ကြီးမားသည့် မှိုပွင့်ကြီးမျိုးပင်။ ပမာနှိုင်းပြရလျှင် (ဘုန်းတော်ကြီးများ ဆောင်းသည့် ထီးထက်ပင် လက်တစ်ဝါးခန့်)ပိုသေးသည်။ အလွန်ဆုံး သုံးပွင့်သာ ပွင့်သည်။ တစ်ပွင့် ကြီးမားပြီး ကျန်နှစ်ပွင့်က တဖြည်းဖြည်းသေးသွားသည်။ အချို့ကနှစ်ပွင့်တည်း ပွင့်သည်လည်းရှိပြီး တစ်ပွင့်ကကြီးမားထွားကြိုင်းကာ နောက်တစ်ပွင့်က သေးငယ်သည်။ မှိုသားမှာ တစ်မိုက်ခန့်ထူပြီး ညှာတံက ကွမ်းသီးပင်လုံးပတ်လောက်ရှိသည်။ ရှားပါးပြီး တွေ့ရခဲသလို တွေ့ပြန်တော့လည်း အလွန်အန္တရာယ်များသည်။ ကိုယ်မစားလိုက်ရ၊ ကိုယ့်ထက်အရင်ဦးအောင်စားသွားသည်က ငန်းမြွေကြီးများတို့ပင်။

အဘယ်ကြောင့် . . . အန္တရာယ်များရသနည်းဆိုသော် မှိုအုန်းနက်ကို ငန်းမြွေကြီးများ အလွန်ကြိုက်နှစ်သက်စွာစားသုံးကြသည့်အတွက် မှိုထွက်ရာဆီသို့ ငန်းမြွေကြီးများ ရောက်ရှိလာကြကာစားသောက်တတ်ကြပြီး လူတွေကိုလည်း အန္တရာယ်ပေးတတ်ကြသည့်အတွက်ပင် ဖြစ်သည်။

ငန်းမြွေဆိုသည်က မြွေဆိုးများပင်။ ငန်းမြွေအမျိုးမျိုးလည်းရှိကြသည်။ ထိုအမျိုးအစားတို့က ငန်းစောင်း၊ ငန်းပုတ်၊ ငန်းတော်ကြား၊ ငန်းသံကွင်းစွပ်၊ ငန်းလက်ပတ်၊ ငန်းဦးကွက်၊ ငန်းပြာသဒ်စသည့် ကြီးမားသည့်ငန်းမြွေကြီးတို့က ထိုမှိုပွင့်ကြီးရှိရာဆီကို ရောက်လာတတ်ကြပြီး မှိုအရင့် (စားကောင်းမည့်အချိန်)ကို စောင့်စားကာ စားသောက်တတ်ကြသည်။ ထိုသို့ စောင့်စားနေစဉ် မှိုပွင့်အနီးသို့ ရောက်လာသောလူကို သော်လည်းကောင်း၊ အခြားတောတိရစ္ဆာန်ကိုသော်လည်းကောင်း အန္တရာယ်ပေး

www.burmeseclassic.com

တတ်သည့်အတွက် ဖြစ်ပေသည်။

မုဆိုးကိုဦး ရည်ရွယ်ချက်က သားကောင်းခြေရာရှာရင်း တောပုန်းချောင်းကာ ဟင်းစားရှာဖို့ပင်။ ဇနီးဖြစ်သူ စမ်းမြကမှိုရှာထွက်မည်မို့ တောနက်ကြီးအတွင်း လိုက်လံရှာဖွေရမည့် အရေးကို ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်တွေကြောင့် စိတ်မချနိုင်သည့်အတွက် သူ့အစီအစဉ်ကို ပြောင်းကာ မိန်းမနှင့်အတူထွက်ကြရန်ကို အစီအစဉ်ပြောင်းလဲလိုက်ခြင်းပင် ဖြစ်ပေသည်။ အဖော်ထည့်ပေးလို့ကလည်း မရသည့်ကိစ္စ။

မှတ်ချက်

ရိုးမကြီးအတွင်းနေထိုင်ကြသူတို့မှာ မှိုနှင့်ပတ်သက်လာကြလျှင် တံငါကွန်ချက်ပြရိုးထုံးစံမရှိကြ။ သို့အတွက် ယခုလို မှိုရှာကြရာတွင်လည်း အဖော်ခေါ်လေ့မရှိကြ . .။ အကြောင်းမှာ ကိုယ်တွေ့ထားသည့် မှိုထွက်သည့်နေရာကို မိမိတို့ အိမ်သူအိမ်သားမှလွဲပြီး အခြားသူကို ခေါ်ဆောင်သွားလေ့မရှိ။ အဘယ်ကြောင့်ဆိုသော် နောင်နှစ်တွင် ထိုနေရာသည် မှိုထွက်သေထိုနေရာတွင် ကိုယ့်ထက်ဦးကာ နှုတ်ယူသွားကြမည့်အတွက်ကြောင့်ပင်။

မဆိုးကိုဦးက ထရံတွင်ချိ‌ုသွားသည့် တူမီးသေနတ်ကို ဖြုတ်ယူလိုက်ပြီး ပြောင်းရင်းအတွင်းသို့ ယမ်းမှုန့်များ လောင်းထည့်ကာထောင်းတံနှင့် ထောင်းလိုက်သည်။ ပြီးနောက် ယမ်းမကြီးဘက်ဆီသို့ ပေါက်မီးကူးရန် အပေါက်ပါ အကူငုတ်ကလေးအတွင်း ပေါက်ယမ်းကိုလည်း ထည့်လိုက်သည်။

ယမ်းမကြီးထည့်ထားသည့်ပြောင်းရင်းကိုထောင်းတံနှင့် ထောင်းပြီး မို့စက္ကူဖြူကတ်ပြားအဝိုင်းထည့်ကာ ထောင်းတံနှင့် တစ်ဖန်ထောင်းလိုက်ပြီး အကူငုတ်ထိပ်အပေါက်ထဲတွင် တူဆီခေါ်သော ခက်ခဲထိပ်မှ ကြေးဝါပြားဆန်ဆန်ခွက်ကလေးအတွင်းသို့ ပေါက်ယမ်းထပ်ထည့်လိုက်ပြီး ထိုငုတ်နှင့် နှစ်လက်မခန့်အကွာမှ စပရိန်ဖြင့် ဆွဲချိတ်ထားသည့် ရိုက်တံကို မတင်ပြီး ပစ်ခတ်မည့်ကျည်ခဲလုံး ဇလုံးကို ပြောင်းအတွင်းထည့်ကာ အုန်းဆံဖတ်နှင့် စက္ကူအဝိုင်းပြားပိတ်ကာ ထောင်းတံနှင့် ထောင်းလျက် အဆုံးသတ်လိုက်သည်။

ခလုတ်ကို ဆွဲတင်လိုက်သည်နှင့် ဆွဲမောင်းပြုတ်ပြီး အကူယမ်းမီးတောက်ကာ ယမ်းမကြီးဆီသို့ကူးကာ ပေါက်ကွဲစေသည့် သေနတ်မျိုးပင်။ အရေးရှိက ပစ်ခတ်ရန် အသင့်ပြင်ဆင်လိုက်ပြီး၊ နောက်ထပ်လိုအပ်၍ပစ်ခတ်နိုင်ရန် ပစ္စည်းတို့ကို အရံသင့်ပြင်ဆင်ကာ ကျောပိုးအိတ်အတွင်း အသင့်ပြင်ဆင်ပြီးချိန်တွင် မိန်းမဖြစ်သူ စမ်းမြက -

"ကိုဦး . . ထန်းသီးနဲ့ ရန်လုံကိုခေါ်ဦးမလား"

သခင်ဖြစ်သူ မုဆိုးကြီးသေနတ်ကိုင်တောလယ်ထွက်လေတိုင်း ခေါ်ဆောင်သွားနေကျ။ ယခုလည်း ကိုဦးက သေနတ်ကိုင်နေသည်မို့ သူတို့ပါ ခေါ်မည်အထင်နှင့် ခေါင်းတထောင်ထောင်၊ လယ်တဆန့်ဆန့်၊ အမြီးတနှံ့နှံ့နှင့် အောက်ကို ပြေးဆင်းလိုက်၊ အပေါ်ပြန်တက်လာလိုက်နှင့် အူမြူးနေကြသောခွေးနှစ်ကောင်ကို ဦးတည်းမေးလိုက်သည်မို့ -

"တောပုန်းခြောင်းရင်း သွားကြမှာဆိုတော့ထားခဲ့မယ်။ ဒီနှစ်ကောင်ကြိုးချည်ထားခဲ့။ အစာလည်းကျွေးလိုက်။ နင့်သမီးလည်း ခုထိမရောက်သေးပါလား။ ဘယ်သွားတာလဲ"

"သပြေခိုးပြီးဖောက်သည်ဆီသွားပို့မယ်လေ။ တော်ကြာလာတော့မှာ"

စမ်းမြကပြောပြောဆိုဆို ထန်းသီးနှင့်ရန်လုံဆိုသည့် ခွေးနှစ်ကောင်အား ချော့မော့၍ကြိုးကွင်းစွပ်ကာ အိမ်တိုင်တွင် ချည်နှောင်လိုက်ပြီး အစာခွက်ကိုလည်း စားသောက်ရန် အသင့်ပြင်ကာနှစ်ဦးသားထွက်ခဲ့ကြပေသည်။

တိုင်တွင် ကြိုးနှင့်ချည်ထားခံရသော အမဲလိုက်ခွေးနှစ်ကောင်မှာ သခင်ဖြစ်သူသေနတ်ကိုင်ကာထွက်လေတိုင်းလိုက်ပါနေကျမို့ ယခုအခါ သူတို့မလိုက်ကြရသည့်အတွက် အော်ဟစ်ရုန်းကန်နေကာ ပြောင်းဆန်ကျန်ရစ်ခဲ့ကြပေသည်။ မကြာမီအချိန် သမီးဖြစ်သူ အေးမူ ရောက်ရှိလာလျှင် ခွေးနှစ်ကောင် ငြိမ်သက်သွားမည်ကို လင်ရော၊ မယားပါ သိရှိထားကြသည် မဟုတ်ပါလား။

❖

လင်ဖြစ်သူ မုဆိုးက တူမီးသေနတ်ကို ပခုံးထက်ဇော်ထမ်းထမ်းထားသလို၊ ဇနီးဖြစ်သူကလည်း ခံတောင်းကိုခေါင်းရွက်၊ ညာလက်ကကိုင်၊ ခုတ်ဓားတစ်လက်ကို ကိုင်ပြီး တောလမ်းအတိုင်း မှိုရှာထွက်ခဲ့ကြပေသည်။ လမ်းကြော



www.burmeseclassic.com

www.burmeseclassic.com

သည် တောင်သွယ်၊ တောင်ဆင်း၊ တောင်လက်မောင်းများကို ကျော်ဖြတ်ကာ တောအုပ်ကြီးဘက်ဆီသို့ဦးတည်လျှောက်လှမ်းလာခဲ့ကြပေသည်။

နှစ်ဦးသား ရောက်ရှိလာသော နေရာသည် ဝါးရုံတောကြီးများ၊ ချုံနွယ်ပင်များအပြင် ကြွေးမင်၊ သပွတ်သိမ်နှင့် အလိုလေးဆူးပင်များကလည်း ပင်မြင့်ကြီးတို့ထက်မှ အောက်ကို တွဲလောင်းကျနေကြသည်။

အတွင်းသို့ တဖြည်းဖြည်းတိုးဝင်လာခဲ့ကြရာ တောအနေအထားမှာ အမြဲစိမ်းတောပုံသဏ္ဍာန်မျိုးဖြစ်လာပြီး သစ်ပင်ကြီးငယ်စုံလာသည်။ ထိုအပင်ကြီးများကို ရစ်ပတ်သွယ်ခိုင်းဆားသော ပင်စောက်၊ ကံ့ကော်၊ သစ်အယ်၊ မဏိကြဂ၊ စောင်ဖိန်း၊ တောင်သရက်၊ တောစည်း စသည့် အပင်ကြီးတို့နှင့် စိမ်းစိုအုံ့ဆိုင်းနေပြီး မည်းမှောင်ပိတ်ဆည်းကာ နေပြောက်ပင်မထိုးနိုင်လောက်အောင်ပင်။

တောင်ကြားလျှိုကမ်းပါးယံများတွင် သစ်ပင်ကြီးများ ခပ်စောင်းစောင်းပေါက်နေကြပြီး အရှေ့ဘက်ဆီမှ တောင်တစ်လုံးထိပ်တွင် မြက်ပင်များ ချည်းသာ ပေါက်နေကြသဖြင့် တောင်ကတုံးသဖွယ်ပင်။

မုဆိုးကိုဦးက သေနတ်ကို အရေးရှိက ပစ်ခတ်နိုင်ရန် အသင့်ကိုင်ဆောင်ရင်း ဇနီးကို နောက်ကျောမှ လိုက်စေပြီး လျှောက်လှမ်းခဲ့ရာ၊ ရှေ့ဘက်ဆင်ခြေလျှောတစ်ခုအဆုံး ခပ်နိမ့်နိမ့်တောင်ကုန်းကလေးဆီသို့ ရောက်လာသည်။ ထိုနေရာဆီတွင် မြေသားဆန်ပြီး မြက်တော၊ ကိုင်းတောနှင့် ကျူတောတို့က ဖြန့်အုပ်နေကာ ကုန်းထိပ်တွင် မက်လင်ချဉ်ပင်ကြီးတစ်ပင်က အသီးများမှည့်ရွဲလျက် ထီးထီးမားမားကြီး ပေါက်နေသည်ကို နှစ်ဦးသား တွေ့လိုက်ကြရသည်။

မက်လင်ချဉ်သီးဆိုသည်က အသီးကို ဆွတ်ခူးပြီး ပါးပါးလှီး အခြောက်လှမ်းကာ လျှက်ဆားပြုလုပ်၍ရသလို၊ ငါးဟင်းနှင့် ရောချက်ပါက ချဉ်ရည်ဟင်းကောင်းတစ်ခွက်ဖြစ်ကာ ခံတွင်းတွေ့နိုင်သလို၊ သည်အတိုင်းလည်း စားလို့ရသည့် အသီး ဖြစ်ပေသည်။ သို့အတွက် မုဆိုးလင်မယားက အပြန်တွင်ခူးပြီး ပြန်ကြရန် တိုင်ပင်လိုက်ရင်း ဝန်းကျင်အခြေအနေကို မုဆိုးကိုဦးက လိုက်လံကြည့်ရှုအကဲခတ်နေသည်။

တောမှာ အင်တိုင်းစွတ်စိုတောနှင့် ရွက်ဖြတ်တောတို့ ရောထွေးနေသဖြင့် တမေ့တမောအဝေးကို လှမ်းမျှော်ကြည့်လို့ရနေသည်။ မြောင်ချပ်တစ်ခု၏ ဟိုမှာဘက်တွင် ဝါးရုံတောကြီးများကို တွေ့လိုက်ရသလို လျှိုစောင်းထိပ်မြေပြင်တွင် ထီးဖြူကြီးတစ်ချောင်းစိုက်ထားသည့်အရာတစ်ခုကို တွေ့လိုက်ရသည့် ကိုဦးတစ်ယောက် တအံ့တဩနှင့် ဇနီးသည်အား-

"စမ်းမြ၊ ဟိုသစ်ပင်ကြီးလဲနေပြီး အပေါ်ကို ထောင်ပြီး အောက်ကိုငိုက်ကျနေတဲ့ ကိုင်းခြောက် ဟိုဘက်လျှိုစောင်းမှာ မြေပြင်ကိုထိုးစိုက်ထားတဲ့ ထီးဖြူကြီးကိုတွေ့တယ်မို့လားဟဲ့"

ကိုဦး လက်ညှိုးညွှန်ပြရာ လျှိုစောင်းမြေပြောင်ပြောင်ထက်တွင် စကောတစ်ချပ်နီးပါးလောက် ကြီးမားသည့် မြေကြီးပေါ်သို့ ထိုးထွက်စွင့်ကားနေသည့် မှိုပွင့်ကြီး တစ်ပွင့်ကို တွေ့မြင်လိုက်ရသဖြင့် -

"ဟုတ်တယ် ယောကျ်ားရဲ့ ကျုပ်တော့မှိုပွင့်ကြီးလို့ ထင်တာပဲ။အတော်ကြီးတာပဲ။တစ်ခါမှတော့ဒါမျိုးမှိုကိုကျုပ်မတွေ့ဘူးတော့ ဘယ်လိုမှိုမျိုးလဲ"

အမှန်အတိုင်းပင်၊ သည်လိုမှိုမျိုးကို မစမ်းမြမမြင်တွေ့ဖူးခဲ့။ အလွန်ရှားပါးပြီး တောနက်ကြီးတွေအတွင်းမှာသာ ပေါက်တတ်ကြသည့် မှိုမျိုးဆိုသည်ကို သိထားသောလင်တော်မောင်က -

"ဟုတ်တယ်စမ်းမြ၊ အဲဒါ မှိုအုန်းနက်လို့ ခေါ်တယ်။ အလွန်ရှားတဲ့ မှိုမျိုးပဲဟ။ ဘယ်နှစ်ပွင့်လဲဆိုတာ ပြန်ကြည့်စမ်း"

"အလိုတော် . . တစ်ပွင့်တည်း ပေါက်တောက်ကြီး ထွက်နေတာပဲဟ"

"ဒွေးပါဟ၊ တစ်ပွင့်တည်းဆိုတာ ငါလည်းမြင်ပါတယ်။ သေချာအောင် မေးကြည့်တာပါ။ ဒီမှိုမျိုးက အလွန်ဆုံး သုံးပွင့်လောက်ပဲဟ။ အချို့ဆို နှစ်ပွင့်ပဲထွက်တာဟ"

လင်တော်မောင် ရှင်းပြပေမယ့် ဇနီးသည်မစမ်းက စိတ်ဝင်စားမှုသိပ်မရှိ။ အဘယ့်ကြောင့်ဆိုသော် ထိုမှိုပွင့်မျိုးကို မမြင်ဘူး၊ မကြားဘူးခဲ့။ ရှားပါးသော မှိုဟုလင်တော်မောင်က ပြောခဲ့ပေမယ့် သူမနားမလည်။ သူမ နားလည်ထားသည်က ဂျီမှိုလို လူကြိုက်များပြီး ရောင်းလျှင် ဈေးရမည့်မှိုမျိုးမဟုတ်ဟု စိတ်ကထင်နေသည်မို့ -

"ကဲပါတော် . . ရှေ့ဆက်တိုးလိုက်ကြရအောင်၊ အပွင့်ကြီးပြီးအသားထူတဲ့ ဒီမှိုကြီးကို



www.burmeseclassic.com

www.burmeseclassic.com

ခူးရင်နှစ်ယောက်မျှ ထမ်းထားတောင် မနည်းသယ်ရမယ်။ သွားရောင်းရင်လည်း ဘယ်သူမှ မဝယ်သလို ဈေးလည်းရမှာမဟုတ်ဘူး။ ရှေ့ဆက်တိုးကြရအောင်"

မစမ်းမြက ထိုမှိုပွင့်မျိုးအကြောင်းကို မသိဘဲ လတ်တလော လူကြိုက်များပြီး ဈေးကောင်းရသည့် ဂျီမှိုကိုဦးတည်ကာ ရှာဖွေလိုသည့်အတွက် ပြောနေမှန်းကို သိလိုက်သဖြင့် မုဆိုးကိုဦးက -

"စမ်းမြ၊ ခဏနေစမ်း၊ အခြေအနေ ကြည့်လိုက်ကြရအောင်"

"အလိုတော် .. ဘာလုပ်မှာမို့ ဘယ်သူ့ကိုစောင့်ကြည့်မှာလဲ။ လာပါသွားကြမယ်"

"အာ .. ဒီမိန်းမနှယ်၊ နင့်ကိုရှင်းပြဖို့ အချိန်မရလို့ဟ။ လာစမ်း ဒီချုံဘေးမှာ ခဏထိုင်ပြီး အခြေအနေစောင့် . . . "

ကိုဦးပြောသည့် စကားတို့ပင် မဆုံးလိုက်။ ထိုစဉ် . .

"ဗျော . . ဗျော . . ဗျော . . တရိန်"

မှိုပွင့်ကြီးဟိုမှာဘက်ဆူကဲစွာ ပေါက်နေသည့် ဝါးရုံတောအတွင်းမှ တောတိုးသံနှင့်အတူ ဆတ်တစ်ကောင်တိုးထွက်လာသံ၊ တစ်သံကြားလိုက်ကြရသဖြင့် သေနတ်နှင့်ထိုးချိန်ကာ အခြေအနေကို ကြည့်လိုက်ရာ ခြောက်စတောင်ဦးချိုကြီးကို ပိုင်ဆိုင်ထားသော နီညိုညိုအသွေးနှင့် ဆတ်ဖားကြီးတစ်ကောင် အထိတ်တလန့်အသွင်နှင့် ထိုးထွက်လာပြီး မြောင်အောက်ကို ပြေးဆင်းသွားသည်ကို တွေ့လိုက်ရသည်။

အခြေအနေထူးပြီကို သိထားသော ကိုဦးက မပစ်ဘဲ လိုက်လံကြည့်ရှုအကဲခတ်နေစဉ် ဆတ်ဖားကြီးမှာ သူ့ပြေးလမ်းကြောင်းတွင် အောက်ပေါင်းရှုတ်ပြီး ဦးချိုနှင့်ငြိမှာစိုးသည့်အတွက်ရှေ့ဆက်မတိုးဘဲ နောက်ကြောင်းကို ပြေးတက်ကာ ကမ်းပါယံစောင်းအတိုင်း ဝါးရုံတောများကို မျက်ကွယ်ပြုကာ ပြေးထွက်သွားစဉ်၊ သူပြေးထွက်လာရာ နောက်ကြောင်းဆီမှ အောက်ခံရောင် နီညိုတွင် အမဲစင်းကြီးများ ရောထွေးနေသည့် ကြီးမားသည့် ကျားကြီးတစ်ကောင်က တိုးထွက်လာသည်ကို နှစ်ဦးသား အံ့သြဖွယ်တွေ့မြင်လိုက်လိုက်ကြရပေသည်။

ကျားကြီးမှာ ဦးခေါင်းဝိုင်းဝိုင်းကြီးဖြစ်ပြီး နားရွက်အစုံကလည်း ဝိုင်းဝိုင်း၊ ပါးနှစ်ဖက်တွင် ရှည်လျားသော အမွေးများ ထွက်နေပြီး ကြီးမားသည့် ပါးစပ်ကြီးအတွင်းက သွားစွယ်ကြီးတို့က အပြင်သို့ ပေါ်ထွက်နေသည်။ ကိုယ်ထည်က တုတ်ခိုင်ကြီးမားလွန်းသည်။ ကိုယ်အထည်အရှည်ကလေးတောင်နီးပါး၊ အမြီးက နှစ်တောင်ခန့်ရှည်သည်။ ဆတ်ကြီးနောက်သို့လိုက်လံချောင်းမြောင်းနေဟန်ထင့်။

လမ်းစပျောက်သွားသည်မို့ မှိုပွင့်ကြီးအနီး မြောင်နှုတ်ခမ်းတွင် မြေပြင်ကို ဗိုက်ကပ်ဝပ်စင်းလျက် လမ်းစပျောက်သွားသည့်ဆတ်ကြီးကို ခုန်အုပ်ရန် နားရွက်နှစ်ဖက်ကို ဦးခေါင်းနောက် ပြားနေအောင် ကပ်၊ ပါးစပ်ကြီးကိုဖြဲ၊ သွားစွယ်ကြီးကိုထုတ်၊ အမြီးကို မြေပြင်တွင် တလှုပ်လှုပ်ရိုက်ပုတ်ကာ သူတို့ကို ကျောပေးပြီး အောက်ကိုငုံ့လျက် ရှာဖွေနေသည်။ အစာဇောကပ်နေသည့်အတွက် သူတို့အနံ့ကိုလည်း ရဟန်မတူ။ သို့အတွက် တော်နေသေးသည်ဟုဆိုရပေမည်။ သေနတ်နှင့်ချိန်ရွယ်ထားသော်လည်း မပစ်ခတ်ရဲ။ အဘယ့်ကြောင့်ဆိုသော် သူကိုင်ဆောင်ထားသည့် သေနတ်က တူမီးသေနတ်မို့ပင်။ တစ်ချက်တည်းသေကွင်းကို ပစ်ခတ်ရသည့် သေနတ်မျိုး။ လွဲချော်သွားခဲ့ပါက နောက်ထပ် ပစ်ခတ်နိုင်ရေးအတွက် လုပ်ဆောင်နေရသည့်လုပ်ငန်းကြားကာလ ၁၀ မိနစ်ခန့်ကြာတတ်သည်။ ကိုယ်တစ်ဦးတည်းလည်းမဟုတ်။ ဇနီးသည်ပါ အဆစ်ပေးလိုက်ရမည့်အနေအထား။ ပစ်ခတ်ရမည့်အကောင်ကလည်း သေနတ်သံကြောင့်ထွက်ပြေးမည့် အကောင်မျိုးမဟုတ်။ သူ့ကိုပြန်အန္တရာယ်ပေးတတ်သည့် အကောင်မျိုးကြီး။

ထိုသို့ ပစ်ခတ်ရန်ကောင်း မကောင်း၊ သင့်မသင့် စဉ်းစားနေစဉ် -

"အိန် . . အိန် . . အိန်"

ဆတ်ကြီးကို ခုန်အုပ်ကိုက်ခဲရန်အတွက် မြေပြင်ဗိုက်ကပ်ကာ မြောင်အောက်ကို ငုံ့ကြည့်နေသော ကျားကြီးမှာ နောက်ကျော သူလာရာလမ်းဆီမှ "တအိန်အိန်"အော်ကာ လိုက်လာနေသည့်အကောင်များဆီ လှည့်ကြည့်လိုက်ပြီး မြေပြင်မှ ထလျက် အသံကြားရာဆီ လှည့်လိုက်ပြီး "ဟဲ့"ကနဲ မာန်သွင်းသံကြီးကို ပြုလိုက်စဉ် နောက်မှ ပြေးလိုက်လာသည့် တောခွေးငါးကောင်က ကျားကြီးဘေးမှ ပန်းတက်ကာ . .



www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းထားလိုက်ပြီး ဖြစ်ပေသည်။ တောခွေးများ ဝိုင်းပတ်ထားခြင်းခံလိုက်ရသော ကျားကြီးမှာ သူတို့တောဘုရင်ကြီးတစ်ကောင်ကို မလောက်လေးမလောက်စားခွေးတွေက ယခုလို မခန့်လေးစား လုပ်ကြရပ့်မလားဟူသောစိတ်ဖြင့် မျက်နှာချင်းဆိုင်တောခွေးတစ်ကောင်ကို လွှားကနဲ ခုန်အုပ်ကိုက်ခဲ၍ လက်သည်းကြီးများဖြင့် ကုတ်ဆွဲလိုက်ချိန် ကျန်လေးကောင်က ခံနောက်ကျောဘက်ကို အရယူလိုက်ပြီး နှစ်ကောင်က ကျားကြီး၏ ဒူးခေါက်ကြောကို ကိုက်ခဲဖြတ်ထုတ်လိုက်သလို ကျန်တောခွေးနှစ်ကောင်က လယ်ကိုင်ရင်းကို တစ်ကောင်က ဝမ်းဗိုက်သားကို ကိုက်ခဲဖောက်ပစ်လိုက်သည်ကို တွေ့လိုက်ပြီး လုံးထွေး ဆူညံအော်ဟစ်နေချိန် ကိုဦးက -

"စမ်းမြ ဟိုမက်လင်ချဉ်ပင်ကြီးပေါ် အမြန်တက်ကြမယ် .. လာ .."

ပြောပြောဆိုဆို ဇနီးသည်လက်ကိုဆွဲကာ ပုန်းကွယ်နေသည့် ချုံပင်ခအွကို အကာအကွယ်ယူလျက် "မက်လင်ချဉ်ပင်"ကြီးဆီပြေးထွက်လိုက်ကြပြီး . မြေပြင်နှင့် အနီးစပ်ဆုံး အောက်ဆုံးအကိုင်းပေါ် မိန်းမဖြစ်သူကို တွန်းတင်ပေးလိုက်သလို သူလည်း ထိုအကိုင်းကိုတွဲခိုကာ အလျှင်အမြန် ပင်ထက်ကို တက်ရောက်လိုက်ကြပေသည်။

တောနဲ့ဖက်တွယ်ကာ လုပ်ကိုင်ရှာဖွေစားသောက်နေကြသူများမို့တစ်ကိုင်းမှနောက်တစ်ကိုင်းဆင့်ကာတိုက်လိုက်ကြရင်း စိတ်ချရလောက်သည့် အမြင့်ပေ ၁၅ ပေခန့်ခွဆုံကိုင်တွင် နေရာယူလိုက်ပြီး ဝရုန်းသုန်းကား ကိုက်ခဲသတ်ပုတ်နေကြသည့် နေရာဆီလှမ်းကြည့်လိုက်ကြရာ မြေပြင်တွင် တောခွေး လေးကောင်က သွေးသံရဲရဲနှင့် ကျားကြီးကုတ်ခြစ်ကိုက်ခဲ ခံလိုက်ရသည့်အတွက် ဒေါသတိုက်လဲကျအသက်ပျောက်နေသလို ကျားကြီးမှာလည်း သစ်လဲပင်ကြီးအပေါ် သို့ရောက်နေပြီး ဗိုက်ပွင့်လျက် အူခွေများ အောက်ဘက်သို့ တွဲလောင်းကျနေသည်ကို ကျန်တောခွေး တစ်ကောင်က ခုန်ဟပ်ကိုက်ဆွဲဖြဲလိုက်ချိန်

"အိန် .. အိန် .. အိန် .. အိန် .. အိန်"

နောက်မှ စပ်ကူပြေးလိုက်လာသည့် တောခွေးများ အသံတို့ကို ကြားလိုက်ရသည်။ နောက်ထပ်ရောက်ရှိသည့်တောခွေးများမှာ ၁၅ ကောင်ထက် မနည်းမို့ ကျားကြီး၏ ဝမ်းဗိုက်အတွင်းမှ ပြုတ်ကျနေသည့် အူခွေနှင့် သွေးများကို ခုန်ကာ ဝိုင်းဟပ်၍ ဆွဲဖြတ်စားလိုက်သည်မို့ အတန်ကြာတော့ သစ်ကိုင်းထက် မှ ကျားကြီးမှာ တောင့်မခံနိုင်တော့ဘဲ အားလျှော့လိုက်ဟန်ထင့်၊ မြေပြင်ထက်သို့ ပြုတ်အကျ တောခွေးများ ဝိုင်းဝန်းကိုက်ဆွဲနေသည်ကို တွေ့လိုက်ကြရပေသည်။

တောတွင်းတိုက်ပွဲကားအချိန်တိုအတွင်း အရှုံးအနိုင်က အဆုံးအဖြတ်ပေးလိုက်ပေပြီကို သတိထားလိုက်မိသူကိုဦးကံ ကိုင်းဆုံထက်မှ တဆတ်ဆတ်တုန်ကာကြောက်ရှာနေသည့်ဇနီးသည်ကို ကြည့်လိုက်တော့ သူ့ကိုဖက်ထားပြီး သေးများပင် ထွက်ကျနေသည်ကို တွေ့လိုက်ရပေသည်။ အတွေ့အကြုံမရှိသူမို့ ကြောက်ပေမပေါ့။ ခိုမိလိုသားသတ်မှဆိုးတစ်ယောက်အတွက် ယခုတဲ့သို့ လှုပ်တစ်ပြက် ကျားလိုအကောင်နှင့် တောခွေးအုပ်တို့၏ တောတွင်းတိုက်ပွဲမြင်ကွင်းကြောင့် အသက်တိလုဘာနီးရာအပင်ကြီးထက် လင်ရောမယားပါ သစ်ပင်ထက်သို့ တက်ပြေးပုန်းခိုခဲ့ရသည့်အဖြစ်၊

ကျားဆိုသည့်အကောင်မျိုးက တောဘုရင်လိုအကောင်မျိုး၊ ဟိတ်ဟန်ကြီးမားပြီး တောနေလူတန်းစားတို့က "ကျား"ကို ဆိုလျှင် ကျားဟုပင် မခေါ်ရဲကြ။ ကျားဟုခေါ်လိုက်လျှင် ကျားကျားယားယားနှင့် ရဲစိတ်ရဲမာန်ဝင်သည်မို့ နာမ်နှိမ်ပြီး ခေါ်ကြသည့် အမည်များမှာ "ဟင်းမျိုး၊ ဟင်းကောင်ကြီး၊ ခေါင်းဝိုင်း၊ နားရွက်တို"စသည်ဖြင့် ခေါ်တတ်ကြသည်။ သို့သော်လည်း ထိုအကောင်မျိုးကြီးတွေမှာ အားနည်းချက်တစ်ခုတော့ရှိသည်။ ထိုအားနည်းချက်ကို မှဆိုးလုပ်သူတစ်ယောက်အနေနှင့် သိရှိထားပြီး မဟုတ်ပါလား။ ကျားဆိုသည့်အကောင်မျိုးက သစ်ပင်မတက်တတ်သည့်အကောင်မျိုး၊ အကယ်၍များ သူတို့လင်မယားသစ်ပင်ထက်မှာရှိနေမှန်း သိသဖြင့် ကိုက်ဆွဲစားသောက်ရန် ကျားတုတ်ကျားခဲ ခဲရာခဲဆစ်ကာတ်သတ်တက်လာလျှင်လည်း ကိုင်ဆောင်ထားသည့် တူမီးသေနတ်ဖြင့် ခေါင်းကိုအနီးကပ်ပစ်လို့ရပေသည်။

နောက်တစ်မျိုး "တောခွေး"ဆိုသည့်အကောင်တွေက တောထဲတွင် အုပ်နှင့်နေ



www.burmeseclassic.com

www.burmeseclassic.com

ကြပြီး အကောင် ၃၀ ကျော်ထိ အုပ်ဖွဲ့ကာ နေ့ရောညပါ လှည့်လည်ပြီး တောဆင်ရိုင်း၊ ကျား၊ ကျားသစ်၊ မြွောင်၊ ခိုင်နှင့်ဝံများအထိ လိုက်ကိုက်စားသောက်ပစ်ကြသည်။ အထူးသဖြင့် သူတို့ ဦးတည်ကြသည့်အကောင်များက (မြီးလိမ်ဖင်စောင်း ချိုကျိုးနားရွက်ပဲ့၊ အိုနာကျိုးကန်း) များကို အုပ်မှ ခွဲထုတ်မောင်းနှင်ကာ စားသောက်ကြသည်။

ကျားသစ်နှင့် ဝက်ဝံလို အကောင်မျိုးကို မြေပြန့်နှင့် လွင်ပြင်များရှိရာဆီသို့ ဦးစွာ မောင်းနှင်ပြီးမှ ကိုက်သတ်စားသောက်တတ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအကောင်တို့က သစ်ပင်ပေါ်တက်ပြေးရှောင်တိမ်းနိုင်သည့် အကောင်များဖြစ်ခြင်းကြောင့်ပင်။ ကျားဆိုသည့်အကောင်မျိုးက သစ်ပင်ပေါ်တက်ကာ သူ့အသက်ကို မကာကွယ်နိုင်သည့်အတွက် နေရာမရွေးဝိုင်းဝန်းကိုက်ခဲစားသောက်နိုင်သည့်အတွက် ဖြစ်ပေသည်။

တောခွေးဆိုသည့် . . အကောင်မျိုးက ခေါင်းနှင့်ကိုယ်က အရှည်သုံးတောင်ခန့် ရှည်ပြီး အမြီးက တစ်တောင့်ထွာခန့်ရှည်သည်။ အချိန် ၁၅ မှ ၂၀ ထိ ရှိသည်။ (ထို့ထက်ပိုကြီးသည့် အကောင်များ) လည်း ရှိကြသည်။ နီညိုရောင်ဖြစ်ပြီးအမြီးက ညိုနက်ဖြစ်သည်။ မဟောင်တတ်၊ မအူတတ်ကြ၊ "တအီနိအိနိ"နှင့် ညည်းညူသံပြုပြီး သန်မာထွားကျိုင်းကာ အလွန်ရက်စက်သော အကောင်များဖြစ်ပြီး ထက်မြက်သောသွားများနှင့် သွားစွယ်ကြီးများရှိကြသည်။ အိမ်မွေးခွေးများနှင့်အနွယ်တူသော်လည်း သားကောင်နောက်ကို လိုက်သည့်အခါ အမြီးမထောင်ဘဲ လိုက်လေ့ရှိကြသည်။

သို့အတွက် ကိုဦးက သူတို့နှစ်ဦးသစ်ပင်ကြီးထက်ကို တက်ပြီး ပုန်းရှောင်နေလိုက်သည့် လုပ်ရပ်သည် မှန်ကန်သောလုပ်ရပ်ဖြစ်သည့်အတွက် ကျေနပ်စွာနှင့် ကျားသေကြီးကို ကြည့်လိုက်ရာ တောခွေးအုပ်က ဝိုင်းဝန်းကိုက်ခဲနေသည်ကို သေနတ်နှင့် ထိုးချိန်လိုက်ပြီး ပစ်ခလုတ်ကို ဆွဲဖြုတ်ချလိုက်ပေတော့သည်။

"ဒိုင်း"

အောင်မြင်စွာထွက်ပေါ်လာသည့် သေနတ်သံကြီးနှင့်အတူ ပြောင်းဝမှထွက်လာသည့် ကျည်ခဲလမ်းကြောင်းတစ်လျှောက်မီးခိုးလမ်းကြောင်းအတိုင်း အမှောင်ဖုံးသွားသည်ကို နှစ်ဦးသားတွေ့လိုက်ကြရပေသည်။

တူမီးသေနတ်တို့၏ ထုံးစံအတိုင်း သားကောင်ကို ပစ်ခတ်သည့်အခါ မီးခိုးများ ဖုံးလွှမ်းသွားသည်မို့ ဘာကိုမှ မမြင်ရသော်လည်း စောစောက ကျားသေကြီးကို ဝိုင်းဝန်းကိုက်ခဲနေသည့် အသံများ ပျောက်သွားသည်ကို သတိထားလိုက်မိကြသည်။ ငါးမိနစ်လောက်စောင့်ကြည့်လိုက်တော့ အမှောင်ဖုံးသွားသည့် မီးခိုးတို့က လေနှင့်အတူ လွင့်မျောသွားကြပြီမို့ တရေးရေးမြင်လိုက်ကြရသည်က ကျားသေကြီးနှင့်အတူ တောခွေး ၁၀ ကောင်မြေပြင်တွင် ဘေးတိုက်လဲကျကာ သွေးသံရဲရဲနှင့် သေဆုံးနေသည်ကို တွေ့လိုက်ကြရပြီး ကျန်တောခွေးများကို တစ်ကောင်တစ်မြီးမှ မတွေ့ရတော့သည့်မြင်ကွင်းပင်။

မစမ်းမြက နားမလည်နိုင်အောင်ဖြစ်နေရသူမို့ ခင်ပွန်းဖြစ်သူ မုဆိုးအား -

"ယောကျ်ား . . တောခွေးတွေ ဘယ်ပျောက်ကုန်ကြတာလဲဟင်"

မိန်းမအမေးကို ပြန်မဖြေအားသေး၊ ကိုင်ဆောင်ထားသည့် သေနတ်ပြောင်းအတွင်း အိမ်မှအသင့်ယူဆောင်လာသည့် ပင်နယ်စလင်ပုလင်းအတွင်းမှ ယမ်းမှုန့်များကို လောင်းထည့်ကာ ထောင်းတံနှင့်ထောင်းပြီး စက္ကူကတ်ပြားအဝိုင်းထဲထည့်ကာ ထောင်းလိုက်သည်။ ပြီးနောက်ကျည်ခဲလုံးများထည့်ပြီး အုန်းဆံဖတ်ထည့်လျက် စက္ကူပိတ်ပြားဆို့ကာ၊ တူတံအတွင်းပေါက် ယမ်းထည့်၍ နောက်တစ်ချက်ပစ်ခတ်ရန်အသင့်အနေအထားကို ရောက်တော့မှ ရေဘူးအတွင်းမှ ရေအနည်းငယ်ကိုသောက်လိုက်ပြီး၊ အိတ်ကပ်အတွင်း ရှမ်းဖက်လိပ်တိုကို မီးတို့ဖွာရှိုက်လိုက်ပြီးမှ ဖြေကြားလိုက်သည်က -

"မိန်းမ ငါတို့လင်မယား တွေ့ကြုံလိုက်ရတဲ့အဖြစ်အပျက်က အဆန်းပဲကွ။ အထိုက် ... အလျောက် ငါတို့ဘဝလည်း ပြောင်းလဲသွားမယ်ဟေ့"

"ဟုတ်လား၊ ဘာကြောင့်လဲတော့။ ပြောပါဦး"

"အေး . . အလွန်ရှား ... တဲ့ မှိုအုန်းနက်ကို ငါတို့ ... မယား တွေ့လိုက်ကြရသ ... မထင်မှတ်ဘဲ တောတွင်းတို ... ပွဲတစ်ခုကိုလည်း မျက်မြင် ... လိုက်ကြရပြီး သစ်ပင်အ ...



www.burmeseclassic.com

www.burmeseclassic.com

ကို အသက်လုပြေးတက် ကံကောင်းကြရတဲ့ အဖြစ်ပဲကွ။ မင်းဂျီမှိုကိုသွားမရှာနဲ့တော့။ ငွေပုံကြီးငါတို့ရှေ့ရောက်နေပြီသာမှတ်"

မျက်လုံးကလယ်ကလယ်ဖြင့် နားထောင်နေသော ဇနီးဖြစ်သူ မစမ်းမြက နားမလည်သဖြင့် ပြန်မေးလိုက်ပုံက -

"ကျုပ်နားရှင်းအောင် ပြန်ပြောစမ်းပါတော်။ ဘယ်လို . . ဘယ်လို . ."

လင်တော်မောင်ကိုဦးက **သောက်လက်စ ရှမ်းဖက်လိပ်**ကို ဝါးဆစ်ဘူးထဲထည့်၊ အိတ်ကတ်အတွင်းပြန်သွင်းလိုက်ရင်း -

"ဒီလိုဟဲ့ စမ်းမြရဲ့၊ ဟို မှိုပွင့်ကြီးကို မှိုအုန်းနက်လို့ ခေါ်တယ်။ ရှားပါးပြီး တန်ဖိုးလည်းကြီးတယ်။ တော်ရုံမှဆိုးတွေ မမြင်ကြဘူးလေ။ ရိုးမမုဆိုးကြီးတွေ အပြောက ဂမ္ဘီရလည်းဆန်သလို၊ အန္တရာယ်လည်း အလွန်များဆိုပဲဟဲ့"

"ဂမ္ဘီရ ဟုတ်လား၊ ဂမ္ဘီရဆိုတာ ဘာကို ပြောတာလဲ။ အန္တရာယ်များတယ်ဆိုတာက ဘယ်လိုအန္တရာယ်မျိုးလဲ"

"ဒီလို မိန်းမရဲ့၊ ခု မင်းမြင်ရတဲ့ မှိုပွင့်ဟာ ဘယ်လောက်ကြီးတယ်လို့မှန်းသလဲ။ ဘယ်နှစ်ပွင့်တွေ့သလဲ"

"ကျုပ်မှန်းကြည့်တာက စကောတစ်ချပ်စာလောက်ရှိမယ်။ တစ်ပွင့်တည်းပဲလေ"

"အေး . . ဟုတ်တယ်၊ ဒီမှိုအုန်းနက်ပွင့်ကြီးက ငါ့အထင် ညဦးပိုင်းလောက်ကမှ မြေပြင်ကို ထိုးထွက်လာတဲ့ အကင်းလေးပဲ ရှိသေးတယ်လေ။ နောက်ရက်ဆိုရင် ပိုပြီးကြီးလာမယ်။ ရင့်လည်း ရင့်လာသလို သူ့အဖော်တစ်ပွင့်နှစ်ပွင့်လည်း ထွက်လာဦးမယ်ကွ။ မင်းထင်သာ မြင်သာအောင် ပုံနှိုင်းပြရရင် ဘုန်းတော်ကြီးတွေဆောင်းတဲ့ထီးထက်တောင် နည်းနည်းပိုကြီးတဲ့အရွယ်မျိုးပဲ။ နောက်ထပ် သူ့အဖော်တစ်ပွင့်နှစ်ပွင့် ထပ်ထွက်လာဦးမယ်။ သူ့လောက် မကြီးဘူးလေ။

အဲဒီမှိုရဲ့ထူးခြားချက်က အဲဒီမှိုကို ငန်းမြွေကြီးတွေ အလွန်ကြိုက်ပြီး စားကြတယ်။ ဒါကြောင့် အဲဒီမှိုထွက်တဲ့နေရာကို ငန်းမြွေကြီးတွေ ရောက်လာပြီး ရင့်တဲ့အချိန်ထိအောင် စောင့်ပြီး စားကြတယ်ကွ။ အဲဒီမှိုပွင့်ကို တွေ့လို့ခူးမယ့်လူဆိုရင်လည်း အန္တရာယ်ပေးတယ်။ ကုန်ကုန်ပြောရရင် သူတို့မျိုးနွယ်မြွေအချင်းချင်းတောင် တိုက်ခိုက်မောင်းထုတ်ကြတယ်ကွ။ ဒါကြောင့် မင်းကို အခြေအနေ ခဏစောင့်ကြည့်ဖို့ ပြောတာ"

"အော် . . ဒီလိုလား၊ ဒါဆို ဂမ္ဘီရဆိုတာကရော"

"အေး . . အဲဒါက ဒီမှိုမျိုးထွက်ကာစကို ဦးစွာမြင်တဲ့သူက ချမ်းသာတယ်လို့ ပြောသံ ကြားတယ်ကွ"

"ဟုတ်လား၊ ဘယ်လိုကြောင့် ချမ်းသာရမှာလဲ ပြောစမ်းပါဦး"

"ဘယ်လိုချမ်းသာမလဲဆိုတာတော့ ငါလည်း ဒီမှိုမျိုးကို ခုမှမြင်ဖူးတာဆိုတော့ မသိသေးဘူးကွာ။ ငါ့အထင်ပြောရရင် ငါတို့နှစ်ယောက် ရှားရှားပါးပါးထွက်ခါစ မှိုအုန်းနက်ကို တွေ့လိုက်ပြီးတဲ့နောက် ကျားကြီးနဲ့ တောခွေးတွေရဲ့တောတွင်း တိုက်ပွဲကိုလည်းမျက်ဝါးထင်ထင်တွေ့လိုက်ရတယ်။ ကျားသေတစ်ကောင်အပြင် တောခွေး ၁၀ ကောင်လည်း ရတယ်။ ပြီးတော့ ဒီမှိုကြီးကို အန္တရာယ်ကင်းကင်းနဲ့ ငန်းမြွေတွေ မရောက်လာသေးခင် နှုတ်ယူပြီး ပြန်ရောင်းမယ်ဆိုရင် ရလာမယ့် ငွေကနည်းမှာ မဟုတ်ဘူးလေ။ အဲဒါဟာ ငါတို့လင်မယားရဲ့ လတ်တလော အကျိုးပေးပဲလေ။ ဒါတွင်အား မရလို့ နောက်ထပ် အဆစ်တောင်ပေးလိုက်သေးတယ် မို့လား"

"အဆစ်ပေးလိုက်သေးတယ် ဟုတ်လား၊ ယောက်ျားရဲ့ ဘယ်လို အဆစ်ပေးတာလဲ ဟင် ပြောပါဦး"

စမ်းမြအမေးကြောင့် လင်တော်မောင် ကိုဦးက အားရပါးရရယ်မောလိုက်ရင်း လက်ညှိုးထိုးပြလိုက်သည်ကို ကြည့်လိုက်ရာ အပင်ထက်တွင် မှည့်နေသည့်"မက်လင်သီး"များပင် ဖြစ်ပေတော့သည်

"ဟာ . . ဟား . . ဟား ဟုတ်တယ်နော်"

စမ်းမြသဘောပေါက်သွားသဖြင့် ရယ်မောလိုက်ရင်း အပင်ကြီးထက်မှ အသီးတို့ကို ခူးလျက် အောက်သို့ဆင်းလိုက်ကြပြီး မှိုပွင့်ကိုနှုတ်လျက် သယ်ဆောင်ကာ ပြန်ခဲ့ကြပေသည်။ အိမ်ရောက်တော့မှ ကျားသေကြီးနှင့် တောခွေးသေများကို နွားလှည်းဖြင့် သယ်ဆောင်ကြရပေဦးမည် မဟုတ်ပါလား။

**လေးမောင်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အကြားအမြင် ဦးဘသန်း နှင့် ဘီလူးခေါင်းပိုသော လူသတ်သမား

အောင်ဘုန်းမြင့် (ကချင်မြေ)

<u>မိုက်ကြီးမော်နှင့် ဘီလူးခေါင်း</u>

မောင်ဆိုင်းလီနှင့် ဖခင်ဦးငွေထွန်း မိခင်ဒေါ်ဂျာမိုင်တို့သည် မြစ်ကြီးနားမြို့နယ်၊ ကချင်စုရပ်ကွက်မှ ဖါးကန့်မြို့နယ် ဥရုချောင်းအတွင်းရှိ မိုက်ကြီးကျောက်စိမ်းမော်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်မှာ ဆယ်စုနှစ်တစ်ခု ကျော်လာပြီးဖြစ်၏။ အတူပြောင်းရွှေ့လာသော အိမ်နီးချင်းများနှင့်အတူ ကြံ့ရာတဲထိုးနေထိုင်ကြပြီး ကျောက်စိမ်းမျောတိုက်၍ အသက်မွေးနေကြသူများဖြစ်ကြသည်။

မောင်ဆိုင်းလီတို့ မိသားစုသည် ဖါးကန့်ရောက်မှ အရောင်ထွက်လာသည်ဟုဆိုရမည်ဖြစ်၏။ ထမင်းစားကျောက်ပုံမှန်ရသည်။ တစ်ခါတစ်ရံ ရောင်းဖိုးရှိသောကျောက်ရသည်။ ငွေကိုင်နိုင်လာသည်။ ဝိုင်းနဲ့ အိမ်လေးနဲ့ ဖြစ်လာသည်။ မချမ်းသာသော်လည်း ဘဝနေပျော်သည်။ မောင်ဆိုင်းလီ၏ မိခင် ဒေါ်ဂျာမိုင်နေထိုင်မကောင်းသည်မှာ ကြာပြီဖြစ်၏။ မြို့တက်မကုနိုင်တော့ နာတာရှည်သည်။ ဘာရောဂါမှန်းမသိရ တလူးလူးတလဲလဲ နေ့ရက်များကုန်သွားသည်။

မောင်ဆိုင်းလီတို့ မျောတွင်းက ကျောက်အောင်သောနေ့ တရောင်ရောင် တဟွပ်ဟွပ်ဖြစ်နေသော မိခင်ကြီးကွယ်လွန်သွားသည်။ မောင်ဆိုင်းလီတစ်ယောက် ကျောက်အောင်ပေမယ့် ဝမ်းမသာနိုင်ဖြစ်ရလေ၏။ မောင်ဆိုင်းလီတို့ မျောတွင်းကရသော ကျောက်စိမ်းတုံးသည် ရောမကျောက်စိမ်းတုံးကြီးမဟုတ်၊ တစ်ဆယ်သားသာသာခန့်သာရှိသော ကျောက်စိမ်းတုံးလေးဖြစ်သည်။ ဒါပေတိ အသားက ဖယောင်းသား ဒေါင်းမြီးစိမ်း ရည်၊ ထူးခြားသည်က ဘီလူးခေါင်းနှင့်တူသော ကျောက်စိမ်းတုံးလေး။

မိုက်ကြီးမော်မှထွက်သော ဘီလူးခေါင်းနှင့်တူသည့် ကျောက်စိမ်းတုံးလေးသည် ကျောက်စိမ်းလောပန်ကြီးများကြား ရေပန်းစားလာသည်။ လောပန်တစ်လက်မှတစ်လက်သို့ ပိုင်ရှင်ပြောင်းသွားကိုင်းကျောက်တန်ဖိုး ဆတိုးတက်သွားသည်ချည်းဖြစ်လေ၏။ အခြားသူများ မသိရဘဲ လက်ကြီးလောပန်များကြား လည်ပတ်နေသော ဘီလူးခေါင်းကျောက်စိမ်းလေးသည် အဆုံး၌ ကျောက်စိမ်းရာဇာကြီးဦးကျင်ဝမ်းခေါ်ဦးသန်းငွေ၏လက်ထဲ၌အဆုံးသတ်သွားလေတော့၏။

ဘီလူးခေါင်း ကျောက်စိမ်းတုံးလေးသည် ဒေါင်းမြီးစိမ်းရည်တွင် သစ်တော်သီးခွံရောင် အုပ်ထားသည်။ ဖယောင်းသား၏ အလယ်တည့်တည့်၌ ပေါ်နေသော ပဲကြီးစေ့ခန့် မြစိမ်းရည်ပြချက်သည် အရည်ကျောက်ဖြစ်ကြောင်း သက်သေထူနေ၏။ ကျောက်တူးသမားလေး မောင်ဆိုင်းလီသည် တိုက်နှင့်ကားနှင့် လောပန်လေး ဖြစ်သွားသည်။ ကြား ကျောက်ကုန်သည်များဖြစ်ကြသည် လောပန်လေးမှ လောပန်ကြီးအဆင့်

www.burmeseclassic.com

ဆင့်ရခဲ့သော ဈေးမျိုးကိုကား မောင်ဆိုင်းလီရမည်မထင်ပါ။

ဦးကျင်ဝမ်းသည် ဘီလူးခေါင်းနှင့်တူသော ကျောက်စိမ်းလေးကိုစိတ်ကြိုက်ခွဲစိတ်ပြုပြင်ပြီးလျှင် စက်ပေါ်တင်အချောသွေးလိုက်သောအခါ အသားအရည်ကောင်းပြီး ဖွဲ့မက်စရာကောင်းသော ကျောက်စိမ်းပွင့် ၁၁ ပွင့်ထွက်လာသည်။ ကျောက်စိမ်းအမြီး ၁၀ ပွင့်ရောင်းလိုက်ရုံဖြင့် ဦးကျင်ဝမ်း အလိုရှိသော အရင်းအမြတ်ထက်ကျော်၍ အောင်သွားသည်။ ဦးကျင်ဝမ်းလက်ထဲတွင် တန်ဖိုးအကြီးဆုံး ကျောက်ရည်ကျောက်သား အကောင်းဆုံးနှင့် အကြီးဆုံး အစီးပွင့်မှာ အပိုဆောင်းအမြတ်အဖြစ် ကျန်ရှိလျှက်ရှိနေပါသေးသည်။

လွန်စွာထူးခြားသည်မှာ ဘီလူးခေါင်းကျောက်စိမ်း၏ အလှဆုံး အပွင့်ဆုံး အကြီးဆုံးဖြစ်သည့် ခေါင်အစီးပွင့်၏ ရွှေငုံမည့်အောက်ခြေအမြီးတည့်တည့်တွင် စိမ်းနက်ရောင် ဘီလူးခေါင်းလေး တစ်ရုပ် သေးသေးလေး မထင်မရှားပေါ်နေခြင်းဖြစ်သည်။ ဒါပေတီ ဦးကျင်ဝမ်းအတွက် အကျိုးမယုတ်နိုင်၊ ကျောက်တန်ဖိုး မထိခိုက်၊ ရွှေနှင့်ကွင်းလိုက်လျှင် ပျောက်သွားမည်ဖြစ်၏။ ဦးကျင်ဝမ်းသည် ဘီလူးခေါင်းကျောက်စိမ်းလက်စွပ်ကိုလွန်စွာမြတ်နိုး၏။ ဂုဏ်ယူဝတ်ဆင်လေ့ရှိတတ်၏။ ဦးကျင်ဝမ်းကို စီးပွားတိုးတက်အောင်မြင်စေခဲ့သော ကျောက်ပေကိုး။

<u>ကြိုဟ်မွှေသော ဘီလူးခေါင်း</u>

ဦးကျင်ဝမ်း စကာပူကျောက်စိမ်းတန်းရောက်လျှင် ကျောက်လောပန်များအားလုံးက ဦးကျင်ဝမ်း၏ ဘီလူးခေါင်းကျောက်စိမ်းလက်စွပ်ကို ဝိုင်းစိတ်ဝင်စားတတ်ကြသည်။ ရှန်ဟိုင်းကျောက်စိမ်းပြခန်းရောက်တော့လည်း အများ၏စိတ်ဝင်စားခြင်းကို ခံရသည်။ ဟောင်ကောင်ကျောက်စိမ်းလောကရောက်ပြန်တော့ ကမ္ဘာကျော် ကျောက်စိမ်းလောပန်ကြီးတွေက တောင်းပန်ပြီး တောင်းဝယ်ကြ၏။ ဦးကျင်ဝမ်း မရောင်းလို၊ ကမ္ဘာပေါ်တွင် အကောင်းဆုံး JADEITE အမျိုးအစား ကျောက်စိမ်းထွက်သော မြန်မာနိုင်ငံသားအဖြစ် ဂုဏ်ယူလိုသည်။

ဘီလူးခေါင်း ကျောက်စိမ်းပွင့်လေးသည် မောင်ဆိုင်းလီကို ကျောက်တူးသမားလေးဘဝကနေ ကျောက်လောပန်ဖြစ်စေခဲ့သည်။ ဦးကျင်ဝမ်းကို ကမ္ဘာ့ကျောက်စိမ်းလောကထဲ ဝင်ဆန့်စေနိုင်ခဲ့သည်မှာ အမှန်ဖြစ်လေ၏။

ဒါပေတီ ဦးကျင်ဝမ်းတစ်ယောက် စီးပွားကျဆင်းလာသည်မှာ တစ်နှစ်ခန့်ရှိပြီဖြစ်၏။ အစပိုင်းက အထိမနာသော်လည်း အကျများလာတော့ သိသာလာသည်။ ကျောက်စိမ်းဒေသရှိ ကျောက်စိမ်းမှော် ၁၀၀ ခန့်ရှိသည့်အနက် မှော်တိုင်းတွင် ဦးကျင်ဝမ်း၏ ကျောက်စိမ်းဖက်စပ်တွင်းရော ခိုးတွင်းပါရှိလေ၏။ အထူးသဖြင့် ဆိုင်းတောင်မှော်ရှိ ကျောက်စိမ်းတွင်းအားလုံးနီးပါးသည် ဦးကျင်ဝမ်းပိုင်သော ကျောက်စိမ်းတွင်းများဖြစ်သည်။ ကျောက်မအောင်သော တစ်နှစ်အတွင်း ဦးကျင်ဝမ်းအတော်ပန်းနေပြီဖြစ်သည်။

ဦးကျင်ဝမ်းသည် မိမိ၏စီးပွားလုပ်ငန်းများ ကျဆင်းလာသဖြင့် ရန်ကုန်မြို့ကုန်သည်ကြီးများဟိုတယ်တွင် ကျောက်လောကနှင့် ဆက်နွှယ်နေသူများအားလုံးနှင့် နာမည်ကြီးပုဂ္ဂိုလ်များကို ညှော်ခံမိတ်ဆက်ပွဲတစ်ခု ပြုလုပ်သည်။ ထို့နောက် သက်ဆိုင်သူများ အနည်းအကျဉ်းကိုဖိတ်၍ ကျောက်မြောင်းမင်္ဂလာသုခပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးတွင် သံဃာမြတ်အပါး ၂၀၀ကျော်အား နေ့ဆွမ်းကျွေး၍ ကုသိုလ်အလှူပြုလုပ်လေ၏။

ကုန်သည်ကြီးများ ဟိုတယ်တွင် ညှော်ခံမိတ်ဆက် ကျွေးမွေးခြင်းသည် ကျောက်အရောင်းအဝယ်ကိစ္စ လမ်းပွင့်လို၍ဖြစ်ပြီး သံဃာတော်မြတ်များကို ဆွမ်းကပ်အလှူလုပ်ခြင်းသည် ဝိတ်နေသောလာဘ် ပွင့်စေလို၍ဖြစ်ဟန်ရှိ၏။ ဆွမ်းကပ်အလှူပွဲသို့ အကြားအမြင် ဦးဘဆန်းကိုလည်း ဦးကျင်ဝမ်း၏ မိတ်ဆွေအသိ ကျောက်စိမ်းပွဲစားကြီး ဦးဘမော်မှတဆင့် ဖိတ်ကြားခံရသဖြင့် တက်ရောက်ခွင့်ရခဲ့၏။ ပြည့်စုံစည်ကားသော အလှူဖြစ်ခဲ့သည်။

အလှူ ပြီးဆုံးသွားသောအခါ ဦးကျင်ဝမ်းသည် ကြွလာအားပေးကြသော ပုဂ္ဂိုလ်များကို တစ်ဦးချင်းလက်ဆွဲနှုတ်ဆက်၍ ကျေးဇူးတင်စကားပြောလေ၏။ ဦးဘဆန်းနှင့် လက်ဆွဲနှုတ်ဆက်နေစဉ် ဦးဘမော်၏မိတ်ဆက်ပေးမှုကြောင့် ဦးဘဆန်းနှင့် ဦးကျင်ဝမ်း ပထမအကြိမ် လူချင်းတွေ့မြင် ခင်မင်သွားကြသည်။

ဦးဘဆန်းသည် ဦးကျင်ဝမ်း၏ ဘီလူးခေါင်း ကျောက်စိမ်းလက်စွပ် ဝတ်ဆင်ထားသော ညာဘက်လက်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ထိတွေ့နေစဉ် ထူးခြားသော အမြင်တစ်ခု အာရုံရလေ၏။ မိမိနှင့်လက်ဆွဲနှုတ်ဆက်နေသော ဦးကျင်ဝမ်းတစ်ယောက် ငွေကြေးကြောင့်အတိဒုက္ခရောက်နေရသည်ဟူသော မဆီမဆိုင် အမြင်အာရုံမျိုးဖြစ်လေ၏။

အလှူပွဲမှအပြန်လမ်း၌ "ဦးဘမော် ကျောက်စိမ်းသူဌေး ဦးကျင်ဝမ်းမှာ အခက်အခဲတစ်ခုခု ကြုံနေရတယ်ထင်တယ်ဗျား" ဦးဘဆန်းက ဦးကျင်ဝမ်း၏ မိတ်ဆွေကြီး ပွဲစားဦးဘမော်ကို ပြောလိုက်ခြင်းဖြစ်သည်။ ဦးဘမော် အဖြေမရှိသော အကြည့်နှင့်ကြည့်ပြီး လမ်းခွဲသွားကြသည်။ ကောင်းကင်၌ ငှက်ငယ်တစ်ကောင်ကို ကျီးကန်းလိုက်နေသည်ကို မြင်တွေ့ကြရသည်။

ထူးခြားသောအာရုံအမြင်

ဦးကျင်ဝမ်း၏ စီးပွားရေးသည် ယွှပစ်လိုက်သကဲ့သို့ ထိုးကျသွား၏။ ရန်ကုန်-မန္တလေးရှိ စီးပွားရေးလုပ်ငန်းများ ရောင်းလိုက်ရသည့်ပြင် မိုးကောင်းမြို့လယ်ရှိ မိမိကိုယ်တိုင်နေထိုင်နေရသော ကျောက်စိမ်းအိမ်ဂေဟာကြီးကိုပါ ရောင်းပေါင်ဘဝမျိုးနှင့်နေထိုင်ရသည့် အဆင့်မျိုးရောက်နေရ၏။ ဥစ္စာဆိုတာ မျက်လှည့်မျိုးပါလား။

တစ်နေ့ ဦးကျင်ဝမ်းနှင့်ပွဲစား ဦးဘမော်တို့ စကားလက်ဆုံကျရင်း ဦးဘဆန်း နောက်ဆုံးပြောသွားသော မှတ်ချက်စကား ဦးကျင်ဝမ်းနားထဲ ရောက်သွားသည်။ ထက်အာကာ၌ ငှက်တစ်ကောင်အား ကျီးကန်းလိုက်နေသည်ကို ပြိုင်တူမြင်ကြရသည်။ "ဦးဘမော် အကြားအမြင်ဆရာကြီး ဦးဘဆန်းကို တွေ့ခွင့်ရရင် တွေ့ချင်တယ်" ရင်တဒိတ်ဒိတ်ခုန်နေသော ဦးကျင်ဝမ်း ပြောလိုက်သောစကားဖြစ်၏။ "ဦးကျင်ဝမ်း တွေ့ချင်တယ်ဆိုရင် ကျွန်တော် ဖြစ်အောင် စီစဉ်ပေးပါ့မယ်"

ဦးကျင်ဝမ်း၏ LAND CRUISER ကား ဦးဘဆန်း၏ ကျောက်မြောင်း အောင်မင်္ဂလာ ညောင်နှစ်ပင်ရှေ့တွင် ထိုးရပ်လိုက်ပြီး စုံစမ်းကြည့်ရာ ဦးဘဆန်း အိမ်မှာမရှိ၊ ဦးဘဆန်း၏မြေး မေနွယ် သင်းလိုက်ပြပေးသဖြင့် အောင်မင်္ဂလာလမ်းထိပ် အောင်ပြည့်စုံချစ်တီးထမင်းဆိုင်တွင် ပူရီနှင့် လက်ဖက်ရည်ကျဆိမ့်သောက်နေသော ဦးဘဆ န်းကို ဦးကျင်ဝမ်းသည် ဦးဘမော်မှတဆင့် ဦးဘဆန်းကို မိတ်ဆက်ခွင့်တောင်းပြီး မိမိ၏ အဖြစ်သနစ်စုံကို အတိုချုပ်၍ရှင်းပြလိုက်သည်။ ဦးဘဆန်းသည် ဦးကျင်ဝမ်း၏ညာဘက်လက်ချောင်းများကို မိမိ၏ လက်ချောင်းများဖြင့် ထိထားပြီး အာရုံခံလိုက်သောအခါ ဦးကျင်ဝမ်း၏ကျောက်စိမ်းလက်စွပ်ထဲမှ စိမ်းနက်ရောင် ဘီလူးတစ်ကောင်ထွက်လာပြီး ဦးကျင်ဝမ်း၏ ဥစ္စာစီးပွားများကို ဖျက်ဆီးပစ်ပြီး ဦးကျင်ဝမ်း၏ အသက်ဝိညာဉ်ကို ခါးမိုး၍လိုက်နေသည်ဟူ၍ မြင်ရလေသည်။

အကြောင်းစုံမြင်ရသောအခါ ဦးဘဆန်းသည် ဦးကျင်ဝမ်းကို အောက်ပါအတိုင်း သတိပေးလိုက်သည်။ "ဦးကျင်ဝမ်းအခုဝတ်ထားတဲ့ ကျောက်စိမ်းလက်စွပ်ဟာ ဘီလူးကျောက်စိမ်းဖြစ်နေတယ်၊ ရောင်းပစ်လိုက်ရင် ကောင်းမယ်ထင်တယ်" ဦးကျင်ဝမ်းနှင့် ဦးဘမော်တို့သည် ဦးဘဆန်းကို ဂါရဝပြု၍ပြန်သွားပြီးနောက် မကြာမီကာလအတွင်း ဘီလူးခေါင်း ကျောက်စိမ်းလက်စွပ်ကို ဟောင်ကောင်ကျောက်စိမ်းသူဌေး မစ္စတာလီးဟော့ထံ ကြိုက်ဈေးနှင့်ရောင်းပစ်ပြီး ပြန်ကြိုးစားခဲ့ရာ မကြာမီအတွင်း ကြွေးကျေ၍ မူလအဆင့်အတန်းကို ပြန်လည်ရရှိခဲ့၏။ ဘီလူးစက်ကွင်းမှ အချိန်မီလွတ်မြောက်နိုင်ခဲ့သည်။

သတင်းထူး

အထက်ပါအချင်းဖြစ်ပြီး တစ်နှစ်ပြည့်မြောက်သောအခါ ဦးကျင်ဝမ်းသည် ဦးဘဆန်းတို့မိသားစုကို အိန္ဒိယနိုင်ငံသို့ သံဝေဇနီယလေးဌာနသို့ ကျေးဇူးဆပ်သည့်အနေဖြင့် ဘုရားဖူး (၁၅)ရက်ခရီး ခေါ်သွားသည်။ ဘုရားဖူးပြီးအပြန်ခရီးတွင် INDIA TIMES သတင်းစာကြီးထဲတွင် ထူးခြားသော သတင်းထူးကို ဖတ်ရှုရ၏။

ဟောင်ကောင် ကျောက်စိမ်းသူဌေးကြီး မစ္စတာလီးဟော့သည် ငွေကြေးပြဿနာကြောင့် စိတ်ရှုးပေါက်ကာ တိုက်ပေါ်က ခုန်ချအဆုံးစီရင်သွားသည်ဟူသော သတင်းဖြစ်သည်။ အခြားသတင်းတစ်ပုဒ်တွင် မစ္စတာလီးဟော့၏ ကျန်ရှိသောရတနာများကို လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ရုပ်ပုံများနှင့် အတူဖော်ပြထား၏။ ထိုရုပ်ပုံများထဲ ပါဝင်နေသော ဘီလူးခေါင်းကျောက်စိမ်းလက်စွပ်သည် ဦးကျင်ဝမ်းနှင့် သက်ဆိုင်သူများကို လှောင်ပြောင်ပြုံးပြနေသည်ဟု ထင်ရပါတော့သည်။

*ပန်းလို စမ်းလို လမင်းလို သာယာချမ်းမြေ့ကြပါစေ ...*

**အောင်ဘုန်းမြင့် (ကချင်မြေ)**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ကျုပ်အမည်က သာဝ။ နေတာက ကျောက်တောင်ရွာ။ သာဝဆိုတဲ့ အမည်ကို မိဘတွေက ဘာကြောင့်များပေးထားတာလဲ လို့ဆိုပြီး ကျုပ်ဘဝင်မကျခဲ့ပါဘူး။ သာဒိတ္တိ၊ သာဂီတို့၊ သာဝတို့ဆိုတဲ့ အမည်နာမတွေက ဝေဘုံ၊ အလွန်ကျုံးတယ်လို့ ကျုပ်ထင်တာကြောင့် ဘဝင်မကျခဲ့တာပဲ။

ကျုပ် ဘဝင်မကျတာကလဲ အကြောင်းမဲ့တော့မဟုတ်ဘူး။ ကျုပ်ပိုးပန်းနေတဲ့ ကျောက်တောင်ရွာက ကွမ်းတောင်ကိုင်မလေး မိဖြူနဲ့ ဟာရွာတောင်ပိုင်းက ကျုပ်ကိုမြင်မကြိုက်တဲ့ မြောက်ပိုင်းသား ခင်မောင်လှ နောက်ပါသွားတာကြောင့်ပဲ။ ဟိုကောင်ရဲ့ အရည်အချင်းက ကျုပ်ထက် မတိုပါဘူး။ ဒီကောင့် မိဘတွေကလဲ လယ်ဆယ်ကေ၊ နွားလေးတောင်၊ လှည်းတစ်စီးရှိသကို၊ ကျုပ်မိဘတွေမှာလဲရှိတာပဲ။ ကျုပ်တို့က မြေပဲတို့ နှမ်းတို့ကြိတ်တဲ့ ဆီဆုံတောင် ပိုရှိသေးတယ်။

အရည်အချင်း တူပါလျက်နဲ့ . . ဟိုကောင် နောက်ပါသွားတာဟာ ပညတ်သွားရာ ဓာတ်သက်ပါဆိုသလိုပဲ၊ ဟိုကောင့်နာမည်က လှလှလေးဖြစ်နေလို့ ကျုပ်မရလိုက်တာပဲဖြစ်ရမယ်လို့ဆိုပြီး သာဝဆိုတဲ့ တေးအမည်ကို ကျုပ်ဘဝင်မကျတော့။ မြှ မပျော်တာလဲ မိန်းမ မရှားပါဘူး။ မိန်းမကို ကျုပ် ယူလိုက်တာပေါ့။ မိနှင်းသာ ပါတာပဲ မဟုတ်လား . . . ။ ကွမ်းတောင်ကိုင်ထဲမှာလဲ . . . ။

နောက် ထပ်ချက်ရှိသေးတယ်၊ မိဖြူနဲ့ကို ကျုပ်နဲ့ ခင်မောင်လှတို့ အပြိုင်ပိုးကြတော့ ခင်မောင်လှက ရွာဘော်ရှင်ကြီးစင်မှာ လက်ဖက်၊ ကွမ်းယာ၊ ဆေးလိပ်တွေနဲ့ ပသတိုးလို့ပြီးမှ ပိုးပန်းတာကြောင့် ရသွားတာလို့ သိုသိုသန့်သန့်ကြားမိတယ်။ ဒီအတွက်လည်း ကျုပ်က အရှင်ကြီးကို ဘဝင်မကျဘူး။

အရှင်ကြီးစင်မှာ ပသသူတွေကလည်း အများသားဗျ။ ကျုပ်တို့ကျောက်တောင်ရွာဆိုတာက ပဲခူးရိုးမရဲ့ အနောက်ခြမ်း တောစပ်မှာရှိတဲ့ ရွာလေး။ တောစပ် တောင်စပ်ဆိုရင် ဝိုမှန်မှာပေါ့။ ရွာထိပ်စည်းရိုးကျော်ပြီး ခြေလှမ်းတစ်ရာလောက် လျှောက်လိုက်ရင်တင် ပလွှင်ခွေထိုင်တော်မူ ရုပ်ပွားတော်မြတ်ကြီးဆီ ရောက်မယ်။ အဲဒီရုပ်ပွားတော်မြတ်ကြီးကျော်ရင် တောပဲ



www.burmeseclassic.com

www.burmeseclassic.com

အဖျားကြီးလွန်းလျှင် ဆင်တုံးမနွယ် ကို
နုပ်နုပ်စင်းခုတ်ကာ သုံးခွက်တစ်ခွက်
တင်ပြုတ်ရည်နှင့် ငန်းနီကျော်ဆေး
သောက်လိုက်လျှင် အနည်းဆုံး
ခြောက်လလောက်တော့ ငှက်ဖျားရောဂါ
ပြန်မဖြစ်တော့ပေ။

ဆိုတော့ ကျုပ်တို့ကျောက်တောင်ရွာဟာ တောစပ် တောင်စပ်မှာရှိတယ်လို့ပဲ ဆိုရမှာပေါ့။

ကျုပ်တို့ရွာ အနောက်ဘက်မှာ စီတုံးရွာ၊ ရေငန်ရွာနဲ့ အုတ်ဖိုစုရွာတွေ ရှိတယ်။ အဲဒီ ရွာတွေဖက်က မိုရှာ၊ မျှစ်ချိုးလာကြသူတွေကလည်း တောထဲမဝင်ခင် ကျုပ်တို့ကျောက် တောင်ရွာထိပ်က အရှင်ကြီးစင်မှာ ကွမ်းယာတို့၊ ဆေးလိပ်တို့ တစ်ခါတစ်ရံမုန့်ပဲသရေစာတို့ပါ ပသတင်မြှောက်ခဲ့ပြီးမှ တောထဲဝင်ကြသဗျ။ တောထဲ ဝင်တဲ့လမ်းကလည်း အရှင်ကြီးစင်ရှေ့က ဖြတ်ရလေတော့ အရှင်ကြီးကိုပဲ ကြောက်လို့တင်မြှောက်သလားတော့ မပြောတတ်ပါဘူး။

ကျုပ်တို့ ကျောက်တောင် ရွာသားတွေလည်း တစ်နှစ်တစ်ခါ ဝါမဝင်ခင် နတ်ကွန်း တက်လေ့ရှိသဗျ။ နတ်ကွန်းတက်တယ်ဆိုတာက ကျုပ်မြင်သမျှပြောရရင်၊ ရွာမှာ ဒေါ်စောဆိုတဲ့ မိန်းမကြီးတစ်ယောက်ရှိတယ်။ ကလေးသူငယ်တွေ ရုတ်တရုတ် နေမကောင်းဖြစ်ရင်၊ ဒါမှမဟုတ် ပယောဂကပ်လို့ ငိုငိုရယ်ရယ်ဖြစ်နေရင် အမေလုပ်သူက ဒေါ်စောထံ ပြေးပြီး ငွေတစ်မတ် (အရင်ခေတ်ကပဲစေ့၊ မူးစေ့ဟူသော ငွေအကြွေစေ့များသုံးသည်။) တင် နတ်မေးပြီး၊ ဒေါ်စောနတ်ဝင်သည် ပြောသည့်အတိုင်း ပသတင်မြှောက်ကျွေးမွေးလိုက်ရင် ကလေးရောဂါလည်း ပျောက်ရောပဲ။

နတ်ကတော်ကြီး ဒေါ်စောက ဦးဆောင်ပြီးတော့ နတ်ရေစင်ဖိုးကောက်ခံ၊ ကောက်ခံလို့ရတဲ့ နတ်ရေစင်ဖိုး ငွေနဲ့ မုန့်ဖြူ၊ မုန့်နီ၊ ကောက်ညှင်းပေါင်း၊ လက်ဖက်၊ အုန်းသီးတွေ ဝယ်ပြီး အမျိုးသမီးများစုလို့ အရှင်ကြီးစင်တင်လှူပြီး နတ်ကွန်းတက်ခြင်း ဓလေ့ပဲဖြစ်ပါတယ်။

နတ်ကွန်းတက် ဆက်သပြီးမှာတော့ နတ်ကတော်ကြီး ဒေါ်စောက အုန်းသီး၊ ငှက်ပျောသီးတွေကိုတော့ သူ့ဖို့ယူ၊ ကျန်တဲ့မုန့်၊ လက်ဖက်၊ ဆေးလိပ်များကိုတော့ လာကြတဲ့ ကလေးတွေကို ဝေငှပေးတော့ နတ်ကွန်းတက်ရင် ကလေးတွေပျော်တာပေါ့ဗျာ။ အရှင်ကြီးဆိုသူ ပုဂ္ဂိုလ်ကြီး လာစားတာတော့ ဘယ်သူမှလဲ မမြင်ဖူးပါဘူး။

ဒါကြောင့် ကျုပ်လဲအရှင်ကြီးကို တကယ်ရှိတယ် လို့ ယုံမှတ်မထားပါဘူး။

အဲ... အဲဒီလိုယုံကြည်မှု မရှိတာရယ်၊ မိဖြူနုကို ခင်မောင်လုနဲ့ အပြိုင်ပိုးပန်းစဉ်က ခင်မောင်လုပသလို ရွာတော်ရှင်က ကူညီလိုက်တာကြောင့် ဖြူနုနဲ့ရသလိုလိုဆိုတဲ့ ကောလာဟလတွေကလဲ အားပေးအားမြှောက်သလို ဖြစ်ခဲ့တာကြောင့်ပဲ ကျုပ်ဟာ ရွာတော်ရှင်အရှင်ကြီးစင်မှာကွမ်းယာ၊ ဆေးလိပ်စတာတွေ ပသထားတာတွေ့ရင်...

"ဗျို့-ရှင်ကြီး.. အိမ်မှာ ဆေးလိပ်ကုန်နေလို့ ကျုပ်ယူသွားတော့မယ်ဗျာ" ဟူ၍တစ်မျိုး...။

"မနေ့က မိနှင်းကို ရေငန်ရွာသွားရင် ကွမ်းဝယ်ခဲ့ပါဆိုတာ ကန်းမကမေ့သတဲ့ဗျား။ ဒီကွမ်းယာရှင်ကြီးမစားရင် ကျုပ်စားလိုက်ပြီ" ဆို၍တစ်နည်း..။

"အောင်မာ.. ရှင်ကြီးက တယ် ဟုတ်နေပါလား။ မုန့်ဆီကြော် ဘာတွေနဲ့၊ တော်ကြာ ကျီးကန်းသ သွားလိမ့်မယ်၊ ကျုပ်ပေးလိုက်" ဆို ယူခဲ့သည်ကလည်း အကြိမ်မန တော့။



www.burmeseclassic.com

www.burmeseclassic.com

ဤသည်ကို သိသော မိန်းမက "ကိုသာဝ . . . မဟုတ်မဟတ်တွေ မလုပ်ကောင်းဘူး၊ ရှင်ကြီးကိုင်လိမ့်မယ်"ဆိုတော့ "တော်စမ်းပါ မိန့်ရာ၊ ရှင်ကြီးတကယ်မရှိပါဘူး"ဆိုပြီး ကျုပ်က ဗီတိုအာဏာနဲ့ ပယ်ချလိုက်တာပဲ။

*** *** ***

လူဆိုတာက အသိုင်းအဝိုင်းနဲ့၊ အပေါင်း အသင်းနဲ့၊ ဆွေနဲ့မျိုးနဲ့ နေနေကြတာမဟုတ်လား။ သာဝဆိုတဲ့ ကျုပ်မှာလဲ ဆွေမျိုးအရင်းအချာတွေရှိသပေါ့ဗျာ။ ကျုပ်တို့ရွာရဲ့ အနောက်ဘက်မှာ ရေငန်ရွာရှိတယ်၊ ရေငန်ရွာမှာ ကျုပ်ဦးလေး အရင်းခေါက်ခေါက် ဦးအောင်ကျော်ဇံရှိတယ်။ ဦးလေးရဲ့ သားသမီးတွေက သိန်းခင်၊ သိန်းရင်၊ မြအေးနဲ့ မြရေးဆိုတဲ့ မောင်နှမ လေးယောက်ရှိတယ်။ နောက်ဦးရီး တစ်ယောက်ရှိသေးတယ်၊ ဦးတက်ပြားတဲ့၊ ဦးရီးဦးတက်ပြားကတော့ ရိုးမနဲ့ပိုနီးတဲ့ ငှက်ပျောတုံးရွာမှာ နေတယ်။ ကျုပ်နေတဲ့ ကျောက်တောင်ရွာနဲ့ ဦးရီးနေတဲ့ ငှက်ပျောတုံးရွာက သုံးမိုင်လောက်ဝေးတယ်။

တစ်နေ့မှာ ကျုပ်ဦးရီးထံ မရောက်တာကြာလို့သွားချင်တာကတစ်ကြောင်း၊ ပြီးတော့ ဦးရီးမှာရှိတဲ့ ပဲစဉ်းငုံမျိုးစေ့ကို လိုချင်တာက တစ်ကြောင်းမို့၊ ဦးရီးအတွက် ထန်းလျက်နဲ့ လက်ဖက်ခြောက်လက်ဆောင်ယူပြီး မိန်းမကို -

"မိန့်ရေ... ငါ့ဦးရီး ဦးတက်ပြားတို့ရွာ သွားလည် လိုက်ဦးမယ်၊ မနက်ဖြန် ညနေ အရောက် ပြန်ခဲ့မယ်ဟေ့"

လို့ပြောပြီး အိမ်က ထွက်ခဲ့တယ်။ အဲဒီလိုလာရင်း အရှင်ကြီးစင်ရှေ့ ဖြတ်တော့စင်ပေါ်ကို လှမ်းကြည့်လိုက်တယ်။ အရှင်ကြီးစင်ပေါ်မှာ ဆေးပြင်းလိပ် တစ်လိပ်မြင်တယ်။ ဒါနဲ့ကျုပ်လဲ ဘေးဘီဝဲယာ အကဲခတ် ကြည့်တော့ လူမမြင်တာနဲ့ ခပ်တည် တည်နဲ့ပဲ အရှင်ကြီးစင်ပေါ်က ဆေးပြင်းလိပ်ကို ယူရင်း . . .

"အတော်ပဲဗျာ၊ ကျုပ် အိမ်က ထွက်လာတာ ဆေးလိပ် မေ့ကျန်ခဲ့တယ်၊ ရှင်ကြီးဆေးပြင်းလိပ် ကျုပ်ယူသွားပြီနော်"

လို့ ပြောရင်းယူလာခဲ့ လိုက်တယ်။

ဆေးပြင်းလိပ်က ရွာမှာလိပ်တဲ့ ဆေးပြင်းလိပ် မဟုတ်ဘူး၊ ကျုပ်တို့ရွာနဲ့ ဆယ်မိုင်လောက်ဝေးတဲ့ လက်ပံတန်းမြို့ပေါ်မှာမှ ဝယ်လို့ရတဲ့ "ရွှေလိပ်ပြာ တံဆိပ်" အကောင်းစား ဆေးလိပ်ကြီးဗျ။ ကျုပ်လဲ ချက်ချင်းပဲ အိတ်ထဲက နတ်သမီးတံဆိပ်ယမ်းမီးခြစ်ကို ထုတ်ခြစ်ပြီး ဆေးပြင်းလိပ်ကြီးကို မီးညှိလို့ ပြုံးပီတိနဲ့ ခရီးဆက်ဖို့လုပ်လိုက်ပါတယ်။ အဲဒီမှာပဲ ရှင်ကြီးစင်ဆီကနေ . . .

"ကိုယ့် အလှည့်ကျတော့ . . .
မနွံ့စတမ်း"

ဆိုတဲ့ စကားသံကြီးကို ပီပီပြင်ပြင် ကြားလိုက်ရပါတယ်။

*** *** ***

မနက်ခင်းကကိုသာဝတစ်ယောက် သူ့ အမျိုးရှိရာ ရွာအလည်သွားသဖြင့် မိန့်တစ် ယောက်တည်း ပျင်းနေသည်။ နောက်နေ့ ညနေမှပြန်လာမှမို့ ဒီနေ့ညစာကို မိန့် တစ်ယောက် စားသာချက်ရမည်မို့ ဆန်ကောထဲ ဆန်ထည့်ပြီး စပါးလုံးရွေးထုတ်နေသည်။ စပါးစေ့ရွေးပြီး ဆန်ကိုအိုးထဲထည့်၍ ဆန်ဆေးမည်ပြုစဉ် အိမ်ရှေ့ဘက်မှ ခြေသံကြား၍ လှည့်ကြည့်လိုက်ရာ မျက်စိ မျက်နှာမသာမယာဖြင့် ဝင်လာသော လင်ဖြစ်သူကိုသာဝကို မြင်လိုက်ရသဖြင့် ရင်ထိတ်သွားမိသည်။

"ဟော...တော် ကိုသာဝ... မနက်ဖန် ညနေမှပြန်လာမယ်ဆိုပြီး မျက်နှာလည်း မသာမယာနဲ့ ဘာတွေဖြစ်ခဲ့လို့လဲတော်.. မြန်မြန်ပြောပါဦး" စိုးရိမ်တကြီးမေးလိုက်သည်။ သာဝသည် မိန့်မျက်နှာကို မကြည့်ဘဲ...

"ငါဖျားလို့ လမ်းတစ်ဝက်က လှည့်ပြန်လာတာ"

ဟုပြောသည်။ သာဝစကားကြောင့် မိန့်လည်း ဆေးလက်စ ဆန်အိုးကို ထားခဲ့ပြီး . . .

"ဒါဆိုရင် အိပ်ရာထဲသွားလှဲနေဦး၊ ကျုပ်ရေနွေးကျိုပြီး ရှင့်ကို ငန်းနီကျော်ဆေးတိုက်မယ်"

ဟုဆိုကာ မီးဖိုချောင်သို့ ဝင်ခဲ့သည်။ ရေနွေးရသောအခါ ငန်းနီကျော်ဆေး တစ်ခွက်တိုက်၍ စောင်ခြုံပေးခဲ့ကာ ညစာကို ဆက်ချက်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

သာဝတို့ မိနှင်းတို့လို ကျောက်တောင်ရွာ သားတွေအဖို့ ဌက်ဖျားဟူသည် အဆန်းမဟုတ်တော့ချေ။ ငယ်ပေါင်းကြီးဖော်ပမာ ဖျားလိုက် ငန်းနီကျော်သောက်လိုက်၊ တစ်ခါတစ်ရံ အဖျားကြီးလွန်းလျှင် ဆင်တုံးမနွယ်ကိုနပ်နပ်စင်းခုတ်ကာ သုံးခွက်တစ်ခွက် တင်ပြုတ်ရည်နှင့် ငန်းနီကျော်ဆေး သောက်လိုက်လျှင် အနည်းဆုံးခြောက်လလောက်တော့ ဌက်ဖျားရောဂါပြန်မဖြစ်တော့ပေ။ ဆင်တုံးမနွယ်သုံး ခွက်တင်ပြုတ်ရည် သောက်ရသည်မှာ မလွယ်ပါ၊ ခါးလိုက်သမျှမည်သည့်အခါးနှင့်မျှ မတူအောင် ခါးသော အခါးမျိုးဖြစ်သည်။

ယခုအခါ သာဝဖျားနေသော အဖျားသည် ယခင်ကဖျားသလို မျိုးမဟုတ်ဘဲ၊ နဖူးအပူရှိန် စမ်းကြည့်ရာ ပူမနေဘဲ အေးစက်စက်ကြီးဖြစ်နေသည်။ စကားလည်း ဟုတ်တိပတ်တိမပြောဘဲ မေးနိုင်ပြောနိုင်လွန်းမှ "အင်း" "အေ" နှင့်သာတုံ့ပြန်၍ အများအားဖြင့် အိပ်ရာထဲတွင် စောင်ကိုခေါင်းမြီးခြုံကာ နေလေ့ရှိသည်။ မိနှင်းလည်း ဟိုလိုလား ဒီလိုလား သံသယ ဖြစ်မိသော်လည်း ဌက်ဖျားဆိုသည်က နှစ်ကြာလျှင် အဖျားအိုဖြစ်လာကာ အသွင်အမျိုးမျိုးနှင့် ဖျားတတ်သည်ဟု လူကြီးသူမများပြောဖူးသောကြောင့် အကျယ်တဝင့် မတွေးတော့ချေ။ အတော်ညဉ့်နက်မှ မိနှင်းအိပ်ပျော်သွားသည်။ အိပ်မက်ထဲတွင် ရွာတော်ရှင်ကြီး မိနှင်းတို့ အိမ်ပေါ်ရောက်နေသည်ဟု မြင်မက်ရင်း အိပ်ရာမှလန့်နိုးခဲ့ရပြန်သည်။ မီမီဘေးနားတွင် အိပ်ပျော်နေသော ကိုသာဝကိုပင် မယုံမရဲ ကြည့်လိုက်မိသေးသည်။

နံနက်လင်းသောအခါ သာဝအတွက် ဆန်ပြုတ်ပြုတ်သည်။ ကွမ်းရွက်ပြုတ်ရည်နှင့် ငန်းနီကျော်တိုက်ရန် သာဝကို အိပ်ရာမှ နိုးတိုက်ရာ . . .

"မသောက်သေးဘူး"

ဟုသာပြောပြီး အိပ်မြဲ ဆက်အိပ်နေ၍ မိနှင်းလည်း ဆက်မနိုးဘဲ လုပ်စရာရှိသော အိမ်အလုပ်များကို ဆက်လုပ်နေလိုက်သည်။

ဤသို့နှင့် ညနေပိုင်းသို့ရောက်၍ သုံးရေသွားခပ်ရန် ရေအိုးယူနေစဉ် ခြံဝါးခါးဝမှာ . . .

"ဟေ့ . . မိနှင်းရဲ့ ငါပြန်လာတာ တောင် ထွက်မကြိုပါလား" ဆိုသော အသံကြောင့် ထိတ်လန့်တကြား လှမ်းကြည့်လိုက်ရာ အထုပ်အပိုးများ ထမ်းလျက် ခြံထဲဝင်လာသော သာဝကို မိနှင်း မြင်လိုက်ရသဖြင့် . . .

"ဟောတော် . . ကိုသာဝ"

ဟု ရင်ဖိကာလန့်အော်လိုက်စဉ် အိပ်ရာထဲ အိပ်နေသော သာဝသည် ဝုန်းကနဲထကာ အိမ်ရှေ့သို့ပြေးထွက်လာပြီး . . .

"မိနှင်း . . ဘာဖြစ်လို့လဲ"

ဟုမေးသည်။

မိနှင်းလည်း အိမ်ထဲ မှ ထွက်လာသော သာဝကို ကြည့်ရင်း ဘာပြောရမှန်းပင်မသိတော့ဘဲ အယောင်ယောင် အမှားမှားဖြင့် ခြံဝသို့လက်ညှိုး ထိုးပြရင်း . . .

"ကို သာဝ . . . . ."

ဟုသာပြောနိုင်ပြီး ဟိုကြည့်သည် ကြည့် နှင့်ဝေခွဲမရဖြစ်နေ၏။ သာဝနှစ်ယောက်စလုံးကလည်း တစ်ထေရာတည်း၊ အဝတ်အစားကလည်း အတူတူပင်။ ခြံဝမှသာဝ ကလည်း အထုပ်အပိုးများနှင့် အိမ်ဖက်သို့ တစ်လှမ်းခြင်းလာနေ၏။ အိမ်ပေါ်မှ သာဝလည်း လှေကားမှ တစ်ထစ်ခြင်း ဆင်းလာနေ၏။

လှေကားမှ ဆင်းလာနေသော သာဝကို မြင်လိုက်ရသည့် ဌက်ပျောတုံးရွာမှပြန်လာသည့် သာဝသည် ရောက်သည့်နေရာတွင် မှင်တက်ကာရပ်ပြီး ကြည့်နေမိသည်။ ထိုသို့ကြည့်နေစဉ်ပင် အိမ်ဖက်မှလာနေသည့် သာဝက . . .

"ဘယ်ကောင်လဲကွ . . သာဝဆိုတာ" ဟု ကြိမ်းဝါးရင်း ပုဆိုးတိုတိုမြင်ဝတ်ကာ လက်သီးသက် မောင်းကာန်း၍ လက်ဝှေ့သမားကဲ့သို့ ဟန်ရေး ပြရင်း ရှေ့သို့တိုးတိုးလာ၏။ ဌက်ပျောတုံးရွာမှပြန်လာသောသာဝသည် အံသြစွာ ကြောင်၍ ရပ်ကြည့်နေရာမှ အခြေအနေမဟန်တော့ ကြောင်းရိပ်မိကာ ထမ်းပိုးလာသောပစ္စည်းများကို မြေကြီးပေါ်ပစ်ချရင်း . .

"မင်းက ဘယ်ကအကောင်လဲ" ဟုပြောရင်း ပုဆိုးခိုင်အောင် ပြင်ဝတ်ကာ ခုခံရန် အဆင်သင့်ပြင်ထား၏။ အိမ်ဖက်မှသာဝကလည်း တစ်လှ



www.burmeseclassic.com

www.burmeseclassic.com

ခြင်းကပ်လာနေ၏။ ခြံဝဖက်မှ သာဝက လည်း အလွတ်မပေးဘဲ မျက်တောင် မခတ်စိုက်ကြည့်ကာ တိုက်ကွက် ချောင်းနေရာမှ "ကျား"ဟု မာန်သွင်း ဟစ်အော်ကာ အိမ်ဖက်မှ လာနေသော သာဝကို လျှပ်တစ်ပြက်ခုန်အုပ်လိုက် သော်လည်း လွတ်ရုံမျှကိုယ်ကို တိမ်း ပေးလိုက်ပြီး ခြံဝဖက်မှသာဝ၏ ဖက်ပိုး ကို လက်ဝါးစောင်းဖြင့် "ဒုတ်"ကနဲ မြည်အောင်ပင် ရိုက်လိုက်သောကြောင့် မြေပြင်ပေါ်သို့ မှောက်လျက်ကျသွား တော့သည်။ ရှောင်တိမ်းတာရော၊ ရိုက် လိုက်တာပါ မြန်လိုက်သည့်ဖြစ်ခြင်း။

မြေပြင်ပေါ် မှောက်လဲနေသော သာဝ၏ ကိုယ်ပေါ်သို့ အိမ်မှသာဝလည်း ခွစီးကာ ဘယ်ပြန်ညာပြန် ထိုးနက် တော့သည်။ သာဝနှစ်ယောက်လည်း သူတစ်ပြန်ကိုယ် တစ်ပြန်လုံးထွေး သတ်ပုတ်နေတော့ရာ… မိနှင်းလည်း ကြည့်နေမိပြီး ဘာလုပ်ရမှန်းမသိဖြစ် နေတော့သည်။ နောက်မှ သတိဝင် လာပြီး …

"လာကြပါဦးတော် … ဒီမှာ ကိုသာဝတို့ သတ်နေကြလို့"

ဟုအော်ကာ အိမ်နီးချင်းများကို အကူအညီတောင်းလိုက်သည်။ လုံးထွေး သတ်ပုတ်နေရာသို့ လူများရောက် ရှိလာပြီး ဝင်ဖျန်ဖြေဆွဲထုတ်ကြသည်။ လူချင်းခွဲထုတ်ပြီး မျက်နှာကိုကြည့် လိုက်ရာ…

"ဟင်.. သာဝပါလား"

"အို.. ဟိုဟာလဲ သာဝပါလား"

ဆိုသည့် အံ့ဩသံတွေ ထွက်လာ ကြ၏။

ထိုသို့ဖြစ်နေခိုက် မိနှင်းတို့ တစ် အိမ်ကျော်မှ ကျောက်ဆောင်ရွာ၏ သူကြီးဦးစိန်ထွန်းက …

"ဟဲ့ မိနှင်း.. ဘယ်လိုဖြစ်တာလဲ"

"သူကြီးမင်းရယ်.. ကျွန်မလည်း ဘယ်လိုပြောရမယ်တောင်မှ မသိတော့ ပါဘူးရှင်" ဟု အစချီရင်း သူ့ယောကျ်ား သာဝ ဌက်ပျောတုံးရွာသို့သွားပုံမှအစ ယခုထိ အဖြစ်အပျက်များကို ရှင်းပြ လိုက်သည်။

သူကြီးမင်း ဦးစိန်ထွန်းလည်း သာဝနှစ်ယောက်အား သေချာစွာ အကဲခတ်ပြီးမှ "ဟေ့.. မင်းတို့နှစ် ယောက်ထဲက သာဝအစစ် ဘယ်သူ ဖြစ်တယ်ဆိုတာ ငါကမေးမြန်းစမ်း သပ်မယ်၊ ငါ့မေးမြန်းစမ်းသပ်ချက်တွေ ကို ဖြေဆိုစမ်းသပ်လို့နိုင်တဲ့ သူကို သာဝအစစ်ဖြစ်တယ်လို့ ဆုံးဖြတ်မယ်၊ မင်းတို့ကျေနပ်ရဲ့လား"

ဟုမေးရာ၊ သာဝ နှစ်ယောက် စလုံးကပင် "ကျေနပ်ပါတယ်" ဟုပြော သည်။

"ဒါဆို သေသေချာချာနားထောင်၊ မိနှင်း ယောကျ်ားသာဝဆိုရင် မိနှင်းရဲ့ ပမြင်ရတဲ့နေရာက အမှတ်အသား တစ်ခုကို ငါ့ဆီတစ်ယောက်ချင်းလာပြီး တိုးတိုးလေးလာပြောကြ"

ဟု သူကြီးက ပြောလိုက်ရာ သာဝ တစ်ဦးက သူကြီး ဦးစိန်ထွန်း၏ နားသို့ ကပ်ကာ…

"……."

ဟု တိုးတိုးလေး ပြောလိုက်၏။ သူကြီးကလည်း ပြုံး၍ ခေါင်းညိတ်၏။ ပြီးတော့ နောက် သာဝကလည်း သူကြီးနားကပ်ပြီး

"………"

ဟု တိုးတိုးပြောပြန်၏။ သူကြီး မျက်ခုံးနှစ်ဖက်လုံး ပင့်တက်သွားသည် ကို မြင်ကြရ၏။ ထို့နောက် မိနှင်း ကို ခေါ်၍ သူကြီးက သာဝနှစ်ယောက် ပြောသောစကားကိုပြောပြ၏။ မိနှင်း တစ်ယောက်ရှက်စနိုးမျက်နှာထားနှင့် ခေါင်းညိတ် သည်ကိုမြင်ရသည်။

သာဝ နှစ်ယောက်ပြောသည့် အချက်နှစ် ချက်စလုံးမှာ ကွဲလွဲမှု မရှိ သဖြင့် ဦးစိန်ထွန်း ထပ်မံစဉ်းစားရင်း သာဝနှစ်ယောက်အား သေသေချာချာ ကြည့်၏။ ခေါင်းတစ်ချက်ညိတ်၏။ မည်သူသည်သာဝအစစ်၊ မည်သူသည် သာဝအတုဟု သူကြီးဦးစိန်ထွန်း က သိသော်လည်း အများသိအောင်ပြ ရမည်ဟု စဉ်းစားမိကာ..

"ကဲ.. ဒီတစ်ခါစမ်းသပ်ပြီးရင် အဖြေပေါ်ပြီဟေ့"ဟု သူကြီးဦးစိန်ထွန်းမှ ပြောလိုက်သည်။ ပြီးနောက် ရပ်ကြည့် နေကြသော လူများထဲမှ သူကြီးနှင့် မနီးမဝေးတွင်ကြည့်နေသော ဖိုးမောင် ကို လှမ်းခေါ်၍ …

"ဖိုးမောင်… ဆန်ကော တစ်ချပ် ယူခဲ့စမ်း"ဟု ခိုင်းလိုက်သည်။ ဖိုးမောင် လည်း မိနှင်းအိမ်မီးဖိုချောင်မှ ဆန်ကော ကို သွားယူလာခဲ့သည်။ သူကြီးမှ..



www.burmeseclassic.com

www.burmeseclassic.com

"ဖိုးမောင်·· မင်း ဒီဆန်ခေါက်ကို ခေါင်းပေါ်တင်ပြီး လက်နှစ်ဖက်နဲ့ ပြုံမြဲ ကိုင်ထား"

ဟု ပြောလိုက်သည်။ လာကြည့်နေသူများကလည်း သူကြီးမည်သို့ ဆုံးဖြတ်မည်ကိုသိလိုလှသဖြင့် ငြိမ်သက်တိတ်ဆိတ်စွာကြည့်နေကြသည်။

သူကြီးက ···

"သာဝနှစ်ယောက်ထဲက ဖိုးမောင်ခေါင်းပေါ်ရွက်ထားတဲ့ စကောပေါ် ခုန်တက်ပြီး ထိုင်ပြနိုင်တဲ့သူကို မိနှင်းယောကျ်ား သာဝ အစစ်လို့ ဆုံးဖြတ်မယ်"

ဟု ပြောလိုက်ရာ၊ လာကြည့်သူများ၏ "ဟာ" ဆိုသောအသံထွက်လာပြီး"မဖြစ်နိုင်တာပဲ"ဟု တစ်ယောက်တစ်ပေါက်ပြောသံများ ဆူညံသွားတော့သည်။

"ဟော့ကောင်တွေ·· ဒါမင်းတို့နဲ့ မဆိုင်ဘူးကွ"

ဟု သူကြီး ကြိမ်းမောင်းလိုက်မှ ငြိမ်သွားသည်။

"ဟိုနှစ်ကောင်ရော သဘောတူသလား"

ဟု သာဝ နှစ်ဦးကိုမေးရာ ···

"တူပါတယ်"

ဆိုသော အသံတစ်သံ သာထွက်ခဲ့သည်။

အသံမထွက်နိုင်သော သာဝမှာ "ကျုပ်တော့ မတတ်နိုင်ပါဘူး သူကြီးရယ်"

ဟု အားလျော့သံဖြင့် ပြောရင်း မြေပြင်ပေါ်သို့ ခြေပစ် လက်ပစ် ထိုင်ချလိုက်သည်။

"ကောင်းပြီ· ဒါဆိုရပ်နေတဲ့သာဝ ဖိုးမောင် ရွက်ထားတဲ့ ဆန်ကော ပေါ်တက်ထိုင်ပြပါ"

ဟု ဆိုလိုက်သည်နှင့် ချက်ချင်းပင် ကြောင်တစ်ကောင်အလား လွှားခနဲ ခုန်၍ ဆန်ကောပေါ်တွင် တင်ပလ္လင်ချိတ်ကာ ထိုင်ပြပါသည်။ ဖိုးမောင်ကို ကြည့်တော့လည်း နည်းနည်းလေးမှပင် လေးလံသည့်ပုံ မပြချေ။ မြင်ရသော ပရိသတ်တို့မှာ

"ဟာ "

"ဟင်" ဖြစ်ကာ

"လူမဟုတ်ရဲ့လား"

စသောအံ့သြ ထိတ်လန့်သံကြားမှ သူကြီးသည် လက်ဝါးကာပြရင်း"

ဟေ့-ဟေ့-တိတ်ကြစမ်း၊ ဆန်ကောထဲက သာဝဟာ လူမဟုတ်ဘူးဆိုတာ စောစောထဲက ငါသိတယ်။ ဒါပေမယ့် အများသိအောင်လို့ ငါလုပ်နိုင်းရတာ၊ မင်းဘယ်သူလဲ၊ ဘာကြောင့်လာပြီး နှောင့်ယှက်တာလဲ"

မှန်ပါတယ် သူကြီးမင်း။ ကျုပ်ဟာ ရွာတော်ရှင်ကြီးပါ၊ မိနှင်းယောကျ်ား သာဝဟာ·······"

ဟု သာဝလုပ်ရပ်များ အားလုံးပြန်ပြောပြီး ပျောက်ကွယ်သွားပါတယ်။

သူကြီးမင်းဦးစိန်ထွန်းလည်း မိနှင်းယောကျ်ားသာဝကို နောက်ကို ဒီလိုမလုပ်သင့်ကြောင်း ဆုံးမကာ၊ ဘုရားရှင်ဟောကြားသော ဒေဝတာမလိ ပူဇော်မှုဖြစ်သည့် မိမိပြုသော ကုသိုလ်အဖို့ကို အမျှပေးဝေခြင်း၊ အသွေးအသား မပါသော စားသောက်ဖွယ်ရာတို့ဖြင့် ပူဇော်ပသခြင်းတို့ ပြုလုပ်၍အကျိုးရသော ကေနိပါတ်တော်လာ ကုဏ္ဍကပူဝဇာတ်ကို အကျဉ်းမျှပြောပြရာ သာဝနှင့်တကွ လူအများ နာယူမှတ်သားကာ

"သူကြီးမင်း ဗဟုသုတ ကြွယ်ဝပါပေသည်"

ဟု ချီးကျူးပြောဆိုရင်း အသီးသီးမိမိတို့အိမ်သို့ပြန်ကုန်ကြမှ သာဝလည်း သက်ပြင်းမောကြီးချကာ မိနှင်း လက်ကိုဆွဲ၍ တက်သွားပါတော့သည်။

စာကြွင်း-

ရှင်ကြီးသည် မိနှင်းအား ကြာနီခြင်းမဟုတ်ဘဲ သာဝတစ်ယောက်အသိတရားရအောင် အယောက်ပြခြင်းမျှသာဖြစ်သည်။

ဓါတ်ပုံ-မောင်မောင် အေး


နတ်ရေစင်ဖိုး ကောက်ခံ၊ ကောက်ခံလို့ရတဲ့ နတ်ရေစင်ဖိုး ငွေနဲ့ မုန့်ဖြူ၊ မုန့်နီ၊ ကောက်ညှင်းပေါင်း၊ လက်ဖက်၊ အုန်းသီး တွေဝယ်ပြီး အမျိုးသမီးများစုလို့ အရှင်ကြီးစင်တင်လှူပြီး နတ်ကွန်းတက်ခြင်းခလေ့····



www.burmeseclassic.com


www.burmeseclassic.com

# အမေရိကန် စိတ္တဇလူသတ်သမား



ရုပ်ပုံမှာ အမေရိကန်နိုင်ငံ၊ ကွန်နက်တီကပ်ပြည်နယ် အနောက်တောင်ပိုင်းဒေသရှိ နယူးဒန်မြို့နယ်လေးတစ်ခုတွင် နေထိုင်သော စိတ္တဇလူသတ်သမား လွန်ခဲ့သော ၂၀၀၅ ခုနှစ်က ရိုက်ကူးထားသော မဒွ(စ)လန်ကြာ၏ ဓာတ်ပုံဖြစ်ပါသည်။ မှုခင်း ဖြစ်ပွားချိန်တွင် အသက် ၂၀ နှစ်သာ ရှိသေးသည်ဟု သိရ သည်။ ၁၄. ၁၂. ၂၀၁၂ ရက်၊ ကြာသပတေးနေ့က သူမသည် သူမ၏ မိခင်အရင်း၏ လိုင်စင်ခ်ထားသည့် သေနတ်သုံးလက်ကို ခိုးယူပြီး မိခင်အရင်းခေါက်ခေါက်(စစ်စစ်)အား စိတ်ရူးထကာ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ပြီးသည့်နောက် ယင်းမြို့နယ်ရှိ မူလတန်းကျောင်းသို့သွား၍ ၁၅. ၁၂. ၂၀၁၂ ရက်၊ သောကြာ နေ့တွင် ကျောင်းသူကျောင်းသားဦးရေ ၇၀၀ ရှိသည့် စုန်ဆီ ဟူ(ခ်) မူလတန်းကျောင်းသို့ ဝင်ရောက်လျက် နည်းပြဆရာ၊ ကျောင်းအုပ်ကြီးနှင့် ကျောင်းသူကျောင်း သားပေါင်း လူ ၂၈ ဦးတို့ကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ပြီးလျှင် ၎င်းကိုယ်၎င်း သေနတ်ဖြင့် ပစ်သတ်သေဆုံးခဲ့၏။

မှတ်ချက် ။ မူလတန်းကျောင်းသား ကလေးဦးရေ ၂၀ ရက်ရက်စက်စက် အသတ်ခံခဲ့ရသည် ဆိုပါသည်။ ကျောင်း သားလေးများမှာ အသက် ၅ နှစ်မှ ၁၀ နှစ်အတွင်း ရှိ၏။ ရဲတပ်ဖွဲ့က သေနတ်သံအချက်ပေါင်း ၁၀၀ အနည်းဆုံးကြား ခဲ့ရပြီး ကျောင်းအုပ်ကြီး၊ ဆရာမကြီးနှင့် ဆရာ(စိတ္တဗေဒနည်း ပြဆရာ)တစ်ဦး မရှုမလှသေဆုံးခဲ့ရသည် ဆိုသည်။ U.S.A ရဲချုပ်က အမေရိကန်မှုခင်းသမိုင်းတွင် ဒုတိယအကြိမ် ကျောင်း ဝင်းလူသတ်မှုကြီးဖြစ်သည် ဆိုသည်။



ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

*Ref:- Sin Chew Daily (Malaysia), 16.12.2012, Cover News (Cover Story)*



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ဒဏ်

မြမြလှိုင်

နွေနေ့လယ်ခင်း ...။

နေပူရှိန်က ပြင်းလှသည်။ နေပူဒဏ်ကြောင့် ဝတ်မှုံ၏မျက်လုံးများ ကျိန်းစပ်လာသည်။ သည့်အထဲ ဇိုဖန်များ၏ မျက်လုံးအိမ်မှာ မှိုအစ်နေသည်။ ရှိုက်သံသည် တစ်ချက်နှင့်တစ်ချက် ရင်မှာလှိုက်တက်လာသည်။ လည်ပင်းကိုက်အကျႌ အပြာရောင်အောက်မှာ နိမ့်ချီမြင့်ချီ လှုပ်ရှားနေသော ရင်အစုံကို ပြတ်ပြတ်ထင်းထင်း မြင်ရသည်။

မျက်ရည်ပူ စီးကြောင်းများသည် ပါးပြင်ပေါ်မှာ သွယ်တန်းလျက်။

ဝတ်မှုံသည် အနောက်ဘက်သို့ အနည်းငယ်ထွက်ပြီး ရပ်နေလိုက်သည်။ လူအုပ်ကြားထဲ သိပ်မဝင်ချင်။ အပူရှိန်က မြင့်တက်လာသည်နှင့်အမျှ ဦးခေါင်းတစ်ခုလုံး နာကျင်ကိုက်ခဲနေသည်။ နားထင်သွေးနှစ်ဖက်မှ သွေးခုန်နှုန်းကမြန်လှသည်။ လက်တွင်ကိုင်ထားသော ဗဂ ဘေဘီအုပ်ကို ခေါင်းပေါ်တင်ပြီး ခပ်လှမ်းလှမ်းရှိ ဗန်ဒါပင်ရိပ်ဆီသို့ ဝတ်မှုံလျှောက်လှမ်းလာခဲ့သည်။

နိဗ္ဗာန်ယာဉ်တစ်စီး ဆိုက်လာပြီး ရပ်အလောင်းထည့်ရန် နာမည်ရေးထိုးထားသော သေတ္တာကို အသက်သုံးဆယ်ကျော်အရွယ်ရှိ ယောက်ျားနှစ်ယောက်ကားပေါ်မှ ယူချလာသည်။

"သားကြီးရေ ... သားကြီးရဲ့ အငမမချိုပါလားနော်၊ ငါ့သားကြီး အသေဆိုးနဲ့မှ သေရရှာလေခြင်းကွယ်။ ၊ အမယ်လေး သားရဲ့ ..."

အသက်ငါးဆယ်ကျော်ရှိ အမျိုးသမီးတစ်ဦးသည် အလောင်းထည့်ထားသည့်အခန်းထဲသို့ လူအုပ်ကြားမှ အတင်းတိုးကာ ပြေးဝင်သွားသည်။ အလောင်းကိုဖက်ပြီး ဟစ်အော်ငိုသည်။ နှုတ်မှ

www.burmeseclassic.com

လည်း တဖွဖွပြောဆိုသည်၊ သေနေသူ၏ ပါးပြင်နှစ်ဖက်ကို လက်ဖြင့်ပွတ်လိုက်၊ ပါးချင်းအပ်လိုက်နှင့် ပြောကာ ငိုလို့နေသည်။

"ကိုကိုရေ ... ကိုကိုရဲ့။ ကိုကို မသေ ပါဘူး။ ကိုကိုအိပ်နေတာပါ ..."

ညီမများဖြစ်ကြသော မာမာနှင့် ဝါဝါတို့ကလည်း အစ်ကို၏ရုပ်အလောင်းကို ခြေရင်းမှကြည့်၍ ငိုကြသည်။

စိုးဦးမောင်

အသက် (၂၅)နှစ်

အလောင်းထည့်ရန် ယူလာသည့် အခေါင်းမှစာကို ဖတ်လိုက်သည်၊ ဝတ်မှုန် ရင်ထဲ နင့်သွားသည်။ ဇရာဖိစီး၍ ကြွေ ချိန်နီးသည့်အရွယ် မဟုတ်၊ လေအတိုက် တွင် အညွန့်ကြွေလိုက်ရသည့် သီးကင်းနု အရွယ်ပင်။

ခပ်စောစောကပင် သရဏဂုံတင် ပြီးဖြစ်၍ အလောင်းကို ခေါင်းထဲထည့် ရန်သာ ရှိတော့သည်။ သားဖြစ်သူ၏ အလောင်းနားတွင် ကြေကွဲစွာငိုနေသော မိခင်ဒေါ်မြတ်ခိုင်ကို အနားရှိ ဆွေမျိုးသား ချင်းများက တတ်စွမ်းသမျှ နှစ်သိမ့်ဖျောင်း ဖျကြသည်။ အလောင်းအနားမှ အတင်း ဆွဲခေါ်လာသည့်အခါတွင် ဒေါ်မြတ်ခိုင် သည် မိမိ၏ရင်ဘတ်ကို လက်ဖြင့်စုံရိုက် ပါးပြီး သားနာမည်ကိုသာ တပြီး ဟစ် အော်ငိုသည်။

ပူဆွေးသောကဗျာပါ၏ ထုထည် သည် ဒေါ်မြတ်ခိုင်၏ ရင်းတွင်း၌ ပြည့် လျှံလို့နေသည်။ သည်အပူမီး၏ လောင် ကျွမ်းမှုဒဏ်ကို မည်သူမှ အေးအောင် ပြုလုပ်နိုင်စွမ်းမရှိပေ။ အလောင်းကို ခေါင်းထဲသို့ထည့်ပြီး အဖုံးပိတ်လိုက်သည့် အခါတွင် ဒေါ်မြတ်ခိုင်သည် မိမိအား ဆွဲ ထားသူတို့လက်မှ အတင်းရုန်းပြီး ခေါင်း နားသို့ပြေးလာသည်၊ ခေါင်းအဖုံးကို တဒုံး ဒုံးထုပြီး အော်ဟစ်ကာ စိတ်ရှိတိုင်းငိုလေ သည်။ ဘေးမှ ရပ်ကြည့်နေသူများမှာ လည်း မျက်လုံးအိမ်တွင် မျက်ရည်ဥများ ခိုလာကြသည်။

သည်မြင်ကွင်းသည် ဝတ်မှုံရင်ကို နာကျင်စေသည်။ ခေါင်းမှာ နောက်ဆုံး ခရီးအတွက် အဆင်သင့်ဖြစ်နေပြီ၊ သည် နေရာကို ဝတ်မှုံမလာချင်ပါ။ သူ့ကြောင့် သာ ဝတ်မှုံလာရသည်။ ဝတ်မှုံကို လာခဲ့ ရန်ခေါ်သာခေါ်သည်၊ ဝတ်မှုန်ရောက်လာ တော့လည်း သူ့အရေးမလုပ်။ ဥပေက္ခာပြု လွန်းသည်။ သူ့စိမ်းသူ့ရံတို့အလယ်တွင် ဝတ်မှုံကို ထားခဲ့သည်။ သူ့ဝတ်မှုံကို ရှောင်ပြေးလို့သွားပြီ။ ဟိုအဝေးသို့ သူ ထွက်သွားပြီ။ ဘယ်ဆီသို့သွားသည်မသိ၊ ဝတ်မှုံကိုမပြောခဲ့။

"နောင် ... ဒူဝေ ... ဒူဝေ ... ဝေ ..."

ကြေးစည်သံတစ်ချက် ကြားရ သည်၊ ဒေါ်မြတ်ခိုင်တို့လည်း အနားမှာမရှိ တော့။ စိုးဦးမောင်၏နောက်ဆုံးခရီးကို ပို့ရန် အဆင်သင့်ဖြစ်နေကြပြီ။ ဝတ်မှုန် လှမ်းကြည့်လိုက်သည်။ သူ့ကို တွေ့လို တွေ့ငြားပင်။ စိမ်းသူကရှောင် တိမ်းသွား ပြီးဖြစ်၍ အထီးကျန်ဘဝနှင့် အကျည်း တန်ခဲ့ရသူက ဝတ်မှုံပင်။

နိဗ္ဗာန်ယာဉ်က ရှေ့ဆုံးက တဖြည်း ဖြည်းစထွက်သည်။ နိဗ္ဗာန်ယာဉ်နောက် မှ သင်္ချိုင်းရစကားနှင့် တရားဓမ္မလိုင်နေ သည့် ဝတ်ရွတ်သည့် ယောဂီအဖွဲ့ကားနှင့် ဒေါ်မြတ်ခိုင်တို့ သားအမိစီးသည့် ၃က/- --- နံပါတ်တိုယိုတာကား အပြာနုရောင် ကို တွေ့ရသည်။ ၎င်းနောက် သက်ဆိုင် ရာ ဆွေမျိုးရပ်စုံကားများက တသီ တတန်းလိုက်ပါသွားကြသည်။ ဝေးဝေး သွားပြီဖြစ်သော နိဗ္ဗာန်ယာဉ်ကားကို ဝတ်မှုံသည် မျက်စိတစ်ဆုံး ကြည့်ပြီး မြင်ကွင်းမှပျောက်ကွယ်သွားမှပင် ရင်မှ ပင့်သက်ချမိတော့သည်။ သူ့ကို သတိရ တမ်းတမိသည်၊ သူ့အရိပ်သွင်သည် ဝတ် မှုန်၏ အကြည့်အာရုံတွင် တဝဲလည် လည်။ ဝတ်မှုံကသာ သတိရမိပါသည်။ သူကတော့ ဝတ်မှုံကို သတိရတော့မည် မဟုတ်ပေ။ တစ်ယောက်တည်း ထားရစ် ခဲ့ပြီ။

အပြန်လမ်းအတွက် မျှော်ကြည့် လိုက်သည်။ ကတ္တရာလမ်းက နေရောင် ကြောင့် လျှပ်ရောင်ပြောင်ဝင်းနေသည်။ အပြန်ခရီးနှင့် အသွားခရီးတို့အတွက် ကားအသီးသီးတို့က ဥဒဟို သွားနေကြ သည်။ နေပူခံနိုင်ရန် ခေါက်ထီးဖွင့်ပြီး ဆောင်းလိုက်သည်။ ထီးဖွင့်ဆောင်းမှပင် သူ့ကို ပိုသတိရလာသည်။ သည်ထီး လေးသည် သူနှင့် နှစ်ကိုယ်တူယှဉ်တွဲ လျှောက်ကြစဉ်တွင် နေပူပူ မိုးရွာရွာ ခမ်း အတူလှမ်းရန် သူဝယ်ပေးသည့်ထီးပင်။ သည်ထီးကိုပင် သူက နာမည်ပေးလိုက် သေးသည်။ ချစ်အရိပ်မိုးတဲ့။ ကဗျာဆန် သည့် သူ့နှလုံးသည် ဟိုယခင်ကမူ သန့် စင်ခဲ့၊ ကြည်လင်ခဲ့၏၊ နူးညံ့ခဲ့၏။ ယခုမူ

အဆောင်ရောက်လျှင် ညိုနွဲ့ကို ဝတ်မှုံတွေ့လိုက်သည်။ ဝတ်မှုံနှင့် အခန်း ဖော်သူငယ်ချင်း။ အလုပ်ဌာနချင်းကမတူ ဝတ်မှုံသည် (-----)ဦးစီးဌာနမှ ဝန်ထမ်း တစ်ဦးသာဖြစ်သည်။ ညိုနွဲ့က ပုဂ္ဂလိက ကိုယ်ပိုင်လုပ်ငန်းရှင်တစ်ဦးထံတွင် လခ ကောင်းကောင်းဖြင့် စာရင်းကိုင်ဝင်လုပ် နေသူပင်။ စားနိုင်သည်၊ ဝတ်နိုင်သည်။ အစစအရာရာပြည့်စုံနေပြီ။

"မင်း ... ရောက်ခဲ့လား"

ဝတ်မှုံခေါင်းညိတ်ပြလိုက်သည်။ စကားပြောချင်စိတ်မရှိ၊ ခန္ဓာကိုယ်တစ် လုံးတွင် ရှိရှိသမျှခွန်အားတို့ မဲ့ကုန်ပြီထင် သည်။ မောပန်းနွမ်းနယ်လို့နေသည်။ ခုတင်ပေါ်တွင် စိတ်ပင်ပန်းစွာ ထိုင်လိုက် သည်။ သက်ပြင်းကို ခပ်လေးလေး ညိုနွဲ့ကို လှမ်းကြည့်လိုက်သည်။ ညို



www.burmeseclassic.com

www.burmeseclassic.com

> ဟိုအရင်က ကြည်နူးစွာ ရယ်ရယ်ပြုံးပြုံးနေတတ်သူ မောင်မောင်တစ်ယောက် ယခု ဝတ်မှုံနှင့် တွေ့သည့်အခါ မလန်းဆန်းတော့သည့် သူ့မျက်ဝန်းအစုံက တစ်စုံတစ်ခုကို အလိုမကျသလို တောင့်တလာသည်။ သူ့အမြင်တွင် ပတ်ဝန်းကျင်သည် ရန်သူအလား ထင်မှားလာသည်။

မျက်လုံးအစုံသည် သူ့အား အမေးပုစ္ဆာတစ်ခုကို အဖြေထုတ်ခိုင်းနေသည့်ပမာ အကြည့် စူးလှသည်။

"သူ့ကိုတွေ့လား ..."

"အင်း ... တွေ့တယ်။ သူ့ကြောင့် တို့သွားတာပဲ"

"အားလုံးကရော မင်းကိုသိကြရဲ့လား"

"သိမယ်မထင်ပါဘူး။ သူက သူ့ပတ်ဝန်းကျင်နဲ့ တို့ကို ဘယ်လိုမှ အဆက်အသွယ်လုပ်ပေးခဲ့တာမှ မဟုတ်တာ။ အနေစိမ်းတော့ အမြင်စိမ်းပဲ ရှိကြမှာပေါ့လေ"

ဝတ်မှုံရင်ဝယ် ခံစားမှုပြည့်လျှံနေသည်။ နေပူဒဏ်ကြောင့် မျက်နှာတစ်ခုလုံး နီနီလွင်လွင်ဖြစ်နေပြီး တစ်ကိုယ်လုံးမှာလည်း ချွေးနံ့ရောကာ မကြည်မသာဖြစ်လျက်ရှိသည်။

"အသုဘရော စည်တယ်မဟုတ်လား။ စည်မှာပေါ့ အသိုင်းအဝိုင်းက သိပ်ကောင်းတာကိုး"

ညို့နွဲ့သည် သူ့အမေးကို သူ့ဘာသာသူ အဖြေပြန်ထုတ်လိုက်သည်။

"ထမင်းချိုင့်တော့ လာသွားပြီ။ ဒီနေ့တော့ နည်းနည်းစောတယ်။ နွဲ့အတွက် မချန်ထားနဲ့တော့။အဆာပြေ နည်းနည်းစားလိုက်ပြီ၊ ညနေ ဟိုအိမ်မှာပဲ စားခဲ့မယ်၊ အပြန် နည်းနည်းမိုးချုပ်မယ်။ မင်းအိပ်ချင်ရင် အိပ်နှင့်။ နွဲ့ကိုမစောင့်နဲ့နော် ..."

ညို့နွဲ့သည် အင်ဒိုနီးရှားပါတိတ်အညိုပွင့်ကို ခပ်တင်းတင်း ချုပ်ချုပ်ရပ်ရပ်ဝတ်ရင်း ပြောလိုက်သည်။ သောင်းကျော်ပေးရသည့် နိုင်ငံခြားဖိနပ်မှာ ညို့နွဲ့၏ခြေဖဝါးနုနု ခြေသည်းလုလုလေးအောက်တွင် အထင်းသားနေရာယူလျက် ...။ နောက်လှန်ပြီး အလိပ်ကြီးကောက်ထားသော ဆံပင်ကို ကော်ရည်အနည်းငယ်ဖြန်းပြီး နောက်ဆုံးအပြီးသတ်လိုက်သည်။ ခုနစ်သောင်းထက်မနည်း ပေးရသည့် လက်ပွေ့အိမ်အညိုရောင်ကို ဘယ်လက်ဖြင့်ကိုင်ပြီး ဝတ်မှုံကိုခေါင်းလေးငဲ့ကာ နှုတ်ဆက်ပြီး ထွက်သွားသည်။

ညို့နွဲ့အလှသည် ကြွကြွရွရွ ထင်ထင်ပေါ်ပေါ်။ တစ်ကိုယ်လုံးရှိ အဝိုက်အဝန်း၊ အမို့အမောက်ကို ကျစ်ကျစ်တည်းတည်းဝတ်ထားသည့် အဝတ်အစားအောက်မှ ထင်းထင်းမြင်ရသည်။ ညို့နွဲ့အလှသည် အကြည့်ရဲသူတို့အတွက် လှသည်။ အနီရောင်အပူအလှ ဖြစ်သည်။ မျက်နှာကိုလည်း အကောင်းစားမိတ်ကပ်၊ နှုတ်ခမ်းနီတို့ဖြင့်သာ ဆေးခြယ်တတ်၍ ကြွကြွရွရွလေးကို ညွတ်နူးချင်စရာကောင်းသည့် နှင်းဆီငုံဖူးအလှပင် ဖြစ်သည်။

ညို့နွဲ့အကြောင်းစဉ်းစားရင်းမှ မိမိကိုယ်မိမိ ဝတ်မှုံသတိရတော့သည်။ အပြင်မှ ပြန်ရောက်လာကတည်းက အင်္ကျီမလဲ၊ ရေမချိုးရသေးပေ။ ယခုမှပင် ရေချိုးရမည်။ ခုတင်ခြေရင်းရှိ သေတ္တာပေါ်တွင် ဖယ်ထားသည့် အဝတ်ဟောင်းသုံးထည်နှင့် ခါးမှ အင်္ကျီလုံချည်ကို လျှော်ဖွပ်ရန်အတွက် ပလတ်စတစ်ဇလုံအနီကို ယူပြီး ရေချိုးခန်းဘက်သို့ ထွက်လာခဲ့သည်။

"ဝုန်း ... ချလွမ်း"

ရေချိုးခန်းထဲဝင်၍ ငါးမိနစ်မျှမကြာသေး။ အိမ်ရှေ့မှ တစ်ခုခုကျသံကိုကြားရသည်။ အဝတ်ဇလုံကို ရေဘုံပိုင်အောက်တွင်ချထားပြီး ဝတ်မှုံသည် အိမ်ရှေ့ခန်းသို့ အပြေးထွက်ခဲ့သည်။

"ဟောတော့ ... ကုန်ပါပြီ"

မြင်ကွင်းက မလှပေ။ မသပ်မရပ်။ ထမင်းချိုင့်တစ်ခုလုံး စောင်းကျနေပြီး ကြမ်းပြင်ပေါ်တွင် ထမင်းစေ့များ 'ဖွေးလျက်'။ ဟင်းရည်နှင့် ငါးဖတ်များမှာ အပြန့်သားကျဲနေသည်၊ ငါးပိရည်ခွက်မှာ မှောက်ပြီး ညို့နွဲ့ခုတင်ပေါ်သို့စီးကျကာ ဟင်းသီးဟင်းရွက်အဖတ်များကိုလည်း အစုလိုက်အပုံလိုက် တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒုက္ခပါပဲ ... ကြောင်ဝင်နှိုက်သွားပြီနဲ့တူတယ်။ အရေးထဲအလုပ်ရှုပ်ရပြီ။ စိတ်ညစ်လိုက်တာနော် ..."

တစ်ယောက်တည်း ရေရွတ်ရင်း လှည်းကျင်းရတော့သည်။ အရင်ဆုံး ညို့နွဲ့ခုတင်ပေါ်မှ ငါးပိရည်များကို ရေနှင့်သုတ်ပစ်ရမည်ဖြစ်၍ ပေကျံနေသော ဖျာစကို အနည်းငယ်မယူလိုက်သည်။ ဝတ်မှုံလက်ဖြင့် ထိခိုက်မိ၍ ဖျာစမှ စက္ကူစလေးတစ်ရွက် ထွက်ကျလာသည်။ စပ်စုလိုစိတ်၊ သိလိုစိတ် အလျဉ်းမရှိသော်လည်း မျက်စိရှေ့တည့်တည့်တွင် ရောက်နေ၍ ကောက်ယူကာကြည့်လိုက်သည်။ လှအမည်၊ လိပ်စာများနှင့် ပစ္စည်းဈေးနှုန်း ရောင်းထားသည်ကို တွေ့ရသည်။ ၎င်းအပြင် အရောင်းအဝယ်တစ်ခုအတွက် ရက်ချိန်းလုပ်ထားသည့် ရက်စွဲတစ်ခုကို တွေ့ရသည်။ ဝတ်မှုံစဉ်းစားလိုက်သည်။ စိတ်ထဲ ဇဝေဇဝါဖြစ်လာသည်။ ညို့နွဲ့ကို သူနားမလည်။ အရောင်းအဝယ်လုပ်သည်လို့လည်း သူမကြားရ။ အတွေးရခက်နေသည်။ သည်အထဲတွင် ဝတ်မှုံနှင့် ရင်းနှီးကျွမ်းဝင်သူ၏ အမည်ကိုလည်း အထင်အရှား ကြက်ခြေခတ်ပြထားသည်၊ စဉ်းစားရခက်ပါဘိ။

စာရွက်ခေါက်လေးကို မပေစေရန် မိမိခုတင်ပေါ်တင်လိုက်ပြီး ဝတ်မှုံသည် အခန်းသန့်ရှင်းရေးကို အမြန်ဆုံးပြီးအောင်လုပ်လိုက်သည်။ အဝတ်များကို မလျှော်တော့ဘဲ ဆပ်ပြာတွင်စိမ်ပြီး မိမိကိုယ်သာ ရေအလျင်အမြန်ချိုးလိုက်သည်။ သနပ်ခါးကို ခပ်ပါးပါးလူး၊ အင်္ကျီအဝတ်အစားလဲပြီးသည်နှင့် အခန်းတံခါးပိတ်ကာ လမ်းဆီသို့ထွက်ခဲ့သည်။

လမ်းလျှောက်လာရင်းကပင် မျက်စိထဲတွင် သူ့ကိုမြင်ယောင်လာမိသည်။ သူသည် ဝတ်မှုံ၏ ချစ်ဦးသူ၊ ရင်ထဲအသည်းထဲမှာ လှိုက်လှိုက်လှဲလှဲ နှင့်အောင်ချစ်ခဲ့ရသည့် သည်းဦးပန်း၊ မောင်မောင့်ကို ဝတ်မှုံသိပ်ချစ်သလို၊ မောင်မောင်ကလည်း ဝတ်မှုံကိုချစ်သည်။ ချစ်လျက်သားနှင့် ကြမ္မာသည် ဝတ်မှုံနှင့် မောင်မောင့်ကို ပရိယာယ်ကြွယ်စွာ လှည့်ဖြားရက်သည်။

စိတ်နောက်ကိုယ်ပါ လျှောက်လာခဲ့ရင်းက အတွေးမြင်စကို ဖြတ်လိုက်သည်။ ခပယ်မိနစ်သာသာ လမ်းလျှောက်ခဲ့ပြီးနောက် အဆောက်အဦတစ်ခုထဲသို့ ဝင်လာခဲ့သည်။ အခန့်သင့်ပင် ဝတ်မှုံတွေ့ချင်သည့် သူတို့အားလုံးကိုတွေ့ရသည်။ အကျိုးအကြောင်းကို ပြောပြပြီး သက်သေအဖြစ် စာရွက်ကိုပေးလိုက်သည်၊ ရေရေလည်လည်လည်း ရှင်းပြလိုက်သည်။

ထိုနေရာမှ ပြန်ခဲ့သည့် အပြန်ခရီးလမ်းသည် ဝတ်မှုံရင်ကိုရွှင်လန်းစေသည်၊ မောင်မောင့်ကို သတိရသည့်အခါ ငွမ်းကြေရသည်။ မောင်မောင့်အရိပ်သည် ဝတ်မှုံ၏စိတ်စေရာသို့ ဘကောက်ကောက်လိုက်ပါလာခဲ့သည်။ မောင်မောင်နှင့် ချစ်သက်တမ်းခရီးတစ်လျှောက် ဝတ်မှုံအတွက် ပျော်ရွှင်ဖွယ်ရာ၊ လွမ်းမောဖွယ်ရာများ ဖြစ်ခဲ့သည်။

မောင်မောင့်ကို သတိရတိုင်း ရင်မှာလှိုင်းထ ငိုမောရသည်။ အတိတ်သည် ဝတ်မှုံကို အရိပ်တစ္ဆေပြန်ခြောက်လေပြီ။

\+ + +

ဖွဖွလေးကြွေကျသည့် စိန်ပန်းပွင့်ရဲရဲပေါ်တွင် မောင်မောင်နှင့် ဝတ်မှုံ နှစ်ကိုယ်ယှဉ်တွဲ လမ်းလျှောက်ခဲ့ကြသည်၊ ငှက်ကြွယ်သလေးများကိုနှုတ်ဆက်ရင်း လျှောက်ရင်း ပန်းဖတ်တားခင်းခဲ့ကြသည်၊ ဝတ်မှုံနှင့် မောင်မောင်တို့၏ သံယောဇဉ်ကြိုးဖြင့် မေတ္တာတံတားကို မပျက်စီးအောင် အခိုင်အမာချည်နှောင်လိုက်သည်။

သည်ခရ ... သည်မေတ္တာခရေ၊ သစ္စာမြေပေါ်တွင် မေတ္တာရေလောင်းကာ သမုဒယပင်ပျိုကို အသီးအပွင့်စုံစေသည်။ ကံ့ကော်မြေသည် မောင်မောင်နှင့် ဝတ်မှုံတို့နှစ်ဦးအတွက် မေတ္တာသည်းပန်းမုခ်ဦးဖြစ်လာသည်။ သူတို့နှစ်ဦး၏ ချစ်ရည်လူးသည့် ချစ်သူ့ဘဝကို သစ်ပုတ်ပင်ကြီးကအစ ဘက္ကသီလာ မြက်နုနုညို့ဝန်းကျင်တွင် အားလုံးကအသိအမှတ်ပြုကြသည်။ သည်လောက်ထင်ပေါ်သည့် ချစ်သူနှစ်ဦးပင်။

သည်လိုအချစ်မျိုးကို လက်လွှတ်ဆုံးရှုံးရလိမ့်မည်လို့ မည်သည့်အခါကမျှ ဝတ်မှုံမစဉ်းစားခဲ့၊ မောင်မောင်သည် အစစအရာရာ ပြည့်စုံသည့်မိသားစုမှ ပေါက်ဖွားလာသူဖြစ်သော်လည်း အချစ်ရေးတွင် ဝတ်မှုံကိုသာ သစ္စာတည်ခဲ့သည်။ တစ်ယောက်ဆိုတစ်ယောက်ပဲ ဖြစ်သည်။ ဝတ်မှုံ၏မိဘများကလည်း မောင်မောင်တို့လောက် အခြေမတင့်သော်လည်း အနေမြင့်ပါသည်။ ချို့ချို့ငဲ့ငဲ့ မရှိလှ။ သည်တော့ ဘာလိုသေးသနည်း။ နှစ်ဦးကြည်နူးဖွယ် လက်တွဲရုံပင်ရှိတော့သည်။ သည်လိုပင် သူတို့နှစ်ဦး ထင်ခဲ့ကြသည်။

ကြာလာပြီးနောက် ကံကြမ္မာအလှည့်အပြောင်းသည် မောင်မောင့်ဘက်မှ စောင်းလျက်ပေါ်လာသည်။ မောင်မောင်အနေမမှန်တော့။ မှုပျက်လာသည်။ စာသင်ချိန်တွင် အတန်းထဲ၌ မှန်မှန်မရှိသလို ဝတ်မှုံနှင့်လည်း အခြေအနေမပေးနိုင်အောင် အနေဝေးလာသည်။

"မောင်မောင်ရယ် ... ဝတ်မှုံကို ရိုးသားတယ်လို့များ ထင်ရဲ့လားဟင် .."

သည်လိုမေးယူရအောင် မောင်မောင်မှုပျက်လာသည်။ ဆံပင်စုတ်ဖွားအင်္ကျီအိုသိဘတ်သီနှင့် အနေအထိုင်မသပ်မရပ် ကာဇဉ်ကလျားဖြစ်လာသည်။

"မောင်မောင့်ကိုမုန်းပါနဲ့ ဝတ်မှုံရယ်။ စိတ်ညစ်လို့ပါ ..."



www.burmeseclassic.com

www.burmeseclassic.com

မရှင်မပြုံး အကြည်မလင်သည့် မျက်လုံးများက ရီဝေစွာ ဝတ်မှုံကိုကြည့်လာသည်။ စိတ်ညစ်လာလေလေ မောင်မောင်တစ်ယောက် စီးကရက်ကို ပိုသောက်လာလေလေပင်။

"စီးကရက် သိပ်မသောက်ပါနဲ့လား မောင်မောင်ရယ်။ ကျန်းမာရေးထိခိုက်မှာစိုးလို့ပါ"

"မောင်မောင့်ကိုနားလည်ပါ ဝတ်မှုံရယ ..."

ဟိုအရင်က ကြည်နူးစွာ ရယ်ရယ်ပြုံးပြုံးနေတတ်သူ မောင်မောင်တစ်ယောက် ယခု ဝတ်မှုံနှင့်တွေ့သည့်အခါ မလန်းဆန်းတော့သည့် သူ့မျက်ဝန်းအစုံက တစ်စုံတစ်ခုကို အလိုမကျသလို တောင့်တလာသည်။ သူ့အမြင်တွင် ပတ်ဝန်းကျင်သည် ရန်သူအလားထင်မှားလာသည်။

"မောင်မောင့်ကိုကြည့်ရတာ ဝတ်မှုံ အားမရဘူး။ နေမကောင်းဘူးလားဟင်။ သိပ်ပိန်တာပဲ၊ အသားလည်း ဖြူဖြူရော်ရော်နဲ့။ ကျန်းမာရေးကိုလည်း ဂရုစိုက်ပါဦး မောင်မောင်ရယ် ..."

နောက်ပိုင်းတွင် မောင်မောင်တစ်ယောက် ငိုင်တွေတွေဖြစ်လာသည်။မေးလျှင်လည်း သတိလစ်သလို အဖြေမမှန်၊ အနေမမှန် ဖြစ်လာသည်၊ ကြာလေသည်နှင့်အမျှ မောင်မောင်တစ်ယောက် ဝတ်မှုံအနားသို့ မရောက်လာတော့ပေ။ မောင်မောင့်ကိုယ်စား သတင်းစကားသာကြားရသည်။

"မောင်မောင်တစ်ယောက် ဘိန်းဖြူစွဲနေပြီ"

မိုးကြိုးပစ်ခွင်းသံသည် ဝတ်မှုံနားတွင် ညင်သာပေဦးမည်။ မောင်မောင်နှင့်ပတ်သက်သည့် သတင်းစကားမှာ ဝတ်မှုံအတွက် ယူကြုံးမရနိုင်လောက်အောင် ခံစားရသည်။

မောင်မောင်ရှိရာသို့ သွားခဲ့သည်။ မတွေ့ရ။ နှံ့ဝေ့ာထဲတွင် မောင်မောင်နစ်မျောနေပြီ။ မိဘက အစစအရာရာ အလိုလိုက်လွန်း၍ မောင်မောင်ဘဝဆုံးရှုံးခဲ့ရခြင်း ဖြစ်သည်။ စီးပွားရေးနယ်ချဲ့လွန်းသော မောင်မောင့်မိဘများသည် အတ္တအကျိုးကိုသာကြည့်ခဲ့သည်။

နောက်ဆုံး မောင်မောင့်ကို ဝတ်မှုံရှာတွေ့သည်။ တွေ့မယ့်တွေ့တော့လည်း မောင်မောင်သည် ဝတ်မှုံကို မသိကျိုးကျွန်ပြုရက်သည်၊ မျက်လုံးကိုစုံမှိတ်ကာ ဝတ်မှုံကိုကျောခိုင်းသည်။ ဝတ်မှုံရင်နာရပါသည်။ အဝေးကပင် မောင်မောင့်ကိုလှမ်းမျှော်ကြည့်ရသည်။ တစ်စုံတစ်ခုသော အတိုင်းအတာသည် ဝတ်မှုံကို နာကြည်းစိတ်များ ဖြစ်ပေါ်စေသည်။ အတွေးစကလေးများ ပျက်ပြယ်သွားသည်။

"ဝတ်မှုံ ... အတော်ပဲ သမီးပြန်လာတာ။ အခု သမီးကို ညီနွဲ့က စကားပြောချင်လို့တဲ့။ တယ်လီဖုန်းလာနေတယ်"

အဆောင်ရှေ့သို့ ရောက်လျှင် အဆောင်ပိုင်ရှင် အဒေါ်ကြီးက အိမ်ထဲမှ ထွက်လာပြီး ပြောလိုက်သည်။ ဝတ်မှုံ လှေကားပေါ်မတက်သေးဘဲ အောက်ထပ်ဧည့်ခန်းအတွင်းသို့ ဝင်လာပြီး စားပွဲပေါ်မှ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟဲလို ... ဝတ်မှုံစကားပြောနေပါတယ် ..."

"ဝတ်မှုံလားဟင် ... ဝတ်မှုံရယ်၊ နွဲ့ ဒီမှာ ပြဿနာဖြစ်လို့၊ အရောင်းအဝယ်ကိစ္စတစ်ခုနဲ့ အဖမ်းခံနေရတယ်"

"ဘိန်းဖြူရောင်းတုန်း ဖမ်းမိတာပေါ့နော်"

"ဝတ်မှုံ သိတယ်ဟုတ်လား ...။ ဘယ်လိုသိတာလဲဟင်"

တယ်လီဖုန်းထဲမှ ညီနွဲ့အသံသည် လှိုက်ရှားပြီး အံ့သြဟန်ရှိသည်။

"ကိုယ်ကျိုးကိုသာကြည့်ပြီး လူ့ညွန့်တုံးစေတဲ့ မျိုးဖျက်ရန်စွယ် ဘိန်းဖြူကို မင်းအရောင်းအဝယ်လုပ်ပေးရမှန်း ဝတ်မှုံ ဒီနေ့မှသိရတာပါ။ ရက်စက်လိုက်တာ ညီနွဲ့ရယ်၊ ဝတ်မှုံရဲ့ ချစ်သူကိုလည်း မင်းတို့သတ်လိုက်ကြတာပဲ၊ ဝတ်မှုံရှိရာကိုလာတတ်တဲ့ ဝတ်မှုံရဲ့ချစ်သူကို မင်း စီးကရက်ထုတ်ပြီး အမြဲဧည့်ခံတုန်းက ဝတ်မှုံလေ မင်းရဲ့နည်းပရိယာယ်ကို မရိပ်မိခဲ့ဘူး။ မင်းကလည်း မင်းအတွက် စီးပွားနယ်ရဲ့ သားကောင်တစ်ကောင်ရပြီဆိုပြီး မာယာကုန်နဲ့ ဖမ်းခဲ့တဲ့ ဝတ်မှုံရဲ့ချစ်သူဟာ မင်းရဲ့လုပ်ငန်းရှင် ဦးဒီပါနဲ့ ဒေါ်မြတ်ခိုင်တို့ရဲ့သားမှန်း မင်းမသိခဲ့ဘူးနော်။ မောင်မောင်ဟာ ဝတ်မှုံဆီလာတိုင်း မင်းတိုက်တဲ့ စီးကရက်သောက်ပြီး ဘိန်းဖြူစွဲခဲ့တယ်။ နောက်တော့ မင်းအတွက် ပိုက်ဆံကို သဲ့ယူပြီးရအောင် ဖန်တီးခဲ့တယ်နော်။ အညွန့်ဖူးလေးတွေကို ပျက်စီးအောင် ဖျက်ဆီးပြီး အတ္တအကျိုးကိုသာကြည့်ခဲ့တဲ့ မင်းရဲ့လုပ်ငန်းရှင်၊ ဝတ်မှုံရဲ့ချစ်သူ စိုးဦးမောင်ရဲ့ အဖေနဲ့ အမေဟာ သူများမိဘတွေခံစားရသလို သူတို့လည်း သူတို့လောဘဇောကြောင့် သားတစ်ယောက်လုံး ဆုံးရှုံးပြီး ရင်ကွဲရပြီလေ။ နောက်ပြီး တိုင်းပြည်ရဲ့ အညွန့်အဖူးကို ဖျက်ဆီးတဲ့အတွက် ပြည်သူတွေက ဒဏ်ခတ်တဲ့ အပြစ်ဒဏ်ကို မင်းတို့လုလုကြီးခံရဦးမှာပါ၊ ဝတ်မှုံ မင်းရဲ့အသံကို မကြားပါစေနဲ့တော့"

တစ်ဖက်မှ အသံကို ညီနွဲ့မကြားရတော့ချေ။ ကြိုးတန်းလန်းနှင့် တယ်လီဖုန်းခွက်လေးသာ စကားပြောတတ်လျှင် ညီနွဲ့ရင်ထဲမှာ ပဟေဠိကို အဖြေမှန် ပြောပြပေလိမ့်မည်။

မြမြလှိုင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



# အတ္တသားကောင်

စိမ်းကိုကို-ဇလွန်

ငွေရှင် ကျေးရှင်၊ ခနရှင်တို့ရဲ့ လက်အောက်မှာ ဖရိုဖရဲနှင့်ပြိုကွဲပျက်စီးခဲ့ရတဲ့ မိသားစုလေးအကြောင်းဟာ ရင်နာစရာလား ကြေကွဲစရာလား၊ ဒါမှမဟုတ် ငါဆိုတဲ့ အတ္တကြောင့် သားကောင်ဖြစ်ခဲ့ရတာလားဆိုတာ ကိုယ်တိုင်ဖတ် ကိုယ်တိုင်ခံစားကြည့်ကြပါစို့။

"ကိုအဂ္ဂ"

"ဟေ"

"ကျုပ်ပြောစရာရှိတယ်တော်"

"အမယ်လေး မိန်းမရာပြောမှာသာ ပြောပါ စကားပလ္လင်ခံမနေပါနဲ့ ကဲပြော ဘာပြောမလည်း.."

"ဟို.ဟို..ဟိုလေ ရွာအနောက်က ချောင်းထဲမှာ သူများတွေ ငါးရှာကြတာ တော်တော်လေးရတယ် သိလား..ဒါကြောင့်.."

"တော်ပါတော့ မိန်းမရယ် အစ်ကိုသိပါတယ်။ အစ်ကိုတောင်ခုညကျော်ကြီးနဲ့ငါးရှာလိုက်ဖို့ ပြောထားပါတယ်ကွာ၊ အစ်ကိုတို့ဘဝက လက်လုပ်မှ ပါးစပ်လှုပ်ရမယ့်ဘဝဆိုတော့ တော်တောင်လည်းဝယ်မစားနိုင်ဘူး မဟုတ်လား.."

သြော်..ငါ့ယောက်ျားဟာ အင်မတန်ရိုးသားသလောက် ငါ့အပေါ်မှာလည်း ချစ်ချစ်ခင်ခင်နှင့်နေပူမရှောင် မိုးရွာမရှောင် လုပ်ကျွေးရှာတာကိုက တော်တော်သနားစရာပါလား အစ်ကိုရယ်..

"အင်း..ငါ့မိန်းမငါပြောတာ တွေဝေစဉ်းစားပြီး ဒီဘဝကို စိတ်နာနေပြီနဲ့ တူတယ်ဟေ့.."

"မဟုတ်ရပါဘူးကိုအဂ္ဂရယ် ကျုပ်က တွေးပြီး တော့ကို သနားလို့ပါ.."

"သြော်..မိန်းမရယ် အစ်ကိုတို့ဘဝက ကျားလား၊ နွားလားဆိုတာကို ဝေခွဲလို့မှမရသေးတာ။ အေး အစ်ကိုပြောတာ သေသေချာချာနားထောင် ကျားဖြစ်ရင် အသားစားနွားဖြစ်ရင်တော့ မြက်စားရမှာပေါ့ မဟုတ်ဘူးလား..ဟား..ဟား.."

"ဗျို့ ကိုအဂ္ဂ..ကိုအဂ္ဂ"

"ဟေ..ဘယ်သူလည်းကွ.."

"ကျွန်တော်ကျော်ကြီးပါ..ည ၁း၀၀ နာရီထိုးပြီ သွားကြမယ်လေ"

"သြော်.အေးအေး လာပြီဟေ့ လာပြီ ကဲတင်တင် အစ်ကိုငါးရှာလိုက်သွားမယ်ကြားလား.."

"အစ်ကိုရေ သိပ်လည်းညဥ့်နက်မနေနဲ့ဦးနော်.."

"အေးပါကွာ"

အု အူ..အူ အူ..

× × × × ×

"ဟာ ဒီခွေးနာတွေတော့..ဟေ့ ခွေးတွေ သွားစမ်း တကယ်တမ်းဘာမှမဟုတ်ပဲ အူနေရတယ် လို့တောက်.."

"ဟော့ အဖွားကြီးမအော်နဲ့ အော်ရင် ဒီမှာတွေ့လား..ဓါး.."

"မလုပ်ပါနဲ့ကွယ်အသက်ကိုချမ်း



www.burmeseclassic.com

www.burmeseclassic.com

သာပေးပါ..''

''ကဲရှိတာတွေပေးစမ်း နားကနားကပ်ပါချွတ်လုပ်လေ..''

''ချွတ်ပါမယ်ကွယ် ချွတ်ပါ့မယ်..''

''ဟော့..ဟိုကလေးမ ဘာလုပ်နေတာလည်း ဖြုတ်လေ သေချင်လို့လား..''

''ဟင်..မဖြစ်ဘူး..မဖြစ်ဘူး..ဒီအတိုင်းဆို ငါအော်မှာဘဲ..ဓားပြရှင်..ဓားပြ..ဓားပြကယ်ကြပါဦး..''

''ဟာ..မိုက်လိုက်တဲ့ ခလေးမကဲကွာ..''

''အား''

''လိုက်ဟေ လိုက်လိုက် ဓားပြတဲ့ဝိုင်းကြ..လိုက်ကြ..''

''ဟာ..ရွာသားတွေ လိုက်လာကြပြီ..မဖြစ်ဘူး ငါပြေးမှဘဲ အင်းဒီဓားပါလို့ ငါလူသတ်မိတာ ဒီဓားကြောင့် ကဲ..သွား..ဟာ..ဗိုး..''

× × × × ×

''ကျော်ကြီးရေ မင်းမပြန်သေးဘူးလား..''

''ဟုတ်ကဲ့ ကိုအဂ္ဂပြန်ရင်ပြန်နှင့်လေ..''

''အေး..ဒါဆိုသွားပြီဟေ့..ဟန်ကျလိုက်တာ ငါးကောဖားကောတော်တော်ရတာ..ဒါမှ ဒါမှ ငါ့မိန်းမတင်တင်နဲ့ငါနဲ့နှစ်ရက်သုံးရက်လောက်အတိုးချစားရမှာ..ဟင် ဒီမှာလည်းဓားတစ်ချောင်းပါလား..အင်း..ဓားမှာလည်း သွေးတွေနဲ့ဆိုတော့ ဇကန်တ ငါးခုတ်ရင်ကျ ကျန်ခဲ့တာဖြစ်မယ်..ငါဒီနေ့ ကံကောင်းနေပါလား..''

''ဟော့..မပြေးနဲ့ ဖမ်းဖမ်း အဲဒီကောင်ကို မိအောင်ဖမ်း..''

''ကျုပ်ကိုဘာကိစ္စကြောင့် ဖမ်းတာလည်း လွှတ်လွှတ်..ခုလွှတ်ဗျာ''

''ဟား..ဟား..ဟား အဂ္ဂ..အဂ္ဂ..မင်းဟာက ဓားပြတိုက်ရုံတွေမကဘူး ဒေါ်မြသမီးကိုပါသတ်သွားတာကိုး..''

''ဘာဗျ ကျုပ်ငါးရှာပြီး ပြန်လာတာ ဒီမယ်ငါးတွေတောင်ပါသေးတယ်''

''ဟေ့ကောင်..အဂ္ဂမင်းဘာမှရှောင်လွှဲမနေနဲ့ မင်းလက်ထဲက ဓားကလူသတ်လာတဲ့ဓားကွ..''

''ဒါ..ကျုပ်မသိဘူး..ဒီဓားကလည်း..''

''ဟော့ကောင်တွေ အဲဒီကောင်ကို ဖမ်းခဲ့ကြ..''

''မလိုက်ဘူးဗျာ ကျုပ်သတ်တာမဟုတ်ဘူး။ အဖမ်းလည်းမခံနိုင်ဘူး''

ဟော့ကောင် အဂ္ဂ မင်းသေသေချာချာမှတ်ထား သူခိုးဆိုတာ ခိုးတယ်လို့ မပြောဘူးကွ..ဟော့ အဲဒီကောင်ခေါ်ခဲ့..

× × × × ×

''အင်း အကိုအဂ္ဂ မိုးတောင်လင်းနေပြီ။ ခုထိပြန်မလာသေးပါလား..။တင်တင်ရေ..ဟဲ့တင်တင်..။ ဟယ်မိအေး အရေးတကြီးဘာဖြစ်လာတာလဲ..။''

''အရေးကြီးတာပေါ့ ညည်းယောက်ျားစိုးနိုင် တို့ဖမ်းထားကြတယ်။ ဒီနေ့ မြို့ဂတ် ကိုပို့မလို့တဲ့..''

''ဘာ..ကိုအဂ္ဂ ကိုဖမ်းထားတယ်ဟုတ်လား..။ ဟဲ့..တင်တင် ငါပါလိုက်မယ်လေ။ ဟဲ့ နေဦးဟော့''

''အဂ္ဂ မင်းဝန်ခံမလားပြော..''

''ကျုပ် မသတ်ဘူး ကျုပ်က ဘာကြောင့်ဝန်ခံရမှာလည်း..''

''ဘာကွ ဟော့ကောင်တွေ ဝန်မခံဘူးဆိုတဲ့ ကောင်ကိုတွေ ဝန်ခံအောင်ကြည့် လုပ်ပါဦး..''

''ကဲကွာ..ခွပ်.ဘုန်း..''

''အား..''

''ဟား ဟား..ဒီကော ခေါင်းကမာတော့နည်းနည်း ပြေ လိုက်ရဦးမယ်.ရော့..ဒုတ်..''

''အား..အမယ် လေး သေပါပြီဗျာ.. အား..''

''ဟင်..အစ်ကို..အစ် ဖြစ်ရဖြစ်ရလေအကိုရယ်..''

''ဟား..ဟား ဟား..တင်တင် နှင့်ယောက်ျား လူသတ်ခါးပြဟ..''

''ဟင် အစ်ကို ဟုတ်လား ..သူတို့ပြောတာ မဟုတ်ဘူးမို့လား''

''ဘာပြောတယ် မိတင် နှင့်ကောင်က သူကိုယ်တိုင် သတ်ခဲ့လို့ ခုလိုဖြစ်ရတာ ငါ မတော်မတရား လုပ်တာ ဘူးဟ..''

''အေးပေါ့ စိုးနိုင်ရာ

www.burmeseclassic.com

မင်းကလက်ညှိုးညွှန်ရာ ရေဖြစ်နေတော့ မင်းကြိုက်သလို လုပ်ထားဦးပေါ့ကွာ..''

''ဘာကွ..တောက်..ငါလုပ်လိုက်ရသေးတော့မယ်..''

''မလုပ်ပါနဲ့ ဦးစိုးနိုင်ရယ်..ကျွန်မတောင်း ပန်ပါတယ်.. ဟီးဟီး..ဟီးဟီး..''

''တင်တင် ဒီကောင်တွေကိုတောင်းပန်စရာမလိုဘူး၊ သွားပြန်တော့ သွားလေ..''

''သွားပါ့မယ် အစ်ကိုရယ်..သွားပါ့မယ်.. ဟီးဟီး..ဟီး..''

''ကဲ တပည့်တို့ အဲဒီအကောင်ကို မြို့ဂတ်ကိုပို့ကျ..''

''ဟုတ်ကဲ့ သူ့ဌေးမင်း..ဟေ့ကောင်လာ..သွားရေ့က..''

ဩော်..ဒီနေ့ဆို ငါ့ယောက်ျား ထောင်ကျတာ (၁)လနဲ့(၁၇)ရက်တောင် ရှိနေပြီ..အစ်ကို ကျန်းမာပါစေ။ ထောင်ကအမြန်ဆုံး လွတ်ပါစေလို့ တင်တင်လေ နေ့စဉ်..

''ဟေ့ ဘာတွေ စဉ်းစားနေတာလဲ..''

''ရှင်..ရှင် ဘာလုပ်တာလဲ ဦးစိုးနိုင်သွား..ခုထွက်သွား ရှင်ကျွန်မယောက်ျားမရှိဘူးဆိုပြီး ရိုမယ်မကျန်နဲ့နော် အသက်နဲ့လဲ သွားမယ်မှတ်ထား..''

''အမယ် ကောင်မက အချုပ်ထဲကို ရောက်နေတဲ့ ယောက်ျား အားကိုးနဲ့ခေါင်းမာနေတာလား..။ ဒီမယ်တင်တင်နင့်ယောက်ျား အဂ္ဂ ထောင်မကျအောင် ငါ့ကလုပ်ပေးဖို့ နင့်ဆီလာတာဟ..''

''ရှင် ..ဒါ..ဒါ..ဒါဆို ဦးစိုးနိုင်ကို ကျွန်မတောင်းပန်ပါတယ်နော်..ကျွန်မပြောမှားဆိုမှားရှိတာခွင့်လွှတ်ပါနော်..''

''အေး.. ရပါတယ် ဒါပေမယ့် နင့်ယောက်ျား ထောင်မကျရေးအတွက် အပေးအယူတစ်ခုတော့ လုပ်ရလိမ့် မယ်..''

''ဟုတ်..ဟုတ်ကဲ့ ကျွန်မဘာလုပ်ပေးရမလဲ..''

''ဩော်..ဒီကိစ္စက နင်နဲ့ငါနှစ်ယောက်ပြေလည်ရင် အားလုံးပြီးပါပြီဟ..''

''ဟုတ်ပါပြီ ကျွန်မက.. ပြောပါ့မယ်..ဒီလိုဟ.အဲဒါဘဲ..ဟဲဟဲ..''

''ဘာရှင့် လူယုတ်မာခွေးကြီးအဲဒီစကားရှင့် တူမတွေ သမီးတွေ ဆီသွားပြော..''

''တောက် လူယုတ်မာ..''

''ဒီမယ် မိတင်တင် ငါပြောသလိုမှ မလိုက်လျောနိုင်ရင် နင့်ယောကျ်ား ဘာဖြစ်သွားမယ် ထင်သလဲ..နင်စဉ်းစားထား..ငါသွားမယ် ဟဲဟဲ..''

× × × × ×

''အားလုံးနားထောင် အမိန့်ချမယ်..မကြီးကုန်းရွာနေ အဖဦးဖေဒါ၏သား တရားခံအဂ္ဂသည် ပြစ်မှုထင်ရှားသဖြင့် ပုဒ်မ (၁၀၂)အရ အလုပ်ကြမ်းနဲ့ထောင်ဒဏ်(၁၀) နှစ်ကျခံစေ ဤရုံးတော်မှအမိန့်ချမှတ်လိုက်သည်..။ ကဲအဂ္ဂလာ..သန်းထိုက်..''

''ရှိ..''

''အေး..တရားခံကို နေရာပေးလိုက်..''

''ဟုတ်..''

''ဟေ့ကောင် မင်းနာမည်ဘယ်လိုခေါ်လဲ..''

''အဂ္ဂ..''

''မင်းဘာအမှုနဲ့ ဒီအထဲ ရောက်လာတာလည်း..''

''လူသတ်မှု..''

''ဟေ ဒါနဲ့ နေစမ်းပါဦး မင်းအရင်ကရော ထောင်ကျဘူးသလား..''

''ဒါပထမဆုံးပါ..''

''ဩော် အေးအေး.. ဘာဖြစ်ဖြစ်ပေါ့ကွာ..ဒီအထဲမှာတော့ အနေအထိုင် အစားအသောက်တော့ ဒုက္ခရောက်တာပေါ့ကွာ..ကဲ ငါ့ နာမည်လဲမှတ်ထားဦး.. သန်းထိုက်တဲ့ ဟန်းစီးပေါ့..''

''ဟုတ်ကဲ့..''

× × × × ×

''အစ်ကိုရယ်.. ဒီလိုဖြစ်ရတာတင်တင်ကြောင့်ပါ တင်တင်သာအစ်ကို့ကို ငါးဖမ်းမလွှတ်ရင် ဒီကိစ္စဖြစ်လာမှာ အဟုတ်ဘူး ခုတော့ထောင်ဒဏ်(၁၀)နှစ်ကျခဲ့ရပြီ..တင်တင်ဘယ်လိုမှ မဖြေနိုင်ဘူးအစ်ကိုရယ် နောက်ဆုံး တင်တင်ဘုရားမှာသစ္စာပြုပြီး ဆုတောင်းနေပါ့မယ် အစ်ကိုထောင်ကလွတ်မဲ့ အချိန်ထိ

www.burmeseclassic.com

သစ္စာရှိ ရှိနဲ့စောင့်နေပါ့မယ် အစ်ကို."

"အရမ်း စိတ်ထိခိုက်နေသလား တင်တင်.."

"ဟင်..ရှင် ဘာလာလုပ်တာလည်း လူယုတ်မာ အရာရာကို ငါ လုပ်ရင် ဖြစ်တာဘဲဆိုပြီး ငွေအားကိုးနဲ့ အပြစ်မရှိတဲ့ လူတစ်ယောက်ကို အပြစ်ရှာတဲ့ ခွေးကြီး သွား..ထွက်သွား.."

"ဩော် ကောင်မ ငါက လာအားပေးတာကို စော်ကားတယ်ပေါ့ ဟုတ်လား ကဲ..ဟားဟားဟား.."

"အို..လွှတ်..လွှတ် လူယုတ်မာ အမယ့်လေး.. လာကြပါဦး..လွှတ်..ခွေးကြီး.."

"မမိုက်ချင်ပါနဲ့ကွာ..အစ်ကိုကြီးတာဝန်ယူပါ့မယ်.."

"ဝုန်း.."

"အား လာကြပါဦးရှင်..အို."

"တင်တင်ရေ..တင်တင်.."

"တောက်..ဒီကောင်မက လာရှုပ်ရတယ်လို့..ဟဲ့ တင်တင် ညည်းနဲ့အေ ခေါ်လိုက်ရတာ.."

"ဩော်..ဦးစိုးနိုင်ရောက်နေတာကိုး.."

"အေးအေးဟာ နင့်သူငယ်ချင်းတစ်ယောက်ထဲ အားငယ်နေမှာစိုးလို့ဟေ့..အဲဒါလာတာ ကဲကဲ စကားပြောကြဦး..ငါသွားလိုက်ဦးမယ်..ဟဲ့တင်တင် အကူအညီလိုရင် ပြောနော် အားမနာနဲ့.. ကြားလား တစ်ရွာထဲသားတွေဘဲ ကူညီရမှာပေါ့.."

"တင်တင်အဲဒီလူ ဘာလာလုပ်တာလဲဟင်.."

"ဟီးဟီး..ဟီးဟီး..နင်လာတာငါ့အတွက်ကံကောင်းပါတယ် မိအေးရယ်..ဟီးဟီးဟီး.."

"မငိုပါနဲ့တင်တင်ရယ်..ငါလာကတည်းက နင့်အင်္ကျီတွေပြဲနေတာ ငါရိပ်မိပါတယ် သားသမီးချင်းစာနာမှု မရှိတဲ့လူ့ငနွားကြီး.."

× × × × ×

"ဟေ့ မောင်အဂ္ဂဘာတွေစဉ်းစားနေတာလည်းကွ..မဟုတ်မှလွဲ မင်းမိန်းမကို သတိရနေတယ်မဟုတ်လား.."

"ဟားဟား.. ဟုတ်တယ် အစ်ကိုကြီးရေ.."

"အင်း.. ငါကိုယ်ချင်းစာပါတယ်ကွာ.. ဒါနဲ့ မင်းက..ဟင်"

"အခန်းလူကြီး.."

"ရှိ"

"အေး ဒီတရားခံကိုသေချာနေရာပေးလိုက်"

"ဟုတ်ကဲ့.. မောင်အဂ္ဂရေ တရားခံကိုမင်းပဲ နေရာပေးလိုက်ကွာ."

"ဟုတ်ကဲ့ အစ်ကိုကြီး..ဟေ့လူလာဒီကို မင်းနာမည်။ မိုက်ခဲမောင်။ ဟ မင်းနာမည်က အစမ်းပါလားကွ..။ မင်း ဘာအမှုလည်း.."

"ဓါးပြမှုဆရာ"

"ဟေ ဓါးပြမှုဟုတ်လား။ ဟုတ်ပါတယ်ဆရာ။ ဒါနဲ့ နေစမ်းပါဦး..မင်းဖြစ်တာဘယ်ရွာမှာလည်း"

မကြီးကုန်းရွာမှာပါ၊ ဘုရား..ဘုရား..ငါခံခဲ့ရတဲ့ ဓါးပြမှုဟာလက်စသတ်တော့ ဒီကောင် မိုက်ခဲမောင်လက်ချက်ပါလား... ဩော် ငါလည်း လွတ်တော့မှာဘဲ ခုမှသိရတော့လည်း အပိုပါဘဲဟာ..။

"ဆရာ ဘာစဉ်းစားတာလည်း"

"မစဉ်းစားပါဘူးကွာ.. မင်းအကြောင်း ဆက်ပါဦး"

"ဒီလိုဆရာရဲ့ ဒီမကြီးကုန်းရွာက ဓါးပြမှုဟာ ဆွဲကြိုးလေးတစ်မတ်သားဘဲ ရသေးတယ်၊ မိန်းမတစ်ယောက်အော်လို့ သတ်ပြီး ပြေးခဲ့ရတာခုဆို(၁၀)နှစ်ပြည့်တော့မယ် ခုမှလာဖမ်းခံရတာ တော်တော်နာတယ်ဆရာရယ်.."

"အေးပေါ့ကွာ ဒီလိုပါဘဲ"

× × × × ×

အစ်ကိုတောင် ထောင်က လွတ်တော့မှာပါလား အစ်ကိုရယ် တင်တင်လေ..အမယ်လေး..ရှင်..ရှင် ဘာလုပ်တာလည်း လွှတ်.."

"မလွှတ်ဘူး ဒီတစ်ခါတော့."

"အား..ကယ်ကြပါဦး..အား"

"အစ်ကိုကြီးကို ခွင့်လွှတ်ပါကွာ.."

"အဟီးဟီး အစ်ကိုအဂ္ဂရယ် တင်တင်ရဲ့ မသန့်ရှင်းထဲ ခန္ဓာကိုယ်နဲ့ အစ်ကို့လို ရိုးသားဖြူစင်တဲ့ ရင်ခွင်ထဲမှာ မထားဘူး..။ တင်တင်ကို ခွင့်လွှတ်ပါ ကဲဟာ.."

"အား.."



www.burmeseclassic.com

www.burmeseclassic.com

"ဟယ်..တင်တင် လာကြပါဦးရှင်..လာကြပါဦး ကျွန်မသူငယ်ချင်း..စိုးနိုင်ဖျက်စီးလို့ ခုလို သူ့ကိုယ်သူ သတ်သေသွားတာ သူငယ်ချင်း..သူငယ်ချင်းအဖြစ်ဆိုးလှချည်းလား..ဟီးဟီး..ဟီးဟီး.."

"တင်တင်ရေ..တင်တင် အစ်ကိုထောင်ကလွတ်လာပြီ ဟေ့ မိန်းမရေ.."

"ဟယ် အဂ္ဂ လွတ်လာပြီ တော့.."

"ဟာ ဟုတ်ပ ဒီနေ့ဒီအချိန်ကျမှဘဲ တိုက်တိုက်ဆိုင်ဆိုင်ကွာတော်တော် စိတ်မကောင်းစရာဘဲ အဖြစ်ဆိုးလိုက်တဲ့ လင်မယား"

"အေးကွာ ယောကျ်ားက ထောင်ကလွတ်တဲ့နေ့ မိန်းမက သေတဲ့နေ့ သနားစရာကောင်းလိုက်တာကွာ"

"တင်တင်ရေ..တင်တင် ဟင် ဟာ..ဘယ်လိုဖြစ်တာလည်း ကျွန်တော်ကိုပြောကြပါဦးဗျာ။ အမယ်လေးအဖြစ်ဆိုးလှချည်လား မိန်းမရယ်ဟင် အစ်ကိုပြန်လာတဲ့အထိစောင့်မယ်ဆို ဒီပုံစံကြီးနဲ့စောင့်တာလား မိန်းမ.. ဟာအာ .အဟင့် အဟင့်"

ကိုအဂ္ဂ ကျွန်မသူငယ်ချင်းတင်တင်သေရတာ စိုးနိုင်စော်ကားလို့ရှင့် ဟီး ဟီး အဟင့်.."

"ဘာ..စိုးနိုင်စော်ကားတာဟုတ်လား"

"ဟုတ်တယ် ဟုတ်တယ်"

"ဟာ..တောက်..တွေ့ကြသေးတာပေါ့ ခွေးမသား"

"ဟေ့အဂ္ဂ ဓါးနဲ့မသွားနဲ့ မင်းမှားလိမ့်မယ်။ မသွားနဲ့ ဟာကွာ ဒီကောင်တော့.."

"ဟေ့ စိုးနိုင် ခွေးမသားစိုးနိုင် မင်းအောက်ကိုဆင်းခဲ့ပါဦးကွ"

ဩော် ဘယ်သူလည်းလို့မှတ်တယ် ထောင်ထွက်ကိုးကွ။ ဟေ့ကောင် ထောင်ထွက်မင်းအခု ငါ့ခြံထဲကထွက်သွား.."

"ဘာကွ မင်းနဲ့ စာရင်းရှင်းဖို့လာတာ ငါကထွက်သွားရမယ်ဟုတ်လား ဟား ဟား ဟား.."

"အေး..မင်းမိန်းမနောက်လိုက်သွားချင်ရင် နေပေါ့"

"ဒီမှာ စိုးနိုင်"

"ဘာလဲ"

"အေး တစ်ချိန်က အရာရာကိုငွေဆိုတဲ့အတ္တနဲ့ မင်းထင်တိုင်းကျဲလို့ ငါ့မိန်းမ သားကောင်ဖြစ်ရတာ ဒီတစ်ခါတော့ မင်းသားကောင်ဖြစ်ပြီပေါ့ကွာ မင်းရဲ့ယုတ်မာတဲ့အတ္တကို ဘဝကူးကောင်းအောင်သာ ဆုတောင်းပေတော့"

"ဘာ..ဟား..ဟား..ဟာ.. မင်းက တစ်ကယ်ကို ရယ်စရာကောင်းတာဘဲဟင် အဂ္ဂ..မင်းမှတ်ထား မုဆိုးဖြစ်ချင်ရင် ငွေဆိုတဲ့အတ္တလေးမြားရှိမှ ပစ်လို့ရတာကွ မင်းအရူးပဲ..ဟား ဟား.."

"အေးလေ ငါကတော့ မင်းထင်တဲ့အရူးဘဲ ဒါပေမဲ့ အရူးရဲ့အတ္တကိုမင်းသိအောင်ငါပြောမယ်..ကဲကွာ"

ဗိုး

"အား"

"ဒါက ငါ့မိန်းမအတွက်"

"အား"

"ဒါကငါ့အတွက်"

ဗိုး

"အား"

"ဒါကငွေအားကိုးတဲ့မင်းရဲ့အတ္တအတွက်"

ဗိုးဒုတ်..

"အု..."

"မလုပ်နဲ့မင်းမှားမယ် မလုပ်နဲ့တော်တော့"

"ဟား..ဟား..ဟားကျုပ်ကျေနပ်တယ်။ ဘာတတ်နိုင်သေးသလည်း စိုးနိုင် မင်းရဲ့အတ္တကြောင့် မင်းသားကောင်ဖြစ်ခဲ့ရတာ စိတ်မကောင်းပါဘူး။ မင်းတဝကြီး အိပ်စက်အနားယူပေတော့ ဟုတ်ပြီလား ဟား..ဟား.. တင်တင်ရေ တို့လင်မယားတွေနောင်ဘဝမှာ ပြန်ဆုံနိုင်ဖို့အတွက်ထောင်ထဲကဘဲ ရက်တွက်နေပါမယ် မိန်းမရယ်..."

စိမ်းကိုကို(ဇလွန်)



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

"ဒက်ဒက်ဒက်ဒက် . . . ဒက်ဒက် ဒက်ဒက်"

"ဒိုင်းဒိုင်းဒိုင်း . . . ဖန်းဖန်းဖန်း"

"ဒုတ်ဒုတ်ဒုတ်ဒုတ် . . . ဒုတ်ဒုတ် ဂုတ်ဒုတ်"

"ရှိုး . . ဝုန်း . . ဒိုင်း . . . ဖန်းဖန်း ဖန်း"

"ဟေ့ . . . ခွေးကောင်တွေ . . . ခွေးကောင်တွေ"

"သေချင်းဆိုးတွေ . . . သေချင်ရင် ထက်ခဲ့ကြပေါ့ . . အာကြီးကြီး"

"ဒက်ဒက်ဒက်ဒက် . . . ဒက်ဒက် ဒက်ဒက်"

"ဒိုင်း . . . ရှိုး . . . ဖန်း"

သွားသောနေရာ၌ သေနတ်သံ ဆွေးတတ်နေသော ကျည်ဆန်များ ဝင် တစ်သံ၊ ဖြူဖွေးသော ကျောက်တုံးများ လောလောကျော်သော ကျောက်များ ရှုပ် ပြည့်ကျော်ပါကြသည်။

စက်ကြီးသာ တော်တော်တော်သည် ရှိုင် ဖယ်သံ၊ ကာတွင်စသံ လက်နက်ချိုးစ်သံ များက ခန်းကျဉ်တစ်နဲ့ ကုန်ဟိုးရိုက်ခတ် သွားသည်။

ကြေးလင်ပန်းအရာအဆောင်ကို ထုတ်ပြောင်နေကြသည်။ မှတ်ဆင်ထိုက်သည် အလား မကောင်းဆိုးဝါးများသော နေရာကို သိပ်အရာအဆောင်ကို ထောက်ရှုနေသည့်အသားပေါ်တယ်။

တခါနက်ချိုး လည်ပြိုင်ကြ၍ ယုံကြည် နိုင်ငံပိုင် အမြှင့်ကြီးကြီးလေ ပါမီ။

ထိုသူ့အသက် ကိုယ်တိုင်ရှိုဖို့ ဘဲ့ အသက်ကို သတ်ဖြတ်ရပေမည်။

ဖွဲ့ . . . မိုးသည်ဟို သတ်သော။ ရှေ့မှာ ဒိုးစွပ်ခံနေတယ်။ နန်းမျှားတယ်၊ ဖြတ်မကျော့ဘို့



www.burmeseclassic.com

ဗိုလ်ကြီးထွန်းမြင့်၏ သတိပေးသံ သဲ့သဲ့ ထွက်ပေါ်လာသည်။

သူ့တပ်စုတပ်သားအားလုံး ကြား လောက်အောင် အော်ဟစ်ပြောဆိုနေခြင်း မဟုတ်။ လက်ဆင့်ကမ်း၊ နှုတ်ဆင့်ကမ်း သတိပေး၍ရရုံမျှ ပြောခြင်းသာ ဖြစ်သည်။

"ဟော့ ... ကြေးစားတွေ။ တက်ခဲ့၊ တက်ခဲ့လေကွာ"

"ဒိုင်းဒိုင်းဒိုင်း ... ဒက်ဒက်ဒက်"

"ဖန်းဖန်းဖန်း ... ရှီ .. ရှီ .. ဒက် ဒက်ဒက်"

သောင်းကျန်းသူတို့သည် ရွာ တောင်ဘက် ငှက်ပျောဥယျာဉ်ခြံကြီးထဲ မှ ခုခံပစ်ခတ်နေကြခြင်း ဖြစ်သည်။

ဗိုလ်ကြီးထွန်းမြင့်နှင့် တပ်ကြပ်ကြီး စံမင်းတို့တပ်စုမှာ လယ်ကွင်းထဲမှ လယ် ကန်သင်းများကိုသာ အကာအကွယ်ယူ နေရသည်။

သောင်းကျန်းသူတို့ဘက်တွင် ကျည် ကွယ်ရော၊ မျက်ကွယ်ပါ ကောင်းသည်။ ဗိုလ်ကြီးထွန်းမြင့်၏ တပ်သားများကား ဒူးဆစ်ခန့်ရှည်သည့် မြက်ပင်ကလေးများ သာ မျက်ကွယ်ရှိသည်။ ကုန်းကွယ်တွင် မူ လယ်ကန်သင်းများသာတည်း။

မြေအနေအထားအားဖြင့်မူ ဗိုလ် ကြီးထွန်းမြင့်တို့က အပေါ်စီးမှ ရရှိနေ သည်။ သူပုန်တို့ ခိုအောင်းရာ ငှက်ပျော ဥယျာဉ်ကြီးသည် လယ်ကွင်း၏ အနိမ့်ပိုင်း ရိုးစွပ်လျှိုစပ်တွင် ရှိနေသောကြောင့် ဖြစ် သည်။

အချိန်မှာ ညနေငါးနာရီခွဲ နေဝင် ဖျိုးဖျအချိန်။

နေမင်းကြီးသည် အနောက်ဘက် ပင်လယ်ပြင်တွင် မေးတင်၍ မြန်မာပြည် သူပြည်သားများကို နှုတ်ဆက်နေချိန်။

"ဗိုလ်ကြီး ... အင်အားကတော့ ကျွန်တော်တို့ထက် သိပ်မများဘူးထင် တယ်"

တပ်ကြပ်ကြီးဆရာစံမင်းက ဗိုလ် ကြီးထွန်းမြင့်အနားသို့ ရောက်ရှိလာစဉ် ပြောသည်။ မြက်ပင်များကြားတွင် ဖက် ရွက်ခြောက် လိမ့်သလို လှိမ့်ပြီး ချဉ်းကပ် လာခြင်းဖြစ်သည်။

"ဟုတ်တယ် ဆရာစံမင်း။ ခန့်မှန်း ခြေ ငါးဆယ်ထက်မများနိုင်ဘူး"

"ဘယ်လိုဆက်ပိုင်း။ ဆက်တိုက် မလဲ ဗိုလ်ကြီး"

"အဲဒါ ကျွန်တော်လည်း စဉ်းစား လို့မရဘူး။ သူတို့မှာ သဘာဝအကာ အကွယ်ရနေတယ်"

"ဟုတ်တယ် ဗိုလ်ကြီး။ ရိုးစွပ်က သိပ်ကျယ်တယ်။ နွန်းတွေကလည်း တော်တော်များတယ်၊ ဖြတ်တက်ရင် နွန်း ကျွံမှာ သေချာတယ်"

"ဒါကြောင့် ဒီကောင်တွေ လေ ကျယ်နေတာပေါ့။ ခက်တာက နေလည်း ဝင်တော့မယ်"

"ဟုတ်တယ် ဗိုလ်ကြီး။ တောက် .. နာလိုက်တာဗျာ။ ဒီသောက်ရိုးစွပ်သာ မခံ ရင် သိပ်ကြည့်ကောင်းမယ်"

"ဆရာစံမင်း ... ခင်ဗျားရဲဘော် တွေကို မြားဦးသဏ္ဍာန်ကနေ ရင်ပေါင် တန်းဖြစ်အောင် ရှေ့ကို အတိုးခိုင်း။ ကျွန် တော် ဒီဘက်ကိုပြောလိုက်မယ်။ ကဲ .. သွား ဆက်လုပ်"

ဆရာစံမင်း လှိမ့်ထွက်သွားသည်။ ဗိုလ်ကြီးထွန်းမြင့်ကလည်း သူ့ဘယ်ဘက် သို့ လှိမ့်ထွက်သွားသည်။ တစ်ယောက်မှ တစ်ယောက် နှုတ်ဆင့်ကမ်းပြောလိုက်ကြ ခြင်းဖြင့် ဘယ်အစွန်နှင့် ညာအစွန်မှ ရဲဘော်များ ရှေ့သို့တက်၍တက်၍ လာ ကြသည်။

မတ်တတ်ရပ်၍ တက်ခြင်းမဟုတ်။ ဝမ်းလျားထိုး မိကျောင်းတွားသွား၍ တက် နေကြခြင်းဖြစ်သည်။

ငှက်ပျောဥယျာဉ်ထဲမှ သေနတ်သံ များ ဆူညံစွာ ထွက်ပေါ်လာကြပြန်သည်။

ရဲဘော်များ ရှေ့သို့တက်ရာတွင် မြက်ပင်များ တလှုပ်လှုပ် ဖြစ်နေသည်ကို မြင်ကြရသောကြောင့် ပစ်ခတ်ကြခြင်းဖြစ် သည်။

ခက်သည်က တစ်ဖက်နှင့်တစ်ဖက် ရိုးစွပ်ကျယ်ကြီးတစ်ခုသာ ခြားနားနေ သောကြောင့် ပါလာသော မော်တာကို သုံး၍မရခြင်းပင်။ တစ်ဖက်နှင့်တစ်ဖက် ပေနှစ်ရာကျော်မျှသာ ဝေးသောနေရာ တွင် မော်တာသည် အလကားလက်နက် အသုံးမဝင်ဖြစ်နေချေသည်။

ဗိုလ်ကြီးထွန်းမြင့် ဘာမျှမတတ်နိုင်။ ဘေးမှ ပန်းတက်ပြီး ငှက်ပျောတောကို ဝိုင်း၍လည်းမဖြစ်။ ယင်းသို့ဝိုင်းချေသော် ကိုယ့်သေတွင်းကိုယ်တူးရာ ရောက်ချေ မည်။

ဝန်းကျင်ပတ်လုံးမှာ လယ်ကွင်း တွေချည်းသာ ဖြစ်သည်။ ကျည်ကွယ် မျက်ကွယ် လုံးဝမရှိ ဖြစ်နေသည်။

သူပုန်များမှာမူ ငှက်ပျောဥယျာဉ်နှင့် ဆက်နေသော ရွာထဲသို့ ဆုတ်ခွာ၍ရ သည်။ ရွာကို အကာအကွယ်ယူပြီး ရွာ၏ အနောက်ဘက်မှ ထွက်သွားနိုင်သည်။

အလင်းရောင်သည် တစ်စတစ်စ ကွယ်ပျောက်သွားနေပြီ။

ရိုးစွပ်ကြီးသည် အရှေ့နှင့်အနောက် တန်းလျက်ရှိနေသည်။ ရွာနှင့် မျဉ်းပြိုင် အနေအထားတွင်ရှိနေသည်။

တပ်ကြပ်ကြီးစံမင်းဆီသို့ လေးဖက် မထောက်တထောက် အနေအထားဖြင့် သွားသည်။ အလင်းရောင်နေရာတွင် အမှောင်ထုကြီးစိုးစ ပြုနေပြီဖြစ်၍ ခန္ဓာ ကိုယ်ကို လှိမ့်သွားစရာမလို။

"ဗိုလ်ကြီး ... ကျွန်တော်တို့ လူခွဲ တိုက်မှဖြစ်မယ်"

"ကျုပ်လည်း ဒီလိုပဲ စဉ်းစားမိ တယ် ဆရာစံမင်း။ ဒီလိုလုပ်ကြရအောင်။



www.burmeseclassic.com

www.burmeseclassic.com

ရွာအနောက်ဘက်ကို တပ်စိတ်တစ်စိတ်နဲ့ သွားစောင့်။ စက်ကြီးယူသွား''

''ဟုတ်ကဲ့ ဗိုလ်ကြီး''

''သူတို့ ငှက်ပျောတောထဲကနေပြီး ရွာထဲဝင်မှာ သေချာတယ်။ ရွာထဲကနေပြီး သူတို့ဖြတ်ကူးနိုင်တဲ့နေရာကို ရွေးပြီး စောင့်။ သင့်တော်သလို ကြည့်လုပ်''

''ဟုတ်ကဲ့''

''ဒီနေရာမှာ တပ်သားသုံးယောက်နဲ့ အကြပ်တစ်ယောက် ပေါင်းလေးယောက်ပဲ ထားခဲ့မယ်။ သူတို့ကို နေရာခပ်ကျဲကျဲထားပြီး ငါးမိနစ်ခြားစ်ခါ၊ ဆယ်မိနစ်တစ်ခါ ငှက်ပျောတောဘက်ကို ပစ်ခိုင်းမယ်''

''ဟုတ်ကဲ့''

''သဘောကတော့ ကျွန်တော်တို့အားလုံး သူတို့ဘက်ကို မကူးဘဲ ဒီနေရာမှာပဲ ဆက်ပြီး တည်ရှိနေတဲ့သဘောသက်ရောက်သွားအောင်ပဲ''

''ကျွန်တော်က ကျန်တဲ့ရဲဘော်တွေအားလုံးကို ခေါ်သွားပြီး အပေ့ရှဘက်က ပန်းဝိုက်ပြီး တက်မယ်။ ငှက်ပျောတောထဲမှာ မနေနိုင်အောင် ဖိပစ်မယ်။ ငှက်ပျောတောထဲ ဝင်စီးလို့တော့ မဖြစ်ဘူး''

''သဘာဝအနေအထားက သူတို့ဘက်က ရှိနေတယ်''

''သူတို့က ကြံ့ကြံ့ခံပြီး ခုခံရင် ကျွန်တော်တို့မစားသာဘူး။ ကျွန်တော်လုပ်မှာက ကျွန်တော်တို့ သူတို့ဘက်ကို ရောက်နေပြီဆိုတာ သိအောင်ပဲ''

''ကျွန်တော်သဘောပေါက်ပါတယ် ဗိုလ်ကြီး။ သူတို့သိအောင် ကျွန်တော်တို့ ဘယ်ကိုရောက်နေပြီလို့ အသိပေးလိုက်ရင် သူတို့ ဆုတ်ခွာကြမှာ သေချာပါတယ်''

''ကောင်းပြီ ... အခုစလုပ်တဲ့အချိန်ကစပြီး သူတို့ဘက်ကို ချဉ်းကပ်မိသည်အထိ အများဆုံး နှစ်နာရီကြာမယ်။ ဒီအတွင်းမှာ သူတို့ဆုတ်ခွာပြီးဖြစ်ချင်လည်း ဖြစ်နေမယ်''

''ဟုတ်ကဲ့''

''ကျွန်တော်တို့ဘက်က သေနတ်ပစ်ခတ်သံ များများကြားရရင် ကျွန်တော်တို့ ငှက်ပျောဥယျာဉ်ကို ရောက်နေပြီလို့ယူဆပါ။ တစ်ချက်ချင်းပစ်သံကြားရရင် ဒီမှာကျန်ခဲ့တဲ့ ရဲဘော်လေးယောက်ရဲ့ ပစ်ခတ်သံလို့ပဲ နားလည်ပါ''

''ဟုတ်ကဲ့''

''ကျွန်တော်တို့ ငှက်ပျောဥယျာဉ်ကို ချဉ်းကပ်မိသည်ဖြစ်စေ၊ မချဉ်းကပ်ရသေးသည်ဖြစ်စေ ဆရာစံမင်းတို့ကတော့ သတိကြီးကြီးထားပြီးစောင့်။ ဘာကြောင့်လဲဆိုတာ ခင်ဗျားနား သည်သဘောပေါက်တယ် မဟုတ်လား''

''ဟုတ်ကဲ့၊ နားလည်ပါတယ်ဗိုလ်ကြီး။ ဗိုလ်ကြီးတို့မရောက်သေးလည်း သူတို့ရှေ့က ထွက်သွားရင် လွတ်သွားနိုင်လို့ပါ''

''ကောင်းပြီ၊ စလုပ်၊ သတိရှိပစေ၊ လောမကြီးနဲ့။ လွတ်ထွက်သွားလည်း မတတ်နိုင်ဘူး။ ကိုယ်က ဒီဒေရိယာနယ်မြေ မကျွမ်းဘူး။ ပြီးတော့ ညကြီးမင်းကြီး မှောင်ကြီးထဲမှာ အကွက်ဆင်ရတာ။ မိရင်အမြတ်၊ မမိရင် အရင်းပဲ''

''စိတ်ချပါ ဗိုလ်ကြီး''

''ကဲ ... သွားတော့။ ဆရာမောင်ပါကို ဒီမှာချထားခဲ့မယ်''

''ဟုတ်ကဲ့ ... သွားပြီဗိုလ်ကြီး''

× × ×

လမိုက်နေသော်လည်း ကြယ်ရောင်များက မှုန်ဝါးဝါးလင်းနေသည်။

''ရှေ့ပြေးကင်းနှစ်ယောက် ရှေ့ကတက်။ ကိုက်ငါးဆယ်ကွာလောက်ရောက်ရင် တပ်စုစပြီး ချီတက်။ ရန်သူဟာ ညာဘက်မှာသာရှိတယ်ဆိုတာ သိထား။ အန္တရာယ်က ညာဘက်ကပဲ လာမယ်။ တစ်ယောက်နဲ့တစ်ယောက် နှစ်လံကွာလောက် ရင်ပေါင်တန်းပြီးချီတက်။ မှောင်ထဲမှာ လူချင်းမကွဲစေနဲ့''

တစ်ယောက်နှင့် တစ်ယောက်အမှောင်ထဲမှာပင် ဖြစ်လင့်ကစား ခပ်ရေးရေးမြင်တွေ့နေရသည်။ ရန်သူသည် ညာဘက်တွင်ရှိသည်။ ရန်သူက အရိပ်အခြည်ကိုသိ၍ ပစ်ခတ်လျှင်လည်း အရေးမကြီး။ ငှက်တောင်ပံဖြန့်သကဲ့သို့ ချီတက်နေခြင်းဖြစ်သည်။ ရန်သူဘက်ကကြည့်လျှင် အစွန်ကတစ်ယောက်ကိုသာ မြင်ရမည်။ ပစ်ကွင်းကျဉ်းသည်။

ရိုးစွပ်ချောင်းသည် ရှည်လျားလှသည်။ အမှောင်ထုထဲတွင်ဖြစ်၍ ခရီးမတွင်။ လေးဖာလုံမျှကို တစ်နာရီခန့်သွားရသည်။ ရိုးစွပ်ထိပ်ပိုင်းသို့ရောက်ရှိလာကြသည်။

ချောင်းကျဉ်းသွားသောကြောင့် ရိုးစွပ်ထဲသို့ ဆင်းရန်မလို။ ခုန်ကူးလိုက်ရုံမျှဖြင့် ကျော်ပြီးရောက်ပြီး ဖြစ်သွားကြသည်။

''ရဲဘော်တို့ ခြေသံကိုလုံအောင်သတိထား။ ခလုတ်တိုက်လဲမကျအောင် သတိထား။ နှေးချင်နှေးပစေ၊ ပိပိရိရိချီတက်။ သတိကို ကိုယ်နဲ့တစ်ထပ်တည်းရှိပါစေ''

အရှေ့ဘက်သို့ ချီတက်နေရာမှ ရိုးစွပ်ကို ဖြတ်ပြီးသော် အနောက်ဘက်သို့ ပြန်လည်လာကြသည်။

ဗိုလ်ကြီးထွန်းမြင့်က ချီတက်ပုံအနေအထားကို ပြောင်းလဲလိုက်သည်။

အစက ရင်ပေါင်တန်း ချီတက်ရာမှ ယခုသော် ရှေ့နောက်တန်းစီ၍ ချီတက်စေသည်။ မိမိတို့ဘက်သို့ ရန်သူက ပစ်ခတ်လျှင် ပစ်ကွင်းကျဉ်းစေရန် ဖြစ်သည်။ ရန်သူနှင့် မျက်နှာချင်းဆိုင် အနေအထား



www.burmeseclassic.com

www.burmeseclassic.com

သို့ ချီတက်ရာတွင် ဘယ်ကောင်ပဲ ညာကောင်ပဲဖြစ်နေ၍ ချီတက်သောက ပစ်ကွင်းကျယ်နေမည်။

''လိုင်း . . . ဖျောက် . . . ထိုင်း . . . ဖျောက်''

ချီတက်နေကြစဉ်အတွင်း တစ်ချက်တစ်ချက် ပစ်ခတ်သံများကို ကြိုကြားကြိုကြား ကြားနေရသည်။ တပ်ကြပ်ဆရာမောင်ပါနှင့် ရဲဘော်များ၏ လက်ချက်ဖြစ်ကြောင်း ဗိုလ်ကြီးထွန်းမြင့်နှင့် ရဲဘော်များ နားလည်ကြသည်။

နာရီဝက်ခန့် ငှက်ပျောဥယျာဉ်သို့ တိုးကပ်သွားမိကြသောအခါ ငှက်ပျောဥယျာဉ်ထဲမှ ဝင်းခနဲမီးရောင်တစ်ခု ထွက်လာသည်။ မီးရောင်သည် ငှက်ပျောဥယျာဉ်အပေါ်သို့ ဝါးတစ်ရိုက်ခန့် မြင့်တက်လာခြင်းဖြစ်သည်။ ဆရာမောင်ပါတို့အဖွဲ့က လျင်မြန်စွာ ပစ်ခတ်လိုက်ကြခြင်းကြောင့် တစ်စုံတစ်ခု ကွဲကျသွားကြောင်း အားလုံး နားလည်လိုက်ကြသည်။

ဗိုလ်ကြီးထွန်းမြင့်အဖွဲ့က ချီတက်မြဲ ရှေ့သို့ ချီတက်သွားကြသည်။ ငှက်ပျောဥယျာဉ်နှင့် ရွာစဉ်တန်းတောအုပ်ကို ကြယ်ရောင်အောက်တွင် မည်းမည်းကြီး လှမ်းမြင်နေရသည်။ [illegible]တော့မှ တပ်သားများကို ရပ်ရန် အမိန့်ပေးစုစည်းလိုက်သည်။

''အားလုံးနားထောင်။ တပ်ကိုဖြန့်တက်မယ်။ သတိထားပြီးတက်ကြ။ အမိန့်မပေးမချင်း မပစ်နဲ့။ ဥယျာဉ်နား ကပ်မိသည်အထိတက်။ မီးရောင်မြင်ရတာကို ထောက်ရင် ဒီကောင်တွေ ဥယျာဉ်ထဲမှာ ရှိနေသေးတာ ထင်ရှားတယ်''

ရန်သူနေရာနှင့် နီးကပ်လာလေလေ ချီတက်နှုန်းသည် နှေးကွေးလေလေပင် ဖြစ်သည်။ ဆရာမောင်ပါ၏ ပစ်ခတ်သံကိုလည်း ကြိုကြားကြိုကြား ကြားနေရသည်။ ဥယျာဉ်နားသို့ ချဉ်းကပ်မိသည့်တိုင် ပြစ်လည်းပစ်ခတ်သံ မကြားရ။

အားလုံးပင် ငြိမ်သက်တိတ်ဆိတ်စွာ မိုးကောင်းကင်ဆီမှ ဝင်းခနဲ ထိန်ခနဲ လင်းသွားသော အလင်းရောင်ကို မြင်တွေ့လိုက်ရသည်။ တစ်ဆက်တည်း ပစ်ခတ်သံများလည်း ထွက်ပေါ်လာသည်။

''ဒုတ်ဒုတ်ဒုတ်ဒုတ် . . . ဒုတ်ဒုတ် ဒုတ်ဒုတ်''

''ဝုန်း . . ဝုန်း . . ဝုန်း . . . ဒိုင်း . . ရှိုး . . . ဖန်း''

မလေထီးဖြင့်တင်ထားသော မီးကျည်သည် အချိန်ကြာမြင့်စွာ လေထဲ၌ [illegible]ယိမ်းနေသည်။

အလင်းရောင်နှင့်အတူ ပေါ်ကိုက်ပေါ်ထွက်လာသော သေနတ်သံများ၊ လက်ပစ်ဗုံးသံများ ကြားလိုက်ရခြင်းအားဖြင့် ရန်သူတို့သည် တပ်ကြပ်ကြီး ဆရာစံမင်း၏ စက်ကွင်းထဲသို့ ဝင်မိသွားကြပြီဖြစ်ကြောင်း ဗိုလ်ကြီးထွန်းမြင့် နားလည်လိုက်သည်။

''ရဲဘော်တို့ . . . ငှက်ပျောတောထဲမှာ ရန်သူတွေမရှိတော့ဘူး။ တစ်ပြိုင်နက်ဝင်စီးမယ်''

အားလုံး ငှက်ပျောတောထဲသို့ ဝင်ခါနီးတွင် ဗိုလ်ကြီးထွန်းမြင့်က ရှိုးစွပ်တစ်ပက်ကာမ်းသို့ လှမ်း၍ အော်ပြောသည်။

''ဆရာမောင်ပါ အပစ်ရပ်တော့။ ငါတို့ဝင်စီးပြီဟေ့''

''ရပ်ပါပြီ ဗိုလ်ကြီး''

တပ်ကြပ်ကြီး ဆရာစံမင်းတို့ဘက်မှ သေနတ်သံများကြားရကတည်းက အပစ်ရပ်ထားပြီး ဖြစ်သည်။ ဗိုလ်ကြီးထွန်းမြင့်တို့အဖွဲ့က ဥယျာဉ်ကိုဝင်စီးသည်။ ပိုက်စိပ်တိုက်၍ ရှာသည်။ သေနတ်တစ်ချက်မှ မပေါက်ရ။ ရန်သူဆို၍ တစ်ယောက်မျှမရှိကြတော့။

ငှက်ပျောခြံထဲရှိ ဥယျာဉ်တဲအနီးတွင် ဘက်ထရီအိုးများ၊ ဝါယာကြိုးများ၊ [illegible]

[illegible]

ဝါယာကြိုး[illegible]

ကို [illegible]သည်။

[illegible]ကျန်[illegible]သည် ဝါယာကြိုးဖြင့် မီးပွန်းပြီး မိုးပေါ်သို့ ထောင်ပြကြခြင်းဖြစ်သည်။

ထိုအဓိပ္ပာယ်ကို ဗိုလ်ကြီးထွန်းမြင့် စဉ်းစား၍မရ။ ယင်းသို့ မီးထောင်ပြခြင်းဖြင့် မည်သို့သော အကျိုးအမြတ်များ ရရှိလေသနည်း။ သက်သက်အပျော်သဘော နောက်ပြောင်ကြခြင်းပေလော။

ဖြစ်နိုင်ခြေရှိသည်ကား သူပုန်တို့သည် သူတို့၏တပ်ကို တပြည့်ပြည်း ဆုတ်ကြဖို့ရှိသည်။ အနီးရှ[illegible] မှုလနေရာတွင် ရှိသော၏လော[illegible] ပြီလော သိသာနိုင်ရန် မီးလုံးထောင်၍ ပြကြခြင်း ဖြစ်နိုင်သည်။

မီးထောင်ပြ၍ လှမ်းပစ်လျှင် အစိုးရတပ်သည် နေရာမရွှေ့သေး၊ မပစ်လျှင် အခြားနေရာသို့ ပြောင်းရွှေ့သွားပြီ၊ ပြောင်းရွှေ့သွားလျှင် အပူတပြင်း ဆုတ်ခွာမည်၊ သည်သဘောဖြင့် မီးပြကြခြင်း ဖြစ်နိုင်သည်။

''ရဲဘော်တို့ ရွာထဲမှာ ရန်သူတွေ မရှိနိုင်တော့ဘူး။ ဝင်စီးကြမယ်''

ရွာကိုဝင်စီးမိမှ တပ်ကြပ်ကြီးဆရာစံမင်းတို့နှင့် အလွယ်တကူ ဆက်သွယ်၍ရမည်။

ဆရာစံမင်းတို့နှင့် ညတိုက်ပွဲဖြစ်ကတည်းက ရွာထဲမှာ သောင်းကျန်းသူများအားလုံး ထွက်ခွာသွားကြပြီဖြစ်သည်။ ယင်းထွက်ကိန်းဖြင့် ရွာကို ရဲရဲတင်းတင်းပင် ဝင်စီးကြသည်။

ဗိုလ်ကြီးထွန်းမြင့်က သူ့ကာဘိုင်သေနတ်ကို အပေါ်ထောင်၍ လေးချက်ကို ခြား၍ခြား၍ ပစ်သည်။ ရွာထဲသို့ဝင်ပြီး ရွာကိုဝင်စီးပြီဟူ၍ ဆရာစံမင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

[illegible] သိရှိစေဖို့ [illegible] လိုက်ခြင်းပေပေ။

"ကျွန်တော့်အကိုနေတဲ့ [illegible] သိမ်းပြီးပြီ။ [illegible] ကြပြီ။ ကိုယ့်အိမ်ပေါ်ကိုသာ [illegible] ပါ။ အေးအေးချမ်းချမ်း နေထိုင်ကြပါ။ ဟေ့ ... ဆရာမောင်စိန်။ ရွာအဝင်ဝမှာ ချထားတဲ့ ကင်းတွေလိုက်စစ်။ သေရေးမဲမင်း တို့နဲ့ လူမမှားစေနဲ့"

တစ်ရွာလုံး လှုပ်လှုပ်ရွရွ ဖြစ်လည့် [illegible] ကြသည်။ အိမ်အောက်တွင်၊ [illegible] မှာတွင် ပြားနေအောင် ဝပ်နေ [illegible] ကြရာမှ မိမိတို့ အိမ်ထဲသို့ ပြန် ဝင်ကြသည်။

မကြာပါချေ။ တစ်ကြိမ်ကြီးလေ [illegible] စမင်းတို့အဖွဲ့ ရွာထဲသို့ ဝင်လာကြသည်။ [illegible] ကြီးတွန်းမြင့်မှာ သူကြီးအိမ်သို့ ရောက်ရှိနေပြီဖြစ်သည်။ သူကြီး [illegible] တိုးတိတ်တိတ် [illegible] တစ်ခွန်းကြောင့် [illegible] ကို ဖြန့်လည့်စုစည်းထားပြီးဖြစ် သည်။

"ဗိုလ်ကြီး ... အပေါက်နှစ် ခုမယ် အကုန်မီပါတယ်။ [illegible] တယ်။ [illegible] ဒါပါတယ်"

"သူကြီး ... အလောင်းတွေကို မြုပ်ပေးလိုက်ပါ။ ကျုပ်တော်တို့ သက် လိုက်စိုက်ဦးမယ်။ [illegible] အော်ဟားဦး။ အေးချမ်းဖို့ [illegible] ဘူး။ ပျော်ရွှင်မှုတွေကို မမြှောင်"

"မှတ်ကြရ ဗိုလ်ကြီး"

[illegible] ... ဆရာစမင်း [illegible] တိုင်းသူသိကြ [illegible] တွက်ပေး၊ [illegible] မယ်။ [illegible] ဆရာ စမင်းလည်း လိုက်ခဲ့။ [illegible] မောင်ဝါနဲ့ ဆရာမောင်စိန် [illegible] လိုက်ခဲ့ကြ"

[illegible] ဗိုလ်ကြီးတွန်း မြင့်က ရေမှ [illegible] ဆရာစမင်းတို့ လက် တစ်ရုံး [illegible] သည်။

"ဆရာစမင်း ... ရှေ့ဆက်သွား [illegible] အစပေါက်နှစ်ခုရှိသော အင်အားရှိတယ်တဲ့။ အခု [illegible] အပေါက်နှစ်ဆယ်က နောက်ချန်ထားခဲ့ တဲ့ အုပ်စုပဲ [illegible] ပြန် စုမိသည်လာဘူးလို့ ပြောလို့ရဘူး။ [illegible] အားချင်း သိပ်ကွာနေတယ်။ [illegible] ကြီးတွေလည်း [illegible] တယ်"

"ဟုတ်ပါတယ် [illegible]"

"ကျွန်တော်တို့ [illegible] လိုက်မလိုက်လိုတစ်ခုလုံးလိုက် [illegible] ကို ဆုတ်ရမှာ။ အကျအဆုံး [illegible] နှစ်ဆယ်ရလိုက်တာ [illegible] ထွက်တာယ်လို့ တွက်ရမောမယ်။ [illegible] တို့က တိုက်ခိုက်ရေးထွက်တာ။ ရှေ့ဆက်ရ တစ်ဖွဲ့အနေနဲ့ [illegible] ဘူး။ [illegible] ဘူး နိုင်ငံ့ [illegible]"

"[illegible] ဗိုလ်ကြီး။ [illegible] ကို ကျွန်တော်တို့ မကျွမ်းကျင်ဘူး။ နယ် မြေလည်း [illegible] နေတယ်"

"ဒီကနေ ရွာကိုပတ်၊ [illegible] ထားသည်။ [illegible] ရိုးစွပ်ထိုင်မိုင်း ဆက် [illegible] မယ်။ [illegible] ယ်။ [illegible] ခြွားလိုး၊ လည့်ပြီးပြန်မယ်"

"ဟုတ်ကဲ့ ဗိုလ်ကြီး။ [illegible] [illegible] ကိုလိုက်ပါမယ် [illegible] [illegible]"

"[illegible] ... ကျွန်ုပ်ပြီ"

တပ်ကြွပ်ကြီးလည်း နောက်ကြောင်း ပြန်လှည့်လာသည်။ နောက်မှ လိုက်လာ သော [illegible] သည်။

"တပ်ကြပ်မောင်စိန်မိလား"

"မောင်စိန် [illegible]"

[illegible] နေတာ [illegible] တွေ့က"

"ဟုတ် [illegible]"

နောက်မှ [illegible] တွား တစ် ယောက်ချင်း အတိုချုပ်တိုးတိုးအမိန့်ပေး သည်။

"တစ်လက်ကျ ... [illegible]"

[illegible] သွားသည်။ [illegible] ပြီ [illegible]

"[illegible]"

[illegible]

[illegible] ကြီး။

[illegible] ဖြင့်ဖွာ [illegible] အခြေ [illegible] ရောက်ခဲ့ပြီ ဖြစ်[illegible] အတွက် [illegible] တစ်ချက် ကို [illegible] လိုက်မိပေတော့သည်။

[illegible] ဆက်လိုက်မိပေတော့သည်။

မြင့်ဦးဦးမောင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# မတိမ်းမစောင်း စိန်းမောင်းနဲ့ဝို

သိင်္ခသူ

အလယ်ရိုးမခေါ် ပဲခူးရိုးမကြောကြီးပေါ်သို့ ဒေါင်းပစ်ရန် သာစိန်နှင့် ဖိုးတူတို့ ထွက်လာခဲ့ကြသည်။ ကြောကြီးကား သာစိန်တို့နေထိုင်သော ပဲခူးတိုင်း၊ ဖြူး၊ ဖေယျာဝတီ၊ ကညွတ်ကွင်း စသည့် မြို့နယ်ကလေးများ၏ နောက်ကြောတွင် မှိုင်းမှိုင်းညို့ညို့ ဆိုင်းဆိုင်းစိုစိုနှင့် လွမ်းဖွယ်ကောင်းလောက်အောင်ပင် သွယ်တန်းလျက် ရှိလေသည်။ သာစိန်တို့၏ ဗန့်ဇွေးကုန်းရွာကလေးမှသွားလျှင် တစ်မွန်းတည့်သာသာသွားရပြီး ငှက်ပစ်၊ မျှစ်ချိုး၍ နေအကျတွင် ရွာသို့ပြန်ပါက မှောင်ရီပျိုးချိန်လောက်တွင် ပြန်ရောက်လေ့ရှိသည်။ ထို့ကြောင့် သာစိန်က ဖိုးတူကို အဖော်ခေါ်၍ ဒေါင်းပစ်ရန် ထွက်လာခဲ့ခြင်း ဖြစ်လေသည်။ နံနက်မလင်းတလင်းမှာပင် နှစ်ယောက်သား ရွာမှ ထွက်ခဲ့ကြရာ ရိုးမအစပ်သို့ ဆယ့်တစ်နာရီလောက်တွင် ရောက်လာကြလေ၏။ ရွာမှ အသင့်ထုပ်ယူခဲ့သော ထမင်းထုပ်ကို အရိပ်ကောင်းသည့် ကညင်ပင်ကြီးအောက်သို့ဝင်ကာ ဖြေစားလိုက်ကြသည်။ စားသောက်ပြီး ခဏနားနေစဉ် သာစိန်က ဖိုးတူကိုပြောလိုက်သည်။

"ဖိုးတူ ... ငါပြောတာကို မင်းသေသေချာချာ နားထောင်။ တောထဲတောင်ထဲရောက်ရင် ရွာမှာတုန်းကလို ဗလွတ်ရွတ်တတွေ မပြောနဲ့။ နောက်တီးနောက်တောက်လည်း မလုပ်နဲ့။ ဖြစ်နိုင်ရင် ဘာမှမပြောဘဲ ရေငုံနှုတ်ပိတ်လုပ်နေတာ အကောင်းဆုံးပဲ ကြားလား။ သတိရှိပစေ ဟေ့ ..."

မှန်ပေသည်။ ဖိုးတူက ဝမ်းတွင်းရူးလိုလို၊ လူပြောင်လိုလို ရွှတ်တွတ်တွတ် လုပ်တတ်သော အကျင့်က ရှိသည်။ ကာလသားအချင်းချင်းပင်လျှင် ဖိုးတူကိုသာ အနားခေါ်ထားပါက ပေါက်တီးပေါက်ရှာ ပြောသလား။ ပြောရဲ့။ နောက်တီးနောက်တောက် လုပ်သလား။ လုပ်ရဲ့။ သူ့ကြောင့် အားလုံးသောလူတို့မှာ ရယ်လိုက်မောလိုက်ကြရသည်မှာ ပတ်တုတ်ယူရမလောက်ပင်။ သို့သော် တောက ရပ်ထဲရွာထဲနှင့် မတူ။ အသွားမတော် တစ်လှမ်း၊ အစားမတော် တစ်လုတ်ဆိုသကဲ့သို့ မပြောမတော် လေချော်လျှင် အသက်ကိုပင် အလျော်အစား ပေးရတတ်သည်။ ထို့ကြောင့် သာစိန်က ဖိုးတူကို အတန်တန် သတိပေးနေခြင်း ဖြစ်သည်။

"အင်းပါ .. ကိုသာစိန်ရာ။ ကျွန်တော် နားလည်ပါတယ်။ တောထဲဝင်တာနဲ့ ကျွန်တော့်ပါးစပ်ကို ပလာစတာနဲ့ ကပ်ထားသလို ပိတ်ထားပါ့မယ်။ ဒေါင်းရအောင်သာ လုပ်ပါဗျာ"

ဖိုးတူက သတိပေးသည်။ သာစိန်ဒေါင်းအပစ်ထွက်ခြင်းကလည်း အကြောင်းရှိသည်။ သာစိန်တို့ ရွာသို့ဆင်း၍ ကားလမ်းနံဘေးရှိ မြို့ကလေးများတွင် ထမင်းဆိုင်ဖွင့်ထားသော ဆိုင်ရှင်များက သူတို့ဆိုင် လူကျအောင် တောထွက် ယုန်၊ ဖွတ်၊ ချေ၊ ဒေါင်း စသည့် အသားများကို ဟင်းလျာအဖြစ် ချက်ပြုတ်ရောင်းချလိုသောကြောင့် ဆင်းဝယ်လေ့ရှိသည်။ ထိုတောထွက် အသားအမည်စုံထဲမှ ခရီးသည်အချို့က ဒေါင်းသားဟင်းကိုမှ မက်မက်စက်စက် မေးလွန်းသဖြင့် သာစိန်နှင့် ရင်းနှီးသော 'တောသားကြီး' ထမင်းဆိုင်မှ ကိုအေးကျော်က သာစိန့်ကို ဒေါင်းအရှာခိုင်းသဖြင့် သာစိန် ဒေါင်းပစ်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။ တကယ်တော့ သာစိန်တစ်ယောက်တည်း တောတက်ချင်ပါသည်။ ကိုယ်ကကျူး ကိုယ့်ဒူးကိုပင် စိတ်မချသည့်သဘော ဖြစ်ပါ၏။ သို့သော် တစ်ယောက်တည်းသွားဖို့ကလည်း မသင့်တော်။ မာယာများသည့်တော၊ အလှည့်အပတ် အပြောင်းအလဲမြန်သည့် တောထဲတွင် ဒုက္ခတစ်စုံတစ်ရာ တွေ့ပါက ဖေးမမည့် ကူဖော်လောင်ဘက် လိုသောကြောင့် ဖိုးတူကို ခေါ်လာခဲ့ရခြင်း ဖြစ်လေ၏။

သို့နှင့် ရွက်လည်းမြိုင်မြိုင်၊ ပင်လည်းစိပ်စိပ်နှင့် တောရိပ်တောင်ရိပ်ထဲသို့ နှစ်ယောက်သား ရောက်ရှိလာခဲ့ကြသည်။ လက်ထဲတွင်ကား သားကောင်တွေ့က ပစ်ရန် ဒူးလေး၊ ငှက်ခတ်ရန် လင်းလေးတို့ကို လက်နက်အဖြစ် ယူဆောင်လာခဲ့ကြပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဖလပ် ... ဖလပ် ... ဖလပ်"

တောင်ပံခတ်သံ ကြားရသဖြင့် မျက်စိရှင်ရှင်နှင့် သစ်ပင်ထက်သို့ ကြည့်လိုက်ရာ တောင်သရက်ပင်၏ ကိုင်းအထက်တွင် တောကြက်ဖိုမတစ်စုံကို တွေ့လိုက်ရသည်။ သာစိန်က လင်းလေးကိုကိုင်ပြီး လောက်လွှဲအိမ်တွင် လောက်စာထည့်ကာ သစ်ပင်ထက်မှ ကြက်ဖိုကို ချိန်၍ ပစ်ထည့်လိုက်သည်။

"ဖောက် .. ဖလမ်း .. ဖလမ်း .. ဖလမ်း"

လောက်စာက ကြက်ဖိုကြီး၏ခေါင်းကို ဆိုက်ဆိုက်မြိုက်မြိုက် သွားမှန်သဖြင့် လန့်ကာ အတောင်ပံခတ်ရင်း မြေပြင်ပေါ်သို့ ပြုတ်ကျလာသည်။ တက်တူက အပြေးအလွှား သွားကောက်လိုက်ပြီး

"နည်းတဲ့ကောင်ကြီး မဟုတ်ဘူး။ ဝိသာထက်မအောက်နိုင်ဘူး ကိုသာစိန်ရေ ..."

ဟုပြောကာ ကြက်ကြီးကို မြှောက်ပြလိုက်သည်။

"အေးပေါ့ကွာ။ ဒေါင်းမဟုတ်သေးပေမဲ့ အိမ်အတွက် ဟင်းစားရတာပေါ့"

ပြောဆိုပြီး နှစ်ယောက်သား မျက်စိကစားရင်း လျှောက်လာလိုက်သည်မှာ အချိန်အတော်ကြာသွားလေ၏။

"ဟူး ... ဒေါင်းရဲ့တွန်သံဝေးလို့ အစအနတောင် မမြင်ရ၊ မကြားရသေးဘူး။ နေတောင် အတော်မြင့်လာပြီ၊ ဒီနေ့တော့ ကြက်မကြီးတစ်ကောင်နဲ့ပဲ စခန်းသိမ်းရမယ် ထင်ပါ့"

သာစိန်က စိတ်ပျက်လက်ပျက်ဖြင့် ပြောရင်း ဒီဒူးပင်ကြီး၏ အခြေတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"ကိုသာစိန် ခဏနားနေဦး။ ကျွန်တော် ဟိုးရှေ့က စမ်းချောင်းထဲမှာ ရေတစ်ဘူးလောက် သွားဖြည့်လိုက်ဦးမယ်"

သောက်ရေသန့်ဘူးနှင့် ရွာမှထည့်လာခဲ့သော သောက်ရေကုန်သွားသဖြင့် ဖိုးတူက စမ်းချောင်းတွင် ရေသွားဖြည့်သည်။ ရေဘူးဖြည့်ပြီး၍ သာစိန်ရှိရာသို့ ပြန်လာသောအခါ သူမြင်လိုက်ရသော မြင်ကွင်းကြောင့် ဖိုးတူခမျာ ကြက်သေသေသွားရလေသည်။ ဒီဒူးပင်အောက်တွင် ခြေဆင်းလျက် ထိုင်နေသော သာစိန်၏နောက် ချုံပုတ်ပေါ်တွင် တောကြီးမြွေဟောက်ခေါ် ငန်းပုပ်ကြီးတစ်ကောင်ကို တွေ့လိုက်ရသည်။ ထိုငန်းပုပ်ကြီးက ပါးပျဉ်းကြီးကို ဝန်းကာ သာစိန်၏ ဦးခေါင်းတည့်တည့်ကို ချိန်ရွယ်ထားလေ၏။ အကင်းပါးသော သာစိန်က သူ၏ ကိုယ်ခန္ဓာကို တည်ငြိမ်နိုင်သမျှ တည်ငြိမ်အောင်ထားပြီး မလှုပ်မယှက် နေလိုက်သည်။ တိရစ္ဆာန်၏သဘာဝကလည်း သူ့အစာ သို့မဟုတ် သူ့ပစ်မှတ်ကို လှုပ်ရှားပြေးလွှားနေမှသာ မျက်စိနောက်ပြီး တိုက်ခိုက်လေ့ရှိကြသည်။ ငါးမန်းပဲဖြစ်ဖြစ်၊ ကြောင်က ကြွက်ကိုပဲ ဖြစ်ဖြစ် လှုပ်မှ ပြေးကိုက်သည်။ အသေကောင်လို ငြိမ်သက်နေလျှင်ကား တွေဝေပြီး စိုက်ကြည့်နေတတ်ကြသည်။ ထို့ကြောင့် ငန်းပုပ်ကြီးကလည်း သာစိန်၏ လှုပ်ရှားမှုကို မင်တက်စွာဖြင့် စောင့်စားနေလေ၏။ ဖိုးတူက တိရစ္ဆာန်၏အထာကို မကျွမ်းသော်လည်း သူ့အနေဖြင့် သာစိန့်ကို မည်သို့မျှ အကူအညီပေးရန် မဖြစ်နိုင်ကြောင်း သဘောပေါက်သည်။ ငန်းပုပ်ကြီးအား ပစ်ခတ်ခြောက်လှန့်လိုက်ပါမှ အခြေအနေ ပိုမိုဆိုးဝါးသွားမည်ကိုလည်း စိုးရိမ်သည်။

သာစိန်ကလည်း ဖိုးတူကို လှမ်းမြင်လိုက်သည်နှင့် မျက်လုံးကို အသုံးပြုကာ မျက်စမျက်နနှင့် အနားမလာဖို့ ဟန့်တားလိုက်သည်။ ထိုစဉ် ...

"ဖန်း .. ဖန်း .. ဖန်း .. ဖလပ် .. ဖလပ်"

ဟူသော အတောင်ပံခတ်သံတစ်ချက် ကြားလိုက်ရသည်။ ထို့နောက် အစိမ်းရင့်ရောင် ပုပ်ပုပ်နှင့် မျက်ဆန်ကွက် ခရမ်းသွေးရောင် ရှိသော ဒေါင်းဖိုကြီးတစ်ကောင်ကို သစ်ပင်ထက်[...] တွေ့လိုက်ကြရသည်။

"ရှီးမှပဲ။ ရှာတုန်းကတော့ [...] ပျောက်ငှက်ပျောက်။ လှုပ်မရ လှည့်[...] တဲ့ အချိန်ကျမှ သင်းက အခန့်သား[...] လာတယ်"

သာစိန်က စိတ်ထဲမှနေ၍ ဒေါင်း[...] ကြီးကို ကျိန်ဆဲလိုက်သည်။ ထိုစဉ် ဒေါင်း[...] ဖိုကြီးက ...

"ကွတ် ... ကွတ် .. ကွတ် [...] ကွတ် .. ကွတ် .. ကွတ်"

ဘာသာဘာဝ ဖိုမသံပေး[...] လား၊ သို့တည်းမဟုတ် အော်ရိုးအော်[...] အော်သည်လားမသိ။ တကွတ်ကွတ်[...] အော်လိုက်သည်။ သာစိန်ကို အာရုံ[...] နေသော ငန်းပုပ်ကြီးမှာ ဒေါင်းဖိုကြီး[...] အော်သံကြောင့်လော၊ သို့တည်းမဟုတ်[...] လှုပ်ရှားမှုကို မြင်တွေ့လိုက်ရသော[...] ပေလော ပါးပျဉ်းကြီးကို ရုပ်ကာ နော[...] လှည့်ပြီး ချုံကြီးထဲသို့ ကသုတ်ကရက်[...] ဆင်းတိုးဝင်ပျောက်သွားတော့သည်။ [...] အခါမှပင် သာစိန့်ခမျာ အသက်ဝ[...] တော့သည်။ ဖိုးတူက သာစိန့်အနီး[...] အပြေးကလေး ရောက်လာပြီး ...

"ဟိုမှာ ... ဟိုမှာ .. ဒေါင်း[...] လေ ဒေါင်းကြီး။ မြန်မြန်ပစ် ... [...] လေ .. ပစ်ပါ"

သစ်ပင်ထက်မှ ဒေါင်းကြီးကို [...] ပြ၍ ရေငတ်သလို ပြောနေလေ[...] သာစိန်ကတော့ တုတ်တုတ်မျှမလှု[...]

"မပစ်ပါဘူးကွာ။ မပစ်ဘူး[...] ဒေါင်းကြီးဟာ ငါ့ရဲ့အသက်သခင်[...]"

သာစိန်တစ်ယောက် ကြောက်[...] ဖြင့် ကြောင်သွားပြီဟု ဖိုးတူက [...] လိုက်မိသည်။

"ဘာလဲ ... ငါပြောတာကို [...] သဘောမပေါက်ဘူး မဟုတ်လား[...] ဆိုတဲ့ သတ္တဝါ၊ ကြွက်ဆိုတဲ့သတ္တ[...] ဟာ သူတို့ကို ဖမ်းစားလေ့ရှိတဲ့[...] တို့၊ သိန်းစွန်တို့၊ ဒေါင်းတို့ရဲ့အသံ[...]



www.burmeseclassic.com

www.burmeseclassic.com

ပဟုတ် လုပ်ရှားမှုတွေကို ရိပ်ခနဲတွေ့တာနဲ့ ပြေးပုန်းတတ်ကြတယ်။ ခုနက ငန်းပုပ်ကြီးဟာ ဒေါင်းကြီးရဲ့အသံနဲ့ ပုံရိပ်ကိုမြင်ပြီး ငါ့ကိုတောင် သတိမရနိုင်တော့ဘဲ ထွက်ပြေးသွားတာကွ။ ဒါကြောင့် ငါ့အသက်သခင် ကျေးဇူးရှင် ဒေါင်းကြီးကို ငါဘယ်ပစ်ရက်ပါတော့မလဲ။ နောက်နောင်လည်း ဒေါင်းမပစ်ဖို့ ငါဆုံးဖြတ်လိုက်ပြီ''

သာစိန်၏ စကားကြောင့် ဖိုးတူ့စိတ်ပျက်သွားလေ၏။ မြွေကြီးကြောင့် နှစ်ယောက်သား အချိန်မည်မျှ ဖြုန်းလိုက်ရသည်မသိ။ နေက စောင်းရုံမျှမက ညို၍ပင်နေလေပြီ။ သာစိန်က ဒေါင်းရလျှင် ဖိုးတူ့ကို မြက်မြက်ကလေး ပေးပါမည်ဟု ပြောဆိုပြီး ခေါ်လာသောကြောင့် လိုက်လာခဲ့ရာ ယခု ဒေါင်းမရသောကြောင့် တောကြက်ဖကြီးကိုသာ ဟင်းစားလုပ်ရတော့မည့် အခြေအနေ ဖြစ်လေ၏။ ထို့ကြောင့် ဖိုးတူ့ စိတ်ညစ်၍ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

''ဟကောင်ရ ...မြန်မြန်ထ။ မိုးချုပ်သွားရင် တောထဲမှာက မကောင်းဘူး။ အန္တရာယ်ရှိတယ်။ ခုတောင် ခြေကုန်သုတ်ပါမှ တောကြီးထဲက လွတ်ရုံရှိလိမ့်မယ်။ လမ်းမှာတင် မှောင်လာမှာကွ။ ထကွာ ...အိမ်ရောက်မှနား''

သာစိန်က အတင်းဆွဲထူပြီး ရွာပြန်လမ်းကို တာစူလိုက်သည်။ ဖိုးတူက မထချင်ထချင်နှင့် ထပြီး ...

''တောစောင့်နတ်၊ တောင်စောင့်နတ်တို့ဗျာ၊ ကျွန်တော်တို့ကို ဒီအတိုင်းကြည့်မနေကြပါနဲ့။ အိမ်အမြန်ပြန်ရောက်အောင် မတိမ်းမစောင်း ဗိုက်မောင်းနဲ့ ပို့တော်မူကြပါ''

ဟု ရွဲ့သလိုလို စောင်းသလိုလိုနှင့် ပါးစပ်က ပြောချင်ရာ ပြောချလိုက်သည်။

''ဟေ့ကောင် ဖိုးတူ၊ မင်းပါးစပ်နဲ့ကွာ။ ဆင်ခြင်ပါလို့ ငါ အတန်တန်ပြောထားပါရက်ကနဲ့။ ပြောချင်ရာပြောချလိုက်ပြန်ပြီ။ ဒုက္ခပဲ တစ်ခုခုတော့ ဖြစ်တော့မှာပဲ''

သာစိန်က ကြက်သီးထမတတ် ကြောက်သွားပြီး ဖိုးတူ့ကို အပြစ်တင်လိုက်သည်။ မကြာပါချေ။ ''ဝေါင်း''ဟူသော ကျားဟိန်းသံကြီးကို သူတို့နှင့် မလှမ်းမကမ်းဆီမှ ကြားလိုက်ရသဖြင့် နှစ်ယောက်သား ခက်ပုသွားကြသည်။ အသံလာရာဆီသို့ လှမ်းကြည့်လိုက်ပြီးနောက် ထိုနေရာမှ သုတ်သုတ်သက်သက် ထွက်လာခဲ့ကြ၏။ ရှေ့သို့ ဖွတ်ပေကာ အပြေးတစ်ပိုင်း လျှောက်လာနေရာမှ ကျောမလုံသလို ခံစားရသဖြင့် နောက်သို့ ကြည့်လိုက်မိရာ နှုတ်ခမ်းမွေးကားကား အဝါရောင်အောက်ခံပေါ်တွင် အနက်စင်းကြီးများ ထင်းလျက်ရှိသော ကျားကြီးတစ်ကောင်ကို တွေ့လိုက်ရလေသည်။

''အမလေး ..ကျားကြီးဗျို့ ကျားကြီး''

နှစ်ယောက်သား တိုင်ပင်ထားသည့်အလား သူထက်ငါ ရှေ့ရောက်အောင် ပြေးတော့သည်။ ရထားသော ကြက်ဖကြီးနှင့် ဒူးလေး၊ လင်းလေးတို့ပင် ကျကျန်ရစ်ခဲ့သည်။ တောထဲမှထွက်၍ ကွင်းထဲရောက်သည်အထိ နောက်က ကျားကြီးကလည်း ထက်ချပ်မကွာ ပြေးလိုက်လာသည်။ နောက်ဆုံး ရွာစည်းရိုးအစပ်ရောက်သည်အထိ ကျားကြီးကို သူတို့မြင်ပြီး အပြေးနှုန်းကို လျှော့မချရဲကြပေ။

''ဟ ..ဘာဖြစ်တာလဲကွ။ သာစိန်နဲ့ ဖိုးတူပါလား''

ရွာအဝင်တွင် ဖိုးမိုန် နွားကောက်ပြန်လာသည်နှင့် ကြုံပြီး ဖိုးမိုန်က သူတို့ကို မေးလိုက်ခြင်း ဖြစ်သည်။

''တို့နောက်က ကျားလိုက်လို့ဟေ့ ...ကျားလိုက်လာလို့''

သာစိန်၏ စကားကို ကြားလိုက်သည့် ဖိုးမိုန်က ကြောင်တက်တက် ဖြစ်သွားပြီး ...

''ဘယ်မလဲကျား။ ကွင်းပြောင်ပြောင်ကြီးပဲဟာကို။ မင်းကျားပါလာရင် မြင်ရမှာပေါ့။ ခုကြည့်စမ်း။ ဘာမှလည်း မတွေ့ဘူး''

ဖိုးမိုန်၏စကားကြောင့် သာစိန်တို့ နှစ်ယောက်သား နောက်လှည့်ကြည့်လိုက်သည်။ ကွင်းပြင်ကျယ်ကြီးမှာ အကောင်ပလောင်ကင်းလျက် ပကတိ ငြိမ်သက်နေသည်။

''ဟင်း ..ဟင်း ..မင်းတို့နှစ်ယောက် တောတက်သွားပြီး တစ်ခုခုမှားလာခဲ့ပြီနဲ့တူတယ်။ တကယ့်ကျားသာ မင်းတို့နောက်က လိုက်လာတယ်ဆိုရင် မင်းတို့ ဘယ်လွတ်မှာလဲကွ။ မင်းတို့ထက်အပြေးသန်တဲ့ တောတိရစ္ဆာန်တွေတောင်မှ မလွတ်တဲ့ဟာ'' .

ဖိုးမိုန်က မှတ်ချက်ချလိုက်သည်။ ထို့ကြောင့် သာစိန်က အကြောင်းစုံကို ပြန်လည်ဖောက်သည်ချရသည်။

''ဒါပေါ့ကွာ။ ဖိုးတူက မတိမ်းမစောင်း ဗိုက်မောင်းနဲ့ပို့ပါဆိုလို့ တောပိုင်တောင်ပိုင်တွေက မင်းတို့ကို မိုးမချုပ်မီ ရွာပြန်ရောက်အောင် ပို့လိုက်တာပဲ။ နှုတ်ကြောင့်သေ၊ လက်ကြောင့်ကျေဆိုတဲ့ စကား ရှိသားပဲ။ ကံကောင်းလို့မသေတာဘဲ ကျေးဇူးတင်ပေတော့။ တောတက်ရင် နှုတ်မသရမ်းဖို့ ဒါလက်တွေ့သင်ခန်းစာ ပေးလိုက်တာပဲကွ''

ဖိုးမိုန်က ပြောဆိုပြီး ထွက်သွားပါတော့သည်။ သာစိန်ကတော့ ဖိုးတူ့ကို မျက်ထောင့်နီကြီးဖြင့် ကြည့်လျက် ...

''ခွေးကောင် ... နင့်ကြောင့် ငါ အမောဆို့ပြီး သေမတတ်ပဲ။ နင့်ပါးစပ်ကို ငါကိုယ်တိုင် အပ်နဲ့ချုပ်မယ်''

လဲရာကထပြီး ဖိုးတူ့ကို ခုန်အုပ်လိုက်သည်။ အထာပေါက်သော ဖိုးတူက သာစိန် သူ့အနားမရောက်မီ နေရာမှ ထပြေးလေသတည်း။

**သိင်္ဂီမှူ**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ဖြစ်ပေါ်လာသော အကြောင်းတရား

● ရှင်ဒေါင်းယဉ် ●

နေ့၏အလင်းရောင်တို့ ဖြည်းဖြည်းချင်း လျော့ပါးလာသည်နှင့်အမျှ ပတ်ဝန်းကျင်တစ်ခုလုံးကို ညဦးလွှာရုံ ကမ္ဗလာဖြင့် လွှမ်းခြုံလိုက်လေပြီ။ အနက်ရောင် ကတ္တီပါကော်ဇောကြီး ခင်းထားသည့်နှယ် ကတ္တရာလမ်းမကြီးပေါ်တွင် တစ်ခါတစ်ရံ ကုန်တင်ကားကြီးများက ဖြတ်သန်းသွားတတ်သည်။ ထိန်လင်းသော ကားရှေ့မီးရောင်တန်းထဲတွင် ငွေနှင်းမှုန်တို့ တဖွဲဖွဲကျနေသည်ကို မြင်ရသည်။

အမှောင်ထုက တစ်စတစ်စ ပိုမိုနက်ရှိုင်းလာသည်။ ကားလမ်းဘေးတောအုပ်ထဲရှိ သစ်ပင်များပေါ်မှ ပုစဉ်းရင်ကွဲမြည်သံအချို့သာလျှင် တိတ်ဆိတ်မှုကို တစ်ချက်တစ်ချက် ဖြိုခွင်းထွင်းဖောက်လာတတ်သည်။

ကားလမ်းမကြီးနှင့် မလှမ်းမကမ်းတွင် တောင်ခြေရွာလေးတစ်ရွာ ရှိသည်။ ပကတိ တိတ်ဆိတ်အေးချမ်း ငြိမ်သက်နေသော ရွာထဲရှိ တဲအိမ်လေးအတွင်း၌ သဘာဝနှင့်ဆန့်ကျင်ဘက် လှုပ်ရှားမှုတစ်ခုကို မြင်လိုက်ရသည်။ လူးလာခေါက်ပြန် လှုပ်ရှားသွားလာနေသော အမျိုးသမီးတစ်ယောက် ဖြစ်သည်။

သားငယ်၏ဇောဖြင့် နန်းထွေး၏ရင်ထဲတွင် ပူလောင်လှိုက်မောနေသည်။ ဇဟိဒ္ဓ၏စိမ့်မြမှုသည်ပင်လျှင် ခန္ဓာကိုယ်တွင်းသို့ တိုးဝင်ခြင်းငှာ မစွမ်းသာပါချေ။

"သားလေး ...ဘယ်ရောက်နေသလဲကွယ်။ အမေ အပြင်ခဏသွားတုန်း ဘယ်သူခေါ်သွားပါလိမ့်မလဲ။ အမေ့သားကို ဒုက္ခပေးတဲ့လူတော့ အမေ့အသက်နဲ့ လဲပစ်လိုက်မယ်"

နန်းထွေး၏ ဦးနှောက်ထဲတွင် သောကနှင့် ဒေါသ ပေါင်းစပ်ဖြစ်ပေါ်နေသည်။

ည၌အမှောင်ထဲတွင် သူမ၏ မျက်လုံးအစုံသည် ရင်သွေးအတွက် ပကတိ တောက်ပြောင်နေသည်။ တဲ၏ထောင့်ဘက် တစ်နေရာတွင် ခွေခွေကလေး လဲကျနေသော သားငယ်၏ အသွင်သဏ္ဌာန်ကို ရုတ်တရက် မြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

နန်းထွေးက ပျာပျာသလဲ ပြေးသွားသည်။ သားငယ်၏နံဘေးတွင် ဒူးထောက်ထိုင်ချလိုက်သည်။ သားငယ်၏ ကြုံလှီသေးကွေးသော ခန္ဓာကိုယ်လေးကို ကမန်းကတန်း ပွေ့ချီလိုက်သည်။ ထို့နောက် စိတ်မာန်တကြီး လှုပ်ရှားလျက်

''သား ... သားလေး ... သားရဲ့လေး၊ ထစမ်းပါဦး။ သား ဘာဖြစ်တာလဲဟင် ... မျက်စိဖွင့်ကြည့်ပါဦးကွယ်''

နန်းထွေးက ငိုသံပါကြီးနှင့် ဆက်တိုက်ပြောနေသည်။ တစ်ချိန်တည်းမှာပင် အိပ်မောကျနေသော လင်ယောက်ျားအိုက်ပေါက်ဘက်သို့ မျက်နှာမူလိုက်သည်။

''အိုက်ပေါက် ... အိုက်ပေါက်၊ သားလေးကို ခေါ်လို့မရတော့ဘူး။ လုပ်ပါဦး''

အိုက်ပေါက်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ နိုးလာသည်။ သူ့ဇနီးနန်းထွေး၏ ငိုသံဗလုံးဗထွေးနှင့် ပြောသံကို ကြားလိုက်ရသည်။ သို့ရာတွင် စကားလုံးများကို သဲသဲကွဲကွဲ မကြားရ။ သူက အိပ်ရာမှ လူးလဲ၍ ငုတ်တုတ်ထိုင်မိသည်။

မည်သို့ပင်ဖြစ်စေ တစ်စုံတစ်ရာသော ဆိုးဆိုးဝါးဝါး အထိတ်တလန့်ဖြစ်ရပ်တစ်ခု ဖြစ်နေပြီဟု ထင်မြင်ယူဆလိုက်သည်။ အိပ်ရာခြေရင်းဘက် တဲထောင့်တစ်နေရာတွင် နန်းထွေး၏အသွင်သဏ္ဍာန်ကို မသဲမကွဲမြင်လိုက်ရသည်။ ထို့ကြောင့် ထင်ထင်ရှားရှား မြင်နိုင်စေရန် အိုက်ပေါက်က မီးခြစ်ခြစ်လိုက်ပြီး အိပ်ရာခြေရင်းဘက်ရှိ ဒီဇယ်ဆီ မီးခွက်လေးကို မီးညှိလိုက်လေသည်။

တဲတွင်းရှိ အမှောင်ထုက အပြင်ဘက်သို့ ပြေးထွက်သွားလေပြီ။ မီးခွက်မှ ထွက်ပေါ်လာသော အလင်းရောင်ထဲတွင် သားငယ်အား ရင်ခွင်ထဲ၌ တင်းကျပ်စွာ ဖက်လျက် ရှိုက်ငိုနေသော နန်းထွေးကို မြင်လိုက်ရသည်။ အိုက်ပေါက်၏ ရင်ထဲတွင် စိတ်လှုပ်ရှားစွာဖြင့် ထိတ်ထိတ်ပျာပျာ ခံစားလိုက်ရသည်။

အိုက်ပေါက်သည် မီးခွက်ကိုကိုင်လျက် နန်းထွေးအနီးသို့ ဖိုးကပ်သွားသည်။ သားငယ်၏ နှုတ်ခမ်းထောင့်တွင် သွေးစသွေးမှုံပ်များ ထွက်ပြူနေသည်။ သွေးအန်ထားသောကြောင့် ကလေးဝတ်ဆင်ထားသော အင်္ကျီရင်ဘတ်တွင် သွေးစွန်းနေသည်ကို မြင်ရသည်။

ထို့ထက် ပိုဆိုးသည်မှာ သားလေး၏ မျက်နှာ၊ လည်ပင်း၊ ရင်ဘတ် တစ်ကိုယ်လုံး ပြာနှမ်းနေသည်ကို အနီးကပ်မြင်လိုက်ရသည်။

''ပေးစမ်း ... နန်းထွေး၊ ငါ့ကို ကလေးပေးစမ်း''

ပြောပြောဆိုဆိုနှင့် အိုက်ပေါက်သည် နန်းထွေးရင်ခွင်ထဲမှ ကလေးငယ်ကို ဆွဲယူပွေ့ချီလိုက်သည်။ ထိုအခါ သူ အကြီးအကျယ် စိတ်ချောက်ချားသွားသည်။

''ကလေးတစ်ကိုယ်လုံး အေးစက်တောင့်တင်းနေပါပကော''

သူချက်ချင်းစဉ်းစားမိသည်။ သို့ဖြစ်လျှင် သားငယ်အသက်မရှိသည်မှာ ကြာလေပြီဟူ၍ နားလည်သဘောပေါက်လိုက်မိသည်။

''သားလေး အသက်မရှိတော့ဘူး နန်းထွေး။ သူသေတာ ကြာပြီ''

အိုက်ပေါက်က အသံကြီး ကတုန်ကယင်နှင့် ပြောလိုက်သည်။

''ဘာ ... သားလေးသေပြီ ဟုတ်လား အိုက်ပေါက်။ မဖြစ်နိုင်ပါဘူး အိုက်ပေါက်ရယ်။ သားမှာ ဘာရောဂါဝေဒနာမှ မရှိဘဲ။ ဘာဖြစ်လို့ သေရမှာလဲ။ လာ ... ထစမ်း၊ ကျွန်မတို့ ဆေးဆရာကြီးဆီကို ချက်ချင်းသွားကြမယ်''

နန်းထွေးက စိတ်မြန်ကိုယ်မြန် ထသည်။

သူ့လင် အိုက်ပေါက်လက်မောင်းကို ဆုပ်ကိုင်ဆွဲထူမသည်။

''မရတော့ဘူး နန်းထွေး။ သားလေးကို ဆေးကုဖို့ အချိန်မမီတော့ဘူး။ ငါပြောတာနားထောင်။ သေတာကြာပြီ''

အိုက်ပေါက်က သူ့မယားကို ဖျောင်းဖျနှစ်သိမ့်သည်။

ညနေဆည်းဆာချိန်ကဆိုလျှင် နေဝန်းနီနီကြီးသည် အနောက်မိုးကောင်းကင်၌ ထွန်းပနေသည်။ သူတို့မိသားစုသုံးယောက် အပျော်ကြီးပျော်ခဲ့ကြသေးသည်ကို ပြန်လည် မြင်ယောင်လိုက်မိသည်။ အိုက်ပေါက်သည် ''ရှမ်းရိုးမက အိုးစည်သံ ... ဗေပုံထိလို့ည်''ဟူသော သီချင်းပိုဒ်ကို ထပ်ကာတလဲလဲ ဆိုနေသည်။ နန်းထွေးကလည်း လက်ခုပ်တီးသည်။ သားလေးက ဖြူဖြူလုံးလုံးလေး။ ပင်နီရှမ်းဘောင်းဘီနှင့် ဦးခေါင်းကို ပိုးပဝါစည်းထားသည်။ ရှမ်းသိုင်းအကကို မကတတ်ကတတ်ဖြင့် ခြေမြှောက်လက်မြှောက် ချစ်စဖွယ်လှုပ်ရှားနေသည်။

သူတို့၏ တစ်ဦးတည်းသော သားဦးလေးကို ချစ်စနိုးဖြင့် သားပုလုဟူ၍ ခေါ်ကြသည်။ စကားတတ်၍ လိမ္မာသော သားကလေးဖြစ်သောကြောင့် အိမ်နီးနားချင်းများကပါ ဝိုင်းချစ်ကြသည်။

ထိုဖြစ်ရပ်ကို တွေးမိသော အိုက်ပေါက်၏ရင်တစ်ခုလုံး ပွင့်ထွက်မတတ် ဝေဒနာတစ်နင့်တစ်ပိုး ခံစားလိုက်ရသည်။

''သားလေး ... ငါ့သားလေးသေပြီ''

အိုက်ပေါက် ရင်ထုမနာ ကြေကွဲနေသော အသံနက်ကြီးဖြင့် ဦးခေါင်းမော့လျက် အော်ဟစ်လိုက်သည်။ သူ့ရင်ထဲမှ ဝေဒနာကို ဆက်လက်ထိန်းသိမ်းမျိုသိပ်နိုင်ခြင်းမရှိတော့ပါချေ။ ထို့ကြောင့် ထွက်ပေါက်မှ ပေါက်ကွဲပွင့်ထွက်သွားခြင်းဖြစ်သည်။

အိုက်ပေါက်၏ နာနာကြည်းကြည်း အော်ဟစ်သံကြောင့် အိမ်နီးနားချင်းအချို့ နိုးလာကြသည်။ ရုတ်တရက် နားစွင့်နေကြသည်။ မိသားစုသုံးယောက်သာ ရှိကြသော အိုက်ပေါက်တို့၏ သာယာချမ်းမြ



www.burmeseclassic.com

www.burmeseclassic.com

သော တဲငယ်လေးထဲမှ ဤကဲ့သို့သော ဆိုးဆိုးဝါးဝါးအသံကြီးနှင့် ရှေ့ဆင့်နောက်ဆင့် လင်မယားနှစ်ယောက်၏ ရင်ထုမနာ ရှိုက်ကြီးတငင် ငိုကြွေးသံများကိုပါ ကြားလိုက်ကြရသည်။

ထို့ကြောင့် မယုံနိုင်စရာ ဖြစ်နေလေပြီ ဟူသောအတွေးဖြင့် အိမ်နီးနားချင်းအချို့ အိပ်ရာမှ ထလာကြသည်။ ညဉ့်၏ အမှောင်ထုထဲတွင် မီးခွက်ထွန်းညှိ၍ထည့်ထားသော တစ်ဖက်ပွင့်ပုံးလေးကိုယ်စီဖြင့် သတင်းမေးရန် အိုက်ပေါက်တို့၏ တဲဘက်သို့ ရွေ့လျားလာကြသည်။

ထိုအခိုက်အတန့်တွင် ...ရွာဦးကျောင်းဘက်မှ ခွေးတစ်ကောင်၏ နက်ကြောကျယ်လောင်သော အူသံထွက်ပေါ်လာသည်။ မရှေးမနှောင်းမှာပင် တစ်ရွာလုံးရှိ ခွေးမှန်သမျှ ဆွဲဆွဲငင်ငင် အူလိုက်ကြလေသည်။

ထို့ကြောင့် နှင်းမှုန်များကျနေသော ညဉ့်နက်ချိန်တွင် တဲငယ်လေးအချို့မှ ထွက်လာကြသော ရွာသူရွာသားတို့၏ ကျောရိုးထဲတွင်စိမ့်ခနဲဖြစ်သွားကြရသည်။ သူတို့အားလုံး တစ်ယောက်မျက်နှာ တစ်ယောက် အပြန်အလှန်ကြည့်မိကြသည်။ မီးခွက်မှအလင်းရောင်ဖြင့် စိတ်ချောက်ချားနေမှုကို သူတို့မျက်နှာပြင်တွင် မြင်နေကြရသည်။

မှည့်မည့်ရရ မဟုတ်သော်လည်း ညဉ့်နက်ချိန်ကဲ့သို့သော အကာလညအခါတွင် ကြားလိုက်ကြရသော ခွေးအူသံများသည် မကောင်းဆိုးဝါးများနှင့် ပတ်သက်နေလိမ့်မည်ဟူ၍ မယုံသီးမှုအစွဲအလမ်းကြောင့် ဖြစ်သည်။

"ဟဲ့ ... အိုက်ပေါက်တို့၊ နန်းထွေးတို့ ... ဘာဖြစ်ကြတာလဲ"

အသက်အရွယ်ကြီးရင့်သော ရပ်ဆွေရပ်မျိုး ဘကြီးအိုတစ်ယောက်က တဲတံခါးကို လက်ဖဝါးဖြင့်ပုတ်၍ မေးလိုက်သည်။

နန်းထွေးသည် သုတ်သီးသုတ်ပျာဖြင့် တံခါးပေါက်သို့ လျှောက်သည်။ မင်းတုပ်ကိုကပျာကသီဖြုတ်သည်။ ထို့နောက် တံခါးရွက်ကို ဆွဲဖွင့်လိုက်ပြီးသည်နှင့် တစ်ပြိုင်နက် ...

"အဘ ... ကျွန်မတို့သားလေး အသက်မရှိတော့ပါဘူးရှင်"

ဟူ၍ ဆို့နင့်စွာပြောနေစဉ်မှာပင် မြေပြင်သို့ ဒူးထောက်လျက်သား ပျော့ခွေကျသွားသည်။ တဲပြင်တွင် ရပ်နေကြသူများထဲမှ ဘကြီးအိုက အတွင်းသို့ ဝင်သွားသည်။ ကျန်အိမ်နီးနားချင်းအချို့က နန်းထွေးကို ပွေ့ထူကြသည်။

"ဘယ်လိုဖြစ်ပါလိမ့် ကရို"

ဘကြီးအိုက အိုက်ပေါက်၏ ရင်ခွင်ထဲမှ ကလေးငယ်၏ တစ်ကိုယ်လုံးကို တတ်သမျှမှတ်သမျှ အတွေ့အကြုံဖြင့် စမ်းသပ်ကြည့်ရှုသည်။

ထိုအခိုက်အတန့်တွင် အိုက်ပေါက်၏အစ်ကိုဖြစ်သူ စိုင်းလုံသည် တဲတွင်းသို့ ပြေးဝင်လာသည်။ စိုင်းလုံက အသက်ဝိညာဉ်ကင်းမဲ့နေသော တူလေးကို တစ်ချက်ကြည့်သည်။ အိုက်ပေါက်မျက်နှာကို စူးစူးရဲရဲကြည့်သည်။

ဘကြီးအိုက သက်ပြင်းမောတစ်ချက် ချလိုက်သည်။

"ငှုးယိုင်ယိုင်ရဲ့ လက်ချက်ပဲဟေ့"

ဟူသော ညည်းတွားသံထွက်ပေါ်လာသည်။

"ဟိုဟာတွေ မင်းဘယ်မှာထားလဲ အိုက်ပေါက်"

စိုင်းလုံက အရင်းမရှိ အဖျားမရှိ မေးလိုက်သည်။ ထိုမေးခွန်း၏အဓိပ္ပာယ်ကို အခြားသူတို့က ဝိုးတိုးဝါးတား ဖဝေဖဝါ ဖြစ်နေကြသည်။ သို့ရာတွင် အိုက်ပေါက်က ချက်ချင်းသိသည်။ ထို့ကြောင့် အနီးသို့ရောက်လာသော နန်းထွေးလက်သို့ သူပွေ့ချီထားသော ကလေးကို လက်ဆင့်ကမ်းလိုက်ပြီးနောက် နောက်ဖေးဘက် မီးဖိုခန်းထဲသို့ ပြေးဝင်သွားသည်။

• • •

"ဟော့ ... အိုက်ပေါက်၊ ဒေါ်ကြီးမွေးရဲ့ ကုန်းနောက်ဘက်က ဝါးရုံတောကြီး ရှင်းမလို့တဲ့ဟော့။ မင်းလိုက်မယ် မဟုတ်လား"

စိုင်းလုံက တဲရှေ့မှလှမ်းမေးသည်။

"လိုက်တာပေါ့ကွာ။ တခြား ဘယ်သူတွေပါသေးသလဲ"

အိုက်ပေါက်က ပြန်မေးသည်။

"မိုးသီးတို့ညီအစ်ကို ပါမယ်။ ဒီညနေ အပြီးလုပ်ရမှာ၊ မင်းရယ်၊ ငါရယ် အားလုံးလေးယောက်ထဲ ပုတ်ပြတ်ပေးမယ်တဲ့။ ငါတို့လေးယောက် ခွဲဝေယူကြတာပေါ့။ ဒေါ်ကြီးမွေးက အင်မတန် စေတနာကောင်းတာကွ။ သူခိုင်းတဲ့အလုပ်မှန်သမျှ စေတနာထားလုပ်သူတိုင်းကို ထိုက်ထိုက်တန်တန် ပေးလေ့ရှိတာ မင်းမသိပဲ မဟုတ်လား"

စိုင်းလုံက ရှင်းပြနေသေးသည်။

"ငါသိပါတယ်ကွာ။ အခု ငါရေငင် နေတုန်း။ ပြည့်ခါနီးပါပြီ။ မင်းသွားနှင့်၊ ငါပြီးတာနဲ့ လိုက်လာခဲ့မယ်"

အိုက်ပေါက်၏ စကားအဆုံးတွင် စိုင်းလုံက ရှေ့ဆက်လျှောက်သွားသည်။ အိုက်ပေါက်သည် စိုင်းလုံ၏နောက်ကျောကိုကြည့်ရင်း ပျော်သွားသည်။ နောင်နှစ်ခါကျောင်းဖွင့်လျှင် သားလေးကို ကျောင်းအပ်ရတော့မည်။ ထို့နောက် ရှင်ပြုရန် စသည်ဖြင့် တစ်သီတစ်တန်းကြီးတွေးရင်း ရေငင်လက်စကို ဆက်လုပ်သည်။ သူ့အတွေးက အမျှင်မပြတ်သေး။

ငွေကို ကြိုးစားပမ်းစား ရှာဖွေရဦးမည်။ သို့မှသာ မိမိတို့၏သားလေး နောင်ရေး မျက်နှာမငယ်ရမှာဟူသော မိဘစေတနာထက်သန်မှုအတိုင်းအတာအမြင့်ဆုံးသို့ ရောက်ရှိနေသည်ကို။ ထိုအခိုက်အတန့်တွင် တဲလေးအတွင်းမှ ...

"အဖေ ချိပါ"

အိမ်တွင်းမှ သားငယ်၏အသံကို အိုက်ပေါက်က သဲ့သဲ့မျှ ကြားလိုက်ရသည်။ နန်းထွေးသည် မီးဖိုချောင်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com

ရှိနေလိမ့်မည်။

"နန်းထွေး ... သားလေးနိုးပြီ ဟေ့။ သားအတွက် စောစောတုန်းက ငါ ချန်ထားတဲ့ ကောက်ညှင်းပေါင်း ကျွေး လိုက်ဦး"

အိုက်ပေါက်က လှမ်းအော်ပြော လိုက်သည်။

"ကျွန်မ ထမင်းအိုးငှဲ့နေတုန်း။ မအားသေးဘူး။ ရှင်ပဲ ခဏချီထားပေး ပြီး ကောက်ညှင်းကျွေးလိုက်ပါ အိုက် ပေါက်ရယ်"

နန်းထွေး၏အသံကို ကြားရသည်။

ထို့ကြောင့် သူသည် ရေငင်လက် စကို ခေတ္တရပ်နားသည်။ တဲတွင်းသို့ ပြေးဝင်ခဲ့သည်။ အိပ်ရာပေါ်တွင် ငုတ် တုတ်ထိုင်နေသော သားငယ်က လက်နှစ် ဖက်ကို ဆန့်ထားသည်ကို အိုက်ပေါက်က ညင်သာစွာ ဆွဲယူပွေ့ဖက်၍ ချီလိုက် သည်။

"လာ သား၊ သားလေးအတွက် အဖေ ကောက်ညှင်းချန်ထားတယ် ... စားလိုက်နော်"

အိမ်ရှေ့ခန်းတွင် သားအဖနှစ် ယောက်နေရာယူလိုက်ကြသည်။ ကောက် ညှင်းထွေးထွေးကို အိုက်ပေါက်က ဆုပ်၍ ဆုပ်၍ နှမ်းထောင်းနှင့်တို့ကာ သားငယ် ကို ကျွေးသည်။ စင်စစ်အားဖြင့် အိုက် ပေါက်သည် ကောက်ညှင်းကို အနည်း ငယ်မျှသာစားပြီး သားအတွက်ချန်ထားခဲ့ ခြင်းဖြစ်သည်။

"ဖေဖေရော စားပါဦးလား"

သားငယ်က တီတီတာတာ ပြော သည်။

"ဖေဖေ စားပြီးပြီ။ ငါ့သားလေး ဝအောင်စား။ သားစားတာကို မြင်ရတာ နဲ့တင် အဖေ ကျေနပ်တယ်"

အိုက်ပေါက်က စေတနာဗရပွဖြင့် လှိုက်လှိုက်လှဲလှဲပြောသည်။

သားငယ်က ကောက်ညှင်းဆုပ်ကို အိုက်ပေါက်၏ ပါးစပ်ရှိရာသို့ ရုတ်တရက် လှမ်းထည့်လိုက်သည်။ ထိုအခါ အိုက် ပေါက်က ဦးခေါင်းကို ဘေးဘယ်ညာ တိမ်း၍ ရှောင်လိုက်သဖြင့် ကောက်ညှင်း ဆုပ်သည် ပါးစပ်တွင်းသို့မရောက်တော့ဘဲ ပါးပြင်သို့ ကပ်လိုက်သည့်ပမာ ဖြစ်သွား သည်။

အိုက်ပေါက်၏ပါးတွင် ကောက် ညှင်းများ ကပ်နေသည်ကိုကြည့်၍ သား ငယ်က ခွက်ထိုးခွက်လန် ရယ်မောသည်။ ကလေးသူငယ်ဟူသမျှသည် စိတ်ကြည် လင်နေသောအချိန်အခါမျိုးတွင် ဘာမှ မဟုတ်သည့် အကြောင်းအရာလေးတစ်ခု ကိုပင်လျှင် အသည်းအသန်ရယ်မောစရာ အဖြစ် မြင်လေ့ရှိသည်။

သူ့ပါးကို လက်ညှိုးထိုးပြ၍ ရယ် မောနေသောသားငယ်ကိုကြည့်ကာ အိုက် ပေါက်သည်လည်း ရော၍ရယ်မောလိုက်ရ သည်။

"သားအဖနှစ်ယောက် ဘာတွေ သဘောကျနေကြတာလဲ"

ဟူ၍ ပြောပြောဆိုဆို မီးဖိုခန်းထဲမှ နန်းထွေးထွက်လာသည်။ အိုက်ပေါက်၏ ပါးပြင်တွင် ကောက်ညှင်းများ ကပ်နေ သည်ကို မြင်လိုက်ရသောအခါ နန်းထွေး က ပြုံးစနဲ့နဲ့ဖြစ်သွားသည်။

"ဘယ်လိုဖြစ်နေတာလဲ အိုက် ပေါက်ရယ်။ သားလေးရယ်မယ်ဆိုလည်း ရယ်စရာပဲ။ မကြီးမငယ်နဲ့ ကောက်ညှင်း စားတာတောင် မျက်နှာတစ်ခုလုံး ပေကျံ နေအောင် စားရလား။ သွား ... သွား မျက်နှာသစ်ချေ"

"ငါ့မျက်နှာ ကောက်ညှင်းတွေကပ် နေတာ မင့်သားကြောင့်ဟေ့"

အိုက်ပေါက်က သူ့အပြစ်မဟုတ် ကြောင်း ရယ်ရယ်မောမောပြောလိုက်ပြီး မှ ...

"ဩော် ... စောစောက စိုင်းလုံ လာခေါ်တယ်။ ဝါးရုံတော ရှင်းမလို့တဲ့။ ညနေစာအတွက် ဟင်းစားလည်းရှာခဲ့ မယ်"

ဟူ၍ ပြောပြသည်။ တဲနောက်ဖေး ဘက်တွင် မျက်နှာသစ်ပြီးသွားသောအခါ တဲနံရံတွင်ထိုးထားသော ဝါးခုတ်ဓားကို ဆွဲယူလိုက်သည်။

"ကဲ ... ငါသွားပြီဟေ့"

အိုက်ပေါက်က တဲဘေးမှပတ်၍ ထွက်စဉ် သားငယ်၏အသံကို ကြားလိုက် ရသေးသည်။

"အဖေ ... စောစောပြန်ခဲ့နော်"

"အေး ... အေးပါ သားရယ်"

သူ့အား သံယောဇဉ်ကြီးဖြင့် ချည် နှောင်ဆွဲငင်နေသော သားငယ်ဘက်သို့ တစ်ချက်မျှ လှည့်ကြည့်လိုက်ရသေးသည်။ လက်တစ်ဖက်ကို မြှောက်ပြနှုတ်ဆက်၍ ထွက်ခွာခဲ့သည်။

သားငယ်သည် တစ်နေ့ပတ်လုံး မိခင်နှင့်သာ အနေများသူဖြစ်သည်။ ထို့ ကြောင့် အိမ်မှုကိစ္စအဝဝဖြင့် မိခင်အလုပ် များနေသောအချိန်မျိုးတွင် သားငယ် သည် တစ်ဦးတည်းသားပီပီ အလိုက်သိ စွာ နွဲ့ဆိုးဆိုးလျက် ပူဆာတတ်သည်။ ထိုအခါ မိခင်က အမှတ်တမဲ့ဆူပူငေါက် ငမ်းခြင်း ပြုမိလေ့ရှိသည်။ ထို့ကြောင့် သားငယ်သည် သူ့အပေါ်တွင် မည်သည့် အခါမဆို အလိုလိုက်လေ့ရှိသော အိုက် ပေါက်ကို ပို၍သံယောဇဉ်တွယ်လေ့ရှိသည်။

မည်သို့ပင်ဖြစ်စေ ... အိုက်ပေါက် သည် သားငယ်အနီးတွင် အစဉ်သဖြင့် ပူးပူးကပ်ကပ်နေချင်သော်လည်း စိတ် တင်း၍ ထွက်ခွာလာခဲ့ရသည်။ သူ့စိတ် သည် သားငယ်ထံတွင် ကျန်ရစ်ခဲ့သည်။

"ဟော ... အိုက်ပေါက်ရောက် လာပြီလား။ လာဟေ့ ... အခါးရည် သောက်ဦး"

ဒေါ်ကြီးမွှေး၏အသံ ကြားလိုက်မှ ပင် သားငယ်နှင့်ပတ်သက်သော စိတ် အတွေးကို ဖြတ်လိုက်ရသည်။

"နှစ်ပေါင်းများစွာ ပစ်ထားတဲ့ ကုန်းကို အခုမှ ဘာစိတ်ကူးပေါ်လာလို့ ရှင်းရတာလဲ ဒေါ်ကြီးမွှေးရယ်"



www.burmeseclassic.com

www.burmeseclassic.com

အိုက်ပေါက်က လေက်ဖက်ရည်ကြမ်း သောက်ရင်း မေးသည်။

"ကျုပ်တို့ အဘိုးကြီးပေါ့ကွယ်။ ဒီအခြေရောက်မှ နှမ်းကြဲမလို့တဲ့။ ဟောဒီ ကုန်းကမူပေါ်မှာ ဝါးတဲဆောက်ချင်သတဲ့။ သူ့အလိုအတိုင်းပ အိုက်ပေါက်ရယ်"

ဒေါ်ကြီးမွေးက ဘဝင်မကျစွာညည်း ဇွားပြသည်။

"တစ်နည်းအားဖြင့်တော့ ကောင်းတာပဗျာ။ အလဟဿဖြစ်နေမယ့်အစား သီးနှံစိုက်တော့ အကျိုးရှိတာပေါ့။ တကယ်လို့ သီးနှံစိုက်တဲ့အခါကျလည်း ကျွန်တော့်ကို ခေါ်နော်။ ကဲ ...အချိန်ရှိတုန်း အလုပ်လုပ်လိုက်ဦးမနော"

အိုက်ပေါက်သည် စိုင်းလုံနှင့် မိုးသီးတို့ ညီအစ်ကို အလုပ်စနေကြသော နေရာသို့ ခပ်သုတ်သုတ်လျှောက်သွားသည်။ ထိုအချိန်မှစ၍ သူတို့လေးယောက်သား နံနက်ခင်းတစ်ချိန်လုံး ချုံများရှင်းခဲ့ကြသည်။ နေ့လယ်ခင်း ထမင်းစားချိန်ခေတ္တနားသည်ဆိုရုံမျှနား၍ ဆက်လုပ်ရှားကြသည်။

ကုန်းကမူပေါ်တွင် ထူထပ်သိပ်သည်းစွာပေါက်နေသော ဝါးရုံကြီးကို ရှင်းရန်သာကျန်နေတော့သည်။ သို့ရာတွင် တက်ညီလက်ညီ အားကြိုးမာန်တက် ဆောင်ရွက်ကြသည်။ အလုပ်ပြီးလျှင်ပြီးချင်း ကိုယ်ခန္ဓာပေါ်မှ ချွေးများမတိတ်မီ လုပ်အားခ ထိုက်ထိုက်တန်တန် ရတော့မည်ဟူသော မျှော်လင့်ချက်က သူတို့လေးယောက်အား မောပန်းစိတ်ကို ဖယ်ရှားထားလေသည်။

စိုင်းလုံနှင့် အိုက်ပေါက်တို့ အခါးရည်သောက်နေကြစဉ် အသက်နှစ်ဆယ်အရွယ်နှင့် ဆယ့်ရှစ်နှစ်အရွယ် မိုးသီးတို့ ညီအစ်ကိုက ဝါးရုံကြီးကို ဆက်ရှင်းနေကြသည်။ ထိုအခိုက်အတန့်တွင် မိုးသီး၏ အော်သံကို ကြားလိုက်ရသည်။

"ကိုစိုင်း ... ကိုပေါက်တို့ ဟောဒီမှာ လာကြည့်ကြစမ်းပါဦး"

စိုင်းလုံတို့ ညီအစ်ကိုက အပြေးအလွှား ရောက်သွားကြသည်။

"ဖွတ်ဥတွေထင်တယ် ဖွေးဖွေးလှုပ်နေတာပဲ"

မိုးသီးက သူ့ဟာသူ မှတ်ချက်ချသည်။

"ဟိတ် ...အဲဒါ ဖွတ်ဥတွေ မဟုတ်ဘူး။ လက်နဲ့တောင် သွားမထိကြနဲ့ဟေ့။ မြွေဥတွေ။ ရိုးရိုးမြွေမဟုတ်ဘူး။ ငန်းမြွေဥတွေကွ။ အဲဒီဥတွေကို မူလအတိုင်းထားလိုက်။ ဆက်မရှင်းနဲ့။ ငန်းမြွေက သူ့ဘာသာ လာရွှေ့သွားလိမ့်မယ်။ ငန်းဆိုတဲ့ မြွေအမျိုးအစားက သူ့ဥနဲ့ပတ်သက်ရင် မြစ်ကူးချောင်းဖြတ်တောင် လိုက်သတဲ့၊ နားလည်လား။ အင်မတန်အန္တရာယ်ကြီးတယ်"

စိုင်းလုံက အရေးတကြီး သတိပေးသည်။

"ကောင်းပါပြီ ကိုစိုင်းရာ။ ကျွန်တော်တို့ မထိတော့ပါဘူး။ ဟိုဘက်နားကချုံတွေ သွားရှင်းလိုက်ဦးမယ်"

မိုးသီးက ပခုံးတစ်ချက်တွန့်လျက် ပြောသည်။ သူတို့ ညီအစ်ကိုနှင့်အတူ အိုက်ပေါက်လည်း ချုံရှင်းရန် လိုက်ပါခဲ့သည်။ စိုင်းလုံက ဒေါ်ကြီးမွေးအိမ်သို့ လျှောက်သွားသည်။

"မြွေဥက သိပ်အားရှိသတဲ့။ သူ့ဥကိုယူတဲ့လူနောက် ငန်းမြွေက လိုက်တယ်ဆိုတာ လူကြီးသူမတွေ သက်သက်မဲ့ ခြောက်လှန့်တာ ဖြစ်ပါလိမ့်မယ်။ ဒါမှသာ လူတွေကြောက်လန့်ပြီး ငန်းမြွေဥကို မစားရဲကြမှာ"

မိုးသီးက ချုံရှင်းနေစဉ် သူ့အယူအဆကို တင်ပြသည်။ အိုက်ပေါက်က ရင်ထဲတွင် သူ့ဟာသူ တွေးနေသည်။ "ငါစားဖို့ တစ်ဥနှစ်ဥနှိုက်သွားလို့ ဘာမှ ထိခိုက်မှာမဟုတ်ပါဘူး" ဟူသော အတွေးမျိုးဖြစ်သည်။

ထို့ကြောင့် စိုင်းလုံနှင့် မိုးသီးတို့ ညီအစ်ကိုအလစ်တွင် အိုက်ပေါက်က မြွေဥနှစ်လုံးကို ခိုးကြောင်ခိုးဝှက်ဖြင့် ပုဆိုးခါးပုံစကြားတွင် ဝှက်ယူခဲ့သည်။ တဲသို့ ပြန်ရောက်သောအခါ နန်းထွေးကိုပင်အသိမပေးဘဲဝှက်၍ စိုင်းလုံအိမ်သို့ အရက်သောက်ရန် ထွက်သွားခဲ့သည်။

* * *

မီးဖိုခန်းထဲ ပြေးဝင်သွားသော အိုက်ပေါက်သည် ချက်ချင်းပြေးထွက်လာသည်။ သူ့မိန်းမနန်းထွေးကို စူးစူးရဲရဲကြည့်သည်။ သူ့မျက်လုံးထဲတွင် ဒေါသမီးဝင်းဝင်းတောက်နေသည်။

"ဆန်းအိုးထဲမှာ ငါဝှက်ထားတဲ့ ဥနှစ်လုံးကို မင်းဘာလုပ်လိုက်ပြီလဲ နန်းထွေး"

"အဲဒါ ဖွတ်ဥတွေမဟုတ်လား။ ရှင့်သား စားချင်လှချည်ရဲ့ဆိုလို့ ကျွန်မ ချက်ချင်းပြုတ်ကျွေးလိုက်တယ်လေ။ အဲဒါ ဘာဖြစ်လို့လဲ"

နန်းထွေးက ထိတ်ထိတ်ပျာပျာဖြင့် ပြန်မေးသည်။ အိုက်ပေါက်သည် သူ့ရင်ဘတ်ကိုသူ လက်သီးဖြင့် တဘုန်းဘုန်း ထုလျက် ...

"ငါ့သားကိုသတ်တာ ငါပါပဲကွ။ သားလေးရေ ...အဖေရင်ကွဲရပြီ သားရဲ့"

ဟူ၍ မချိတင်ကဲဖြင့် ရူးသွပ်သူတစ်ယောက်ပမာ အော်ဟစ်ပြောဆိုလိုက်သည်။

"ဒါ ...ဒါဖြင့် မင်းတို့ကို ငါ သေချာသတိပေးခဲ့တာ မင်းနားမထောင်ဘဲ ငန်းမြွေဥတွေ ယူခဲ့တယ်ပေါ့ ဟုတ်လား"

အစ်ကိုဖြစ်သူ စိုင်းလုံက မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် မေးလိုက်လေတော့သည်။

ရှင်ဒေါင်းငြို

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




အတွေးပုံရိပ်တို့ တစ်စတစ်စ လွင့်ပါးသွားချိန်တွင် နေသည်အတော် ပင်စောင်းနေချေပြီ။ နေဝန်းနီနီ၏ မျက်စောင်းထိုးခြင်းကိုခံရမှ ကျော်လွင်တစ်ယောက် အိမ်ပြန်ချိန်ကို သတိရမိသည်။ အတိတ်ခြေရာကို ပြန်လည်ဖန်တီးမိသော ကျော်လွင်တစ်ယောက်မြင်လျက်နှင့်ကန်း၊ ကြားလျက်နှင့်ပင်းနေသူ တစ်ယောက်ပမာ အတွေးအိပ်မက်ကို မက်နေခဲ့သည်မှာ သုံးနာရီခန့်ပင်ရှိချေ၏။

ရင်မှာဖြစ်သော ဒဏ်ရာကို လေးပင်စွာသယ်ဆောင်ရင်း အိမ်အပြန်ခြေလှမ်းကို ပြင်ခဲ့ရပြီ။ သတိရလိုက်တာ ပန်းသဇင်ရယ်။ နေညိုလာပြီမို့ တို့ပြန်လိုက်ပါဦးမယ်။ ကုန်လွန်ခဲ့သော အတိတ်ခြေရာကို ပြန်မနင်းချင်ပေမယ့် လွမ်းဆွတ်သတိရမိခြင်းကြောင့် မင်းပုံရိပ်တွေ အတွေးနံရံမှာ လာဟပ်ခဲ့သော မှတ်တမ်းသာပဲ အတွေးအိပ်မက်တွေ မက်နေရဦးမယ်ကွယ်။

လွမ်းခြင်းကြောင့် လွမ်းချင်းတွေ သီဖွဲ့မိခဲ့သည်ကိုတော့ အပြစ်မတင်ကြပါနဲ့။ မမျှော်လင့်ဘဲ ရုတ်တရက် ခွဲခွာခဲ့သူကို အလွမ်းရက်ဆက် မျက်ရည်ဖြာကျန်ရစ်သူတစ်ယောက် မေ့ပျောက်ဖို့ဆိုတာ ခက်ခဲခဲ့ပြီပေါ့။ အလွမ်းရေယာဉ်ကြောမှာမျောပြီး ပစ္စုပ္ပန်ကို မေ့ပျောက်နေမိတာ၊ ပန်းသဇင်၊ အကြင်နာတွေ ပေးလို့မဝခင်၊ ဝေဒနာပြင် အသည်းနှလုံးသားကို ဒဏ်ရာတွေ ပေးထားခဲ့ပြီးမှ မင်းကတော့ မျက်ကွယ်ရာကို ထွက်သွားရက်တယ်နော်။ လှပ်ရက်လိုက်တာ ပန်းသဇင်ရယ် နေမကွယ်ခင် ဒီနေ့အဖို့ တို့ပြန်ပါပြီ။

မကြာသေးသော တစ်ရက်က ကိုယ့်အတါက် ယူဆောင်လာခဲ့သော ဝေဒနာသတင်းဆိုး တစ်ပုဒ်ကို ရုတ်တရက်ကြားလိုက်ရစဉ်က တကယ်ပင် အဖြစ်အပျက် မဟုတ်ဘူးလို့ ကိုယ်အတန်တန် ငြင်းခဲ့သေးတယ်လေ။ မဖြစ်နိုင်သောအရာကို လက်မခံနိုင်ခဲ့ခြင်းဟာ ဘယ်လိုမှ ယုံစားလို့ မရခဲ့လို့ပါ။ အမှန်တော့ မမြဲသော သင်္ခါရတရားက ကြီးငယ်မရွေးဘူးဆိုတာကို ကိုယ်မေ့နေခဲ့မိတယ်။ ကံကြမ္မာ၏ မျက်လှည့်တစ်ခုများလား။ ယူကျုံးမရသောစိတ်ဖြင့် ဆုံးရှုံးခဲ့ရသောမင်းကို လွမ်းရုံမှတစ်ပါး ကိုယ့်အတွက် အခြားမရှိပါလေ။

❖ ❖ ❖ ❖ ❖

ကန်ရေပြင်မှ ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးသည် ချိုမြစွာဖြင့် သူ၏မျက်နှာအား ကလူကျီစယ် နမ်းရှိုက်သွားသည်။ မွှန်းကြပ်သော မြို့ပြ၏ အရိပ်အောက်မှ ရုန်းထွက်၍ သင်းပျံ့သောကျေးလက်ရနံ့ကို ရှုရှိုက်ရင်း ကြည်လင်သော ကန်ရေပြင်ကို ချစ်ခါစ ရည်းစားဦး မျက်နှာကိုကြည့်သကဲ့သို့ ကျော်လွင်တစ်ယောက် ကြည့်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

အဝေးတစ်နေရာဆီမှ စိမ်းလန်းသော တောအုပ်တစ်နေရာမှ ပျံသန်းလာသော ငှက်တစ်အုပ်က ကန်ရေပြင်ကိုအရိပ်လာဟပ်သဖြင့် မော့ကြည့်မိ၏။

အိုး…ငှက်ကလေးတွေ ပျံတာလှလိုက်တာနော်၊ တောအုပ်နောက်ခံနဲ့ ငှက်အုပ်ကို ပန်းချီဆွဲတတ်ရင် ဆွဲထားလိုက်ချင်ရဲ့။

ကျော်လွင် ပျံသန်းရင်းကောင်းကင်ထက်၌ လေဟုန်စီးနေသော ငှက်အုပ်ကိုကြည့်နေစဉ် ဘေးမှ ဖြည်းညင်းစွာတိုးဝင်လာသော သဉ္ဇာအသံကြောင့် ခေါင်းကိုငဲ့ကြည့်မိသည်။

"အား… ပါး…ပါး…ပါး လှလိုက်တဲ့မိန်းကလေး ငါတွေ့ဖူးသမျှမိန်းကလေးတွေထဲမှာ ဒီမိန်းကလေး အလှဆုံးဖြစ်မလားပဲ"

လှပလွန်းသော ထိုမိန်းကလေးအား ကျော်လွင် စူးစူးစိုက်စိုက် ကြည့်နေမိသည်။ မျက်တောင်ခတ်မိသလားတောင်မသိတော့။ အိပ်မက်ထဲမှာ တွေ့နေသလားဟု ထင်မှတ်၍ ကိုယ့်အသားကိုဆိတ်ကြည့်မိသည်။

"အား"

နာလွန်းသောကြောင့် ကျော်လွင် လွတ်ကနဲ အော်မိသည်။ ကျော်လွင်၏ အောင်သံကြောင့် ထိုမိန်းကလေး လှည့်ကြည့်သည်။ လှည့်ကြည့်သည်ဆိုရာ၌ ဘေးတစ်စောင်းအနေအထားမှ အော်သံဘက်သို့ ဦးခေါင်းကိုလှည့်ခြင်းဖြစ်သည်။ ကိုယ့်ကိုယ်ကို အိပ်မက် မက်နေခြင်း မဟုတ်မှန်းသိမှ ရှက်ကိုးရှက်ကန်းနှင့် မိန်းကလေးကို စောင်းငဲ့ကြည့်မိ၏။ မျက်လုံးချင်း ဆုံဖြစ်တော့ ရင်ခုန်ခြင်းဖြစ်တယ်ဆိုပါတော့။

ဘေးမှကြည့်၍ လှသည်သာမဟုတ်၊ မျက်နှာတည့်တည့်ကြည့်မိတော့လည်း စံတင်လောက်သော အလှဖြစ်သည်။ တချို့မိန်းကလေးများ ဘေးတည့်အနေအထားကြည့်လျှင် လှသော်လည်း မျက်နှာတည့်တည့် ကြည့်မိလျှင်တော့ မလှတတ်။ ဒီမိန်းကလေးကတော့ ဒီလိုမဟုတ်၊ ဘေးတိုက်အနေအထားရော၊ မျက်နှာတည့်တည့်အနေအထားပါလှသည်။ အပြစ်ဆိုဖွယ်ရာမတွေ့။

တစ်ယောက်ကို တစ်ယောက် အတန်ကြာအောင် ကြည့်နေမိရာမှ ထိုမိန်းကလေးက မျက်နှာလွှဲ၍ ကောင်းကင်သို့ ပြန်မော့ကြည့်သည်။ ကျော်လွင်လည်း ထိုမိန်းကလေးကြည့်သည့်အတိုင်း ကြည့်မိသည်။ စောစောကတွေ့ရသော ငှက်အုပ်ကို မတွေ့ရတော့။ ဘယ်ဆီများ ရောက်သွားပါလိမ့်။ ထိုငှက်အုပ် ဘေးဘီဝဲယာရှာကြည့်သော်လည်းမတွေ့ရတော့။ တစ်ယောက်ကို တစ်ယောက် ဘယ်လောက်ကြာကြာ ကြည့်နေမိကြသည်မသိ။ ငှက်အုပ်တောင် ပျောက်သွားသည်။ ကောင်းကင်တွင် တိမ်မြူတိုက်နှင့် ပြာသောဟင်းလင်းပြင်ကိုသာ တွေ့ရတော့သည်။ ရင်ထဲမှာ ဟာကနဲဖြစ်သွားသည်၊ စောစောက တွေ့ရသောမြင်ကွင်းမျိုးမတွေ့ရတော့။

ငှက်အုပ်ကို မတွေ့ရတော့ ပြန်ရန်ထလိုက်သည်။ ကျော်လွင်ထသလို ထိုမိန်းကလေးလည်းထသည်။ ထသည်မှ ပြိုင်တူ တိုင်ပင်ထားသည့်အတိုင်း။ တစ်ယောက်နှင့်တစ်ယောက် သိပ်မကွာလှသဖြင့် မျက်စွန်းထောင့်မှ လှမ်းမြင်နေရသလို အနေအထားအကြောင့် ထိုမိန်းကလေးအား စောင့်ကြည့်မိသည်။ ထိုမိန်းကလေးလည်း ကျော်လွင့်ကို စောင့်ကြည့်သည်။ ဒီတစ်ကြိမ်လည်း အတူတူပင်။ တိုက်ဆိုင်လှချည်တကား။

ပြုံးနေသော ထိုမိန်းကလေး၏ နှစ်လိုဖွယ်အပြုံးသည် လီယိုနာဒို၏ ကမ္ဘာကျော်ပန်းချီကားထဲမှ မိုနာလီဇာအပြုံးထက်ပင်သာလိမ့်မည်။ မိန်းကလေးအပြုံးက ရှက်ပြုံး ပြုံးခြင်းဖြစ်သည်။ ကျော်လွင်လည်း ထိုမိန်းကလေးအား ပြန်ပြုံးပြဖြစ်၏။ ဆွဲယူဖမ်းစားထားသော မျက်လုံးတို့၏ဆွဲအားသည် ပြင်းထန်လွန်းလှ၏။ ရင်တစ်ချက်ခုန်လိုက်သည်။ ထိုတစ်ချက်ခုန်လိုက်ခြင်းသည် နှလုံးသားသို့ တိုက်ရိုက်စီးဆင်းသွားသည်။ နှလုံးသား၌ သံမှိုနှင့်စွဲထားသလို ထင်ကျန်ရစ်ခဲ့သည်ကို ကျော်လွင်တစ်ယောက် မသိလိုက်။

သွားပါဟု ကျော်လွင်မပြောဖြစ်။ ထိုမိန်းကလေးကလည်း ကျော်လွင်အသွားကို စောင့်နေဟန်တူသည်။ ကျော်လွင်ကတော့ ထိုမိန်းကလေး ထွက်သွားမည်ကို မလိုလားဖြစ်နေသည်။ မကောင်းတတ်တော့။ ထို့ကြောင့် ကျော်လွင် သွားရန်ခြေလှမ်းစလှမ်းလိုက်သည်။ တိုက်ဆိုင်မှု ဆုံဖြတ်ချက်ချမှုတို့က တူနေပြန်ပြီ။ ကျော်လွင်ရပ်လိုက်သည်။ မိန်းကလေးလည်း မလှမ်း။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ ပြဿနာတော့ ရှိပြီဗျာ မိန်းကလေး ရှေ့ကသွားလိုက်ပါ၊ ကျွန်တော် နောက်ကလိုက်ခဲ့မယ်"

ရပါတယ် ရှင်ရှေ့ကသွားလိုက်ပါ၊ ကျွန်မနောက်ကလိုက်ခဲ့မယ်"

လမ်းက လူလေးယောက် ကောင်းကောင်းသွားနိုင်သော လမ်းဖြစ်သော်လည်း တစ်ယောက်နှင့်တစ်ယောက် သူ့သွား ငါသွားလုပ်နေကြသည်။

သူမဆိုစကားအတိုင်း ကျော်လွင် သူမရှေ့က ခပ်သုတ်သုတ် ထွက်သွားလိုက်သည်။ သူမနောက်က ပါလာသည်၊ မပါလာသည်ကိုတော့ နောက်ပြန်လှည့်မကြည့်သဖြင့် မသိချေ။ သူမလုပ်းလာသည့် ခြေသံကိုတော့ မကြားမိ၊ ယောကျာ်းလေးဆိုပေမယ့် မကောင်းတတ်သဖြင့် နောက်ပြန်လှည့်မကြည့်ခြင်းဖြစ်သည်။ ခပ်ပေါ့ပေါ့ ယောကျာ်း တစ်ယောက်အဖြစ် အထင်ခံရမည်စိုးသောကြောင့်လည်းဖြစ်သည်။

❖ ❖ ❖ ❖ ❖

အိပ်မက်ဆန်သော အတွေးကမ္ဘာထဲမှ ရုန်းထွက်လိုက်မိစဉ် သူမ၏ပုံရိပ်တို့က ပဋ္ဌပ္ပနိထိပါလာသည်။ ဖြေဖျောက်မရသော အဖြူထည်မှ အမည်းစက်တစ်ခုလို။ တို့ဘယ်လိုများ ဖျက်ရပါ့မလဲ မိန်းကလေးရယ်။

တိတ်ဆိတ်သော အခန်းကျဉ်းထဲ၌ သူ၏လှုပ်ရှားသံမှအပ မည်သည့်အသံမှမရှိ၊ ရှုပ်ပွနေသော ဒီအခန်းလေးအား ယစ်မူးစွာ ခင်တွယ်နေဆဲ။ သန့်ရှင်းရေးလုပ်ဖို့ ဆိုသည်မှာလည်း သူနှင့်မဆိုင်သလို။ နဂိုကမှ ရှည်လွန်းလှသော ဆံပင်တို့ပင်လျှင် ညှပ်ရန်သတိမရခဲ့။ စွဲမြဲစွာကပ်ငြိပါလာသော သူမပုံရိပ်တို့ကိုသာ အစိုပွါယ်မဲ့ ဖမ်းဆုပ်လျက်။

တစ်ကြိမ်တစ်ရက် တွေ့ခဲ့ရသော မိန်းကလေး၏ ပုံရိပ်၊ ဆည်းလည်းသံတို့ မျက်ဝန်းရိပ်မှာသီခို၊ နားထဲမှာ အသံသွင်းထားသလိုပဲ အမြဲမြင်တွေ့ အမြဲကြားနေရသည်။ နံနက်နေခြည်သည် ဝိတ်လျောင်နေသော အခန်းကျဉ်းလေး၏ ကွက်လပ်တို့မှ ရသလောက်ထိုးဖောက်ဝင်ရောက်လာသည်။

အား··· နံနက်တောင် လင်းနေပါရော့လား။

နစ်ဝင်နေသော အတွေးတို့၏ ကွန်ယက်မှ အတင်းရုန်းထွက်၍ ထလိုက်သည်။ နံနက်အိပ်ရာထသူတို့၏ ထုံးစံအတိုင်း သဘာဝအရ ကိစ္စဝိစ္စအားလုံးကို ရှင်းလင်းပြီး၍ လျှော်ဖွပ်ပြီးသား အဝတ်တစ်ထည်ကို ကောက်စွပ်လိုက်သည်။ ရေချိုးထားပြီးဖြစ်၍ စိတ်တို့ လန်းဆန်းပေါ့ပါးနေသည်။

ဒီနေ့··· ဒီနေ့ ဘာများလုပ်ရပါ့မလဲ။

❖ ❖ ❖ ❖ ❖

နံနက်ကတည်းက ဘာမှမစားရသေးသောကြောင့် ဆာနေပြီ။ သမုဒ္ဒရာ ဝမ်းတစ်ထွာကိုဖြည့်ဖို့ရန် ကျော်လွင် စားသောက်ဆိုင် တစ်ဆိုင်ကို အမြန်ရှာဖွေလိုက်သည်။ အလုပ်က လုပ်ရမည်တောင်မကြံသေး၊ ဝမ်းရေးက ပေါ်လာပြန်သည်။ နံနက်က စိတ်လောနေသဖြင့် အစာစားဖို့ကို သတိမရ။ ဆာမှ သတိရသည်။ မနေ့က ဘာများစားမိလိုက်ပါလိမ့်၊ တော်တော်အဆာခံသည့် အစာ မနက်အထိ ပြည့်နေသေးသယောင်။

မြတ်ဖူးဝေ စားသောက်ဆိုင်ထဲသို့ ကျော်လွင်လှမ်းဝင်လိုက်သည်။ ဝမ်းက ဆာနေပြီမဟုတ်လား။ ဆိုင်ထဲတွင် စားသောက်သူတို့ ပြည့်နေပြီ၊ ကျော်လွင် ခုံလွတ် ရှိလိုရှိငြား ဘေးဘီဝဲယာသို့ လှမ်းကြည့်လိုက်သည်။ မိန်းကလေးတစ်ဦး စားသောက်နေသော စားပွဲဝိုင်းတွင်သာ တစ်ယောက်လျော့နေသည်။ ကျော်လွင် ဆိုင်ထဲဝင်လာသည်ကို မြင်သော စားပွဲထိုးက လက်မလည်ဖြစ်နေရာမှ -

"အစ်ကိုကြီး လှပြည့်နေပြီဗျို့ နည်းနည်းစောင့်လို့ရရင် စောင့်လိုက်ပါလား"

"အေး ငါ့ညီ အစ်ကို အရမ်းဆာနေပြီကွာ ခုံလွတ်မရှိတော့ဘူးလား"

ခုံလွတ်ရှိတာ သိပေမယ့် သူ မိန်းကလေးဝိုင်းတွင် သွားထိုင်လျှင် မကြိုက်မှာစိုးသောကြောင့် စားပွဲထိုးကို ပရိယာယ်သုံးလိုက်ခြင်းဖြစ်သည်။ အသိမဟုတ်သော မိန်းကလေးဝိုင်းတွင် ခပ်တည်တည်ဖြင့် ဝင်ရောက်ထိုင်မည်ဆိုလျှင်ရပါသည်။ ဒါဆိုလျှင် ထိုဝိုင်းမှ မိန်းကလေးများက သူ့ကို ဘယ်လိုထင်သွားကြမလဲ။ ထိုမိန်းကလေးတို့ ထင်မြင်နိုင်သော အထင်မျိုးကိုသူ့အထင်မခံနိုင်။ ယခုစားပွဲထိုးက နေရာချပေးလျှင်တော့ အကြောင်းမဟုတ်၊ ထိုသို့



www.burmeseclassic.com

www.burmeseclassic.com

ဆိုလျှင် အနည်းအကျဉ်းတော့ မျက်နှာပူစရာ သိပ်မလို။ ဗိုက်ကတကြွတ်ကြွတ်မည်နေချေပြီ။

"လာအစ်ကို ဒီအစ်မတွေဝိုင်းမှာ ခုံလွတ်ရှိတယ် ဒီမှာဝင်ထိုက်လိုက်၊ ဒီကအစ်မတို့ကကော ဖြစ်တယ်မဟုတ်လား"

"အော်···အေး ခုံအလွတ်ရှိရင်တော့ထိုင်လေ၊ ရပါတယ် ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ဝယ်စားတာပဲ မဟုတ်ဘူးလား"

"အော်···အင်း ဟုတ်ပါတယ်၊ ကျွန်တော် ကိုယ့်ပိုက်ဆံနဲ့ကိုယ် ဝယ်စားမှာပါ"

ကြောင်တောင်တောင်ဖြင့် ဘာရယ်ညာရယ်မဟုတ် အလိုက်သင့် ဖြေလိုက်တော့ ဝိုင်းဖွဲ့ထိုင်နေကြသော မိန်းကလေးတွေ သူ့ကို ဝိုင်းဟားတော့သည်။ လွတ်နေသောခုံတွင် ဝင်ထိုင်လိုက်သည်။ဆားတွင်ရပ်နေသော စားပွဲထိုးညီလေးကို စားစရာတွေ မှာလိုက်သည်။ စားစရာတွေဟုသာ ပြောရသည်။ထွေထွေထူးထူး ဘာမျှမရှိ၊ စားနေကြ ကြက်သားသုပ်တစ်ပွဲတည်းသာ။

မိမိရှေ့တွင်ထိုင်နေသော မိန်းကလေးကိုမြင်တော့ သူအံ့ဩသွားသည်။ သူမကပြုံးပြုံးကလေးဖြင့် သူ့ကိုကြည့်နေသည်။ သူ့အမူအရာတွေကို သူမဘယ်တုန်းကစပြီး ကြည့်နေသည်မသိ။ သူမပြုံးနေတော့ သူလည်းပြန်ပြုံးပြမိသည်။ သူမနာမည်ကို မသိသော်လည်း သာစုကန်တွင်ဆုံတွေ့ဖူးသော မိန်းကလေးဖြစ်ကြောင်းကို ကောင်းကောင်းကြီး သိနေသည်။

မသိနိုင်ရိုးလားဗျာ၊ သူမပုံရိပ်က အိပ်မက်ထဲမှာတောင် ထင်ဟပ်နေခဲ့သည်မဟုတ်လား။ ထိုနေ့ကအဖြစ်အပျက်ကိုပြန်တွေးမိတော့ ရင်ထဲ နွေးကနဲခံစားလိုက်ရသည်။

"ပြန်ဆုံပြန်ပြီနော်"

"ဟုတ်ကဲ့ ကျွန်တော်တို့ ပြန်ဆုံပြန်ပါပြီ"

သိမ်မွေ့သော အပြုံးဖြင့်မေးလာသော သူမကို သူ မျက်တောင်မခတ်စတမ်းကြည့်နေမိသည်။

"ဟဲ့ သဇ္ဇာ နင်တို့နှစ်ယောက်က အသိတွေလား"

"အရင်းနှီးကြီးတော့ မဟုတ်ဘူးလေဟယ်၊ အရင်ဂါ သာစုကန်မှာ ဆုံတွေ့ခဲ့တယ်ဆိုတဲ့ အစ်ကိုက ဒီကအစ်ကိုလေ"

"ဟော ဟုတ်လား ဘယ်လိုလူလဲလို့ စိတ်ဝင်စားနေတာ ခုတော့ တိုက်တိုက်ဆိုင်ဆိုင် တွေ့ရပြီပေါ့"

"အေးဟဲ့ သဇ္ဇာပြောကတည်းကငါလည်း သိချင်နေတာဟဲ့၊ အခုမှအစိမ်းလတ်လတ်ကြီး လာတွေ့နေတယ်၊ ဇာတ်လမ်းတော့ စပြီထင်တယ်ဟေ့"

❖ ❖ ❖ ❖ ❖

ပုံရိပ်တို့က တစ်စတစ်စ ပီပြင်လာသည်။ မှုန်ဝါးဝါးအိပ်မက်တို့မှ လက်တွေ့ဘဝ၏ မျက်နှာပြင်မှာ ထင်ရှားစွာတွေ့မြင်နေရသည်။ မှော်လင့်ခြင်း၊ တောင့်တခြင်း ဆန္ဒတို့ ရင့်ရော်လာသောအခါ သူမပုံရိပ်တို့ နှလုံးသားမှာ ဓာတ်ပုံရိုက်ဖြစ်ခဲ့သည်။ သာစုကန်မှာတစ်ကြိမ်၊ စားသောက်ဆိုင်မှာတစ်ကြိမ် နှစ်ကြိမ်တည်းသာ တွေ့ရခြင်းသာဖြစ်ပေမယ့် သာမန်တွေ့ခြင်းနှင့်မတူပေ။

သာစုကန်တွင် တွေ့စဉ်က အမှတ်တမဲ့ပေမယ့်လည်း စားသောက်ဆိုင်တွင် တွေ့စဉ်က အမှတ်တရဖြစ်ခဲ့သည်။ ပို၍ ရင်းနှီးခဲ့သည်။ ပို၍ ပွင့်လင်းခဲ့သည်။ ထိုထက်ပို၍ အနည်းငယ်ပြောရလျှင် အိပ်ပျော်နေသော သူ့နှလုံးသားကို လှုပ်နှိုးခြင်းခံခဲ့ရသည်။ အင်း···သူ့သူငယ်ချင်း ပြောသလိုပဲ ဇာတ်လမ်းဖြစ်တော့မှာပါလား။

❖ ❖ ❖ ❖ ❖

ကျွန်တော့်ဘဝထဲကို သဇ္ဇာဝင်ရောက်လာခဲ့သည်။ ပျော်ရွှင်ဖွယ်ကောင်းသော ချစ်ရက်တို့ဖြင့် ပြည့်နှက်နေတဲ့ လောကချစ်ဗိမာန်တစ်ခုကို ကာလအတော်ကြာသည်အထိ တည်ဆောက်ခဲ့ကြသည်။ သူမ၏ အပြုံးပန်းလေးများကို ကျွန်တော်တဝကြီး နမ်းရှိုက်ခဲ့ဖူးသည်။

ချစ်မှတ်တမ်းများကို ဒိုင်ယာရီရေးမှတ်ထားခဲ့သော ကျွန်တော်၊ ဒိုင်ယာရီစာအုပ်ကလေးကို ကိုင်၍ အတိတ်ခြေရာတွေကို ပြန်ရှာဖွေတမ်းတနေတတ်သည်။ သဇ္ဇာနှင့် ကျွန်တော် ချစ်တမ်းကစားခဲ့သော မိုင်တိုင်ခရီးသည် မရှည်ကြာခဲ့။

ခြောက်လတည်းဟူသော အတိုင်းအတာတစ်ခုသည် ပျော်ရွှင်စရာကောင်းနေခဲ့လျှင် ဘာမျှကြာသည်ဟု မထင်ရ။ ရုတ်တရက် နှုတ်မဆက်ဘဲ ကျွန်တော့်ကို သဇ္ဇာအပြီးတိုင် ခွဲသွားလိမ့်မည်ဟု



www.burmeseclassic.com

www.burmeseclassic.com

မထင်မှတ်ခဲ့။ သခေါ်ရတာများ၏ သွေး ဆောင်ဖြားယောင်းရာနောက်သို့ သူမ ကောက်ကောက်ပါခဲ့သည်။

ချစ်စိတ်တို့ဖြင့် ပြည့်နှက်နေသော ကျွန်တော့်နှလုံးသားသည် ရစရာမရှိအောင် ကြေမွသွားပြီလားဟု ထင်မှတ်ရလောက်အောင် ခံစားခဲ့ရသည်။ မရဏာမင်းနှင့် စစ်အခင်းမှာ သဗ္ဗာကို မကယ်တင်နိုင်ခဲ့။ အခုတော့ ဘဝခြားသွားပြီလေ။

❋ ❋ ❋ ❋ ❋

ကျွန်တော့်နောက်သို့ အရိပ်တစ်ခုပမာ လိုက်နေသော အရာတစ်ခုကို ကျွန်တော်လမ်းသွားတိုင်းဖြစ်စေ၊ အိပ်ယာကျွန်တော်ကစ်ယောက်တည်း ရှိချိန်ဖြစ်စေ၊ အိပ်ရာဝင်ချိန် အိပ်ပျော်နေချိန် အိပ်မက်ထဲထိ ထိုပုံရိပ်တစ်ခု ကပ်ပါလာစမြဲ။

ဝိုးတဝါးဖြင့် မသဲကွဲမှုကြောင့် မည်သည့်အရာ ဖြစ်သည်ကို သေချာမသိပေ။ အိပ်မက်ဆိုးတို့ဖြင့် နှိပ်စက်အပ်သောကြောင့် ကျွန်တော့်မှာ အိပ်ရေးဝသည်ဟူ၍မရှိခဲ့၊ ကျွန်တော့်စိတ်တွေများ ဂယောင်ချောက်ချားဖြစ်နေသလားဟု ပင်ပြန်ဆန်းစစ် မိသည်ပုဂလည်း အကြိမ်ကြိမ်။

နေ့တစ်နေ့ကဖြစ်သည်။ ကျွန်တော့်စိတ်ထဲတွင် ပဟေဠိသဖွယ်ဖြစ်နေသော အရိပ်စိတ်ကို သေသေချာချာကို သိခဲ့ရတော့သည်။

❋ ❋ ❋ ❋ ❋

မှောင်ရီပျိုးစအချိန် အမှောင်ထဲထဲသို့ အလင်းရောင်သည် တစ်စပါစ တိုးဝင်လာသည်။ အိုက်စပ်စပ်ရှိလှသဖြင့် လေညင်းခံရန် လမ်းမဘက်သို့ ကျွန်တော်ထွက်လာခဲ့သည်။

သူမ မရှိတော့ဘူးဟု သိလိုက်ရချိန်မှစ၍ ကျွန်တော် ညဘက်အိပ်မပျော်ရက်တို့များခဲ့သည်တော့ ဝန်ခံပါရစေ။ အိုက်စပ်သည်ကတစ်ကြောင်း၊ အိပ်မပျော်နိုင်သည်ကတစ်ကြောင်းကြောင့်လည်းပါသည်။ သူမအဖြစ်ကလည်း ရင်နာစရာ၊ သူမ မဆုံးမီတစ်နေ့ကဖြစ်သည်။ သူငယ်ချင်းတစ်စု ကျွန်တော်တို့ ထိုင်နေကျ စားသောက်ဆိုင်တွင် ညနေစာစားနေရင်း မပျော်လင့်သော ရန်ပွဲတစ်ခု ကျွန်တော်တို့စားသောက်နေသော စားပွဲနှစ်ခုကျော်လောက်က ဖြစ်ခဲ့သည်။ ကျွန်တော်ကတော့ နောက်ခိုင်းအနေအထားတွင်ရှိသော်လည်း သူမနှင့်တော့ မျက်နှာချင်းဆိုင်တည့်တည့်ဟု ဆိုရပေမည်။ ခပ်စောင်းစောင်းအနေထားဆိုလျှင် ဂိုမှန်သည်။

ရန်ပွဲကိုခွဲရန် ဆိုင်ရှင်နှင့် စားပွဲထိုးများမရောက်မီမှာပင် တစ်ဖက်လူက ပါလာသောဓားမြှောင်ဖြင့် လှမ်းပေါက်ပစ်ပေါက်ခံရသူက ရုတ်တရက် စားပွဲကြားလှမ်းဝပ်လိုက်ချိန်တွင် အရှိန်ဖြင့်ပြေးဝင်လာသော ထိုဓားမြှောင် သူမကို တည့်တည့်ထိမှန်ခဲ့လေသည်။ ကျွန်တော်တို့အချိန်မီ ဆေးရုံသို့ ပို့ပေးနိုင်သော်လည်း သူမအသက်ကိုမူ မကယ်တင်နိုင်ခဲ့ပေ။ ကံဆိုးသည်။ ထိုဓားမြှောင် ကျွန်တော့် နောက်ကျောတည့်တည့်လောက်က ဖြတ်သန်းလာသော်လည်း စားသောက်ဆိုင်ထဲတွင် လှမ်းတွေ့လိုက်ရသော ကျွန်တော့်သူငယ်ချင်းကို လှမ်းခေါ်ရန်အထဖြင့် တိုက်ဆိုင်သွားပြီး ကျွန်တော်ကံကောင်းခဲ့ပါသော်လည်း သူမ ကံမကောင်းခဲ့ပေ။

ထိုအဖြစ်အပျက်တို့ကို တွေးရင်း အားမြသော လေညင်းတို့၏ဆော့ကစားမှုကိုခံယူကာ အတွေးနယ်မှ ရုန်းထွက်၍ ပစ္စုပ္ပန်၏ ရှေ့သို့ရောက်ရှိချိန်တွင် မှုန်ဝါးဝါးလရောင်အောက်တွင် သူမသေဆုံးစဉ်က အဝတ်အစားအတိုင်း လှမ်းတွေ့လိုက်ရခြင်းပင်။ ကျွန်တော်လှမ်းခေါ်မည်လုပ်ပြီးကာမှ တစ်ဖက်မှတိုးဝင်လာသော ကားမီးရောင်ကြောင့် ထိုအရိပ်ပျောက်ဆုံးသွားပြီး ကားမီးက ကျွန်တော့်မျက်စိကျိန်းလောက်အောင် လာရောက်ထိုးလာခဲ့သည်။

ကျွန်တော် လမ်းဘေးသို့ဆင်း၍ ကားကိုရှောင်လိုက်၏။ ကားကျော်လွန်သွားသောအခါတွင် သူမကို မတွေ့ရတော့။ ဘယ်များရောက်ရှိသွားပါသလဲ၊ ကျွန်တော်သဘောပေါက်လိုက်သည်က ကျွန်တော့်နောက်က အရိပ်ပမာ တကောက်ကောက် ပါနေသူဟာ သူမသာဖြစ်မည်ဟု ဆွမ်းခံရင်း ငုက်သင့်ခံရသောသူမအတွက် ကျွန်တော် တစ်ခုခု ပြုလုပ်ပေးရမည် မဟုတ်လား။ သံသရာတစ်ကွေ့မှာတော့ ပြန်ဆုံနိုင်ကောင်းပါရဲ့။ သူမဘဝ ဖြောင့်ဖြူးနိုင်စေရန် ကောင်းမှုကုသိုလ်၏အလှူဒါနကို အမျှဝေပေးရန် ကျွန်တော်ဆုံးဖြတ်ချက် ခိုင်မာစွာချလျက်။ ။

တက္ကသိုလ် - ရက္ခဗျာလ



www.burmeseclassic.com

www.burmeseclassic.com

## သိဿာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိမ်း ၏ နည်းစနစ်အတိုင်း ဟောသည်

### ဒေါက်တာစောယုနွယ်

တကယ်ဆိုတော့ . . .

မိမိ၏ဘဝရဲ့ ကောင်းခြင်း ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ ဓမ္မတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါ တစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါ တစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေသည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝ အပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် . . .

အမှတ်(၂၀၅/က)၊
ပိတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၁-၆၄၃၀၃၀



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

# တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် မပြည့်စုံတာတွေ ပြည့်စုံလာလိမ့်မယ်။ ဖြစ်ချင်တာတွေ မုချဖြစ်လာမှာပါ။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရခြင်း၊ ပြောင်းရွှေ့ရခြင်း လုပ်ရတတ်တယ်။ လုပ်ငန်းသစ်ပေါ်ခြင်း(သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်ပြီး အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ လုပ်ငန်းနှင့်ပတ်သက်ပြီး နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းများ တိုးချဲ့ရတတ်တယ်။ အိမ်ထောင်မရှိသေးသူများ အိမ်ထောင်ကျတတ်တယ်။ မင်္ဂလာဆောင်လျှင် စည်ကားသော မင်္ဂလာပွဲ ဖြစ်မယ်။ ခရီးအကျိုးပေးသော ကာလဖြစ်တယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ပြည်ပခရီးဝေး သွားလိုလျှင် ယခုကာလအတွင်း ဗီဇာဝင်ခြင်း၊ ကျောင်းလျှောက်ခြင်းများ ပြုလုပ်ပါက ကံကောင်းတတ်တယ်။ အိမ်ဆောက်လျှင်လည်း ယခုကာလတွင် ဆောက်ပါက အိမ်ကြီးအိမ်ကောင်းရ၍ အကျိုးပေးသော အိမ်မျိုးဖြစ်လိမ့်မယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရုပ်ပွားတော်များ ကြွလာတတ်တယ်။ လက်ဝတ်ရတနာ၊ ရွှေထည်ပစ္စည်းများ ဝင်တတ်တယ်။ ယခုကာလတွင် ဝယ်သော ရွှေထည်ပစ္စည်းသည် ရာသက်ပန် အကျိုးပေးလိမ့်မယ်။ ကွဲကွာနေသော ဆွေမျိုးများနှင့် ပြန်ဆုံလိမ့်မယ်။ ရပ်ဝေးမှ ဆွေမျိုးများ ရောက်လာတတ်တယ်။ စက်ပစ္စည်းအသစ် လဲရခြင်း၊ ထွက်နေသော စက်ပစ္စည်းများ ပြန်ဝင်လိမ့်မယ်။ မြေကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ မြေအဝင်မခံရ၊ မဖြစ်မနေ မြေဝယ်ရမယ်ဆိုရင် ရဟန်းတစ်ပါးကို ဖျာချောတစ်ချပ် လှူလိုက်ပါ။ လူမျိုးခြား၊ ဘာသာခြားများ မ,စတတ်တယ်။ အလုပ်တွင် အတိုက်အခံ အပြိုင်အဆိုင် ကြီးစွာကြုံမယ်။ အတိုက်အခံမှန်သမျှ အနိုင်ရမယ်။ အကြီးအကဲက အကူအညီပေးတတ်တယ်။ ငယ်ရွယ်သူများအဖို့ အချစ်ရေးတွင် လမ်းခွဲရလောက်အောင် ပြဿနာ ဖြစ်ရတတ်တယ်။ ဖခင် ကျန်းမာရေး ညံ့တတ်တယ်။ ရပ်ဝေးက ဆရာတော်တစ်ပါး ကြွလာတတ်တယ်။ ငွေအထုပ်အထည်နှင့် ရတတ်တယ်။ ထီပေါက်သကဲ့သို့ ငွေများ ဝင်လိမ့်မယ်။ ငွေဝင်ခါနီးတွင် ငွေကြေးထစ်ငေါ့ ကြီးစွာကြုံရတတ်တယ်။ အမြင့်မှ လိမ့်ကျတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် ဇာနည်းကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကြိုဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၄၊ ၆၂၊ ၄၆၊ ၄၂

### အထူးသတိပြုရန်

ယခုလအတွင်း အိုးပိုင် အိမ်ပိုင် ရနိုင်သောကြောင့် မိမိအိမ်ခြံဝင်းအတွင်း သူများ၏ အိမ်ထောင်ပရိဘောဂပစ္စည်းများ မထားရ။ သူတစ်ပါးအိမ်ကို မိမိက တာဝန်ယူ၍ ဆောက်လုပ်ပေးခြင်းမျိုး မပြုလုပ်ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့များတွင် အသုတ်စုံ ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

# တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းနေပါလိမ့်မယ်။ ကိုယ့်ကို မလေးစားတဲ့သူတွေ လေးစားလာလိမ့်မယ်။ မမျှော်လင့်တဲ့ဆီက ငွေတွေ ဝင်လာလိမ့်မယ်။ ဆုံးပြီလို့ ထင်ထားတဲ့ ငွေတွေလည်း ပြန်ရတတ်တယ်။ မိမိအလုပ်မှသော်လည်းကောင်း၊ ထီပေါက်၍သော်လည်းကောင်း ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ အလှူ အတန်းကိစ္စများ ပြုလုပ်ရမယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့်ပတ်သက်သော ကိစ္စများ အကျိုးပေး အောင်မြင်မယ်။ မကြာခဏ ခရီးထွက်ရတတ်တယ်။ ထိုခရီးများသည် လည်း အကျိုးပေး၊ အောင်မြင်လိမ့်မယ်။ မိမိနှင့် မသင့်မြတ်သူများနှင့် ပြန်လည်သင့် မြတ်သွားမယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေ မြင့်တက်ခြင်းများ ကြုံရလိမ့်မယ်။ အထက်လူကြီး မိသားစုအကြီးအကဲများကြောင့် စိတ်ညစ်ရမယ်။ အတူနေမိသားစုထဲမှာ အသက်ကြီးသူများရှိလျှင် ကျန်းမာရေး ညံ့တတ်သောကြောင့် တခြားနေရာကို ခဏပို့ထားပါ။ စာရွက်စာတမ်း စာချုပ်ကိစ္စများအတွက် စိတ်ညစ်ရတတ်တယ်။ ယခုကာလတွင် မိမိလုပ်ငန်းများကို အင်နှင့်အားနှင့် တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ဖြတ်လမ်းမလိုက်ပါနှင့်။ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်တယ်။ သားသမီးနှင့် ပတ်သက်ပြီး အနည်းငယ် ပူပင်ရတတ်တယ်။ ရှေ့ထွက်တတ်တယ်။ ကျန်းမာရေးအနေနှင့် ဆီးရောဂါ၊ မျက်စိရောဂါ၊ အစာမှား ဆေးမှား ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီး(ဇီး)ညွန့်(၃)ညွန့်(ဆူးဖြတ်)၊ ဝါးညွန့်(၄)ညွန့်၊ ကနက္ကဒါန်ထီးဖြူ (၁၅)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

စနေ၊ တနင်္လာ

**ညံ့သောရက်**

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

**ကံကောင်းသောနံပါတ်**

၂၅၊ ၂၇၊ ၇၂၊ ၇၇

**အထူးသတိပြုရန်**

ယခုကာလအတွင်း အရက်ပုလင်း၊ လွယ်အိတ် လက်ဆောင်ရပါက လက်မခံပါနှင့်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် စနေနေ့နှင့် တနင်္လာနေ့များတွင် နှန်းကြီးသုတ် လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



# အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် စိတ်သောကဖြစ်စရာလေးတွေ အနည်းငယ် ဖြစ်တတ်တယ်။ ကိုယ်စိတ်ကူးထားတာက တခြား၊ ဖြစ်လာတာက တခြား ကြုံတွေ့ရတတ်တယ်။ ရှိသောပစ္စည်းများကို ထုခွဲရောင်းချရသည်အထိ ငွေကုန်ကြေးကျ များတတ်တယ်။ ပြဿနာဟောင်းများ၊ ရောဂါဟောင်းများ ပြန်ပေါ်လာတတ်တယ်။ ဆွေမျိုးသားချင်းထဲမှာ နာရေးဖြစ်တတ်တယ်။ အိမ်တွင် ကိုယ်ဝန်ဆောင်သည် ရှိပါက ဆေးရုံသို့ ပို့ပါ။ အိမ်၌ မီးဖွားလျှင် အဆင်မပြေ ဖြစ်တတ်တယ်။ သင်တန်းတစ်ခု တက်ရတတ်တယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်နေမယ်။ လွန်စွာပင်ပန်းနေလိမ့်မယ်။ အိမ်ထောင်ရေး အဆင်မပြေမှုများ ဖြစ်တတ်တယ်။ အလျှုရက်၊ မင်္ဂလာရက် ရွှေ့ရတတ်တယ်။ လူငယ်လူရွယ်များ မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများ ဖြုလုပ်ပါက ဆွေခန်းမျိုးခန်း ပြတ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ခြေထောက်၊ ခါးတို့နှင့် ပတ်သက်၍ ဖြစ်တတ်တယ်။ မကောင်းသော အတတ်များနှင့် နေဝင့်ယှက်ခံရတတ်တယ်။ ယခုကာလတွင် မိမိနှင့် မျက်နှာချင်းဆိုင်အိမ်၊ ခေါင်းရင်းအိမ်၊ အိမ်အမြင့်ပိုင်း အိမ်ခေါင်၊ အိမ်ရှေ့သစ်ပင်တို့တွင် ပျားစွဲသောနိမိတ် တွေ့ခဲ့လျှင်(သို့မဟုတ်)ဘိုးတော်ပုံ လက်ဆောင်ရခဲ့လျှင် အစစအရာရာ အဆင်ပြေလိမ့်မယ်။ မိမိအိမ်သို့ အတောင်ပါသော သတ္တဝါများ ဝင်လာပါက ယာဉ်တိုက်မှုဖြစ်ခြင်း၊ ကျန်းမာရေးညံ့ခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဓာန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ယပ်အဝါ(၁၇)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

## ကံကောင်းသောရက်

ကြာသပတေး၊ စနေ

## ညံ့သောရက်

တနင်္လာ၊ သောကြာ

## ကံကောင်းသောနံပါတ်

၅၇၊ ၇၅၊ ၅၃၊ ၇၃

## အထူးသတိပြုရန်

ယခုကာလတွင် အမှုအခင်းများနှင့် ကြုံတွေ့ရတတ်တယ်။ အထူးဂရုစိုက်ပါ။

## ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့တွင် ထမင်းပူပူပေါ်တွင် ထောပတ်ဆမ်းပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှဲ့နေပါလိမ့်မယ်။ လုပ်သမျှ လုပ်ငန်းတွေမှာ အခက်အခဲ၊ အကြပ်အတည်းနဲ့ တွေ့ရပြီး အဆင်မပြေမှုတွေ ဖြစ်တတ်တယ်။ ယခုကာလအတွင်း အလုပ်အပြောင်းအလဲ မလုပ်ပါနှင့်။ အထက်လူကြီးတွေကလည်း ကိုယ့်ကို ငြိုငြင်တတ်တယ်။ ကိုယ့်ကို မနာလိုတဲ့သူတွေက အပြစ်တင်ခြင်း၊ သွားပုပ်လေလွင့် ပြောဆိုခြင်းမျိုး ခံရတတ် တယ်။ ယခုရောက်ရှိနေတဲ့ကာလတွင် တပို့တွဲလ၊ ပြာသိုလများ ပါရင်တော့ အထူးဂရုစိုက်ပါ။ အလုပ်တွင် ငွေဝင်တာ ညှဲ့ပေမယ့် စိတ်ကောင်းလာဘ်ကောင်းဝင်ခြင်း၊ အချစ်ရေးကံကောင်းတတ်တယ်။ သင်သည် ယောက်ျားလေးဖြစ်လျှင် ဇနီးကောင်း ရတတ်တယ်။ အမျိုးသမီး ဖြစ်လျှင်တော့ သားသမီးရတနာများ ထွန်းကားတတ်တယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားသူများ ဤကာလအတွင်း ပြုလုပ်ပါက အောင်မြင်မှု ရရှိတတ်တယ်။ မြေဝင်တတ်တယ်။ မြေကောင်းမြေသန့် ဖြစ်တယ်။ မြေကွက်နဲ့ပတ်သက်ပြီးတော့လည်း ငွေဝင်ကိန်း ရှိတယ်။ သင်တန်းတစ်ခု တက်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နှင့် ပတ်သက်ပြီး ဝေဒနာ ခံစားရတတ်တယ်။ ခြေထောက်တွင် ထိခိုက်ဒဏ်ရာ ရတတ်တယ်။ မကြာခဏ ကြွက်တက်ခြင်း၊ ခြေသည်း လက်သည်း ပုပ်ခြင်းမျိုးလည်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ယပ်အဝါ(၁၇)ချောင်း တို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

စနေ၊ ကြာသပတေး

**ညှံ့သောရက်**

သောကြာ၊ တနင်္လာ

**ကံကောင်းသောနံပါတ်**

၅၇၊ ၇၅၊ ၇၄၊ ၅၂

**အထူးသတိပြုရန်**

ယခုကာလအတွင်း ရှယ်ယာငွေ ပေါင်နှံခြင်း၊ ငွေချေးခြင်း၊ အာမခံခြင်းများ လုံးဝမပြုလုပ်ပါနှင့်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

ဓာတ်ဘူးတွင် မိမိ၏ဓာတ်ပုံကပ်ပြီး ထီးမိုးကာ ဘီရိုပေါ်တွင် တင်ထားပါ။

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

### ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်း နစ်ခု၊ နေရာဌာန နစ်ခု ပူးတွဲလုပ်ကိုင်ရတတ်တယ်။ နေအိမ် ပြုပြင်မွမ်းမံရခြင်း။ အဆောက်အဦသစ် ဆောက်လုပ်ပြင်ဆင်ရတတ်တယ်။ စက်ပစ္စည်းပောင်း ဝင်တတ်တယ်။ စာအုပ်တစ်အုပ် လက်ဆောင်ရတတ်တယ်။ ငွေအဝင်အထွက် ကြွမ်းတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စ၊ ငွေကြေးကိစ္စတို့နှင့် ပတ်သက်၍ စကားများရတတ်တယ်။ ရောဂါဝေဒနာဟောင်းများ ပြန်ပေါ်တတ်တယ်။ ခရီးကိစ္စ စီစဉ်ထားပါက အောင်မြင်စွာ သွားရတတ်တယ်။ အကျိုးရှိမယ့် ခရီးစဉ် ဖြစ်ပါတယ်။ သားသမီးရှိလျှင် သားသမီးအတွက် စိတ်ပူရတတ်တယ်။ ကြာသပတေးသမီးကြီး ရှိပါက အိမ်မှ ထွက်သွားတတ်တယ်။ ရွှေ လက်ဝတ်ရတနာ ပျောက်ဆုံးတတ်တယ်။ လူမျိုးခြား။ အောက်လက်ငယ်သားတို့ကြောင့် ပူပင်သောက ကြုံရတတ်တယ်။ နိုင်ငံရပ်ခြားနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေ အဆင်မပြေ ဖြစ်တတ်တယ်။ အိမ်မှာသုံးနေတဲ့ ရေပိုက်တွေ၊ ရေကန်တွေ ပြုပြင်ရတတ်တယ်။ လျှပ်စစ်ကြိုးတွေကိုလည်း ဂရုစိုက်ပါ။ အိမ်ထောင်ရှိသူတွေအဖို့ အိမ်ထောင်ဖက်နှင့် စိတ်တိုင်းမကျခြင်း။ စိတ်ဝမ်းကွဲခြင်း။ အထင်လွဲခြင်းမျိုး ဖြစ်တတ်တယ်။ ငွေနှင့်ပတ်သက်ပြီး ပူပင်ရတတ်တယ်။ ရပ်ဝေးမှ အမျိုးသမီးတစ်ယောက် ငွေလိမ်တာမျိုး ဖြစ်တတ်တယ်။ ယခုအချိန်တွင် ဘာပဲလုပ်လုပ် အပင်ပန်းခံသလောက် အကျိုးမရှိတဲ့ ကာလဖြစ်ပါတယ်။ စိတ်တွေ ဟိုရောက် ဒီရောက် ဖြစ်နေတတ်တယ်။ အလုပ်တွေလည်း တစ်ပိုင်းတစ်စ ဖြစ်နေတတ်တယ်။ ဘာလုပ်ရမှန်းမသိ ယောင်ချာချာ ဖြစ်နေတတ်တယ်။ ကျန်းမာရေးအနေဖြင့် အမြင့်မှ လိမ့်ကျခြင်း၊ ခေါင်းမကြာခဏ ကိုက်ခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိ၏မွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မေပြုံးပန်း(၅)ပွင့်၊ သပြေ(၆)ညွန့်၊ တံခွန်ဖြူ(၉)လုံးတို့ကို လှူပေးပါ။ အညှို့များ ပြေပျောက်သွားစေ နှ် ဆုတောင်းပါ။

#### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

#### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

#### ကံကောင်းသောနံပါတ်

၃၂၊ ၁၃၊ ၃၁၊ ၁၇

#### အထူးသတိပြုရန်

အမျိုးသမီးများ ဝမ်းဗိုက်ခွဲစိတ် ခံရတတ်တယ်။
အမွေနှင့်ပတ်သက်ပြီး အမှုအခင်း ဖြစ်တတ်တယ်။

#### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့များတွင် ဆွမ်းပူပူပေါ်၌ ဆီဆမ်း။ ဆားဖြူး၊ အုန်းသီး ၁ စိတ် ဆွမ်းအုပ်ထဲ ထည့်၍ ဂေါတမမြတ်စွာဘုရားနှင့်တကွ ပွင့်ပြီးသော ဘုရားအဆူဆူကို ရည်စူးပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၃ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

# သောကြာ သားသမီး



သင်သည် ယခုကာလတွင် အလွန်ကံကောင်းနေပါတယ်။ မိသားစုအတွင်းမှာ မင်္ဂလာကိစ္စတွေ ပေါ်လာတတ်တယ်။ အရွယ်ရောက်သူ လူလွတ်များအဖို့ အိမ်ထောင်ကျတတ်တယ်။ မမျှော်လင့်ဘဲ အတတ်ပညာတစ်ခု သင်ကြားရတတ်တယ်။ သင်တန်းတစ်ခု တက်ရခြင်း၊ ပညာကောင်းများ ရတတ်တယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများနှင့် တွေ့မယ်။ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှု ရလိမ့်မယ်။ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်သော ကာလဖြစ်ပါတယ်။ လုပ်ငန်းဟောင်းများလည်း ပြန်ပေါ်တတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စများ အဆင်ပြေမယ်။ အဖိုးတန်စက်ပစ္စည်းများ ဝင်လိမ့်မယ်။ ရပ်ဝေးမှ စာများ၊ အဆက်အသွယ်များ ရလိမ့်မယ်။ ဘုရားဖူးခရီးများ၊ ပြည်တွင်းပြည်ပ ခရီးများ သွားရတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေအဆင့်အတန်းများ မြင့်တက်လိမ့်မယ်။ အလုပ်တွင် အတိုက်အခံ အနည်းငယ်ကြုံရတတ်တယ်။ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရခြင်းမျိုး ဖြစ်တတ်တယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက်ကြမ်းခြင်းများ ကြုံရတတ်တယ်။ ပြည်ပခရီးသွားရန် ကြံရွယ်ထားသူများ ယခုကာလတွင် စတင်ဆောင်ရွက်ပါက အောင်မြင်လိမ့်မယ်။ ကံကောင်းတဲ့အချိန် ဖြစ်နေတော့ ဘာပဲလုပ်လုပ် အဆင်ပြေနေလိမ့်မယ်။ လူငယ်တွေအဖို့ အနောက်တောင်အရပ်ကို သွားလျှင် ရေးဘေးအန္တရာယ် ကြုံရတတ်တယ်။ အသက်ကြီးသူများအဖို့ လေဖြန်းခြင်း၊ ရုတ်တရက် သွေးတိုးခြင်းမျိုး ဖြစ်တတ်ဘယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရား တစ်ဆူ၏ မွေးနံထောင့်၌ ဆီး(ဇီး)(၃)ညွှန့်(ဆူးဖြုတ်)၊ ဝါးညွှန့်(၄)ညွှန့်၊ တံခွန်ဖြူ(၂)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၅၊ ၃၊ ၃

### အထူးသတိပြုရန်

ယခုကာလတွင် နာရေးမသွားရ၊ ထောင်ဝင်စာ မတွေ့ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် အင်္ဂါနေ့များတွင် ဆီထမင်း တစ်ပန်းကန်(အုန်းသီး မထည့်ရ)၊ စံပယ်ပန်း တစ်ပန်းကန် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် စိတ်တူအလုပ်တစ်ခု လုပ်ရတတ်ပါတယ်။ ဆိုင်သစ်ဖွင့်မယ်ဆိုလျှင် ယခုအချိန် ဟာ အကောင်းဆုံးပါ။ လက်ရှိလုပ်ငန်းအပြင် နောက်ထပ်လုပ်ငန်းတစ်ခုလုပ်ဖို့ စိတ်ပြင်းထန်နေလိမ့်မယ်။ ကိုယ်ပိုင်ဆိုင်တဲ့ ပစ္စည်းကို ရောင်းချဖို့ စိတ်ကူးနေတတ်တယ်။ ငွေအရင်းအနှီးများစွာနှင့် မသေချာသော အလုပ်ကို မလုပ်ပါနှင့်ဦး။ မိမိနှင့်အတူနေ မိသားစုထဲမှာ ကိုယ်ဝန်ဆောင်သည်ရှိလျှင် အိမ်၌ မီးမဖွားပါနှင့်။ မွေးဖွားရ ခက်ခဲတတ်တယ်။ ကိုယ့်ကို ထောက်ပံ့မယ့်သူတွေက လည်း ကူညီဖို့ နောက်ဆုတ်သွားတတ်တယ်။ စိတ်ထင်ရာ တဇွတ်ထိုးလုပ်ရင် ရှိတာတွေကုန်ပြီး ဆုံးရှုံးမှုတွေ ဖြစ်ပေါ်တတ်တယ်။ အပျို၊ လူပျိုတွေအဖို့ ချစ်သူရည်းစား ရတတ်တယ်။ ယခုကာလတွင် တပေါင်းလနဲ့ ကဆုန်လ ပါနေရင်တော့ ငွေရတတ်ပါတယ်။ စက်ပစ္စည်းတစ်ခု ဝင်တတ်တယ်။ အိမ်ကို ပြုပြင်မွမ်းမံရတတ်တယ်။ အိမ်အဖီဆွဲခြင်းမျိုးလည်း ပြုလုပ်ရတတ်တယ်။ စာချုပ်စာတမ်း လက်မှတ်ထိုးဖို့ကိစ္စ ရှိရင်တော့ နောက်ဆုတ်လိုက်ပါ။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နှင့် ပတ်သက်သော ဝေဒနာ၊ ဆီးချုပ်၊ လေချုပ် ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့နံနက် (၉း၄၅)နာရီတွင် တန်နိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွန့်(၁၀)ညွန့်၊ အုန်းညွန့်(၆)ညွန့်၊ ကုက္ကား(၁၉)ခုဘို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၃၊ ၁၆၊ ၆၁

### အထူးသတိပြုရန်

ဒီကာလအတွင်းမှာ ကားမောင်း ဆင်ခြင်ပါ။ ငွေပေး ငွေယူလုပ်ရာတွင် စိစစ်ပြီးမှ ပြုလုပ်ပါ။ နိုင်ငံခြားနှင့် ပတ်သက်သော ကိစ္စများကို မိမိမှ တာဝန်ယူလုပ်ဆောင်ပေးခြင်းမျိုး မပြုလုပ်ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် အုန်းပန်း၊ အုန်းဖူးများ ဝေနေအောင် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ မေလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် အဘက်ဘက်မှာ စိတ်ချမ်းသာစရာများနှင့် ကြုံရလိမ့်မယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများဟာလည်း လွန်စွာအကျိုးပေး အောင်မြင်လိမ့်မယ်။ ယခုအချိန်တွင် အိမ်ထောင်မပြုရ။ တည်မြဲသော အိမ်ထောင် မဖြစ်နိုင်ပါ။ အိမ်ထောင်ပြုလျှင် သားသမီး ပါလာတတ်တယ်။ အိမ်ထောင်ရှိသူများအဖို့ အိမ်ထောင်ဘက်နှင့် အဆင်မပြေ ဖြစ်တတ်တယ်။ အလှူတန်း ပြုလုပ်ရခြင်း။ မင်္ဂလာပွဲများ စီစဉ်ပေးရတတ်တယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ရွှေနှင့် ရတနာပစ္စည်းများ ဝင်လိမ့်မယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာလျှင် သင့်အတွက် အလွန်ကောင်းသော နိမိတ်ဖြစ်ပါတယ်။ ယခုကာလတွင် စီးပွားအလွန်ကောင်းသလို ကိုယ်ကျင့်တရား အထူးအရေးကြီးသောအချိန် ဖြစ်ပါတယ်။ ကိုယ့်ကျင့်တရားပျက်သော် ဒုက္ခရောက်တတ်တယ်။ အမှုဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။ ပတ္တမြား၊ မြ၊ မြေ ထွက်တတ်တယ်။ သွပ်၊ သံ၊ သစ် တစ်ပတ်ရစ်ပစ္စည်း လက်မခံပါနှင့်။ အောက်လက်ငယ်သား ဒုက္ခပေးတတ်တယ်။ အစိုးရဝန်ထမ်းများအဖို့ အထက်လူကြီး၏ အထင်မြင်လွဲမှားမှု ခံရတတ်တယ်။ ယခုကာလတွင် ကောင်းကျိုးချမ်းသာတွေ ရရှိတတ်သော်လည်း မိသားစု အိမ်ထောင်ရေးနှင့် ပတ်သက်ပြီး စိတ်တိုင်းမကျမှုများ ဖြစ်တတ်တယ်။ အမျိုးသားများအဖို့ အိမ်ထောင်ရေး စွပ်စွဲခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ အည့်များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

သောကြာ၊ အင်္ဂါ

### ကံကောင်းသောနံပါတ်

၄၁၊ ၂၄၊ ၂၆၊ ၄၂

### အထူးသတိပြုရန်

ဤကာလအတွင်း အိမ်အနီးအနား၌ ကလေးမီးဖွားသော နိမိတ်တွေ့ခြင်း၊ ဘုရားတစ်ဆူ လက်ဆောင်ရခြင်းမျိုး ကြုံပါက ထီထိုးဖြစ်အောင် ထိုးလိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

အိမ်အနီးအနားတွင်ရှိသော ကလေးငယ်များကို ရုပ်ရှင်ပြခြင်း၊ မုန့်ဖိုးပေးခြင်း၊ ကော်ရည်ခေါက်ဆွဲ ဝယ်ကျွေးခြင်းများ ပြုလုပ်ပေးပါ။

www.burmeseclassic.com